www.burmeseclassic.com



# ဝဂျီး

# ကျွန်ုပ်ချစ်သော ယောက်ျားများ နှင့် အခြားဝတ္ထုတိုများ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန် အရေးသုံးပါး
ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး
"နိုင်ငံတော်ပွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်"

ပြည်သူ့သဘောထား
* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဥတ္တရလမင်း၏ စိတ်ကူးများ

၅။ ခံစားသူအကြိုက် မဂ္ဂဇင်းဝတ္ထုတိုများ [ ၁၉၉၇ ]
၆။ နေဝင်းမြင့်၏ လက်ရွေးစင်ဝတ္ထုတိုများ
၇။ တင်မိုး၏ မြန်မာကဗျာမြင်ကွင်း [ကဗျာချစ်သူတစ်ဦး၏ မှတ်စုများ]
၈။ မမြို့ဆွေလင်း၏ မော်သွား မော်ပြန်

ဂျူး

# ကျွန်မချစ်သော ယောကျ်ားများနှင့် အခြားဝတ္ထုတိုများ

[ ၁၊ မတ်၊ ၁၉၉၇ ]

www.burmeseclassic.com

www.burmeseclassic.com

စာမူ ခွင့်ပြုချက်အမှတ် [ ၈ / ၉၈ (၁) ]
မျက်နှာဖုံး ခွင့်ပြုချက်အမှတ် [ ၁၇ / ၉၈ (၁) ]

❑

**စီစဉ်တင်ဆက်သူများ**
ဦးထွန်းထွန်း(နာဃက)၊ မာန်မြင့်(ကန့်ဘလူ)၊ ရွှေနေခင်မောင်၊ ကိုမောင်စံ၊
ခင်မောင်စိုး(ကျောက်ဆည်)၊ ခမြို့ဆွေလင်းနှင့် သန်းဆွေ[ရေထွန်း]

❑

ပုံနှိပ်ခြင်း
ပထမ အကြိမ်
**အုပ်ရေ [၁၀၀၀]**

❑

**မျက်နှာဖုံးရိုက်**
**ဦးကျော်စိန် [၀၂၉၀၉]၊ ကျောက်စိမ်းပုံနှိပ်တိုက်**
**အမှတ် ၁၇၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

❑

ပုံနှိပ်သူ
ဒေါ်တင်တင်ဌွေး[၀၅၂၄၀]၊ သင်းလဲ့ဝင်းပုံနှိပ်တိုက်
အမှတ် ၁၊ ဓိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

❑

ထုတ်ဝေသူ
ဦးမိုးကြည် [၀၉၅၈]၊ မိုးကြည်စာပေ၊ အမှတ်၃၈၇(က)၊ ၇ ရပ်ကွက်၊
ဈာပုံလမ်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ရန်ကုန်မြို့။

❑

စာအုပ်ချုပ်
ကိုမြင့်

❑

မျက်နှာဖုံး ပန်းချီ
ပိုပို

❑

တန်ဖိုး

# မာတိကာ

| | | |
|---|---|---|
| ၁။ | ကြိုး | ၁ |
| ၂။ | ကျောက်တုံးများရဲ့ ရာဇဝင် | ၁၉ |
| ၃။ | တတိယမြောက်ညနေခင်း | ၃၅ |
| ၄။ | ပျော်ပွဲစား | ၆၉ |
| ၅။ | သမီး | ၈၃ |
| ၆။ | မြင်းစီးသမားတစ်ယောက်၏ မှတ်စုများ | ၁၀၅ |
| ၇။ | သူရင်းငှား | ၁၃၁ |
| ၈။ | ကျောက်တိုင်(၂)ခု | ၁၄၉ |
| ၉။ | သူစိမ်းတစ်ရံဆံများ | ၁၇၁ |
| ၁၀။ | ရောဝတီပုံပြင် | ၁၈၇ |
| ၁၁။ | မြစ်တစင်း၏ ဟာမိုနီ | ၂၀၇ |
| ၁၂။ | မြရဲ့လ | ၂၂၅ |
| ၁၃။ | ရုပ်တု | ၂၅၁ |
| ၁၄။ | နှစ်ကိုယ်ခွဲ | ၂၇၁ |
| ၁၅။ | ကျွန်မချစ်သော ယောက်ျားများ | ၂၈၅ |
| ၁၆။ | မြစ်ပြင်ပေါ်မှာ | ၃၀၃ |
| ၁၇။ | ဆဲတတ်သူများနှင့် တစ်ညနေ | ၃၂၇ |

www.burmeseclassic.com

www.burmeseclassic.com

# ကြိုး

ကျွန်တော် စဉ်းစားမိခဲ့သမျှ ကြိုးတစ်ချောင်း၏ အသုံးဝင် ပုံများတွင် ထူးဆန်းသော အသုံးပြုနည်း တစ်နည်းအကြောင်း ထပ်မံ ဖြည့်စွက်လိုက်ရသည့် အချိန်တွင် ကျွန်တော့်အသက်က ၁၀ နှစ်သား သာ ရှိသေးသည်။

ထိုအချိန်က ကျွန်တော့်အတွက် မြင်မြင်သမျှသည် ပျော်ရွှင်ကျေနပ်စရာတွေချည်း ဖြစ်၏။

ကျွန်တော့်မိဘများသည် သာမန် လက်လုပ်လက်စား ဆင်းရဲသားများသာ ဖြစ်သော်လည်း သူတို့သည် ရရာဘဝမှာ ရရာငွေကြေးဖြင့် ရောင့်ရဲကျေနပ်ကြသူများ ဖြစ်သည်။ တစ်ခါတစ်ခါ နောက်တစ်နေ့ နံနက်မှာ ထမင်းချက်ရန် ဆန်မရှိ။ သို့သော် ထိုညများတွင် ကျွန်တော် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ခဲ့သည်။ အိပ်မက်ထဲမှာ ကျွန်တော်မက်သမျှ အရာထဲတွင် (သူငယ်ချင်းတစ်ယောက်အိမ်မှာ ကျွန်တော် မြင်တွေ့ခဲ့ရသော) ပုစွန်ထုတ်ကြွေးကြီးများပင်



www.burmeseclassic.com

www.burmeseclassic.com



ပါဝင်တတ်သေးသည်။ ကျောင်းမှာ စာအုပ်ဖိုး၊ တံမြက်စည်းဖိုး၊ သောက်ရေအိုးစင်ဖိုး မပေးနိုင်သည့် ရက်များတွင် ကျွန်တော်သည် ကျောင်းလစ်ပစ်လိုက်ရုံမှတစ်ပါး အခြားဖြေရှင်းစရာ နည်းလမ်း မရှိခဲ့ပေ။ သို့သော် ကျွန်တော်တို့ ကြာရှည်စိတ်ညစ်နေခဲ့ခြင်း မရှိ။ ကျွန်တော်တို့ဘဝမှာ နေ့စဉ် ထမင်းနပ်မှန်အောင် စားနိုင်ဖို့အတွက် စိတ်ဝင်စားစရာ အရာများစွာ ရှိနေသေးသည်။ ထို့ပြင် ကျွန်တော့် မိဘများသည် ရှေးဘဝအတိတ်၏ ကုသိုလ်ကံကို ယုံကြည် သက်ဝင်သူများ ဖြစ်ကြသည်။ ထို့ကြောင့်လည်း ဤဘဝမှာ ဒေါသများ၊ နာကျည်းမှုများ၊ အံ့သြတုန်လှုပ်မှုများ ကင်းဝေးခဲ့ခြင်း ဖြစ်ပါလိမ့်မည်။

ကျွန်တော် ကျောင်းသွားရာလမ်းတွင် လှပမြင့်မားသော အိမ်ကြီးတစ်အိမ်ရှိသည်။ ထိုအိမ်၏ပိုင်ရှင် ဦးလေးကြီးသည် ကျွန်တော့်ကို သနားကရုဏာသက်စွာ မုန့်ဖိုးပေးလေ့ရှိသောကြောင့် ထိုအိမ်သို့ ကျွန်တော် မကြာခဏ သွားရောက်လေ့ရှိပါသည်။ ထိုအိမ်သည် အသက် ၁၀ နှစ်အရွယ် ဆင်းရဲသား ကလေးတစ်ယောက်အတွက် နန်းတော်ကြီးတမျှ ခမ်းနားကျယ်ဝန်းလှပါသည်။ အခန်းတစ်ခုထဲတွင် ကျွန်တော် မတ်တပ်ရပ်နေသောအခါ လေးဘက်လေးတန်ကနံရံများသည် ကျွန်တော်နှင့် အဝေးကြီးဝေးနေပြီး မော့ကြည့်သောအခါ ကျွန်တော့်အထက် တည့်တည့်က ကြီးမားခိုင်ခန့်သော ထုတ်တန်းကြီးများသည် ကျွန်တော်၏ သေးကွေးမှုကို သရော်လှောင်ပြောင်နေဟန် ရှိ၏။

ထိုဦးလေးကြီးတွင် အလွန်ရယ်စရာကောင်းသော ကြောင်တစ်ကောင်နှင့် ကြောက်စရာကောင်းသော ခွေးတစ်ကောင် ရှိသည်။





ထိုခွေးမှာ နာမည်ရှိသော်လည်း ထိုနာမည်ကို ကျွန်တော် မမှတ်မိတော့ပါ။ ခွေးသည် ကျွန်တော့် ရင်ဘတ်လောက် အရပ်မြင့်ပြီး ကျွန်တော့် ကိုယ်လုံးထက် သုံးဆလောက် ဝဖြိုးသည်။ သူ့အမွေးများမှာ အညိုရောင်တွင် အနက်ရောင် ရောလျက် တောက်ပနေသည်။ ခွေး၏ မျက်နှာက ကျွန်တော့် မျက်နှာထက် ကြီးမားသည့်အပြင် ခွေး၏ သေးငယ်ရှိင်းစိုင်းသော မျက်လုံးတစ်ဝိုက်တွင် မဲနက်သော အမွေးများ ပေါက်နေသောကြောင့် ခွေးသည် ကျွန်တော့်အတွက် အလွန်ကြောက်စရာ ကောင်းပါသည်။

ပထမဦးဆုံးအကြိမ် ခွေးနှင့်ကျွန်တော် ရင်ဆိုင်ရသော နေ့ကို ကျွန်တော်မမေ့နိုင်ပါ။ ထိုနေ့က ကျွန်တော်မနက်စာ ဘာမှ မစားခဲ့ရသောကြောင့် ကျောင်းသွားရင်း ဦးလေးကြီး ခြံထဲက မာလကာသီးများကို ခြံအပြင်မှ ဝါးခြမ်းတစ်ချောင်းဖြင့်ရှူးရန် ကြိုးစားခဲ့ရ၏။ သို့သော် ကျွန်တော့်ဒုတ်ကို ပြန်ဆွဲလိုက်သောအခါ ဝါးခြမ်း အကွဲရာကလေးထဲမှ မာလကာသီး လွတ်ထွက်ကာ ခြံဝင်းထဲ ကျကျန်နေခဲ့သည်။ ထိုအချိန်တုန်းက ထိုခြံထဲတွင် ကြောက်စရာကောင်းသော ခွေးတစ်ကောင်ရှိမှန်း သိခဲ့လျှင် ခြံထဲခိုးဝင်ဖြစ်မည် မဟုတ်ပါ။ ကျွန်တော် ခြံထဲလစ်ခနဲဝင်ပြီး မာလကာသီးရှိရာ ပြေးသွားခိုက်မှာပင် မျက်နှာ ချင်းဆိုင်မှ ခပ်မဲမဲအရာတစ်ခု ကျွန်တော်ရှိရာသို့ အရှိန်ပြင်းစွာ နီးကပ်လာသည်ကို သိလိုက်၏။ သို့သော် ထိုအရာသည် ခွေးတစ်ကောင်ဖြစ်သည်ဟု သိလိုက်ချိန်တွင် ကျွန်တော် ရှောင်ရန် အလွန်နောက်ကျသွားခဲ့ပြီ။ ကျွန်တော် ထိတ်လန့်တုန်လှုပ်စွာ ကြောင်အသွားခိုက်တွင် ထိုဦးလေးကြီးက သူ့ခွေးကို တစ်စုံတစ်ခု အော်ဟစ်လိုက်သောကြောင့် ကျွန်တော် သက်သာရာ ရသွားသည်။ ထိုချိန်တွင်



www.burmeseclassic.com

www.burmeseclassic.com



ချွေး၏ နှုတ်သီးက ကျွန်တော့်မျက်နှာနှင့် သုံးလက်မလောက်ပဲကွာတော့သည်။

ထိုနေ့က မာလကာသီးစားရင်း ကျွန်တော်နှင့် ဦးလေးကြီး အသိမိတ်ဆွေဖြစ်သွားခဲ့သည်။ ဦးလေးကြီး၏ ကြောင်ကို ကျွန်တော်မြင်သောအခါ ကျွန်တော် ခွက်ထိုးခွက်လန် ရယ်မောမိသည်။ ကြောင်၏အမြီးက တစ်ဝက်တိတိမှ ထောင့်ချိုးပြီး ကောက်ကွေးနေသည်။ အမွေးက ကိုယ်ခန္ဓာတစ်ခြမ်းမှာအဖြူ တစ်ခြမ်းမှာအမဲရောင်ဖြစ်သည်။ နှုတ်ခမ်းမွေးက တစ်ဖက်မှာတိုပြီး တစ်ဖက်မှာ အရှည်ကြီးဖြစ်သည်။

"တစ်ယောက်ယောက်က စိတ်တိုပြီး ကတ်ကျေးနဲ့ ကိုက်ပစ်လိုက်တာ ဖြစ်မှာပေါ့ကွာ"

ဦးလေးကြီးက ခပ်ပြုံးပြုံးပြောခဲ့၏။

ကတ်ကျေးနှင့် ကိုက်မှာဖြင့်လည်း နှစ်ဖက်လုံး ကိုက်လိုက်ရောပေါ့ဟု ကျွန်တော့်ဖာသာ ကျွန်တော်တွေးရင်း ဟက်ဟက်ပက်ပက် ရယ်မိသည်။ ကျွန်တော် ရယ်မောသည်ကို ထိုဦးလေးကြီးက ငေးမောကြည့်နေခဲ့သည်။

"မနက်စာ စားစရာမရှိလို့ ဘာမှမစားရခဲ့တဲ့ ကလေးတစ်ယောက်က ဒီလိုရယ်နိုင်သေးလား"

"ဟား၊ ဦးလေးကြီးကလဲ၊ ဒါများ အထူးအဆန်းကျနေတာပဲ"

ကျွန်တော်တို့ မိသားစုအတွက် ရယ်စရာများစွာ ရှိကြောင်း ဦးလေးကြီးကို ကျွန်တော်ပြောပြခဲ့တော့ သူအံ့သြနေသည်။

ဦးလေးကြီးကတော့ ငွေကြေး ချမ်းသာကြွယ်ဝသူ တစ်ဦးဖြစ်သည်။ ဈေးထဲတွင် အထည်ဆိုင် နှစ်ခန်းတွဲလျက် ဖွင့်ထားသူ





ဖြစ်သည်။ ဈေးခေတ်က ဆယ်တန်းအောင်ထားသောကြောင့် ပညာတတ်တစ်ဦးဟု ပြောမည်ဆိုက ပြောနိုင်သည်။ ခြံဝင်းထဲတွင် သစ်ပင်ပန်းပင်များကြောင့် စိမ်းလန်းအေးမြလျက်ရှိပြီး အသီးအနှံ ပန်းပွင့်များကို ရောင်းရသည့် ပိုက်ဆံတွေက အများကြီး။ အဝီစိတွင်း တူးထားပြီး ရေရောင်းရသည့် ပိုက်ဆံတွေက အများကြီး။ ကျွန်တော်သည် ထိုဦးလေးကြီး၏ ပိုက်ဆံများ ထားစရာနေရာမှ ရှိပါ့မလားဟု ကလေးတွေးဖြင့် တွေးကြည့်ခဲ့မိဖူးသည်။

ဦးလေးကြီးသည် ကျွန်တော်တို့ထက်ပင် ဘဝကို ပျော်ရွှင်ကျေနပ်သူ တစ်ဦးဖြစ်လိမ့်မည်။ ဦးလေးကြီး စိတ်ညစ်တာ ကျွန်တော် တစ်ခါမှ မမြင်ဖူးပေ။ ဦးလေးကြီးသည် ရပ်ကွက်ထဲတွင် လူတွေက လေးစားရိုသေခံရသူ တစ်ဦးလည်းဖြစ်သည်။

ထိုဦးလေးကြီး ရုတ်တရက်ထူးဆန်းစွာ သေဆုံးသွားသောအခါ ကျွန်တော် နားလည်တတ်စွမ်းသမျှ ဒဿနတွေ အားလုံး တလွဲတချော်တွေ ဖြစ်ကုန်သည်။

ဦးလေးကြီး၏ အသက်ကင်းမဲ့သော ခန္ဓာကိုယ်ကြီးကို ပထမဦးဆုံး တွေ့လိုက်ရသူမှာ ကျွန်တော် မဟုတ်သောကြောင့် ကျွန်တော် ကံကောင်းသည်ဟု အမေက ပြောပါသည်။

"အဲလိုမျိုး အဖြစ်အပျက်တွေကို ကလေးတွေ မကြည့်ကောင်းဘူး" ဟု အမေကပြောတော့ ကျွန်တော် စိတ်ပါလက်ပါ ခေါင်းညိတ်ခဲ့မိသည်။ တကယ်လည်း ထိုအချိန်က လူသေကို ကျွန်တော် အလွန်ကြောက်ခဲ့ပါသည်။

သို့သော် ဦးလေးကြီး ဘာကြောင့် ရုတ်တရက် သေဆုံးလိုက်ရသလဲဟု ကျွန်တော် နားမလည်နိုင်စွာ တွေးနေမိသည်။ ကျွန်တော့်လိုပင် ကျွန်တော်တို့ရပ်ကွက်က လူတွေလည်း စိတ်ဝင်



www.burmeseclassic.com

www.burmeseclassic.com



စားစွာ အဖြေရှာကြသည်။ ကျွန်တော်တို့မြို့က လက်ဖက်ရည်ဆိုင်တွေမှာ ဦးလေးကြီး အကြောင်းသည် စိတ်ဝင်စားစရာ ဘာသာရပ်တစ်ခု အဖြစ် လပေါင်းများစွာ တည်ရှိနေခဲ့ဖူးသည်။

ထူးဆန်းသည်မှာ ဦးလေးကြီးသည် သူ့ကြောင်နှင့် ခွေးကို အိမ်အနီးအပါး မည်သူ တစ်ဦးတစ်ယောက်ထံမျှ အပ်နှံမထားခဲ့ခြင်းပင် ဖြစ်သည်။ သူသေဆုံးမှ အိမ်နီးချင်းတစ်ယောက်က ကြောင်ကို တာဝန်ယူကျွေးမွေးရပြီး အခြားတစ်ယောက်က ခွေးကို တာဝန်ယူ ရပါသည်။ နောက်ထပ် ထူးဆန်းသည့် အကြောင်းမှာ သူ့ကြောင်သည် နောက်တစ်လအကြာတွင် သေဆုံးသွားပြီး သူ့ခွေးသည် ခြောက်လ အကြာတွင် သေဆုံးသွားခြင်းပင်ဖြစ်ပါသည်။ ထိုအဖြစ်အပျက်ကို အမေ့အား ပြောပြတော့ အမေက သိပ်မထူးဆန်းသလိုပင် ပြုံးခဲ့၏။

"ခွေးတွေ ကြောင်တွေဟာ သူတို့သခင်ကို သိပ်တွယ်တာတာ သားရဲ့၊ သခင်မရှိတော့ သူတို့သေမှာပေါ့။ ဒါလွမ်းနာကျတယ်ခေါ်တယ်"

သို့သော် ဦးလေးကြီးနှင့်ပတ်သက်၍ အထူးခြားဆုံး အဖြစ်တစ်ခုကိုတော့ အမေကိုယ်တိုင်လည်း တအံ့တဩ စိတ်ဝင်စားခဲ့၏။ ဦးလေးကြီး သေဆုံးသောအခါ ဦးလေးကြီး၏အိမ်တွင် ငွေစက္ကူတစ်ချပ်မျှပင် မတွေ့ရခြင်းအကြောင်းပင် ဖြစ်ပါသည်။ တာဝန်ရှိသူများက အိမ်ထဲမှာရှိသမျှ ဘီရို၊ သေတ္တာ၊ စာအုပ်အားလုံးကို လှန်လှောဖွင့်လှစ် ရှာကြည့်ခဲ့ကြသော်လည်း ငွေစက္ကူတစ်ချပ်တစ်လေမျှ မတွေ့ခဲ့ရပါ။ ဦးလေးကြီးသည် ဘဏ်မှာလည်း ငွေစာရင်းဖွင့်ထားသူ မဟုတ်ဟု အချင်းချင်း ပြောဆိုဆွေးနွေးကြတာ ကျွန်တော်ကြားဖူးသည်။ ဦးလေးကြီးသည် ကျန်ရစ်သမျှ မြို့သူမြို့သားအားလုံးအား





သူနှင့် ပတ်သက် သည့် ပဟေဠိတစ်ခု အောင်မြင်စွာ ဝှက်သွားခဲ့သည်ဟု လူကြီးသူမ များပြောတာ ကျွန်တော် ယခုတိုင်သတိရနေပါသည်။

ဦးလေးကြီး၏ ငွေစက္ကူပဟေဠိကို လူတော်တော် များများ အဖြေရှာဖို့ ကြိုးစားကြဖူး၏။ သူတို့ မအောင်မြင်ကြပါ။ သူတို့သည် ငွေစက္ကူများကို ဘယ်မှာမှ မတွေ့ပါ။ ငွေစက္ကူမှ တဖြစ်လဲနိုင်သည့် ရွှေ၊ ငွေ၊ ကျောက်မျက်ရတနာများကိုလည်း သူတို့ မတွေ့ကြပါ။ ဦးလေးကြီးနှင့် ပတ်သက်၍ သူတို့ရှာဖွေ တွေ့ရှိခဲ့သည်မှာ စာရွက်အပိုင်းကလေး တစ်စသာ ဖြစ်သည်။

ထိုစာရွက်ကလေးသည် ဦးလေးကြီး၏ အလောင်းရှိရာ မီးဖို၏ စားပွဲပေါ်မှာ လုံးချေလျက်သားရှိသည်ကို ရက်တော်တော်ကြာမှ သူတို့တွေ့ခဲ့ကြသည်ဟု ဆိုပါသည်။ ဦးလေးကြီးကို ကောင်းကောင်းသိသူများက 'ဒါသူ့လက်ရေးပါပဲ' ဟု တညီ တညွတ်တည်း အတည်ပြု ထောက်ခံကြ၏။ သူသည် တစ်ခုခုကို စာဖြင့်ရှင်းပြဖို့ ကြိုးစားခဲ့သလားဟု လူကြီးများက အချင်းချင်းဆွေးနွေးကြသည်။ သို့သော် ဤစာရွက်ကို 'စာ' ဟု သူတို့ မခေါ်နိုင်ကြပါ။ စာဆိုလျှင်လည်း မရေးဖြစ်သောစာသာ ဖြစ်ပါလိမ့်မည်။ အကြောင်းမှာ ဦးလေးကြီးသည် စာလုံးကလေး ငါးလုံးကိုသာ ရေးသွားသောကြောင့် ဖြစ်သည်။

" ခင်ဗျားအနားမှာ . . . "

ထိုစာလုံးကလေးငါးခုသည် မည်သူ့အတွက်မျှ မည်သည့် အဓိပ္ပါယ်မျှ မဆောင်ခဲ့ပါ။

သူသည် စာရေးရင်း အလုပ်တစ်ခုခု ထလုပ်ပြီး စာဆက်ရေးဖို့ မေ့လျော့သွားလေသလား။ သို့မဟုတ် မရေးတော့ပါဘူးဟု ဆုံးဖြတ် လိုက်လေသလား။ စာရွက်ကလေးကို သူကိုယ်တိုင်ပဲ



www.burmeseclassic.com

www.burmeseclassic.com



လုံးချေခဲ့သလား။ သို့မဟုတ် အခြားတစ်ယောက်ယောက်က လုံးချေလွှင့်ပစ်ခဲ့သလား။ သူကိုယ်တိုင် လုံးချေခဲ့သည်ဆိုလျှင် ဖြစ်သွားသော အဖြစ်အပျက်သည် တာဝန်ရှိ ပုဂ္ဂိုလ်များ နားလည်ထားသည့် အတိုင်းပင် ဖြစ်သည် ဟုဆို၏။ အကယ်၍သာ ဤစာရွက်ကို လုံးချေသူသည် အခြားတစ်ယောက်ယောက် ဖြစ်ခဲ့လျှင်. . . ။ သူတို့သည် မူလလက်ခံထားသော အယူအဆကို ပြောင်းပြန်လှန်ပစ်ရတော့မည်ဟု ဆို၏။

မည်သို့ဆိုစေ ဦးလေးကြီး၏ ပဟေဠိသည် ဆယ်နှစ်သားအရွယ် ကလေးတစ်ယောက်အဖို့ မည်သို့မျှ နားမလည်နိုင်သော အရာသာ ဖြစ်သည်။ လူကြီးများအတွက် ထိုပဟေဠိသည် လပေါင်းများစွာ၊ နှစ်ပေါင်းများစွာ စိတ်ဝင်စားစရာဖြစ်ခဲ့သော်လည်း ကျွန်တော့်အတွက်တော့ သိပ်မကြာမီပင် မေ့ပျောက် သွားခဲ့သည်။ ကျွန်တော့်မှာ အခြားစိတ်ဝင်စားဖွယ် အရာများစွာ ရှိသေးသည် မဟုတ်လား။

ဦးလေးကြီးကို ကျွန်တော်လုံးဝ မေ့ပြီဟု ထင်ခဲ့သည်။

သို့သော် ကျွန်တော် တကယ်တော့မမေ့ပါ။ နောက်ထပ်ဆယ်နှစ်အတွင်း ကျွန်တော် ဦးလေးကြီးကို တစ်ခါတစ်ရံမှသာ သတိရခဲ့တာ မှန်ပါသည်။ သို့သော် ယခု နှစ်ပေါင်း သုံးဆယ်ကြာလာသော အချိန်တွင်တော့ သူ့အကြောင်း မကြာခဏ တွေးမိသည်။ ဒါကလည်း ထူးဆန်းစွာ ပြောင်းလဲလာသော ကျွန်တော့် စိတ်အခြေအနေကြောင့်ပဲ ဖြစ်နိုင်ပါသည်။ ငယ်ငယ်တုန်းက ကျွန်တော် သိပ်စိတ်မဝင်စားခဲ့သော ဦးလေးကြီး၏ ပဟေဠိကို ယခုနောက်ပိုင်း ကျွန်တော် တဖြည်းဖြည်း စိတ်ဝင်စားလာခဲ့သည်။

ကျွန်တော်သည် အရာရာတွင် အကြောင်းပြချက်ရှိရမည်ဟု သတ်မှတ်ချက်ချကာ အဖြစ်အပျက်အားလုံး၌ အကြောင်းအရင်း





ကို ရှာဖွေတတ်သူ ဖြစ်သည်။ ထို့ကြောင့်လည်း ဦးလေးကြီး၏ ကိစ္စတွင် ဘာကြောင့်ဟူသော အကြောင်းရင်းကို နက်နက်နဲနဲ ရှာဖွေစဉ်းစားမိ၏။ ကျွန်တော်၏ အားလပ်ချိန်များတွင် ကျွန်တော့်အာရုံ၌ ဝဲမိုးနေသောအရာမှာ ကိစ္စတစ်ရပ်ဖြစ်ပေါ်စေသော အကြောင်းရင်းများပင်ဖြစ်သည်။

အကျိုးနှင့်အကြောင်း ဆက်စပ်၍ရသော ကိစ္စများတွင် ကျွန်တော် ဖြောင့်တန်းစွာ ကောက်ချက် ဆွဲလိုက်နိုင်သော်လည်း အကျိုးနှင့်အကြောင်း ဘယ်လိုမှဆက်စပ်၍မရသော အချို့ကိစ္စများတွင် ကျွန်တော် ဒေါသတကြီးဖြစ်ရသည်။ တကယ်တော့ ကျွန်တော်တို့ လူ့လောကကြီးတွင် အကျိုးနှင့်အကြောင်း၏ ဆက်စပ်မှုကို မတွေးဘဲထားပါမှ စိတ်သက်သာရရသည့် အဖြစ်မျိုးလည်း များစွာရှိသေးသည်ဟု ကျွန်တော် သဘောပေါက်လာသည်။

ကျွန်တော့်မိဘများကဲ့သို့ ရှေးဘဝ၏ အတိတ်ကံဆိုသော မိမိ အတိအကျမသိနိုင်သည့် အကြောင်းပြချက်ကို ရှာဖွေကာ ဆွဲယူဆက်စပ်နိုင်လျှင်တော့ အကောင်းသား။ အခုတော့ ကျွန်တော်သည် ဤကိစ္စများတွင် ရယ်စရာကောင်းလောက်အောင် လက်တွေ့ကျတတ်သူ ဖြစ်နေပြန်သည်။ ယခုတော့ ကျွန်တော်သည် ရှေးဘဝ ဆိုတာကိုလည်း မယုံ၊ နောက်ဘဝ ဆိုတာကိုလည်း မယုံသူ ဖြစ်နေပြန်သည်။

ကျွန်တော့်ဘဝမှာ ကျွန်တော် ပျော်ရွှင်ပါရဲ့လားဟု မေးလာလျှင် ကျွန်တော် အဖြေရ တော်တော်ခက်ပါလိမ့်မည်။

ငယ်စဉ်တုန်းက အလွန်ဆင်းရဲ နွမ်းပါးခဲ့သော ကျွန်တော်သည် ပျော်ရွှင်မှုကို ငွေကြေးဖြင့် ရှာဖွေဝယ်ယူ၍ ရနိုင်သည်ဟု ထင်ခဲ့ဖူးသည်။ ယခုမှပဲ ကျွန်တော်သည် စိတ်ဆင်းရဲမှုများကို ငွေကြေးဖြင့် ရှာဖွေဝယ်ယူခဲ့မိပြီ ဖြစ်ကြောင်း သဘောပေါက်



www.burmeseclassic.com

www.burmeseclassic.com



လာရသည်။ သို့သော် အချိန်တော်တော်လွန်ခဲ့ပြီ။ တစ်ဘဝစာပင် လွန်ခဲ့ပါပြီ။

ကျွန်တော့်မှာ ကျွန်တော်ချစ်မြတ်နိုးလွန်း၍ ခက်ခဲစွာ ရယူပိုင်ဆိုင်ထားသော ဇနီးတစ်ယောက်ရှိသည်။ ကျွန်တော် ငယ်စဉ်က မရရှိခဲ့သော၊ ကျွန်တော် အလွန်အမင်း လိုချင်မက်မောခဲ့သော ကစားစရာ၊ အစားအစာမှအစ ပညာအထိ အရာများစွာကို ပုံအော ပေးအပ်ပစ်ချင်သော မေတ္တာစေတနာများဖြင့် မွေးဖွားပြုစုခဲ့ရသော သားသမီးများရှိသည်။ ကျွန်တော် ဆွေမျိုးမတော်ချင်၊ မတော်ပုံ လောက်အောင် တစ်ကိုယ်ကောင်းစိတ် ကြီးမားပြီး အရာရာကို ပေါ့တန်စွာ သဘောထားတတ်သော မွေးချင်းများရှိသည်။ ကျွန်တော့် အနီးက ထိုလူသားများအား ငွေကြေးနှင့် ပေါင်းစပ်လိုက်သောအခါ ကျွန်တော့်ဘဝသည် အလွန်စိတ်ပျက် ညစ်ညူးဖွယ် ကောင်းသွားတော့သည်။ မိမိကိုယ်တိုင်၏ အကောင်းအဆိုးကို မိမိတစ်ယောက်တည်း ခံစားခွင့်ရခြင်းသည် အလွန်ရခဲလှသော ချမ်းသာသုခပင် ဖြစ်လိမ့်မည်ဟု ကျွန်တော် တဖြည်းဖြည်း တောင့်တလာခဲ့သည်။ တစ်ယောက်တည်း သီးသန့် ရှိနေဖို့ဆန္ဒရှိလာသောအချိန်တွင် ကျွန်တော်ကိုယ်တိုင် တည်ဆောက်ခဲ့သော အသိုက်အမြုံကြီးသည် ဖြိုခွဲလို့ မရနိုင်လောက်အောင် ကြီးမားခိုင်ခန့်လာခဲ့ပြီ။ တစ်ဘဝစာပင် ကျွန်တော် မှားခဲ့ပြီဟု တွေးမိချိန်တွင် ကျွန်တော့်အာရုံထဲမှာ ရှိနေခဲ့ဖူး သော ဦးလေးကြီး၏ ပဟေဠိသည် တဖြည်းဖြည်း ပြန်လည် နေရာယူလာတော့သည်။ ဦးလေးကြီး အံ့ဩရလောက်အောင်ပင် မနက်စာမရှိ၍ မစားခဲ့ရစဉ်က အရယ်အမောမပျက် ဘဝကို ပျော်စရာဖြင့် ရှာကြံရောင့်ရဲကျေနပ်ခဲ့ဖူးသော ကျွန်တော်သည် ယခုတော့ ပျော်ရွှင်မှုကို ဘယ်မှာမှ ရှာဖွေမတွေ့တော့ပါ။ ကျွန်တော်၏ တစ်နေ့တာများသည် ဒေါသ၊





နာကြည်းမှု၊ မုန်းတီးမှု၊ စိတ်ပျက်ရွံရှာမှု၊ အံ့ဩစက် ဆုပ်မှုများဖြင့်သာ ပြည့်လျှံနေတော့သည်။

ကျွန်တော်သည် ကျွန်တော့်တွင် ဖြစ်ပေါ်နေသော ထူးဆန်းသည့် စိတ်ခံစားမှုကို ပြောင်းလဲပြုပြင်နိုင်ရန် ကုသနည်းပေါင်းများစွာကို အသုံးပြုကြည့်ခဲ့ဖူးသည်။ လှပသော တောတောင်ရေမြေ သဘာဝကို အစားထိုးချစ်ခင်မြတ်နိုးနိုင်ရန် ကျွန်တော် ခရီးထွက်၍ ထွက်ပြေးခဲ့ဖူးသည်။ သို့သော် တာဝန် ဟူသော စကားရပ်ကြီးက ကျွန်တော့်ကို ဖိစီးထားသောကြောင့် ကျွန်ုပ်တော်၏ ဝန်ထုပ်ဝန်ပိုးများရှိရာသို့ လည်စင်း၍ ပြန်လာခဲ့ရသည်ချည်းပင် ဖြစ်ပါသည်။

"ချစ်သောလွင်...

ကိုယ် မင်းကို အသက်မက ချစ်မြတ်နိုးခဲ့တယ်ဆိုတာ မင်းယုံတယ်မဟုတ်လား၊ အခုအချိန်မှာ ကိုယ် မင်းဆီကို ပြန်မလာတော့ဘူးဆိုရင်..."

ကျွန်တော်သည် ရေးလက်စစာများကို ဘယ်နှစ်ကြိမ်ဆုတ်ဖြဲပစ်ခဲ့ရသည်ဟု မမှတ်မိနိုင်တော့ပါ။ ကျွန်တော့် ကိုယ်ခန္ဓာထဲမှာ ရှိနေသော စည်းစိမ်ချမ်းသာနှင့် ပျော်ရွှင်မှုဆိုင်ရာ အစွမ်းအစကို ရနိုင်သလောက် လောဘတကြီး ညှစ်ထုတ်သုံးစွဲခဲ့သော ကျွန်တော့် မိသားစုထဲတွင် ဇနီးက ရှေ့ဆုံးမှပါဝင်ကြောင်း ကျွန်တော် ဖွင့်ပြောဖို့ ခဏခဏ စဉ်းစားမိပြီး ဖွင့်မပြောတော့ရန် ခဏခဏဆုံးဖြတ်ခဲ့မိပါသည်။

တောတောင် ရေမြေသဘာဝက ကျွန်တော့်ကို မကုစားနိုင်သောအခါ ကျွန်တော်သည် အတိတ်ဘဝထဲမှာ ကြာရှည် နေထိုင်ကြည့်ပြန်သည်။ ကျွန်တော့်အတိတ်သည် စိတ်ချမ်းသာစရာ တစ်ကွက်မှမရှိသော ဆင်းရဲဒုက္ခများသာဖြစ်သည်။ ထမင်းနှင့်ပညာကို



www.burmeseclassic.com

www.burmeseclassic.com



တပြိုင်တည်း လိုချင်သောကြောင့် မနားမနေ လှုပ်ရှားခဲ့ရသော ကျွန်တော့် ခြေထောက်များ၊ လက်များ၊ အောက်ကျို့ သိမ်ငယ်စွာ ပြုံးပြရလွန်းသဖြင့် တင်းမာတွန့်ဆုတ်နေသော နှုတ်ခမ်းများ၊ နာကျင်ခါးသည်းသော မျက်ရည်များ၊ ၎င်းတို့ အားလုံးသည် တကယ်တော့ လေးပင်သည့် ဝန်တုတ်ဝန်ပိုးကြီးများကို ထမ်းရွက်နိုင်ဖို့ ကျွန်တော် ကိုယ်တိုင်ဖန်တီး ပြုလုပ်ခဲ့သည့် ခိုင်ခန့်သော ထမ်းပိုးများသာ ဖြစ်သည်ဟု ကျွန်တော် ယခုမှသိရသည်။ အတိတ်သည် ကျွန်တော့် အတွက် ပျော်ရွှင်စရာ မဟုတ်ပါ။

ထိုအခါအနာဂတ်ကို ကျွန်တော် မျှော်ကြည့်သည်။ တကယ်တော့ အနာဂတ်သည်လည်း ကျွန်တော့်အတွက် လှပခိုင်ခန့်သော လှောင်အိမ်ကြီးတစ်ခုသာ ဖြစ်သည်။ ထိုလှောင်အိမ်ကြီးထဲသို့ ကျွန်တော် ပြန်မဝင်ချင်တော့ပါ။

ထိုအခါ ကျွန်တော်၏ တွယ်ရာမဲ့ စိတ်ပျက်ငြီးငွေ့မှုများကို စုပ်ယူနိုင်စွမ်းရှိမည် ထင်ရသော စာအုပ်များစွာ ကျွန်တော်ပြန်ဖတ်မိသည်။ သို့သော် ထိုစာအုပ်များက ကျွန်တော့်အတွက် ထွက်ပေါက်သော်လည်းကောင်း၊ အံကျိုးဖြစ်ထွန်းမှု၏ အကြောင်းအရင်းကို သော်လည်းကောင်း ပြောပြနိုင်စွမ်းမရှိခဲ့ပါ။ ထို့ပြင် လွန်ခဲ့သည့် နှစ်ပေါင်းများစွာက ကျွန်တော်ဖတ်ခဲ့သော ကမျူး၏ "ပလိပ်" ဝတ္ထုထဲမှ ဇာတ်ကောင် "ကော့တား" သည် ကျွန်တော့်အာရုံထဲတွင် ဝေဝါးမှေးမှိန်နေရာမှ ကြည်လင်ပြတ်သား လာခဲ့သည်။

ထိုအချိန်မှစ၍ ကျွန်တော်သည် ကြိုးများအကြောင်း စိတ်ဝင်စားစ ပြုလာခဲ့သည်။

ကျွန်တော်တို့သည် မျက်စိဖြင့်မြင်ရသော ကြိုးများ၏ ခိုင်ခံ့မှုကိုသာ အလျင်သတိထားမိတတ်ကြသည်။





ကျွန်တော့်ဘဝတွင် ကြိုးဟူသော စကားလုံးဖြင့် ပထမဆုံး အားလည်း သဘောပေါက်လိုက်ရသည့် ကြိုးမှာ ပခက်ကြိုးဖြစ်ပါသည်။ တကယ်တော့ ပခက်စစ်စစ် မဟုတ်ပါ။ အဖေ၏ ပုဆိုးဟောင်းတစ်ထည်ကို အနားနှစ်ဖက်စုချည်ထုံး၍ ထုတ်တန်းဝါးလုံးမှာ ကြိုးဖြင့်ဆွဲပြီး ကျွန်တော်တို့ ကလေးများ အိပ်ခဲ့ရသော အဝတ်ပခက်သာ ဖြစ်ပါသည်။

"ကိုဘအေးရေ… ပခက်ကြိုးကို နည်းနည်းလောက် မြင့်ပေးပါအုံး"

ထိုစကားသည် အမေ ခဏခဏပြောသော စကား ဖြစ်ပါသည်။

ထို့နောက် ကျွန်တော်ထပ်၍ သိရသော ကြိုးမှာ ကစားစရာ လေပ်စတာစ် ကားသေးသေးလေးကို ဆွဲရသောကြိုးဖြစ်သည်။ ထိုကြိုးကြောင့် ကျွန်တော်တို့ညီအစ်ကို ခဏခဏ ရန်ဖြစ်ငိုယိုခဲ့ရဖူးပါသည်။ သည့်ထက် အသက်နည်းနည်း ကြီးလာတော့ ကျွန်တော် ရေပုံးကြိုးကို သိလာသည်။ ကျွန်တော်တို့ ငယ်ငယ်က နေခဲ့သည့် ရွာတွင် သောက်ရေသုံးရေကို ရေတွင်းမှ ရေပုံးဖြင့် ငင်ယူရလေ့ရှိပါသည်။ ကျွန်တော်တို့ ရေငင်သော ပုံးမှာ ပွဲညက်ဖြင့် မဲနက်နေသော နို့ပုံးအစုတ်ကလေးဖြစ်ပြီး ရေပုံးကြိုးမှာ လက်ကိုပေါက်ပြဲ ရှနစေလောက်အောင် ကြမ်းတမ်းသော အုန်းဆံကြိုးဖြစ်သည်။ ထိုရေပုံးကြိုးကိုတော့ ကျွန်တော်တို့အားလုံး ကြောက်လန့်စွာ ငြင်းပယ်လိုကြသည်။ ငယ်ရွယ်စဉ် ကလေးအရွယ်က ကျွန်တော် မက်မောခဲ့သော ကြိုးမှာ ဂျင်ပေါက်သည့်ကြိုးနှင့် ကြိုးခုန်ကစားရန် တီထွင်ထားသော လက်ကိုင်ရိုးတပ်ကြိုးများ ဖြစ်သည်။ ကျွန်တော် မုန်းတီးသော ကြိုးအမျိုးအစား တစ်ခုရှိသေး၏။ လူတွေကို ချုပ်နှောင်ကြိုးချည်သော



www.burmeseclassic.com

www.burmeseclassic.com



ကြိုးဖြစ်ပါသည်။ ကျွန်တော်တို့ ရွာဘုရားပွဲမှာ ပွဲကသည့်အခါ နောက်ပိုင်းဇာတ်ထုပ်ပြတိုင်း မင်းသားနှင့်မင်းသမီးကို ပုဏ္ဏားက ဖြစ်စေ၊ ဝန်ကြီးကဖြစ်စေ၊ ဖမ်းဆီးခေါ်ဆောင်ရာတွင် ကြိုးဖြင့် တုတ်နှောင် တတ်လေသည်။ ကျွန်တော်တို့မှာ မင်းသားနှင့် မင်းသမီး ကို သနားလွန်း၍ နှိပ်စက်သူ ပုဏ္ဏားကို မုန်းတီးစက်ဆုပ်ရသည်။

လူတွေကို ချည်နှောင်သော မြင်ရသည့် ကြိုးကို မုန်းတီး စက်ဆုပ်တတ်သော ကျွန်တော်သည် လူတွေကို ချည်နှောင်သော မမြင်ရသည့် ကြိုးများကိုတော့ ရှောင်တိမ်းရန် လုံးဝမစဉ်းစားခဲ့မိပါ။ အသက်နည်းနည်း ငယ်ရွယ်စဉ်မှာ အဖေ၊ အမေ၊ အစ်ကို၊ ညီမများ ၏ မိသားစုကြိုးများကို ချည်မှန်းသိသိနှင့် မက်မောခဲ့သည်။ အသက် နည်းနည်းပိုကြီးလာတော့ ချစ်သူ၏ကြိုးကမှ အခိုင်မြဲဆုံးဟု မက်မော တွယ်တာခဲ့သည်။ ထို့ကြောင့်လည်း ထိုကြိုးရစ်နှောင်သည်ထက် ရစ်နှောင်နိုင်ရန် အခက်အခဲ ဆင်းရဲဒုက္ခအပေါင်းကို အံတု၍ ချစ်သူ ကို လက်ထပ်ခဲ့သည်။

ဇနီး၏ကြိုးနှင့် အားမရဘဲ သားသမီးများ၏ကြိုးကို မက်မောစွာ ကမ်းလင့်ကြိုဆိုခဲ့သည်။ ယခုတော့ ကျွန်တော့်မှာ ကြိုးပေါင်းစုံဖြင့် တုတ်နှောင်ထားလျက် ရှိတော့သည်။ ကျွန်တော် ပျော်ခဲ့သလား။

အမှန်အတိုင်း ဝန်ခံရလျှင် ကျွန်တော် ပျော်ခဲ့ဖူးပါသည်။

ခိုင်မြဲရုံသာ ချည်နှောင်သော ချောမွေ့သည့် ကြိုးများချည်း ဖြစ်လျှင် ကျွန်တော် ရေ့ဆက်၍ မိုက်မဲစွာ ပျော်ရွှင်မိဦးမည်ထင် သည်။

ယခုတော့ ကျွန်တော့် ကြိုးတွေက သွေးချင်းချင်း နီအောင် ကြမ်းရှစွာ နာကျင်စေလှသည်။ ကျွန်တော့်ဘဝမှာ ပျော်ရွှင်မှုများ





ကုန်ဆုံးသွားခဲ့ပြီဖြစ်ကြောင်း ကျွန်တော် သိလိုက်ရသောအချိန်မှာပင် ကျွန်တော် ရုန်းထွက်ဖြေယူ၍ မရလောက်အောင် ကြိုးတွေက အသား ထဲ နစ်မြုပ်တင်းကျပ် နေခဲ့ပြီ။

အရာရာတိုင်းမှာ အချိန်ကာလ ကန့်သတ်ချက်ဆိုတာ ရှိပါသည်။

ဤအခန်းသည် နှစ်ပေါင်းနှစ်ဆယ်လုံးလုံး ကျွန်တော် နေထိုင်လာခဲ့သော အခန်းဖြစ်သည်။ အခန်းထဲရှိ ပစ္စည်းတိုင်းသည် သူ့နေရာနှင့်သူ စနစ်တကျ တည်ရှိနေရာ မျက်စိမှိတ်ထားပါလျက် အသေးအဖွဲ ပစ္စည်းကလေးများ၏ အနေအထားကို ကျွန်တော် အလွတ်ရပါသည်။ ဤစားပွဲတွင် ကျွန်တော် စာပေါင်းများစွာရေးခဲ့ သည်။ အရေအတွက် မနည်းလှသော ငွေစက္ကူများကို ရေတွက်ခဲ့ သည်။ မိမိပိုင်သော ငွေစက္ကူများသည် တစ်ခါတစ်ရံမှသာ ကြည်နူး စရာ ကောင်းကြောင်း ကျွန်တော် နှစ်ပေါင်းများစွာ အတွေ့အကြုံ ဖြင့် သိရသည်။

လွန်ခဲ့သော နှစ်များစွာတုန်းက ချက်ကော့(ဗ်)၏ Gooseberries ဝတ္ထုကို ကျွန်တော် ပထမဦးဆုံး ဖတ်ရစဉ်က ကျွန်တော့်အာရုံထဲမှာ အိုင်ဗင်နှင့်နစ်ကိုလေ ညီအစ်ကိုနှစ်ယောက် သာ ရှိခဲ့၏။ ယခုတစ်ကြိမ် ထိုဝတ္ထုကို ကျွန်တော် ပြန်ဖတ်လိုက် သောအခါ အစ်ကို၏ စကားထဲမှ တစ်ကြောင်းစာသာ ပြောသွားသော အဘိုးကြီးတစ်ယောက်သည် ကျွန်တော့်အတွေးထဲမှာ တဝဲလည်လည် ဝင်ရောက်နေတော့သည်။ သေခါနီးအိပ်ရာပေါ်က အဖိုးကြီးသည် ပျားရည် တစ်ပန်းကန်ပြား အပြည့်မှာယူ၍ သူ၏ငွေစက္ကူများ ထီလက်မှတ်များကို ပျားရည်ဖြင့်ရောကာ စားသွားသည်။ သူ၏ ငွေစက္ကူများကို အခြားမည်သူမျှ မရနိုင်ရန်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုအခါ ကျွန်တော်ဆယ်နှစ်သားအရွယ်က သေဆုံးခဲ့သော ဦးလေးကြီးနှင့်ပတ်သက်၍ အနည်းငယ် နားလည်စပြုလာပြီ။ ဦးလေးကြီးသည် သူ၏ ခြံဝန်းတစ်နေရာရာမှာ ရွှေငွေရတနာများကို အိုးဖြင့်ထည့်ကာ မြှုပ်သွားသလားဟူသော အကောင်းမြင်အတွေးလည်း တဖြည်းဖြည်း ကွယ်ပျောက်စပြုလာပြီ။ ဦးလေးကြီးသည် သူ၏ ပိုက်ဆံများကို ပျားရည်ဖြင့် စားသွားတာ ဖြစ်နိုင်သည်ဟု ပြုံးရယ်မိသည်။ အကယ်၍ ဤအတိုင်း ဖြစ်ပျက်သွားခဲ့လျှင်သော်မှ ဦးလေးကြီးအား တစ်ကိုယ်ကောင်းသမားကြီးဟု ကျွန်တော်မစွပ်စွဲရက်ပါ။ မိမိ အိပ်မက်များ ပျက်ပြယ်သွားသည့်အခါ လူသည် မယုံကြည်နိုင်စရာပင် ရှုံ့သွပ်သွားတတ်ပါသည်။

ကျွန်တော်သည် အိပ်မက်တစ်ခုတည်းကိုပင် နှစ်ပေါင်းသုံးဆယ်ကျော် မက်ခဲ့သူဖြစ်၏။ အိပ်မက်သည် တကယ် အစစ်အမှန်ဖြစ်မလာနိုင်တော့ကြောင်း အတိအကျ သိလိုက်ရသောအခါ ကျွန်တော့်မှာ ရှိသမျှ အင်အားတွေ ဗြုန်းကနဲ ဆုတ်ယုတ်သွားတော့သည်။ လူတစ်ယောက်သည် မိမိ၏ပတ်ဝန်းကျင်မှ ထွက်ပြေးရန် နည်းလမ်းများစွာ ရှိပါသည်။ မိမိ၏ကိုယ်တိုင်မှ ထွက်ပြေးရန်တော့ ဘာနည်းလမ်းမှ မရှိပါ။

ဦးလေးကြီးသည် ကျွန်တော့်လိုပင် ရက်ပေါင်းများစွာ အခန်းအောင်းနေခဲ့လိမ့်မည်။ မြင်နေကျ အရာဝတ္ထုများကို နှစ်သုံးဆယ်ကျော် မြင်တွေ့ရသောအခါ ကျွန်တော့်လိုပင် စိတ်ပျက်စွာ ပြုံးရယ်မိလိမ့်မည်။ ပြတင်းပေါက်မှ ဒိုင်ဗင်ထိုးချလိုက်ရန် ဟာသစွက်ကာ စဉ်းစားခဲ့မိလိမ့်မည်။ ထို့နောက် ဘယ်အချိန်မှစ၍ ကြိုးတစ်ချောင်း၏ အသုံးဝင်ပုံကို စဉ်းစားစ ပြုသွားပါလိမ့်။





ဦးလေးကြီးသည် ကျွန်တော့်လိုတော့ ကြိုးတွေကို မုန်းတီးသွားသူ မဖြစ်နိုင်ပါ။ ကြိုးများကို မုန်းတီးသူသည် မိမိ၏ မီးဖိုခန်းထဲသို့ ကြိုးတစ်ချောင်းကို သယ်ဆောင်လာမည် မဟုတ်ပါ။ ထိုကြိုးကို ဘစိမ့်စိမ့်ကြည့်၍ ချစ်နေသူသာ ဖြစ်လိမ့်မည်။ ကြိုးသည် နောက်ဆုံးကယ်တင်ရှင်အဖြစ် မှားယွင်းစွာ မှတ်ယူ၍ လက်ဖြင့် ဖွဖွပွတ်သပ်ကာ တီးတိုးစကားများ ပြောနေခဲ့လေမလား။ လူတွေနှင့် စကားပြောဖို့ကြောက်ရွံ့ စိတ်ပျက်သူသည် ကြိုးတစ်ချောင်းနှင့်တော့ နာရီပေါင်းများစွာ စကားစမည် ပြောဆိုချင်ပေလိမ့်မည်။ ကြိုးကို မိမိအလိုရှိသော ပုံသဏ္ဌာန်ဖြစ်အောင် ပြုပြင်ပုံသွင်းဖို့ ခက်ခဲသည်ဆိုတာ ကျွန်တော် သဘောပေါက်ပါသည်။ ထို့ထက်ပို၍ မိမိဘာပုံသဏ္ဌာန်ကိုရမှ ဖြစ်မှာလဲဟု အသေအချာ နည်းစနစ်သိဖို့ကတော့ အခက်ခဲဆုံး ဖြစ်လိမ့်မည်။ ကျွန်တော် ဤမျှ စိတ်ရှည်နိုင်မည် မထင်ပါ။

ကျွန်တော်ချစ်သော သားနှင့်သမီးကို ကျွန်တော် ဖြစ်စေချင်သော ပုံသဏ္ဌာန်ဖြင့် ပြုပြင်ပုံသွင်းဖို့ ကြိုးစားခဲ့သည်မှာ နှစ်ပေါင်းနှစ်ဆယ်ကျော် ကြာခဲ့၏။ ကျွန်တော် ဖြစ်စေချင်သည်က တစ်မျိုး သူတို့ဖြစ်ချင်သည်က တစ်မျိုး။ လူတွေသည် မိမိ၏ဘဝကို မိမိစိတ်ကြိုက်သာ ဖန်တီးပြုပြင်ကြ၏။ အခြားသူတစ်ယောက်က ပြုပြင်ပုံသွင်းပေးဖို့ဆိုတာ မည်သို့မျှ မဖြစ်နိုင်ပါ။ သက်ရှိလူသားကို ပုံသဏ္ဌာန် ပြုပြင်ဖို့ ခက်ခဲသည်ဆိုလျှင် သက်မဲ့ကြိုးတစ်ချောင်းကို ပုံသဏ္ဌာန်ပြုပြင်ဖို့တော့ ပို၍ပင်ခက်ခဲလေမလား။ သို့မဟုတ် ပို၍ လွယ်ကူလေမလား။ ကျွန်တော် ရုတ်တရက် ထိုအတတ်ပညာကို ပို၍စိတ်ဝင်စားမိသည်။

www.burmeseclassic.com



အကြောင်းနှင့်အကျိုးကို ဆက်စပ်ညှိနှိုင်းယူသည့် ပညာကို ကျွန်တော် စိတ်ဝင်စားစွာ လေ့လာ ထားခဲ့သောကြောင့် ဦးလေးကြီးထားခဲ့သော ပဟေဠိကို နှစ်ပေါင်းသုံးဆယ်ကျော်ကြာသည့်အခါ ဖြေရှင်းရန်နည်းလမ်း ကျွန်တော်ရလာခဲ့သည်။

ဦးလေးကြီး တစ်ပိုင်းတစ်စ ရေးလက်စ စာကို ကျွန်တော် စိတ်ကူးဖြင့် ထပ်မံဖြည့်စွက် ရေးသားနေခဲ့သည်မှာ နှစ်ပေါင်းများစွာကြာပြီ။

"ခင်ဗျားအနားမှာ" ဟူသော စာကြောင်းသည် အဆက်အစပ်မရှိ လွတ်လပ်လွန်းသောကြောင့် ကျွန်တော် အကြောင်းအရာများစွာဖြင့် ဖြည့်စွက်ဆက်စပ်ကြည့်ခဲ့ဖူးသည်။ အမျိုးအစား ကွဲပြားသော စာများကို ကျွန်တော်ရခဲ့သည်။ သို့သော် စာတစ်စောင်ကိုမျှ စိတ်တိုင်းမကျပါ။

နောက်ဆုံးတော့ ကျွန်တော်အောင်မြင်စွာ ဆက်စပ်ဖြည့်စွက်လိုက်နိုင်ပြီဟု ကျွန်တော်ထင်ပါသည်။ ဦးလေးကြီးကိုယ်တိုင်ရေးထားသလိုပင် အဆက်အစပ်တည့်တည့် အဓိပ္ပါယ်ရှိသော စာတစ်ကြောင်းကို မကြာသေးမီကမှ ကျွန်တော် ရလိုက်သည်။ ကျွန်တော်ရလိုက်သော စာကြောင်းမှာ အောက်ပါအတိုင်း ဖြစ်သည်။

"ခင်ဗျားအနားမှာ ကြိုးတစ်ချောင်းကို ဘယ်တော့မှ လွယ်လွယ်ကူကူ မထားလိုက်လေနဲ့"

ခက်ခဲသော ပုစ္ဆာတစ်ပုဒ် အဖြေရသွားသည့်အခါ ပျော်ရွှင်ကျေနပ်သော ခံစားချက်အတိုင်း ကျွန်တော်အားရကျေနပ် သွားသည်။

သို့သော် တပြိုင်တည်းမှာပင် ကျွန်တော် ဝမ်းနည်းကြေကွဲစွာ ငိုကြွေးမိပါသည်။

[၁၉၉၄ခု၊ ဩဂုတ်လ၊ မြားနတ်မောင်မဂ္ဂဇင်း]



# ကျောက်တုံးများ၏ ရာဇဝင်

ကျောက်တုံးကြီးတွေကို မည်သူက အလျှင်စ၍ တွေ့ရှိခဲ့ သလဲဟူသော ပြဿနာမှာ ကျွန်တော်တို့ မြို့သူမြို့သားများအကြားတွင် အငြင်းပွားစရာဖြစ်နေသည်။

ကျောက်တုံးကြီးများကို စတင်တွေ့ရှိသူမှာ မိမိ ဖြစ်သည်ဟု ဓာတ်ပုံဆရာကတော့ အခိုင်အမာ ပြောနေခဲ့၏။ သူ ရိုက်ထားသော ဓာတ်ပုံများကို သမ္မာဓိလူကြီးများအား တစ်ပုံချင်း လိုက်၍ ပြသခဲ့သည်။ ဓာတ်ပုံများကို ကျွန်တော်တို့လည်း ကြည့်ရပါသည်။ နေဝင်ချိန် ဆည်းဆာ နေရောင်အောက်မှ ကျောက်တုံးကြီးများ၏ အလှသည် ကျွန်တော်တို့ ထင်ထားသည်ထက် ခမ်းနားကြီးကျယ်နေသည်။

"ဒီကျောက်တုံးတွေကို ကျွန်တော် ဘယ်လိုစတွေ့သလဲဆိုတာ ဦးလေးတို့ကို ကျွန်တော် ပြောပြမယ်။ ဟိုဘက်ရွာ [illegible]လျှောက် ဘုရားပွဲမှာ ဓာတ်ပုံရိုက်ဖို့ ကျွန်တော်အသွားမှာ ကျွန်တော်တို့ လှေက



www.burmeseclassic.com

www.burmeseclassic.com



သောင်တင်သွားတယ်။ အဲဒါနဲ့ ခဏဆင်းပြီး နားတုန်း ဟောဒီကမ်းနားအကွေ့ကို ကျွန်တော် လှမ်းမြင်လိုက်ရတာပဲ။ မနက်အာရုံတက် နေရောင်ခြည်ရဲ့အောက်မှာ ဒီကောင်ကြီးတွေ ဘယ်လောက်လှတယ်ဆိုတာ ဦးလေးတို့ မြင်စေချင်တယ်ဗျာ...။ မြစ်ပြင်က ကြည့်တော့ ဒီလိုထင်ထင်ရှားရှားကြီး ဘယ်ဟုတ်မလဲ၊ ဒါပေမယ့် ကျွန်တော်က သဘာဝ ရှုခင်းတွေကို ရွေးတတ် ခံစားတတ်လာတာကြာပြီဆိုတော့ ဒီကျောက်တုံးကြီးတွေဟာ မြစ်ပြင်ဘက်က ကြည့်ပြီးမြင်ရတာထက် ဘယ်လောက်ကြီးကျယ် ခမ်းနားမယ်ဆိုတာ ကျွန်တော် သိတယ်။ ဒါနဲ့ပဲ ဟောဒီ ကုန်းမြင့်ရှိရာကို ခက်ခက်ခဲခဲ ရောက်အောင် လာခဲ့ရတာပါပဲ။ ဒီနားက ဆူးခြုံသစ်ပင်တွေကြောင့် ဒီကျောက်တုံးကြီး တွေ့ရှိမှန်း ဒီနားတစ်ဝိုက် ရွာတွေကလည်း ဘယ်သူမှ သိကြမှာ မဟုတ်ပါဘူး"

ဓာတ်ပုံဆရာကို ကျွန်တော်တို့ မြို့သူမြို့သားများ သိပ်အထင်မကြီးခဲ့ကြပါ။ သူသည် လူတွေကို ဓာတ်ပုံရိုက်ရာတွင် နာမည်ကောင်း ရသူမဟုတ်။ အလင်းနှင့် အမှောင်၊ အရိပ်နှင့် အရောင်ကို သူ့စိတ်ကြိုက်ကစား၍ ရိုက်သော ဓာတ်ပုံများတွင် အသားဖြူသော မိန်းကလေးများသည် အသားညိုနေတတ်၏။ မျက်နှာဝိုင်းသော မိန်းကလေးများသည် မျက်နှာရှည်နေတတ်၏။ ဆံပင်ရှည်သော မိန်းကလေးများ၏ မျက်နှာကို ဓာတ်ပုံရိုက်လျှင် ဆံပင်အရိပ်များ ပါးပြင်ပေါ်ကျအောင် ရိုက်တတ်သူ ဖြစ်၏။ မျက်နှာပေါ်တွင် အလင်းကို ထင်ထင်ရှားရှား ဖြူဖွေးနေအောင် မြင်ချင်သော မိန်းကလေးများသည် ဤဓာတ်ပုံဆရာနှင့် နောက်တစ်ကြိမ် ဓာတ်ပုံ မရိုက်ချင်ကြပေ။ ထို့ထက်ပို၍ဆိုးသည်မှာ ဓာတ်ပုံဆရာသည် လူချည်းသက်သက် ဓာတ်ပုံရိုက်ဖို့ စိတ်မဝင်စားဘဲ လူနှင့်တွဲ၍ သစ်ပင်၊ ကျောက်တုံး၊





ခြံစည်းရိုး၊ မြစ်ကမ်းစပ်၊ လှေစသည့် ပစ္စည်းများကိုပါ ရိုက်ချင်သူ ဖြစ်သည်။ လူထက်ပို၍ သဘာဝနှင့် ပစ္စည်းများကို စိတ်ဝင်စားသော ဓာတ်ပုံဆရာသည် ယခုတော့ တော်တော် လူကြိုက်နည်းသော ဓာတ်ပုံဆရာ ဖြစ်နေသည်။

"ကျွန်တော် ဒီပုံတွေရဖို့ ဒီကုန်းမြင့်ကို ဘယ်နှစ်ရက်ဆက်ပြီး လာခဲ့ရတယ် ထင်သလဲ... ခြောက်ရက်... ဗျ။ ခြောက်ရက်တိတိ မြစ်ပြင်ကိုဖြတ်ပြီး နေ့စဉ်ရက်ဆက် လာခဲ့ရတယ်။ ဆူးခြုံတွေ ကန္တာရပင်တွေ ကြားထဲကနေ ဖြတ်ပြီး တောင်ကမ်းပါးယံ အတိုင်း ခက်ခက်ခဲခဲ ကြိုးစားပြီး ဟောဒီလွင်ပြင်ကို ရောက်အောင် ဇွဲကောင်းကောင်းနဲ့ လာခဲ့ရတယ်။ ဒီရောက်တော့ နေဝင်ချိန်ကို စိတ်ရှည် လက်ရှည်စောင့်ပြီး ဓာတ်ပုံရိုက်ရတယ်။ တစ်ချို့ရက်မှာ ဖနေရောင်က တိမ်တွေဆီအထိ မဖြာဘူး၊ တစ်ချို့ရက်တွေမှာ နေသာ ငင်သွားရော နေရောင်မမြင်ရဘူး။ စဉ်းစားကြည့်ပါအုံးဗျာ၊ မြစ်ကို ကူးပြီး ခက်ခက်ခဲခဲ လာရတာ သဘာဝအလှကို ကျွန်တော်ခံစားဖို့ဗျ။ ကျွန်တော် ခံစားရတဲ့အလှကို ကျွန်တော့်ပတ်ဝန်းကျင်က လူတွေပါ ခံစားကြစေချင်လို့... ဗျ။ ဒီလူက ဒီသဘာဝအလှကို ဖျက်ဆီးဖို့ ကြိုးစားတဲ့လူပဲ၊ ဒီကျောက်တုံးကြီးတွေရဲ့ နဂိုသဘာဝ မျက်နှာပြင်အလှကိုဖျက်ဆီးပစ်ဖို့ ဒီလူ့မှာ ဘာအခွင့်အာဏာမှ မရှိဘူးဗျ၊ ဘယ်သူ့မှာမှ ဒီအခွင့်မရှိဘူး။"

သူက ပန်းချီဆရာကို လက်ညှိုးညွှန်၍ ကန့်ကွက်သည်။

ပန်းချီဆရာသည် ဓာတ်ပုံဆရာ၏ စော်ကားမှုကြောင့် မျက်နှာညိုမဲလျက် ရှိသည်။ လူအားလုံး၏အကြည့်က ဓာတ်ပုံဆရာ မျက်နှာမှ သူ့မျက်နှာဆီသို့ ပြောင်းသွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"တစ်မနက်ခင်း ကျွန်တော် ကျောက်တုံးကြီးတွေဆီ ရောက်သွားတော့ သူ ကျွန်တော့်ကျောက်တုံးကြီးတွေကို ဆေးသုတ်ပြီး ဖျက်ဆီးဖို့ ကြိုးစားနေတာ တွေ့ရတယ်။ ဒါ... သဘာဝကို ဖျက်ဆီးတာပါပဲ၊ ဒါကို ဦးလေးတို့ တားမြစ်ပေးဖို့ ဦးလေးတို့မှာ တာဝန်ရှိတယ်ဆိုတာ ကျွန်တော် ပြောချင်တာပါပဲ"

ထို့နောက် ကျွန်တော်တို့သည် ပန်းချီဆရာဖက်မှ ဖွင့်ဟပြောပြသော စကားများကို ကြားကြရသည်။

"ကျွန်တော် ဒီကျောက်တုံးကြီးတွေကို သတိထားမိနေတာကြာပါပြီ။ ကျွန်တော် လူတွေကို စိတ်ပျက်တိုင်း သောင်ကမ်းဘေးတစ်လျှောက် ခရီးထွက်ပြီး ကျွန်တော် ပန်းချီတွေ ဆွဲခဲ့ပါတယ်။ ပန်းချီဒေါက်တိုင်တစ်ခုနဲ့၊ ပုံဆွဲစက္ကူတွေနဲ့၊ ကျောပိုးအိတ်တစ်လုံးနဲ့ ကျွန်တော် ခရီးထွက်နေခဲ့တာ ကြာပြီ။ ကျွန်တော် ဒီကျောက်တုံးကြီးတွေကို စတွေ့တော့ သူပြောသလို လေ့ပေါ်ကနေ တွေ့တာမဟုတ်ဘူး။ တောင်ပေါ်ကနေတွေ့တာ၊ ဟိုဘက်တောင်ကုန်းမှာ ကျွန်တော် သွားပြီး ဒီမြို့နဲ့ မြစ်ကြောင်းကို ပန်းချီဆွဲရင်း ဒီကျောက်တုံးတွေကိုတွေ့တာ။ နောက်ပိုင်းမှာ ဒီကျောက်တုံးတွေရှိရာကို တစ်ပတ်တစ်ခါလောက် လာမိတယ်။ ဒီကျောက်နံရံကြီးတွေ အရိပ်မှာ ကျွန်တော် အိပ်ခဲ့တယ်။ တစ်ခုနဲ့တစ်ခု မှီနေတဲ့ ကျောက်တုံးကြီးနှစ်ခုရဲ့ကြားထဲက နေရာလွတ်မှာ ကျွန်တော် ပန်းချီ ထိုင်ဆွဲခဲ့ဖူးတယ်။ ကျောက်တုံးကြီးတွေရဲ့ အလှကို ဖျက်နေတဲ့ ခပ်လှမ်းလှမ်းက ဆူးခြုံပုင်တွေကို ဟောဒီ ကျွန်တော့်လက်တွေနဲ့ ခုတ်ထွင် ရှင်းပစ်ခဲ့တာပါ။ ဒီကျောက်တုံးတွေဟာ နှစ်ရှည်လများ လေဒဏ်၊ နေဒဏ် ခံခဲ့ရလို့ မျက်နှာပြင်အက်ကွဲပြီး ခြောက်သွေ့နေပြီ။ ဒါကို ကျွန်တော်က ကျောက်စိမ်း အရိုင်းတုံးတစ်ခုလုံ အကြောမျှင်တွေ ဖြာထွက်ပြီး





လှပအောင် အောက်ခြေကလေးကိုပဲ ဆေးချယ်ဖို့ ကြိုးစားခဲ့တာပါ။ ဒါဖျက်ဆီးတာ မဟုတ်ဘူး၊ သူ့ကျောက်တုံးလို့လဲ ပြောခွင့်မရှိပါဘူး။ တကယ်သာ ကျွန်တော်ဖျက်ဆီးချင်တယ်ဆိုရင် အရှေ့ဘက်မျက်နှာပြင်ကို ကျွန်တော် ဆေးချယ်ပစ်မှာပေါ့၊ ကြည့်စမ်းပါအုံး... လူတစ်ယောက်ရဲ့ မျက်နှာပြင်နဲ့ ဘယ်လောက်တူသလဲ"

နားထောင်နေသော ပရိသတ်သည် လှုပ်လှုပ်ရွရွဖြစ်သွားကြ၏။ ပန်းချီဆရာပြောပြမှ သူတို့သည် အပြားလိုက် မျက်နှာပြင်ကြီးကို ခပ်ဝေးဝေးမှ ကြည့်လိုက်၊ အနီးကပ်၍ လက်ဖြင့် စမ်းသပ်ကြည့်လိုက်ဖြင့် အလုပ်ရှုပ်သွားကြသည်။ အာမေဍိတ် သံများသည် လူအုပ်တွင်းမှာ ပဲ့တင်ထပ်လျက်ရှိသည်။

"ဟုတ်တယ်...ဒါလူတစ်ယောက် မျက်နှာပြင်ပဲ... ဒေါသထွက်နေတဲ့ မျက်နှာပဲ"

"ဒေါင်လိုက်တဲ့တဲ့မဟုတ်ဘဲ စောင်းပြီးရွဲ့နေတာတော်တော်ဆန်းတယ်။ ပန်းပုဆရာတစ်ယောက်ကို ထုခိုင်းရင်တောင် ဒီလိုအချိုးကျတဲ့ ရွဲ့စောင်းပုံမျိုး မရနိုင်ဘူး"

တစ်ယောက်တစ်ပေါက် ပြောသံများကြောင့် ကျွန်တော် ကျောက်တုံးမျက်နှာပြင်ကို သေသေချာချာ ကြည့်မိသည်။ မျက်နှာအကျ၊ မျက်လုံးနေရာက အချိုင့်များ၊ ပါးစပ်ပေါက်နေရာက အက်ကွဲကြောင်းများသည် တည့်တည့်မသွားဘဲ ဘေးသို့စောင်းရွဲ့ကာ ဆင်းသွား၏။ ကျွန်တော် ကျောက်တုံးကိုကြည့်ပြီး မပြုံးဘဲမနေနိုင်သောကြောင့် ပြုံးလိုက်မိပါသည်။

"ဒါပေမယ့် ဒီမျက်နှာပြင်ကို ကျွန်တော် ဆေးချယ်ခဲ့သလား...။ တကယ်တော့ ဒီကျောက်တုံးကို သူလည်း မပိုင်ဘူး၊ ကျွန်တော်လည်း မပိုင်ဘူး၊ ဒီမြို့ကသာ ပိုင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကို တစ်ခဲနက် ထောက်ခံသူများကြားမှ လူတစ်ယောက်၏ ကန့်ကွက်သံက ခပ်ကျယ်ကျယ် ပေါ်လာသည်။

"မဟုတ်ဘူး…ဒါကို ရှေးဟောင်းသုတေသနဌာနကပဲ ပိုင်တယ်"

ထို့နောက် လူတစ်ယောက် ရှေ့ထွက်လာသည်။ သူ သည် ကျွန်တော်တို့ မြို့တွင် နေရာရသူ တစ်ယောက်ဖြစ်သည်။ ကောလိပ်မှ ဘွဲ့ရပြီးသူ တစ်ယောက်ဟု သိရသော်လည်း သူ ဘာဘွဲ့ရထားမှန်း ကျွန်တော် မသိပါ။ ကျွန်တော်တို့၏ သမိုင်းဆရာကို မေးကြည့်တော့ ထိုလူသည် သမိုင်းအဓိကဘာသာဖြင့် ဘွဲ့ရသူမဟုတ်… ဟု သိရသည်။ သို့သော် သူသည် ကျွန်တော်တို့ တစ်မြို့လုံးတွင် သမိုင်းကြောင်း အပြောဆုံး ပုဂ္ဂိုလ်ဖြစ်၏။

'ကျွန်တော်တို့ရဲ့သမိုင်းကို ကျွန်တော်တို့ကိုယ်တိုင် ရေးကြရမှာပဲ…' ဟူသော စကားမျိုး။

'ဒီဘုရားရဲ့ သမိုင်းမှာ အလောင်းစည်သူမင်း မပါလို့ ဘယ်ဖြစ်မလဲဗျ' ဟူသော စကားမျိုး။

'သမိုင်းကို စိတ်မဝင်စားတဲ့လူတွေက သမိုင်းဆရာလုပ်ပြီး ကျောင်းသားတွေကို စာသင်နေမှတော့ ဒီခေတ်ကလေးတွေ သမိုင်းကို စိတ်မဝင်စားတာ ဘာဆန်းတော့မလဲ…'ဟူသော စကားမျိုးကို အဖန်တလဲလဲ ပြောတတ်သောကြောင့် ကျွန်တော်တို့ သူ့ကို တော်တော်အထင်ကြီး လေးစားကြပါသည်။

ထိုလူသည် ကျောက်တုံးကြီးတွေအနား ရောက်သွားပြီး မျက်နှာပြင်ကို လက်ဖြင့် ထိတို့ကြည့်သည်။ လက်သည်းဖြင့် ဖွဖွခြစ်ကြည့်သည်။ လက်ဆစ်ဖြင့် ခေါက်ကြည့်သည်။ လူ၏ မျက်နှာပြင်လို ဖြစ်နေသော ကျောက်တုံး၏ အချိုင့်ရာများကို ပွတ်သပ်လျက် ခေါင်းတညိတ်ညိတ် လုပ်နေ၏။ ကျွန်တော်တို့သည် သူ့အမူအရာကို





ကြည့်ရင်း တဖြည်းဖြည်း ရင်ခုန်ကာ စိတ်လှုပ်ရှားလာ၏။ ထို့နောက် သူသည် ဖြုန်းကနဲ လူအုပ်ရှိရာသို့ လှည့်ကြည့်သည်။

"ဒီကျောက်တုံးတွေဟာ ကျွန်တော့်အထင်တော့ ဘုရင့်နောင် လက်ထက်က အသုံးပြုခဲ့တဲ့ ကျောက်တုံးတွေဖြစ်ရမယ်"

ကျွန်တော်တို့မြို့သည် ဘုရင့်နောင်စိုက်ရာမြို့ မဟုတ်သောကြောင့် လူအများ တအံ့တဩဖြစ်သွားသည်။

"ဟောသည်ဘက်က အပြားလိုက်လဲနေတဲ့ ကျောက်တုံးကို ကြည့်…"

သူက ကျောက်ဖျာလို မျက်နှာပြင်ပက်လက် ညီညာသော ကျောက်တုံးကို လက်ညှိုးညွှန်ပြ၏။

"ဒီကျောက်တုံးပေါ်မှာ ဓားထစ်ရာလိုလို အစင်းကြောင်းရာတွေရှိနေတယ်။ ဒီကျောက်တုံးဟာ စဉ်းတီတုံးလို အနေအထား ဖြစ်နေတယ်။ ဒီတော့ ဒီကျောက်တုံးဟာ လူသတ်တဲ့ အခါမှာ အသုံးပြုတဲ့ ကျောက်တုံးဖြစ်ရမယ်"

လူအုပ်ကြီးသည် ရုတ်ရုတ်သဲသဲဖြစ်သွား၏။ တချို့က ထိတ်လန့်သလို ပခုံးကျုံ့သွားပြီး တစ်ချို့ကတော့ မကျေနပ်သလို ခေါင်းယမ်းကြသည်။

"ဘုရင့်ခေတ်က တောင်စွယ်မှာနေကွယ်ရင် သတ်စေ…ဆိုတဲ့ အမိန့်မျိုးရှိတယ် မဟုတ်လား။ ဟောဟိုတောင်ကုန်းမှာ နေရောင်ကွယ်သွားတာနဲ့ ဒီကျောက်ဖျာပေါ်မှာ လူရဲ့ခေါင်းကို တင်ပြီးဓားနဲ့ ခုတ်သတ်ရုံပဲ ဒီလွင်ပြင်ဟာ မြို့ရဲ့အနောက်အရပ်မှာ ရှိနေတာကို ထည့်စဉ်းစား ရမယ်လေ။ ဒါလူသတ်ကုန်း ဖြစ်နိုင်တာပေါ့"

စဉ်းစားတတ်သော ကျောင်းဆရာတစ်ဦးက ဤအဆိုကို ကန့်ကွက်၏။



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်ဘူး ဒီကုန်းဟာ ကျွန်တော်တို့မြို့နဲ့ တစ်ဆက်တည်းမှ မဟုတ်တာ၊ မြစ်ခြားနေတာပဲ။ လူသတ်တဲ့ အာဏာပါးကွက်သားတွေက လူတစ်ယောက်ကိုသတ်ဖို့ မြစ်ကို လှေနဲ့ကူးပြီး လာရမယ့် သဘောပဲ၊ ဒါသိပ်အဓိပ္ပာယ်မရှိဘူး"

ထိုအခါ သမိုင်းအကြောင်း ပြောသောလူ အနည်းငယ်တွေဝေသွား၏။ ထိုအချိန်မှာပင် ပန်းဘဲဆရာအဖိုးကြီးက ရှေ့ထွက်လာသည်။

"အေးဗျ၊ ကျွန်တော်ကတော့ အနောက်တွေ၊ အရှေ့တွေ အာဏာပါးကွက်သားတွေ သိပ်မသိပါဘူး။ ဒါပေမယ့် ကျွန်တော်သာ ဟောဒီ ကျောက်ဖျာပေါ်မှာ လူတစ်ယောက်ကို သတ်ရမယ်ဆိုရင် အဲဒီလူကို ပက်လက် ကြိုးတုတ်၊ သူ့ဇက်ပိုး အောက်မှာ သစ်တုံးခံပြီး ခုတ်သတ်မှာပဲဗျ။ ကျွန်တော့်ခါးချက်ကို ကျောက်ဖျာပေါ်တော့ အကျ မခံနိုင်ဘူး။ အဲဒီတုန်းက လူတွေလည်း ဒီလောက်တော့ စဉ်းစားကြမှာပဲ မဟုတ်လား"

လူအုပ်သည် တစ်ခဏ တိတ်ဆိတ်သွား၏။ မြို့တာဝန်ခံလူကြီးများသည် အချင်းချင်း တီးတိုးတိုင်ပင်နေကြသည်။ လူကြီးတွေ တိုင်ပင်နေသော တီးတိုးစကားထဲမှ ဘူမိဗေဒပညာရှင် ဟူသောစကား၊ ခြံစည်းရိုးဟူသောစကား၊ ရှေးဟောင်းပစ္စည်း ဟူသော စကားများနှင့်အတူ ညှိသည်တွေ ဝင်ခွင့် ပိုက်ဆံ... ဟူသော စကားကိုပါ တစ်စွန်းတစ်စ ကြားနေရသည်။ ထိုအခါ ကျွန်တော်တို့ သူငယ်ချင်း သုံးယောက် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကာ အချက်ပြလျက် ခပ်လှမ်းလှမ်းသို့ ထွက်လာခဲ့ကြသည်။

ထိုအချိန်ကတည်းကပင် ကျွန်တော်တို့သုံးယောက် ကိုယ့်အတတ်နှင့်ကိုယ် ရူးနေကြရပြီဟု သဘောပေါက်လိုက်ကြပါသည်။

* * *

တကယ်တော့ ဤမြို့ပေါ်က လူအားလုံးအနက် ဤ ကျောက်တုံးကြီးများကို စတင်တွေ့ရှိသူမှာ ဓာတ်ပုံဆရာလည်းမဟုတ်၊ ပန်းချီဆရာလည်းမဟုတ်၊ ကျွန်တော်တို့ သူငယ်ချင်း သုံးယောက်သာ ဖြစ်ပါသည်။

လွန်ခဲ့သောနှစ်နှစ် ကျွန်တော်တို့ အဋ္ဌမတန်းကျောင်းသား အရွယ်ကတည်းက ဤကျောက်တုံးကြီးများကို တွေ့ခဲ့သည်။

မြစ်ရေကြီးချိန်တစ်ရက်တွင် ကျွန်တော်တို့ မြစ်ကိုဖြတ်လျက် လှေအပျော်စီးရန် ရည်ရွယ်ချက်ဖြင့် ကျောင်းလစ်ခဲ့ကြ၏။ ကျွန်တော်တို့သုံးယောက်အနက် အေးမောင်စိုးတစ်ယောက်သာ ရေကူးတတ်သည်။ သို့သော် ကျွန်တော်တို့ မကြောက်မရွံ့ပင် လှေကို တစ်စင်းလုံးငှားလျက် သုံးယောက်သား လှော်တက်ကိုယ်စီဖြင့် လှေစီးကြသည်။ ကံကောင်းထောက်မစွာပင် (ဟိုတုန်းကတော့ ကံဆိုးဝါးစွာပင် ဟုထင်ခဲ့၏) လှေသည် လှော်ရင်း လှော်ရင်း မြစ်ကမ်းတစ်ဖက်သို့ မရောက်ဘဲ မိုးသက်လေဖြင့် ရေစီးကြောင်းအတိုင်း မျောပါသွားသည်။ ကျွန်တော်တို့ တစ်ခါမှမရောက်ဘူးသော ချောက်ကမ်းပါးဆားတစ်ခုတွင် လှေကတင်နေ၏။ ထိုအချိန်တွင် လေပြင်းနှင့်အတူ မိုးပါ ရွာချသောအခါ ကျွန်တော်တို့လှေကို သောင်ပေါ် ဆွဲတင်လျက် မြစ်ကမ်းပါးသို့ အပြေးအလွှားတက်ရင်း ခိုလှုံစရာ နေရာရှာခဲ့သည်။ ဆူးပင်တွေ ကန္တာရပင်တွေကြားထဲမှာ မိုးတိတ်သည်အထိ ခိုလှုံနေကြရသည်။ မိုးတိတ်သောအခါမှာတော့ ကောင်းကင်သည် ဘယ်တုန်းကမှ မိုးမရွာခဲ့သလို ပြာလဲ့ လျက်ရှိသည်။ ခပ်ဝေးဝေးမှာ မိုးစက်မှုန်များ၏ အထိမ်းအမှတ်ဖြစ်သော သက်တန့်တစ်ခုကို မြင်ရသည်။

ကျွန်တော်တို့သုံးယောက်သည် သက်တန့်ကို သဘောကျနစ်သက်စွာ အော်ဟစ်ပျော်ရွှင်လျက် ခြုံနွယ်ပိတ်ပေါင်းများကို



www.burmeseclassic.com

www.burmeseclassic.com



ဖယ်ရှားကာ သက်တန့်ရှိရာသို့ တဖြည်းဖြည်း နီးကပ်အောင် သွားကြသည်။ ထိုအချိန်တွင် အလွန်လှပသော မြင်ကွင်းတစ်ခုကို ရင်သပ်ရှုမော မြင်တွေ့ရသည်။ သက်တန့်အောက်ခြေတွင် လွင်ပြင်နှင့် သက်တန့်အကြား ညိုမဲ၍ တောက်ပြောင်နေသော ကျောက်တုံး ကျောက်တိုင်ကြီးများကို လိမ္မော်ရောင်သန်းလျက် မြင်နေရသည်။ ကျွန်တော်တို့သည် ရွှံ့စက်များ၊ ဆူးများကို မေ့လျော့ကာ ထိုကျောက်တုံးကြီးများဆီသို့ အပြေးအလွှား သွားဦးကြသည်။ ကျောက်တုံးကြီးသုံးတုံးကို တစ်ယောက်တစ်ခု သူ့ထက်ငါအလုအယက်ဦးဖို့ ကြိုးစားကြသည်။ ဘယ်တော့မှ အပြေးမသန်သော ကျွန်တော်က ဘယ်သူမျှ မလိုချင်သော ရှည်မြော‌မြောပြားချပ်ချပ် ကျောက်တုံးကြီးကိုသာ ရခဲ့၏။

အနီးကပ် ရောက်သွားသောအခါ ကျောက်တုံးကြီးများသည် ကျွန်တော်တို့အရပ်၏ နှစ်ပြန်စာလောက် ရှည်လျား မြင့်မားနေသည်။ သို့သော် ကျွန်တော်တို့သည် စိမ်းမှောင် မဲနက်နေသော ကျောက်သားပြင်များကို ပါးအပ်လျက် အေးမြသော အရသာကို ခံစားရင်း စိတ်လွတ်လက်လွတ် ပျော်ရွှင်အံ့ဩ ခဲ့ကြပါသည်။

အပြေးအသန်ဆုံး အေးမောင်စိုးက ပက်လက်လဲနေသော ကျောက်တုံးအပြားကြီး၏ မျက်နှာပြင်တွင် ပက်လက်လှန်ကာ လက်နှစ် ဘက်ဆန့်လျက် မိုးကောင်းကင်ဆီသို့ မော့၍ ရယ်မောနေချိန်တွင် ဝင်းဆွေက လုံးပတ်အကြီးဆုံး ကျောက်တုံးကြီး၏ အောက်တစ်ထစ် ကျောက်ခုံပေါ်မှာ အကျအနထိုင်၍ ကျောက်တုံးကြီးကိုမှီကာ မျက်စိ စုံမှိတ်ကာ ငြိမ်သက်နေသည်။ ကျွန်တော်ကတော့ ကျွန်တော့်အတွက် ကျန်သော ရှည်မြောမြော ကျောက်တိုင်ကြီး၏ စောင်းရွဲ့မှုကြောင့်





ဖြစ်ပေါ်လာသည့် ကျောက်တုံးနှစ်ခုကြား နေရာကွက်လပ် ကလေးမှာသာ ဆောင့်ကြောင့် ထိုင်ရတော့သည်။

ထို့နောက်ပိုင်း ရက်များမှာတော့ ကျွန်တော်တို့သည် မိမိ ပိုင်ဆိုင်ပြီးသော ကျောက်တုံးကိုသာ မိမိနေ့စဉ် ပိုင်ဆိုင်ရမည်ဟု စည်းကမ်းသတ်မှတ်၍ နည်းမျိုးစုံ ဆော့ကစားခဲ့ကြသည်။ ကျောက်တုံးကြီးများနှင့် ဆော့ကစားဖို့ ကျွန်တော်တို့ ကြံစည်အားထုတ်၍ ပေးဆပ်ရသော အချိန်တွေ မနည်းလှပါ။ ကစားနည်းမျိုးပေါင်းစုံ အနက် ကျွန်တော်တို့ သဘောအကျဆုံးနည်းမှာ ကျောက်တုံးထိပ်ဖျား အစွန်းဆီမှာ ကြိုးကွင်းစွပ် ချိတ်ဆွဲ၍ တာဇံလို ကြိုးလွဲရမ်း၍ တစ်နေရာမှ တစ်နေရာ ခုန်ကူးသော နည်းဖြစ်သည်။ အနီးအနားမှာ ဝါးပင်ပေါက်ကလေးများကို တွေ့သောအခါ အေးမောင်စိုးက ငါးမြှားတံလုပ်ဖို့ စိတ်ကူးပေါ်ပြန်၏။ သူ့ကျောက်ဖျားကြီးပေါ်မှာ ဝါးကိုတင်လျက် ဓားဖြင့်ခုတ်ကာ တုတ်ချောင်းကို ချွန်မြွတ်နေအောင် သပ်သည်။ ထို့နောက် ငါးမြှားကာ တပျော်တပါး ငါးမီးကင်ကို စားကြသည်။ မိုက်ကယ်အင်ဂျလိုကို ကြားဖူးနားဝဖြင့် အားကျသော ကျွန်တော်က အဖေ၏ ဆောက်များ၊ တူများကို ခိုးထည့်လာကာ ကျွန်တော်တို့ ဖန်တီးပြုလုပ်သော ဝါးလှေကားဖြင့် ကျွန်တော့် ကျောက်တုံးကြီး၏ မျက်နှာပြင်ကို ပန်းပုထုဆစ်ဖို့ ကြိုးစားမိလေသည်။ လှေကားကို အောက်မှ ထိန်းကိုင်ပေးရသော အေးမောင်စိုးနှင့် ဝင်းဆွေက ကျွန်တော့်ကို စိတ်မရှည်ဘဲ လှေကားကို လှုပ်ရမ်းနေခဲ့၍သာ ကျွန်တော်၏လက်ရာများ တရွဲ့တစောင်း ဖြစ်ရသည်ဟု ကျွန်တော်ထင်၏။ တကယ်တော့ ကျွန်တော့်ပန်းပုမျက်နှာမှာသည့်ထက် ချောမွေ့နိုင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သည်လိုနှင့် ကျွန်တော်တို့သုံးယောက်သည် ကျောင်းလစ်လိုက်၊ ကျောင်းတက်လိုက်။ နွေရာသီ ကျောင်းပိတ်ရက်များမှာ ရောက်လာလိုက်၊ ခရစ္စမတ်စ် ကျောင်းပိတ်ရက်များမှာ ရောက်လာလိုက်နှင့် ဤကျောက်တုံးကြီးများနှင့် ရင်းနှီးကျွမ်းဝင် ခဲ့တော့သည်။

ဤကျောက်တုံးကြီးများသည် ကျွန်တော်တို့၏ သူငယ်ချင်းများသဖွယ် ဖြစ်လာခဲ့သည်။ သူတို့ကို မြစ်ပြင်မှ လှမ်းကြည့်လျှင် မမြင်ရပေ။ မြစ်ကမ်းပါးယံကြီးက သူတို့အား အုပ်မိုး၍ ကွယ်ထားသောကြောင့် ဖြစ်သည်။ ကျွန်တော်တို့ သုံးယောက်သည် မြစ်၏ သည်ဘက်ကမ်းမှ ဟိုဘက်ကမ်းသို့ လှမ်းကြည့်ရင်းသူတို့ကို မြင်ချင်လာကြ၏။ ထို့နောက် ကျွန်တော်တို့သည် မြစ်ကမ်းပါးယံထိပ်ကို နည်းနည်းခြင်း ဖြိုချဖို့ ကြိုးစားကြသည်။ သို့သော် မြေလွှာသည် ကျောက်လွှာလိုပင် အကြောခိုင်ခဲ့လှ၏။ ကျွန်တော်တို့ ကလေးသုံးယောက်၏ လုပ်အားသည် သိပ်မထိရောက်လှပါ။ ကမ်းပါးထိပ်ဘက်လည်း သိပ်မကပ်ရဲပါ။ ကျွန်တော်တို့ လိမ့်ကျသွားမှာ စိုးရိမ်ရသေးသည် မဟုတ်လား။

ကျွန်တော်တို့၏ အခက်အခဲကို လူကြီးများအား ဖွင့်ပြောပြလျှင် ကောင်းမလားဟု တိုင်ပင်မိကြသေး၏။ သို့သော် ကျွန်တော်တို့၏ သာယာချမ်းမြေ့လှသော နိဗ္ဗာန်ကလေး ပျောက်ဆုံးသွားမှာ စိုးရိမ်သောစိတ်ဖြင့် ကျွန်တော်တို့ မြိုသိပ်ခဲ့ကြသည်။ ကံအားလျော်စွာပင် မိုးသည်းထန်စွာ ရွာသွန်းသောကာလ၏ တစ်ရက်မှာတော့ ကျွန်တော်တို့ ဖြိုချရန်ကြိုးစားခဲ့သော ကမ်းပါးထိပ်သည် သူ့အလိုလို ပြိုကျသွားခဲ့သည်ကို ရက်များစွာကြာမှ ကျွန်တော်တို့ မြင်တွေ့သိရှိခဲ့ရသည်။ ကျွန်တော်တို့သည် မြစ်ပြင်ကို လှေနှင့်ဖြတ်ရင်း ကမ်းပါးပေါ်သို့ မော့ကြည့်ကြပြီး ကျောက်တုံးကြီးများကို မြင်နိုင်မမြင်နိုင်





အလောင်းအစားလုပ် ကြသေး၏။ သို့သော် ကျွန်တော်တို့ မျှော်လင့်သလောက်တော့ ထင်ထင်ရှားရှားကြီး မမြင်ရပါ။

ဆယ်တန်းစာမေးပွဲမတိုင်မီ နှစ်လ သုံးလ အလိုမှာတော့ ကျောက်တုံးကြီးတွေနှင့် ကျွန်တော်တို့ တော်တော်ဝေးသွားကြသည်။ စာကျက်ရင်း ပြောကြသည့် စကားများထဲမှာတော့ သူတို့အကြောင်း ပါဝင်နေသေး၏။ သို့သော် သူတို့ထံတော့ ကျွန်တော်တို့ မရောက်တော့ပါ။

အဲသည်လိုနှင့်ပင် စာမေးပွဲအပြီး တစ်ရက်မှာတော့ ကျွန်တော်တို့ မသွားရသေးမီမှာပင် မြစ်တစ်ဘက်ကမ်းရှိ ကျောက်တုံးကြီးများအကြောင်းသည် အရပ်ထဲတွင် ရေပန်းစားသော အကြောင်းအရာသစ်တစ်ခု ဖြစ်လာခဲ့သည်။ ကျောက်တုံးကြီးများကို စတင်တွေ့ရှိဖော်ထုတ်ခဲ့သူမှာ ဓာတ်ပုံဆရာတစ်ယောက်ဟု ပြောလိုပြော၊ ပန်းချီဆရာတစ်ယောက်ဟု ပြောလိုပြော၊ ကျွန်တော်တို့ သုံးယောက်ကတော့ လူကြီးတွေကို အသိမပေးရဲသဖြင့် မျက်နှာသေကလေးများနှင့် နားထောင်နေခဲ့သည်။ ဤကျောက်တုံးများ၏ အလှအပကို ပြည်သူတွေ သိသွားလည်း ကောင်းတာပါပဲ...ဟု ကျွန်တော်တို့ ကျေနပ်ခဲ့ကြပါသည်။ သို့သော် ပြဿနာက ဤမျှနှင့်မပြီးပါ။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဟူသော အုပ်စုကတစ်ဖက်၊ သမိုင်း အချက်အလက် စုဆောင်းရေးဟူသော အုပ်စုကတစ်ဖက်၊ ရှေးဟောင်း သုတေသန ထိန်းသိမ်းရေးဟူသော အုပ်စုကတစ်ဖက်၊ အုပ်စုတိုက်ပွဲများ ဖြစ်ပွားခဲ့ကြသည်။ ဤကျောက်တုံးကြီးများကို အကြောင်းပြု၍ တစ်ယောက်နှင့်တစ်ယောက် သရော်လှောင်ပြောင်ကြ၊ မုန်းတီးကြ၊ မခံချင်စိတ်ဖြင့် ရန်စောင်ကြဖြစ်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောက်တုံးကြီးများကို စိတ်ဝင်စားသော မြို့သူမြို့သားများသည် မြစ်ရေပြင်ကို လှေဖြင့် ဖြတ်သန်းလျက် တောင်ကမ်းပါးယံကို တက်ကာ သွားရောက်ကြည့်ရှုကြ၏။ ကျောက်တုံးကြီးများကို ထိကိုင်ကြည့်ကြ၏။ ဓါတ်ပုံရိုက်ကြ၏။ ပန်းချီဆွဲကြ၏။ ကျောက်တုံးကြီးများ အောက်ခြေတွင် နားနားနေနေ ပျော်ပွဲစားထွက်ကြ၏။ ဟိုစဉ်က အလွန်ငြိမ်သက် တိတ်ဆိတ်ခဲ့သော မြစ်ပြင်သည် ယခုအခါ လှေများဖြင့် ပြည့်နေတော့သည်။ ကျွန်တော်တို့ မြို့၏ အနီးအနားတစ်ဝိုက်က မြို့များမှ ဧည့်သည်များ လာရောက် ကြည့်ရှုဖို့ ကြိုးစားလာသောအခါ မှာတော့ ကျွန်တော်တို့မြို့၏ အုပ်ချုပ်သူ လူကြီးများ အကြံတစ်ခု ရလာခဲ့သည်။ ကျောက်တုံးကြီးများကို ပြတိုက်နေရာတစ်ခုအဖြစ် သတ်မှတ်ပြီး ဝင်ကြေးကောက်ခံဖို့ အကြံအစည်ပင်ဖြစ်သည်။

* * *

သူတို့သည် ကျောက်တုံးကြီးများဆီသို့ သွားရာ တောင် ကမ်းပါးယံကို ပြေပြစ်သော လှေကားထစ်များ ပြုလုပ်လိုက်ကြ၏။ ထိုကုန်းမြင့်လွင်ပြင်ကို ခြံစည်းရိုးကျောက်တိုင် ကလေးများဖြင့် တားဆီး ကာကွယ်လိုက်၏။ ဝင်ပေါက်ဂိတ် နှစ်ခုထားကာ အစောင့် နှစ်ယောက်စီ ချထားလိုက်၏။ မည်သူမဆို ဝင်ရောက်ကြည့်ရှုနိုင်သည်။ ဝင်ကြေးမှာ လူကြီးတစ်ဦးလျှင် ငါးကျပ်၊ ကလေးတစ်ဦးလျှင် သုံးကျပ်။ ကုန်းမြင့်အောက်ခြေတွင် လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်များ ဖွင့်လှစ်ကြသည်။ 'အမှတ်တရ' ပစ္စည်းအရောင်းဆိုင်များမှာတော့ ကျောက်တုံးကြီးများ၏ ပုံတူပန်းချီကားများ၊ ဓာတ်ပုံများပုံစံတူ ပန်းပု ကျောက်တုံး အစုအဝေးကလေးများဖြင့် ပြည့်လျက်ရှိသည်။





ဘူမိဗေဒပညာရှင်များ၏ အဆိုအရ ဤကျောက်တုံးများသည် သက်တမ်း နှစ်ပေါင်းငါးထောင်လောက်ရှိနေပြီဟု သိရသောအခါ ကျွန်တော်တို့ မြို့သူမြို့သားများ အံ့သြသွားကြသည်။ ပုံပြင်ကို နှစ်သက်သူများက ဤကျောက်တုံး၏ မျက်နှာပြင်မှာ ဒေါသရိပ်ဖြစ်နေရခြင်းကို ပုံပြင်ဆန်ဆန် ခြိမ်းခြောက်ကြ၏။ မြို့သူမြို့သားများ ပါးပါးသိလမြဲရန် နတ်ဒေဝတာများက သတိပေးလိုခြင်းဖြစ်သည်ဟု ပြောကြ၏။ ဤကျောက်တုံးကြီးများသည် ရောဂါဝေဒနာကို ပျောက်ကင်းစေသည်ဟု ပြောသူက ပြော၏။ ကျောက်တုံးကို ထိလျှင် အထိရာရနေသော နေရာမှာ အနာကျက်သည်၊ နာကျင်နေသောနေရာမှာ နာကျင်မှု ဝေဒနာပျောက်သည်ဟု ပြော၏။ ကျောက်ဖျာကြီးပေါ်မှာ ဓားတင်၍ ခုတ်နေကျဖြစ်ပြီး ဓားထိခံရဖူးသော ဝင်းဆွေကတော့ ကျွန်တော်တို့ကို မချိမချဉ်မျက်နှာနှင့် ကြည့်ကာခေါင်းယမ်းပြ၏။ ဝင်းဆွေ၏ ဓားရှသောဒဏ်ရာမှာ ခုနှစ်ရက်ကြာသည်အထိ မပျောက်ခဲ့သောကြောင့် ဆေးခန်းသွားပြခဲ့ရသည်ကို ကျွန်တော်တို့ မမေ့သေးပါ။

ယခုအချိန်အထိ ဤကျောက်တုံးကြီးများသည် မည်သည့်အခါက မည်သို့ အသုံးပြုခံခဲ့ရသည်ဟု ဘယ်သူမျှ တိတိကျကျမသိ။ ပိုင်ရှင် ပဒေသရာဇ်စနစ်က ဤကျောက်တုံးကြီးများကို မည်သူ ပိုင်ဆိုင်ခဲ့သည်ဟူသော မှတ်တမ်းများလည်း ယခုထိရှာမတွေ့။ ကျောက်တုံးများ၏ ရှေးဟောင်းသုတေသန ဆိုင်ရာတန်ဖိုး၊ သမိုင်းဆိုင်ရာတန်ဖိုး၊ ဘူမိဗေဒဆိုင်ရာတန်ဖိုးတို့ကိုလည်း မည်သူမျှ တိတိကျကျ ကောက်ချက်မချနိုင်။ ရှာဖွေကြိုးစားဆဲဟူသော အဖြေကိုသာ ကျွန်တော်တို့ ရကြသည်။ သို့သော် ကျောက်တုံးများ၏ စီးပွားရေးဆိုင်ရာတန်ဖိုးကိုတော့ ကျွန်တော်တို့ မြို့သူမြို့သားများ ရိပ်မိကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျောက်တုံးပြတိုက်လွင်ပြင်သို့ နေ့စဉ်လူပေါင်းရာနှင့်ချီ၍ သွားရောက် ကြည့်ရှုနေကြသည်ကိုတော့ ကျွန်တော်တို့အမြင်ပဲ ဖြစ်သည်။ အမှတ်တရ ဓာတ်ပုံ၊ ပုံတူပန်းချီ၊ ပန်းပုများစွာ လက်မလည်အောင် ရောင်းနေရတာလည်း ကျွန်တော်တို့ အမြင်ပဲဖြစ်သည်။ ပြည်သူနှင့် မြို့တစ်ခုလုံး အကျိုးစီးပွား ဖြစ်ထွန်းနေတာလည်း ကျွန်တော်တို့ အမြင်ပဲ ဖြစ်ပါသည်။

ကျွန်တော်တို့အတွက်တော့ ဤကိစ္စသည် ကြီးမားသော ဆုံးရှုံးမှု တစ်ရပ်ပင်ဖြစ်၏။ ကျွန်တော်တို့ ချစ်လှစွာသော နိဗ္ဗာန်နေရာကလေး ပျောက်ဆုံးသွားခဲ့ပြီ။

ကျွန်တော်တို့သည် ထိုအချိန်မှစ၍ ကျောက်တုံးကြီးများဆီသို့ မရောက်ဖြစ်ကြတော့ပေ။

[၁၉၉၄ခု၊ ဩဂုတ်လ၊ ရွှေပြေးမဂ္ဂဇင်း]

## တတိယမြောက် ညနေခင်း

သည်မတိုင်မီက ကျွန်တော့်မျက်လုံးများကို ကျွန်တော် အလွန်ဂုဏ်ယူကျေနပ်ခဲ့သည်။

ကျွန်တော့် မျက်လုံးများမှာ အနက်ရောင်ဖြစ်၏။ အလျားသင့်တင့်ရုံရှည်ပြီး မျက်လုံးအိမ်ကျယ်ဝန်းသော ကျွန်တော့် မျက်လုံးများသည် ရှုးရှုတောက်ပနေလေ့ရှိသည်။ မျက်လုံး၏ နက်မှောင်တောက်ပမှုကို ပို၍အင်အားကောင်းအောင် ဖြည့်ပေးသည်က မျက်တောင်များ ဖြစ်၏။ ကျွန်တော့် မျက်တောင်များက ခပ်စိပ်စိပ်နှင့် ရှည်လျား မည်းနက်သောကြောင့် ကျွန်တော့်မျက်လုံးများသည် ကျွန်တော့်ခန္ဓာကိုယ် တစ်ခုလုံးတွင် အလှဆုံးဖြစ်သည်ဟု မေမေက ပြောဖူးပါသည်။

ခက်နေသည်က ကျွန်တော့် မျက်လုံးတွေလှမှန်း ကျွန်တော်ကိုယ်တိုင်လည်း သိနေသည်။ ထိုမျက်လုံးများကြောင့်ပင် မိန်းမတွေအကြောင်း အခြားသူများထက် ပိုမိုစောစီးစွာ သိခွင့်ရခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုမျက်လုံးများကြောင့်ပင် အချစ်စစ်နှင့်ဝေးခဲ့ရသည်။ ထိုမျက်လုံးများကြောင့်ပင် ရုပ်ရှင်သရုပ်ဆောင်တစ်ဦးဖြစ်ဖို့ အိပ်မက်တွေ မက်ခဲ့မိသည်။ သို့သော် ထိုမျက်လုံးများကြောင့်ပင် ဖက်ရှင်ဒီဇိုင်း ကြော်ငြာသရုပ်ဆောင်တစ်ဦး ဖြစ်ခဲ့ရပါသည်။

ဘာပဲဖြစ်ဖြစ် ကျွန်တော့်လက်ရှိဘဝကို ကျွန်တော် ကျေနပ်ခဲ့ပါသည်။ ယခုတော့ ကျွန်တော်သည် မိုဒယ်လ်တစ်ယောက်ဖြစ်ဖို့ မွေးဖွားလာခဲ့သည်ဟုပင် ပြောရမလောက် အောင်မြင်ကျော်ကြားလျက်ရှိသည်။ မဂ္ဂဇင်းကြော်ငြာများ၊ ရုပ်မြင်သံကြားကြော်ငြာများ၊ ဆံပင်အလှပြုပြင်ရေးကြော်ငြာများနှင့် ဝတ်စုံဒီဇိုင်းကြော်ငြာများတွင် ကျွန်တော်သည် အားလပ်ချိန်မရှိ သလောက်ပင် အလုပ်ရှုပ်နေခဲ့ရ၏။ သတင်းသမားများနှင့် ဓာတ်ပုံဆရာများအကြားတွင် သရုပ်ဆောင်ဟန်ပြရသည်မှာ ကျွန်တော့်အတွက် အလွန်စိတ်ဝင်စားစရာကောင်းခဲ့၏။ တကယ်တော့ ကျွန်တော်၏ အောင်မြင်မှုကို ကျွန်တော့်မျက်လုံးများက ပေးခဲ့သည် မှန်သော်လည်း ငယ်စဉ်ကတည်းက အဝတ်အစား သေသေသပ်သပ် ကြွကြွရွရွဆင်ယင်ပေးပြီး ကိုယ်ခန္ဓာဟန်ပန်ကို ထိန်းသိမ်းစောင့်ရှောက်ပေးခဲ့သော မေမေ၏ စေတနာလည်း ပါဝင်ကြောင်း ဝန်ခံရပါမည်။

ကျွန်တော်အသက် ဆယ်နှစ်သားအရွယ်ကစ၍ ကျွန်တော် လမ်းလျှောက်ဟန်ကို မေမေ သတိထားမိခဲ့သည်။ ကျွန်တော့်ကိုယ် ကျွန်တော် ဂရုတစိုက်ထိန်းသိမ်းဖို့ မေမေက ကူညီအားပေးခဲ့သည်။

"သား အခုလို အောင်မြင်လာမယ်ဆိုတာ လွန်ခဲ့တဲ့ ဆယ့်သုံးနှစ်လောက်ကတည်းက မေမေ သိခဲ့သားဘဲ" ဟု မေမေက ပြုံးရယ်၍ မှတ်ချက်ချလေ့ရှိသည်။





ကိုယ်ကာယ တည်ဆောက်မှု ထိန်းသိမ်းမှု အနေအထား အရ အခြားကိုယ်ဟန်ပြသူ မိုဒယ်လ်များနှင့် ကျွန်တော် သိပ်မကွာခြားလှပါ။ ကျွန်တော့် ကိုယ်ခန္ဓာ ပြေပြစ်သလောက် သူတို့လည်း ပြေပြစ်ကြသည်ဟု ကျွန်တော် ထင်၏။ ကျွန်တော့် အရပ် အမောင်းလောက်ပင် သူတို့မြင့်မားကြ၏။ ကျွန်တော် နုနယ်ပျိုမျစ် သလောက် သူတို့လည်း နုနယ်ကြပါသည်။ ကျွန်တော်က သူတို့ထက်ပို၍ ထူးခြားစွာ ကျော်တက်၍ စံချိန်ချိုးနိုင်ခဲ့သည်မှာ တောက်ပစူးရှသော မျက်ဝန်းများကြောင့် ဖြစ်သည်။

ကျွန်တော့် မျက်ဝန်းများအောက်တွင် ကျွန်တော့် ဝတ်စုံများသည် သာမန်ထက်ပင် ထူးခြားစွာ အချိုးကျ ပြေပြစ်နေတတ်၏။ မည်သည့်အရောင်ကိုပဲ ကျွန်တော် ဝတ်ဆင်သည်ဖြစ်စေ ကျွန်တော့်မျက်လုံးများနှင့် လိုက်ဖက်စွာ ကြည့်ကောင်းသွားတတ်သည်။ ကျွန်တော့် မျက်ဝန်းများဖြင့် စိုက်ကြည့်လျှင် ကျွန်တော်ဝတ်ထားသော ဝတ်စုံသည် မျက်ဝန်းများ၏ တောက်ပမှုကြောင့် ကြွရွကာ အားကျချင်စရာ ဖြစ်လာခဲ့သည်။ ထိုအချက်ကို ဓာတ်ပုံဆရာများ ဗီဒီယိုကင်မရာသမားများအားလုံး သိကြ၏။ ထို့ကြောင့်လည်း ကျွန်တော့်မျက်လုံးများကို ဂရုတစိုက် ဦးစားပေး ရိုက်ကူးလေ့ရှိကြပါသည်။

ကျွန်တော် ဓာတ်ပုံရိုက်ခံသည့်အခါတိုင်း ဝတ်စုံနှင့် မည်မျှပင် လိုက်ဖက်နေပါစေ နေကာမျက်မှန်ကို ကျွန်တော် ဘယ်တော့မျှ မတပ်ဆင်ခဲ့ပါ။ လက်ကကိုင်သည့်အခါ ကိုင်ထားလိုက်သည်။ နဖူးအထက်တွင် တင်ထားသည့်အခါ တင်ထားလိုက်သည်။ သို့မဟုတ် ဘောင်းဘီမှာ ချိတ်သည့်အခါ ချိတ်လိုက်သည်။ မျက်မှန်ကြော်ငြာသည့်အခါမျိုးက လွဲလို့ပေါ့လေ။ ကျွန်တော့်မျက်လုံးများကို မည်ကဲ့သို့သော မှန်အရောင် အမျိုးအစားကမျှ ဖုံးကွယ်မထားစေလိုသည်က



www.burmeseclassic.com

www.burmeseclassic.com



အမှန်ပဲ ဖြစ်ပါသည်။ သည်မျှပင် ကျွန်တော့်မျက်လုံးများအပေါ်တွင် ကျွန်တော် ဂုဏ်ယူကျေနပ်ခဲ့သည်။

ထိုအမျိုးသမီးနှင့် ထူးဆန်းစွာ မတွေ့ရမီ ကာလအထိ ဖြစ်ပါသည်။

***

တနင်္ဂနွေ ညနေခင်းများသည် ကျွန်တော် လုံးဝ အလုပ် လက်မခံသော အချိန်များဖြစ်သည်။ တနင်္ဂနွေ ညနေများတွင် ကျွန်တော်သည် စက်ဘီး(ပြိုင်ဘီး)တစ်စီးဖြင့် တစ်မြို့လုံးအနှံ့ လျှောက်သွားလေ့ရှိသည်။ ကျွန်တော့်အသားကို လေတိုးသည့် အရသာကို ကျွန်တော် သဘောကျသည့်ပြင် ကျွန်တော့်ခြေထောက်များ သန်မာစေရန်အတွက် ကျွန်တော် စက်ဘီးစီးပါသည်။ စက်ဘီးစီးခြင်းသည် ကျွန်တော့်အတွက် တစ်ပတ်စာ အလုပ်လုပ်ရန် ခွန်အား အပြည့်ပေးနိုင်သော ကျန်းမာရေး လေ့ကျင့်နည်းတစ်ခုပင် ဖြစ်သည်။

နဖူးပေါ်မှ ဆံပင်များက သာမန်ထက် ပျော့ပျောင်းပြီး သာမန်ထက် ရှည်လျားစွာ ဖြောင့်စင်းကျနေတတ်သောကြောင့် ကျွန်တော် စက်ဘီးအမြန်နင်းသည့်အခါတိုင်း နဖူးအထက် ဆံပင်ကို နောက်ပြန်လှန်ပြီး သားရေမျှော့ကြိုးပြားကလေးတစ်ခုဖြင့် စည်းနှောင်ထားရလေ့ရှိသည်။

ထိုနေ့ကလည်း ထုံးစံအတိုင်း နဖူးမှာ သားရေပြားကလေး စည်းနှောင်ပြီး စက်ဘီးနင်းလာနေခဲ့သည်။ သမ္မတရုပ်ရှင်ရုံအနီး၌ ဘူတာရုံဖက်သို့ အကွေ့တွင် ကျွန်တော့်ဘေးမှ ကားနီကလေးတစ်စီး ဖြတ်ကပ်ကာ ဖြတ်ကျော်သွားသည်ကို သတိထားမိလိုက်သောကြောင့် ကျွန်တော် ပလက်ဖောင်းဘက် ကပ်ပေးလိုက်၏။ သို့သော်ကားသည် ခပ်လှမ်းလှမ်းသို့ ရောက်သွားပြီးမှ တုန့်ကနဲရပ်ကာ ကျွန်တော့်





စက်ဘီး ရှေ့တည့်တည့် ရပ်မိသည်အထိ နောက်ဆုတ်မောင်းလာသည်။ ကျွန်တော် သတိထားမိသည့် အချိန်တွင် ကျွန်တော့် စက်ဘီး ရှေ့ဘီးက သူ့ကားနောက်မြီးနှင့် ထိနေပြီ။

ကျွန်တော်သည် ရုတ်တရက် ဒေါသထောင်းကနဲ ထွက်သွားပြီး ပလက်ဖောင်းကို ခြေဖြင့်ထောက်ကာ ရပ်ပစ်လိုက်ရသည်။ ကျွန်တော် ကားမောင်းသူကို လှမ်းဆဲဖို့ စကားတစ်ခွန်းက ပါးစပ်ဖျားသို့ ရောက်လာချိန်တွင်ပင် ကားမောင်းသူက တံခါးဖွင့်၍ ဆင်းလာသည်။ အမျိုးသမီးတစ်ယောက်ဖြစ်သည်။

ကျွန်တော် အမျိုးသမီးများကို ဦးစားပေးသည့် ယောကျ်ားတစ်ယောက်ဖြစ်ဖို့ အမြဲကြိုးစားခဲ့သော်လည်း သည်တစ်ကြိမ်တွင် ကျွန်တော် အနည်းငယ်မျှပင် သည်းမခံနိုင်ပါ။

"ခင်ဗျား မိန်းမဖြစ်နေတာ သိပ်ကံကောင်းသွားတယ်"

ကျွန်တော် ခက်ထန်ပြတ်တောက်စွာ ငေါက်ငမ်းလိုက်သော စကားကြောင့် သူမ ဘာမျှအမှုအရာ ပျက်မသွားပါ။ သူမ ကျွန်တော့်ထံ ပြုံးလျက် လမ်းလျှောက်လာနေသည်။ ကျွန်တော် သူမ၏ အပြုံးကြောင့် ဇဝေဇဝါဖြစ်သွားပြီး ဤအမျိုးသမီးကို ကျွန်တော် သိကျွမ်းဖူးသလားဟု ကပျာကယာ စဉ်းစားလိုက်၏။ သူမ၏ မျက်နှာ ကို ကျွန်တော် လုံးဝမမြင်ဘူးပါ။ ထိုမျက်နှာနှင့် ခပ်ဆင်ဆင်တူသော မျက်နှာကိုပင် ကျွန်တော် မမြင်ဘူးပါ။

အမျိုးသမီး၏ မျက်နှာမှာ သွယ်သည်ဆိုရုံထက်မကဘဲ ရှည်လျားသည်ဟု ပြောနိုင်သည်။ နဖူးက တော်တော်ကျယ်၏။ ရှည်လျားသေးသွယ်သော နှာတံထိပ်ဖျားတွင် မည်းနက်သော မျက်ခုံးနှစ်ခုမှာ တစ်ခုနှင့်တစ်ခု ဆက်စပ်လုနီးပါးဖြစ်သည်။ မျက်လုံးများက အညိုရောင်လဲ့လဲ့။ အလျင်တုန်းက မိန်းမတစ်ယောက်တွင် အညို



www.burmeseclassic.com

www.burmeseclassic.com



ရောင် မျက်လုံးများရှိနေခြင်းကို လုံးဝမနှစ်မြို့ခဲ့သော ကျွန်တော်သည် ထိုမိန်းမ၏ အညိုရောင် မျက်လုံးများကို နှစ်သက်သွားမိ၏။

ချာတိတ် အလုပ်လုပ်နေပြီလား”

သူမက ကျွန်တော့်ရှေ့မှာ ကပ်ပြီးရပ်လျက် မေးလိုက်သောအခါ ကျွန်တော် ထိုမျက်နှာကို နားမလည်စွာ ငေးစိုက်ရင်း ကျွန်တော့် ဒေါသတွေ ပျောက်ကွယ်ကုန်သည်။ အသက်က မေမေ့ထက် လေးငါးနှစ်တော့ ငယ်မှာပဲ။ မေမေ့သူငယ်ချင်း တစ်ယောက်ယောက် များလား၊ မဖြစ်နိုင်ပါ။ မေမေ့သူငယ်ချင်းများကို ကျွန်တော် သိသည်။

“ ကျွန်တော့်ကို သိသလား”

အန်တီဟုခေါ်ရမှာ အားနာရလောက်အောင် သူမ၏ နှုတ်ခမ်းနှင့် မျက်ဝန်းများ နုပျိုနေခဲ့သည်။ သိသားပဲဟူသော အဖြေမျိုးကို ကျွန်တော် မျှော်လင့်ထားသည်။ မေမေ့သူငယ်ချင်း မဟုတ်သည့်တိုင် ကျွန်တော့်ကို ရုပ်မြင်သံကြားမှာ၊ မဂ္ဂဇင်းမှာ သူမ မြင်တွေ့ နိုင်သည်မဟုတ်လား။ သို့သော် အမျိုးသမီးက မရယ်မပြုံးခေါင်းယမ်းပြ၏။ မသိပါဘူး ဒါပေမယ့် ကိုယ် မင်းကို အကူအညီတစ်ခု တောင်းချင်လို့ကွ

သူမ၏ကားလည်း ပျက်မနေပါ။ ကျွန်တော့် ဟန်အမူအရာကလည်း အမျိုးသမီး တစ်ယောက်ယောက်ကို အလွန်ကူညီချင်နေသော နှိမ့်ချရိုကျိုးသည့် အမူအရာမျိုး တစ်စက်မျှ မရှိနိုင်ပါ။

ဆိုပါတော့ မင်းကို ကိုယ်အလုပ်တစ်ခုပေးချင်လို့ စိတ်ဝင်စားစရာကောင်းမယ့် အလုပ်မျိုးပါ

ကျွန်တော်သည် အယုတ္တအနတ္တ စကားလုံးများကို စိတ်ထဲကသာ သရော်တော်တော် ရေရွတ်လိုက်မိပြီး အမျိုးသမီး၏





အိန္ဒြေရရ တည်ကြည်သော မျက်နှာထားကြောင့် စကားလုံးများကို မျိုချ ပစ်လိုက်ရသည်။

“တစ်ယောက်ယောက်က မင်းရဲ့ ကိုယ်ဟန် အနေအထားကို ပန်းချီပုံဆွဲချင်တယ်ဆိုရင် မင်းလက်ခံနိုင်မလား၊ မင်းကုန်ဆုံးရမယ့် အချိန်တွေအတွက် မနစ်နာစေရပါဘူး

ကျွန်တော် စိတ်မှတ်မဲ့ လေချွန်လိုက်မိ၏။ ကျွန်တော့် လေချွန်သံကြောင့် သူမမျက်နှာ နည်းနည်း တင်းသွားသည်ဟု ကျွန်တော် ထင်သည်။ သို့သော် ကျွန်တော် ဂရုမစိုက်ပါ။ ဤအမျိုးသမီးသည် ကျွန်တော့်ကို တကယ်မသိဘူးဟု သေချာသွား၏။ ကျွန်တော်၏ မိုဒယ်လ်ကြေး ဘယ်လောက်ရှိသလဲဟု သူမ သိလျှင် ထိုစကားမျိုး ပြောမည်မထင်။

ကျွန်တော့် အချိန်တွေက သိပ်တော့မပေါဘူးနော် အန်တီ”

မထိတထိပြောတော့ သူမက မရယ်မပြုံး ခေါင်းညိတ်၏။

ကိစ္စမရှိပါဘူး အချိန်ဆိုတာ ဈေးကြီးမှန်း ကိုယ်သိပါတယ်။ မင်း ကူညီနိုင်ဖို့ပဲ ကိုယ်မျှော်လင့်တယ်

တကယ်တမ်း ငွေစကားပြောရမည်ဆိုတော့ ကျွန်တော် အနည်းငယ် တွန့်ဆုတ်သွားသည်။ ဤကိစ္စမှာ ကျွန်တော် တစ်ခါမှ မကြုံဘူးသေးသော ကိစ္စဖြစ်သည်။ ပန်းချီဟူသော စကားက ကျွန်တော်နှင့် သိပ်မရင်းနှီးပါ။ ပန်းချီ ကိုယ်ဟန်ပြသူများမှာ အများအားဖြင့် မိန်းကလေးများဟု ကျွန်တော် ထင်ခဲ့သည်။ ဤအမျိုးသမီးကို ကျွန်တော် ဘယ်လောက်ထိ ယုံကြည်ရမည်နည်း။ အမျိုးသမီး ကျွန်တော့်ထံမှ ဘာကို လိုချင်သနည်း။ ကျွန်တော် သူမကို စိုက်ကြည့်လိုက်မိသည်။ ကျွန်တော့်မျက်လုံးဒဏ်ကို မိန်းမ တော်တော်များများ တင်းမခံနိုင်ပါ။ ယခုလည်း သူမ မျက်နှာလွှဲသွား၏။ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်သွားသည်။ ဘာပဲဖြစ်ဖြစ် ကျွန်တော် ဤကိစ္စကို စိတ်ဝင်စားနေမိပြီ။ ယခုကိစ္စမှာ မိန်းမနှင့်ယောကျ်ား သာမန်တွေ့ဆုံသည့် ပုံစံမျိုးမဟုတ်ဘဲ လျှို့ဝှက်မှုများ ကာကွယ်မှုများ ပါဝင်နေသည်ဟုထင်သည်။ စွန့်စားရမည်ဟူသော အသိဖြင့် ကျွန်တော် အနည်းငယ် ရင်ခုန်သွားသည်။ ကျွန်တော် ခေါင်းတစ်ချက် ဆတ်လိုက်မိ၏။

"ကျွန်တော် စိတ်ဝင်စားပါတယ်"

အမျိုးသမီးသည် ကျွန်တော့်ကို ပြန်ကြည့်သည်။ သူမအကြည့်က မိမိဝယ်ယူမည့် ပစ္စည်းကောင်းမကောင်း အပြစ်အနာအဆာ ရှိမရှိ အကဲခတ်သည့် အကြည့်မျိုး ဖြစ်သည်။ ကျွန်တော့်လည်ကုပ်ဆီမှ စိမ့်ကနဲအေးသွား၏။

' ဒီတော့ မင်းအချိန်တွေ ဘယ်လောက်တန်ဖိုးကြီးသလဲ ဆိုတာ ဆွေးနွေးရအောင်"

အဲဒီကိစ္စက ဘယ်လောက်ကြာမှာလဲ အန်တီ"

ကျွန်တော် တမင်ခေါ်လိုက်သော အန်တီဟူသည့် အသုံးအနှုန်းသည် သူမအား လုံးဝအနေအထား မပြောင်းလဲစေပါ။

"တစ်နေ့တစ်နေ့ ရမယ့်အချိန်ပေါ်မှာ မူတည်တာပေါ့ နှစ်ရက်နဲ့ ပြီးချင်ပြီးမယ်၊ ဆယ်ရက်လောက် ကြာချင် ကြာသွားမယ်၊ တစ်ရက်ကို မင်း ဘယ်နှစ်နာရီ အချိန်ပေးနိုင်သလဲ"

ကျွန်တော်ပခုံး အသာတွန့်လိုက်မိ၏။ တကယ့် အတည်ပေါက် ပုံစံကြီးပါလား။ တကယ်ဟုတ်မဟုတ်တော့ အလုပ်ချိန်ရောက်မှပဲ သိရတော့မည်။

ညနေ ငါးနာရီ နောက်ပိုင်းဆိုရင်တော့ အန်တီ့ကို ကျွန်တော် ညနေတိုင်း အချိန်ပေးနိုင်မယ်"





ဘောင်းဘီအိတ်တွေထဲ လက်နှစ်ဖက် ထိုးထည့်၍ ကျွန်တော် ခပ်တည်တည် ပြောလိုက်သည်။ သူမမျက်နှာထား အည်ကြည်စွာ ခေါင်းယမ်း၏။

"မဖြစ်နိုင်ဘူး ညနေငါးနာရီမှာ နေရောင်က သိပ်မကောင်းဘော့ဘူး ကိုယ်က မနက်ခင်း နေရောင်ဖြစ်ဖြစ် ညနေဆိုရင်နဲ့နဲ့ဘောက်ပတဲ့ နေရောင်ဖြစ်ဖြစ် လိုချင်တာ

နေရောင်ကို ဘာလုပ်ရမှာလဲ ဟု ကျွန်တော့် စိတ်ထဲက မေးယ်မော ရေရွတ်မိသည်။

ညနေလေးနာရီအရောက် လာနိုင်မလား "

ကျွန်တော့်အလုပ်ချိန်ထဲက တစ်နာရီဖဲ့ပေးရမည်။ တကယ်တော့ လောလောဆယ် ကျွန်တော်ပြောသလောက် အလုပ်ချိန်တွေ ကြပ်မနေခဲ့ပါ။

" ရမှာပါ..."

"တစ်နာရီကို ဘယ်လောက်တန်ဖိုးဖြတ်မလဲ..."

သူမ အမေးက ထူးဆန်းနေသောကြောင့် ကျွန်တော် မပြုံးမိအောင် သတိထား ထိန်းချုပ်လိုက်ရသည်။

"သိပ်တော့လဲ မများပါဘူး အန်တီ၊ တစ်နာရီကို မြန်မာငွေတစ်ထောင်ထဲပါ"

သရော်သည့် ဟန်မျိုးမပါအောင် သတိထား၍ ဖြေလိုက်သောအခါ အမျိုးသမီးက ခေါင်းတစ်ချက်ညိတ်၏။

"အိုကေ ရစေရမယ်၊ ဗုဒ္ဓဟူးနေ့ ညနေ ၄နာရီ ကစပြီး အလုပ်ဆင်းပါ။ တစ်ရက်ကို နှစ်နာရီအချိန်ပေးပါ"

သူမ၏ လိပ်စာကတ်ပြားကလေးကို လက်ခံလိုက်ရသော အချိန်မှာတော့ ကျွန်တော် တောင်းလိုက်သည့်ကြေးမှာ နည်းသွားပြီ



www.burmeseclassic.com

www.burmeseclassic.com



လား..ဟု သံသယဝင်မိ၏။ ဆယ်မိုင်ကုန်းအထိ နေ့စဉ် သွားရမည့် ခါတ်ဆီဖိုးကို ကျွန်တော် နစ်နာသွားပြီလား။

ဘာပြဿနာရှိသလဲ ချာတိတ်၊ ကားနဲ့လာခေါ် ပေးရ မလား"

အမျိုးသမီး၏ တည်ကြည်စွာ လိုက်လျောသော အမေး ကြောင့် ကျွန်တော် ချက်ချင်း ခေါင်းခါယမ်းပစ်လိုက်၏။ သည် လောက်တော့ ကျွန်တော် အနစ်နာခံလိုက်ပါမည်။ သဘောတူညီမှု ရပြီး ကိုယ့်လမ်းကိုယ် ဆက်သွားကြတော့မည့်အချိန်ကျမှ ကျွန်တော့် အလုပ်အတွက် အရေးကြီးသော မေးခွန်းတစ်ခုကို မေးမိသည်။

ဒါနဲ့ အဲဒီနေ့ကျတော့ ကျွန်တော် ဘယ်လို အဝတ်အစားမျိုး ဝတ်လာခဲ့ရမလဲ"

အမျိုးသမီးက ကျွန်တော့်စက်ဘီးလက်ကိုင်ကို လက်ဖြင့် ခပ်ဖွဖွတင်လျက် ကျွန်တော့်မျက်လုံးထဲ စိုက်ကြည့်၏။

"အို.အရေးမကြီးပါဘူး ဘာပဲ ဝတ်လာဝတ်လာပေါ့၊ ပြဿနာမရှိပါဘူး"

ကျွန်တော် သူမစကားကြောင့် စိတ်မတင်မကျကြီးဖြစ် သွားသည်။ ဘယ်လိုပါလိမ့်၊ ကျွန်တော့်အထင် မှန်နေပြီလား။ ကျွန်တော် သူမ၏ ညိုလွင်သောမျက်ဝန်းများကို ငေးစိုက်ကာ အဖြေ ရှာကြည့်လိုက်၏။

ဘာဖြစ်လို့လဲဆိုတော့ မင်းကိုယ်ခန္ဓာ အပေါ်ပိုင်းကို အဝတ်မပါဘဲ ပန်းချီဆွဲချင်လို့ပဲ..."

သည်တစ်ခါ မျက်လွှာချရသူက ကျွန်တော်ဖြစ်သည်။ ကျွန်တော့်ကျောထဲက စိမ့်အေးသွားပါသည်။

* * *

ပထမနေ့ညနေခင်းသည် ကျွန်တော့်အတွက် ပြောပ လောက်အောင် ထူးခြားမှု မပေးခဲ့ပါ။ အံ့ဩစရာ သုံးမျိုးပေးခဲ့သည်ပဲ ပြောစရာရှိသည်။

ကျွန်တော် ခြံရှေ့သို့ ရောက်သွားသောအချိန်သည် ညနေ လေးနာရီထိုးရန် ဆယ့်ငါးမိနစ်ပင်လိုသေး၏။ တံခါး ခေါင်းလောင်း တီးလိုက်သောအခါ အသက်ဆယ့်သုံးနှစ်အရွယ် ကလေးမကလေး တစ်ဦး တံခါးလာဖွင့်သည်။ သွယ်လျသောမျက်နှာလေးနှင့် ညိုလွင် သော မျက်လုံးတောက်တောက်ကလေးများကို မြင်လိုက်ကတည်းက အမျိုးသမီး၏သမီး ဖြစ်ရမည်ဟု ကျွန်တော် ကောက်ချက်ချလိုက် သည်။ ယခုလို သူမ၏ သမီးတစ်ယောက်က တံခါးလာဖွင့်ပေးလိမ့် မည်ဟု ကျွန်တော် လုံးဝထင်မထားခဲ့မိကြောင်း ဝန်ခံရပါမည်။

အုတ်တံတိုင်းအတွင်း ဝင်လျှင်ဝင်ချင်း ကျွန်တော့်ကို ဖမ်းစားလိုက်သောမြင်ကွင်းမှာ ခြံဝန်းထဲက ပန်းပုရုပ်တုများဖြစ် ၏။ ဤမျှ ကျယ်ဝန်းသော ခြံဝန်းထဲတွင် ဤမျှ ထူးဆန်းသော မြင်ကွင်း မြင်ရလိမ့်မည်ဟု လုံးဝမျှော်လင့်မထားခဲ့မိပါ။ သစ်ပင် အမျိုးမျိုးသည် အရွယ်အစားစုံလင်စွာ ပေါက်ရောက်နေပြီး ထိုသစ်ပင် များ၏ ဝန်းကျင်တွင် ကျောက်ဆစ်ရုပ်တုများ၊ ကြေးသွန်းရုပ်တုများ၊ သစ်သားရုပ်တုများ ပြန့်ကျဲစွာ တည်ရှိသည်။ ကျွန်တော်သည် အနောက်ဖက်တွင် ဝေးကွာစွာ တည်ရှိသော တိုက်အိမ်ဆီသို့ ပန်းခြံကိုဖြတ်၍ လျှောက်လာခိုက် လူသွားလမ်းဘေးရှိ ပန်းပုရုပ် များကို တစ်ခုချင်း နီးကပ်စွာ ကြည့်မိသည်။ ရေထဲမှ လောလော ဆယ် ခုန်ထွက်လာဟန်ရှိသော ငါးကြီးတစ်ကောင်၏ ရုပ်ထုသည် ရေပန်းဖွားများ အောက်တွင် အသက်ဝင် လှုပ်ရှားလျက်ရှိသည်။ အစာကိုင်၍ ထိုးယူနေဟန်ရှိသော ဗျိုင်းငှက်တစ်ကောင်၏ ရုပ်တု သည် သွယ်ပျောင်းရှည်လျားသော လည်ပင်းကြောင့် နွဲ့နှောင်း



www.burmeseclassic.com

www.burmeseclassic.com



လျက်ရှိသည်။ ဆွတ်ဆွတ်ဖြူသော ကျောက်သားတွင် စိမ်းပြာရောင် အကြောမျှင်အရစ်များ ထလျက် ရုပ်တုသည် ကြွရွနေ၏။ ပြောစရာ ရှိသည်မှာ ကျွန်တော် မြင်ဖူးသော ဗိုင်းများထက် နှုတ်သီး ပိုရှည်နေခြင်းပင်ဖြစ်သည်။ တစ်ခုသော သရက်ပင်ပျိုတစ်ပင်၏ အောက်တွင် အသက် ၆၀ အရွယ် ယောက်ျားကြီးတစ်ဦး၏ ကိုယ်အထက်ပိုင်း ပုံတူရုပ်တု ရှိသည်။ ကျွန်တော်လက်ဖြင့် ထိကိုင်ကြည့်သော အခါ မျက်နှာပေါ်က အရေးအကြောင်းများသည် ပြေပြစ်မှုမှ ကင်းဝေးလျက် အနည်းငယ် ကြမ်းတမ်းနေသည်ကို သတိထားမိသည်။ ဥပမာ နှာခေါင်းထိပ်၌ နှာသီးဖျားသည် ဖုထစ်နေခြင်း၊ ပါးပြင်အောက်က အရေး အကြောင်း သုံးလေးခုက အထစ်အထစ်လိုက် မညီမညာဖြစ်နေခြင်း၊ နားထင်သွေးကြောများ တစ်ဖက်နှင့် တစ်ဖက် အတုတ်လုံးပတ် သိပ်မညီခြင်း။ သို့သော် ခဏအတွင်း ကျွန်တော် ဤကိစ္စကို ခေါင်းထဲမှ ဖယ်ထုတ်လိုက်၏။ ပန်းချီပန်းပု ဆိုသည်မှာ ကျွန်တော် နားလည်နိုင်သောပညာ မဟုတ်၊ ထို့ပြင် ကျွန်တော် စိတ်ဝင်စားခဲ့သော ပညာမျိုးလည်း မဟုတ်။ အိမ်အဝင် အနီးရှိ သံချောင်းကွေးများဖြင့် ပြုလုပ်ထားသော အရာတစ်ခုကိုတော့ ကျွန်တော် ပန်းပုဟုခေါ်ဖို့ ခက်ခဲနေသည်။ ဤအရာသည် ပန်းပု ဖြစ်လျှင် ဤပန်းပုကို ပြုလုပ်သူမှာ ပန်းပဲသမား တစ်ယောက်ပင် ဖြစ်ရမည်။ ကော့ညွတ်နေသော အနီရောင် သံချောင်းသည် ကောင်းကင်ဆီသို့ အရှိန်ဖြင့် ပျံသန်းတော့မည့် ငှက်တစ်ကောင်နှင့် ဆင်ဆင်တူသည်။

ကျွန်တော်ပန်းပုမှ မျက်နှာလွှဲလိုက်သောအခါ အဖြူရောင် တိုက်အိမ်၏ ရှေ့မျက်နှာစာ မှန်ချပ်ကြီးများတစ်ဖက်၌ ကြမ်းပြင်ပေါ်မှာ ထိုင်လျက် တစ်စုံတစ်ခု စိတ်ပါဝင်စားစွာ ပြုလုပ်နေသော





ထိုအမျိုးသမီးကို လှမ်းမြင်ရသည်။ အိမ်သည် နှစ်ထပ်အိမ်ဖြစ်ပြီး အပေါ်ထပ်မျက်နှာစာသည်လည်း အောက်ထပ်လိုပင် မှန်အပြည့်ကာထား၏။ အပေါ်ထပ်မှန်နံရံ၏ နောက်တွင်တော့ ခန်းဆီးအညိုနုရောင်ပါးပါး အပြည့်ဆွဲထားသည်။ ပါးသော်လည်း အတွင်းသို့ ထွင်းဖောက် မမြင်ရပါ။

အိမ်ထဲ ဝင်လိုက်သောအခါကျမှ အမျိုးသမီးသည် အဖြူရောင် ပုံဆွဲစက္ကူကြီးတစ်ချပ်ကို ဘုတ်ပြားပေါ်၌ အပြားကြီးကြီး တိပ်စဖြင့် တင်းတင်းကျပ်ကျပ် ကပ်နေသည်ကိုတွေ့ရသည်။

“အဆင်ပြေတဲ့ တစ်နေရာရာမှာ ထိုင်ကွာ”ဟု မော့မကြည့်ဘဲပြောသည်။

သို့သော် ကျွန်တော် မထိုင်ပါ။ အခန်းကျယ်ကြီးသည် ကျွန်တော့်အတွက် စိတ်ဝင်စားစရာ ကောင်းနေသောကြောင့်ဖြစ်သည်။ ဖြူဖွေးသောနံရံများပေါ်တွင် ပန်းချီကားများကို ခပ်ကျဲကျဲ အဆင်ပြေအောင် ချိတ်ထားသည်။ အခန်းထောင့်တွင် ထုလက်စ ပန်းပုရုပ်လုံး တစ်ခုရှိသည်။ သို့သော် ကိရိယာတန်ဆာပလာတော့ မတွေ့ရ။ သစ်သားရုပ်ဖြစ်သည်။ ကျွန်တော့် ခါးလောက်မြင့်မည်။ ကျွန်တော် ထိုရုပ်တု တစ်ပိုင်းတစ်စဆီ ချဉ်းကပ် ကြည့်မိသည်။ ရေအိုးတစ်လုံး ဖြစ်လာမလား၊ တိရစ္ဆာန် တစ်ကောင်ဖြစ်လာမလား ကျွန်တော်မသိ။

ကျွန်တော်တို့သည် တကယ်ပင် ပန်းချီဆွဲခြင်းအလုပ်ဖြင့် ညနေခင်းကို ကုန်ဆုံးစေရမည်ဖြစ်ပါသည်။

ကျွန်တော့် အင်္ကျီကို ချွတ်လိုက်ရသည့်အချိန်၌ ကျွန်တော့် မျက်နှာမှာ ပူနွေးလျက်ရှိသည်။ ကျွန်တော်သည် သူစိမ်းမိန်းမတစ်ဦး ရှေ့တွင် အချစ်နှင့်မပတ်သက်ဘဲ တစ်ကြိမ်မျှ အဝတ်အစား မချွတ်ခဲ့ဘူးပါ။ ကျွန်တော့် အသားအရေကို သည်မိန်းမလောက်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဘယ်မိန်းမမျှ စူးစမ်းလေ့လာ အကဲခတ် နေခဲ့ခြင်းမရှိပါ။ သူမ နေစေချင်သည့် ကိုယ်ဟန်အတိုင်း နေပေးဖို့ ကျွန်တော် အောင့်သက် သက် ဖြစ်သွားသည့် အချိန်မှစ၍ ကျွန်တော့် ရှက်ရွံ့ပူထူမှုများ ကွယ်ပျောက် သွားခဲ့သည်။

သူမက ကျွန်တော့်ကို သူမအား ကျောပေးသည့် ခပ်စောင်း စောင်း အနေအထား နေစေချင်သည်။ သူမရေးဆွဲမည့် ပန်းချီပုံတွင် ကျွန်တော့် မျက်လုံးများ၏ ဆွဲဆောင်နိုင်စွမ်းကို အသုံးချခွင့်မရသည့် အတွက် ကျွန်တော် မကျေနပ်ပါ။

"ကျွန်တော့် နောက်ကျောပိုင်းက ကျွန်တော့် မျက်နှာ လောက် အဆင်ပြေမယ်မထင်ဘူး"

ကျွန်တော် စောဒကတက်လိုက်မိတော့ သူမ မျက်မှောင် ကြုတ်သည်။

"ဘယ်နေရာက အဆင်ပြေတယ်ဆိုတာ မင်းထက် ကိုယ် က ပိုသိပါတယ်"

ကျွန်တော် မကျေမနပ်ဖြင့်ပင် ငြိမ်သက်သွားရသည်။ သူမ က ကျွန်တော့်ကို ထူးဆန်းသော ကိုယ်နေကိုယ်ထား ပြင်ဆင် ပေး၏။ ကြမ်းခင်းပေါ်တွင် ထိုင်လျက် ကျွန်တော်၏ ဒူးနှစ်ဖက်ကို လက်ကပြန်ပွေ့ကာ ဒူးပေါ် မျက်နှာခပ်စောင်းစောင်း အပ်လျက် အနေအထားဖြစ်သည်။ ကျွန်တော် ဤအနေအထား မျိုးဖြင့် တစ်ခါမှ ကိုယ်ဟန်မပြခဲ့ဖူးပါ။ သို့သော် ဤအနေအထားကို ကျွန်တော် မကြာခဏ ရင်းနှီးကျွမ်းဝင်နေခဲ့သည်။ လောကကြီးတွင် အဆင်မပြေ မှုများ စိတ်ပျက်စရာများ နိမ့်ကျ သိမ်ငယ်မှုများ ပေါ်ပေါက်လာတိုင်း





ဤပုံစံမျိုးဖြင့် ကျွန်တော့်အခန်းထဲမှာ အကြာကြီးတိတ်ဆိတ်စွာ ငမ်းနည်း ခဲ့ဖူးပါသည်။

အခုလို ကျယ်ဝန်းသော အခန်းကြီး၏ထောင့် တစ်နေရာ မှာဆိုတော့ ကျွန်တော်ဟာ နဂိုအနေထက်ပို၍ပင် ကျုံ့ဝင်သေးငယ် သွားတော့မှာပဲဟု စိတ်မကောင်းဖြစ်မိသည်။

"လက်နှစ်ဘက်ကို လျော့လျဲလျဲမထားနဲ့၊ တင်းကြပ်နေ အောင် ပိုက်လိုက်၊ လက်ဖျံကကြွက်သားတွေ ပေါ်လာအောင်"

သူမက ကောက်ကြောင်းခြစ်ရင်း ခပ်ဆတ်ဆတ် အော် ပြောတော့ ကျွန်တော် ထောင်းခနဲ ဒေါသထွက်သွား၏။ အနေအထား ပျက်သွားမှာ ဂရုမစိုက်ဘဲ သူမကို ဖြုန်းကနဲ လှည့်ကြည့် ပစ်လိုက် သည်။

"ဒါပေမယ့် ကျွန်တော်က ယွန်းကလို့(ဒ်)ဗန်ဒမ်း မဟုတ် ဘူးဗျ"

အံ့သြစရာပင် သူမ လှစ်ကနဲပြုံးလိုက်လေသည်။

"ကိုယ်ကလဲ ဗန်ဒမ်းဆိုရင် နဲနဲမှစိတ်ဝင်စားမှာ မဟုတ် ပါဘူး"

နေရောင်သည် ကျွန်တော့် ညာဘက်ပုခုံးမှတစ်ဆင့် ဖြာကျ လျက်ရှိသည်။ သို့သော် တစ်ချိန်လုံးဖြာကျနေသော နေရောင်သည် ကျောက်ပိုင်းမျှ အနေအထား ပြင်ဆင်ပေးတတ်သည့် သူမ၏ သွယ်လျ သော လက်ချောင်းများလောက် ပူနွေးမှုမရှိပါ။

တစ်နာရီ တိတိအကြာတွင် ကော်ဖီသောက်ရန် ကျွန်တော် တို့ ၁၅ မိနစ်ရပ်နားလိုက်သောအခါ ကျွန်တော့် ကိုယ်ခန္ဓာကောက် ကြောင်းသည် တော်တော်ပြည့်စုံလျက်ရှိပြီကို တွေ့ရ၏။ သူမ၏



www.burmeseclassic.com

www.burmeseclassic.com



လက်ချောင်းများ စနစ်တကျ ကျွမ်းကျင်ကြောင်း ကျွန်တော် တိတ်တခိုး မှတ်ချက်ချလိုက်သည်။

***

ဒုတိယမြောက် ညနေခင်းသည် ကျွန်တော့်အား အံ့သြ တုန်လှုပ်မှုများ ပေးခဲ့ပါသည်။

ဒုတိယ ညနေခင်း၏ ပထမပိုင်းအချိန်များသည် ကျွန်တော်နှင့် သူမအကြား ပိုမိုနွေးထွေးလာသော ရင်းနှီးမှုများကြောင့် စိုပြေလန်းဆန်းလျက်ရှိ၏။ ကျွန်တော် ရောက်သွားသောအချိန်မှာလေးနာရီ တိတိဖြစ်ပြီး သူမ၏ ပန်းချီဘုတ်ပြားရှေ့တွင် သူမ အလုပ် လုပ်နေပြီဖြစ်သည်။ ပထမနေ့ ကျွန်တော် မပြန်မီ မြင်ခဲ့ရသည့် ပုံစံထက်ပို၍ အရောင်ကြွကာ အသက်ဝင်လှုပ်ရှားနေသော ပန်းချီကားကို ကြည့်၍ ကျွန်တော် နားမလည်စွာ ရယ်မောမိသေး၏။

"ကျွန်တော် မရှိသေးဘဲနဲ့ ဒီလောက်ပြည့်ပြည့်စုံစုံ ဆွဲထားနိုင်သလား"

သူမ၏ စိတ်အာရုံထဲတွင် ကျွန်တော် နက်ရှိုင်းစွာ ဝင်ရောက်နေခဲ့ပြီဟု ကျေနပ် ဂုဏ်ယူချင်သော်လည်း သူမ၏အဖြေက ရိုးရိုးရှင်းရှင်းပင် ဖြစ်၏။

"ဒီလိုဘဲကွ ပန်းချီဆရာတွေက အချိန်ကိုလုတတ်ရမယ်၊ ခိုးတတ်ရမယ်၊ အစားလဲ ထိုးတတ်ရမယ်လေ သမီးက ကိုယ် မင်းကို ပန်းချီဆွဲနေတုန်း ဓာတ်ပုံရိုက်ထားခဲ့တယ်၊ အဲဒီဓာတ်ပုံကို နဲနဲ ကိုးကားလိုက်တာပါပဲ"

သူမ၏ စားပွဲပေါ်တွင် ကျွန်တော့်ဓာတ်ပုံကို ထင်ထင်ရှားရှား ပုံကြီးအဖြစ် မြင်ရသည်။ ကျွန်တော် ခေါင်းခါယမ်း၍ ရယ်လိုက်ပါသည်။





"ဒီနည်းမျိုးကို လူတိုင်းသုံးတယ်။ အင်ဒရူးဝိုင်ယက် ဆိုတဲ့ ပန်းချီဆရာကြီးနာမည်ကို မင်းကြားဖူးရဲ့လား"

"ဟင့်အင်း..."

ကျွန်တော်ရိုးသားစွာ ငြင်းလိုက်ပါသည်။ သူမသည် ဤအဖြေကို မျှော်လင့်ထားဟန်ဖြင့် ပြုံး၏။

"အင်ဒရူးဝိုင်ယက်ရဲ့ပုံကို သူ့အစ်မ အွန်(ဟ်)ရီယက်(တ်)က ဆွဲတော့လည်း ဒီလိုပဲ လုပ်ရတာပဲ။ အင်ဒရူးဝိုင်ယက် လာထိုင်မပေးနိုင်တဲ့အချိန်၊ သူ့ပန်းချီကိစ္စနဲ့သူ အလုပ်ရှုပ်နေတဲ့ အချိန်မှာ အင်ဒရူးဝတ်ခဲ့တဲ့ အပေါ်ဝတ်အင်္ကျီကို မင်နီကွင်း တစ်ယောက် ပခုံးပေါ်မှာ ဝတ်ပေးပြီး အဲဒီအင်္ကျီကို အသေးစိတ် ဆွဲနေခဲ့ရတယ်လေ"

သူမ၏ ညိုလဲ့သောမျက်ဝန်းများမှာ လျှို့ဝှက်ချက်ကို ဖွင့်ပြောလိုက်ရသည့် ကလေးငယ်တစ်ယောက်၏ အားရကျေနပ်မှုမျိုးဖြင့် တက်ကြွရွှင်လန်းလျက်ရှိသည်။ အသက်လေးဆယ် အရွယ်မိန်းမတစ်ယောက်မှာ ဤမျှ နုပျိုလန်းဆန်းသော မျက်လုံးများ ရှိနေသည်က မယုံနိုင်စရာပဲဖြစ်၏။

ဒုတိယနေ့ ညနေခင်းနှစ်နာရီအချိန်ကာလသည် ကျွန်တော့်အတွက် လျင်မြန်စွာ ကုန်ဆုံးသွားခဲ့သည်။ ကျွန်တော့် ကိုယ်ဟန်အနေအထားကို သူမ လာရောက်ပြင်ဆင်ပေးမလား ဟု မျှော်လင့်ခဲ့ရသော်လည်း သူမ မလာခဲ့ပါ။ ခပ်လှမ်းလှမ်းမှ ပန်းချီဆွဲရင်းသာ ဟိုဘက် နည်းနည်းစောင်းလိုက်ပါ ခေါင်းကို နည်းနည်းပိုငုံ့လိုက်ပါ ကိုယ်ကို မလိမ်ထားနဲ့ စသည့်စကားများဖြင့် ညွှန်ကြားနေသည်။

ကျွန်တော်သည် ဒူးနှစ်ဖက်ကို လက်ဖြင့် ခင်းကြပ်စွာ ပွေ့ပိုက်ထားရင်း ဖြစ်ပျက်နေသော အနေအထားကို တဖြည်းဖြည်း



www.burmeseclassic.com

www.burmeseclassic.com



မကျေမနပ် ဖြစ်လာသည်။ ကျွန်တော်က ကိုယ်ပေါ်တွင် အဝတ် မပါဘဲ နှစ်နာရီကြာအောင် ထိုမိန်းမ၏ရှေ့၌ ထင်းထင်းကြီး ထိုင်နေရချိန်တွင် ထိုမိန်းမကတော့ အလွန်လုံခြုံသော ရှပ်အင်္ကျီလက်ရှည် ပွပွကြီးကို လည်ပင်းကြယ်သီးပင် မဖြုတ်ဘဲ ဝတ်ဆင်ထားသည်။ သူမ၏ထဘီက သူမ၏ ခြေမျက်စိကိုပင် ကျွန်တော် မမြင်ရလောက်အောင် ရှည်လျား၏။ ကျွန်တော်၏ တစ်နာရီလျှင် တစ်ထောင်ဟူသော ကြေးသည် ကျွန်တော့်ကို စားသွားပါးပါး မြမြကလေးဖြင့် လှီးနေသလို စပ်ဖျဉ်းဖျဉ်း နာကျင်စေလျက်ရှိသည်။ ပုံတူဆွဲခံနေရာမှ ဖြန်းကနဲ ထရပ်ကာ အော်ဟစ်ပေါက်ကွဲ ပစ်ချင်စိတ် မကြာခဏ ပေါ်ပေါက်လာသည်။ ခင်ဗျားရဲ့ပိုက်ဆံကို ကျုပ် တစ်ပြားမှ မလိုချင် ဘူး၊ ခင်ဗျားရှေ့မှာလည်း တိရစ္ဆာန်တစ်ကောင်လို ခင်ဗျားထားတဲ့အတိုင်း နေမပေးနိုင်ဘူး။ ငွေမက်တဲ့ သူတောင်းစား တစ်ယောက်သာ ဒီလိုအလုပ်ကို လုပ်မှာ ကျွန်တော်တော့ မလုပ်နိုင်ဘူး။ သို့သော် ကျွန်တော်သည် ဤကိစ္စအတွက် ဘာမျှ မတတ်နိုင်တော့ပါ။

ကျွန်တော့် ကိုယ်ခန္ဓာသည် သူမ ထိန်းချုပ်မပေးရဘဲ အလိုအလျောက် တဖြည်းဖြည်းကျုံ့ဝင်လျက်ရှိသည်။ ကျွန်တော့်မှာ ငွေမလိုပါ။ ကျွန်တော် ဘာဖြစ်လို့ ဤအလုပ်ကို လက်ခံလိုက်မိပါလိမ့်။

မဟုတ်ဘူး၊ မင်းမျက်လွှာကို အဲသည်လောက် ချမပစ်နဲ့၊ မင်းမျက်တောင်တွေရဲ့ ခွန်အားတွေ လျော့ကုန်မှာပေါ့၊ ဟော ဟိုက သစ်တုံးကလေးကိုပဲ ကြည့်နေ





မျက်လုံးကို မမြင်ရတော့မှ မျက်တောင်ဆိုတာ ဘာများ ခွန်အား ရှိတော့မှာလဲ။ ကျွန်တော် မရယ်ချင်ဘဲ ဖြစ်ညှစ် ရယ်ပစ်လိုက်သည်။

"စိတ်ရှည်ရှည်ထားစမ်း ချာတိတ်၊ မင်းရဲ့ ပန်းချီကားဟာ နိုင်ငံခြားမှာ ပြပွဲတင်မယ့်ကားဆိုတာ သဘောပေါက်ပြီး ဂုဏ်ယူစမ်းပါ၊ ဒို့မြန်မာလူမျိုးရဲ့ ရိုးဖြောင့်မှု၊ အပြစ်ကင်းမှု၊ သန့်စင်မှု အားလုံးကို မင်းက ကိုယ်စားပြုပေးရမှာ"

"သိမ်ငယ်မှုတွေရော မပါဘူးလား"

မပြောတော့ပါဘူးဟု ထိန်းချုပ်ထားလျက်က ကျွန်တော် လွှတ်ခနဲ ပြောမိသည်။ သူမသည် စားပွဲပေါ်က ရေခွက်ထဲသို့ စုတ်တံကို ဖြည်းညှင်းစွာ နှစ်ချထားလိုက်ပြီး ကျွန်တော် ရှိရာသို့ လျှောက်လာ၏။ ကျွန်တော့် အနီးမှာ ရပ်၍ ငုံ့ကြည့်နေသော သူမ၏ မျက်နှာတွင် ကျွန်တော် ထင်ထားခဲ့သော တပ်မက်ရိပ်၊ ယစ်မူးရိပ်များ မရှိဘဲ နူးညံ့ကြင်နာမှုများကို တွေ့ရသည်။ ကျွန်တော် သူမကို မော့ကြည့်ရင်း ဤမျက်လုံးများသည် မေမေ့ မျက်လုံးများနှင့် ဆင်တူသလားဟု တွေးနေမိသည်။

"မင်း နဲနဲငြီးငွေ့နေပြီ၊ လာ.ထ သမီး ကော်ဖီဖျော်နေတုန်း ခြံထဲက ပန်းပုရုပ်တွေ လိုက်ကြည့်ရအောင်"

ကျွန်တော်မကြည့်ရသေးသော ပန်းပုရုပ်တုများကို ခြံထဲမှာ လိုက်ကြည့်နေစဉ် နေရောင်ခြည်သည် လျှင်မြန်စွာ ကျဆင်းလျက်ရှိသည်။

"ဒီရုပ်တုတွေထဲမှာ လူပုံတွေအားလုံးက ယောကျ်ားပုံတွေချည်းပဲနော်"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ မိန်းမပုံ မပါရတာလဲ"

သူမ ပြုံးလိုက်သည့်အပြုံးက တစ်ခုခုကို စိတ်မကောင်းသည့် အပြုံးမျိုးဖြစ်၏။

ဘာဖြစ်လို့လဲဆိုတော့ မိုလ်ဒယ်လ်တွေ အားလုံးက ယောကျ်ားတွေချည်း မို့ပေါ့ကွာ..."

ဘာဖြစ်လို့ ယောကျ်ားမိုဒယ်လ်တွေချည်း ခင်ဗျား စိတ်ဝင်စားရတာလဲ။ ဤမေးခွန်းကို ကျွန်တော် မမေးပါ။ သူမ၏ ကြင်နာတတ်သော၊ သိမ်မွေ့သော မျက်ဝန်းများကို ထောက်ထား၍ ကျွန်တော် မမေးအပ်ပါ။ အခြား မေးခွန်းတစ်ခုကိုသာ မေးဖြစ်သည်။

"အန်တီ အဲလိုယောကျ်ားမိုဒယ်လ်တွေနဲ့ အလုပ်လုပ်တာကို အန်တီ့အမျိုးသားက စိတ်ချရဲ့လား"

သူမ ကျွန်တော့်ကို ဖြတ်ခနဲ လှည့်ကြည့်လိုက်သည့် အကြည့်တွင် အံ့ဩမှုများ ပါဝင်နေ၏။ ထိုအံ့ဩမှုသည် တဖြည်းဖြည်းချင်း ပျောက်ကွယ်သွားပြီး ပင့်သက်တစ်ချက်ကို လေးပင်စွာ ရှိုက်လိုက်လေသည်။

"ဒီပန်းပုရုပ်တုတွေကို ထုတဲ့လူက ကိုယ်မှမဟုတ်ဘဲ၊ ဒါတွေအားလုံး ကိုယ့်ယောကျ်ားရဲ့လက်ရာတွေ"

ကျွန်တော် တစ်ခဏ ငြိမ်သက်သွားပါသည်။ သူမကို ကြည့်မိတော့ သူမ၏ ယောကျ်ားအတွက် ဂုဏ်ယူသော မျက်လုံးများကို ကျွန်တော်မြင်ရသည်။ မိန်းမတစ်ယောက်က ယောကျ်ားမိုဒယ်လ်တွေ အသုံးပြုတာ ကျွန်တော် မအံ့ဩသင့်သော်လည်း ယောကျ်ားတစ်ယောက်က မယောကျ်ားမိုဒယ်လ်တွေချည်း အသုံးပြုတာကိုတော့ ကျွန်တော် အံ့ဩသင့်သည်ဟု ထင်သည်။ အံ့ဩမိ





သည့်အတွက်လည်း ကျွန်တော် အားနာစရာမလိုဘူးဟု ထင်ပါသည်။ သူမက ကျွန်တော် ဘာတွေးနေသည်ကို သိပုံမျိုးဖြင့် ခပ်မဲ့မဲ့ပြုံး၏။

"ယောကျ်ားမိုဒယ်လ်တွေချည်း ဘာဖြစ်လို့ သုံးသလဲလို့ ခင်ဗျား ဖွင့်မေးလိုက်ရောပေါ့၊ တစ်ခြားအတွေးတွေ ဘာမှတွေး မနေစေချင်ဘူးလေ။"

ကျွန်တော် အနည်းငယ်အားနာကာ ရှက်ပြုံး ပြုံးမိ၏။ သူမက ပြုံး၍ဆက်ပြောသည်။

"ဘာဖြစ်လို့လဲဆိုတော့ မိန်းမမိုဒယ်လ်သုံးဖို့ သူ့ခမြာ အခွင့်အရေး မရရှာလို့ဘဲ။ အန်တီ့ယောကျ်ားက ပန်းပု ထုတဲ့အခါ မျက်စိနဲ့ကြည့်ပြီး မထုနိုင်ဘူး၊ လက်နဲ့ စမ်းသပ်ခံစားကြည့်ပြီးမှ ထုရတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူက မျက်မမြင် တစ်ယောက် ဖြစ်နေလို့။ သူ့ဘဝမှာ မိန်းမပုံတုကို တစ်ခါပဲ ထုဖူးတယ်၊ အဲဒါကတော့ ကိုယ့်ရဲ့ပုံတု ပန်းပုရုပ်ဘဲ"

ထိုစကားသည် ကျွန်တော့် ရင်ထဲသို့ နက်ရှိုင်းစွာ စူးနစ်ဝင်ရောက်သွားပါသည်။

* * *

ဒုတိယညနေခင်းတွင် အလွန်အံ့ဩစရာကောင်းသော လူတစ်ယောက်နှင့် ကျွန်တော်စကားပြောခဲ့ရသည်။

တတိယနေ့ ပထမတစ်နာရီတွင် ကျွန်တော်၏ ပုံတူ ပန်းချီ ပြီးဆုံးသွား၏။ သူမ၏ အမျိုးသားအကြောင်းကို သိမထားသေးဘူးဆိုလျှင် ကျွန်တော့်ပုံတူကို ကျွန်တော် တော်တော် စိတ်ဝင်စားမိမည်။ ယခုတော့ ကျွန်တော့်ပုံတူထက်ပို၍ စိတ်ဝင်စားစရာကောင်းသော လူတစ်ယောက် ရှိနေပြီ။ ထို့ကြောင့် သူနှင့်တွေ့ဖို့ကို ကျွန်တော် စိတ်စောနေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပန်းပုဆရာသည် ဖေဖေ့ထက် အသက်ပိုငယ်၏။ သူ အလုပ်လုပ်သောအခန်းမှာ အမျိုးသမီး အလုပ်လုပ်သောအခန်းနှင့် ဆန့်ကျင်ဖက်ဖြစ်သည်။ သူ့အလုပ်ခန်းသည် အိမ်၏ နောက်ဖက်က ကားဂိုဒေါင်ဟောင်းတစ်ခုဖြစ်သည်။ အခန်းသည် ကျယ်ဝန်းသော်လည်း မှောင်မိုက်သည်။ သစ်သားတုံးများ၊ ကျောက်တုံးများ၊ ရွံ့စေးတုံးများ ပြန့်ကျဲလျက်ရှိ၏။ လျှပ်စစ်ကြိုးများ အခန်းဒေါင့်တွင် ပြန့်ကျဲလျက် ရှိသည်။ မျက်စိမမြင်သော လူတစ်ယောက်နှင့် လျှပ်စစ်ပစ္စည်းများ မသင့်တော်ဟု ကျွန်တော် ထင်ခဲ့သော်လည်း တကယ်တော့ ဤပစ္စည်းများသည် သူ့အလုပ်အတွက် အထောက်အကူပစ္စည်းများ ဖြစ်သည်ဟု သိသွားသည်။

ကျွန်တော်တို့နှစ်ယောက် ပန်းပုဆရာ၏ ခပ်လှမ်းလှမ်းမှာ ငြိမ်သက်စွာ ရပ်ကြည့်နေစဉ် အေးစိမ့်နေသည့် အခန်းတွင် ကျွန်တော် စိတ်လှုပ်ရှားမှုကြောင့် ချွေးပြန်နေသည်။ သူ၏ လက်ချောင်းများသည် ထုလက်စ ကျောက်ဖြူတုံးနှင့် ဆောက်သွားပေါ်တွင် လှုပ်ရှားလျက်ရှိသည်။ ခဏကြာတော့ သူ့လက်ချောင်းများ ရပ်သွားပြီး ကျွန်တော်တို့နှစ်ယောက်ဘက်သို့ ခေါင်းငဲ့လိုက်သည်။

"လီလီ"

"ဟုတ်တယ် အစ်ကို...၊ ကျွန်မရဲ့ မိဒယ်လ်ချာတိတ်လည်း ပါတယ်...၊ သူက အစ်ကိုအလုပ်လုပ်တာ ကြည့်ချင်လို့တဲ့..."

ပန်းပုဆရာသည် သူ၏လုပ်လက်စအလုပ်ကို ရပ်ထားပြီး ထိုင်ရာမှ ထရပ်ဖို့ကြိုးစားသည်။ အမျိုးသမီးက ကျွန်တော့်နောက်ကျောကို ခပ်ဆတ်ဆတ်ပုတ်လိုက်ပြီး ရှေ့သို့တွန်းပို့ လိုက်သောကြောင့် ကျွန်တော် သူ့အနီးသို့ လျှင်မြန်စွာ ရောက်သွားကာ ထိုင်ချပစ်လိုက်ရပါသည်။





"ကျွန်တော့်နာမည် မိုးအောင် လို့ခေါ်ပါတယ်ဆရာ"

ကျွန်တော် သူ့ညာဖက်လက်ကို ခပ်ဖွဖွဆုတ်ကိုင်လိုက်သောအခါ သူက ခွန်အားပါပါဖြင့် ကျွန်တော့်လက်ကို ဆုတ်ညှစ် အသိအမှတ်ပြုသည်။

"ဘာအလုပ်လုပ်သလဲ"

သုံးရက်လုံးလုံး အမျိုးသမီး မမေးခဲ့သည့်မေးခွန်းကို သူမေးသောအခါ ကျွန်တော် တွန့်ဆုတ်စွာဖြေမိ၏။

"ဖက်ရှင်မိုဒယ်လ် အလုပ်လုပ်ပါတယ်"

"ခင်ဗျားဟာ မိုဒယ်လ်ကောင်း တစ်ယောက်ပဲ...လို့ လီလီက ပြောတာ၊ ဒါဆို သိပ်အံ့သြစရာမရှိတော့ဘူးပေါ့"

ကျွန်တော်တို့ တစ်ခဏ ငြိမ်သက်သွားသည်။ ထို့နောက် သူက ကျွန်တော့်မျက်နှာရှိရာသို့ တည့်တည့် လှည့်ကြည့်သည်။ သူ့မျက်လုံးများကို ဖြူဖွေးသော အဝတ်စတစ်ခုဖြင့် သေသပ်စွာ စည်းနှောင်ထား၏။

"ကျွန်တော်အလုပ်လုပ်တဲ့အခါ ကျောက်မှုန့်တွေ၊ မြေမှုန့်တွေ၊ သစ်သားမှုန့်တွေနဲ့ တစ်ခန်းလုံး ပြည့်နေတတ်တယ်ဗျ၊ ကျွန်တော့်မျက်လုံးတွေကို အဲဒီအမှုန့်တွေဝင်ပြီး ရောဂါရမှာ မလိုလားဘူးလေ၊ ဒါကြောင့် အဝတ်စည်းပြီး ကာကွယ်ထား ရတာပါ၊ အင်း တစ်နည်းအားဖြင့်တော့ ဟောင်းလောင်းဖြစ်နေတဲ့ မျက်လုံးတွေကို ကျွန်တော့်ပတ်ဝန်းကျင်ကလူတွေ မမြင်စေချင်တာလဲ ပါမှာပေါ့"

နူးညံ့သိမ်မွေ့သော သူ့အသံသည် ဘဝအပေါ် ကြေကွဲမှု လုံးဝမပါဘဲ ချိုမြနေ၏။

"ဒါနဲ့ ခင်ဗျား ပန်းပု ဝါသနာပါသလား"

ကျွန်တော်ရက်ရွံ့သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"လုံးဝ မပါပါဘူးခင်ဗျာ"

သူ အံ့သြသွားဟန် မရှိပါ။ သူ့အတွက် အံ့သြခြင်း၊ ဒေါသထွက်ခြင်း၊ ပူပန်ခြင်း စသည့် စိတ်ခံစားမှုများ မရှိတော့သလိုပင် ဖြစ်သည်။

"ဒါဖြင့် ဘာဖြစ်လို့ ကျွန်တော်အလုပ်လုပ်တာ ကြည့်ချင်ရတာလဲ"

ကျွန်တော် ဘာဖြေရမှန်းမသိဘဲ ကြောင်အသွားသည်။ ကျွန်တော့်အဖြေသည် သူ့အတွက် ထူခြားမှာမဟုတ်မှန်း သိပါလျက်က အဖြေကို ရွေးချယ်နေမိသည်။

"ကျွန်တော့်မှာ သိပ်လှတယ်လို့ သူများတွေက ခဏခဏ ချီးကျူးခံရတဲ့ မျက်လုံးတစ်စုံရှိပါတယ်... ဒါပေမယ့် အဲဒီမျက်လုံးကို အသုံးချပြီး ကျွန်တော်တစ်ခါမှ အလုပ် မလုပ်ဖူးသေးပါဘူး..."

ကျွန်တော် ဘာဆက်ပြောရမှန်း မသိပါ။ သူက ကျွန်တော့်အဖြေမှာ သူ့အတွက် ပြီးပြည့်စုံသွားသလိုပင် ခေါင်းညိတ်ပါသည်။

တစ်ခဏအကြာတွင် ကျွန်တော်တို့သုံးယောက် ကော်ဖီသောက်ရင်း စကားလက်ဆုံကျလျက်ရှိသည်။

သူ့အသက် နှစ်ဆယ်အရွယ်တွင် မတော်တဆ ပေါက်ကွဲမှုတစ်ခုကြောင့် သူ့မျက်လုံးများ ဆုံးရှုံးသွားခဲ့သည်။ ပတ်တီးအထပ်ထပ် မျက်နှာပေါ်မှာ စည်းနှောင်လျက် ခွဲစိတ်ပြီးစ နေ့ရက်များသည် သူ့အတွက် ချောက်ချားစွာ ဝမ်းနည်းနာကျင် ခဲ့ရသော ငရဲနေ့ရက်များပင် ဖြစ်သည်။

"ကျွန်တော် အသက် ၁၆ နှစ်အရွယ်မှာ ပန်းပုကို စိတ်ဝင်စားခဲ့တယ်။ မိုက်ကယ်လ်အင်ဂျလိုအကြောင်း ရိုက်ပြထားတဲ့





ရုပ်ရှင်ကားကို ကြည့်ရတဲ့အခါ ကျွန်တော့်ဘဝမှာ ကျွန်တော် ဘာဖြစ်ချင်သလဲဆိုတာ အသေအချာ သိလိုက်ရတာပါပဲ။ ဒါပေမယ့် အဖေက ကျွန်တော် ကောလိပ်ပညာကို ပြီးအောင်သင်ပြီးမှ ဝါသနာ ါ ရာကိုလုပ်ပါ... လို့ တောင်းပန်လို့ ၄ နှစ်လုံးလုံး ကောလိပ်ပညာ ဆက်သင်ခဲ့တယ်၊ ကျွန်တော် နောက်ဆုံးနှစ် စာမေးပွဲမဖြေရသေး ခင်မှာပဲ အက်ဆီးဒင့်ကြောင့် ကျွန်တော့် မျက်စိတစ်လုံးကို ခွဲထုတ် လိုက်ရတယ်၊ တစ်ဖက်က မျက်စိလည်း လုံးဝကွယ်ခဲ့တာပဲ။ ျွန်တော် မျက်မမြင် ကျောင်းတက်ဖို့ ကြိုးစားခဲ့သေးတယ်။ ဒါပေ ယ့် အဲဒီကျောင်းက သင်ပေးတဲ့ ပညာတွေအားလုံး ကျွန်တော် ါသနာမပါတဲ့ ပညာတွေ ဖြစ်နေတယ်၊ ကျွန်တော့်အဖေဆီကို ့စေးတုံးတွေ ရှာခိုင်းပြီး ပန်းပု စထုခဲ့တယ်...၊ ကျွန်တော်သာ ျက်စိ မကွယ်ခင်က ပန်းပုရုပ်တုတစ်ခု ပြီးအောင်ထုခဲ့ဖူးရင် သိပ် ကောင်းမှာပဲ...လို့ ကျွန်တော် ယူကြုံးမရ တမ်းတမိတဲ့အခါတိုင်း အဖေငိုတယ်ဗျာ၊ ဒါနဲ့ပဲ... ကျွန်တော့်ရဲ့ မဖြစ်နိုင်တဲ့ ဆန္ဒတွေကို ောင်းထုတ်ပစ် လိုက်ရတယ်..."

အသက်နှစ်ဆယ်အရွယ် လူငယ်တစ်ယောက်၏ အနာဂတ် ျာက်ဆုံးမှုမှာ မတွေးရဲစရာပင်ဖြစ်မည်။ ကျွန်တော်ကိုယ်ချင်းစာ ကြည့်နိုင်ပါသည်။

"ကျွန်တော့်မှာ မျက်စိမရှိတော့ပေမယ့်၊ လက်နှစ်ဖက် ရှိနေ တယ်၊ ကျွန်တော့် ပန်းပုရုပ်တွေကို လက်နဲ့ စမ်းသပ်ခံစား နိုင်တာပဲ၊ အဲဒီလို ကျွန်တော် အားတင်းခဲ့တယ်၊ ပန်းပုနဲ့ တွဲပြီး ပြတဲ့ ပန်းချီပြ ခန်းတိုင်းကို အဖေက လိုက်ပို့ပေးလေ့ရှိတယ်ဗျ၊ အဲဒီမှာ ီလီနဲ့တွေ့ခဲ့တာပဲ။ ခင်ဗျား သိမလားမသိဘူး။ ပန်းပုရုပ်တု တော်တော်များများဟာ လက်နဲ့ ထိကိုင်ခွင့်မပေး ားဘူးဗျ၊



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်အတွက်ကျတော့ လက်နဲ့မှ မြင်ရတာ မဟုတ်လား၊ ကျွန်တော်က လက်နဲ့ထိကိုင်စမ်းသပ်ခွင့် တောင်းတယ်။ ပြပွဲတာဝန်ခံက မပေးဘူး၊ ကျွန်တော့်မှာ လက်အိတ်တွေ ပါပါတယ်၊ လက်အိတ်စွပ်ပြီး စမ်းသပ်ကြည့်ပါရစေဆိုလဲ မရဘူး ဗျ... ဒါနဲ့ပဲ ပန်းပုဆရာနဲ့တွေ့ပြီး အကူအညီတောင်းဖို့ ကြိုးစားမိတော့ ပန်းပုဆရာက ကွယ်လွန်ပြီဆိုတာ သိရတယ်။ လီလီက အဲဒီပန်းပုဆရာရဲ့ သမီးပါပဲ။ လီလီနဲ့တွေ့တော့ လီလီက ကျွန်တော့်ကိုလက်နဲ့ ထိကိုင်စမ်းသပ်ခွင့် ပေးခဲ့တယ်။ အဲဒီနောက်တော့ လီလီနဲ့ကျွန်တော် မြတ်မြတ်နိုးနိုး ပေါင်းဖက်ခဲ့ကြ တော့တာပါပဲ။”

မျက်မမြင်တစ်ဦးအား လက်ထပ်ယူရလောက်အောင် ထိုမျက်မမြင်၏ တန်ဖိုးကို သူမ ဘယ်လောက်တောင် နားလည်ခံစားခဲ့နိုင်ပါသလဲ။ ကျွန်တော် အမျိုးသမီးကို တအံ့တဩ ငေးမောမိသည်။ အမျိုးသမီးက သူမခင်ပွန်း၏ ပန်းကန်ထဲသို့ ကော်ဖီငှဲ့ပေးရင်း လျှို့ဝှက်စွာ ပြုံးနေ၏။

“ကျွန်တော့်ရဲ့ လက်တွေဟာ မျက်စိပဲ၊ လက်နဲ့ထိတို့ စမ်းသပ်လို့ရတဲ့ ရသကို ကျွန်တော် စိတ်နဲ့ပြန်ခံစားကြည့်ရတယ်။ အချိန်တော့ တော်တော်ကြာပါတယ်။ တစ်ခါတစ်ခါ နှစ်နာရီ သုံးနာရီ လောက်ကြာအောင် ပန်းပုရုပ်တစ်ခုကို ကြည့်ရတယ်။ ကျွန်တော့် လက်ထိပ်ကလေးတွေနဲ့ ကျွန်တော့်စိတ်ရဲ့ ဆက်သွယ်မှု အင်အားဟာ တဖြည်းဖြည်းနဲ့ ကောင်းလာတယ်။ ကျွန်တော့် လက်ရာ မှန်မမှန်ကို ကျွန်တော်စိတ်ကပဲ ပြောပေးသွားတယ်။ အရာဝတ္ထု တစ်ခုဟာ ရှည်သွားသလား...၊ တိုသွား သလား...ကျွန်တော် စိတ်က သိတယ်၊ တခြားလူရဲ့အမြင်က ကျွန်တော့်အတွက် အလုပ်မဖြစ်ဘူးဗျ၊ ကျွန်တော် ထုထားတဲ့ နှာခေါင်းကို တစ်ယောက်က တိုတယ်လို့





ပြောတယ်၊ တစ်ခြားတစ်ယောက်က ရှည်တယ်လို့ပြောတယ်၊ ဘယ်သူမှန်သလဲ၊ ဘယ်သူ့စကားကို ကျွန်တော် ယုံရမလဲ...၊ ဆားလူ့ရဲ့အမြင်နဲ့သာ ဆုံးဖြတ်ပြီး အလုပ်လုပ်ရမယ်ဆိုရင် ကျွန်တော့် ဘာအလုပ်မှ ပြီးမှာ မဟုတ်တော့ဘူးဗျ...။”

သူ့ကို ကျွန်တော် လေးစားစွာ ကူညီလိုသော ဆန္ဒဖြင့် ကျွန်တော့် ကိုယ်ခန္ဓာကို မိုဒယ်လ်အဖြစ် အသုံးပြုခွင့် ပေးလိုက်သည်။ သူသည် ကျွန်တော့်ကို ကျေးဇူးတင်စွာဖြင့် ဝမ်းသာအားရ လက်ခံလေသည်။

သူ့လက်ချောင်းများသည် အသားမာတက်၍ ကြမ်းရှရှ အတွေ့ကိုပေးသည်။ ကျွန်တော်၏ အဝတ်ကင်းမဲ့သော ကိုယ်ခန္ဓာကို သူ့လက်ချောင်းများဖြင့် စမ်းသပ်ခံစားကြည့်နေစဉ် ကျွန်တော်သည် ဖေဖေမှတစ်ပါး အခြားယောကျ်ားတစ်ဦးအပေါ် ပထမဆုံး ချစ်ခင်စိတ်ဝင်မိပြီဟု သိရပါသည်။ သူ၏ လက်က ကြမ်းတမ်းသော်လည်း သူကိုင်တွယ်ပုံက နူးညံ့သည်။ ကျွန်တော်သည် ထူးဆန်းသော ထိတို့မှုကြောင့် ကျွန်တော့်ကိုယ်ခန္ဓာထဲသို့ သူ့ဆီက ခွန်အားများစွာ ဝင်ရောက် ပူးပေါင်းပေးလိုက်သလို ခံစားရသည်။ အမျိုးသမီးက ကျွန်တော့်ကိုယ်ခန္ဓာကို ဆယ်ပေကျော် အကွာအဝေးမှ ပန်းချီရေးဆွဲနေစဉ် ကျွန်တော်ခံစားရသော စိတ်ကျဉ်းကျပ်မှုမျိုး၊ သိမ်ငယ်မှုမျိုးနှင့် ဒေါသနှာကျည်းမှု မျိုးကို ယခုအခါ ကျွန်တော် မခံစားရ။ ကျွန်တော် ခံစားရသည်က နူးညံ့သော မျှဝေပေးအပ်ခြင်းသာ ဖြစ်သည်။

“ဖယောင်းရုပ်တုလုပ်ရတာနဲ့ ကျောက်ဆစ်ရုပ်တု လုပ်ရ တာနဲ့ ပြောင်းပြန်ဘဲဗျ၊ ဖယောင်းခဲတစ်ခုဆီကနေ ခင်ဗျား မကြိုက် တဲ့အပိုင်းကို ဖယ်ထုတ်ပြီးပြီဆိုပေမယ့် ဒီနေရာကို ခင်ဗျား ပြန်ဖြည့် ချင်သေးတယ်ဆိုရင် ထပ်ဖြည့်နိုင်ခွင့်ရှိသေးတယ်...အဲ...ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဆစ်ရုပ် ထုတဲ့အခါမှာတော့ ခင်ဗျားစိတ်က သိပ်သေချာဖို့ လိုတယ်၊ ကျောက်တုံးကနေ ခင်ဗျား အစိတ်အပိုင်း တစ်ခု ဖဲ့ထုတ်ပြီးပြီဆိုရင် အဲဒီအစိတ်အပိုင်းကို ခင်ဗျားဘယ်လိုမှ ပြန်မရနိုင်တော့ဘူး၊ ဒီတော့ ခင်ဗျားလက်က ဘာကို လိုချင်တယ်ဆိုတာကို စိတ်က တိတိကျကျ ဆုံးဖြတ်ပေးဖို့လိုတယ်”

ကျွန်တော့် ဘဝအကြောင်းကို ပြောရသည့်အခါမှာတော့ ကျွန်တော် ဘယ်တုန်းကမျှ မတွေးခဲ့ဘူးသည့် ဝမ်းနည်းမှုမျိုးဖြင့် ပြောပြနေမိသည်ကို နားလည်လိုက်ရသည်။

“ကျွန်တော်တို့လို ကိုယ်ဟန်ပြသူတွေ အတွက်ကတော့ နုပျိုမှုက အရေးကြီးဆုံးပါပဲ။ နောက်ဆယ်နှစ်ကြာတဲ့ အခါမှာ ကျွန်တော်ရဲ့ အနုအရွယ်လောက် ချာတိတ်တွေကို ကျွန်တော် နေရာဖယ်ပေးရတော့မယ်၊ ကျွန်တော် ဘယ်လောက် ကျွမ်းကျင်သည်ဖြစ်စေပေါ့၊ ဇရာဟာ ကျွန်တော့်အလုပ်ကို ကောင်းကောင်းကြီး ဒုက္ခပေးနိုင်တယ် ဆရာ...”

သူက ကျွန်တော့်လက်မောင်းကို ထိကိုင်နေရာမှ တင်းကြပ်စွာ ဆုတ်ညှစ်လိုက်၏။

“မဟုတ်သေးဘူးဗျ၊ ရင့်ကျက်မှုအလှဟာ တစ်ခါတစ်ခါမှာ နုပျိုမှုအလှထက် ပိုပြီး အားကောင်းတတ်ပါတယ်...ခင်ဗျားရဲ့ ရင့်ကျက်မှုကို တစ်ခြားနေရာမှာ ဒါထက်အောင်မြင်အောင် အသုံးချနိုင်တယ်၊ အရေးကြီးတာက ဖြစ်လာသမျှထဲကနေ အကောင်းဆုံးကို ရအောင်ယူတတ်ဖို့ပဲ”

အမျိုးသမီးက ကျွန်တော်တို့ အလုပ်ခန်းထဲသို့ ဝင်လာပြီး ကျွန်တော့် လုပ်အားခကို ရှင်းရန်အချိန်ကျပြီ....ဟု အသိပေးချိန်





တွင် ကျွန်တော် ခံစားရသော နာကျင်မှုကို ကျွန်တော် ဘယ်လိုမျှ ဖော်ပြနိုင်တော့ပါ။

“ကိုယ့်ကို မင်းကူညီပေးခဲ့တာ ခြောက်နာရီ....၊ နောက်ပြီး ကိုယ့်အမျိုးသားကို မင်း အကူအညီပေးခဲ့တဲ့ နှစ်နာရီက ကိုယ့်အချိန် ခြောက်နာရီနဲ့ ညီမျှလောက်အောင် ကျေးဇူးတင်ဖို့...”

“ မဟုတ်ဘူး...”

ကျွန်တော် နာကျင်စွာ အော်ဟစ်ကာ စကားဖြတ် လိုက်တော့ အမျိုးသမီးက လန့်ဖျတ်သွားသည်။ သို့သော် ပန်းပုဆရာကတော့ မျက်နှာထားမပြောင်းလဲပါ။ အမျိုးသမီးသည် အခန်း၏ လိုက်ကာများကို ဆွဲဖွင့်ရင်း တိတ်ဆိတ်စွာ ငြိမ်သက်သွား၏။ အလင်းရောင်သည် ကျွန်တော်တို့ သုံးယောက်၏ ကသိကအောက်ဖြစ်မှုကို ပယ်ဖျက်ပေးလိုက်သည်။

“ကျွန်တော်...ကျွန်တော် အန်တီတို့ကို လေးလေးစားစားနဲ့ ကူညီတယ်လို့ အန်တီသဘောထားပါနော်... ကျွန်တော့် အချိန်တွေအတွက် အန်တီတို့ဆီက ငွေတစ်ပြားမှ မယူပါရစေနဲ့၊ ကျွန်တော့်ကို...”

“မဟုတ်သေးဘူးလေ ချာတိတ်၊ မင်းနဲ့ကိုယ် သဘောတူခဲ့ကြတုန်းက...”

အမျိုးသမီးက မှန်ပြတင်းမှာ ရပ်လျက် နားမလည်နိုင်သလိုပြောရင်း စကားတန်းလန်း ရပ်သွားသည်။

“အဲဒီတုန်းက ဘာပဲပြောခဲ့ပြောခဲ့... အခုအချိန်မှာတော့ အဲဒီစကားတွေကို မေ့လိုက်ပါ...။ အန်တီက ကျွန်တော့်ကို ငွေပေးဖို့ ထပ်ကြိုးစားရင်... ကျွန်တော့်ကို ပါးရိုက် လိုက်သလိုပဲ ကျွန်တော် ဝမ်းနည်းမိမှာ သေချာပါတယ်...”



www.burmeseclassic.com

www.burmeseclassic.com



ပန်းပုဆရာက ပထမဦးဆုံးအကြိမ် ပြုံးသည်။ သူ့အပြုံးမှာ သိမ်မွေ့နူးညံ့လှသည်။

“ဒီအချိန်တွေအတွက် ခင်ဗျားရဲ့ နှစ်နာမှုကျတော့ ခင်ဗျား မေ့ထားတော့မှာလား… အဲဒီအတွက် ကျွန်တော်တို့က ဘယ်လို ကျေးဇူးဆပ်ရမလဲ…”

ကျွန်တော်သည် တစ်ခဏ စဉ်းစားတွေဝေနေပြီးမှ အားတင်း၍ ပြောချလိုက်မိသည်။

“ဆရာတို့ဆီက ကျွန်တော် အခွင့်အရေးတစ်ခုပဲ တောင်းချင်ပါတယ်… ကျွန်တော့်ကို စိတ်မဆိုးဘူး ဆိုရင်ပေါ့”

အမျိုးသမီးက ကျွန်တော့်မျက်လုံးကို ငေးစိုက်ကြည့် နေ၏။

“အို… ပြောပါဗျာ၊ စိတ်ဆိုးမှာ မဟုတ်ပါဘူး”

“ဆရာက ဒီအန်တီရဲ့ပုံတူ ပန်းပုထုခဲ့ဖူးတယ်လို့ သိရပါတယ်၊ အဲဒီ ပန်းပုရုပ်တုကို ကျွန်တော် ကြည့်ခွင့်ရမယ်ဆိုရင် ကြည့်ပါရစေ…”

အမျိုးသမီး၏ ဖြူဖွေးသော ပါးပြင်များ ပန်းသွေးရောင်ရဲသွား၏။ အမျိုးသမီး၏ ရက်ပြုံးကို ကျွန်တော် ပထမဆုံးအကြိမ် မြင်လိုက်ရသောအခါ ထိုအပြုံးကို ကျွန်တော် စွဲလန်းသွားတော့သည်။

“အင်း…ဒါက ကျွန်တော်တစ်ယောက်ထဲရဲ့ ဆန္ဒနဲ့မဖြစ်တော့ဘူးဗျ…”

သူက အမျိုးသမီးရှိရာသို့ လှမ်းကြည့်သည်။

“လီလီ…”

အမျိုးသမီးက ပင့်သက်တစ်ချက် ရှိုက်လိုက်၏။

“အစ်ကို လိုက်ပြလိုက်လေ…ဒါပေမယ့်…ရုပ်ထုပေါ်က ပိုးစကိုတော့ မဖယ်လိုက်နဲ့နော်… အစ်ကို…”





ကျွန်တော်သည် ကျွန်တော် တောင်းဆိုသော အခွင့်အရေး အလွန်များသွားပြီဟု ထိုအချိန်ကတည်းက သိလိုက်ပါသည်။

အပေါ်ထပ်သို့ ကျွန်တော့်အား ပန်းပုဆရာက ဦးဆောင်ခေါ်သွားသည်။ နှစ်ပေါင်းနှစ်ဆယ် ရင်းနှီးခဲ့သော အိမ်အသုံးအဆောင်များ၊ လှေကားများ၊ နံရံများသည် သူ့အတွက် ဘာမျှ အခက်အခဲမရှိ။ ကျွန်တော့်အတွက်သာ အမှောင်က အခက်အခဲဖြစ်နေသည်။

အခန်းကျယ်တစ်ခုထဲသို့ ဝင်လိုက်လျှင် ဝင်လိုက်ချင်း အခန်း၏ အဆင်အပြင်သည် ကျွန်တော့်စိတ်ကို သိမ်မွေ့နူးညံ့သွားအောင် ဖန်တီးလိုက်သည်။ အညိုနုရောင် ခန်းဆီးများအပြည့် ဆွဲချထားသဖြင့် မှန်ပြတင်းမှ အလင်းသည် မှိန်ပျပျလေးသာဖြစ်နေသည်။ အခန်းလယ်တွင် အမျိုးသမီး၏ အရွယ်အစားအတိုင်း တစ်ဝက်လဲလျောင်းနေသော ရုပ်တုကို မြင်ရသည်။ ကျောက်ရုပ်တုသည် ဖြူဖွေးလွန်း၍ စိမ်းလဲ့နေ၏။ ရုပ်တုပေါ်တွင် ရင်ညွှန့်နေရာနှင့် ခါး၊ တင်ပါးနေရာတို့ကို ဖြူလွပါးလျားသော ပိုးစဖြင့် ရစ်ပတ်ခြုံလွှမ်းထားသည်။ ကျွန်တော်သည် ထိုရုပ်တုကို တိတ်ဆိတ်စွာပင် ငေးမောနေမိ၏။

“လီလီ့ကို ကျွန်တော်သိပ်မြင်ဖူးချင်တယ်…ကျွန်တော်တို့ရဲ့ သမီးကလေး နှစ်ယောက်ဟာ လီလီလိုပဲလား… လီလီနဲ့ ဘယ်နေရာမှာ တူသလဲ… ကျွန်တော်နဲ့ ဘယ်နေရာမှာ တူသလဲ သိချင်တယ်၊ သူများတွေက လီလီဟာ ချောတယ်တဲ့”

ကျွန်တော် ခေါင်းညိတ်ကာ တိတ်တဆိတ် ထောက်ခံမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"သမီးလေးနှစ်ယောက်ကလဲ ချောတယ်...တဲ့။ ကျွန်တော် ဇနီးနဲ့ သမီးနှစ်ယောက်ကို မြင်ရဖို့အတွက် ကျွန်တော့်ဘဝရဲ့ ဘာကိုပဲ ပေးရပေးရ ကျွန်တော်ပေးနိုင်တယ်... လီလို့ကို ကျွန်တော် သိပ်ချစ်တယ်"

ဤရုပ်တုကို မြင်ရသူတိုင်း သူ၏ အချစ်ကို ခံစားနိုင်လိမ့်မည်ဟု ထင်ပါသည်။

လက်မောင်းသားများသည် ပျော့ပျောင်းနူးညံ့မှုနှင့်အတူ ခိုင်မြဲ မှုကို ဖော်ပြလျက်ရှိသည်။ လက်ချောင်းများကတော့ ကျွမ်းကျင်သော ပန်းချီဆရာမတစ်ယောက်၏ လက်ချောင်းများ အစစ်အမှန် ဖြစ်သည်။ မျက်လွှာချထားသောကြောင့် ကျွန်တော် ကြည့်ဖူးသမျှ ရုပ်တုတွေ၏ မျက်လုံးလို ကြောင်ကြောင်ကြီး ဖြစ်မနေသော သူမ မျက်ခွံမို့မို့ကလေးများ အလွန်ပြေပြစ်နေပါသည်။ နှုတ်ခမ်းများ၏ အချိုးကျကျ ပြေပြစ်စွာ ပြည့်ဖြိုးမှုသည် ကျွန်တော့်အား အလွန်အံ့ဩစေလျက်ရှိသည်။ ထို နှုတ်ခမ်းများသည် ယခုချက်ချင်း အချိန်မရွေး ပွင့်ဟပြီး တစ်စုံတစ်ခု ပြောပြတော့မလို ထင်ရသည်။ ကျွန်တော်သည် ရုပ်တုကို လက်ဖျားကလေးဖြင့် ထိတို့ ခံစားချင်စိတ်ဖြင့် လှိုက်လှဲစွာ ရင်ခုန်လျက်ရှိ၏။ သို့သော် သူ့ကို ခွင့်တောင်းရမှာ ရှက်စွံ့အားနာ မိသည်။ ထို့အတူပင် ခွင့်မတောင်းဘဲလည်း မထိတို့ရဲပြန်ပါ။ သူ မျက်စိမမြင်ဘူးဟု သေချာပါလျက်နှင့် မျက်မမြင်တစ်ဦးရှေ့တွင် ခိုးကြောင်ခိုးဝှက် မထိတို့ မလှုပ်ရှားရဲပြန်ပါ။ ပိုးစကလေးလေးဖြင့် လှုပ်ခတ်မည် မဟုတ်မှန်းသိလျက်နှင့် တိတ်ဆိတ်စွာ စောင့်ကြည့်နေမိသော ကျွန်တော့်အဖြစ်မှာ ဘယ်လောက် ရယ်မောစရာကောင်းလိုက်သလဲ။ သို့သော် ကျွန်တော် မရယ်မောနိုင်ပါ။





ပြည့်သည်ဆိုနိုင်ရုံ ပါးပြင်ကလေး၏ နူးညံ့မှုကို စိတ်ဖြင့် ခံစားရင်းသာ ကျွန်တော် ငြိမ်သက်နေမိသည်။ ထို့နောက် တဖြည်းဖြည်း ကျွန်တော် ဝမ်းနည်းလာသည်။

လူဆိုသည်မှာ မိမိ၌ရှိသော အရာတစ်ခုကို တန်ဖိုးရှိရှိ အသုံးမချတတ်ဘဲ မိမိ ဘယ်တော့မျှ ရနိုင်မှာမဟုတ်သည့် တစ်စုံတစ်ရာကို မက်မော တမ်းတတတ်သည့် အမျိုးအစားပါလား။

ကျွန်တော့် မျက်လုံးများသည် မျက်ရည်ဖြင့်ဝေဝါး လာ၏။ ကျွန်တော့် ခန္ဓာကိုယ်သည် အင်အားများ ဆုတ်ယုတ်လျက် ပျော့ခွေလာသည်။ ကျွန်တော်သည် ဤနေရာမှ လှည့်ထွက်မှ ဖြစ်တော့မည်ဟု သိလျှင်သိချင်း လှည့်ထွက်ရန် ဟန်ပြင်မိ၏။ သို့သော် အလွန်ရှားပါးသော ကျွန်တော့် မျက်ရည်တစ်စက်သည် ရုပ်ထု၏ ပါးပြင်ပေါ်သို့ ကျသွားခဲ့ပေသေးသည်။ ထိုမျက်ရည်စက်အကြောင်းတော့ ကျွန်တော် ဖွင့်ပြော၍ ဟောင်းပန်စရာ မလိုဘူးဟု ထင်ပါသည်။

တတိယမြောက် ညနေခင်းသည် ကျွန်တော့်အား ကြေကွဲမှုကိုသာ ပေးအပ်ခဲ့သည်။

* * *

(JEAN KENNEDY SMITH နှင့် GEOGGE PLIMTON တို့ရေးသားပြုစုသော CHGONICLES OF COURAGE စာအုပ်မှ MICHAEL NARAJO နှင့် တွေ့ဆုံ မေးမြန်း ခြင်း ကဏ္ဍကို ဖတ်ပြီးနောက် ဤဝတ္ထုကို ဖန်တီးဖြစ်ပါ သည်။ )

[၁၉၉၄ခု၊ ဩဂုတ်လ၊ သရဖူမဂ္ဂဇင်း]

www.burmeseclassic.com

www.burmeseclassic.com

# ပျော်ပွဲစား

သစ်တောတော၏အဝင်သို့ ရောက်သောအခါ သူတို့အားလုံး အတော်အတန် မောပန်းနွမ်းနယ်နေကြပြီဖြစ်သည်။ သို့သော် ခဏအကြာတွင် မောပန်းနွမ်းနယ်သမျှ ဝေဒနာအားလုံး လွင့်ပြယ်ကာ အေးစိမ့်တိတ်ဆိတ်မှု၏ ချမ်းသာသုခကို ကြုံတွေ့ခံစား ရတော့မည်ဖြစ်သည်။ ထိုမျှော်လင့်ချက်ဖြင့် သူတို့၏ မောပန်းမှုကို မေ့ပျောက် ထားနိုင်စွမ်းရှိပါသည်။ တောက်ပစူးရှသည့် နေပြင်းဒဏ်၊ ပူလောင် သည့်သဲပြင်နှင့် ခြောက်သွေ့ကြမ်းရှသော ဖုန်မှုန့်များမှ လွတ်ကင်းရာ ဤကုန်းမြင့် ဒေသကလေးသို့ ရောက်ရတိုင်း သူတို့အားလုံး ချမ်းမြေ့ ကြည်နူးကြရသည်။

ဤနေရာကလေးသည် ရေပတ်လည် မြင်တွေ့နေရသော သူတို့ တံငါရွာကလေးတစ်ဝိုက်တွင် တစ်ခုတည်းသော စိမ်းစိုအေးမြမှုတစ်ခု ဖြစ်သည်။ ဗွီဒီယိုမရှိ၊ ရုပ်ရှင်ရုံမရှိ၊ ကစားကွင်းမရှိ၊ ခမ်းနားသော စားသောက်ဆိုင်မရှိ၊ ဘာဓိမ်ခံပစ္စည်းမျှ မရှိသော



www.burmeseclassic.com

www.burmeseclassic.com



မိမိတို့ ရွာကလေး အနီးရှိ ရှားပါးလှသော အခမဲ့ ပန်းဥယျာဉ်ကြီး သဖွယ် ဖြစ်သောကြောင့် ဤနေရာသို့ လာရောက် အနားယူ အပန်း ဖြေလိုသူများ အလွန် များပါသည်။ မိမိတို့ရွာနှင့် အနည်းငယ်လှမ်း သည့်အပြင် တောင်ကုန်း အမြင့်ကလေး ဖြစ်သောကြောင့် ဤကုန်း မြင့် သစ်တောကလေးသို့ ရောက်ရန် အနည်းငယ် အချိန်ယူရ၏။ ထို့ပြင် လူတိုင်းလူတိုင်းသည် နေ့စဉ် ငါးဖမ်းခြင်းအလုပ် လုပ်နေရ သည်ဖြစ်ရာ အလုပ်ရပ်နားလေ့ရှိသော ဥပုသ်နေ့ရောက်မှသာ ဤ သစ်တော ဥယျာဉ်ကလေးသို့ လာနိုင်ကြ၏။

ရေိယာ သိပ်မကျယ်ဝန်းလှသော ဤတောအုပ်သို့ လာ ချင်သူက များပြားပြီး နေရာအကျယ်အဝန်းက လူဦးရေနှင့် မမျှတ သောအခါ ဥပုသ်ရက်တိုင်း ထိုတောအုပ်တွင် ပြဿနာတစ်ခု မဟုတ် တစ်ခု အမြဲဖြစ်ခဲ့ရသည်။ လူဦးရေ ထူထပ်မှုကြောင့် တစ်မိသားစုနှင့် တစ်မိသားစု နေရာလုယက်ရာမှ ခိုက်ရန်ဖြစ်ပွားခဲ့ရ၏။ အသုံး အဆောင်ပစ္စည်း မှားယွင်းပျောက်ဆုံးခဲ့၏။ တစ်မိသားစု၏ ရယ်မော စကားပြောသံက တစ်ခြားမိသားစု၏ သာယာမှုကို နှောင့်ယှက်သည် ဟု ရန်ဖြစ်ခဲ့ရ၏။ ကြမ်းတမ်းသည့် ကလေးတချို့၏ ပြေးလွှား ခုန်ပေါက် ဆော့ကစားမှုကြောင့် ပျော့နွဲ့ ငြိမ်သက်သော ကလေး တချို့ကို ဒဏ်ရာအနာတရ ဖြစ်စေသည်ဟု မိဘအချင်းချင်း ရန်ဖြစ်ခဲ့ ကြရ၏။ ထိုအခါ ရွာသူကြီးမှာ မိမိရွာသားများ စိတ်ချမ်းသာမှု အတွက် တစ်နည်းတစ်ဖုံ စဉ်းစားခဲ့ရလေသည်။

ရွာမှာ အိမ်ခြေပေါင်း တစ်ရာ့ငါးဆယ်ခန့်ရှိရာ ဤနေရာ ကလေးအား ဥပုသ်ရက်တစ်ရက်လျှင် တစ်အိမ်စီ မျှဝေ၍ ပိုင်ဆိုင်ခွင့် ပေးဖို့ဆိုလျှင် တစ်အိမ်သည် သုံးနှစ်ကြာမှ ဥပုသ်တစ်ရက်သာ ပိုင်ဆိုင်ခွင့် ရလိမ့်မည်။ ထို့ကြောင့် အကောင်းဆုံးနည်းမှာ သဘာဝတူ





က်တူ မိသားစုသုံးလေးစု မိမိတို့အချင်းချင်း သင့်မြတ်စွာ ပူးပေါင်း ၍ အုပ်စုတစ်စုချင်း သီးသန့်ပိုင်ဆိုင် ခွင့်ရှိကြောင်း အခွင့်အရေး ပေးခဲ့၏။ သို့သော် ပြဿနာမှာ မည်သူတို့က မည်သည့်ဥပုသ် ရက်ကို ရွေးချယ်ကြမည်နည်း။ နွေရာသီ ဖြစ်သော်လည်း ငါးပုစွန် အကျများသော ရက်များတွင် ဤတောအုပ်သို့ ပျော်ပွဲစားထွက်ရန် မည်သည့် အိမ်ထောင်စုကမျှ စိတ်ဝင်စားသည် မဟုတ်။ ထိုအခါ ရွာလူကြီးသည် ကံဖြင့် အဆုံးအဖြတ်ပေးသော မဲစနစ်ကို အသုံး ပြုခဲ့၏။ ရိုးအလှသော အောက်ခြေအလွှာမှ တံငါလုပ်သားများ ဖြစ်သောကြောင့် သူတို့သည် မကောက်ကျစ်တတ်ပေ။ ပေါက်မဲကို ငွေကြေးဖြင့် ဝယ်ယူရအောင်အထိ တစ်ယောက်က တစ်ယောက် ထက် ငွေကြေးလည်းမပိုလျှံ၊ လည်ပတ်မှုလည်းမပိုလျှံပေ။ ထို့ကြောင့် လည်း ရွာသူကြီး၏ ကြာမြင့်လှသော သက်တမ်းတစ်လျှောက် ရွာသား အားလုံးသည် မိမိတို့ မိသားစုရရှိသော အခွင့်အရေးထက် ပိုယူရန်လည်း မစဉ်းစားခဲ့ပေ။

ယနေ့အဖို့ သစ်တောအုပ်ကလေးသို့ တစ်နေ့တာ လာ ရောက် အပန်းဖြေခွင့်ရသော မိသားစုသုံးစုလုံးတွင် အလွန်ဆော့သော ကလေးများ ပါဝင်၏။ ကလေးများသည် တောအုပ်အဝင်မှာ ကတည်းက လူကြီးများနှင့် အုပ်စုခွဲကာ မိမိတို့ နှစ်စဉ် ဆော့ကစား ရာ နေရာသို့ရောက်အောင် အပြေးအလွှား လာခဲ့ကြသည်။

ကလေးများ နှစ်သက်သော နေရာသည် လူကြီးများ နှစ်သက်သော နေရာနှင့် လုံးဝကွဲပြား၏။ လူကြီးများက အရိပ် အာဝါသကောင်းပြီး ပန်းရနံ့မွှေးပျံ့သော လေညင်းလည်းတိုက် ခတ်သော အေးမြသည့် သစ်တော အလယ်ပိုင်းကို နှစ်သက်၏။ ထိုနေရာတွင် ပါလာသော စားသောက်ဖွယ်ရာများကို ဖြန့်ခင်းကာ



www.burmeseclassic.com

www.burmeseclassic.com



ကျကျနန ထိုင်သူထိုင်၊ ပုဆိုးစုတ် ဖြန့်ခင်းလျက် လဲလျောင်းသူက လဲလျောင်းဖြင့် အေးချမ်းမှုကို ခံစားကာ စကားစမြည်ပြော ကြသည်။ ကလေးများကတော့ အရိပ်ကိုလည်း မစွဲလန်း၊ နေပူဒဏ်ကိုလည်း မကြောက်ရွံ့၊ သူတို့သည် စွန့်စားချင်ကြ၏။ အားကျချင်ကြ၏။ ငေးမောမျှော်လင့်ချင်ကြ၏။ ထို့ကြောင့် တောအုပ်ကုန်းမြင့်၏ ဟိုမှာဘက်စွန်း တောင်ကြားထိပ်အထိ မနားမနေ ပြေးခဲ့ကြသည်။

တောင်ကြားထိပ်စွန်း လွင်ပြင် ကျဉ်းကျဉ်းကလေးသို့ ရောက်လျှင် သူတို့အားလုံး အလျားမှောက်လိုက်ကြသည်။ နေရောင်သည် သူတို့ နဖူးတည့်တည့်မှ သူတို့ဆီ ထိုးကျလျက် ရှိသည်။ သူတို့သည် နဖူးအထက်တွင် လက်ကာသူကကာ၊ ဦးထုပ်၏ လျှာကို နဖူးပေါ် ဆွဲချသူကချလျက် နေရောင်အောက်က မြင်ကွင်းကို ရုပ်ရှင်ဓာတ်ကားတစ်ခု ကြည့်ရသလို စိတ်ဝင်စားစွာ ကြည့်ရှု နေကြသည်။

ဤတောအုပ်ကုန်းမြင့်၏ အနိမ့်ပိုင်းလွင်ပြင် မြစ်ကမ်းပါးတွင် မြို့တစ်မြို့ တည်ရှိသည်။ မြစ်သည် ဤကုန်းမြင့်ကို ကွေ့ဝိုက်လျက် ကျယ်ပြန့်စွာ စီးဆင်းသွားရာ သူတို့ ရွာကလေး သည်လည်း သည်ဘက် မြစ်ကမ်းပါး သဲသောင်ပြင်၊ ဟိုးက မြို့သည်လည်း မြစ်ကမ်းပါး သည်ဘက်မှာပင် ရှိနေ၏။ သို့သော် မြင့်မားသော တောင်ကုန်း တောအုပ်ကလေး ခြားနေသောကြောင့် ရွာနှင့်မြို့သည် ကုန်းမြေချင်း အဆက်အစပ်မရှိသလို ထင်ရသည်။ လှေသင်္ဘောဖြင့်သာ ဆက်စပ်သွားလာကြသည်။ ကလေးများကတော့ ဤကုန်းမြင့်မှ ကြည့်ရသည့် မြို့ရှုခင်းကို အံ့သြမဆုံး ဖြစ်နေသည်။

အဆောက်အအုံများသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုမြင့်မားလာသည်။ ကစားစရာ ကားရုပ်ကလေးများလိုပင် ဟိုသည်ပြေးလွှားနေသော ကားရောင်စုံများသည် တစ်နှစ်ထက် တစ်နှစ်







ပိုမိုများပြားလာသည်။ တိုက်တာ အဆောက်အအုံများဆီမှ မှန်များသည် နေရောင်ဖြင့် အရောင်လက်နေ၏။ တစ်ခါတစ်ခါ သူတို့ရှိနေသော တောအုပ်ဆီသို့ အလင်းရောင်က လက်ခနဲ ရောက်လာတတ်သည်။

'ဟောဟို မည်းမည်း အကွက်လေးကို မင်း မြင်လား၊ အဲဒါဈေးကြီးကွ၊ အဲဒီမှာ ကစားစရာတွေရော အင်္ကျီတွေရော အစုံရှိတယ်'

မြို့ကို မရောက်ဖူးသော ကလေးတစ်ယောက်ကို ရောက်ဖူးသော ကလေးတစ်ယောက်က ရှင်းလင်းပြနေ၏။

'ဟိုနာရီစင်ကြီးကို မြင်လား၊ အဲဒီပေါ်ကို လှေကားနဲ့တက်လို့ရတယ်ကွ၊ တစ်ခါတုန်းက အဖေက ငါ့ကို အဲဒီ နာရီစင်ကြီးပေါ် ခေါ်သွားဖူးတယ်။ ဟာ အောက်ကို လှမ်းကြည့်လိုက်ရင် သိပ်လှတာပဲကွာ၊ မင်း မြင်စေချင်တယ်'

'ဒီတောင်ကုန်းလောက် မြင့်လားကွာ ကဲ'

'ဒီလောက်တော့ ဘယ်မြင့်မလဲကွ၊ မင်းကလဲ ဒါဃမယ့်'

'ဒါဖြင့် လာပြောမနေနဲ့'

စရောက်ဖူးသော ကလေးက ပြတ်တောက်စွာ တားမြစ်လိုက်သည်။ သူတို့ တစ်ခဏ တိတ်ဆိတ်သွားသည်။ အောက်ဘက်မှ မြင်ကွင်းကို စိုက်ကြည့်နေကြ၏။ မနှစ်ကနှင့် ဘာများ ထူးခြားကွဲပြားနေသလဲဟု သူတို့ စူးစမ်းကြသည်။ မြို့မြင်ကွင်းသည် တစ်နှစ်နှင့်တစ်နှစ် မတူညီပေ။ အမြဲတမ်း ပြောင်းလဲလျက်ရှိသည်ကို သူတို့ သတိထားမိ၏။ ဥပမာ တစ်နှစ်ဆီက အဆောက်အအုံ တစ်ခုသည် လေးထောင့်စတုဂံပုံ ကျကျ ဖြစ်ပြီး နောက်တစ်နှစ်တွင် ထိုအဆောက်အအုံသည်ပင် အောက်ခြေက ပို၍ကျယ်ဝန်းပြီး အပေါ်ပိုင်း အနည်း



www.burmeseclassic.com

www.burmeseclassic.com



ငယ် သေးသွားသော ကျောက်ကျောတုံး ပုံစံ ဖြစ်သွားပြန်၏။ ဥပမာ တစ်နှစ်ဆီက လွတ်လပ်ရေးကျောက်တိုင်၏ ပတ်လည်က ခြံဝန်းသည် ခပ်မြင့်မြင့် ကျောက်တုံးမြုပ်သော တံတိုင်းခြံဝင်းဖြစ်ပြီး နောက်တစ်နှစ်ကျပြန်တော့ ထိုကျောက်တုံးအုတ်တံတိုင်း မဟုတ်တော့ဘဲ အနိမ့်စားအုတ်တံတိုင်းတိုတိုနှင့် ၄င်းအပေါ်မှ သံတိုင်များ ထပ်စိုက် ကာရံထားသော ခြံဝင်းဖြစ်သည်။ ထို့ကြောင့် သူတို့သည် ယနေ့လည်း မနှစ်ကထက် ထူးခြားသော အပြောင်းအလဲ တစ်ခုခု တွေ့ရမလားဟူသော ထူးဆန်းမှုဖြင့် ဟိုဟိုသည်သည် ဆေ့ဝဲ ကြည့်ကြသည်။

ဆိပ်ခံသောတံတားများနှင့် ကုန်လှောင်ရုံများ၏ အရောင်အသွေးမှာ မနှစ်ကအတိုင်းပင် ဖြစ်သည်။ မြစ်ဆိပ် ကမ်းမှာရှိသော လှေများ၊ ကူးတို့သင်္ဘောများဆီမှာ ပုရွက်ဆိတ် ကလေးတွေလိုပင် လူအများ သွားလာ လှုပ်ရှား နေကြသည်။ မြို့ထဲပိုင်း မြင်ကွင်းကို သူတို့ မျက်စိမေး၍ အာရုံစိုက် ကြည့်ကြပြန်၏။ ဤတွင် ထူးခြားမှု တစ်ခုကို တွေ့ရသည်။

ကွက်လပ်ဟူ၍ မရှိသလောက် ပြည့်ကျပ်နေသော အဆောက်အအုံများ အကြားတွင် ကွက်လပ်ကြီးတစ်ခုကို သူတို့ မြင်လိုက်ရ၏။ တစ်ယောက်က လက်ညှိုးညွှန်ပြသည်။ သူတို့အားလုံး ထိုကွက်လပ်ကြီး၏ မူလအရင်းအမြစ်သည် ဘာလဲဟု မသိကြ။ ထိုကွက်လပ်နေရာကို မျက်စိမှာ အလွတ်ကျက်မှတ် ထားဖို့တော့ သတိရကြ၏။ နောင်နှစ် ဤနေရာသို့ လာရသည့်အခါ ယခုလိုပင် သင်္ဘောင်ကြားထိပ်မှ ငုံ့ကြည့်ရသည့်အခါ ဤကွက်လပ်သည် မည်သို့ ပြောင်းလဲသွားမည်နည်း။ တစ်ယောက် နှင့်တစ်ယောက် ထင်မြေး





ပေးကြသည်။ တစ်ယောက်၏အဆိုကို တစ်ယောက်က ငြင်းဆို ကြသည်။

'ကလေးတွေ ထမင်းစားကြမယ်'

တောအုပ်အစပ်မှာ လူကြီးတစ်ဦးက လာရပ်ပြီး သူတို့ကို လှမ်းခေါ်၏။ သူတို့အားလုံး လှည့်မကြည့်အားကြပါ။ အလွန် လှပသော အဆောက်အအုံသစ် တစ်ခုကို မြင်လိုက် ကြသောကြောင့် ဖြစ်သည်။ အဆောက်အအုံသည် အညိုရောင် မှန်များဖြင့် အပြည့် ဖြစ်သောကြောင့် ရုပ်ပုံစာအုပ်ထဲမှာ တွေ့ဖူးသော ခမ်းနားသည့် နိုင်ငံခြား ဟိုတယ်တစ်ခုနှင့် ဆင်တူသည်။ ထိုအဆောက်အအုံကြီးကို မနှစ်က မြင်မိသည်ဟု မထင်ချေ။

'သေချာပါတယ်ကွာ၊ ဒါ အခုနှစ်မှ ဆောက်လိုက်တာပါ'

တစ်ယောက်က မှတ်ချက်ချ၍။ သူတို့အားလုံး ထို အဆောက်အအုံကြီးပေါ် တက်ကြည့်ချင်စိတ်ဖြင့် အားကျစွာ ငေးမော နေကြရသည်။

'ဟေ့ကောင်တွေ လာကွာ၊ ဒီလောက်နေပူနေတဲ့ဟာ အရိပ်ထဲကိုလာ ထမင်းစားဖို့ အချိန်ရောက်နေပြီ'

နောက်တစ်ကြိမ် ထပ်ခေါ်သောအခါ အားလုံး နေရာမှ ထ၍ တောအုပ်ထဲသို့ လိုက်ခဲ့ကြရတော့သည်။

တောအုပ်ထဲသို့ ရောက်ပြန်တော့ သူတို့ ပျော်ကြရ ပါသည်။

ရောင်စုံပန်းများ ပွင့်သည့် မြေကပ်ချုံပင်များ၊ ပင်မြင့်များ၏ ပင်စည်တွင် နွယ်တက် လိမ်ယှက်၍ ပေါက်သော ကပ်ပါးပန်းနွယ် များဖြင့် သစ်တောသည် မွေးပျံ့လျက်ရှိသည်။ ပင်မြင့်များကတော့ အဖိုးတန်သစ်များ မဟုတ်ကြပါ။ ရာဘာပင် အနည်းငယ်သာ



www.burmeseclassic.com

www.burmeseclassic.com



ပါဝင်သည်။ ပိန္နဲပင်နှင့် သရက်ပင် အနည်းငယ်ပါဝင်သည်။ သူတို့ အဘိုးများ စိုက်ခဲ့သော သစ်ပင်များဟု သိရပါသည်။

'တို့အဖေတွေ အဘိုးတွေက မင်းတို့နဲ့ မင်းတို့သားသမီးတွေအတွက် စိုက်ခဲ့ကြတာ' ဟု အဖေတို့က ပြောစဉ် သူတို့ တအံ့တသြ ခေါင်းညိတ်ခဲ့ရသည်။ သူတို့ သိပ်စိတ်မဝင်စားပါ။ ကမ်းခြေက အုန်းသီးများလောက် သူတို့ မက်မောခြင်းမရှိပါ။

သူတို့ ရောက်သောအခါ ထမင်းဝိုင်းသည် အဆင်သင့်ဖြစ်နေပြီ။

ငါးကင်နံ့သည် မွှေးပျံ့လျက်ရှိသောကြောင့် သူတို့ ထမင်းဆာလာသည်။ သူတို့အစ်ကိုတစ်ယောက် ရလာသော ငှက်တစ်ကောင်ကို သူတို့အားလုံး မျှဝေစားကြသည်။ လူကြီးများက တောထဲက ဟင်းရွက်ဖြင့်ချက်သော ဟင်းချိုကို မြိန်ရည် ယှက်ရည် သောက်နေကြစဉ်တွင် သူတို့က တစ်ကောင်တည်းသော ပုစွန်ထုပ် မီးကင်ကို ဝေခွဲ၍ မတည့်နိုင်ဘဲ ဖြစ်နေသည်။ သူတို့သည် ရေချိုပုစွန် ဖမ်းရာ၌ ကျွမ်းကျင်ကြသောကြောင့် မကြာခဏ မိပါသည်။

သို့သော် ပုစွန်မှာ ဈေးအလွန်ရသောကြောင့် သူတို့ မစားရပါ။ တစ်နှစ်တွင် တစ်ခါလောက်သာ စားခွင့်ရသော ပုစွန်ထုပ်ကို သူတို့ အလွန်မက်မောသည်။

လေညင်းသည် အရပ်ရှစ်မျက်နှာမှ တိုက်ခတ်နေသည် ဖြစ်ရာ သူတို့အားလုံး လေညင်း၏ ချော့သိပ်မှုကြောင့် ထမင်းစားရင်းပင် မျက်တောင်များစင်းလာ၏။ စကားသံများ တဖြည်းဖြည်း တိတ်ဆိတ်သွားသည်။ ထမင်းလုတ်များ တဖြည်းဖြည်း နှေးကွေးသွားသည်။ နေသည် သစ်ပင်ပေါ် တည့်တည့်သို့ တဖြည်းဖြည်းချင်း





ရောက်လာပြီး ထိုမှတစ်ဆင့် အနောက်ဖက်သို့ ရွှန်းထွက်စပြုလာသည်။

ထို့နောက်တော့ သူတို့အားလုံး တောအုပ်အလယ်တွင် အေးချမ်းစွာ လဲလျောင်း လိုက်ကြသည်။ မွှေးပျံ့သော ပန်းရနံ့သည် သူတို့ကို အိပ်မွေ့ချလျှက်ရှိသောကြောင့် သူတို့အားလုံး ခဏအကြာတွင် အိပ်မောကျသွားလေသည်။ ကလေးများက တစ်နေရာ၊ လူကြီးများက တစ်နေရာဖြစ်၏။ ကလေးများသည် တောအုပ်၏ မြို့ဘက်နီးသောအစွန်း၌ စုဝေးအိပ်ပျော်ကြပြီး လူကြီးများက ရွာဘက်နီးသော အစွန်း၌ စုဝေးအိပ်ပျော် နေကြသည်။

ကလေးများ၏ အိပ်မက်က လှပသည်။ နှစ်စဉ် မက်နေကျ အိပ်မက်များလည်း ဖြစ်သည်။

သူတို့သည် အိပ်မက်ထဲတွင် ခမ်းနားသော အဆောက်အအုံကြီးများအတွင်း လှည့်ပတ် သွားလာလျက်ရှိ၏။ သူတို့၏ ပိုက်ကွန်များ၊ ရွက်ဖျင်တဲများ၊ ခနိုမိုး ခနိကာတဲများ၊ ဝါးကွပ်ပျစ်များသည် သူတို့၏ နောက်တွင် မှုန်ဝါးစွာ ကျန်ခဲ့၏။ မိုးထိမြင့်လုနီးပါး အဆောက်အအုံ ဝရန်တာ တစ်ခုတွင် သူတို့ရပ်၍ မြင်ကွင်းကို အံ့မခန်း ငေးမောကြည့်နေကြသည်။ မြစ်ပြင်သည် ကွေ့ဝိုက်လျက် တဖြည်းဖြည်း ကျယ်ကျယ်လာပြီး ဟိုးအဝေးမှာ ပင်လယ်ဆီသို့ ပူးပေါင်းသွားသည်။

သူတို့သည် မြစ်ပြင်ပေါ်က လှေငယ်များပေါ်တွင် သူတို့ အဖေများ အစ်ကိုများကို လှမ်းမြင်ရ၏။ သူတို့ ခုန်ပေါက် ပျော်ရွှင်စွာ လှမ်းအော်ပြီး လက်ပြဝှေ့ယမ်းကြသည်။ အဖေတို့က မော့ကြည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



ရယ်မောလျက် ရှိသည်။ မှန်ပြတင်းများ အတွင်းသို့ သူတို့ ရောက်သွားပြန်၏။ ကောင်းကင်သည် သူတို့နှင့် လက်တစ်ကမ်းမှာ ရှိနေသည်။

တိမ်များသည် အဆုပ်လိုက် အဆုပ်လိုက် သူတို့ အခန်းတွင်းသို့ ဝင်ရောက်လာသည်။ သူတို့ တိမ်တွေကို လက်နှင့် ဆုပ်ကိုင် ဖမ်းယူကြသည်။

လှပသော ရောင်စုံတိုက်များ၏ ခေါင်မိုးမြင်ကွင်းများကို သူတို့၏ အောက်တွင် မြင်နေရသောအခါ သူတို့ ပျော်ရွှင်ကြ၏။ အသံကုန်ဟစ်ကာ အော်ဟစ် စကားပြောသော်လည်း လေတိုက်ခတ်မှု ပြင်းထန်သောကြောင့် ဆူညံသံများကိုသာ ကြားရ၏။ စကားသံ သဲကွဲခြင်းမရှိ။ အသံများသည် တဖြည်းဖြည်း ပို၍ပို၍ ဆူညံလာကြသည်။

ထို့နောက် ကလေးများ အိပ်ပျော်ရာမှ ရုတ်တရက် နိုးလာကြသည်။

သူတို့သည် အပြင်လောကမှာလည်း တကယ်ပင် အသံများ ကြားနေရသည်။ အသံများသည် သူတို့ဆီသို့ တဖြည်းဖြည်း နီးလာကြ၏။ မြို့ရှိရာ အရှေ့ဘက်ဆီမှ ဖြစ်သည်။ သူတို့ တစ်ယောက်ကို တစ်ယောက် အကြည့်ချင်း ဖလှယ်လိုက်ပြီး တိတ်တဆိတ် ထရပ်လိုက်ကြသည်။ ထို့နောက် တောအုပ်အစွန်းသို့ သွားရောက်နားထောင်ရန် ခြေလှမ်းပြင်လိုက်ကြသည်။ ထိုအချိန်မှာပင် တောအုပ် အစပ်ဆီမှ ကျယ်လောင်သော စကားသံများနှင့် ဖိနပ်သံများကို ကြားရသည်။

'ကျွန်တော် ပြောတယ် မဟုတ်လား၊ တော်တော် အေးချမ်းတဲ့ နေရာပါဆို'





'လေတော်တော် ကောင်းတာပဲဗျ၊ တော်တော် သန့်စင်တဲ့လေ'

ကလေးများသည် တဖြည်းဖြည်းနီးလာသော လူစုကို တိတ်ဆိတ်စွာပင် ရပ်ကြည့်နေကြ၏။ မြို့ပေါ်မှ လူများဖြစ်ကြောင်း သူတို့ သိလိုက်ကြသည်။ အဝတ်အစား တောက်ပသစ်လွင်ပြီး ရှုံ့ကျကျ ဝတ်ဆင်ထား၏။ လူတစ်ယောက်က နဖူးထိပ်မှာ ဆံပင်မရှိ။ တစ်ယောက်က လက်မှ တောင်ဝှေးလိုလို တွတ်တုတ်တံ ဘစ်ခုကို ဟန်ပန်ကျကျ ကိုင်ထား၏။ တစ်ယောက်က လက်နှစ်ဖက်ကို ဆန့်၍ ရင်ကိုဖွင့်ကာ အသက်ကို အားရပါးရ ရှူလိုက်သည်။

'တောင်ကုန်း အတက်လမ်းကတော့ နည်းနည်း မတ်တယ်နော်'

ကလေးများ မသိမသာ နှာခေါင်းရှုံ့လိုက်ကြ၏။ မိမိတို့ ရွာဘက်က အတက်လမ်းသည် ပို၍ မတ်စောက်ကြောင်း သူတို့ ပြောပြချင်သည်။ သို့သော် မပြောဖြစ်ပါ။ နောက်ဆက်တွဲ စကားတစ်ခွန်းကို ကြားလိုက်ရသောကြောင့် ဖြစ်သည်။

'ကိစ္စမရှိဘူး၊ လမ်းပြင်တာက မကြာပါဘူး'

ထိုအုပ်စုသည် ကလေးများကို မျက်စိရှန်းကာ ကြည့်လျက် မမြင်သလိုပင် ဖြတ်ကျော်သွားကြ၏။ ကလေးများသည် မိမိတို့ မိခင်၊ ဖခင်များကို သွားနှိုးရန် စိတ်ကူးသေးသည်။ သို့သော် သူတို့ သွားနှိုးစရာ မလိုပါ။ ထိုအုပ်စုက ပေကြိုးများဖြင့် ကုန်းမြင့်လွင်ပြင်ကို ဟိုဘက်သည်ဘက် အရပ်လေးမျက်နှာ တိုင်းထွာရန် ကြိုးစားချိန်တွင် လူကြီးများ နိုးလာကြသည်။ သူတို့သည် အနည်းငယ် ကြောင်အစွာ ခဏငေးမောနေပြီးနောက် အလိုက်သိသဖြင့် မိမိတို့ အိုးခွက်ပန်းကန်များကို စတင် သိမ်းဆည်းတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



‘ကဲကဲ ရေိယာ စုစုပေါင်းကို တွက်ကြည့်ကြရအောင်’

မိမိတို့၏ ဥပုသ် ပျော်ပွဲစား တစ်နေ့တာသည် ဤမှာပင် ပြီးဆုံးသွားပြီဟု သူတို့အားလုံး သဘောပေါက်သွားကြ၏။ ထူးဆန်းသည်မှာ ထိုအုပ်စုသည် ကလေးများကိုသော်လည်းကောင်း၊ လူကြီးများကိုသော်လည်းကောင်း၊ မိမိတို့၏ ပတ်ဝန်းကျင်တွင် ရှိသည်ဟု အသိအမှတ် မပြုခြင်းပင်ဖြစ်သည်။

‘သူတို့ ဒီတောအုပ်ကလေးကို ဘာလာလုပ်ကြတာလဲ’

ကလေးတစ်ယောက်က တီးတိုးသံဖြင့် မေး၏။

‘မသိဘူး၊ ပျော်ပွဲစားထွက်တာတော့ မဟုတ်ဘူးကွ’

‘ပေကြိုးနဲ့ တိုင်းနေတာကွ၊ သစ်ပင်တွေ ခုတ်ဖို့လား’

‘မဖြစ်နိုင်ဘူး၊ ဒီသစ်ပင်တွေက ရောင်းစားလို့မှ မရဘဲ’

သူတို့ ဦးနှောက်ခြောက်အောင် စဉ်းစားနေကြရသည်။ သစ်ပင်တွေကို ခုတ်မယ်ဆိုရင် သစ်ပင်တွေကို ပေကြိုးနဲ့တိုင်းမှာပေါ့ဟု တစ်ယောက်က ရှင်းပြသောအခါ သူတို့အားလုံး လက်ခံကြ၏။

‘ဒါဖြင့် အိမ်တွေ ဘာတွေ ဆောက်မလို့များလား’

တစ်ယောက်က ထင်မြင်ချက်ပေးသည်။

‘ဟ အိမ်ဆောက်ရင် ရေက ဘယ်ကရမှာလဲ၊ သောက်ရေ၊ ချိုးရေ’

အားလုံးက ထိုကလေးကို အလှချည်လား ဟူသော မျက်နှာထားဖြင့် ငိုင်းကြည့်ကြ၏။

‘ဟာ…မင်းကလဲ လျှပ်စစ်မော်တာနဲ့ အမြင့်ကြီးကို ရေတင်လို့ ရတယ်ကွ၊ ငါတွေ့ဖူးတယ်၊ ခလုပ်ကလေး နှိပ်ရုံနဲ့ ရေတွေတက်လာတာ၊ ရေပုံးနဲ့တောင် ခပ်စရာမလိုဘူး’

‘အံမယ် ဒါတော့ ငါ သိပါတယ်’





ထို့နောက် သူတို့သည် ထိုအုပ်စု၏ မသဲမကွဲ ပေးသွားသော စကားများကို နားထောင်ရင်း ဇဝေဇဝါဖြစ်နေကြသည်။

‘ရှခင်းက တော်တော်လှတာပဲဗျာ၊ ဟောဟိုမှာ ကြည့်ပါဦး၊ ပင်လယ်ဝကို လှမ်းမြင်နေရတယ်၊ အကောင်းဆုံး နေရာပဲဗျ’

‘ကျောက်လွှာမြေ ပါပုံမရဘူးနော်’

‘နေထွက်တာနဲ့ နေဝင်တာကို ကောင်းကောင်း ခံစားလို့ရတာပေါ့’

‘စည့်သည်တွေ တော်တော်သဘောကျမှာ သေချာတယ်’

ကလေးများသည် အနည်းငယ် မတင်မကျ ဖြစ်လာ၏။ ဤတောအုပ်သို့ သူတို့ နောက်နှစ်တွင် ပျော်ပွဲစားလာရန် ဖြစ်မှ ဖြစ်နိုင်ပါ့မလားဟု သံသယ ဝင်လာကြသည်။

‘အပြန်ကျရင် သူကြီးကို တိုင်ပြောတာပေါ့ကွာ’ ဟု ကလေးတစ်ယောက်က အားပေးနှစ်သိမ့်သလို ပြောတော့ ကလေးအားလုံး သူ့အား ဝိုင်းဟားကြ၏။ ထို့နောက် မိဘများရှိရာ တောအုပ်အလယ်သို့ လေးကန်သော ခြေလှမ်းများဖြင့် လျှောက်လာကြသည်။

‘ဒီနေရာကို ငါတို့ရွာက ပိုင်တာပါကွာ၊ သေချာပါတယ်’

ကလေးတစ်ယောက်က ယုံကြည်စိတ်ချမှု အပြည့်ဖြင့် ဖြေသိမ့်၏။ သို့သော် အခြားတစ်ယောက်က သူ့ကို ဆတ်ခနဲ လှမ်းကြည့်လိုက်သည်။

‘ရှူး တိုးတိုးကွ၊ ကြားသွားဦးမယ်၊ မဟုတ်ဘူး၊ ငါတို့ရွာကိုတောင် သူတို့မြို့ကပဲ ပိုင်တာတဲ့၊ အဖေက ငါ့ကို ပြောဖူးတယ်’



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကလေးများ တိတ်ဆိတ်သွားကြသည်။ ခမ်းလှမ်းလှမ်းမှာ သူတို့မိဘများက သူတို့ကို စောင့်နေ၏။ လူကြီးများထံမှ တစ်ခုခု အဖြေသိရနိုးနှင့် မျှော်လင့်ခဲ့သော ကလေးများသည် ဘာအဖြေမှ ရမလာခဲ့ပေ။ လူကြီးများ၏ မျက်နှာ အားလုံး ဗလာ ဖြစ်နေသည်။ သူတို့ ပတ်ဝန်းကျင်သစ်ပင်များ အလွန်၌ ခြေသံများ၊ စကားသံများ၊ ရယ်မောသံများသည် သူတို့နှင့် နီးလာလိုက် ဝေးသွားလိုက် ရှိသည်။

နေရောင်သည် အနောက်ဘက်မြစ်ကမ်းခြေရှိရာသို့ လျင်မြန်စွာ ကျဆင်းလာ၏။ ကောင်းကင်မှ တိမ်အဆုပ်များ အောက်ခြေတွင် လိမ္မော်ရောင် တောက်ပလျက်ရှိသည်။ သူတို့အားလုံး ဤတောအုပ်မှ ထွက်ခွာရန် အချိန်ရောက်ပြီ။

သူတို့၏ တစ်နှစ်တစ်ခါ ရရှိသော ဥပုသ်ရက် အချိန်နာရီသည် ကုန်ဆုံးသွားပြီ ဖြစ်သည်။

[၁၉၉၄ခု၊ စက်တင်ဘာ၊ စာပေဂျာနယ်]

## သမီး

အဘွားနှင့်ပတ်သက်၍ ကျွန်မ၏ အာရုံထဲ၌ အစွဲဆုံး၊ အမှတ်မိဆုံး အဖြစ်အပျက်မှာ အဘွား၏ အသုဘဖြစ်သည်။

အဘွားသည် ကျွန်မ စတုတ္ထတန်းအရွယ် (အဘွားအသက် ၈၂ နှစ်) ၌ ကွယ်လွန်သွားခဲ့သည်။ အဘွားဆုံးသည့်နေ့က မေမေ့ မျက်ရည်ကို ကျွန်မ ပထမဆုံးအကြိမ် မြင်ဖူးခဲ့ရခြင်း ဖြစ်သည်။ ကျွန်မဘဝတွင် မေမေ့အပေါ် သနားညှာတာစွာ ကြင်နာလိုစိတ် ပထမဦးဆုံးအကြိမ် ပေါ်ပေါက်ခဲ့ရသော အချိန်လည်းဖြစ်သည်။

အဘွားဆုံးချိန်ကတော့ အဘွားအပေါ် သိပ်စိတ်ဝင်စားခဲ့မိခြင်း မရှိသေးကြောင်း ကျွန်မ ဝန်ခံပါသည်။ အဘွားကွယ်လွန်ပြီး နောက်ကျမှ အဘွားအပေါ် တဖြည်းဖြည်း စိတ်ဝင်စား လာခဲ့သည်။ လူကြီးသူမတစ်ယောက်က "ကလေးမ အဘွားကို မြင်ဖူး လိုက်သလား" ဟု မေးလာလျှင် ဂုဏ်ယူစွာဖြင့် 'မြင်ဖူးတာပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



အဘွားကို ကောင်းကောင်း သိလိုက်တာပေါ့” ဟု ဖြေခဲ့နိုင်၏။ ထိုအချိန်မှာ မေမေက ကျွန်မကို ပြုံး၍ ကြည့်နေခဲ့သည်။

ကျွန်မ အသက်ဆယ်နှစ်အရွယ်အထိ အဘွားသက်ရှိထင်ရှား ရှိခဲ့သောကြောင့် ကျွန်မ ကံကောင်းသည်ဟု တွေးမိသည်။ ကျွန်မ သမီးကလေး ပုံ့ပုံ့ကတော့ ကျွန်မလောက် ကံမကောင်းပါ။

သူ့အဘွား (ကျွန်မ မေမေ) သည် သူ လူ့လောကထဲ မရောက်မီကပင် ကွယ်လွန်သွားခဲ့ပြီ ဖြစ်သည်။

အဘွားအကြောင်းကို စဉ်းစားရသည်မှာ အလွန်ဟောင်းနွမ်းရှေးကျသည့် ကော်ပီခပ်ညှံ့ညှံ့ ရုပ်ရှင်ကားတစ်ခုကို ပြန်ကြည့်ရသလို မှုန်တီမှုန်ဝါး အဆက်အစပ်မရှိ ဖြစ်နေတတ်သည်။ ကျွန်မမှာရှိသော အဘွား၏ တစ်ခုတည်းသော ဓါတ်ပုံကြီးမှာ အဘွားဘဝသို့ ရောက်ရှိပြီးမှ ကျွန်မ၏ဖေဖေက ရိုက်ပေးသော ဓါတ်ပုံဖြစ်သောကြောင့် မျက်နှာတွင် အရေးအစင်းပေါင်းများစွာဖြင့် တွန့်ခေါက်လျက်ရှိပြီ ဖြစ်သည်။ အိုမင်းသော အသက် (၇၀) အရွယ် အဘွားတစ်ယောက်၏ ဓါတ်ပုံကိုကြည့်ပြီး သူမငယ်ရွယ်စဉ်ကရုပ်ကို ခန့်မှန်းပုံဖော်ကြည့်ရသည်မှာ တစ်မျိုးစိတ်ဝင်စားစရာ ကောင်း၏။

ကျွန်မ ပုံဖော်၍ရရှိသော မငွေနိုင်သည်ႇ အရပ်မြင့်မြင့် ကိုယ်ခန္ဓာ ခပ်တောင့်တောင့်တင်းတင်း၊ အသား ခပ်လတ်လတ်ဖြစ်သည်။ နဖူးက မဟာနဖူး ခပ်ကျယ်ကျယ်၊ မေးရိုးက အနည်းငယ်ပေါ်လွင်ပြီး မျက်နှာသွယ်မယောင်ယောင်၊ လေးထောင့်ကျမယောင်ယောင်ရှိသည်။

မျက်တောင့်ရှည်ရှည်များက ကော့ပျံမနေဘဲ ခပ်စင်းစင်းဖြစ်သော်လည်း မျက်လုံးကတော့ မည်းနက်တောက်ပသည်။ကိုယ်ခန္ဓာ





အင်အား၊ စိတ်ဓါတ်အင်အား ပြည့်စုံသူဖြစ်လိမ့်မည်။ ဘာကြောင့်လဲ ဆိုတော့ မငွေနိုင်၏ဘဝတွင် လင်ယောကျ်ားမပါဘဲ မိမိကိုယ်တိုင်သာ စည်းစိမ်ချမ်းသာကို ရှန်းကန်ရှာဖွေခဲ့ရသောကြောင့် ဖြစ်သည်။

အဖွားသည် ဧရာဝတီမြစ်၏ အနောက်ဖက်ကမ်းရှိ ဟိုစဉ်က ရွာကြီးတစ်ရွာဖြစ်ခဲ့ပြီး ယခုမြို့တစ်မြို့ဖြစ်နေသော ကုန်းစောင်းတွင် မွေးဖွားကြီးပြင်းခဲ့သူ ဖြစ်သည်။ အဘွား၏ မိဘများ အကြောင်းကို ကျွန်မ ကောင်းကောင်းမသိပါ။ စားနိုင်သောက်နိုင် သိပ်မပိုလှံ့သော မိဘများဟုသာ သိခဲ့ရသည်။ အဘွားမည်သည့် အရွယ်တွင် အိမ်ထောင်ကျခဲ့သည် ဆိုတာလည်း ကျွန်မ မသိ။ အဘွား၏ ခင်ပွန်းမှာ ဦးငွေနှင်းဟု သိရသည်။ အဘိုးနှင့်ပတ်သက်သမျှ ကျွန်မ သိခဲ့ရသည်မှာ အဘိုး၏နာမည်တစ်ခုသာ ဖြစ်ပါသည်။

အဘိုးကို ကျွန်မ မမြင်ဖူးပါ။ အဘွားဆီမှာလည်း အဘိုး၏ ဓါတ်ပုံ မရှိပါ။ အဘွားတို့ခေတ်တုန်းက ဓါတ်ပုံပေါ်ခါစ ဖြစ်သောကြောင့် ကုန်းစောင်းရွာကလေးမှာ ဓါတ်ပုံခေတ်မစားသေး၍ ဖြစ်နိုင်ပါသည်။ သို့မဟုတ် အဘိုးနှင့်နှစ်ယောက်တွဲ ဓါတ်ပုံရိုက်ခဲ့ပြီး ဓါတ်ပုံကို အဘွားက မီးရှို့ပစ်ခဲ့တာလည်း ဖြစ်နိုင်ပါသည်။ လင်ယောကျ်ား၏ ဓါတ်ပုံကို ဇနီးဖြစ်သူက မီးရှို့ပစ်နိုင်ပါသလားဟု မေးလာလျှင်တော့ အဘွားမှာ မီးရှို့ပစ်ရန် လုံလောက်သော အကြောင်းပြချက်တစ်ခု ရှိနေခဲ့ရသည်ဟု ပြောနိုင်ပါသည်။

အဘိုးသည် အဘွားထံမှ (မေမေ ခုနစ်နှစ် သမီးအရွယ်ကတည်းက) ထွက်ခွာသွားသည်မှာ အဘွား သေဆုံးသည်အထိ အဘွားထံ ပြန်ရောက်မလာခဲ့ပါ။

“အောက်ပြည်အောက်ရွာကို ကုန်ကူးသွားမယ်ဆိုပြီး ထွက်သွားတာပဲတဲ့ သမီးရယ်”



www.burmeseclassic.com

www.burmeseclassic.com



အဘိုးအကြောင်း ကျွန်မ မေမေ့ကိုမေးတော့ မေမေက အဲသည်လို ဖြေခဲ့ဖူးပါသည်။

မေမေ အဘိုးကိုမှတ်မိနေလားဟု ကျွန်မ မေမေ့ကို မေးကြည့်တော့ မေမေက အနည်းငယ် ဇဝေဇဝါဟန်ဖြင့် စဉ်းစားနေသည်။

"မေမေမှတ်မိသလောက်တော့ အဖေက ပျော်တတ်တယ်။ မေမေ့ကို သူ့ပခုံးပေါ်မှာ ထိုင်ခိုင်းပြီး သားအဖနှစ်ယောက် ရွာထဲမှာ လျှောက်သွား ကြဖူးတယ်။ အဖေက အမြဲပြုံးနေတာပဲ။ အဖေနဲ့ ပတ်သက်ပြီး မေမေမှတ်မိသမျှတော့ အဖေ့အပြုံးပါပဲ"

အမြဲပြုံးနေသော၊ သဘောကောင်းသော၊ ပျော်တတ်သော အဘိုးသည် အဘွားကိုပစ်ပြီး ဘာ့ကြောင့် ထွက်သွားရပါလိမ့်။

"အဘွားနဲ့အဘိုးနဲ့ ရန်တွေဘာတွေဖြစ်ဖူးလား မေမေ"

"မေမေ သိတတ်တဲ့အရွယ်မှာတော့ တစ်ခါမှ မတွေ့ဖူးပါဘူး"

"အင်းလေ မေမေက ခုနစ်နှစ်သမီးဆိုတော့ သိပ်မမှတ်မိတာ ဖြစ်မှာပေါ့"ဟု ကျွန်မက အကြောင်းရင်းခံကို ဖွတ်ဆွဲယူဖြည့်စွက်ချင်စိတ်ဖြင့် မှတ်ချက်ချမိသည်။

အဘွားက ငါးပိ၊ ငါးခြောက်ကို သင်္ဘောဆိုက်စဉ်သွားဝယ်ပြီး ဈေးထဲမှာ ပြန်ရောင်းသည့် အလုပ်ကိုလုပ်၏။ ကုန်းခေါင်းနှင့် တစ်ဆက်တည်းကပ်လျက် သံကိုင်းရွာမှာ ကုန်သင်္ဘောများ၊ ကူးတို့သင်္ဘောများ ဆိုက်ကပ်ကြသောကြောင့် အနည်းငယ် အလှမ်းဝေးသည်ဟု ဆိုနိုင်ပါသည်။ သင်္ဘောပေါ်တက်၍ ကုန်ဝယ်ရာမှ ထိုသင်္ဘောဖြင့် (အောက်ပြည်အထိ) လိုက်သွားပြီး ကုန်ကူးရန်အဘိုးစိတ်ကူးရ သွားသည်မှာ ဖြစ်တန်ရာသော အကြောင်းတစ်ခုဖြစ်သည်။





"မငွေနိုင်ရေ ငါ သင်္ဘောနဲ့ ခဏလိုက်သွားဦးမယ်"

ထိုစကားသည် အဘွားကြားလိုက်ရသော အဘိုး၏နောက်ဆုံးစကားဖြစ်သည်။ အဘွားသည် ခုနစ်နှစ် သမီးအရွယ် တစ်ဦးတည်းသော သမီးကလေးကို ရင်ခွင်မှာပွေ့၍ ခင်ပွန်းသည်ကို နေ့စဉ်မျှော်နေခဲ့လိမ့်မည်။ သင်္ဘောဆိုက်ကပ်ချိန်တိုင်း ကုန်သွားဝယ်ရင်း သင်္ဘောပေါ်မှ ဆင်းလာမည့်ခင်ပွန်းသည်ကို ရှာဖွေမျှော်လင့်မိလိမ့်မည်။ ရက်မှ လသို့ ထိုမှတစ်ဆင့် နှစ်သို့ကူးလာသောအခါ အဘွားဝမ်းနည်းနာကျင်ရလိမ့်မည်။ လူကြုံဖြင့် သင်္ဘောကြုံဖြင့် အမှာပါးလိုက်သည့်စာကို အဘွားမျှော်လင့်လိမ့်မည်။ စာလည်းမရောက်လာ၊ လူလည်းမရောက်လာဖြင့် နှစ်ပေါင်းများစွာ ကြာလာသည့်အခါမှာ အဘွားသည် အဘိုးတစ်စုံတစ်ရာ မတော်တဆဖြစ်သွားလေသလားဟု ပူပန်သောက ကတစ်ဖက်၊ စွန့်ပစ်ချန်ထားရက်လေခြင်းဟု ဝမ်းနည်း နာကြည်းမှုကတစ်ဖက် အဘွားဘယ်လိုများ ရင်ဆိုင်ဖြတ်ကျော်ခဲ့ပါလိမ့်။ လင်ပစ်မဟု ပတ်ဝန်းကျင်၏ ကဲ့ရဲ့ စကားတင်းများကို အဘွားဘယ်လိုချေပခဲ့ပါလိမ့်။

အဘွား၏ ကျွန်မ မသိလိုက်ရသော ကုန်လွန်ပြီးသည့်ဘဝကို ကျွန်မ အလွန်စိတ်ဝင်စားလာချိန်တွင် ကျွန်မအားမှာ အဘွားမရှိတော့တာ နှစ်ပေါင်းကြာခဲ့ပြီ။

အဘွားသည် အဘိုးကို မိမိချစ်မြတ်နိုး၍ လက်ထပ်ယူခဲ့သလား။ သို့မဟုတ် မိဘသဘောကျ စီစဉ်ပေး၍ လက်ထပ်ခဲ့ရတာလား။ ထိုမေးခွန်းကို အဘွားအားမေးဖို့ မဖြစ်နိုင်တော့သောအခါ မေမေ့ကို မေးခဲ့မိ၏။ မေမေက မှန်းဆပုံဖော်သော မျက်လုံးများဖြင့် ကြည်လင်စွာပြုံးရင်း စိတ်လိုလက်ရဖြေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဖေကအမေ့ကို စုံမက်ပြီး လူကြီးစုံရာနဲ့ တောင်းယူတာ ဘဲ။ မေမေ့အထင်တော့ သမီးအဘွားကလည်း သဘောကျ ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဖေကကန်တော့ပွဲနဲ့ လာတောင်း တဲ့နေ့အကြောင်း ပြန်ပြောတိုင်း အမေ့မျက်လုံးတွေက လက်နေတာ ပဲလေ"

"အဘွားက အဘိုးကို ချစ်တယ်ပေါ့"

"အင်း မေမေ အဲလိုထင်တာပဲ။ မေမေ တစ်ခါမှ မမေး ဘူး။ မေးလည်း မမေးရဲပါဘူး သမီးရယ်"

ချစ်သည် ဟုပဲထားလိုက်ကြပါစို့။ အဘွားနဲ့အဘိုး ဘယ်မှာ တွေ့ကြတာလဲ ဆိုသည့် မေးခွန်းကတော့ အဖြေမရှိခဲ့ပါ။ အဘွားက ဣန္ဒြေကြီးသည်။ မျက်နှာထားတည်သည်။ မေမေကအဘွားကို(ကျွန်မ က မေမေ့အားမေးသလို) ပေါက်တတ်ကရတွေ လျှောက်မေး ရဲမှာ ဟုတ်။ ဒါကြောင့်လည်း မေမေ ဘာမျှသိနိုင်မည်မထင်ပါ။ထို့ပြင် မေမေသိတတ်စအရွယ်မှာ ဖခင်မဲ့ခဲ့ရသောကြောင့် မိခင်ခံစားရသည့် ရဝေဒနာသည် **မေမေ့ထံ**လွှယ်ကူစွာ ကူးစက်နာကျင်ခဲ့လိမ့်မည်။ ထိုအခါ **ဖခင်အကြောင်း** တစ်ခွန်းတစ်ပါဒမျှ မစပ်စုခြင်းသည် **အကောင်းဆုံး**ဟု မေမေ သဘောပေါက်ခဲ့လိမ့်မည်။

**မေမေနှင့်**အဘွားသည် အားလပ်သောအချိန်တွင် ဖခင် **အကြောင်းပြော**သည့် စကားမှလွဲ၍ အခြားစကားများကိုပြော နေခဲ့ကြ လိမ့်မည်။**မေမေ့ကို** စတုတ္ထတန်းအထိ ပညာသင်စေခဲ့ပြီး **စတုတ္ထတန်း** **အောင်ပြီးနောက်** ကျောင်းမှနုတ်ခဲ့သော အဘွားသည် **မေမေ့အား** ကျွမ်းကျင်သော ဈေးသည်တစ်ယောက်ဖြစ်လာရန် **အချိန်နှင့်အမျှ** သွန်သင်ဆုံးမခဲ့လိမ့်မည်။ သားအမိနှစ်ယောက် **ဈေးဆိုင်အတူခင်းကြ** မည်။ ဆိုင်ခန်း တစ်ခန်းမှနှစ်ခန်း ဖြစ်အောင် ကြိုးစားခဲ့သည့်အခါ





ဖခင်အကြောင်းသည် နှစ်ယောက်လုံးအတွက် မလိုအပ်သော ကဏ္ဍ တစ်ခုဖြစ်ခဲ့မည်။ ငါးပိငါးခြောက်ကို စိတ်နာချင် နာနိုင်သောအဘွား သည် ငါးပိငါးခြောက်ဈေးသည် အဖြစ်မှ အဝတ်အထည်သည်ဖြစ် အောင် ကြိုးစားပြောင်းလဲခဲ့တာ အံ့သြစရာမရှိပါ။

"အဘိုးနဲ့အဘွား သင်္ဘောပေါ်မှာ ကုန်ဝယ်ရင်းတွေ့တာ ဖြစ်နိုင်တယ် မေမေ"

ကျွန်မအတွက် အလွန်အရေးကြီးသော အဘိုးနှင့် အဘွား တွေ့ဆုံသည့်ဖြစ်ရပ်သည် မေမေ့အတွက်တော့ မသိလိုက် မသိဘာ သာ သဘောထားနိုင်သော ကိစ္စသာဖြစ်သည်။

"အင်းလေ ဒါလည်း ဖြစ်နိုင်တာပါပဲ" ဟု အေးဆေး ငြင်သာစွာ အမေသဘောတူခဲ့၏။

"အဘိုးကို မေမေတို့မျှော်ခဲ့မှာပေါ့နော်"

မေမေက အနည်းငယ် စိတ်မကောင်းဟန်**ဖြင့် ခေါင်းညိတ်** သည်။

"ပထမဦးနှစ်မှာတော့ သင်္ဘောဆိုက်တဲ့ရက်မှာ သမီး အဘွားက စိတ်လှုပ်ရှားနေတာပေါ့"

"မေမေ့လက်ကိုတွဲပြီး သင်္ဘောဆိပ်ကို သွားတာလေ။ သင်္ဘောပေါ်က ဆင်းလာတဲ့လူတွေကို တစ်ယောက်**ပြီးတစ်ယောက်** စောင့်ကြည့်ရတာ မေမေဖြင့်မူးတောင်မူးတယ်။ **နောက်ဆုံးတော့** မေမေ မမြင်အောင် သမီးအဘွားက ခေါင်းမှာပတ်ထားတဲ့ ရှောအောင် အနားစနဲ့ မျက်ရည် သုတ်ခဲ့ရတာချည်းပဲ သမီးရဲ့။ အဖေနဲ့ ကွဲသက် ပြီး အမေ နောက်ဆုံးပြောလိုက်တဲ့ စကားကိုတော့ မေမေ လေးတန်း အောင်ပြီးတဲ့နှစ်မှာ မှတ်မှတ်ရရ ကြားရတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီညက အမေက ကုန်ရောင်းကုန်ဝယ် ထွက်ငွေနဲ့ ဝင်ငွေကို စာရင်းတွက်နေရင်းနဲ့ ဘာမှ စကားအဆက်အစပ်မရှိဘဲ အနားမှာ ကိုက်တံတစ်ချောင်းနဲ့ အဝတ်စတိုင်းကြည့်နေတဲ့ မေမေ့ကို လှမ်း ပြောလိုက်တာ။ သမီးအဖေတော့ ဆုံးရှာပြီနဲ့တူပါတယ်ကွယ်။ အောက်ပြည်အောက်ရွာမှာပဲ ဆုံးသလား၊ မရောက်ခင် လမ်းမှာပဲ ဆုံးသလား မသိဘူး။ သမီးအဖေက ငှက်ဖျားအခံရှိတယ်...တဲ့။ အဲဒီ စကားဟာ အဖေနဲ့ပတ်သက်ပြီး ကြားရတဲ့ အမေ့ဆီက နောက်ဆုံးစကားပဲ။ အဲဒီနောက်တော့ အမေက သူ့ဘဝမှာ ဦးငွေနှင်းဆိုတာ ရှိခဲ့ဖူးတယ်လို့တောင် စိတ်ထဲ မထားတော့ဘူး"

ကျွန်မသည် မေမေ့ထံမှ သိရသော အဘိုးပုံကို ပုံဖော်ရင်း အဘိုးဟာအောက်ပြည်မှာ အိမ်ထောင်ထပ်ကျတာလည်း ဖြစ်နိုင်တယ်ဟု ဆင်ခြင်မိ၏။ မယားငယ်ရပြီး မယားကြီးဆီ မပြန်ဖြစ်တဲ့ ခင်ပွန်းတွေ အများကြီးပဲ မဟုတ်လား။ တကယ်လို့များ အဘိုးက အဘွားထံ ခွင့်လွှတ်ဖို့ လာတောင်းပန်ရင် အဘွားခွင့်လွှတ်မှာလားဟု ကလေးတွေး တွေးကြည့်ဖူး၏။

မျက်နှာတည်တည် ဣန္ဒြေတင်းတင်းနှင့် ပြတ်သားသော အဘွားသည် နောက်အိမ်ထောင်ပြုသော အဘိုးကို ခွင့်လွှတ်နိုင်မည် မထင်ပါ။ ထို့ကြောင့်လည်း သူ့ခင်ပွန်းကိုဆုံးပြီဟု ထင်ပစ်ခဲ့ခြင်း ဖြစ်ဟန် တူပါသည်။

ငယ်စဉ်ကတော့ ကျွန်မသည် စိတ်ကူးယဉ်ယဉ်ဖြင့် အဘို၏ နောက်အိမ်ထောင်မှမွေးသော သားသမီးများ မေမေ့ထံ လာလည်ဆွေမျိုး စပ်ကြလေမလားဟု မျှော်လင့်ခဲ့ဖူးသည်။ တစ်နေ့ရာ တစ်မြို့မြို့မှ ကျွန်တော်က ဦးငွေနှင်းရဲ့မြေးပါဟု ဆွေမျိုးစပ်လာမည့် အစ်ကိုများ၊ အစ်မများကို မျှော်လင့်ခဲ့ဖူးသည်။ အဘိုးသေသွားတာ





မဟုတ်ဘဲ နောက်အိမ်ထောင်ကျသွားတာသာ ဖြစ်ပါစေဟု ဆုတောင်းခဲ့ဖူးသည်။ အသက်အရွယ်ရလာသည့် အခါမှာတော့ ငယ်စဉ်က ဆုတောင်းခဲ့ဖူးသည့် ဆုတောင်း၏ အရသာသည် ခါးသီးလာ၏။ အဘိုးနောက်ထပ် အိမ်ထောင်ပြုလိုက်ခြင်းထက် အဘိုးသေသွားခြင်းဟူသည့် အဖြစ်ကိုသာ ဂုဏ်ယူချင်လာ၏။ ထိုအခါ အဘိုးသေသွားတာပဲ ဖြစ်ပါစေဟု ပြင်ဆင်၍ ဆုတောင်းမိပြန်လေသည်။

ကျွန်မကို မမွေးဖွားမီက မေမေသည် အဖွား၏ အဖြစ်နှင့် အနည်းငယ်ဆင်တူသော အဖြစ်တစ်ခုနှင့် ရင်ဆိုင်ရဖူးသည်။

"မငြိမ်ရေ ငါ ရန်ကုန်ကို တစ်လလောက် သွားလိုက်ဦးမယ်" ဟု ခွင့်ပန်၍ ထွက်ခွာသွားသော ဖေဖေသည် ငါးနှစ်ကျော်ကျော် ရန်ကုန်မှာ ကြာခဲ့ဖူးခြင်းပင် ဖြစ်ပါသည်။

"ညည်းအဖေက တစ်လဆိုပြီး ထွက်သွားလိုက်တာ ငါးနှစ်တောင်ကြာတယ်" ဟု မေမေက ခပ်ပြုံးပြုံးပြောတော့ ကျွန်မ မေမေ့ကို စူးစူးစိုက်စိုက် အကဲခပ်ကြည့်မိသည်။

ရယ်မောစရာ အဖြစ်တစ်ခုကို ပြန်ပြောနေသော ဟန်အမူအရာမျိုးဖြစ်၏။ အခုတော့ မေမေရယ်နိုင်ပြီပေါ့နော်။ ဟိုတုန်းက အသည်အချိန်တုန်းက မေမေ ရယ်မောနိုင်ခဲ့ပါရဲ့လား။

"အဘွားလို ဖြစ်သွားပြီလို့ မေမေ ကိုယ့်ကိုကိုယ် မထင်ခဲ့ဖူး လားဟင်"

မေမေက ရယ်၏။

"ဟင့်အင်း မထင်ပါဘူးသမီးရယ်။ မတူဘူးလေ။ သမီးအဖေက ရောက်ရောက်ချင်း မေမေ့ဆီ စာလှမ်းရေးထားတော့ မေမေပဲစာ နည်း သိနေတယ်လေ။ တစ်ခုခုစိတ်မချရင် မေမေ ချက်ချင်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



သွားလို့ရတာပဲ။ သမီးအဘွားခေတ်တုန်းက ကုန်းဖောင်းနဲ့ အောက် ပြည် အောက်ရွာဆိုတာ မှန်းဆမရနိုင်အောင် ဝေးသလို ခံစားရတယ် မေမေတို့ခေတ်မှာတော့ ရန်ကုန်နဲ့ ရေနံချောင်းဟာ တယ်မဝေးလှ ပါဘူး။ တစ်ညအိပ်ခရီးနဲ့ ရောက်နိုင်တာ မဟုတ်လား။ လိုက်မယ် ဆိုရင် လိုက်နိုင်တဲ့ အခြေအနေလေ"

"ဒါပေမယ့် မေမေ မလိုက်ခဲ့ဘူး မဟုတ်လား"

မေမေက မျက်နှာတည်ငြိမ်သွားပြီး ခေါင်းညိတ်၏။

"တစ်ခုခုစိတ်မချစရာ ဆိုတာမျိုး ဘာမှမဖြစ်ခဲ့လို့ပေါ့နော် ဟုတ်လား မေမေ"

မေမေက ခေါင်းညိတ်မလိုလုပ်ပြီးမှ ငြိမ်သက်စွာ ကျွန်မက ငေးကြည့်နေသည်။

"ငါးနှစ်လုံးလုံး ဖေဖေ့ကို မေမေကို မပူပင်ခဲ့ဘူးလားဟင်"

နောက်ဆုံးတော့ မေမေက ပင့်သက်တစ်ချက် ရှိုက်၍ပြုံး လိုက်သည်။

"အမှန်အတိုင်းပြောရရင်တော့ ခြောက်လလောက် အကြာ မှာ ပူပန်စရာ သတင်းတစ်ခု သိုးသိုးသန့်သန့် ကြားတယ်သမီးရဲ့ မိန်းမတစ်ယောက်က သမီးအဖေကို ဖွတ်ကပ်နေတယ်ဆိုတဲ့သတင်း အဲဒီတုန်းကတော့ မေမေ တော်တော်လေး စိတ်ရှုပ်ခဲ့ရဖူးတယ် ရန်ကုန်ကို လိုက်သွားရင်ကောင်းမလားလို့ အတွေးဝင်ခဲ့ဖူးတယ် ဒါပေမယ့် မလိုက်ပါဘူး။"

"ဖေဖေ့ကို ယုံကြည်လို့လား"

မျှော်လင့်စွာ မေးမိသည်။

"အင်း အဲဒါလည်း ပါတာပေါ့လေ။ တကယ်တမ်းတော ယောကျ်ားတစ်ယောက်အပေါ် ရာနှုန်းပြည့် စိတ်ချတယ်ဆိုတာမျိုး





မိန်းမတွေမှာ ဘယ်ရှိနိုင်ပါ့မလဲ။ လူ့စိတ်ဆိုတာ ပတ်ဝန်းကျင် ပယောဂ ပေါ်မှာလိုက်ပြီး အနည်းနဲ့အများ ပြောင်းလဲတတ်တာမျိုး လေ။ ဒါပေမယ့် မေမေ မလိုက်ဖြစ်ဖူး။ အဲဒီအချိန်မှာ သမီးဖေဖေထား ခဲ့တဲ့ငွေက ကုန်နေပြီ။ မေမေ့မှာ သမီးအဘွားက ဆင်ထားတဲ့ လက်ကောက် တစ်ကွင်းပဲ ကျန်တော့တယ်။ မေမေတို့ အိမ်ထောင်စု အတွက် မေမေ တစ်ခုခုလုပ်မှ ဖြစ်တော့မှာလေ။ ရန်ကုန်ရောက်ခါစ ဆိုတော့ သမီး ဖေဖေက မေမေ့ဆီ ငွေမပို့နိုင်သေးဘူး မဟုတ်လား"

တကယ်တော့ ကိုယ့်ဘဝကိုယ် ရုန်းကန်နေရသော ဖေဖေ က ငါးနှစ်လုံးလုံး မေမေ့ထံ ငွေမပို့နိုင်ခဲ့ပါ။ ဒါကို အသက်ကြီးလာမှ ကျွန်မ သိခဲ့ရသည်။ မေမေသည် လက်ကောက်တစ်ကွင်းကို ထုခွဲ၍ အိမ်ဆိုင်ကလေးတစ်ခု ဖွင့်ခဲ့ရ၏။ ရေနံချောင်းနှင့် နှစ်မိုင်အကွာ၊ သုံးမိုင်အကွာရှိ ရွာကလေးများမှ ကုန်စိမ်းသည်များသည် ဈေးလာ ရောင်းပြီး အပြန်၌ မေမေ့အိမ်ရှေ့မှ ဖြတ်ပြန်ရင်း မေမေ့ဆိုင်မှ ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်များ ဝယ်သွားကြသည်။ မေမေ့ ဈေးဆိုင် ကလေးသည် သေးသေးကလေးမှ အကြီးကြီးဖြစ်လာ၏။ မေမေသည် သမီးကြီး (ကျွန်မ၏ မမ) ကို ပညာတတ် ဖြစ်စေချင် သောကြောင့် အတန်းကျောင်းတစ်ဖက်၊ အလွတ်ပညာသင်ကျောင်း တစ်ဖက် (အငြိမ်းစားဖြစ်သော ကျောင်းအုပ်ဆရာကြီးဟောင်းတစ်ဦး၏ အင်္ဂလိပ် ဘာသာ သင်တန်း) တက်စေခဲ့သည်။ သမီးကိုသူများထက် ပညာတော်စေချင်သော မေမေသည် သမီးအား အရွယ်နှင့်မလိုက် အောင်ပင် လက်ဝတ်ရတနာများ စုဆောင်းပေးခဲ့သည်။

"တခြားသူငယ်ချင်းတွေနဲ့ ယှဉ်လိုက်ရင် သူတို့မှာရှိပြီး သမီးမှာ မရှိဘူးဆိုတဲ့အရာ ဘာမှမရှိစေရဘူး"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားသည် မေမေ မကြာခဏအားပေးခဲ့သောကြောင့် မမ၏ရင်ထဲမှာ စွဲနစ်သော အားပေးစကားတစ်ခုဖြစ်သည်။

"အဲဒီအချိန်တုန်းက မေမေ ဝမ်းတော့ဝမ်းနည်း ခဲ့မှာပေါ့နော်" ဟု ကျွန်မ နောက်ကြောင်းပြန်ဖော်၍ မေးစဉ်မှာတော့ မေမေ့ထံမှ ဟိုတုန်းက အားတင်းမှုကို ပြန်လည်သတိရသွားသော မှတ်မိဟန်တစ်ခုကို တွေ့ရ၏။

"ဝမ်းနည်းတာထက် စိုးရိမ်တာလို့ ပြောရမလားမသိဘူး"

"သမီးအဘွားရယ်၊ မေမေရယ်၊ သမီးရဲ့မမ နှစ်နှစ်သမီးလေးရယ် ဒီသုံးယောက်ရဲ့ စားဝတ်နေရေးအတွက် သမီးဖေဖေများ ပြန်မလာရင်ဆိုတဲ့ စိုးရိမ်မှုပေါ့။ အိမ်ဆိုင်ကလေးက တော်တော်အလုပ်ဖြစ်လာတဲ့ အခါမှာတော့ အဲဒီစိုးရိမ်မှု ပျောက်သွားတာပေါ့။ ဝမ်းနည်းတာကတော့ သိပ်မခံစားခဲ့ရပါဘူး။ အိမ်စီးပွားရေးနဲ့ သမီးကြီး ပညာရေး၊ ကျန်းမာရေး၊ သမီးအဘွားရဲ့ ကျန်းမာရေး ဒါတွေကို ဂရုစိုက်နေရတော့ ဝမ်းနည်းချိန်လည်းမရှိခဲ့ဘူး။ အမှန်အတိုင်း ပြောရရင် မေမေ ပျော်တောင်ပျော်ခဲ့သေးတယ်။ စီးပွားရေးနဲ့ ကျန်းမာရေး ကောင်းရင် ပျော်စရာကောင်းတာပါပဲ သမီးရယ်"

မဟုတ်သေးဘူး မေမေ။ ခင်ပွန်းရဲ့ ချစ်ခြင်းမေတ္တာ မပါရင် ရာနှုန်းပြည့်တော့ မပျော်နိုင်ဘူး။ မေမေ့ကို ဆင်ခြေပေးလိုသော ကျွန်မ၏ စိတ်တွင်း စကားသာ ဖြစ်ပါသည်။

အဘွားဟာ ခင်ပွန်းဖြစ်သူ(စွန့်ပစ်)ပျောက်ကွယ်သွား ပြီးတဲ့နောက် သမားရိုးကျ ကိစ္စအဖြစ် လက်ခံအားတင်းနိုင်ဖို့ သုံးနှစ်တိတိ ကြိုးစားခဲ့ရတာပဲ။ မေမေရော အဲဒီကာလအတွင်း ဘယ်လို ကြိုးစားခဲ့သလဲ။ ခြောက်လတစ်ကြိမ်လောက် စာအဆက်အသွယ်ရတာကို လုံလောက်ပြီလို့ မေမေထင်ခဲ့မှာ မဟုတ်ပါဘူး။ မေမေ့ရင်ထဲက





သံသယတွေကို ဘယ်လိုမြိုချပစ်ခဲ့ရသလဲ။ မနာလိုစိတ်တွေကို မေမေ ဘာနဲ့ အစားထိုးဖျောက်ဖျက်ပစ်ခဲ့သလဲ။

မေမေ့ကို ထိုမေးခွန်းများ စပ်စပ်စုစုမေးတော့ မေမေက စိတ်ရှုပ်ထွေးစွာ ရယ်မောခဲ့ဖူးသည်။

"ဟောတော် ခက်နေပါပြီ။ မေမေ အဲဒါတွေကို တကယ် မခံစားခဲ့ရတာပါ သမီးရယ်။ မေမေက စိတ်ဓါတ်များ မာနေခဲ့သလား မပြောတတ်ပါဘူး"

"ဟင့်အင်း အဘွားထက်တော့ မေမေ စိတ်ဓါတ် မမာပါဘူး"

"အဘွားလောက်လည်း မေမေ့အခြေအနေက ဆိုးမှမဆိုးတာ သမီးရဲ့"

"သမီးသိပြီ၊ ဖေဖေ့ကို မေမေချစ်လို့ ယူခဲ့တာမဟုတ်လို့ပေါ့။ အဘွားက အဘိုးကို ချစ်သလို မေမေက ဖေဖေ့ကိုမချစ်ဘူးလေ" ဖေဖေ့ကို မလွမ်းကောင်းလားဟု ကျွန်မ စကားနာ ထိုးမိသည်။

"အချစ်ဆိုတာ သိပ်မှ အရေးမကြီးတာ သမီးရယ်"

ဘုရားရေ...။ မေမေက တည်ငြိမ်သောစကားဖြင့် မှတ်ချက်ချသောအခါ ကျွန်မတအံ့တသြ မေမေ့ကို ငေးမောမိတော့သည်။

အဘွားသည် သူမ၏တစ်ဦးတည်းသော သမီးကလေးကို အိမ်ထောင်ရက်သား ကောင်းကောင်းကျစေချင်ခဲ့၏။ မိမိတုန်းက ခံစားရသောအဖြစ်မျိုး သမီးကလေး ခံစားရမှာကို စိုးရိမ်၏။ ထို့ကြောင့်လည်း သမီးအား လာရောက် တောင်းရမ်းယူသော လူငယ်များအား အချိန်ယူ၍ အကဲခတ်စဉ်းစားခဲ့သည်။ ရုပ်ရည်၊ ပညာ၊ ဟန်ပန်အမူအရာ၊ အနေအထိုင်၊ မိဘမျိုးရိုး စသည်တို့ကို အကဲဖြတ်ရုံဖြင့်အားမရဘဲ သူတို့၏ ဇာတာကိုပါတောင်း၍ ဗေဒင်ပညာ



www.burmeseclassic.com

www.burmeseclassic.com



နားလည် တတ်ကျွမ်းသော ပုဂ္ဂိုလ်ထံပြသပြီး မှတ်ချက်တောင်းသည်။ မေမေ့ကို တောင်းရမ်းသူများထဲတွင် ရုပ်ရည်ချောမောသော လူကုံထံသားတစ်ဦး၊ အိုင်စီအက်စ်တစ်ဦး၊ အရောင်းအဝယ်ဖြစ်ထွန်းသော စီးပွားရေးသမား လူငယ်တစ်ဦး စသည်ဖြင့် ရွေးချယ်စရာများစွာ ပါပါလျက်အမြင်အားဖြင့်လည်း သမီးအတွက် စိတ်ချစရာဖြစ်ပါလျက် အဘွားက ထိုသူများကို မရွေးချယ်ခဲ့ပေ။ အိုင်စီအက်စ်ကိုတော့ အိမ်ထောင်ရေး ရှုပ်ထွေးမှု မြင်သည်ဟူသော မှတ်ချက်ဖြင့်၊ ရုပ်ရည်ချောမောသော သူကိုတော့ လက်ထဲတွင် ငွေမမြဲနိုင်၊ စီးပွားပျက်ဘေးဒုက္ခ တွေ့ရလိမ့်မည်ဟူသော မှတ်ချက်ဖြင့်။ စီးပွားရှာကောင်းသူကိုတော့ အသက်မရှည်နိုင်ဟူသော မှတ်ချက်ဖြင့်ပယ်ခဲ့သည်...တဲ့။

"ဖေဖေ့ကိုကျတော့ရော"

"သမီးဖေဖေကျတော့ တရားမျှတတယ်၊ ဘာသာရေးကို အထူးကိုင်းရှိုင်းပြီး ရိုးသားဖြောင့်မှန်တယ်၊ သစ္စာရှိတယ်၊ အိုဇာတာကောင်းတယ်ဆိုပြီး စိတ်ကြိုက်ရွေးလိုက်တာပဲ"

အင်း အဘွားလုပ်ပုံကတော့ ဟိုခေတ်က လိမ်ညာ ကောက်ကျစ်သူ နည်းခဲ့ပေလို့ရှိမှာ။ အခုခေတ်လိုများဆိုရင် ဇာတာအတုကြီးနဲ့ သမီးတောင်းမှဖြင့် မေမေတစ်ယောက် "အတု" ကြီးနဲ့ မိသွားနိုင်တယ်။ ကျွန်မတွေးကာ ရယ်မောခဲ့ရသည်။

မေမေကတော့ ဖေဖေ့ကို မချစ်မနှစ်သက်ခဲ့တာ သေချာပါသည်။ ဖေဖေ လာရောက်စေ့စပ်သည့်နေ့က မေမေ အခန်းထဲမှ မထွက်ဘူးဟု ဖေဖေက ပြောဖူးသည်။

"ဖေဖေဖြင့် အဲဒီအချိန်အထိ သမီးမေမေကို မမြင်ဖူးဘူးဗျ။ သိက္ခာရှိရှိ၊ ဣန္ဒြေရရ၊ အလွန်ဖြောင့်မှန် ထက်မြက်တဲ့ မိန်းကလေးလို့ နာမည်ကြားရုံပဲ ရှိတယ်။





"လူကြီးတွေက တောင်းရမယ်ဆိုလို့ တောင်းလိုက် ရတာပဲ"

ဖေဖေငါးနှစ်ကြာအောင် မိမိအနီးမှ ပျောက်ကွယ် နေခဲ့ပါလျက် မေမေ မလွမ်းတာ သိပ်အံ့သြစရာမရှိဘူးဟု ကျွန်မ လက်ခံခဲ့ပေသည်။

"ခဏအလည်ဖြစ်ဖြစ် မေမေလိုက်သွားရင် ရတာပဲ" ကျွန်မ ခပ်ဆဆမေးတော့ မေမေက ရယ်ပြန်သည်။

"သူကမှ လိုက်ခဲ့ဖို့ မပြောဘဲ"

ကျွန်မ မေမေ့မျက်နှာမှာ မာနကို ရှာကြည့်သည်။ မတွေ့ပါ။

"တကယ်လို့ ဟိုမိန်းမနဲ့ တကယ်ဖြစ်သွားရင်ရော"

"အော် သမီးရယ်၊ ကိုယ့်ကို ဂရုမစိုက်တဲ့ လူတစ်ယောက်ကို မေမေက အလုပ်ပျက်ခံပြီး လိုက်ခေါ်နိုင်မလား။ ခေါ်ရင်ရော သူက လိုက်မလား။ အဲလိုမှ ဖြစ်သွားရင်တော့ သွားပါစေပေါ့။ အရေးကြီးတာက မေမေ့ဘက်က တရားမပျက်ဖို့ဘဲ။ မေမေ့မှာ သမီးကလေးရှိနေ ပြီလေ"

မေမေဟာ တော်တော်မြဲသိပ်နိုင်သူပဲဟု ကျွန်မ တအံ့တသြ ချီးကျူးမိ၏။ ကျွန်မသာဆိုလျှင်တော့ အဲလို ဘာဘာညာညာ သတင်းကြားကြည့် ကိုယ့်ယောကျ်ားနောက်ကို ထမီစွန်တောင်ဆွဲပြီး လိုက်သွားမှာပဲ။ အဲသည်လို ကျွန်မ စိတ်ကူးကြည့်ဖူးပါသည်။

သို့သော် တကယ်တမ်း မေမေ့လို အဖြစ်အပျက်မျိုး ကျွန်မမှာ ကြုံတွေ့လာသော အခါမှာတော့ ကျွန်မသည် မိမိအိမ်မှ တစ်ဖဝါးမျှ မခွာနိုင်သည်ကို တွေ့လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



အဘွားတို့ခေတ်က ကုန်းဘောင်ရွာကြီးနှင့် အောက်ပြည်အောက်ရွာဆိုသည့် ခရီးအဝေးသည် မေမေတို့ခေတ်ရောက်တော့ တော်တော် နီးသွားသည်။ ကျွန်မတို့ခေတ်မှာ မြန်မာနိုင်ငံနှင့် နိုင်ငံရပ်ခြားဆိုသည့် အဝေးသည် မေမေတို့ခေတ်က ရေနံချောင်းနှင့် ရန်ကုန်ခရီးလောက်သာ ရှိသည်ဟု ပြောနိုင်ပါသည်။

သုံးလေးလလျှင် တစ်ကြိမ် လက်ရေးကို မြင်တွေ့ခွင့်ရရုဖြင့် ခင်ပွန်းသည်နှင့် သုံးနှစ်ကြာခွဲနေရသော ကျွန်မ၏ဘဝကို ကျွန်မ နှစ်သိမ့်ကျေနပ်နေခဲ့ရသည်မှာ ခရီးဝေးလွန်း၍၊ မလိုက်နိုင်၍ မဟုတ်ကြောင်း ကျွန်မကိုယ်ကျွန်မ သိနေသည်။ ဘဝကို အနုတ်လက္ခဏာ ဖြင့်စခဲ့ရသော မိန်းမတစ်ယောက်အတွက် အိမ်ထောင်သည်ဘဝ ချစ်ခြင်းမေတ္တာထက် အရေးကြီးသည်မှာ မိမိဘဝကိုမိမိ မတ်မတ် ရပ်တည်နိုင်ဖို့။ အနုတ်လက္ခဏာမှ သုညလက္ခဏာ၊ ထိုမှတစ်ဆင့် အပေါင်းလက္ခဏာသို့ ရောက်အောင် တစ်ဆင့်ပြီးတစ်ဆင့် ကြိုးစားဖို့။ ဒါတွေကို ကျွန်မသည် သမီးကလေးရလာတော့မှ နားလည်သဘော ပေါက်ခဲ့ခြင်း ဖြစ်ပါသည်။

သူ့ဖခင်ထွက်ခွာသွားချိန်က နှစ်နှစ်သမီးကလေးသာဖြစ်သော သမီးပုံ့ပုံ့သည် ယခုဆိုလျှင် ငါးနှစ်အရွယ်သို့ ရောက်နေပြီ။ ကကြီး ခခွေးနှင့် အေဘီစီဒီကို စိတ်ပါလက်ပါရေးနေပြီ။ သမီးကြီးလာရင် ရုပ်ရှင်မင်းသမီးလုပ်မယ်ဟု ဟန်မူပိုပိုဖြင့် ချွဲနွဲ့တတ်ပြီ။

"ရုပ်ရှင်မင်းသမီးဆိုတာလည်း ပညာတော့ တတ်ရတာပေါ့ သမီးကလေးရဲ့။ ပညာတတ်မှ ဘဝအကြောင်းကို စဉ်းစားတတ်မယ်။ ဘဝအကြောင်းကို စဉ်းစားတတ်မှ အိုက်တင်တွေအမျိုးမျိုးလုပ်တတ်မှာ...နော်...သမီး"





ကျွန်မမှာ ဖြစ်ပေါ်နေသော သမီးပညာတတ်မှ တတ်ပါ့မလားဟု စိုးရိမ်ပူပန်စိတ်သည် သူ ပြန်မလာပါ့မလားဟူသော စိုးရိမ် ပူပန်စိတ်ထက် အဆပေါင်းများစွာ အင်အားကြီးမားကြောင်း ကျွန်မ ဝန်ခံပါသည်။

"မေမေ့လိုရော ဆရာဝန်မကြီး မဖြစ်ချင်ဘူးလားဟင် သမီးလေး"

ကျွန်မတောင်းပန်သလို မေးကြည့်တော့ သမီးကလေးက နှာခေါင်းရှုံ့၏။

"အဲလိုဆိုရင် မေမေ့လိုပဲ ညညကျ လာန္နီးခံနေရမှာပေါ့ မေမေရဲ့။ အိပ်ရေးပျက်မှာ"

သမီးအဖြေကြောင့် ကျွန်မ ရယ်မောခဲ့ရသေးသည်။ တစ်ချိန်ချိန်မှာ ပညာရှင်တစ်ယောက် ဖြစ်လာအောင် သမီးကို တဖြည်းဖြည်း ဆွဲဆောင်ယူရမည်ဟု အားတင်းလိုက်ရသည်။ အလွန်အလှအပမက်သော သမီးလေးကို အရိပ်တကြည့်ကြည့်ဖြင့် အလအပထက် ပညာကို မက်မောတတ်အောင် ဘယ်လိုများ သွန်သင်ဆုံးမရပါ့မလဲဟူသည့် ပူပန်စိတ်သည် ကျွန်မရင်ထဲ၌ ကာလများစွာကြာအောင် တည်ရှိနေခဲ့သည်။ သို့သော် သမီး နှုတ်ခမ်းလေးတွေ၊ နှာခေါင်းလေးတွေ အလှပျက်မှာကျလည်း ကျွန်မ စိုးရိမ်ရပြန်သည်။ စိတ်ကျဉ်းကြပ်တိုင်း လက်မကို ခေါက်ချိုး၍ ပါးစပ်ထဲငုံကာ နှုတ်ခမ်းဖြင့် စုတ်လေ့ရှိသော သမီးကို ကျွန်မ ပြာပြာသလဲတားမြစ်ရ၏။

"သမီး သမီး အဲလိုမလုပ်နဲ့လေ။ သမီးက ရုပ်ရှင်မင်းသမီးလုပ်ချင်တယ်ဆို။ နှုတ်ခမ်းကလေးတွေ စုစုလေးနဲ့ ပိရိနေမှဖြစ်မှာ။ အဲလိုကြီး လက်ကိုစုတ်ရင် နှုတ်ခမ်းတွေထော်ကုန် လိမ့်မယ်သိလား"



www.burmeseclassic.com

www.burmeseclassic.com



နှာခေါင်းပေါက်ထဲသို့ လက်သန်း သို့မဟုတ် လက်ညှိုး ထည့်၍ နှပ်ချေးထုတ်ဖို့ ကြိုးစားတာမြင်ရပြန်တော့လည်း ကမန်းကတန်းတားမြစ်ရ၏။

"အဲလို မလုပ်ရဘူး သမီးကလေးရဲ့။ နှာခေါင်း ပေါက်ကြီး ကျယ်သွားတတ်တယ်။ ဒါမှမဟုတ် လက်ကချေး တွေဝင်ပြီး နှာခေါင်းထဲမှာ အနာဖြစ်ရင် သမီးနှာခေါင်းလေး မလှဘဲနေလိမ့်မယ်။ လာ မေမေထုတ်ပေးမယ်"

နူးညံ့သော လက်ကိုင်ပဝါစကို ခပ်စုစုချွန်ချွန်ကလေး ဖြစ်အောင်ခေါက်၍ စိတ်ရှည်လက်ရှည် ထုတ်ပေးရန် ကျွန်မသည် အမြဲတမ်း အဆင်သင့်ဖြစ်နေမှ မဟုတ်လား။

"မေမေ ဒီချောကလက်တွေက ဖေဖေပို့လိုက်တာတွေ နော်"

ဘယ်တုန်းကမှ သူ့ဖအေက မပို့ခဲ့ဖူးသော်လည်း၊ သမီး ဖေဖေက ပို့လိုက်တာဟု ကျွန်မက တစ်ခါမှ မပြောခဲ့ဖူးသော်လည်း သမီးကတော့ ချောကလက်စားတိုင်း သူ့ဖအေ၏ ချောကလက် ဟုသာ ယုံကြည်ထားခဲ့သည်။ ပထမတော့ မဟုတ်ဘူးဟု ငြင်းမိသေး၏။ သို့သော် သမီး၏မျက်နှာမှ ယုံကြည်မှုကြောင့် ဖြစ်လာသော ဂုဏ်ယူဟန် မျက်နှာပေးလေးကို မဖျက်ဆီးရက်၍ ဟုတ်တယ် သမီးဟု ဖြေခဲ့မိသည်။ တလောဆီက ကျွန်မ ရေခဲသေတ္တာဝယ်တော့ သမီးက အိမ်ပေါ်ရောက်လာသည့် ရေခဲသေတ္တာကိုကြည့်ပြီး အံ့သြ ပျော်ရွှင်နေရာမှ "ဒါ ဖေဖေ ပို့လိုက်တာနော် မေမေ" ဟု ဂုဏ်ယူစွာ ဝန်ခံချက် တောင်း၏။

ကျွန်မမှာ တစ်ခဏ တွန့်ဆုတ်ထစ်အ လျက်ရှိရာမှ အေး အေးဟု ဝန်ခံလိုက်ရပါသည်။ သမီးက သမီးဖေဖေအပေါ် ဂုဏ်ယူ





ခင်စေသည့်ဆန္ဒ ကျွန်မမှာရှိသလို အခြားမိခင်တွေမှာလည်း ရှိပါလိမ့်မည်။ ထိုဆန္ဒသည် ဖခင်တွေအတွက် စေတနာ ထားမိခြင်းလား၊ သမီးတွေအတွက် စေတနာထားမိခြင်းလား ကျွန်မ အချိန်ကြာမြင့်စွာ စဉ်းစားငေ့..တောခဲ့ဖူး၏။

ပထမတော့ ကျွန်မတို့၏ ခင်ပွန်းများ (သမီးတို့၏ ဖခင်များ) အတွက် ဂုဏ်သိက္ခာဖြစ်ဖို့ စေတနာဟု ကျွန်မထင်ခဲ့သည်။ ဒါပေမယ့် ဘယ်မှာဟုတ်လို့လဲ၊ တကယ်က ကျွန်မတို့သမီးများ အတွက် စေတနာသာ ဖြစ်သည်။ သမီးများအတွက် စိတ်ဓါတ်ရေးရာ ကျန်းမာမှုသည် ကိုယ်ခန္ဓာကျန်းမာမှုနှင့် ထပ်တူပင် အရေးကြီးသည်။ သမီး၏ စိတ်ကျန်းမာရေးအတွက် သမီးသည် ဖခင်နှင့် မိခင်၏ မေတ္တာကို အပြည့်ခံယူရမည်။ ဖခင်နှင့်မိခင်ကို စိတ်တိုင်းကျရမည်။ အားကိုးရမည်။ ဂုဏ်ယူဂင့်ကြွားနိုင်ရမည်။ သမီး၏ဖခင်သည် သမီး အတွက် ဂုဏ်ယူဖွယ်ရာ ဟုတ်သည် မဟုတ်သည်က အရေးမကြီးပါ။ သမီး ဂုဏ်ယူတတ်ဖို့က ပို၍အရေးကြီးပါသည်။ ဖခင်ကို သမီးက ဂုဏ်ယူ တတ်ဖို့လည်း မိခင်၏တွန်းအားက များစွာအရေးပါလှပါသည်။

အဘွားက မေမေ့ကို ပြောပြခဲ့သော "သမီးအဖေဟော့ ကွယ်လွန်ရှာပြီ ထင်ပါရဲ့" ဟူသောစကားနှင့် မေမေက ကျွန်မကို ပြောခဲ့သော "သမီးဖေဖေက ရန်ကုန်ရောက်ခါစဆိုတော့ မေမေ့ဆီ ငွေမပို့နိုင်သေးဘူးလေ" ဟူသောစကား။ ထိုစကားများသည် သူတို့ ခင်ပွန်းများအတွက် စေတနာစကားမဟုတ်ဘဲ သူတို့သမီးများအတွက် စေတနာသာ ဖြစ်ကြောင်း ယခုမှ ကျွန်မသိပါသည်။

ခင်ပွန်းအပေါ် ထားအပ်သော ချစ်ခြင်းမေတ္တာနှင့် သမီး အပေါ်ထားအပ်သော ချစ်ခြင်းမေတ္တာ အတိမ်အနက်ကို တိတ်တခိုး



www.burmeseclassic.com

www.burmeseclassic.com



နှင်းယုဉ် ကြည့်မိတိုင်း မောင့်ကို ကျွန်မအားနာရသည်။ မောင့်ကို ကျွန်မ၏ဘဝဟု ထင်ခဲ့သောစိတ်သည် ယခုအခါမှာတော့ သမီးကမှ ကျွန်မဘဝဟု အမှန်အတိုင်း မြင်လာသည်။

တစ်ခါက မောင် နိုင်ငံရပ်ခြားမှာ မတော်တဆ ကားတိုက်မှု ဖြစ်ခဲ့သောကြောင့် လက်ဒဏ်ရာရသွားသည်ဆိုသော အချိန်၌ စိုးရိမ်သောကကြီးစွာ ပူပြင်းလောင်မြိုက်ရသည်ဟု ထင်ခဲ့ရသမျှသည် သမီး၏ ကျန်းမာရေးအတွက် ဖြစ်ရသော စိုးရိမ်သောကကို ကြုံရတော့မှ အနည်းငယ် အင်အားလျော့နေခဲ့မှန်း သတိထားမိသွား၏။ ကျွန်မ၏ ဆေးခန်းထဲတွင် အဆုတ်တီဘီ ရောဂါသည်တစ်ဦး သွေးအန်ခဲ့စဉ်က ကျွန်မသည် ဆေးခန်းကို ထပ်ခါထပ်ခါ ပိုးသတ်၍ မဆုံးနိုင်အောင် ရှိသည်။

သည်ကြားထဲ သမီးကလေး ကျွန်မ၏ ဆေးခန်းထဲ အပြေးဝင်လာသောအခါ ကျွန်မ၏ခေါင်းထဲတွင် ပွက်ပွက်ဆူအောင် ပူပြင်းလျက် လက်ဖျားတွေ၊ ဒူးတွေပင် တုန်သွား၏။

"အို သမီး၊ မလာနဲ့လေ၊ ဒီကိုမလာနဲ့သွား။ နောက်ဖက်အခန်းထဲကိုသွားနော် သမီးက လိမ္မာတယ်"

"ပုံ့ပုံ့ ကူလုပ်ပေးမယ်လေ မေမေရဲ့"ဟူသော သမီးအသံကြောင့် ကျွန်မမှာ မျက်စိတွေပင် ပြာဝေသွားခဲ့ရသည်။ သမီးကို အပြင်ရောက်အောင် ပို့ခဲ့မိသည့်ပြင် ဆေးခန်းထဲသို့ တစ်လတိတိ သမီးအား အဝင်မခံခဲ့သည်ကို သည်းလွန်းတယ်ဟု ပြောသူများရှိခဲ့လျှင် ကျွန်မ အပြုံးမပျက် ဝန်ခံပါသည်။

ကျွန်မသမီးတွင် ကျရောက်လာနိုင်သည့် ကိုယ်ဒုက္ခ၊ စိတ်ဒုက္ခ ဝေဒနာတို့ကို ကျွန်မ အသက်နှင့်လဲ၍ ကာကွယ်နိုင်ဖို့သာ ကျွန်မ မျှော်လင့်သည်။

**ဥတ္တရလမင်း**



ခင်ပွန်းသည် မရှိခြင်းအဖြစ်အား ရင်နှစ်သည်းချာ သမီးကို သက်တွဲ၍ အပြုံးမပျက် ရင်ဆိုင်ခဲ့သော အဘွားကိုသော်လည်းကောင်း၊ မေမေ့ကိုသော်လည်းကောင်း ယခုအခါ ကျွန်မ နားလည်သွားပါပြီ။ လောကကို ကျွန်မ ရင်ဆိုင်ရန် ခွန်အားသည် ခင်ပွန်းထံမှာလည်း မရှိ။ သမီးကလေး၏ အနာဂါတ်မှာသာရှိသည်။ သမီးကလေးအပေါ် ကျွန်မ ထားရှိအပ်သော တန်ဖိုးကို အဘွားနှင့်မေမေ့အား တိုင်တည် ပြောပြချင်သည်။ သို့သော် အဘွားလည်း ကျွန်မအနီးမှာမရှိ။ မေမေလည်း ကျွန်မအနီးမှာ မရှိတော့ပါ။

{၁၉၉၄ခု၊ ဒီဇင်ဘာ၊ စံပယ်ဖြူမဂ္ဂဇင်း}

www.burmeseclassic.com

www.burmeseclassic.com

# မြင်းစီးသမားတစ်ယောက်၏ မှတ်စုများ

ကျွန်တော့်မှာ မြင်းတစ်ကောင် ရှိခဲ့ဖူးသည်ဟူသော အချက်မှာ ကျွန်တော်မှတစ်ပါး အခြားမည်သူ့ အတွက်မျှ စိတ်ဝင်စားစရာ မဟုတ်ခဲ့ပါ၊ ကျွန်တော့်မိသားစု အပါအဝင် ကျွန်တော့် ပတ်ဝန်းကျင်မှလူများ၊ လုပ်ဖော်ကိုင်ဖက် ရှေ့နေများ အကြားတွင် ကျွန်တော့် မြင်းအကြောင်း ကျွန်တော်ပြော၍မရပါ။ သူတို့အတွက် တော့ မြင်းဆိုသည်မှာ လှည်းတပ်၍ မောင်းနှင်ရသော ခြေလေးချောင်း သတ္တဝါတစ်ကောင်သာ ဖြစ်သည်။

ကျွန်တော့်သမီးကလေးသည် ဘီအမ်အိပ်(က်)(စ်) စက်ဘီး လောက် မြင်းကို စိတ်မဝင်စားပါ။ ကျွန်တော့်ဇနီးကလည်း မြင်းကို ဆူပါကပ် ဆိုင်ကယ်လောက် စိတ်မဝင်စားပါ။ ကျွန်တော်ကတော့ မြင်းကိုပို၍ စိတ်ဝင်စားပါသည်။ ထို့ထက်ပို၍ အမှန်ကိုပြောရလျှင် မြင်းများကို ကျွန်တော် ချစ်သည်။ မြင်းတစ်ကောင်နှင့် ရင်းနှီးကျွမ်း ဝင်ရခြင်း၏ ကြည်နူးမှု အရသာကို မြင်းနှင့်ရင်းနှီးကျွမ်းဝင်သူများ

www.burmeseclassic.com



သာသိလိမ့်မည်။ မြင်းတစ်ကောင်၏ ကျောပေါ်မှာထိုင်၍ လေထုအရှိန်ကို ခွဲလျက် မြားတစ်စင်းလို ခရီးနှင်ရခြင်း၏ စိတ်လွတ်လပ်ပေါ့ပါးမှု အရသာကိုလည်း မြင်းစီးဖူးသူများသာ သိနိုင်ပါလိမ့်မည်။

ကျွန်တော့် မွေးရပ်မြေနှင့် ဝေးကွာခဲ့ရပြီးနောက် ကျွန်တော့်မြင်းနှင့် ခွဲခွာခဲ့ရခြင်းသည် အထူးအဆန်းမဟုတ်ပါ၊ ငယ်စဉ်က မြင်းတစ်ကောင်၏ ကျောပေါ်မှာထိုင်၍ ခရီးသွားလာခဲ့ဖူးသော ကျွန်တော်သည် ယခုအခါ မန္တလေးမြို့အနှံ့ ဆူပါကပ်ဆိုင်ကယ်ဖြင့် ခရီးသွားလာနေရခြင်းသည်လည်း အထူးအဆန်း မဟုတ်ပါ၊ တစ်ခါတစ်ရံ ဆိုင်ကယ်ပေါ်မှာ ရှိနေလျက်က ကျွန်တော့်မြင်းကို သတိရတတ်မိခြင်းသည်ပင် မထူးဆန်းပါ။ ထူးဆန်းသည်မှာ ကျွန်တော့်အိပ်မက်များထဲတွင် ကျွန်တော်သည် မြင်းတစ်ကောင်၏ ကျောပေါ်မှာ အမြဲလိုလို ရှိနေတတ်၏။ အိပ်မက်ထဲတွင် ကျွန်တော့်ခြေထောက်များသည် တကယ့်မြင်းစီးသမားတစ်ယောက်၏ ခြေထောက်များ လိုပင် ခွင်လျက် ရှိကြသည်။ ရှည်လျားနုးညံ့သော လည်ဆံမွေးများ လေအရှိန်ဖြင့် နောက်သို့ လွင့်ပါးဖွာလျာကျဲလျက် အရှိန်ပြင်းစွာ ဒုန်းစိုင်း၍ ပြေးသောမြင်းပေါ်၌ ကျွန်တော်သည် မျက်နှာကို ကြမ်းတမ်းစွာ တိုးဝှေ့ဖြတ်တိုက်သွားသော လေဒဏ်ကို ယစ်မူးပျော်ရွှင်စွာခံစား ကျေနပ်လျက်ရှိသည်။ ကျွန်တော့်အောက်ဖက်မှ မြေပြင်သည် ရိပ်ကနဲ ရိပ်ကနဲ ကျန်ခဲ့၏။ ကျွန်တော့်ဘေး၌ သစ်ကိုင်းများ သစ်ပင် ပင်စည်များ၊ ချုံနွယ်ပိတ်ပေါင်းများသည် ရိပ်ကနဲ ရိပ်ကနဲ လျင်မြန်စွာ ကျန်ရစ်လျက်ရှိသည်။ ကျွန်တော့်ဘယ်ဖက်လက်မှာ ခပ်လျော့လျော့ ဆုတ်ကိုင်ထားသော ဇက်ကြိုး၏ သိတွေ့မှုသည် စီးစီးပိုင်ပိုင် ရှိလှသည်။ စီးချက်ကျကျ မြည်ဟီးသော





မြင်းခွာသံပြင်းပြင်းသံသည် လေထုထဲ... ထိုမှတစ်ဆင့် တိမ်တိုက်ထဲအသံ လွင့်ပျံတက်သွား တတ်လေသည်။

အိပ်မက်က နိုးလာသောအခါ ကျွန်တော့်နှုတ်ခမ်းများသည် ဘော်မှတ်ခြင်းဖြင့် ဖြောက်သွေ့နေတတ်သည်။ မြင်းစောင်း ဂိတ်တံခါး ◌်းသုံးတန်းများကို မြင်းနှုတ်သီးဖြင့် ပွတ်တိုက်သည့် ကျိုးကျိုးကျွိကျွိအသံတို့ကို ကြားယောင်လျက် မြင်းချေးနံ့၊ ဖွဲနုနံ့၊ ကောက်ရိုးနံ့နှင့်မြက်စိမ်းနံ့တို့ ရောနှောနေသော မြင်းဇောင်းရနံ့ တစ်ခုကို လွမ်းဆွတ်အောက်မေ့ နေရတတ်သည်။ သူ့လည်ပင်းနှင့် ကျွန်တော့်ပါးကို ◌ပ်ထားသောအချိန်မှာ လည်ကိုစောင်း၍ ကျွန်တော့် အကျီလက်ကို ◌ွားဖြင့် ခပ်ဖွဖွကိုက်ဆွဲသော ကျွန်တော့်မြင်း၏ စ,နောက်တတ်သည့် ◌ရိုက်ကလေးတစ်ခုကို သတိရနေရတတ်သည်။ အကျီအောက်ဖက် ◌ကျမောင်းသားပေါ်၌ မြင်းနှုတ်ခမ်းဖြင့် ထိမိသော ယားကျိကျိ ◌ဘားချက်ကလေးကိုပင်လျှင် မိနစ်ပေါင်းများစွာ ပြန်လည် မျှော်လင့်◌မိတတ်သည်။

သို့သော် အဖြစ်အပျက်များသည် နှစ်ပေါင်းများစွာ အဝေး၌ ◌ျန်ခဲ့ပြီ။ ကျွန်တော့်ထံတွင် ယခုထိ ရှိနေသေးသည့် အရာမှာ အိပ်မက်များသာ ဖြစ်သည်။ ထိုအိပ်မက်များကြောင့်ပင် ကျွန်တော်သည် ရုံးပိတ်ရက်ရှည်တစ်ခု၌ တောနယ်သို့ မလိုက်ချင်သောမိသားစု◌ို ထားရစ်ခဲ့ပြီး ဇာတိမြေသို့ ခဏပြန်လာခဲ့မိလေသည်။

ယခုတော့ ကုန်းဇောင်းကို မြို့... ဟု ရဲရဲဝံ့ဝံ့ခေါ်နိုင်ပြီ။ ◌ျပ်စစ်မီးနှင့် အစိုးရအထက်တန်းကျောင်းနှင့် တိုက်နယ်ဆေးရုံနှင့် ◌တိုးဆိုင်ပေါင်းများစွာနှင့် ကုန်းဇောင်းသည် တိုးတက် ပြောင်းလဲလျက်◌ိသည်။ ဧရာဝတီမြစ်ရေ တိုက်စားမှုကြောင့် မြစ်ကမ်းပါး သဲကိုင်းမျာသည် တဖြည်းဖြည်း နောက်ဆုတ်လျက်ရှိရာ သဲကိုင်းနှင့် ကုန်းဇောင်း



www.burmeseclassic.com

www.burmeseclassic.com



အကြား ခရီးလမ်းသည် ယခင်ကထက် အနည်းငယ်တို သွားပြီ။ မော်တော်မှ မြစ်ကမ်းပါးဆီသို့ ပေါင်းကူး ဆက်သွယ်ထားသော ကုန်းပေါင်ပျဉ်ချပ် ညွတ်ပဲ့ပဲ့ကလေးပေါ်မှ သတိထားပြီး ကျွန်တော် ဆင်းလာခဲ့ချိန်မှာပင် ကမ်းပါးစွန်း၌ တန်းစီရပ်ထားသော မြင်းလှည်းများထံမှ တဒေါင်ဒေါင် တဒင်ဒင် အသံမျိုးစုံကို ကြားလိုက်ရသည်။ မြင်းရိုက် ကြိမ်တံ လက်ကိုင်ရိုးကို မြင်းလှည်းအိမ်ရှေ့ပိုင်းရှိ ကြေးခွက်သို့ တစ်ချက်ချင်းရိုက်၍ ခရီးသည်ခေါ်သူကခေါ်၊ အချင်းချင်း အော်ဟာစ်ရယ်မော စကားပြောသူကပြော၊ မိမိတို့မြင်း လှည်း၏ စီးနေကျ ဖောက်သည်များကို လှမ်းအော်သူကအော်... မြစ်ကမ်းပါး တစ်ခုလုံး သက်ဝင်လှုပ်ရှားလျက်ရှိသည်။

အကယ်၍ အဖေသာ ယခုအချိန်အထိ အသက်ရှင်နေသေးသည်ဖြစ်လျှင် ထိုမြင်းလှည်းအစုကြား၌ အဖေ့မြင်းလှည်းကို ကျွန်တော် မြင်ရမည်၊ အဖေ စိတ်လိုလက်ရရှိသည့် အခါမျိုး ဆိုလျှင်တော့ အဖေ့မြင်းလှည်းနောက်မှာ ကြိုးတန်းလန်းဖြင့် လိုက်ပါလာခွင့်ရပြီး ကျွန်တော့်ကို ကြိုဆိုနေသော ကျွန်တော့်မြင်းကလေး၏ မာနကြီးဟန် ခပ်မော့မော့ ဆောင့်ကြွားကြွား အသွင်ကိုပင် ကျွန်တော် မြင်တွေ့ရမည်။

ကျွန်တော့်မြင်း၏ အရောင်ကို တစ်ချို့က အနက်ရောင်ဟု သတ်မှတ်၍ တချို့က အညိုရင့်ရောင်ဟု သတ်မှတ်ပါသည်။ တကယ်တော့ မြင်း၏အရောင်သည် ညိုမယောင်ယောင် နက်မယောင် ယောင် ရှိသည့်အထဲ အနီရောင် သန်းနေသေးသော ကြားအရောင် ဖြစ်သည်။ သို့သော် အနီသည်မထင်မရှားသာ ပါဝင်သောကြောင့် အညိုနက်ရောင်ဟုပြောလျှင် ပို၍မှန်နိုင်မလားမသိပါ။ ခက်နေသည် မှာ မြင်း၏နှာခေါင်းထက်တွင် နို့နှစ်ရောင် ရှည်လျားလျား အကွက်





ဘစ်ကွက်နှင့် နောက်ခြေ ဘယ်ဒူးဆစ်၏ အထက်တွင် နို့နှစ်ရောင် အကွက်တစ်ကွက် ပါဝင်ပေါင်းစပ်နေခြင်းပင်ဖြစ်သည်။ ထိုအကွက် နှစ်ကွက်ကြောင့် သူသည် အရောင်သီးသန့် သတ်မှတ်ရန် ခက်ခဲသော မြင်းတစ်ကောင် ဘဝသို့ ရောက်ရသည်ဟု ကျွန်တော် ထင်သည်။ အဖေကတော့ ကျွန်တော့်မြင်းကို အမြင်ကတ်ကတ်ရှိသည့်အခါတိုင်း ဘဉကွက်မြင်း ဟု သတ်မှတ်လေ့ရှိပါသည်။

နို့နှစ်ရောင် အကွက်ကလေးနှစ်ခုကြောင့် စင်းလုံးချော မဖြစ်သည့်တိုင် ကျွန်တော့်မြင်းသည် အလွန်လှပ၏။ သူ့ခြေထောက် များမှာ သန်မာရုံမျှမက ကျွန်းတိုင်များလိုပင် ဖြောင့်စင်းနေသည်။ လက်ပျဉ်နှင့်တင်ပါးဆုံ နေရာများတွင် ကျစ်လစ်တောင့်တင်းသော ကြွက်သားများ အပြိုင်းအရိုင်းကြွလျက် ပြေပြစ်ချောမွတ်နေသည်။ သူ့တင်ပါးပေါ် ယင် သို့မဟုတ် မှက် တစ်ကောင်ကောင် လာနားသည့် အခါမျိုးမှာ ဆတ်ကနဲ တုန်ခါပစ်လိုက်သော ကြွက်သားအလှသည် မယုံကြည်နိုင်စရာပင် ဖြစ်သည်။ ထိုကြွက်သားမျိုးနှင့် ထိုပါးနပ်သော အာရုံခံ အသိမျိုး ရရှိလာအောင် ကုလားပဲနှင့် ဖွဲနုကို ကျွန်တော် နှစ်ပေါင်းများစွာမညည်းမညူ ကျွေးခဲ့သည်။ အရင်းပိုင်းမှာ အနည်းငယ် ထောင်မတ်ပြီးမှ အောက်သို့ ပြေလျောစွာ စင်းကျသွားသော သူ့ အမြီးများမှာ ကြမ်းတမ်းသော်လည်း မဲနက်စိုလက်ကာ တောက်ပ နေသည်။ ထိုအမြီးသည် သူ့အရေပြားပေါ် ခဏလာနားမိသည့် ယင်ကို ဘယ်တော့မျှ မလွတ်စေအောင် ခါထုတ်ရိုက်ခတ် ပစ်နိုင်၏။ သူ့နောက်ခြေ နှစ်ချောင်းကတော့ အင်္ဂရာယ်ကြီးလောက် အောင်ပင် သန်မာ၍ လျင်မြန်လှသည်။ ရှေ့ခြေနှစ်ဖက်ပေါ် အားပြု၍ နောက် ခြေနှစ်ဖက်လုံးဖြင့် ဆောင့်ကန်သည့်အခါ မြင်းကောင်းဂိတ်တား



www.burmeseclassic.com

www.burmeseclassic.com



ဝါးလုံးတန်း တစ်ခုပင် ကျိုးပျက် သွားခဲ့ဖူးပါသည်။ ဒါကြောင့်လည်း အဖေက သူ့ကို တစ်ခါတစ်ခါ အရိုင်းကောင်ဟု ခေါ်ခြင်းဖြစ်သည်။

နိမ့်ချကျိုးနွံသော မြင်းကိုသာ သဘောကျသော အဖေသည် ကျွန်တော့်မြင်းကို ကျိုးနွံနာခံတတ်အောင် ရက်ပေါင်းများစွာ နည်းမျိုးစုံ ကြိုးစားဖူး၏။ သို့သော် သူသည် ခဏသာကျိုးနွံပြီး လူအများရှေ့၌ အဖေ အရှက်ရအောင် ဒေါသကြီးအောင် ကပ်ဖဲ့ပြန်သည်။ တစ်ခါ တစ်ခါ အဖေသည် မြင်း၏ လည်ပင်းအောက်ခြေကို လက်ဖြင့် သိုင်းဖက်ကာ ခပ်ဖွဖွကုတ်ခြစ်ပေးလျက်က တိမ်ညိုကလေးရေ... အဖေ့သားကလေးရေ...ဟု နူးညံ့စွာ ရေရွတ်ကြင်နာတတ်သော်လည်း တစ်ခါတစ်ခါတော့ မြင်းမသား... အလကားငပျင်း... အသားပေါ ပစ်ဖို့ပဲ ထိုက်တန်တယ်ဟု စိတ်ဆိုးမာန်ဆိုး ကြမ်းတမ်းစွာ ရေရွတ် တတ်သည်။ အဖေ ဆူပူကြိမ်းမောင်းရိုက်နှက်လျှင် မဲနက်သော မျက်လုံးဝိုင်းကြီးဖြင့် အသနားခံသလို တွေ၍ ကြည့်နေတတ်သော ကျွန်တော့်မြင်းသည် အဖေ လှည့်ထွက်သွားသည်နှင့် တပြိုင်နက် ချက်ချင်းပင် စိတ်လွတ်လပ်သွားသလို ခေါင်းဆတ်ခါလျက် သွားဖြီး ကာ ရယ်မောဟန်ပြတတ်သည်။ တစ်ခါတစ်ခါတော့ ခပ်အစ်အစ် အသံထွက်လာအောင်ပင် ရယ်မောတတ်သည်။

"နှစ်ကောင်လုံးအတူတူပဲ မြင်းရော.. ဂျူရော... ။ လက် ကြောတင်းအောင် အလုပ်မလုပ်ချင်ကြဘူး"

ကျွန်တော်နှင့် ကျွန်တော့်မြင်းသည် အမြဲလိုလို ပေါင်းစည်း မိလျက်ရှိရာ အဖေသည် ကျွန်တော်အပေါ် တစ်ခုခုသဘော မကျစရာ တွေ့လျှင် မြင်းကိုပါ ကြိမ်းမောင်းမာန်မဲတတ်ပြီး မြင်းအပေါ် မကျေနပ် စရာတွေ့လျှင်လည်း ကျွန်တော့်ကိုပါ ဆူပူအော်ဟစ်တတ်ပါသည်။





ဤအခါမျိုးတွင် ကျွန်တော်တို့ နှစ်ကောင်သည် တစ်ကောင်၏ မျက်နှာကို တစ်ကောင် မကြည့်မိအောင် သတိထားနေရသည်။

"လှည်းမဆွဲချင်တဲ့ မြင်းရယ်လို့ တစ်သက်နဲ့တစ်ကိုယ် ဒီတစ်ခါပဲ ကြားဖူးတယ် တော်တော်လူပါးဝတဲ့ မြင်း"

အဖေက သူ့မြင်းအတွက်ရော ကျွန်တော့်မြင်းအတွက်ပါ မြင်းစာစဉ်းရင်း မြည်တွန် တောက်တီးလေ့ရှိသည့်အခါ ကျွန်တော်က အဖေ့အနီးမှာ ထိုင်လျက် ကောက်ရိုးများ မြက်စိုများကို အဖေ့ လက်တစ်ဆုပ်စာစီ ကောက်ယူ စုစည်းပေးနေကျ ဖြစ်ပါသည်။

"မဟုတ်ဖူးလေ အဖေရဲ့၊ တိမ်ညိုပုံစံက သိပ်လှပြီး သိပ် ခြောင့်တာ မဟုတ်လား၊ သူ့ကိုယ်သူလည်း သိပုံရပါတယ် ဒီတော့ လှည်းဆွဲတဲ့ မြင်းတွေလို အောက်ကျနောက်ကျ ဂုဏ်နိမ့်တဲ့ အလုပ်ကို ဘယ်လုပ်ချင်ပါ့မလဲ"

အဖေက ကျွန်တော့်ကို မျက်ထောက်နီကြီးဖြင့် ဒေါသ ဘကြီး ကြည့်၏။

" မြင်းတစ်ကောင်ဟာ လှည်းဆွဲရုံကလွဲလို့ ဘာဂုဏ် ဘက်တဲ့အလုပ် လုပ်စရာရှိသေးလို့တုန်းကွ"

"အလှပြတဲ့ မြင်းမျိုးလည်း ရှိသေးတယ်မဟုတ်လား အဖေ၊ က, ကြိုးတန်ဆာ အစုံအလင်ဆင်ပြီး ပွဲလမ်းတွေမှာသုံးတဲ့ မြင်းမျိုး ပေါ့"

အဖေ့မျက်လုံးတွင် အထင်သေးရှုံ့ချဟန်ကို ကျွန်တော် မြင်ရသည်။

"အဲဒီလို သူများအသုံးတော်ခံရတဲ့ ဖက်ခွက်စား မြင်းမျိုးကို မင်းတို့က ဂုဏ်ရှိတယ်ထင်လို့လား။ ကြွက်သားတွေအလုပ်ပြ အမွေး တွေကို အရောင်လက်အောင် ဖြီးလိမ်းတိုက်ချွတ်... ဟန်ကြီးတစ်ခွဲ



www.burmeseclassic.com

www.burmeseclassic.com



သားနဲ့ လူကြည့်ခံရအောင် ပြပြီးတော့ ဆန်ကလေး နှစ်အိတ် သုံးအိတ်တောင် မဆွဲနိုင်တဲ့မြင်းမျိုးလားကွ ဘာအသုံးကျမှာလဲ အဲဒါကမှ ရှက်စရာ"

မြင်း၏ ဂုဏ်သိက္ခာနှင့်ပတ်သက်ပြီး ကျွန်တော်နှင့်အဖေ သဘောကွဲလွဲမှုမှာ ရွာ၌အလှူလှည့်ပွဲရှိသည့်အခါတိုင်း သိသာထင်ရှား လာလေ့ရှိသည်။ ရှင်လောင်းလှည့်ပွဲတိုင်းတွင် ကကြိုးတန်ဆာ အပြည့်နှင့် မြင်းထောက်လက်ဖဝါး ၁၅ ခုစာ အရပ်မြင့်သော တိမ်ညို သည် မြင်းထဲတွင် အလှဆုံး၊ အခံ့ညားဆုံး၊ ကျက်သရေအရှိဆုံး ဖြစ်သည်ကိုတော့ ဘယ်တုန်းကမှ အဖေ မငြင်းနိုင်ခဲ့ပေ။ သို့သော် ထိုပွဲများတွင် အဖေ ဘယ်တော့မှ ဘေးကမရပ်ခဲ့။ ကျွတ်ဆတ်သည် ဟု နာမည်ကြီးသော တိမ်ညို၏ ဇက်ကြိုးကို ဆွဲကြည့်လိုသူ တော်တော် များများရှိ၏။ သို့သော် တိမ်ညိုသည် ကျွန်တော်မှတစ်ပါး မည်သူ့ကိုမျှ ဆွဲခွင့်မပေးခဲ့။ ကျောက်စီကတ္တီပါစကွပ် သားရေပြားပါးချပ်ကြိုးကို ကျွန်တော် ကိုင်ဆွဲ၍ သူ့ဘေးမှလိုက်လျှင် သူသည်လည်းကိုမတ်လျက် တစ်လှမ်းချင်း အသွားကျ ခပ်ကြော့ကြော့ လှမ်းလေ့ရှိပါသည်။

"အင်း... လွန်ခဲ့တဲ့ နှစ်နည်းနည်းကဆိုလည်း အကောင်း သား မြို့မှာနေရတာဆိုလဲ အကောင်းသား... ဒီကောင့်ကို ပြိုင်မြင်း ဖြစ်အောင် ကျင့်ပေးလို့ရတယ်..."

အဖေ၏ ညည်းညူသံတွင် မြင်းအပေါ် မကျေနပ်မှုနှင့် ဂုဏ်ယူမှုများ ရောထွေးနေသည်ဟု ကျွန်တော်ထင်ပါသည်။

"ခက်နေတာက ဘာအလုပ်မှမလုပ်ချင်တဲ့ မြင်းတစ်ကောင် ကို အသားလွတ် ကျွေးထားရလောက်အောင် ငါက ချမ်းသာတာ မဟုတ်ဘူး"





ထိုအကြောင်းပြချက်ဖြင့် မြင်းကိုရောင်းဖို့ ကြိုးစားသော အခါမှာတော့ ကျွန်တော် အနည်းငယ် လန့်သွားပါသည်။ အသား ညှပ်ချော့ တုတ်ချောင်း သေးသေးကလေးများမှတစ်ဆင့် သံချောင်း၊ သံကွင်းများအထိ သူ့ပါးစပ်တွင် ကိုက်တတ်လာအောင် သူ့ကို ဖြည်းဖြည်း စိတ်ရှည်လက်ရှည် ဇက်ခွံ့ပေးခဲ့ သော ကျွန်တော်သည် နောက်တစ်ဆင့်တက်၍ လှည်းဆွဲကျင့်ပေးရန် ကတိပြု၍ အဖေ့အား တောင်းပန်ခဲ့ရသည်။

"စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက်တွေမှာ ကျွန်တော် သူ့ကို လှည်းတပ်ပြီး ခိုင်းပါ့မယ်အဖေ... သူ့ကိုမရောင်းပါနဲ့၊တစ်ပတ် ကို နှစ်ရက် ပိုက်ဆံရှာပေးပါ့မယ်၊ ဒါဆို သူ့ စားစရိတ် ကျေမလား ဟင်"

"တော်တော်တရားမျှတတဲ့ ကောင်တွေ... ငါ့မြင်းကတော့ ဘစ်ပတ်ကို ငါးရက် အလုပ်လုပ်ရမယ်၊ မင်းမြင်းကတော့ နှစ်ရက်ပဲ လုပ်မယ်ပေါ့... စားတော့ ငါ့မြင်းထက်ပိုပြီး စားမယ်ပေါ့..."

ထိုစကားကို ရေရွတ်ပြီးနောက် ကျွန်တော်တို့ မမြင်အောင် တစ်ဖက်သို့လှည့်၍ အဖေပြုံးခဲ့ပါသည်။ သည်လိုနှင့် ကျွန်တော် ရှစ်တန်းနှစ်တွင် တစ်ပတ်လျှင်နှစ်ရက် မြင်းလှည်းမောင်းခဲ့ရခြင်း ဖြစ်သည်။ တိမ်ညိုက ပထမတွင် ဂျစ်ကန်ကန်... သို့သော် ကျွန်တော်၏ ချော့မော့ တောင်းပန်စကားများ အောက်တွင် သူ အလျှော့ပေးခဲ့ ပါသည်။ တစ်ခါတစ်ရံ အော်ဒါကြေး များများရလျှင် 'ရွှာခိုင်' နှင့် ကုန်းဖောင်း ပြေးဆွဲတတ်သော်လည်း အများ အားဖြင့် သံကိုင်းမော်တော်ဆိပ်သို့သာ ကျွန်တော်တို့ ပြေးဆွဲလေ့ ရှိသည်။ သံကိုင်းခရီးကပို၍ တိုတောင်းသည် မဟုတ်လား။ သို့ပေမယ့် ခရီးတိုသည်နှင့် မမျှတအောင် ကျောက်တုံး ကျောက်ခဲများ ရှဲ့စေးတွင်



www.burmeseclassic.com

www.burmeseclassic.com



နှစ်မြုပ်ကာ ကြမ်းတမ်း ခက်ထန်သောလမ်းဖြစ်၍ ကျွန်တော်ရော သူပါ တော်တော် ပင်ပန်းပါသည်။

ရေနံချောင်းဖက်မှ ထွက်လာသော သံကိုင်းမော်တော်သည် နံနက်တစ်ကြိမ် ညနေတစ်ကြိမ် သံကိုင်းသို့ ဆိုက်ကပ်သောကြောင့် ကျွန်တော်တို့သည် တစ်နေ့လျှင် နှစ်ခေါက် ပြေးဆွဲရသည်။ နံနက် ရှစ်နာရီခွဲလောက်တွင် ကုန်းဇောင်းမှ ခရီးသည်တင်ပြီး သံကိုင်းသို့ သွား၊ သံကိုင်းမှာ ခရီးသည်ချပြီးလျှင် ဟိုကလာမည့် မော်တော်ကို စောင့်၍ အပြန်ခရီးသည် တင်ပြီးမှ ကုန်းဇောင်းသို့ ပြန်ရသည်။ ညနေပိုင်းတွင်လည်း တစ်ကြိမ် ခရီးသည်ပို့၍ ကြိုရပြန်သည်။ ငါးရက်နှင့် နှစ်ရက် သိပ်မမျှဟာမှန်း ကျွန်တော်တို့ သိသော်လည်း မသိချင်ယောင် ဆောင်နေခဲ့ကြသည်။

အဖေမောင်းလျှင် ခရီးသည် ကြောက်လန့်စိတ်ညစ်အောင် ကပ်ဖဲ့ ရန်းကန်ပြတတ်သော တိမ်ညိုသည် ကျွန်တော်နှင့်ကျတော့ ဖြောင့်ဖြောင့်ဖြူးဖြူးပင် ပြေးလေသည်။ မော်တော်ချိန် မမီမှာကို စိုးရိမ်တတ်သော ခရီးသည်တို့သည် ကျွန်တော့်မြင်းလှည်းကို ကြိုတင်၍ အော်ဒါမှာထားကြလေ့ရှိ၏။ အကြောင်းမှာ ကျွန်တော်နှင့် တိမ်ညိုသည် အခြားမြင်းလှည်းများကို ကျော်ဖြတ်၍ အလျင်ဆုံး ပန်းတိုင်ရောက်လေ့ရှိသောကြောင့် ဖြစ်သည်။ တိမ်ညိုသည် လမ်းမှာတွေ့ရသမျှ မြင်းလှည်းများကို ကျော်တက်ရမှ ကျေနပ်သူ၊ အရာရာတွင် ဗိုလ်ကျလိုစိတ် ရှိသူဖြစ်သည်။ တိမ်ညို၏အမေ ရွှေနီမကတော့ ခပ်ဖြည်းဖြည်း မှန်မှန် အသွားကျကျ ခြေလှမ်းလှမ်းတတ်သူ၊ အရာရာတွင် သည်းခံစိတ်ရှိသူ၊ နိမ့်ချရိုကျိုးတတ်သူ၊ ရောင့်ရဲလွယ်သူ ဖြစ်သည်။





တိမ်ညိုသည် ကျွန်တော်တို့၏ ငယ်မွေးခြံပေါက်မြင်းဖြစ်၏။ ကျွန်တော် အသက်ရှစ်နှစ်အရွယ်တွင် တိမ်ညိုကို ရွှေနီမက ကျွန်တော့် အတွက် မွေးပေးခဲ့သည်။ ကျွန်တော့်အထက်က အစ်ကိုများက မြင်းတွေကို ဝတ္တရားကျေသာ စိတ်ဝင်စားသည်ဖြစ်ရာ မြင်းများကို အလွန်ချစ်ခင်တတ်သော ကျွန်တော့်အတွက် တိမ်ညိုသည် ပြိုင်ဖက် ကင်းစွာရခဲ့သော အဖိုးတန် ရတနာလက်ဆောင်တစ်ခု ဖြစ်နေ လေသည်။ တိမ်ညိုမွေးသည့် ညက ကျွန်တော်သည်၊ အဖေနှင့် ဦးလေး ဦးထွန်းမောင်တို့၏နောက်၌ စိုးရိမ်ပူပန်စွာ ရပ်၍စောင့်ကြည့် ခဲ့သည်။ လူ ကလေးငယ်များ မွေးဖွားပြီး လမ်းလျှောက်ရန် အတော် အချိန်ကြာကြာ စောင့်ရသော်လည်း မြင်းငယ်ကလေးသည် မွေးဖွား ပြီး ချက်ချင်း လမ်းလျှောက်လေသည်။ ချွဲကျိကျိအရည်များနှင့် ဒုံးထွေးရစ်ပတ်ကာ ထွက်လာသော ခပ်မဲမဲအရာကလေးသည် ဘလှုပ်လှုပ်နှင့် ယက်ကန်နေရာက ရွှေနီမ၏ လျှာဖြင့် ပွတ်သပ်လျက် ပေးလိုက်၊ အဖေတို့က အဝတ်ဖြင့် ပွတ်သပ်ပေးလိုက် ပြုပြင်လိုက် သောအခါ ချစ်စဖွယ် မြင်းကလေးဖြစ်လာသည်။ ပြူးကြောင်ဝိုင်းစက် သော မျက်လုံးကို မပွင့်တပွင့်ထား၍ ခနော်နီ ခနော်နဲ့ခြေထောက် သေးသေးကလေးများဖြင့် ယိုင်ထိုးယိုင်ထိုး လမ်းလျှောက်သော မြင်းညို ကလေးကို ကျွန်တော်မြင်မြင်ချင်း ချစ်သွားသည်။ မြင်းကလေးကို ကြည့်ရင်း ရင်ထဲမှာ လှိုက်လှဲစွာ ယုယလိုစိတ်ဖြင့် ကျွန်တော်လက်ဖျားတွေ တုန်ယင်နေခဲ့သည်။

ကျွန်တော့်အတွက်တော့ တိမ်ညိုသည် မြင်းတစ်ကောင် မဟုတ်၊ သူငယ်ချင်းတစ်ယောက်ဖြစ်သည်။ ညီငယ်တစ်ယောက်ဖြစ် သည်။ တိမ်ညိုက ကျွန်တော်စားသမျှ အစားကို စားရန်ကြိုးစားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက သကြားအလွန်ကြိုက်သောအခါ မီးဖိုချောင်ထဲက အမေ့သကြားပုလင်းသည် အချိန်မတန်ဘဲ လျင်မြန်စွာ ကုန်တတ်လေသည်။

"ဟဲ့... တစ်နေ့ကမှ ဝယ်ထားတဲ့သကြားတစ်ပိဿာ အခုမရှိတော့ဘူး...မှောက်များကျလေရော့သလား၊ ဝင်းအောင်... စိုးအောင်... သကြားတွေရော..."

ထိုသို့ အမေ မြည်တွန်တောက်တီးလျှင် ကျွန်တော်သည် တိမ်ညို၏ နဖူးပြင်ကို လက်ဖြင့်သပ်လျက် ကျွန်တော်တို့နှင့်မဆိုင်သလိုပင် တိတ်ဆိတ်စွာ ပြုံးနေခဲ့သည်။

တိမ်ညိုသည် လျင်မြန်စွာ ကြီးပြင်းထွားကြိုင်းလာ၏။

"အဖေ ကျွန်တော် တိမ်ညိုကို ဘယ်တော့မှ စီးလို့ရမှာလဲ"

"ဟ... လံကြီးတောင် ကျင့်လို့မဖြစ်သေးတာ ဘယ်စီးလို့ရဦးမှာလဲ။ စီးချင်ရင် ရွှေနီမကိုစီး၊ အဖေကိုင်ပေးမယ်"

ကျွန်တော်သည် လူကသာ မလောက်လေး မလောက်စား အရွယ်ပေမယ့် စက်ဘီးစီးလျှင်လည်း လူကြီးက ထိန်းပေးမှာကို မကြိုက်တတ်။ မြင်းစီးလျှင်လည်း အလွတ်စီးရမှ ကျေနပ်သည်။ တိမ်ညိုကိုပဲစီးမည်ဟု ကျွန်တော်ဆုံးဖြတ်လိုက်၏။ တိမ်ညိုကို တွေ့ရန် မြင်းဇောင်းထဲသို့ နံနက်တစ်ခါ ညနေတစ်ခါ ကျွန်တော် သွားခဲ့ရသည်။ တိမ်ညိုကို ကျွန်တော်စကားတွေ တတွတ်တွတ်ပြောသည်။ တိမ်ညို၏ စမ်းသပ်လေ့ကျင့်မှုဒဏ်ကို အများဆုံးခံရသူမှာ ကျွန်တော်ဖြစ်၏။ တိမ်ညိုသည် ငယ်ငယ်ကတည်းက ကျွန်တော့်ကို ကိုက်သည်။ နောက်ခြေတစ်ဖက်ဖြင့် မကြာခဏ စမ်း၍ ကန်ကျောက်သည်။ ကျွန်တော့်ခြေထောက်ကို သူ့ခွာဖြင့် တက်နင်းရန် ကြိုးစားသည်။ ကျွန်တော် နာကျင်၍အော်လျှင် သူသဘောကျကာ လည်ပင်းတလှုပ်လှုပ်နှင့် ရယ်မောတတ်လေသည်။ ထို့ကြောင့် သူရယ်တာကို





မြင်ချင်သော ကျွန်တော်က သိပ်မနာဘဲနှင့် တအားအော်ပစ်လိုက်ပြန်တော့ သူ စိုးရိမ်မကင်းဖြစ်ကာ ကျွန်တော့်ကို လည်တိုင်ဖြင့် ပွတ်သပ်ချော့မော့ မဆုံးရှိပြန်သည်။

ကျွန်တော် ဆယ့်တစ်နှစ်တွင် တိမ်ညိုကို ဇက်ကြိုးကျင့်ပြီး ဆယ့်နှစ်နှစ်ကျမှ ကုန်းနှီးအတင်ကျင့်ပါသည်။ မြင်းများသည် သူတို့ကျောပေါ်၌ ဘာအပိုပစ္စည်းမှ တင်ရှိသည်ကို မကြိုက်တတ်သောကြောင့် အမြဲခါချတတ်သည်ဖြစ်ရာ ကုန်းနှီးကို သူ၏ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုလို သူသဘောထားနိုင်ရန် ကျွန်တော်တို့ စိတ်ရှည်လက်ရှည် ကျင့်ပေးရသည်။

တိမ်ညိုနှင့်ရွှေနီမကို ညနေတိုင်း မြက်ခင်းစားကျက်ဆီသို့ ခေါ်သွားပြီး မြင်းကျောင်းသော အလုပ်ကို ကျွန်တော်တစ်ယောက်တည်းသာ လုပ်ရသည်။ အစိုးရအထက်တန်းကျောင်းနှင့် ဘောလုံးကွင်းနောက်ဖက်က ကောနေသော ကန်ဟောင်းကြီး ဘေးမှာ မြက်စိုများဖြင့် စိမ်းလဲ့လျက်ရှိရာ ထိုစားကျက်သို့သွားပြီး မြင်းလှန်သော မြင်းသမားများ တော်တော်များပါသည်။ မြင်းမ ငယ်ငယ်ကလေးများသည် တိမ်ညိုကိုမြင်လျှင် တုန်ရီသောအသံ သေးသေးကလေးများဖြင့် ဟီဖို့ ကြိုးစားတတ်၏။ တစ်ခါတစ်ခါ တိမ်ညိုက မကြားဟန်ပြု၍ တစ်ခါတစ်ခါကျတော့ မြင်းမကလေးနောက်သို့ တကောက်ကောက် လိုက်မည့်ဟန်ပြင်လျှင် ကျွန်တော့်မှာ ချော့မော့လိုက်ခြိမ်းခြောက် လိုက်ဖြင့် သူ့ကိုဆွဲငင်ရသည်။ သို့သော် ထိုအချိန်အထိ တိမ်ညိုက ကလေးဆန်ဆဲ။ အမေ့ရက်ကန်းစင်မှ ချည်ခင်များကို အမေ့အလစ်တွင် ကိုက်ဆွဲပြေးတတ်ဆဲ ဖြစ်သည်။ တိမ်ညို့ပါးစပ်ထဲမှ ချည်ခင်ကိုချော့မော့ တောင်းရင်း ကျွန်တော်ကပါ ချည်ခင်တွေနှင့် ဆော့ကစားမိလျှင် အမေ့မျက်စောင်းက ကျွန်တော့်အပေါ် ကျလာ



www.burmeseclassic.com

www.burmeseclassic.com



တတ်သည်။ ကျွန်တော်က ကွင်းပြင်ကိုမက်မောသလို တိမ်ညို ကလည်း ကွင်းပြင်ကျယ်ကို မက်မောသည်။ ကျွန်တော်နှင့်အတူ မြက်ခင်းရှိရာ လိုက်လာစဉ် သူခုန်ပေါက် မြူးတူးနေလေ့ရှိ၏။ တိမ်ညိုနှင့် ကျွန်တော် မတူညီသည့်အချက်မှာ တစ်ခုတည်းသာ ဖြစ်၏။ တိမ်ညိုက ချစ်ဟန်ပြသော မြင်းမကလေးများစွာရှိ၍ ထို မြင်းမကလေးများကို ခဏအတွင်း မေ့ပျောက်လွယ်သော်လည်း ကျွန်တော်ကတော့ ချစ်မြတ်နိုးရသည့် ချစ်သူတစ်ယောက် တည်းသာ ရှိပြီး ထိုချစ်သူကို ဘယ်တော့မှ မေ့မရ ခြင်းပင်တည်း။

ကျွန်တော့်ချစ်သူသည် ကျွန်တော့်ထက် တစ်တန်းကြီး သောကြောင့် ကျွန်တော်ရှစ်တန်းတွင် သူကကိုးတန်း ဖြစ်သည်။ ကျွန်တော်တို့ ကျောင်းသည် ထိုစဉ်က အစိုးရအထက်တန်းကျောင်း မဖြစ်သေးဘဲ အလယ်တန်းကျောင်းသာ ဖြစ်သည်။ ကျွန်တော့် ချစ်သူက ပွင့်ဖြူမြို့သို့ သွားရောက် ကျောင်းတက်ရသည်။ ပွင့်ဖြူနှင့် ကုန်းဓောင်းမှာ အတော်လေးဝေးသဖြင့် သူမက ပွင့်ဖြူမှာ အနေများ လေသည်။ ထို့ကြောင့်လည်း ကျွန်တော်သည် သူမကို မြစေတီဘုရား ပွဲမှာမှ စတင် သတိထားမိခြင်း ဖြစ်သည်။

ကျွန်တော့်ချစ်သူက ခေတ်ဆန်သည်။ နာမည်ကိုက မလေးနွယ်...တဲ့။ နွယ့်ဆံပင်များသည် ဘော့ပ်ဟဲ(ရ်)မှ အရှည် ဖြစ်လာသော ပခုံးထိ မရောက်တရောက် ဖြောင့်စင်းသော ဆံပင်တို များဖြစ်သည်။ ထိုဆံပင်များကို ဝှေ့ကနဲခါပြီး ကျွန်တော့်ကို ခိုးကြောင် ခိုးဝှက် ကြည့်လိုက်သော မဲနက်တောက်ပသည့် နွယ့်မျက်လုံးများ အောက်တွင် ကျွန်တော် ဒူးတွေ ညွတ်ခွေကျသွားမတတ် လှိုက်လှဲ တုန်ရီရလေသည်။ နဂိုကတည်းက နွယ်နှင့်ကျွန်တော် လူတန်းစားချင်း မတူမှန်းတော့ ကျွန်တော် သိခဲ့ပါသည်။ နွယ်က ဆန်စက်ပိုင်ရှင်





သူဌေးတစ်ဦး၏သမီး၊ ကျွန်တော်က စက်ချုပ်သမားလည်းဖြစ် မြင်းလှည်းသမားလည်းဖြစ်သော အဖေ၏သား။ သို့သော် ကျွန်တော် တို့ နှစ်ယောက်၏ အချစ်တွင် အဆင့်အတန်း မညီမျှမှုဆိုသည်မှာ သည့်၍ပင် စဉ်းစားခဲ့သော အရာမဟုတ်။

စက်တန်းရပ်ကွက်မှာ နေထိုင်သော ကျွန်တော့်ချစ်သူထံသို့ ကုန်းဓောင်းရပ်မှာနေသော ကျွန်တော်က ညစဉ် သွားရောက်ပိုးပန်းရာ တွင် ကျွန်တော်၏တစ်ဦးတည်းသော အားပေးဖော် သူငယ်ချင်းမှာ တိမ်ညိုဖြစ်၏။ ကျွန်တော့်အတွက် တစ်ခုကံဆိုးသွားသည်မှာ တိမ်ညို သည် အမှတ်သည်းခြေကြီးသူ ဖြစ်နေခြင်းပင်တည်း။ သူ့မြင်းမ ကလေးနောက်သို့ လိုက်မည့်ဟန်ပြင်စဉ် မရမက ဆွဲရုန်းတား ဖြစ်ခဲ့သော ကျွန်တော့်ကို သူ မကျေနပ်ခဲ့မှန်း နောက်မှသိရ၏။

ညစဉ် ကိုးနာရီအချိန်ရောက်လျှင် ကျွန်တော်သည် တိမ်ညို ကို ဇက်ကြိုးတပ် ကုန်းနီးတင်၍ စက်တန်းရပ်ကွက်သို့ သွားလေ သည်။

"အရေးကြီးတဲ့ ကိစ္စရှိလို့နော်... တိမ်ညို... ငါ့ကိုလိုက်ပို့ ခမ်းပါ"

ဘာမှန်းညာမှန်း မသိသောတိမ်ညိုက ကြည်ဖြူစွာပင် အသွားကျခြေလှမ်းဖြင့် တက်ကြွစွာလိုက်ပို့သည်။ ညဦးပိုင်း လရောင် အောက်တွင် ကုန်းဓောင်းရွာလယ် လမ်းမကြီးသည် ဖြောင့်စင်း၍ ဖွေးနေသည်။ ဈေးအနောက်ဖက်မှလွန်၍ ပေါင်းကြီး (ရေမြောင်းပေါ်မှ တံတားကြီး) ရောက်လျှင် ချစ်သူ့ရပ်ကွက်နား နီးပြီဖြစ်၍ ကျွန်တော် ရင်ခုန်လာသည်။ ချစ်သူ့အိမ်သည် ခပ်ဝေးဝေးမှာ ရှိသေးသည်။ တိမ်ညိုကို ခပ်မြန်မြန်သွားရန် ကျွန်တော် တီးတိုးတောင်းပန်မှ ကျွန်တော့် အာခေါင်များ ခြောက်သွေ့လျက်ရှိသည်။ နွယ်တို့အိမ်သည်



www.burmeseclassic.com

www.burmeseclassic.com



ဆန်စက်၏ နောက်ဖက်လမ်းချိုးကလေးထဲတွင်ရှိ၏။ ကျယ်ဝန်းသော ခြံကြီး နံဘေးသို့ရောက်လျှင် ဇွန်ပန်းရနံ့များ သင်းမွှေးလျက်ရှိသည်။ နွယ့်ခြံထဲတွင် ဇွန်ပန်းရုံ သုံးလေးရုံရှိပါသည်။ နွယ်တို့ဝင်းထရံသည် သစ်သားတန်းများဖြစ်ပြီး ထိုဝင်းထရံပေါ်မှာ အစိမ်းရောင် တွယ်ကပ်ပန်းပင်များ ထူထပ်စွာ အုပ်ဆိုင်း တွဲလွဲကျနေသောကြောင့် ခြံထဲသို့ ကျွန်တော် ဘာမှလှမ်းမမြင်ရ။ အိမ်ခေါင်မိုးစွန်းကိုသာ ကျွန်တော် မြင်ရသည်။ ခြံထဲသို့ ကျွန်တော် လှမ်းမြင်နိုင်ဖို့နည်းမှာ တိမ်ညိုအပေါ် ကျွန်တော်၏ ယုံကြည်စိတ်ချမှုနှင့် ဆက်စပ်နေသည်။ ကျွန်တော်သည် တိမ်ညို၏ နားနားသို့ကပ်၍ ချော့မော့ တောင်းပန်ရသည်။

"တိမ်ညို... ငြိမ်ငြိမ်ကလေးနေနော်... လုံးဝ မလှုပ်ပါနဲ့နော်... ငါ မင်းအပေါ်တက်ပြီး မတ်တတ်ရပ်မှဖြစ်မယ်... နော်"

ပထမဦးဆုံးနေ့တွင် အလွန်လိမ္မာသော တိမ်ညိုသည် နားရွက်ပင်မခတ်ဘဲ ငြိမ်သက်ပြခဲ့၏။ ကျွန်တော် သူ့ကျောပေါ်မှာ ဗလာခြေဖဝါးဖြင့် ခိုင်မြဲစွာရပ်လျက် ခြံထဲသို့လှမ်းကြည့်သည့်အခါ ကျွန်တော့်တစ်ကိုယ်လုံး ကြည်နူးမှုများစွာဖြင့် ဘည့်ငြိမ်အေးချမ်းသွားသည်။ မြလေးနွယ်သည် ဇွန်ပန်းရုံတစ်ခုအောက်၌ ခွေးချေခုံပေါ် မတ်တပ်ရပ်လျက် ပန်းခူးနေလေသည်။ ကျွန်တော် တိတ်ဆိတ် ငြိမ်သက်စွာ လှမ်းကြည့်နေသည်ကို နွယ်၏ အာရုံသိစိတ်ဖြင့် ရိပ်မိသွားဟန်တူ၏။ နွယ် ကျွန်တော်ရှိရာသို့ ဖြည်းညင်းစွာ လှည့်ကြည့်သည်။ ကျွန်တော်အတတ်နိုင်ဆုံး နူးညံ့ငြင်သာစွာ ပြုံးပြလိုက်သော်လည်း နွယ် ရှက်ကြောက်စွာ လန့်ဖျပ်သွားဟန်တူ၏။ ခူးလက်စ ပန်းခြင်းတောင်းကို ပစ်ချကာ အိမ်ပေါ် အပြေးတက်သွားလေသည်။ ထိုနေ့ရာမှာ တိမ်ညိုရော ကျွန်တော်ရော ငြိမ်သက်စွာစောင့်နေပြီးမှ နွယ့်မျက်နှာ အရိပ်အယောင်ကလေးကိုမျှ ကျွန်တော်မမြင်ရသောအခါ





ကျွန်တော် မြင်းပေါ်မှာ ဝမ်းနည်းအားငယ်စွာ ပြန်ထိုင်လိုက်မိသည်။ ကျွန်တော်တို့နှစ်ယောက်သည် အလာတုန်းကနှင့်မတူဘဲ တစ်လှမ်းချင်း တိတ်ဆိတ်စွာလှမ်း၍ ပြန်လာခဲ့၏။

နောက်တဖြည်းဖြည်းနှင့် နွယ်၏ ရှက်ကြောက်မှုများသည် အချစ်ဖြင့် ပျောက်ကွယ်လွင့်စင်သွားသောအခါ နွယ်နှင့်ကျွန်တော် ဘဖြည်းဖြည်း နီးကပ်လာပါသည်။ နီးကပ်လာသည်ဆိုခြင်းမှာ နွယ်သည် ကျွန်တော် လာတတ်သည့် ညကိုးနာရီအချိန်တွင် ဝင်းထရံနှင့် အနီးဆုံးဇွန်ပန်းရုံ၌ ပန်းခူးဖို့ စီစဉ်ထားတတ်သောကြောင့် ဖြစ်သည်။ နွယ်နှင့် ပထမဆုံး စကားပြောရသည့် နေ့သည် ကျွန်တော့် အတွက် မမေ့နိုင်သောနေ့ပင်ဖြစ်၏။ နွယ်၏ "တိုး" ဟု ခေါ်သော အသံကလေးကြောင့် ကျွန်တော့်တစ်ကိုယ်လုံး နွေးထွေးလှုပ်ရှားကာ မျက်စိများပင် ပိတ်၍ ငြိမ်သက်စွာ မူးမိုက်နေလိုစိတ် ပေါ်ပေါက်သွားမိသည်။ ထို့ကြောင့်လည်း နူးညံ့သိမ်မွေ့သော စကားများဖြင့် နွယ့်ကို ပြောနေမိသည်။ ထိုအချိန်မှာ နွယ်က ခြံဝင်းတစ်ဖက်တွင် ခွေးချေခုံပေါ်၌ မတ်တပ်ရပ်နေပြီး ကျွန်တော်က သည်ဘက်တွင် တိမ်ညိုအပေါ်၌ မတ်မတ်ရပ်လျက်ရှိသည်။ ကျွန်တော့် ခြေအောက်က ကျောပြင်သည် လှုပ်ရှားတတ်သော ခုံတစ်ခုဖြစ်သည်ကို ကျွန်တော် မေ့နေသည်။ တိမ်ညို ချစ်ခင်ဟန်ပြသော မြင်းမကလေးများထံမှ ကျွန်တော် အကြိမ်များစွာ သူ့ကိုဆွဲခေါ်ခဲ့ဖူးသည်ကိုလည်း ကျွန်တော် မေ့နေသည်။ ထို့ထက် ပိုဆိုးသည်မှာ မြင်းတစ်ကောင်တွင် လက်စားချေတတ်သည့်စိတ် ရှိမည်ဟု ဘယ်တုန်းကမှ မထင်ခဲ့ခြင်းပင် ဖြစ်သည်။

ထို့ကြောင့်လည်း တိမ်ညို ရုတ်တရက် လှုပ်ရှား... ကဆုန်ပေါက် ထွက်ပြေးသည့်အခါ ကျွန်တော်သည် ...ါးပေအမြင့်မှ



www.burmeseclassic.com

www.burmeseclassic.com



အောက်သို့ ကို့ယို့ကားယား ပြုတ်ကျသွားခဲ့ခြင်းဖြစ်သည်။ မြင်းစစီးသည့် အချိန်မှစ၍ ဟန်ချက်ဟူသော စကားကို အဖေ ခဏခဏ ပြောသော်လည်း ကျွန်တော် သတိမထားမိခဲ့ပါ။ ဟန်ချက် ဆိုသည်မှာ အလွန်အရေးကြီးပါလား... ဟု သိလိုက်သည့်အချိန်၌ ကျွန်တော် မြေပြင်ပေါ် ဖင်ထိုင်လျက်လဲကျနေပြီ။ ခြံဝန်းထဲမှ နွယ်၏စိုးရိမ်တကြီးအော်သံနှင့် ကဆုန်ပေါက်ပြေးသွားသော တိမ်ညိုရဲ့ခွာသံ ဘယ်ဟာကို ကျွန်တော် အရေးထားရမလဲဟု စဉ်းစားနေချိန်မှာ အရေးကြီးဆုံးက ကျွန်တော့်ခါးဆစ်ရိုးနှင့် ညာဖက်ပေါင်ပင် ဖြစ်ကြောင်း သိသွား၏။

ကျွန်တော်သည် ရှက်စိတ်၊ ဒေါသနှင့် နာကျင်မှုတို့ ပေါင်းစပ်ကာ မိနစ်ပေါင်းများစွာ ပြန်ထဖို့ အားယူခဲ့ရသည်။ နွယ် အိမ်ထဲက ထွက်လာမလားဟု မျှော်လင့်သော်လည်း မလာပါ။ တိမ်ညိုသည် ထိုညက ကျွန်တော့်ထံ လုံးဝပြန်မလာသောကြောင့် ကျွန်တော်သည် တစ်ရွေ့ရွေ့နှင့် စက်တန်းမှ ကုန်းဇောင်းထဲအထိ ထော့နဲ့ ထော့နဲ့ ပြန်လာရလေသည်။ အိမ်နှင့်မနီးမဝေး ရောက်တော့ လက်နှိပ်ဓါတ်မီးများဖြင့် လိုက်လာသော အစ်ကိုများနှင့် ဆုံမိသည်။ မောင်မင်းကြီးသား အိမ်သို့ဘေးမသီရန်မခ ပျော်ရွှင်စွာပြန်ရောက်ပြီပေါ့... ဟု ကျွန်တော်သိလိုက်ပါသည်။

"ငတိုး... ဘာဖြစ်တာလဲ..."ဟု ဝိုင်းမေးသည့်အခါ "တိမ်ညိုက ခါချလို့"ဟု အသံတိမ်တိမ်ကလေးနှင့် ဖြေမိသည်။ ဘာကြောင့် ခါချတာလဲဟု အကိုကလည်းမမေး၊ ကျွန်တော်ကလည်း မဖြေပါ။

နောက်တစ်နေ့တွင် ကျွန်တော် စိတ်ကောက်ပစ်လိုက်သည်။ ကျွန်တော် ကျောင်းမတက်နိုင်...၊ မြင်းဇောင်းထဲသို့လည်း





ခသွား။ တစ်ညနေမှာတော့ အမေ့ရက်ကန်းစင်ဘေးမှာ ကျွန်တော် ယောင်ပေပေ ရပ်နေစဉ် မြင်းဇောင်းထဲမှ တိမ်ညို ဟီသံကိုကြားရသည်။ ပထမတော့ ကျွန်တော် လှည့်မကြည့်ပါ။ မြေပြင်ကိုခွာနှင့် ရိုက်သံ၊ မြင်းဇောင်း သစ်သားတန်းနံရံကို ခွာဖြင့်ရိုက်သံ၊ မြင်းဟီသံတို့ကို မကြားချင်ယောင်ဆောင်နေမိ၏။ သို့သော် တိမ်ညို၏ အသံက နာကျင်အက်ကွဲသော အသံမျိုး၊ ပြတ်တောက် တိမ်ဝင်သော အသံမျိုးမို့ တစ်ချက်တော့ကျွန်တော်လှည့်ကြည့်ဖြစ်သည်။ ထိုအခါ မြင်းဇောင်း ဂိတ်တန်းဝါးလုံးကို မေးစေ့ဖြင့်ကျော်လျက် ကျွန်တော့်ဆီသို့ ငေးမောနေသော တိမ်ညို့ မျက်လုံးများကို တွေ့ရသည်။ တိမ်ညို ကျွန်တော့်ကို သနားနေသည်။ ထို့ပြင် သူ့အပြစ်အတွက် တောင်းပန်နေသည်။ ကျွန်တော်သည် ခါးဆစ်ရိုးဆီလက်နှင့် ဖိနှိပ်စမ်းလိုက်ပြီး သူ့ထံမသွားဘဲနေရန် ကြိုးစား၏။ သို့သော် မအောင်မြင်ပါ။ ကျွန်တော် သူ့ထံ တစ်လှမ်းချင်း လျှောက်သွားမိနေခဲ့သည်။ ကျွန်တော် သူ့အနီး ကပ်သွားတော့ သူက ကျွန်တော့်ပခုံးကို နှုတ်ခမ်းဖြင့် ပွတ်သပ်လေသည်။

တိမ်ညိုသည် ကျွန်တော့်ကို နောက်ထပ် ခါမချတော့ချေ။ ကျွန်တော်တို့၏ ချစ်သူသက်တမ်း ပျော်ရွှင်မှုများသည် ရွှေကျောင်းဘုရားပွဲနေ့ ရောက်တော့ အမြင့်ဆုံးကိုရောက်ပြီးမှ အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲခဲ့ရသည်။

ထိုညနေက တိမ်ညို၏ ကျောပေါ်သို့ နွယ်နှင့် ကျွန်တော် ထိုင်လျက် ကဆုန်စိုင်း ထွက်ပြေးကြပါသည်။ တိမ်ညိုသည် ကျွန်တော်တို့ နှစ်ယောက်၏ ပျော်ရွှင်မှုအတွက် အစွမ်းကုန်အားထုတ်ကာ လေကိုခွဲလျက် မြားတစ်စင်းလိုပြေးသည်။ နွယ်က တစ်ခါမှ မြင်းမစီးဖူး၍ ကြောက်လန့်တကြား ကျွန်တော့်ကို ဖက်တွယ်ထား၏။ ကျွန်တော်၏ ဘယ်ဖက်လက်က မြင်းဇက်ကြိုးကို ဆုပ်ကိုင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ခြေထောက်က ခြေနင်းကွင်းပေါ် ညှပ်လျက် မြင်းဝမ်းပိုက်ကို ဒူးဖြင့် ညှပ်ကာ ညာဖက်လက်ကတော့ ရင်ခွင်ထဲက ကြောက်လန့်နေသော ချစ်သူကိုဖက်တွယ်ထားရလေသည်။ နွယ်သည် ကြောက်လန့်စွာလည်း အော်လျက် ပျော်ရွှင်စွာလည်း ရယ်မောသည်။ ကျွန်တော်တို့ ဆွေမျိုးများရှိရာ ဌေ့ရွာသို့ ရောက်ပြီးဘယ်လောက်မှ မပျော်ရွှင်ရသေးမီ နွယ့်အိမ်ကလူတွေနှင့် အဖေလိုက်လာသည်။

ကျွန်တော်တို့ဇာတ်လမ်းသည် ကြေကွဲဝမ်းနည်းစွာ အဆုံးသတ်ခဲ့ရလေသည်။ ကြေကွဲရုံမျှမက ပို၍နာကျင်ရသည်မှာ ဘယ်တုန်းကမှ ကျွန်တော့်ကို မရိုက်ခဲ့ဖူးသော အဖေက မြင်းရိုက် ကြာပွတ်ဖြင့် နွယ်တို့အားလုံး၏ရှေ့မှာ ရိုက်ခဲ့သောကြောင့် ဖြစ်ပါသည်။

* * *

ယခုတော့ ကုန်းစောင်းသည် ခေတ်မီနေပြီ။ ဈေးတစ်ဝိုက်တွင် မြင်းလှည်း များနှင့်အတူ အငှားကားများကို တွေ့ရပြီ။ ကုန်တင်ကားများ ခရီးသည်တင်ကားများကို လမ်းမှာမကြာခဏ ဆုံရပြီ။ အလျှင်ကလို ဖုံထုများလည်း မထူထပ်တော့။ ကျွန်တော့် ချစ်သူနေခဲ့ဖူးသော စက်တန်းရပ်သည် ခေတ်မီတိုက်များ အိမ်များဖြင့် ပြောင်းလဲလျက်ရှိပြီ။

ကျွန်တော့်အိမ်သို့ ဝင်လိုက်သောအခါ အစ်မအကြီးဆုံးလည်းဖြစ်၍ တစ်ဦးတည်းသော အစ်မလည်းဖြစ်သော မမကအပ်ချုပ်စက်မှ ထကာ မျက်ရည်စမ်းစမ်းနှင့် နှုတ်ဆက်လေသည်။ ယခုတော့ အဖေလည်းမရှိ။ အမေလည်းမရှိ။ အမေ့ရက်ကန်းစင်လည်း မရှိတော့ပြီ။





ကျွန်တော်သည် အိတ်ကို ချချချင်း မြင်းစောင်းရှိရာသို့ သွားကြည့်မိသည်။ မြင်းစောင်းသည် ဖုံထုတက်လျက် မြင်းချေးနံ့များ ဒှဲ့နံ့များ ပျောက်ကွယ်လျက်ရှိသည်။ မြင်းစားခွက် သစ်ခေါင်းများသည် ပိုးလိုးပက်လက် စုပုံလဲကျနေ၏။ မြင်လှည်းအိမ်နှင့် မြင်းကုန်းနှီးများသည် မြင်းစောင်း၏ ထောင့်တစ်နေရာတွင် တိတ်ဆိတ်စွာ ကျန်ရစ်လျက်ရှိ၏။ အစ်ကိုများက တစ်မြို့စီမှာ အိမ်ထောင်ကိုယ်စီ မိသားစုကိုယ်စီနှင့်ဖြစ်ပြီး မမ တစ်ယောက်တည်း အပျိုကြီးဘဝဖြင့် စက်ချုပ်ဆိုင် ဖွင့်ထားသည်ဖြစ်ရာ မြင်းတစ်ကောင်မျှ မရှိသည်မှာ သဘာဝကျပါသည်။ သို့သော် မြင်းတွေ ဘယ်ရောက်သွားသည်ဆိုတာလောက်တော့ ကျွန်တော့်ထံ စာရေးဖို့ကောင်းသည်ဟု ထင်သည်။

"ရွှေနီမက ဆုံးသွားပြီလေ။ အဖေဆုံးပြီး ဘယ်လောက်မှ မကြာလိုက်ဖူးပေါ့။"

"တိမ်ညိုကရော..."

မမက ကျွန်တော်ကို မျက်မှောက်ကြုတ်ကြည့်၏။ အဖေဆုံးသွားပြီးကတည်းက အိမ်သို့ ကျွန်တော် မရောက်ဖြစ်သည့်အထဲတွင် တိမ်ညိုကိုပါ ကျွန်တော်မေ့ထားပြီဟု မမ ထင်ဟန်တူသည်။

"နင်က မေးသေးတယ်နော်...ဘာဖြစ်လို့ အရင်က တိမ်ညိုအကြောင်း မမေးတာလဲ၊ နင့်မိန်းမတွေ ခလေးတွေနဲ့ဆိုတော့ တိမ်ညိုကို နင်မေ့နေပြီပေါ့..."

"မမ ကျွန်တော်ဆီဘာမှ အကြောင်းမကြားဘူး" ကျွန်တော့် အပြစ်တင်သံကြောင့်မမက နှုတ်ခမ်းမဲ့သည်။

"နင်တို့ ငါ့ကိုလည်း ပစ်ထားတယ် တိမ်ညိုကိုလည်း ပစ်ထားတယ်"

မမ၏ စွတ်စွဲချက်ကို ကျွန်တော်မငြင်းနိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"တိမ်ညိုကို ငါရောင်းလိုက်ပြီ"

သေသွားပြီ... ဟူသော စကားကို ကြားရမှာ ပူပန်နေခဲ့သော ကျွန်တော်သည် ရောင်းလိုက်ပြီ ဟူသော စကားကပို၍ နာကျင်စေကြောင်း ယခုမှသိသည်။

"ဘယ်သူ့ကို ရောင်းတာလဲ"

"ဘာလဲ နင်ပြန်ဝယ်ပြီး မွေးစားလေးခေါ်သွားမလို့လား"ခပ်ရိရိ မမက မေး၏။

ကျွန်တော် မျက်ရည်ရစ်ဝဲလျက် ဖြည်းညှင်းစွာ ခေါင်းခါသောအခါ မမက မျက်ရည်ကျပါသည်။

"စိန်ပန်းကုန်းထဲက တစ်ယောက်ပဲ၊ အဖေ့ဆီ ခဏခဏ လာနေတဲ့ မျက်စိတစ်ဖက်လပ်နဲ့ လူကြီးလေ"

ကျွန်တော်သည် ရုတ်တရက် ရင်ထဲမှာ နာကျင်သွားကာ နေရာမှ ချာခနဲလှည့်ထွက်လာခဲ့မိ၏။

ထိုလူကို ကျွန်တော်သိပါသည်။ အလွန် မြင်းကိုင်ကြမ်းသော အဘိုးကြီး။ သူအရက်မူးလာလျှင် မြင်းကိုပါ အရက်တိုက်လေ့ရှိသော အဘိုးကြီး။ သူ့မြင်းများသည် အမြဲတစေ ပိန်လှီချည့်နဲ့လျက်ရှိသည်။ မြင်းကို အစာရေစာဝအောင်မကျွေး၊ သူလည်းဝအောင်မစား။ အရက်ကိုသာ ဝအောင်သောက်လေသည်။

ကျွန်တော်သည် ဈေးရှေ့ မြင်းလှည်းဆိပ်သို့ အလျင်သွားသည်။ ရပ်ထားသမျှ မြင်းလှည်းများတွင် မျက်စိ တစ်ဖက်လပ်နှင့်လူကိုလည်းရှာ၍ တိမ်ညိုကိုလည်း ရှာပါသည်။ ဘယ်သူ့ကိုမှ မတွေ့ပါ လူကိုမတွေ့လျှင်သော်မှ မြင်းကိုတွေ့လျှင် ကျွန်တော် မှတ်မိပါသည်။ ကျွန်တော့်လက်ပေါ်တွင် ဆယ်နှစ်ကျော် ကြီးပြင်းခဲ့သော တိမ်ညိုကို





ဘယ်လို ရုပ်သွင်မျိုး ပြောင်းပြောင်း ကျွန်တော် မှတ်မိမှာ သေချာသည်။

တိမ်ညိုလိုခပ်မဲမဲညိုညို အတော်ပိန်လှီသော မြင်းတစ်ကောင်ကို တွေ့၏။ သို့သော် နို့နှစ်ကွက်များမပါ။ နောက်တစ်ကောင်မှာ နို့နှစ်ကွက် တစ်ခုသာပါ၏။ နောက်ဖက်ကကြည့်လျှင် တိမ်ညိုနှင့် ခပ်ဆင်ဆင်တူသော အညိုနက်ရောင် မြင်းချောတစ်ကောင်ကို တွေ့သေး၏။ သို့သော် သူ့ခြေထောက်တွေက အနည်းငယ် ကောက်နေသည်။ ခွာအထက်က ခြေဖနောင့်အမွေးစုမှာ တိမ်ညိုလို အညိုဖျော့ဖျော့မဟုတ်၊ ဖြူလျော်လျော် ကျဲပါးနေသည်။

ကျွန်တော် မေးစမ်းကြည့်သမျှတော့ တိမ်ညိုကို ဝယ်သွားသူသည် အရက်နာကျ၍ သေဆုံးသွားပြီ။ ရွာလယ်မြောင်းဘောင်ကြီး၏ ဘေးတွင် မြင်းလှည်းရော လူရော လဲပြီးနောက် မကြာမီ သေဆုံး သွားသည်။

"မြင်းရော" ဟု ကျွန်တော်မေးတော့ သူတို့မသိပါ။ အဘိုးကြီး၏ အိမ်သို့ လိုက်စုံစမ်းပြီး မေးကြည့်တော့လည်း မိသားစုကမသိ၊ အဘိုးကြီး မသေမီကတည်းက မြင်းကို ပေါင်ထားရတာ... ဟူသော အဖြေကိုသာ ရသည်။ ဘယ်သူ့ဆီ ပေါင်ထားတာလဲ... မေးပြန်တော့ သူတို့ မသိပါ။

တိမ်ညိုသည် အညှာအတာမရှိသူ၏ လက်ထဲမှာလား။ တိမ်ညို၏ သွားများသည် ဇက်ကြိုးကိုမလိုအပ်ဘဲ ဆောင့်ဆွဲမှုကြောင့် သံချောင်းဖြင့် မကြာခဏ ခိုက်မိဝါးမိကာ ကျိုးပဲ့တိုတောင်းနေပြီလား။ တိမ်ညို၏နှုတ်ခမ်းတို့သည် ပဲ့ရွဲစုတ်ပြတ်လျက်ရှိပြီလား။ မြင်းလှည်းဆွဲဖို့ သိမ်ငယ်ရုက်စွ့်သောတိမ်ညို၏ အရေပြားပေါ်သို့



www.burmeseclassic.com

www.burmeseclassic.com



ကြာပွတ်ရိုက်ချက် ဒဏ်ရာတွေဘယ်နှစ်ခါ ကျရောက်ခဲ့ပြီလဲ။ အရေပြား ဘယ်နှစ်ခါ စုတ်ပြတ်ခဲ့ပြီလဲ။

ယခုဆိုလျှင် ကျွန်တော့်အသက် ၃၆နှစ် ဖြစ်ရာ တိမ်ညို၏ အသက်သည် ၂၈နှစ် ရှိပေပြီ။ နံရိုးအပြိုင်းပြိုင်းနှင့် အိုမင်းချည့်နဲ့နေသော တိမ်ညိုသည် ဟင်းစားအသားဘဝသို့ ရောက်ခဲ့လေပြီလား။ တွေးမိသောအခါ ကျွန်တော့်ရင်ထဲမှာ ရှုးရှုးနှင့်နှင့် နာကျင်လာပါသည်။ အဖေဆုံးပြီးနောက် နှစ်ပေါင်းများစွာ ရွာမပြန်ခဲ့သော ကျွန်တော့်ကိုယ် ကျွန်တော်သာ ဒေါသထွက်မိ၏။

တိမ်ညိုကို စုံစမ်း၍ မရသောအခါ ကျွန်တော်သည် စက်တန်းရပ်သို့ သွားလျက် နွယ့်သတင်းကို စုံစမ်းမိပြန်၏။ နွယ်တို့ဆန်စက်သည် အခြားတစ်ဦး၏ ပိုင်ဆိုင်မှုဖြစ်သွားပြီ။ နွယ်တို့လမ်းသည် ယခင်ကလို ဖွန်ပန်းရနံ့ မွှေးပျံ့မှုမရှိတော့။ နွယ်တို့ခြံဝင်းသည် ယခင်ကလို ခြံစည်းရိုးအမြင့် နံရံကပ်နွယ်ပင်များဖြင့် မဟုတ်တော့။ အားလုံးသည် မမှတ်မိနိုင်အောင် ပြောင်းလဲလျက်ရှိသည်။ နွယ်တို့အိမ်သည် အိမ်မဟုတ်တော့ဘဲ တိုက်ဖြစ်နေပြီ။ ဖွန်ပန်းပင်များအစား စပါးကျီများကို တွေ့ရသည်။

မြလေးနွယ်ဟူသော အမျိုးသမီး ဤအရပ်မှာမနေတာကြာပြီ။ တစ်ယောက်ကပြောတော့ ပွင့်ဖြူမှာ အိမ်ထောင်ကျလျက် ပွင့်ဖြူမှာပင်နေသည်... တဲ့၊ တစ်ယောက်ကပြောတော့ ရေနံချောင်းမှာ...တဲ့၊ ကျွန်တော် ဘယ်ကိုလိုက်ရမည်လဲ... ပွင့်ဖြူကိုလား ရေနံချောင်းကိုလား။ ဘာအတွက် လိုက်မှာလဲ...။

ငယ်ချစ်ဦးတစ်ယောက်ကို မေ့မရခြင်းသည် ဇနီးအပေါ် အကြင်နာ နည်းခြင်းလား။ ငယ်ချစ်ဦး၏ ဟိုစဉ်ကရုပ်သွင်ကို ပြန်လည်မှန်းဆ ပုံဖော်၍ လွမ်းဆွတ်အောက်မေ့ခြင်းသည် ဇနီးအပေါ်





ဖောက်ပြန်ခြင်းလား။ ကျွန်တော် မသိပါ။ ကျွန်တော်သည် မြင်းကို ဒုန်းစိုင်းရင်း ကျွန်တော့်ရင်ခွင်ထဲမှာ တင်းကျပ်စွာ ဖက်တွယ်ကြောက်လန့်ခဲ့သော တုန်ခိုက်ပျော့ရှင်သည့် နွယ့်အသံကလေးကို ကြားယောင်မိသည်။ တိမ်ထုထဲသို့ ရောက်တော့မတတ် လွှားကနဲ လွှားကနဲ ဒုန်းစိုင်းပြေးသော တိမ်ညို၏ လှုပ်ရှားမှုများ၊ ကျွန်တော် ဇက်ကြိုးကိုင်လက်အထိလွင့်ပါးလာသော အနက်ရောင်လည်ဆံမွေးများ၊ ကျွန်တော့်ဒူးနှစ်ဖက်အောက်မှာ တင်းရင်းစွာ သွက်လက်စွာ လှုပ်ရှားသော ဘိမ်ညို၏ ကြွက်သားဆိုင်များ၊ ပတ်ဝန်းကျင်အနှံ့ လေထုထဲအထိ လွင့်စင်သွားသည့် တိမ်ညို၏ခွာသံများ...။

အားလုံးသည် အိပ်မက်များ ဖြစ်ခဲ့ပြီ။

ကျွန်တော်သည် တိမ်ညိုကို လွမ်းဆွတ်စိတ်ဖြင့် ချစ်သူသတင်းကို စုံစမ်းမိခြင်းလား၊ ချစ်သူကို လွမ်းဆွတ်စိတ်ဖြင့် တိမ်ညိုကို ရှာဖွေစုံစမ်းမိခြင်းလား မဝေခွဲတတ်နိုင်ပါ။

ကျွန်တော့်မှာ သူငယ်ချင်းလို ညီအစ်ကိုလို ချစ်ခင်ရင်းနှီးခဲ့ရသော မြင်းတစ်ကောင်ရှိခဲ့သည်။ နှလုံးအိမ်မှာ နာကျင်ဆွတ်ပျံ့စွာ ချစ်မြတ်နိုးခဲ့ရသော ချစ်သူတစ်ယောက် ရှိခဲ့သည်။ ထိုနှစ်ယောက်လုံးသည် ကျွန်တော်သေသည်အထိ ကျွန်တော့် ရင်ထဲမှာ အိပ်မက်များအဖြစ် ကျန်ရစ်ခဲ့မည်။ အလွန်သေချာသော အကြောင်းအရာတစ်ခုဖြစ်ပါသည်။

[၁၉၉၄ခု၊ ဒီဇင်ဘာ၊ ဝါနီမြေမဂ္ဂဇင်း]

www.burmeseclassic.com

www.burmeseclassic.com

# သူရင်းငှား

ကောင်းကင်တွင်တိမ်များ တရိပ်ရိပ် ပြေးလွှားနေ၏။ အရပ်ရှစ်မျက်နှာမှ အေးမြသန့်စင်သော လေသည် ကျွန်မ၏ ကိုယ်ခန္ဓာကို ဝါဂွမ်းဆိုင်ကလေးတစ်ခုပမာ ပေါ့ပါးလွင့်မြော စေလျက်ရှိသည်။ ကန်သင်းရိုးပေါ်မှ ခြေအစုံသည်သာ မြဲမြဲစွာ တွယ်မထားမိလျှင် ဘိမ်မျှင်တိမ်စများနှင့်အတူ ကျွန်မပါသွားတော့မလို ထင်ရသည်။ ကျွန်မ၏ ရှေ့နောက်ဝဲယာမှာတော့ စိမ်းတစ်ကွက် ဝါတစ်ကွက် လယ်ကွင်းများ၊ ရင့်မှည့်သော စပါးနှံတို့၏ အလေးချိန်ကြောင့် ကိုင်းညွတ်လျှက် လေအဝှေ့တွင် ဟိုသည် ယိမ်းနွဲ့နေသော စပါးပင်များ။

ကျွန်မနှင့်ဘယ်လိုမှ မသက်ဆိုင်သော နေရာစိမ်းတစ်ခုသို့ ရောက်နေသည်ဟု ထင်စရာရှိပါသည်။ ဤနေရာသည် ဆေးရုံတစ်ခု မဟုတ်၊ ဆေးခန်းတစ်ခုမဟုတ်၊ လူနာအိမ် တစ်အိမ်လည်းမဟုတ်၊ ကျဉ်းမြောင်း မြင့်မားစွာ (အထပ်ထပ်) ဆောက် လုပ်ထားသော



www.burmeseclassic.com

www.burmeseclassic.com



ကန်ထရိုက်တိုက်ခန်းများ မဟုတ်၊ သူ့ထက်ငါ ယှဉ်ပြိုင်၍ စီတန်း မောင်းနှင်နေသော ဆူညံသည့် ကားကြီးကားငယ်များပင်မရှိ။ မိမိ၏ ကျဉ်းမြောင်းသော နေစရာ အခန်းလေးများဆီသို့ သုတ်သီးသုတ်ပြာ အပြေးအလွှား သွားနေကြသော အရေးတကြီး မျက်နှာများမရှိ။ ကောင်းကင်နှင့် စပါးခင်း၊ လတ်ဆတ်သောလေ၊ ဒါဘဲ...။ အို... ခပ်လှမ်းလှမ်း လယ်ကွင်းများဆီမှာတော့ လူတစ်စုကို မြင်ရသည်။ တံစဉ်များ ကောက်လှိုင်းစည်းများ... လောဘရမက် မရှိသော ကြည်လင်သည့် မျက်နှာများ။ သူတို့သည် ကျွန်မကို သတိထား မိဟန်ပင် မတူပါ။ သတိထားမိလျှင်လည်း သူတို့နှင့် မဆိုင်သော သူစိမ်းတစ်ယောက်အဖြစ် အမှတ်တမဲ့ ဖြတ်ကျော်သွားကြလိမ့်မည်။ ကျွန်မ၏ ဝတ်စား ဆင်ယင်ပုံ၊ ဟန်ပန်တို့မှာ လယ်ကွင်းနှင့် မည်သို့မျှ ဆက်စပ်၍ မရလောက်အောင် စိမ်းလျက်ရှိပါလိမ့်မည်။

သို့သော် အလွန်သေချာသော အဖြစ်မှန်တစ်ခုမှာ ဤ လယ်မြေများသည် ကျွန်မ၏ လယ်မြေများ ဖြစ်ကြသည်။

ကျွန်မကို လယ်ပိုင်ဆိုင်သူ တစ်ယောက်အနေနှင့် သိလိုက် ရလျှင် လူတော်တော်များများ အံ့သြစွာ ရယ်မောကြပါလိမ့်မည်။ ရန်ကုန်မှာ မြေကလေးတစ်ကွက်စာသော်မှ ပိုင်ဆိုင်ရန်ဝယ်ယူဖို့ မတတ်နိုင်သောကြောင့် မြင့်မားသော တိုက်ခန်းလွှာကလေးတစ်ခု မှာသာ နေထိုင်ရသော ကျွန်မသည် ဟောသည်ပတ်ဝန်းကျင်မှာ ကျွန်မ လက်ညှိုးညွှန်သမျှ မြေနေရာအားလုံးကို ပိုင်ဆိုင်လျက်ရှိသည်။ ထိုအဖြစ်မှာ အံ့သြစရာ၊ ထို့အပြင် ပျော်ရွှင်ကျေနပ်စရာလည်း ဖြစ်သည်။ ကျွန်မတို့လို လူတန်းစားများအတွက် မြေပိုင်ဆိုင်ဖို့ဆိုသည်မှာ မဖြစ် နိုင်သော ဟာသတစ်ခုသာ ဖြစ်သည် မဟုတ်လား။

ဥတ္တရလမင်း၊



ကျွန်မသည် ကန်သင်းရိုးမှ ဖဲ့ဆင်းလိုက်ပြီး လယ်ကွက်ထဲ မှ မြေစိုင်မြေခဲအချို့ကို ကောက်ယူဆုပ်ကိုင် ကြည့်မိသည်။ ထို့နောက် နမ်းကြည့်မိ၏။ မြေ၏ရနံ့သည် ကျွန်မ၏ အဆုပ်ထဲသို့ သင်းပျံ့စွာ ဝင်ရောက်သွားသည်။ ဤရနံ့သည် ကျွန်မ နှစ်ပေါင်းများစွာ မေ့လျော့ ထားခဲ့သော ရနံ့ဖြစ်သည်။ ဤရနံ့သည် ဖွားဖွားကိုလည်း ကျွန်မထံ ပြန်လည် ခေါ်ဆောင်လာနိုင်စွမ်း ရှိပါသည်။ ဤမြေသည် ဖွားဖွား ပိုင်ဆိုင်သော လယ်မြေဖြစ်သည်။ မေမေ့လက်ထက်တွင် ပိုင်ဆိုင်ခွင့် အားလုံး ဆုံးရှုံးခဲ့ရသောမြေဖြစ်သည်။ ကျွန်မ အသက်အရွယ်ရ လာသော အခါမှာတော့ ပိုင်ဆိုင်ခွင့်ကို ပြန်၍ရခဲ့ပြီ။

သို့သော် ပိုင်ဆိုင်ခွင့်ကို ရသည့်အချိန်တွင် ကျွန်မ၌ ပိုင်ဆိုင် လိုသောဆန္ဒ နည်းပါးခဲ့ပြီ။ လယ်မြေထက်ပို၍ ခင်တွယ်မိသော အရာများ ကျွန်မ၌ များစွာရှိခဲ့မိသည်။ ထို့ကြောင့်လည်း အမှန် တကယ် မြတ်နိုးလိုအပ်သူ၏လက်မှာ ဤလယ်မြေ ဆက်လက်ရှင် သန်ခွင့် ရနေခဲ့သည်။ ယခုတော့ ကျွန်မ ဤမြေပေါ်မှာ မြဲမြဲစွာ ရပ်မိလျက်ရှိ ပြန်သည်။

ဤနေရာသို့ ကျွန်မ ဘာကြောင့် ရောက်လာခဲ့မိပါလိမ့်။ ကျွန်မ၏ နေ့စဉ်ဘဝဖြတ်သန်းမှုမှဝေးရာ၊ မြို့ပြယဉ်ကျေးမှုမှဝေးရာ၊ အလုပ်တာဝန်များမှဝေးရာ ဤလယ်မြေသို့ ကြိုဆိုမည့်သူမရှိဘဲ ဘာကြောင့် ရောက်လာခဲ့မိပါလိမ့်။

ကျွန်မကို ဤနေရာသို့ ရုတ်တရက်လာရောက်ရန် ဆွဲဆောင် ညှို့ယူခဲ့သော အရာတစ်ခုရှိသည်ဆိုလျှင် ထိုအရာသည် ငယ်စဉ်ဘဝ က လွမ်းအိပ်မက်တစ်ခုသာ ဖြစ်ပါလိမ့်မည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

ကျွန်မ၏ငယ်ဘဝသည် ကြမ်းတမ်းသော်လည်း နွေးထွေး လုံခြုံခဲ့ပါသည်။ ဖွားဖွား၏ လယ်မြေများအကြောင်းကို ပုံပြင်သဖွယ် ကျွန်မ မကြာခဏ ကြားဖူးခဲ့ရသည်။ ကေသုံးဆယ်ဟူသော လယ်မြေသည် ကျွန်မအတွက် အံ့သြစရာပင်ဖြစ်လေသည်။ ကျွန်မသိသမျှ ဂဏန်းသင်္ချာဖြင့် တစ်ဧကမှာ စတုရန်းကိုက် ၄၈၄၀ ဟု တွက်ကြည့်လိုက်သောအခါ ကေသုံးဆယ်ဟူသော အကျယ်အဝန်းသည် တစ်ခမ်းတစ်နားကြီး ဖြစ်သွား၏။ ထိုလယ်မြေများကို ယခု မပိုင်ဆိုင်ရတော့ဘူး...ဟု သိရသောအခါ ကျွန်မ အလွန် ဝမ်းနည်းသွားခဲ့ဖူးပါသည်။

ဘာဖြစ်လို့လဲဟု ကျွန်မ မေးကြည့်တော့ မေမေက အေးဆေးစွာ ဖြေခဲ့၏။

"လယ်လုပ်တဲ့သူသာ လယ်ပိုင်ရမယ်ဆိုတဲ့ ဥပဒေကြောင့်ပေါ့ သမီးရယ်"

"ဒါဖြင့် အဲဒီလယ်တွေ ဘယ်သူပိုင်သလဲမေမေ..."

"သူရင်းငှားတွေ ပိုင်သွားတာပေါ့သမီးရဲ့"

မေမေ့ထံမှ သူရင်းငှား...ဟူသော စကား အထူးအဆန်းကို ကျွန်မ ပထမဦးဆုံးကြားရစဉ်က ကျွန်မနား၌ ခါးသက်နေခဲ့သည်။ သူရင်းငှားဟူသော စကား၌ ကျွန်မတို့၏ လယ်မြေများကို ကျွန်မတို့ထံမှ လုယူထားသူ...ဟူသော အဓိပ္ပါယ်ဖြင့် တွဲလျက် တွေးတောမိသောကြောင့် ဖြစ်ပါသည်။ သို့သော် သူရင်းငှား၏ အဓိပ္ပါယ်ကို တဖြည်းဖြည်း သိလာသောအခါ ထိုသူရင်းငှားများကို ကျွန်မ ခွင့်လွှတ်နိုင်သွားသည်။

"ဖွားဖွားနဲ့ မေမေက မိန်းမတွေမဟုတ်လား သမီးရယ်၊ သမီးဖေဖေနဲ့ရပြန်တော့ သမီးဖေဖေက မြို့မှာအနေကြာခဲ့တော့ လယ်အကြောင်း သိပ်မသိသေးဘူး၊ ဒီတော့ လယ်ကိုကျွမ်းကျင်ပြီး





လယ်ပိုင်မရှိတဲ့ ယောကျ်ားကြီးတွေကို မေမေတို့က အငှားနဲ့ လယ်လုပ်ခွင့် ပေးရတယ်လေ၊ တစ်ရာသီစာ တစ်ရာသီစာပေါ့၊ စပါးပေါ်ပြီးတဲ့အခါမှာ လုပ်ခကို စပါးနဲ့ချေလိုက်တာဘဲ၊ တချို့ကို သူတို့ကယူ၊ တချို့ကို မေမေတို့ကို ပေးတာပေါ့၊ မေမေတို့က မြေပိုင်တဲ့အတွက် ဘာမှ အလုပ်မလုပ်ရဘဲ စပါးတွေရနေခဲ့တာ၊ ဒါပေမဲ့ နောက်ပိုင်းကျတော့ လယ်လုပ်တဲ့သူကိုသာ လယ်ပိုင်ခွင့်ပေးတဲ့ စနစ်တစ်ခုလုပ်လိုက်ကြတယ်... အဲဒီအခါမှာ လယ်မလုပ်နိုင်ဘဲ မေမေတို့ဟာ လယ်တွေဆုံး သွားတာပေါ့"

"မေမေတို့ မနှမြောဘူးလား" ရိုးစင်းစွာ ကျွန်မ မေးတော့ မေ့မေက ပြုံးသည်။

"ဘယ့်နှယ် ပြောလိုက်ပါလိမ့် သမီးရယ်...၊ နှမြောတာပေါ့ ဒါပေမယ့် မေမေတို့ရဲ့ သူရင်းငှားတွေက စိတ်သဘော ကောင်းကြပါတယ်။ မေမေတို့ကို သူတို့ပိုလျှံတဲ့အခါမှာ နည်းနည်းပါးပါး မျှပေးတတ်တယ်၊ တကယ်က သူတို့ဟာ ဥပဒေအရဆိုရင် စပါးတစ်စေ့မှ မေမေတို့ကို ပေးစရာမလိုဘူးလေ...ဒါပေမယ့် သူတို့ပေးခဲ့တယ်..."

ကျွန်မ မသိမသာ နှာခေါင်းရှုံ့မိ၏။

"ဒါပေမယ့် နည်းနည်းလေးပဲပေးတာမဟုတ်လား မေမေရဲ့"

"နည်းနည်းလေးဟာလဲ မရတာနဲ့စာရင် တော်သေးတာပဲလေ"

"မေမေက သူတို့ကို စိတ်မဆိုးဘူးပေါ့လေ"

မေမေက ကျွန်မကို ထူးဆန်းသောအကြည့်ဖြင့် ကြည့်လျက် ထူးဆန်းသောစကားကို ပြောခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာစိတ်ဆိုးစရာရှိလို့လဲ သမီးရဲ့ တကယ့်တော့ လယ်သူရင်းငှားနဲ့ လယ်ပိုင်ရှင်ဆိုတာ အခုမကွာခြားတော့ပါဘူး။ လယ်ပိုင်ရှင်ဆိုတာလဲ အစိုးရရဲ့သူရင်းငှားပါပဲ သမီးရယ်"

ထိုစကားကို ကျွန်မ နားမလည်ခဲ့ပါ။

"အဲဒီလယ်တွေကို သမီးကြည့်ချင်တယ်"ဟု ပူဆာတော့ မေမေမျက်နှာ ညှိုးသွား၏။

"အဲဒီလယ်တွေက အခု ဘယ်မှာလဲဟင်"

"ရွာခိုင်မှာ သမီးရဲ့"

"သွားကြည့်ချင်တယ်။ မြင်ဖူးချင်လို့ပါမေမေရယ်... မေမေတို့ပိုင်ဖူးတယ်ဆိုတဲ့မြေကို သမီးမြင်ဖူးချင်လို့ပါ"

ကျွန်မကို အလိုလိုက်သော မေမေသည် မျက်နှာသုတ်ပုဝါကို ခေါင်းမှာပေါင်းလျက် ကျွန်မကိုလက်ဆွဲကာ မြင်းလှည်းကြုံတစ်စီးဖြင့် ရွာခိုင်သို့ ခေါ်သွားခဲ့ပါသည်။ ကျွန်မတို့ရောက်သွားသော အချိန်သည် မိုးဦးကျဖြစ်၏။ လယ်ကွင်းများတွင် ရေလွှမ်းလျက် ပျိုးစပါးများ ကျဲထားစဉ်ကာလဟု ထင်ပါသည်။ စိမ်းဝါနုရောင် စပါးပင်ကလေးများသည် မျက်စိတစ်ဆုံးကျယ်ပြန့်စွာ ပေါက်ရောက်လျက်ရှိသည်။ လူတချို့ လယ်ကွက်ထဲမှာ ပျိုးနုတ်ရန် အစပျိုးနေကြသည်။ နံနက်ခင်း နေရောင်ခြည်အောက်တွင် တဖြတ်ဖြတ်ယိမ်းနွဲ့လျက်ရှိသော စပါးပင်သေးသေးကလေးများသည် အလွန်လှပနေပါသည်။

ကျွန်မသည် မေမေနှင့်အတူ ရေမြောင်းဘောင်ထက်မှာ ရပ်ရင်း ငေးကြည့်လျက် ရင်တလှပ်လှပ် ခုန်နေသည်။

"မေမေ သမီးစပါးပင်ကလေး တစ်ပင်ကို ကိုင်ကြည့်ရမလားဟင်..."





မေမေ့ကို ခွင့်တောင်းတော့ မေမေက ခေါင်းယမ်းမလိုလုပ်ပြီးမှ ဟိုဟိုသည်သည် လှမ်းကြည့်ပြီး တည်ငြိမ်သော ဣန္ဒြေဖြင့် ခေါင်းညိတ်ပြ၏။ ကျွန်မသည် ဂါဝန်ကို စုသိမ်းပြီး လယ်ကန်သင်းရိုးဆါမှာ ဒူးထောက်လျက် စပါးပင်ကလေးတစ်ပင်ကို ကိုင်ကြည့်လိုက်သည်။ စပါးရွက်စိမ်း မျှင်မျှင်ကလေး၏ ခပ်ရှရှ အမွေးနုကလေးများ အထိအတွေ့သည် ကျွန်မအတွက် ထူးဆန်းနေ၏။ သေးငယ်သော စပါးပင်ကလေးကို လက်ဖျားဖြင့် ပွတ်သပ်ကိုင်တွယ်ကြည့်ရင်း ကျွန်မ၏မျက်ရည် တစ်စက် နှစ်စက် လယ်ကွင်းရေပြင်ထဲသို့ ကျသွားခဲ့ဖူးပါသည်။

* * *

ဆန်စပါး အလွန်ရှားပါးသော နှစ်တစ်နှစ်ကို ကျွန်မ ကုန်းစောင်းမှာ နေထိုင်စဉ် ကလေးဘဝ၌ ကြုံတွေ့ခဲ့ရဖူးသည်။

ထိုနှစ်က မိုးခေါင်ပြီး ရေရှားပါး ပူပြင်းသဖြင့် စပါးအထွက်နည်းသွားသည်ဟု သိရသည်။ ကျွန်မတို့သည် အဖွား၏ ချောက်တီးချောက်ချက် ဈေးဆိုင်ကလေးနှင့် ဖေဖေ၏နာရီပြင် လုပ်ခဖြင့် နေထိုင် စားသောက်ရသည်ဖြစ်ရာ ထိုနှစ်က ဆန်ပြတ်လပ်မှုသည် ကျွန်မတို့ မိသားစုအပေါ် တိုက်ရိုက် သက်ရောက်ခဲ့သည်။ ကျွန်မ၏ မေမေသည် ဆန်အိုးထဲမှ နည်းပါးသောဆန်နှင့် နည်းပါးလှသော လက်ကျန်ငွေကို နှိုင်းချိန်တွက်ဆလျက် ညပေါင်းများစွာ စိတ်ပူပန်ခဲ့ရသည်။ ပဲလွှန်းစေ့နှင့် ပြောင်းဖူးစေ့များကို ခပ်များများ မေမေဝယ်တာမြင်တော့ ကျွန်မက မသိသားဆိုးဝါးစွာ ပျော်ရွှင်ခဲ့သေး၏။

"သမီးက ပဲထမင်းကို သိပ်ကြိုက်တာမေမေရဲ့ ပြောင်းစေ့ပြုတ်လဲ ကြိုက်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



တစ်ညမှာတော့ မေမေက ထူးဆန်းသော စကားတစ်ခွန်း ပြောလာသည်။

"သမီးရေ... မနက်ဖြန်ကျ မေမေ ကောက်သင်းကောက် သွားမလို့ သမီးလိုက်မလား"

'ကောက်သင်းကောက်' ဟူသော စကားသည် ကျွန်မ အတွက် စိတ်ဝင်စားစရာ ဖြစ်သည်။ ဖတ်လက်စ ကျောင်းစာကိုပင် ကျွန်မ မေ့လျော့သွားပါသည်။

"ကောက်သင်းကောက်ဆိုတာ ဘာလဲမေမေ"

"ကောက်သင်းကောက်ဆိုတာ လယ်ကွင်းထဲမှာ စပါးနှံတွေ ကျကျန်နေတာကို လိုက်ကောက် စုဆောင်းတာပေါ့သမီးရဲ့။ စပါး ရိတ်တာ သမီးမြင်ဖူးသားပဲ... စပါးရိတ်တဲ့အခါ ကောက်ပင်တွေကို လက်နဲ့ပွေ့ပြီး တံစဉ်နဲ့ဖြတ်ရိတ်သွားတာ မဟုတ်လား၊ အဲဒီလက်ပွေ့ တဲ့အထဲ မပါသွားဘဲ တံစဉ်နဲ့ရိတ်ပြီးသားထဲက မြေပြင်ပေါ်မှာ ကျကျန်ခဲ့တဲ့ စပါးနှံအပြတ်ကလေးတွေကို ရိတ်တဲ့လူရဲ့ နောက်ကနေ တကောက်ကောက်လိုက်ပြီး ကောက်တာကို ကောက်သင်းကောက် တယ်လို့ ခေါ်တယ်"

"ဒါပေမယ့် မေမေ့လယ်တွေကို မေမေ မပိုင်တော့ဘူး ဆို"

"အေးလေ အခုဟာက သူများပိုင်တဲ့ လယ်ကွက်ထဲမှာ သူများ ရိတ်ပြီးသား ကျန်နေတဲ့ စပါးနှံတွေကို လိုက်ကောက်တာပဲ သမီးရဲ့၊ လယ်ရှင်ကိုခွင့်တောင်းပြီး ကောက်တာ၊ အဲလို ကောက်မယ့် လူမရှိလဲ ဒီစပါးတွေက ရိုးပြတ်တောထဲမှာ ခြောက်သွေ့ပြီး ကျန်ရစ် မှာပဲ၊ အလကားဖြစ်သွားမှာလေ..."





နောက်တစ်နေ့နံနက် ဝေလီဝေလင်းအချိန်တွင် ကျွန်မတို့ သားအမိသည် ထမင်းချိုင့်နှင့် ရေဗူးကို လက်မှာဆွဲလျက် ရွာအနီး အနားက အသိမိတ်ဆွေ လယ်ကွက်များသို့ စပါးရိတ်သူများ နှင့်အတူ လိုက်ပါသွားကြသည်။ နံနက်ခင်း နှင်းစက်များအောက်တွင် ကျွန်မနှင့် မေမေ၏ ခြေလှမ်းများသည် သွက်လက်နေ၏။ ကျွန်မအတွက်က ဤဖြစ်ရပ်သည် မဟာစွန့်စားခန်းကြီး တစ်ခုဖြစ်သည်။ လယ်ကွက် များကို တစ်ခုပြီးတစ်ခု ကျော်ပြီး တော်တော် ဝေးဝေး ရောက်တော့မှ ကျွန်မတို့ ကောက်သင်းကောက်ရမည့် စပါးရိတ်ကွက်ဆီသို့ ရောက် ပါသည်။ ဦးကြီးနှစ်ယောက်က တံစဉ်ဖြင့် အဝါရောင် စပါးပင်များကို အပင်အခြေအထက် ခပ်ကွာကွာမှဖြတ်ဖြတ်၍ ပွေ့ယူသွားနိုက် ကျွန်မတို့ သားအမိက စပါးနှံအကျများကို ကောက်သည်။ ကောက်ရိုး ဖြတ်စများနှင့်အတူ မပြတ်ပဲကျန်ရစ်သည့် စပါးပင်တစ်ခုတစ်လေ ကိုလည်း ကျွန်မတို့ ဖြတ်ယူခွင့်ရှိပါသည်။ အနီးအနား စပါးရိတ်ကွက် များမှ လယ်ပိုင်ရှင်များ၊ ရိတ်သိမ်းသူများက မေမေ့ကို မြင်တွေ့သော အခါ တအံ့တသြဖြစ်ကာ လာရောက် နှုတ်ဆက်ကြ၏။

"အမလေး ကြံကြီးစည်ရာ မငြိမ်ရယ် လုပ်စရာအလုပ် ဘော်တော်ရှားလို့ ကောက်သင်းကောက် လုပ်နေတာလား... လာ လာ...ဒီ သစ်ပင်ရိပ်အောက်မှာ လာထိုင်နေ... ညနေစောင်းမှပြန်ပေါ့ ဘာမှ ကောက်မနေနဲ့ အပြန်မှာ ကောက်လှိုင်းစည်းတွေ နိုင်သလောက် သာ သယ်သွားပေတော့"

မေမေက ရယ်မောလျက် ခေါင်းခါယမ်းတော့ သူတို့က မေမေ့လက်ကို ဆွဲ၍ အနားယူခိုင်းသည်။

"ညည်းနှယ်အေ... ဆန်လိုရင် ငါတို့များ ပြောပါပေါ့ အိမ်အရောက် လာပို့မှာပေါ့" ထိုသူများ၏ ကျွန်မကိုကြည့်သော



www.burmeseclassic.com

www.burmeseclassic.com



အကြည့်ကို ကျွန်မ ဘယ်တော့မှ မေ့နိုင်မည် မဟုတ်တော့ပါ။ သနားကရုဏာ သက်သောအကြည့်၊ ဖြစ်မှဖြစ်ရလေဟူသော အကြည့် မျိုးဖြစ်သည်။ ကျွန်မတို့လိုပင် အခြား ကောက်သင်းကောက်သူများ ကိုတော့ ထိုအကြည့်ဖြင့် မကြည့်ဘဲ ကျွန်မတို့ကိုကျမှ ဘာဖြစ်လို့ ထိုအကြည့်ဖြင့် ကြည့်ကြသလဲ။ ကျွန်မတို့နှင့် အခြား ကောက်သင်း ကောက်သူများအကြား ဘာများကွာခြားနေလို့လဲ။ စတုတ္ထတန်းအရွယ် ကျွန်မသည် ကွာခြားမှုကို ထိုစဉ်က တွေး၍မရခဲ့ပေ။ ကျွန်မသိသည် က ကောက်သင်းကောက်ရတာ ပျော်စရာကောင်းသည်။ နေ့လည်မွန်း တည့်နှင့်မွန်းလွဲစ အချိန်တွင်ပါလာသည့် ထမင်းစားရတာ ပျော်စရာ ကောင်းသည်။ ထိုနေ့က ဟင်းမှာ ဖွယ်ဖွယ်ရာရာမဟုတ်။ ငါးဖယ် အောင်း ငါးပိကောင်ကို မီးကင်၍ ဆီဆမ်းထားသော ဟင်းတစ်ခွက် သာဖြစ်သည်။ လက်ဖက်အုပ် ကလေးတော့ပါ၏။ သို့သော် ထိုထမင်း သည် ကျွန်မဘဝတွင် အမြိန်ဆုံးသော ထမင်းများတွင် တစ်ခုအပါ အဝင်ဖြစ်ခဲ့သည်။

ညနေစောင်း၍ ပြန်သောအခါ ကျွန်မ၏ ပုဆိုးဟောင်း အထုပ်ထဲတွင် စပါးနှံများ တစ်ပွေ့တစ်ပိုက်ဖြင့်၊ မေမေ့ခေါင်းပေါ်မှာ လည်း စပါးနှံအစည်းကြီးတစ်ခု၊ မေမေ့လက်ထဲတွင်လည်း စပါးနှံ တစ်ပွေ့တစ်ပိုက်ကြီး...။ သားအမိနှစ်ယောက် ပင်ပန်းဆင်းရဲစွာ သို့သော် ပျော်ရွှင်ကျေနပ်စွာ ပြန်လာခဲ့သည်။ အနီးအနား လယ်ရှင်တို့ က မနေနိုင်၍ အိမ်အရောက် လာပို့ပေးသွားသော စပါးစည်းများသည် မြေတလင်းတွင် အပုံလိုက်။

ကျွန်မတို့သားအမိသည် သုံးရက်ခန့် ကောက်သင်းကောက် ပြီးသောအခါ ကောက်ပြီးသော စပါးနှံထက် သုံးလေးဆ မကသော စပါးစည်းများကို လက်ခံရရှိခဲ့သည်။ ညလသာသာတွင် စပါးပုတ်ရ





သောအလုပ်သည် စိတ်ဝင်စားစရာ အလွန်ကောင်းသည်။ သို့သော် :စေ့ကလေးများ၏ထိပ်က ချွန်မြသော ဆူးတံသေးသေးကလေး ကြောင့် ကျွန်မလက်မောင်းနှင့် ခြေသလုံးသားများတွင် ရှုးရှရှ ကျိကျိ အရသာကတော့ တော်တော်အခံရ ခက်ပါသည်။ မြေပြင် ယိုင်(သို့မဟုတ်)ဖျာကိုခင်း၍ ထိုဖျာပေါ်မှာ သစ်တုံးကြီးကြီး ခုံတင်ကာ စပါးခက်များကို လက်ဖြင့်ပွေ့ကိုင်ပြီး စပါးနှံများနှင့် တုံးကို အားရပါးရ ရိုက်ပုတ်ခြင်းအားဖြင့် စပါးစေ့ကလေးများ ကြွေကျ လာသည်။ ထိုစပါးစေ့ကလေးများကို ကျွန်မ အလွန်ချစ် သည်။

နောက်ထပ် နှစ်ရက်ကြာသောအခါ နံနက်ခင်းတစ်ခု၌ မတို့ ခြံဝင်းရှေ့သို့ လှည်းတစ်စီး ဆိုက်လာသည်။ ထိုလှည်းပေါ် တစ်တင်းဝင်တောင်းသုံးခုဖြင့် စပါးများအပြည့်ဖြစ်၏။ ကျွန်မ သည် အိမ်ပေါ်မှနေ၍ ထိုလှည်းကို လှမ်းကြည့်လိုက်မိသော်လည်း မတို့နှင့် မသက်ဆိုင်ဘူးဟုထင်ကာ မျက်နှာလွှဲလျက် အဝတ်ရုပ် ဖြင့် ဆက်လက်ကစား နေမိလေသည်။ သို့သော် ထိုလှည်းပေါ်မှ တစ်ယောက်ဆင်းလာပြီး အိမ်ထဲသို့ဝင်လာ၏။ မေမေနှင့်ထိုလူ ဆက် ရယ်မောနေကြသည်။

"ခင်ဗျားတို့ ကောက်သင်းကောက်တဲ့ သတင်းက ရွာနိုင် အထိတောင် ပြန့်လာပါလားမငြိမ်ရဲ့။ ကျွန်တော်တို့ဆီ လာခဲ့ရောပေါ့ ...ကဲကဲ ဟိုလှည်းပေါ်က စပါးတွေကိုချရအောင် စပါးကျီထဲထည့် ား၊ ဒါမှမဟုတ်..."

အံ့ဩစရာကောင်းသည်က ထိုသူသည် ဖွားဖွား၏ ရင်းငှားဖြစ်ပြီး ကျွန်မတို့စားရန်သူတို့စပါးထဲမှခွဲဝေပေးလာခြင်း သည်။ ထိုထက်ပို၍ အံ့ဩရသည့်အဖြစ်မှာ လှည်းပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ာ်တပ်ရပ်လျက် သူ့ဖခင်၏ ပခုံးပေါ်သို့ စပါးတောင်းများ ကူညီ ပေးနေသော လူငယ်ကလေးသည် ကျွန်မ၏ အတန်းဖော် ကျွန်မနှင့် စာပြိုင်ဖက် မောင်မောင်ကြီး ဖြစ်နေလေသည်။ ကျွန်မ လှည်းအနီးသို့ ကပ်သွားတော့ ဝမ်းသာအံ့သြစွာ နှုတ်ဆက်၏။

"ဒါ... နင်တို့အိမ်လား"

"အေး..."

"ဒီအိမ်ကလူတွေက ငါတို့ကျေးရွာရှင်တွေတဲ့ အဖေက ပြောတယ်" ကောင်ကလေးက ဖြူစင်စွာ ပြုံးလျက်ပြောတော့ ကျွန်မ ရယ်ကာ ငြင်းလိုက်မိ၏။

"အဖေလုပ်နေတဲ့လယ်တွေက နင်တို့လယ်တွေတဲ့... ဟာ ငါတို့က နင်တို့ရဲ့ သူရင်းငှားတွေတဲ့...။"

"လယ်ပိုင်ရှင်ဆိုတာလဲ အစိုးရရဲ့ သူရင်းငှားပါပဲဟာ"

ကျွန်မ ကောင်းကောင်းနားမလည်သေးသော မေဖေ့ စကားဖြင့် ကျွန်မ သူ့ကို နှစ်သိမ့်လိုက်ပါသည်။

ကျွန်မနှင့် မောင်မောင်ကြီးသည် ယခင်ကထက်ပို၍ ရင်းနှီး တွယ်တာလာခဲ့၏။ ရေနံချောင်းမှာ ဆွေမျိုးတွေရှိသော ကျွန်မက မြို့ပြပုံပြင်များကို ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြောပြလျှင် သူက ငေးမောကာ နားထောင်တတ်သည်။ လယ်ခွန်၊ လယ်ထောက်ခ၊ စသည့်စကားများ ကို ဟန်ကစ်လုံး ပန်တစ်လုံး ပြောဆိုဆွေးနွေးကြစဉ်မှာတော့ ကျွန်မ တို့နှစ်ယောက်လုံး အမြင်တူကြ၏။

"ငါလေ လယ်ကွင်းတွေကို သိပ်ချစ်တာပဲ သိလား မောင်မောင်ကြီး၊ တအားလှတယ်နော်..."

"ငါကတော့ လယ်မလုပ်ချင်ဘူးဟာ... လွတ်ဆင်းရဲ တာပဲ ငါကမြို့တက်ပြီး ကျောင်းဆရာ လုပ်ချင်တာ ဝင်းဝင်းရ"





ပဉ္စမတန်းအောင်သောနှစ်တွင် သူက ပထမဆုရ၍ ကျွန်မ က ဒုတိယဆုရပါသည်။ ထိုနှစ်တွင် ကျွန်မတို့နှစ်ယောက် တစ်နယ်စီ ဆေးခဲ့ကြသည်။ လယ်ကွင်းတွေကိုသိပ်ချစ်သော ကျွန်မက မိဘများနှင့် အတူ ရေနံချောင်းသို့ပြောင်းရွှေ့ရပြီး မြို့ပြမှာ ကျောင်းဆရာလုပ်ချင် သောသူက ကုန်းစောင်းမှာ လယ်ကွင်းများနှင့်အတူ ကျန်ရစ်ခဲ့တော့ သည်။

သူ့နေရာကို ကျွန်မ သိပါလျက် ကုန်းစောင်းသို့ ကျွန်မ တစ်ခေါက်မျှ မရောက်ဖြစ်ခဲ့သည်ကို သူနားလည်နိုင်ပါ့မလား ကျွန်မ၏ အိပ်မက်များက ကျွန်မ လှမ်းမမှီနိုင်ဘူးဟု ထင်ရလောက် အောင် အလှမ်းဝေးခဲ့၏။ အိပ်မက်များနောက်သို့ လိုက်လံဖမ်းဆုပ်ဖို့ ကြိုးစားနေမိသော ကျွန်မအတွက် မောင်မောင်ကြီးနှင့် လယ်ကွင်းများ သည် ခပ်ဝေးဝေးမှာ မှုန်ပျပျသာ ကျန်ရစ်သော အရာများဖြစ်သည်။ သို့သော် ကျွန်မ သူ့ကိုမကြာခဏ သတိရမိသည်။ သူနှင့်ကျွန်မ ကုလားပဲခင်းတွေ အကြားသွားပြီး အခင်းဘေးအစပ်မှာပင် ကုလားပဲ ခင်များကို မီးမြှိုက်လျက် နှုးကျက်ကာ မွှေးပျံ့နေသော ကုလားပဲ မီးဖုတ်များကို အတူစားခဲ့ကြသည်။ ကျောင်း၏ တစ်ဖက်ရှိ ရေမြောင်း ဆသို့ သူ ရေဆင်းကူးလျှင် ကျွန်မက ဘေးက ရေမြောင်းဘောင်မှာ အကျအနထိုင်လျက် စောင့်ကြည့်ခဲ့သည်။ သူတို့ ရွာနိုင်ဘုရားပွဲသို့ ကျွန်မကို လှည်းဖြင့်လာခေါ်လျှင် ရွှင်လန်းတက်ကြွစွာ လိုက်သွားနိုင် ခဲ့သည်။ ကျွန်မတို့ ရွှေကျောင်းဘုရားပွဲသို့လည်း သူ ဝတ်ကောင်း ဘားလှဖြင့် ရောက်လာကာ ကျွန်မတို့ မိသားစုနှင့်အတူ ပွဲကြည့်နေကျ ဖြစ်လေသည်။

ကျွန်မတို့ ပြောင်းရွှေ့သောနေ့က ကျွန်မတို့ကို သံကိုင်း ဆော်တော်ဆိပ်အထိ သူ လိုက်ပို့နှုတ်ဆက်ခဲ့စဉ် သူ့မျက်ဝန်းအစပ်မှ



www.burmeseclassic.com

www.burmeseclassic.com



ပြည့်လျှံ တွဲခိုသော မျက်ရည်စကလေးများကိုကြည့်ရင်း ကျွန်မ မျက်ရည် ကျခဲ့ရသည်။

သို့ပါလျက် နှစ်ပေါင်းများစွာ ကျွန်မနှင့်သူ မတွေ့ရတော့တာ သူ့ဖက်က ပျက်ကွက်မှုလား၊ ကျွန်မဖက်က ပျက်ကွက်မှုလား၊ သို့မဟုတ် နှစ်ယောက်လုံး၏ ပျက်ကွက်မှုပဲလား မသိပေ။

ယခုမှ ကျွန်မ ဤလယ်မြေပေါ်မှာ မတ်မတ်ရပ်လျက် တစ်စုံတစ်ယောက်ကို စောင့်မျှော်နေခဲ့မိသလား။

နှစ်ပေါင်း နှစ်ဆယ်ကျော်ဟူသော အချိန်ကာလသည် ကျွန်မ အတွက်တော့ မနေ့ကလိုပင် နီးကပ်လျက်ရှိသည်။ ကျွန်မ၏ လယ်မြေပိုင်ဆိုင်ခွင့်ကို ပြန်ရပြီးသည့်နောက်ပိုင်း ကျွန်မဘာမှ မလုပ်ရှားခဲ့သည်မှာ ကျွန်မကိုယ်တိုင်က လယ်မြေအပေါ်မှာ မနှစ်သက် မတွယ်တာခဲ့လို့... ဟု ကျွန်မ အမြဲတွေးတောဆင်ခြင်ခဲ့မိသည်။ သို့သော် ယခုလို ကျွန်မ၏လယ်မြေပေါ်မှာ ကျွန်မ ရပ်နေမိစဉ် အနိုက်အတန့်မှာတော့ ထိုအတွေးအပေါ် သံသယဝင်လာခဲ့၏။

ငါ ဒီလယ်မြေတွေကို ချစ်တယ်... ချစ်နေတုန်းပဲ။

သို့သော် ကျွန်မထက်ပို၍ လယ်မြေကိုချစ်သူ တစ်ယောက်သည်သာ အမှန်တကယ် ဤလယ်မြေကို ပိုင်သင့်ပါသည်။ ထိုသူသည် မည်သူလဲ... မောင်မောင်ကြီးမှ ဟုတ်ပါ့မလား။ လယ်မလုပ်ချင်သော မောင်မောင်ကြီးသည် ယခုအချိန် တွင် မည်သည့်မြို့ရွာသို့ ရောက်ရှိနေမှာပါလိမ့်။

* * *

နေလုံးသည် အနောက်ဖက် မိုးကုတ်စက်ဝိုင်းဆီမှာ နိမ့်ဆင်းလာသောအခါ ကျွန်မပြန်ဖို့ သတိဝင်လာ၏။ ရွာခိုင်မှ ကုန်းစောင်းအထိ စက်ဘီးနင်းရမည့်အချိန်ကို ထည့်တွက်လျှင် ဤအချိန်သည် ပြန်သင့်





ပြီ။ သို့သော် ကျွန်မသည် ဤလယ်မြေကို မည်သူ ထွန်ယက်စိုက်ပျိုးနေခဲ့သလဲဟု သိချင်နေ၏။ ထိုအဖြေကို မသိရဘဲနှင့် ကျွန်မ၏ လယ်ယာပိုင်ဆိုင်ခွင့် စွန့်လွှတ်မှုသည် တစ်စုံတစ်ခု အဓိပ္ပါယ်လစ်ဟာနေသလို ခံစားနေရဦးမည်။

ကျွန်မသည် စက်ဘီးကို ခက်ခက်ခဲခဲ တွန်းလာရင်း အနီးရှိ လယ်ကွက်တစ်ခုမှ တက်လာသော လူတစ်ယောက်ဆီ ချဉ်းကပ်မိ၏။

"ဒီလယ်မြေတွေကို အခု ဘယ်သူပိုင်သလဲ"

အသားညိုညိုနှင့် ထိုလူသည် ကျွန်မ မေးခွန်းကိုတအံ့တဩ ဖြင့်သွားဟန်ရှိ၏။ ကျွန်မ ညွှန်ပြရာနေရာသို့ လှမ်းမျှော် ကြည့်ပြီးမှ ခပ်တိုတိုဖြေပါသည်။

"မောင်မောင်ကြီး"

ထိုနာမည်သည် ကျွန်မ၏ ရင်ထဲသို့ နူးညံ့သိမ်မွေ့စွာ ဝင်ရောက်သွားသောအခါ ကျွန်မတစ်ကိုယ်လုံး ကြည်နူးစွာအေးမြသွားပါသည်။ ကျွန်မ၏ လယ်မြေကို သူ့လက်ဖြင့် ယခုတိုင် ထိတွေ့စောင့်ရှောက်နေဆဲဟူသော အဖြစ်မှာ မည်မျှကျေနပ် နှစ်သက်စရာကောင်းလိုက်ပါသလဲ။ လွမ်းစရာကောင်းသော အိပ်မက်တစ်ခုကို ပြန်လည်မက်ရသလို ရှိပါသည်။

"အင်း ဒါပေမယ့် အခု စနစ်ပြောင်းသွားပြီဆိုတော့ ကျုပ်ပြောတာ မှားချင်လဲမှားသွားမှာပေါ့လေ... တကယ်တော့ မောင်မောင်ကြီးက ဒီလယ်တွေကို ထိန်းပေးနေတဲ့ သဘောပါ။ လယ်ရှင်တွေက မြို့မှာရှိကြတယ်ဗျ။ တစ်ချိန်ချိန်မှာ စာချုပ်နဲ့ ပြပြီး လာတောင်းချင် တောင်းသွားမှာ၊ ဒါပေမယ့် လောလော ဆယ်တော့ မောင်မောင်ကြီး ပိုင်တာပေါ့လေ..."



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်ကြီး၏ အသားများသည် ကျွန်မဘေးက လှလိုပင် ညိုမောင်းလေမလား။ မောင်မောင်ကြီး၏ လက်ဖဝါးများမှာ ငယ်စဉ်ကထက် အဆပေါင်းများစွာ ကြမ်းတမ်းခက်မာ နေလေမလား။ သူ့အသံကရော… ငယ်စဉ်ကလို ခပ်ရှုက်ရှက် နူးညံ့သော အသံမျိုးမှ ဟုတ်ပါ့မလား။ ကျွန်မ၏ အတွေးများကြောင့် ကျွန်မ၏ နှလုံးသားသည် သိမ်မွေ့စွာခုန်နေရာမှ ပို၍ နွေးကွေးလေးလံသွားသည်။

“ဘာမှ စိုးရိမ်စရာမရှိပါဘူး ဦးလေးရယ်…၊ ဒီလယ်ပိုင်ရှင်တွေက လယ်တွေကို ပြန်မယူတော့ပါဘူး၊ မောင်မောင်ကြီးပဲ ပိုင်ပါတယ်…”

ထိုစကားကို ကျွန်မ ပြောပြီးသောအခါ ကျွန်မရင်ထဲမှာ လေးလံနေသော ထုထည်တစ်ခု လွင့်မြောက် ပေါ့ပါးသွားသည်။ လယ်သမားကြီး ကျွန်မ စကားကို နားလည် မလည် ကျွန်မ မသေချာပါ။ သူ အံ့သြသွားသည်မှာတော့ သေချာ၏။

“မောင်မောင်ကြီးကို ကျွန်မ သိပ်ကျေးဇူးတင်တယ်လို့ ပြောပေးပါနော်…”

“မိန်းကလေးက…”

ရိုးသားသော လယ်သမားကြီးသည် ကျွန်မအား ခပ်ဆဆ ငေးကြည့်လျက် မေးခွန်းမေးမလိုလုပ်ပြီးမှ မမေးပဲ ရပ်ထားလိုက်၏။ ထို့သော် ကျွန်မ ပြုံး၍ ဖြေလိုက်ပါသည်။

“ကျွန်မက မောင်မောင်ကြီးရဲ့ ငယ်သူငယ်ချင်းပါ။ ရန်ကုန်က ခဏလာလည်တာပါ”

ဥတ္တရလမင်း



“ဟာ…ဒါဆိုရင်…မောင်မောင်ကြီးနဲ့ တွေ့သွားပါလား. .သူ ရွာတောင်ဖက်မှာ နေတယ်လေ…၊ ဒီနေ့ သူ့မိန်းမ နည်းနည်း နေမကောင်းလို့ သူလယ်ထဲမဆင်းတာ… ကျုပ် လိုက်ပို့ရမလား”

“နေပါစေ…နေပါစေရှင်…၊ ကျွန်မ ကုန်းစောင်းကိုပြန်ရမှာမို့ပါ။ မောင်မောင်ကြီးနဲ့တွေ့တဲ့အခါမှာသာ ဒီလယ်တွေကို ကျွန်မ ပြန်မယူတော့ဘူးဆိုတာ ပြောပြလိုက်ပါနော်…”

စက်ဘီးကို နင်း၍ ထွက်ခွာလာသောအခါ လယ်သမားကြီးသည် ပါးစပ်အဟောင်းသားဖြင့် ငေး၍ကျန်ခဲ့သည်။

အေးမြသောလေသည် ကျွန်မမျက်နှာကို နူးညံ့စွာတိုက်ခတ်လာသော အခါမှာတော့ ကျွန်မရင်ထဲမှာ ကြည်နူးလျက် အသက်ပြင်းပြင်းတစ်ချက် ရှုက်လိုက်မိလေသည်။

သူ ကျွန်မတည်းခိုရာကို စုံစမ်းပြီးလိုက်လာလေမည်လား ဟု တွေးကြည့်မိသည်။ သူလာမှာပါ၊ အသေအချာကို လာမှာ…ဟု ကျွန်မ သိနေသည်။ သူ ကျွန်မကို လာရောက် နှုတ်ဆက်မှာပါ။ ကလေးဘဝတုန်းကလို တောက်ပသောအပြုံး၊ တောက်ပသော မျက်လုံးများဖြင့် ရိုးသားသောလူတစ်ယောက်ပဲ ဖြစ်နေလိမ့်မည်။

“ငါတို့က နင်တို့ရဲ့ သူရင်းငှားတွေ… ဟ” ဆိုသော စကားကိုများ ထပ်ပြောလေဦးမလား။ မေမေ ပြောဖူးသော စကားကို ပင် သူ့ကို နောက်တစ်ကြိမ် ပြန်ပြောရမည်။ သည်တစ်ခါမှာတော့ ထိုစကား၏ အဓိပ္ပါယ်ကို ကျွန်မ ကောင်းကောင်း သဘောပေါက်ခဲ့ပြီ ဖြစ်ပါသည်။

[၁၉၉၅ခု၊ ဇန်နဝါရီလ၊ စိန်ခြူသိမဂ္ဂဇင်း]

ဥတ္တရလမင်း

www.burmeseclassic.com

www.burmeseclassic.com

## ကျောက်တိုင်နှစ်ခု

ဖလမ်းမှာတော့ တိမ်တွေသည် ကျွန်တော့်ခြေဖဝါး အောက်မှသာ ရွေ့လျား ဖြတ်သန်းသွားရလေ့ ရှိပါသည်။

ရန်ကုန်မှာ ကြီးပြင်းခဲ့ရသော ကျွန်တော့်အတွက် တိမ်တွေသည် အလွန်ရင်နှီးရာ နှစ်စရာကောင်းသော သဘာဝအနုပညာ တစ်ခုဖြစ်၏။ ဘယ်လောက်မြင့်မားသော တိုက်ခေါင်မိုးပေါ်မှာပဲရှိရှိ တိမ်သည် ကျွန်တော့် အထက်ကောင်းကင်မှာ ဝေးကွာစွာ ရွေ့လျား နေခဲ့ကြသည်။ ကိုယ့်ကိုကိုယ် တိမ်နှင့်နီးစပ် ပတ်သက်ရလိမ့်မည်ဟု ဘယ်တုန်းကမျှ မတွေးတော မမျှော်လင့်ခဲ့ဘူးပါ။

ကျွန်တော်၏ ပထမဆုံးသော အလုပ်ခန့်အပ်ခြင်း တာဝန် ဖြင့် ချင်းပြည်နယ်ဆေးရုံဖြစ်သော ဖလမ်းဆေးရုံသို့ ရောက်သောအခါ မှာတော့ တိမ်ဆိုသည်မှာ လူ၏ခြေဖဝါးအောက်တွင်လည်း ရှိတတ်ပါ လားဟု ခံစားသိဖြင့် သိခဲ့ရပါသည်။

ဥတ္တရလမင်း

www.burmeseclassic.com

www.burmeseclassic.com



မိမိရပ်နေသော တောင်စောင်း၏ အောက်ဘက် ချောက်ကမ်းပါး နှုတ်ခမ်းတွင် ဖြူဖွေးသော တိမ်ဆိုင်တိမ်လိပ် အတန်းများ ဘခွေ့ခွေ့ စီးမြောသွားသည်ကို ငုံ့ကြည့်ရသော လူတစ်ယောက်၏ ဘဝသည် မည်မျှ ပြည့်စုံကျေနပ်ဖွယ် ဖြစ်လိုက်ပါသလဲ။ ကျွန်တော် တိမ်တွေကို ငုံ့ကြည့်ချင်နေခဲ့တာ ကြာပါပြီ။

ဖလမ်းမြို့သည် တောင်စောင်းတစ်လျှောက် တည်ထားသော မြို့ဖြစ်သောကြောင့် မြို့၏အောက်ဘက်ခြမ်းအစွန်းနှင့် အပေါ်ဘက်ခြမ်းအစွန်းနှစ်ခု၏ကြား အမြင့်ပေ ကွာခြားမှုမှာ ပေတစ်ထောင်ပတ်ဝန်းကျင်ခန့် ရှိပါသည်။ ဆေးရုံသည် အမြင့်ဆုံးအပိုင်းမှာရှိပြီး တစ်ဖက်၌ ချောက်ကမ်းပါးကြီးနှင့် တောင်ကြားလမ်းများကို ခပ်ဝေးဝေးမှာ မြင်နေရသည်။ ထိုချောက်ကမ်းပါး အစွန်းဆီမှာတော့ ဖြူဖွေးသော တိမ်တန်းများ။ အရပ်ရှစ်မျက်နှာ ကြည့်လေရာမှာ မြူဆိုင်းသော တောင်တန်းပြာများ၊ ဒါမှမဟုတ် တိမ်လိပ် တိမ်တန်းများ...။

"တိမ်တွေကို ချစ်လား"ဟု ကျွန်တော့်အား တစ်စုံတစ်ယောက်က မေးခဲ့ဖူး၏။ အမှန်အတိုင်းဖြေရလျှင် တိမ်တွေကို ကျွန်တော် မချစ်ပါ။ နည်းနည်းမှမချစ်ပါ။ သို့သော် အမြဲတမ်း ကျွန်တော့် ဦးခေါင်းအထက်မှာသာ ရှိနေခဲ့သော အရာများအဖြစ် တိမ်တွေကိုရင်ခုန်စွာ စိတ်ဝင်စားမိခဲ့ခြင်းသာ ဖြစ်ပါသည်။ အမြဲတမ်း ကျွန်တော့်ဦးခေါင်းအထက်မှာ ရှိနေခဲ့သော အရာဝတ္ထုများကို ယခုလို ကျွန်တော့်ခြေဖဝါးအောက် ခပ်လှမ်းလှမ်းမှာ ရောက်ရှိလာစေသော အကြောင်းတစ်ခုကြောင့် ဖလမ်းမြို့သည် ကျွန်တော့်ဘဝ အမှတ်တရများတွင် အမြဲပါဝင်နေတော့မည်... ဟု ကျွန်တော် ထင်ခဲ့ဖူးသည်။

**ဥတ္တရလမင်း**



သို့သော် ဖလမ်းကို ဘာကြောင့်နက်ရှိုင်းစွာ ကျွန်တော် သတိရစေသော အကြောင်းရင်းမှာ တိမ်တွေ မဟုတ်ခဲ့ကြောင်း နောက်မှ ကျွန်တော် သိရသည်။

အဝေးဆီ၌ နက်ရှိုင်းသော တောင်ကြားမှာ ကွေ့ကောက်စွာ ဖြတ်သန်း စီးဆင်းလျက်ရှိသော မဏိပူရမြစ်သည် စိမ်းပြာရောင် အလင်းရောင်တန်းလေးတစ်ခုအဖြစ် တောက်ပရွှန်းလက်စွာ တည်ရှိနေသည်။ မြူဖြင့်ပြာလဲ့နေသော နိမ့်မြင့် မညီညာသည့် အဝေးဆုံး တောင်တန်းများ...၊ ထိုမှ ရှေ့သို့နီးကပ်နေသော ပိုး၍စိမ်းမှောင်သည့် တောင်တန်းများ...၊ ထိုတောင်စဉ် တောင်တန်းများ၏ အဝေးအနီး ကွာခြားမှု အနက်သည် လှပသော ဖွဲ့စည်းမှုတစ်ခု ဖြစ်သည်။ တောင်တန်းများဆီမှ ကျွန်တော့်ဘက်သို့ ပို၍နီးလာသော ချောက်ကမ်းပါးစွန်းများနှင့် နက်ရှိုင်းသောတောင်ကြားက မြစ်ကြောင်း မြင်ကွင်းသည် အဝေးဆီက နောက်ခံတောင်တန်း မှုန်လဲ့လဲ့ မြင်ကွင်းနှင့် ပေါင်းစပ်လိုက်သောအခါ ကျွန်တော် မြင်ဖူးသမျှ အလှဆုံးမြင်ကွင်း ဖြစ်သွားလေသည်။

သို့သော် ဖလမ်းကို ကျွန်တော် သတိရနေစေသော အကြောင်းမှာ ထိုခမ်းနားလှပသော မြင်ကွင်းပင်လျှင် မဟုတ်ခဲ့ပါ။

ကျွန်တော့် အာရုံထဲမှာ ဖလမ်းမြို့ တည်ရှိနေအောင် ဆွဲဆောင် ညှို့ယူထားသော အရာမှာ ကျောက်စာထွင်း ရေးထားသည့် ကျောက်တိုင်နှစ်ခုသာ ဖြစ်ပါသည်။

ချင်းပြည်နယ်တွင် ကျွန်တော် ရောက်သမျှ မြို့များ၌ ကျွန်တော် သတိထားမိသမျှ ပြောရလျှင် ဖလမ်းနှင့်ဟားခါး ပတ်ဝန်းကျင်သည် ကျောက်တိုင်စိုက်ထူရန် ဝါသနာအကြီးဆုံး ပတ်ဝန်းကျင် ဖြစ်ဟန်ရှိ ပါသည်။

**ဥတ္တရလမင်း**

www.burmeseclassic.com

www.burmeseclassic.com



အဝေးပြေးလမ်းမဘေးတွင်သော်လည်းကောင်း၊ လူသွားလမ်း၊ တောင်ပေါ်လမ်း သေးသေးကလေးများတွင် သော်လည်းကောင်း၊ ကျောက်စာထွင်းထားသည့် ကျောက်တိုင်ချပ်များ စိုက်ထူထားသည်ကို ကျွန်တော် တွေ့ရသည်။ ချောမွတ်သော ကျောက်သားမျက်နှာပြင်ရှိ ကျောက်ချပ်များကို ကျောက်တိုင်အဖြစ် ရေးသားထွင်းထု၍ စိုက်ထူထားလေ့ ရှိပါသည်။ ပထမတော့ အဖွဲ့အစည်းတစ်ခုက ကြေညာချက်အနေနှင့် စိုက်ထူထားသည်ဟု ထင်ခဲ့မိ၏။ သို့သော် ထိုကျောက်တိုင်များသည် ပုဂ္ဂလိက ကျောက်တိုင်များသာဖြစ်ကြောင်း နောက်တော့ ကျွန်တော် သိသွားပါသည်။ တစ်စုံတစ်ခုကို ပြောပြလိုသော သူများ၊ လူများများသိအောင် ကြေညာလိုသောသူများသည် ကျောက်တိုင်စိုက်ထူ၍ ပြောပြကြဟန်ရှိပါသည်။

ကျွန်တော်သည် ဖလမ်းဆေးရုံတွင် နှစ်နှစ် တာဝန်ထမ်းဆောင်ခဲ့သော်လည်း ချင်းစကား မတတ်ခဲ့ပါ။ ချင်းစာဖတ်တတ်ဖို့ကိုတော့ ပို၍ပင် ဝေးပါသေးသည်။ သို့သော် ကျောက်တိုင်များတွင် ရေးသားထွင်းထုသမျှ အရာအားလုံးကိုတော့ စိတ်ဝင်စားစွာ ကြည့်ရှုမိခဲ့သည်။ ကျောက်တိုင်များသည် ပိုင်ရှင်ပုဂ္ဂိုလ်၏ အသိပညာနှင့် ခေတ်ကာလ အဆင့်အတန်းပေါ် မူတည်၍ သုံးမျိုးကွဲပြားနေ၏။ ရှေးဟောင်း အကျဆုံးသော ကျောက်တိုင်တို့တွင် အက္ခရာစာလုံး မပါ‚ပါ။ အရုပ်များကိုသာ ရေးထိုးထွင်းထုထား၏။ ဥပမာ- ကျွဲဆင်၊ နွား၊ သစ်ပင်၊ လူ စသည့် အရုပ်များဖြင့် မိမိတို့၏ ပိုင်ဆိုင်မှုကို ဖော်ပြထားလေ့ရှိသည်။ သူ့ထက်ပို၍ ခေတ်မီသော ကျောက်တိုင်များတွင် စာလုံးအက္ခရာများကို ရေးထိုးထားလေသည်။ အင်္ဂလိပ်အက္ခရာများနှင့်တူ၏။ သို့သော် ကျွန်တော် မဖတ်တတ်ပါ။ ၎င်းမှာ ချင်းတိုင်းရင်းသားစာပေ ဖြစ်ဟန်တူပါသည်။ သမိုင်းနှင့် မနုဿဗေဒ





ဗေဒ‌ဆိုသည်ကို ဘယ်တုန်းကမှ စိတ်မဝင်စားခဲ့မိသောကြောင့် ချင်းစာပေအက္ခရာ ဖြစ်ပေါ်လာပုံကို ကျွန်တော် မသိပါ။ ကျောက်တိုင်မှ စာများကို ကျွန်တော် စိတ်ဝင်စားရသည်မှာ တတိယ အမျိုးအစား ကျောက်တိုင်များကြောင့် ဖြစ်သည်။ ထိုအမျိုးအစားကတော့ ခေတ်အမီဆုံး အမျိုးအစားဖြစ်သည်။ အထက်ပိုင်းမှာ ချင်းဘာသာဖြင့် ရေးထိုးပြီး အောက်ပိုင်းမှာ အင်္ဂလိပ်ဘာသာဖြင့် ရေးထိုးထား၏။ ထိုအင်္ဂလိပ်ဘာသာကို ဖတ်ရှုပြီးသောအခါကျမှ ထိုကျောက်တိုင်များကို ကျွန်တော်စိတ်ဝင်စားသွားသည်။

ကျွန်တော်တို့ ပြည်မတွင် ဘုရားအုတ်တံတိုင်းများ၊ ဘုန်းကြီးကျောင်း အုတ်တံတိုင်းများ၌ အလှူရှင်၏ မိသားစုအမည်နှင့် နေရပ်လိပ်စာများ ရေးထိုးထားသည့် သဘောထက် နည်းနည်း ပြီး ရေးထိုးလေ့ရှိ၏။ ဆိုပါစို့…။ ဘဲကန့်ရွာတွင် နေထိုင်သော း‌ဘယ်သူ ပိုင်ဆိုင်သောမြေမှာ မည်မျှ၊ ပိုင်ဆိုင်သော ကျွဲ၊ နွား ည်မျှ၊ ဇနီးသားသမီးများမှာ မည်သူ… စသည်ဖြင့် ဖွဲ့နွဲ့စွာရေးထိုးလေ့ ကြသည်။ ပြောပြလိုသောအကြောင်းပေါ် မူတည်၍ ကျောက်တိုင် အကြီးအသေး ကွဲပြားသော်လည်း၊ အများအားဖြင့် လူတစ်ရပ်စာ လောက် မြင့်ကြပါသည်။ ကျောက်တိုင် စိုက်ထူသူများသည် မည်မျှ းနပ် လိမ္မာကြသနည်း။ မည်မျှ မိမိတို့အကြောင်းကို ဖတ်ရှုစေချင်ကြသနည်းဆိုလျှင် တောင်ပေါ် လူသွားလမ်းဘေးမှာ စိုက်ထူရန် ရွေးချယ်သော နေရာများသည် လူတစ်ယောက် တောင်ပေါ်အတက် ရီးမှာ ခြေကုန်မောပန်း၍ ခေတ္တအနားယူလိုသော ခရီးအကွာအဝေး နေရာများ ဖြစ်နေတတ်၏။ တောင်ပေါ်အတက် လမ်းဆုံးကို ည်သူမျှ မနားတမ်း မတက်နိုင်ပါ။ ခင်ဗျား အနည်းငယ်မောပန်းပြီး အနားယူ လိုသည့်နေရာမှာ မည်သည့်နေရာ ဖြစ်လိမ့်မည်ဟု သူတို့



www.burmeseclassic.com

www.burmeseclassic.com



သိကြပါသည်။ ထိုနေရာမှာ သူတို့ ကျောက်တိုင် စိုက်ထူထားကြမည်။ ခင်ဗျား ထိုင်လျက် အနားယူရင်း အေးအေးဆေးဆေး ဖတ်ရတော့မည်သာ ဖြစ်သည်။ ဘာမှမရှိသော တောင်ပေါ်လမ်းကြမ်းတွင် ထိုင်စရာ ကျောက်ခုံကလေးနှင့် အေးအေးဆေးဆေး မှီစရာ ကျောက်တိုင်ကလေး ရှိနေမည်။ ခင်ဗျားဘာမှ မစဉ်းစားဘဲ ထိုကျောက်ခုံမှာ ထိုင်မိမှာပဲ ဖြစ်၏။ ကျောက်တိုင်ကို မှီပြီးသည့် အခါမှာတော့ ထိုကျောက်တိုင် မျက်နှာပြင်မှာ ရေးထွင်းထားသော စာလုံးများကို ခင်ဗျား ကြည့်မိတော့မည်။ ခင်ဗျားသိသော အင်္ဂလိပ်ဘာသာ စာကြောင်းများကို မြင်ရလျှင်တော့ အပျင်းပြေဟူသော ရည်ရွယ်ချက်နှင့်ပဲဖြစ်ဖြစ် ခင်ဗျား ဖတ်မိတော့မှာ သေချာပါသည်။ ဤနည်းအတိုင်းပင် ကျွန်တော်သည်လည်း ကျောက်တိုင်ဖတ်သူတစ်ဦး ဖြစ်လာခဲ့ရပါသည်။

ကျွန်တော်ဖတ်ရသမျှ ကျောက်တိုင်အားလုံး လိုလိုတွင် ရည်ရွယ်ချက်မှာ တစ်မျိုးတည်းဖြစ်၏။ မိမိ၏ ပိုင်ဆိုင်မှုကို ဤကမ္ဘာမြေ တည်သရွေ့ လူသိအောင် ပြောပြကြေညာလိုသော ရည်ရွယ်ချက်များပင် ဖြစ်ပါသည်။ နယ်မြေ အကန့်အသတ် အကွာအဝေးကို ခရီးသည်နှင့် ပြည်သူလူထုအား ပြောပြလိုသော ရည်ရွယ်ချက်လည်း အနည်းအပါး ပါဝင်ပါသည်။ သို့သော် အဓိက ကတော့ ကျောက်တိုင်စိုက်သူပုဂ္ဂိုလ်၏ အတ္တဖြင့် ပိုင်ဆိုင်မှုကို ကြွားဝါလိုသည့် အကြောင်းရင်းပင်ဖြစ်၏။

ကျောက်တိုင်အားလုံးသည် ခရီးသည်နှင့် ပြည်သူလူထုအား မိမိအကြောင်းကို ပြောပြနေခြင်း ဖြစ်သော်လည်း ကျွန်တော် ကြုံတွေ့ခဲ့ဖူးသော ကျောက်တိုင်နှစ်ခုကတော့ အနည်းငယ် ထူးခြားနေပါသည်။ ထိုကျောက်တိုင် နှစ်ခုအကြောင်း မပြောပြမီ ထိုကျောက်တိုင်





များကို ရေးထိုးစေခဲ့သော ပိုင်ရှင်ပုဂ္ဂိုလ်နှစ်ယောက် အကြောင်းကို ပြောပြ လိုပါသည်။ ပထမကျောက်တိုင်ပိုင်ရှင်မှာ ဆင်လိုက်မုဆိုး တစ်ယောက်ဖြစ်ပြီး၊ ဒုတိယကျောက်တိုင်ပိုင်ရှင်မှာ ကျောင်းဆရာဟောင်းတစ်ယောက် ဖြစ်သည်။ သူတို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် မသိကြပါ။ ထူးဆန်းသည်မှာ သူတို့နှစ်ယောက်လုံး ပြည်မကလာသည့် မြန်မာလူမျိုး စစ်စစ်များဖြစ်ပြီး ချင်းစကားနှင့် ချင်းစာကို မတတ်ကျွမ်းကြသော်လည်း သူတို့၏ ကျောက်တိုင်များသည် ချင်းဘာသာတစ်ခြမ်း၊ အင်္ဂလိပ်ဘာသာတစ်ခြမ်း ဖြစ်နေ၏။ ထို့ထက်ပို၍ ထူးဆန်းသည်မှာ သူတို့နှစ်ယောက်လုံးသည် မိမိကိုယ်မိမိ သေရတော့မည်ဟု သိလာသည့် အချိန်မှာမှ ကျောက်တိုင် စိုက်ထူပစ်ခဲ့ရန် စိတ်ကူးပေါ်လာကြခြင်း ဖြစ်၏။ သေခါနီး သေတမ်းစစ်ချက်ပေးသည့် သဘောမျိုးဟု ကျွန်တော် ထင်ပါသည်။ ကျွန်တော်သည် ဖလမ်းဆေးရုံတွင် အထူးကုဆရာဝန်မဟုတ်သော တစ်ဦးတည်းသော လက်ထောက်ဆရာဝန်ကလေး ဖြစ်သောကြောင့် ထိုကျောက်တိုင်ရှင် ပုဂ္ဂိုလ် နှစ်ယောက်လုံး၏ နောက်ဆုံးအချိန်များတွင် ဘေးမှာကျွန်တော် ရှိနေခဲ့၏။

သူတို့၏ သေတမ်းစစ်ချက်များမှာ တစ်ခုနှင့်တစ်ခု အလွန်ကွာခြားနေပါသည်။

* * *

တစ်ရက်တွင် ဆင်လိုက်မုဆိုးသည် ကျွန်တော်တို့ ဆေးရုံသို့ သွားဖုံကင်ဆာရောဂါဖြင့် ရောက်လာသည်။ ဟားခါးဆေးရုံမှ လွှဲပြောင်းပေးလိုက်သော လူနာဖြစ်သည်။

ရောဂါရာဇဝင်ယူရင်း သူ၏အလုပ်အကိုင်ကို မေးသော အခါ လူနာသည် မုဆိုးဟု ဂုဏ်ယူစွာ ဖြေခဲ့၏။ အမှန်အတိုင်း

www.burmeseclassic.com

ပြောရလျှင် ကျွန်တော့်ဘဝတွင် အမဲလိုက်မုဆိုးဟူသည်ကို စာထဲမှာသာဖတ်ဖူးပြီး အပြင်လောကမှာ တစ်ခါမျှ မတွေ့ဖူးပါ။ ယခုတွေ့လိုက်ရသော မုဆိုးကြီးမှာ ငယ်စဉ်ကတော့ စာထဲကအတိုင်း ထောင်ထောင်မောင်းမောင်း ဗလတောင့်တောင့် ဖြစ်ပါလိမ့်မည်။ ယခုအခါ ရောဂါဝေဒနာ၏ နှိပ်စက်မှုကြောင့် ရုပ်ရည်မှာ ခြောက်သွေ့ ညှိုးနွမ်းလျက်ရှိပြီ။ သူ့မှာ ကျန်သည်က ရက်စက်ဟန်ရှိသောမျက်လုံး တစ်စုံသာဖြစ်၏။ ထိုမျက်လုံး တစ်စုံကြောင့်ပင် မုဆိုးနှင့် တူနေသေးခြင်း ဖြစ်ပါသည်။ ဟားခါးဆေးရုံ မှတ်တမ်းစာရွက်ပေါ်မှာ ကိုးကွယ်သည့် ဘာသာနေရာတွင် ဘာမှမရေးထားသောကြောင့် ကျွန်တော်တို့ ဆေးရုံမှတ်တမ်းမှာ ဖြည့်ရန် လူနာအား ကိုယ်တိုင် မေးကြည့်ရ၏။ ဘာသာမရှိဘူးဟု ဖြေသောအခါ ကျွန်တော် မအံ့သြမိပါ။

ကျွန်တော် အားလပ်သည့် အချိန်များတွင် သူ့ခုတင်ရှိရာသို့ မကြာခဏသွား၍ ခဏတစ်ဖြုတ် ရပ်စကားပြောမိသည်။ လူနာဆိုသည်မှာ ဆရာဝန်ကို မိမိ၏ မိသားစုထက် ပို၍ ယုံကြည်အားကိုးတတ်ကြသည်မှာ ထုံးစံဖြစ်ပါသည်။ သူသည် ကျွန်တော်တို့က ကုပေးလျှင် သူ့ရောဂါပျောက်သွားမည်ဟု ထင်နေ၏။ ပထမပိုင်းတွင် သူ့ရောဂါ သူ ကင်ဆာဟု မသိပါ။ ထိုကာလများဆီက လူနာသည် စကားကို အားယူ၍ ဖွဲ့နွဲ့စီကုံးကာ ပြောပြခဲ့ပါသည်။

"ဦးလေး အမဲလိုက်တာ ဘာသားကောင်တွေရသလဲ..."

ဟု ကျွန်တော်အမှတ်တမဲ့ စကားစလိုက်သည့်အခါ သူက ဂုဏ်ယူဟန်ဖြင့် ပြောပြခဲ့ပါသည်။

"ကျုပ်က ဆင်တစ်မျိုးတည်းပဲ လိုက်တယ်။ ဆင်လိုက်ရင်းတခြားရန်မှုမယ့် သားကောင်တွေ့ရင်တော့ သတ်ရတာပေါ့လေ"





ပထမတော့ သူ ဆင်လိုက်သည်မှာ ဆင်ရိုင်းများကို ဖမ်း၍ နိုင်းဆင်ဖြစ်အောင် လေ့ကျင့်သည့် လုပ်ငန်းရှင်များထံ ရောင်းချခြင်း ဖြစ်လိမ့်မည်ဟု ထင်ခဲ့၏။ သို့သော် ကျွန်တော့်ထင်မြင်ချက် မှားသွားသည်။ သူသည် ဆင်စွယ်ကိုဖြတ်ဖို့၊ ဆင်ကိုသတ်သော ဆင်လိုက်မုဆိုး ဖြစ်ခဲ့သည်။ ဆင်တွေကို သတ်ရတာ ပျော်စရာကောင်းလား.. ဟု ကျွန်တော်မေးတော့ သူပြုံးပါသည်။

"ဆင်စွယ်ဟာ အလွန်တန်ဖိုးကြီးတာ မဟုတ်လား ဆရာရဲ့... ဆင်လိုက်ရတဲ့ မုဆိုးဟာလည်း ထိုက်ထိုက်တန်တန် အခကြေးငွေ ရတာကိုး"

"မြန်မာ့ဆင်စွယ်ဟာ ကမ္ဘာ့ဈေးကွက်မှာ အရည်အသွေးမီပြီး ဈေးကောင်းရတယ် ဆရာ"

သူသည် ဆင်စွယ်အကြောင်းကို စိုက်ပျိုး၍ ရရှိလာသည့် ထွက်ကုန်တစ်ခုပမာ နှလုံးသားကင်းမဲ့စွာ ပြောခဲ့သည်။

"ဆင်စွယ်ကို ထွင်းထုတဲ့ပန်းပုပညာမှာ မြန်မာ့အနုလက်ရာကို ကမ္ဘာက အံ့သြရတာမဟုတ်လား ဆရာရဲ့။ ဆင်စွယ်ကို အဖျားကနေ အရင်းအထိ ပန်းနွယ်ပန်းခက်တွေ ကနုတ်တွေ ထွင်းပြီး ဘုရားရုပ်ထုလုပ်ကြတာ ဆရာ မြင်ဖူးမှာပါ။ ဘယ်လောက်လှသလဲ။ လက်ရာ အနုစိတ်ရင်စိတ်သလို တန်ဖိုးကြီး တယ်နော..."

ကျွန်း... စသော သစ်လုံးတစ်ခုခုကို ကနုတ်ပန်း ထွင်းယူလျှင်လည်း သည်လိုလက်ရာမျိုး မရနိုင်ဘူးလား၊ ဘာဖြစ်လို့ ဆင်စွယ်ကိုမှ ထုချင်ကြတာလဲ... ဟု ကျွန်တော်မေးပြန်သည်။

"ဆင်စွယ်က အသားညက်တယ်၊ အရောင်က လက်ပြီး ရောင်ပြေးလိုဖြစ်နေတယ်၊ အလင်းတောင် ပေါက်တယ်ဆရာရဲ့၊ အနှံသားလိုပဲ၊ အလွှာတွေ တစ်ထပ်ပြီးတစ်ထပ် အရစ်လိုက် အရစ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်နဲ့ တော်တော်လှတာ၊ ဆရာ့သစ်သားပန်းပုက ဘယ်လေက်လှနိုင်မှာတုန်း”

ဒါတွေဟာ အကုသိုလ်တွေပဲ… ဟု ကျွန်တော်ပြောချင်သည်။ သို့သော် ဘာသာမရှိသော မုဆိုးတစ်ယောက်သည် အကုသိုလ်နှင့် ကုသိုလ်ကို သိနိုင်ပါ့မလား။ ထို့ပြင် လောဘကြီးသော ဆင်စွယ်မှောင်ခိုသမားများအဖို့ ဆင်မျိုးပြုတ်ခြင်း အန္တရာယ်ကိုရော တွေးတတ်ကြပါ့မလား။

“ကျွန်တော် ကြားဖူးတာကတော့ ဘယ်မှာဆိုလားပဲ၊ ရှေးနှစ်ပေါင်းများစွာတုန်းက သေထားခဲ့တဲ့ ဆင်သင်္ချိုင်းတွေ ရှိသတဲ့ အဲဒီအရပ်က မြေအောက်ထဲမှာ ရှိနေတဲ့ ဆင်စွယ်တွေကို တူးယူပြီး အလှအပ ကိရိယာတန်ဆာပလာ ထုလုပ်ကြဖို့ ဘယ်သူမှ စိတ်မကူးကြဘူးလား ဦးလေးရဲ့”

သူက ကျွန်တော့်စကားကို သဘောကျဟန်ဖြင့် ရယ်လိုက်သည့်အခါ နာကျင်မှုကြောင့် ရှုံ့မဲ့သွား၏။

“ဆရာလို ဗဟုသုတများတဲ့ ပညာတတ်ကြီးတစ်ယောက်တောင် ဆင်သင်္ချိုင်းဘယ်မှာမှန်းမသိရင် ကျုပ်တို့လိုလူတွေဆို ပိုဆိုးတော့မပေါ့ဆရာ။ မသေချာတဲ့ နေရာသွားပြီး မသေချာတဲ့မြေကြီးတွေ ကျောက်လွှာတွေ တူးရမယ့်အလုပ်ကို ဘယ်သူက လုပ်မှာတုန်း။ အလွယ်တကူမြင်နေရတဲ့ ဆင်တွေကိုပဲ လိုက်ရှာတော့မယ်ဗျာ”

ကျွန်တော် ဘာစကားပြောရမှန်း မသိအောင် ဖြစ်သွားခဲ့ပါသည်။

တောဝက်၊ ဝေလငါး စသည့်တိရစ္ဆာန်အစွယ်များဖြင့် ပြုလုပ်ထားသည့် ဆင်စွယ်တုလည်း မဟုတ်သော အခြားဆင်စွယ်တုများကို ထုတ်ဝေနိုင်ကြလျှင် မည်မျှကောင်းမလဲဟု ကျွန်တော်





စိတ်ကူးယဉ်မိသည်။ ဆရာဝန်တစ်ယောက် ဖြစ်နေ၍လားမသိ။ ကျွန်တော်သည် ဆင်စွယ်ဖြင့် ဖန်တီးပြုလုပ်သော ကနုတ်ပန်းခက်လက်ရာများကို နည်းနည်းမျှ နှစ်သက်၍မရချေ။

“ဆင်ဘယ်နှစ်ကောင်လောက် ဦးလေးသတ်ခဲ့ဖူးသလဲ” ဟု ကျွန်တော်မေးကြည့်မိ၏။ သူသည် ပထမတော့ တွန့်ဆုတ်နေသည်။ နောက်မှ သူ မဖြေချင့်ဖြေချင်ဖြင့် ဖြေပါသည်။

“ကျုပ် ဆင်ဘယ်နှစ်ကောင် သတ်တယ်ဆိုတာ ကျုပ်မိသားစုတောင် သိတာမဟုတ်ဘူးဆရာရဲ့…။ တစ်ခါတစ်ခါ ဆင်သုံးကောင် သတ်ခဲ့တယ်လို့ ဖြေခဲ့တယ်။ တစ်ခါတစ်ခါ ဆင်ငါးကောင် သတ်ခဲ့တယ်လို့ ဖြေခဲ့တယ်။ တကယ်တော့ ဘယ်ကမလဲဆရာရယ်။ ကျုပ်လေ ဟောဒီလက်နဲ့ ဆင်အကောင်ပေါင်း သုံးဆယ့်နှစ်ကောင် သတ်ခဲ့တယ်”

ဆင် သုံးဆယ့်နှစ်ကောင် သတ်ခဲ့သော မုဆိုးကြီးသည် ဓမ္မရောဂါမှာ ကင်ဆာဟု သိလိုက်ရသောအခါ ဆောက်တည်ရာမရ တုန်လှုပ် သွားခဲ့လေသည်။

သူသည် တစ်ခါတစ်ခါ ဝေဒနာကြောင့် ငိုကြွေးပြီး တစ်ခါတစ်ခါ ဒေါသဖြင့် အော်ဟစ် ဆဲဆိုနေတတ်၏။ တစ်ခါတစ်ခါတော့ တွေဝေစွာ ငြိမ်သက်၍ ငေးကြောင်နေတတ်ပြန်သည်။ သူ့မိသားစုသည် အတော်ပြည့်စုံသူများဖြစ်၍ သူ့ကျေးဇူးကိုလည်း သိတတ်သူများဖြစ်၍ သူလိုသမျှ အရာအားလုံး ဆောင်ရွက်ပေးရန် စီစဉ်ကြသည်။

ဗုဒ္ဓဘာသာဘုန်းတော်ကြီးသည်လည်းပင့်မည်ဆိုက ကြွလာနိုင်သည်။ ခရစ်ယာန်ဘာသာ ဘုန်းတော်ကြီးသည်လည်း သေဆုံးသည့် ဝိညာဉ်ကို ဆုတောင်းပေးရန် ပင့်မည်ဆို ကြွလာနိုင်သည်။ သို့သော် လူနာသည် မည်သည့်ဘုန်းကြီးကိုမျှ အလိုမရှိပေ။



www.burmeseclassic.com

www.burmeseclassic.com



သူအလိုရှိသည်က ကျောက်ဆစ်သမား ဖြစ်လေသည်။

"ငါ့အတွက် ကျောက်တိုင်တစ်တိုင် စိုက်ပေးပါ။ ငါဟာ ဆင်ဘယ်နှစ်ကောင် သတ်ခဲ့တယ်ဆိုတာ လူတွေကို ဝန်ခံသွားချင်ပါတယ်။ ဒါပေမယ့် ဆင်တွေကိုသတ်ရတဲ့ အကြောင်းရင်းကို လူတွေသိဖို့ အရေးကြီးပါတယ်။ အဲဒီအကြောင်းကို ကျောက်စာထဲမှာ ထည့်ပေးဖို့ မင်းကတိပေးပါ"

သူ့ဇနီးသည် မျက်ရည် တွေတွေကျလျက် ကတိပေးလိုက်၏။

"ဒီကျောက်စာကို လူတွေ အသုံးပြုအများဆုံး ဖြစ်တဲ့ အဝေးပြေးလမ်းမရဲ့ ရှုခင်းအလှဆုံး နေရာမှာစိုက်ပေးပါ။ ငါသေသွားတဲ့အခါ ငါ့ဘာကြောင့် ဆင်တွေ သတ်ခဲ့ရတယ်ဆိုတဲ့ ငါ့စေတနာကို နောင်လာနောက်သားတွေ အမြဲသတိရနေစေရမယ်... ကြားလား"

သူ့ဇနီးသည် ငိုကြွေးလျက် ခေါင်းညိတ်၏။

မုဆိုးသေသွားသောအခါ ကျောက်ဆစ်သမားသည် မုဆိုးမှာကြားသည့် စာသားများအတိုင်း ချင်းဘာသာဖြင့် တစ်မျိုး၊ အင်္ဂလိပ်ဘာသာဖြင့် တစ်မျိုး ထွင်းထုရေးသား ပေးခဲ့ရလေသည်။ နောက်ဆုံးစာကြောင်းမှာတော့ မုဆိုး ဆင်သတ်ခဲ့ရခြင်း၏ စေတနာကို မုဆိုး၏ စကားအတိုင်း အင်္ဂလိပ်ဘာသာဖြင့် ရေးထိုးထားလိုက်သည်။

"မြန်မာ့ဆင်ဖွယ်အရည်အသွေးနှင့် ကနုတ်ပန်းထွင်း ပန်းပု လက်ရာများ ကမ္ဘာ့အဆင့်မီကြောင်း သက်သေပြရန် မြန်မာ့ဆင်စွယ် သုံးဆယ့်နှစ်ကောင်ကို သတ်ခဲ့ရပါသည်။"

* * *

ဒုတိယ ကျောက်တိုင်ရှင်ပုဂ္ဂိုလ် ကျောင်းဆရာဟောင်းသည် ဆေးရုံသို့ သွေးအန်၍ ဝမ်းမည်းသွားသောဝေဒနာ(Haematemısis and melena) ဖြင့် ရောက်လာသည်။

ကျောင်းဆရာသည် လူပုံနွံ့နွံ့ ဥပဓိရုပ် ကောင်းကောင်းဖြစ်သည်။ သူသည် စကားများများ မပြောချေ။ တိတ်ဆိတ်စွာ တွေးနေသည်ကများ၏။ သူ့မှာ ဘယ်တုန်းကမှ မိသားစုမရှိခဲ့။ သူ့ကို ဦးလေးသဖွယ် ခင်မင်အားကိုးသော တပည့်ဟောင်းတစ်ယောက်နှင့် အတူနေ ထိုင်သည်။ သူ့ရောဂါသည် အစာရေမြိုပြွန် သွေးကြောများမှ သွေးယိုသောရောဂါ ဖြစ်နိုင်ကြောင်း သူ့ကို ပြောပြစဉ်က သူ့မျက်လုံးမှာ ရှော်လင့်ချက်များကို မြင်ရသေးသည်။ သူ့ကို ကြည့်ညို လေးစားသော တပည့်ဟောင်းများသည် သူ့အတွက် လိုအပ်သည့် သွေးကိုဖောက်၍ လှူရန် အဆင်သင့်တန်းစီ၍ စောင့်နေခဲ့၏။ သွေးယိုခြင်းကို တားဆီးမည့်၊ ငွေထောင်သောင်းနှင့်ချီ၍ ကုန်ကျမည့် ထိုးဆေးများစွာကို သူ့အတွက် ဝယ်ပေးသော တပည့်ဟောင်းများကိုကြည့်၍ ကျွန်တော် အလွန်ကြည်နူးမိပါသည်။ ကျောင်းဆရာတစ်ယောက်၏ ဘဝ အဓိပ္ပာယ်မှာ ဒါပါပဲလား..ဟု ကျွန်တော် ကျေနပ်ရသည်။ သူ့ကို ထိုးဆေးနှင့်ကုသ၍လည်း မသက်သာ၊ ခွဲစိတ်ကုသဖို့ ကြိုးစားတော့လည်း အစာအိမ် အနာဟောင်းကိုသာတွေ့လျက် သွေးယို ထွက်သည့် အဓိကနေရာကို မတွေ့ရပေ။

သူသည် သတိလစ်လစ်သွားသော်လည်း မကြာခဏ သတိပြန်ပြန်ရလာ၏။ တစ်ညမှာတော့ သူသည် အချိန်တော်တော်ကြာ သတိရနေပြီး သူ့မှတ်ဉာဏ်နှင့် အာရုံကြောများ ကြည်လင်လျက်ရှိသောကြောင့် ကျွန်တော်ပင်လျှင် သူ့အတွက် မျှော်လင့်မိတော့မလို ဖြစ်သွားသေးသည်။

**ဥတ္တရလမင်း**

www.burmeseclassic.com

www.burmeseclassic.com



"ဆရာ ကျွန်တော့်ကို တစ်ခုလောက် ကူညီမလား" ဟု သူမေးသောအခါ ကျွန်တော် စိတ်အားထက်သန်စွာ ခေါင်းညိတ်ခဲ့၏။

"ကျွန်တော် အသက်ရှင်ဖို့မျှော်လင့်ချက် ဘယ်လောက်လောက်ရှိသလဲ... ကျွန်တော်သိချင်ပါတယ်"

ကျွန်တော် ဘယ်လိုလုပ်ပြီး ဖြေရမည်နည်း။ လူနာကို ဆရာဝန်သည်မည်သည့် အတိုင်းအတာအထိ ပွင့်လင်းစွာဖွင့်ပြောသင့်သနည်း။ မျှော်လင့်ချက် အပြည့်အဝပေးပြီး လိမ်ညာ လိုက်ရမည်လား။ အမှန်အတိုင်း ရိုးသားပွင့်လင်းစွာ ပြောပြ အသိပေးခြင်းဖြင့် ရက်စက်လိုက်ရမည်လား။ ကျွန်တော် စဉ်းစားတွေဝေနေသည်ကို ရိုးရှင်းစွာ အကဲခတ်နေသော လူနာ၏မျက်လုံးတွင် ကြောက်စိတ်မရှိပါ။

"ငါးဆယ်ရာခိုင်နှုန်းစီ ရှိပါတယ်"

သူ သက်ပြင်းတစ်ချက်ချ၏။ ထို့နောက် သူ့တပည့်အား လှမ်းကြည့်သည်။

"ဒီပတ်ဝန်းကျင်မှာ လက်ရာအသေသပ်ဆုံး ကျောက်ဆစ်သမားတစ်ယောက်ကို သွားခေါ်ချည်...၊ ချင်းဘာသာလည်း ရေးနိုင်ဘဲ့လူ ဖြစ်ရမယ်..."

သူ့တပည့် ထွက်သွားသောအခါ သူ တစ်ခုခု ပြောချင်နေကြောင်း ကျွန်တော့်ကို အရိပ်အယောင်ပြ၏။ လှို့ဝှက်ဟန်ရှိသော ကျောင်းဆရာဟောင်း၏ ဝန်ခံချက်များမှာ မုဆိုး၏ဝန်ခံချက်များ ထက်စိတ်ဝင်စားစရာကောင်းလိမ့်မည်ဟုကျွန်တော် မှန်းဆမိပါသည်။

ထို့နောက် ကျောင်းဆရာသည် ကျွန်တော့်အား သူ့ဘဝထဲမှ ဝှုံးကွယ်ထားသော အဖြစ်တစ်ခုကို ဖွင့်ပြောပြခဲ့သည်။

"ကျွန်တော့်ဇာတိက မန္တလေးမြို့ကပါ။ ကျွန်တော့်မိဘတွေက ဂုဏ်သရေရှိ လူကြီးလူကောင်းတွေပဲ ဆိုပါစို့။ ကျွန်တော်နဲ့





နဲ့လ၊ ရွှေနဲ့မြလို လိုက်ဖက်တယ်လို့ သူတို့ယုံကြည်တဲ့ မိန်းကလေး တစ်ယောက်နဲ့ ပေးစားဖို့ သူတို့စီစဉ်ပါတယ်။ ဒါပေမယ့် ခက်နေတာက ကျွန်တော်အိမ်ထောင် မပြုချင်ဘူး။ ဒါထက်ဆိုးတာက အဲဒီ မိန်းကလေးကို ကျွန်တော် မချစ်ဘူး။ ဒီလိုနဲ့ပဲ ကျွန်တော်လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က ဖလမ်းကို ပြေးလာခဲ့ပါတယ်။ ဖလမ်းမှာ ၄၊ ၅ နှစ်ကြာ နေလာတဲ့အခါ ကျွန်တော့်ပညာနဲ့ အကျင့်သီလကို လူတိုင်း လေးစားကြတယ် ဆိုပါတော့။ ဂုဏ်သိက္ခာရှိတဲ့ ကျောင်းဆရာတစ်ယောက် ဘဝကို ကျွန်တော်ရခဲ့ပါတယ်။ အဲဒီ ဂုဏ်သိက္ခာကပဲ ကျွန်တော့်ဘဝ သေသွားအောင် သတ်ခဲ့တယ်လို့ ဆိုရမှာပါ ဆရာ။

"ကျွန်တော် ချင်းလူမျိုးကို ချစ်တယ်...၊ ချင်းပြည်နယ်က ကလေးတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် ကျွန်တော့်ဘဝကို နှစ်မြှုပ်ထားချင်လောက်အောင် ကျွန်တော်ချစ်တယ်။ ကျွန်တော့်မှာ မြန်မာ တပည့်မလေးတွေ ရှိသလို ချင်းတပည့်မလေးတွေရှိတယ်။ ဒါပေမယ့် ကျွန်တော်ဟာ ဆရာနဲ့တပည့် သံယောဇဉ်ထက် ဘယ်မိန်းကလေးကို မှ မပိုခဲ့ပါဘူး။ အဲဒါ ကျွန်တော် တန်ဖိုးအထားဆုံး သစ္စာပါ။ ကျွန်တော် ချင်းပြည်မှာနေသရွေ့ ချင်းမကလေး တစ်ယောက်ယောက် အပေါ်မှာ စိတ်မကစားမိဖို့၊ မသာယာမိဖို့ နောက်ဆုံးဗျာ မချစ်မိဖို့ အောင် ကျွန်တော် အမြဲတမ်း သတိထားဆင်ခြင်ခဲ့ပါတယ်။ ဒါပေမယ့် လွန်ခဲ့တဲ့ သုံးနှစ်ကတော့ ကျွန်တော့်သစ္စာနဲ့ ကျွန်တော့်အချစ်ကြားမှာ ကျွန်တော် တော်တော် ဒုက္ခရောက်ခဲ့ရပါတယ်။

"ဆောင်းရာသီတွေမှာ ကျွန်တော် တောင်ကြားအောက် ခြေအထိသွားပြီး မဏိပူရမြစ်ထဲမှာ ရေချိုးလေ့ရှိတယ်။ ဆရာလည်း သိနေရောပေါ့။ ဒီက အအေးဒီဂရီ ဘယ်လောက်များတယ်ဆိုတာ သလဲနော်၊



www.burmeseclassic.com

www.burmeseclassic.com



ရေနွေးနဲ့ ရေစပ်ချိုးတာတောင် ရေလောင်းခဏနားတဲ့ အချိန်မှာ မေးတွေသွားတွေ ကျင်တက်လာအောင် လေအေးက စိမ့်တိုက်နေတာ မဟုတ်လား။ ရေချိုးအပြီး အဝတ်နဲ့ ရေသုတ်တာ နည်းနည်းကြာသွားရင် လက်တွေခြေတွေ ပြာနှမ်းလာအောင်အေးတဲ့ အအေးဓာတ်လေ။ ဒီတော့ ဟိုး ချိုင့်ဝှမ်းအောက်ခြေက မဏိပူရမြစ်ရေကိုပဲ ကျွန်တော် သွားချိုးရတယ်။ မြစ်ရေကတော့ သာမန်ဆောင်းတွင်း ရေအေးလောက်ပဲ ရှိတာကိုး ဆရာရဲ့။ အဲဒီမှာ ကျွန်တော်နဲ့သူ တွေ့ရတော့ တာပါပဲ။

“သူ့ရဲ့ ချင်းနာမည်က တော်တော်ရှည်တယ်။ နောက်ပြီး ဆရာမှတ်မိမှာလည်း မဟုတ်ဘူးလေ။ ဒါပေမယ့် သူ့ကို ဒီပတ်ဝန်းကျင်က တံငါမလေးလို့ သိနေကြတယ်။ သူက မြစ်ထဲမှာ သူကိုယ်တိုင်ဆင်းပြီး၊ ငါးဖမ်းတာ သိပ်ကျွမ်းတာကိုး ဆရာရဲ့။ နာမည်နဲ့လိုက်အောင် ပေးတတ်ကြပါတယ်။ သူ ငါးဖမ်းပုံကို ဆရာ မြင်စေချင်တယ်။ ကျွန်တော်တို့လို ငါးမျှားချိတ်နဲ့ ဖမ်းတာ မဟုတ်ဘူးဆရာ၊ လက်နဲ့ပဲဖမ်းတာ။ သူ့နောက်ကျောမှာ အပိတ်ပါတဲ့ ဝါးခြင်းပြားပြားကလေးတစ်ခုကို လွယ်ထားတယ်။ ငါးတွေကို မိတဲ့အခါ နောက်ကျောကခြင်းထဲ နောက်ပြန်ပစ် ထည့်သွားတာပဲ။ လက်က သိပ်သွက်တာ။ သူ့မေးစေ့အထိ နက်တဲ့ မြစ်ရေထဲမှာတောင် သူ ငါးဖမ်းတတ်တယ် ဆရာရယ်။

“ကျွန်တော်နဲ့သူ ဆုံမိတဲ့ ပထမဆုံးနေ့မှာတော့ တစ်ယောက်နဲ့တစ်ယောက် ကြည့်လိုက်တာ ခဏကလေးပဲ။ ဒါပေမယ့် ကျွန်တော်နောက်ရက်တွေမှာ ရေချိုးသွားရင် ငါးမျှားတံတစ်ချောင်းပါ ယူသွားတော့ တွေ့ချိန် ပိုကြာသွားတာပေါ့။ ကျွန်တော် ငါးတစ်ကောင်မှ မမိဘူးဗျ။ နှစ်ရက်လောက် ဆုံပြီးတဲ့အခါကျတော့ သူက ပြုံးကြည့်





တယ်။ သူက မြန်မာစကား မတတ်ဘူး။ ကျွန်တော်က ချင်းစကား မတတ်ဘူး။ သူက ချင်းလိုပြောတယ်။ ကျွန်တော်က မြန်မာလိုပြန်ပြောတယ်။ သူက ကျွန်တော့်ကို ဟိုးမြစ်အထက်ဘက်မှာ ငါးမျှားဖို့ပြောတယ်။ အဲဒီနေရာမှာ ရေပြင်ဟာညီပြီး ဖြည်းဖြည်းလေး စီးတယ်ဆိုတဲ့သဘောနဲ့ သူ့လက်ကလေးနဲ့ အမူအရာလုပ်ပြတယ်။ ဒီနေရာကို လက်ညှိုးစိုက်ပြပြီး ရေစီးကြမ်းတမ်းတယ်ဆိုတဲ့ အဓိပ္ပာယ်နဲ့ လက်ဟန် အမူအရာ လုပ်ပြတယ်။ သူ့မျက်လုံး မှေးမှေးကလေးတွေက ရယ်လိုက်ရင် မျက်စိပေါက်ပျောက်ရော။ ဒါပေမယ့် ပါးချိုင့်ကလေးနဲ့ ပေါင်းစပ်လိုက်တဲ့အခါ အရမ်းကို လှသွားတာပေါ့ ဆရာရယ်။ (၆)ရက်၊ (၇)ရက် လောက်ဆုံပြီးတော့ ကျွန်တော် ရှောင်မှဖြစ်မယ်ဆိုတာ သဘောပေါက်သွားပါတယ်။ ကျွန်တော် အဲဒီမြစ်ကမ်းပါးကို မသွားဘဲ ထိန်းချုပ်နေလိုက် ရတော့တယ်။ ဒါပေမယ့် တံငါမလေးမှာတော့ အဲဒါကို ထိန်းချုပ်စရာလို့ ထင်ပုံမရဘူးဗျ။”

“ကျွန်တော် မြစ်ဘက်ကို မသွားတာ ၄, ၅ ရက်ကြာတဲ့ အခါမှာတော့ တံငါမလေး ကျွန်တော့်အိမ်ရှေ့က ဖြတ်သွားတာကို အိမ်ထဲကနေ လှမ်းမြင်ရတယ်။ သူ ကျွန်တော့်ကို ရှာနေတာ သေချာတယ်။ သူ အိမ်တိုင်းအိမ်တိုင်းကို အသေအချာ လှမ်းကြည့်ပြီး တစ်ခုခု ရှာနေတာလေ။ ကျွန်တော် အဲဒီအချိန်မှာ ထွက်မကြည့်မိဖို့ ဘယ်လောက်တောင် ထိန်းချုပ်ရတယ်လို့ ဆရာ ထင်သလဲ။ အဲဒီအခြေအနေဟာ ယောကျ်ားတစ်ယောက်အတွက် အခက်အခဲဆုံး အခြေအနေပါ ဆရာရယ်။ သုံးလေးရက်ကြာတဲ့ အခါမှာတော့ သူသတင်းရ သွားပုံနဲ့ ကျွန်တော့်အိမ်ကို ဆိုက်ဆိုက် မြိုက်မြိုက် ဝင်လာခဲ့တော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီရက်က ဆောင်းဝင်ခါစပေါ့။ သူ့ကိုယ်ပေါ်မှာ ငွမ်းစောင်ပါးပါးတစ်ထည်ကို ပတ်ခြုံထားတယ်။ သူ့လက်မှာ ငါးသုံးလေးကောင် ကြိုးနဲ့သီလို့။ ကျွန်တော့်ကျောင်းသားတွေ ရှေ့မှာမှ သူကျွန်တော့်ဆီ ရောက်လာပေတယ်ဗျာ။ ကျွန်တော် တော်တော် ဖြူသွားတယ်။ သူတစ်ခုခု အမူအယာပြလိုက် ရင်ဒုက္ခပဲလို့ စိုးရိမ် လိုက်ရတာ။ ဒါနဲ့ ကမန်းကတန်း မျက်နှာထား တည်တည်နဲ့ အိမ်ရှေ့ပေါက်ကို သွားရပ်ရတာပေါ့။ ဘာလာလုပ်တာလဲလို့ ခပ်တင်းတင်း မေးလိုက်တယ်။ ကျွန်တော့်မြန်မာစကားကိုသူ နားမလည်ပေမယ့် ကျွန်တော့်မျက်နှာထားကို သူနားလည်သွားတယ်။ သူ့မျက်နှာ ဖျတ်ခနဲ ညှိုးသွားလိုက်တာ မြင်ရက်စရာတောင် မရှိပါဘူးဗျာ။ သူက ကျွန်တော့်ကို သူကိုင်လာတဲ့ ငါးတွဲကလေးကို ရိုရိုသေသေ လှမ်းပေးတယ်ဗျ။ နောက်ပြီး ကျွန်တော့်ကို တစ်ခဏစိုက်ကြည့်နေပြီး ဖြုန်းခနဲလှည့်ပြန်သွားပါရောဗျာ။ သူ့အကြည့်ကို ကျွန်တော်သိတယ်။ ဒီအကြည့်ကို ဘယ်တော့မှ ကျွန်တော် မမေ့နိုင်တော့ဘူး..."

သူသည် ခဏကြာအောင် မျက်စိမှိတ်၍ ငြိမ်သက်နေရာ သူသတိလစ်သွားပြန်ပြီဟု ကျွန်တော် ထင်လိုက်မိ၏။ ထို့ကြောင့် ခုံတန်းမှ အသာထရန် ဟန်ပြင်လိုက်သည်။ သို့သော် သူ သတိမလစ်ပါ။

"ကျွန်တော် ဘာလုပ်မယ်လို့ ဆရာ ထင်သလဲ... ဟင်"

လေသံသဲ့သဲ့ဖြင့် အားယူပြုံးကာ ကျွန်တော့်ကို မေးသည်။ ကျွန်တော် အူကြောင်ကြောင်ဖြစ်သွား၏။ ကျွန်တော် ငြိမ်နေသောအခါ သူက မျက်လုံးဖွင့်ကြည့်ပါသည်။

"ကျွန်တော် ဒီကနေ ထွက်သွားလိုက်တယ် ဆရာ။ ဖလမ်းကနေ ထွက်သွားလိုက်ပါတယ်။ မန္တလေးကိုလည်း မပြန်ချင်တာနဲ့





ကလေးမှာ တစ်လလောက် သွားနေလိုက်တယ်။ ကလေးစိတ်မပျောက်ဘပျောက်တဲ့ငါမလေး အခုချိန်လောက်ဆိုရင်တော့ မြစ်ဆိပ်မှာတွေ့ခဲ့ဖူးတဲ့ လူကြီးတစ်ယောက်ကို မေ့လောက်ပြီလို့ ကျွန်တော်ယုံကြည်လာတဲ့ ကာလအထိပေါ့။ အဲဒီကာလတွေမှာ ကျွန်တော့်ကိုယ်ကျွန်တော် မညှာမတာ ပြန်စစ်ဆေးပြီး အမှန်အတိုင်း မြင်သွားတာတစ်ခုရှိတယ်။ တံငါမလေးကို ကျွန်တော်ရှောင်ခဲ့တာဟာ ချင်းပြည်နယ်မှာနေပြီး ချင်းမကလေးတစ်ယောက်နဲ့ မပတ်သက်စေရဘူးဆိုတဲ့ ခပ်ကြောင်ကြောင် အယူအဆကြောင့်ချည်း မဟုတ်ဘူး ဆရာရဲ့။ ငါးဖမ်းပြီး ငါးရောင်းရင်း အသက်မွေးရတဲ့ တံငါမိန်းကလေးတစ်ယောက်နဲ့ မပတ်သက်ချင်တဲ့ အကြောင်းလည်းပါတယ်။ ဒါကို ကျွန်တော် သိသွားတယ်လေ။ ဂုဏ်သရေရှိ ငွေရှိတယ်ဆိုတဲ့ မိန်းကလေး တစ်ယောက်ကို လက်မထပ်ချင်တဲ့ ကျွန်တော်ဟာ တံငါသည် မလေးကိုလည်း မပတ်သက်ချင်ပြန်ဘူးလေ။

"ဒီလိုနဲ့ ကျွန်တော် တစ်လလောက်ကြာတဲ့အခါမှာ ဖလမ်းကို ပြန်လာခဲ့တယ်။ ဒီကိုရောက်တော့ ကျွန်တော်ရင်ဆို့စရာ သတင်းတစ်ခုက ကျွန်တော့်ကို ရင်ဝဆီးကန်လိုက်သလိုပဲ။ တံငါမကလေးဆုံးသွားပြီဆိုတဲ့ သတင်းပေါ့ဆရာရယ်။ ဘာကြောင့်ဆုံးသလဲဆိုတော့ ရေနစ်သေသလိုလို ကြိုးတံတား ပေါ်ကပဲကျပြီး သေသလိုလို၊ ဓာတ်လိုက်ပြီး သေသလိုလို..."

ကျွန်တော်အနည်းငယ် မျက်မှောင်ကြုတ်လိုက်သောအခါ သူက ကျွန်တော့်ကို ခဏငေးစိုက်ကြည့်နေပြီးမှ စကားဆက်သည်။

"ဓာတ်လိုက်တယ်ဆိုတာက ဒီလိုဆရာရယ်။ တချို့က ဓာတ်ပုံရမြစ်ထဲက ငါးတွေကို အစုလိုက်အပြုံလိုက်ရဖို့အတွက် ရေထဲကို လျှပ်စစ်နဲ့ စီးအောင်လုပ်ပြီး ဖမ်းကြတယ်ဗျ။ ဒီမြစ်က မြို့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဟိုးအနက်ဆုံးချိုင့်ထဲမှာ အဝေးကြီးရှိနေတော့ ဒီမြစ်ကို ငါးဖမ်းတဲ့လူ မရှိသလောက်ပါပဲ။ ရေချိုးတဲ့သူလည်း ရှားပါတယ်။ မြစ်ပြင်တစ်လျှောက် တောင်အကွေ့ တောင်အစွယ် ကင်းတဲ့နေရာကနေ သူတို့ ဒိုင်းနမိုက်နဲ့ ခွဲတာတို့၊ လျှပ်စစ်နဲ့ စီးခိုင်းတာတို့ လုပ်ကြတာပေါ့။ လူသူကင်းရှင်းလို့ လုပ်လိုက်တဲ့အခါ တောင်အကွယ်မြစ်အောက် ရေထဲမှာ တစ်ယောက်ယောက် ရှိနေရင် မမြင်နိုင်ဘူးပေါ့။ လျှပ်စစ်နဲ့ ဓာတ်လိုက်ပြီး သေမယ်ဆိုရင် သေနိုင်တာပေါ့။ ဒါပေမယ့် နှစ်ပေါင်းများစွာအတွင်း တစ်ခါမှ ဒီလိုအဖြစ်မျိုး မဖြစ်ဖူးပါဘူး။”

“အဲဒီတော့ အလောင်းကိုလည်း ကျွန်တော်တို့ မမြင်ရတော့ တံငါမလေးနဲ့ ကျွန်တော်တို့ အသိုင်းအဝိုင်းလည်း ဝေးတော့ ဘယ်လို သေတယ်ဆိုတာ ဘယ်လိုသိနိုင်မလဲ။ သေချာတာတစ်ခုက သူသေသွားပြီ။ မြစ်ပြင်မှာ သူ့အလောင်းကို ဆယ်ယူရတယ်။ ဒါပဲပေါ့ ဆရာရယ်...။

“အဲဒီနေ့ကစပြီး ကျွန်တော်သွားလေရာမှာ သူ့ဝိညာဉ်ပါလာတယ်လို့ ကျွန်တော် ထင်ခဲ့တော့တာပဲ။ ကျွန်တော် ရေချိုးဖို့မဟုတ်ဘဲ၊ ငါးဖမ်းဖို့ မဟုတ်ဘဲ မြစ်ကမ်းပါးကို ခဏခဏ ဆင်းမိတာ ဘာကြောင့်လဲ၊ ကျွန်တော် ကိုယ်တိုင်လည်း မသိနိုင်ပါဘူး။ မြစ်ရေစီးသံကို ကျွန်တော် တစ်နေ့လုံး ထိုင်နားထောင်နေခဲ့တယ်။ သူ့ရယ်သံနဲ့ သိပ်တူတာပဲ။ သူ့ဝိညာဉ်ဟာ မြစ်ကမ်းပါး ပတ်ဝန်းကျင်မှာ ပိုပြီးပျော်ဟန်တူပါရဲ့ ဆရာရယ်။

“တကယ်တော့ ကျွန်တော်ဟာ သတ္တိကြောင်ခဲ့ပါတယ်။ အခြေအနေတွေ လွန်ပြီးသွားတဲ့အခါကျမှ ကျွန်တော် လိုချင်တဲ့ဘဝဟာ ဘာလဲလို့ သိခဲ့ရတယ်လေ။ ကျွန်တော် သတ္တိကြောင်မိတာကို သူသေပြီးမှ သိလာတာပါ။ အခုတော့ ကျွန်တော်ဟာ မိန်းကလေး





တစ်ယောက်ကို ချစ်မြတ်နိုးခဲ့မိတယ် ဆိုတာကို ဘယ်သူ့ကိုမဆို ဖွင့်ပြောဖို့ ဝန်မလေးတော့ပါဘူး။ ကျွန်တော့်ကို တံငါမလေးတစ်ယောက်က ချစ်နေခဲ့သလားလို့ တွေးရမှာကိုလည်း ဂုဏ်ငယ်တယ်လို့ မထင်တော့ပါဘူး။ အခုတော့ ကျွန်တော်မသေခင် ကျွန်တော့်ဘဝကို ကြေညာခဲ့ပါတော့မယ်။ ဒါမှလည်း ကျွန်တော် အသေဖြောင့်တော့မယ်။ ဒါကြောင့် ကျွန်တော် မသေခင် ကျောက်တိုင်လေးတစ်ခုလောက် စိုက်ခဲ့ချင်ပါတယ်”

သူသည် သူ့ကိုယ်သူ သေတော့မည်ဟု သိသွားသောအချိန်မှာပို၍ပင် တည်ငြိမ်လာခဲ့ရနေ၏။ ကျောက်ဆစ်သမားနှင့် သူ့တပည့်တို့အား မှာစရာရှိသည်တို့ကို အေးဆေးစွာ မှာသွားနိုင်သေး၏။ သတိလစ်လိုက်၊ ပြန်လည်လိုက်နှင့် သူသည် အနည်းငယ်ပင် ပြုံးလိုက်ပါ သေးသည်။

ကျွန်တော်သည် ကျောင်းဆရာဟောင်း သေဆုံးသွားသည်ကို မသိမမြင်လိုက်ရပါ။ အနီးရှိ လူနာများလည်းမသိ။ သူ့တပည့်ကလည်း ခုတင်ပေါ်မေးတင်၍ အိပ်ပျော်နေသဖြင့် မသိလိုက်ပါ။ သေဆုံးကြောင်း အတည်ပြုရန် နံနက် ၈ နာရီ အချိန်မှာသူ့ခုတင်နား ကျွန်တော် ရောက်သွားတော့ သူ့နှုတ်ခမ်းမှာ ပြုံးမယောင်ယောင် ရှိသည်ကို တွေ့ရလေသည်။

ကျောင်းဆရာဟောင်း၏ ကျောက်တိုင်သည် အဝေးပြေးလမ်းပေါ်မှာမဟုတ်။ တောင်ပေါ် လူသွားလမ်းမှာမဟုတ်။ လူသူကင်းရှင်းသည့် မဏိပူရမြစ်ကမ်းပါးသော တောင်စွယ်တစ်ခုမှာဖြစ်သည်။ ထိုနေရာမှာ စိုက်ဖို့ သူ့တပည့်ကို သူအသေအချာ မှာသွားခဲ့သည် ဆိုပါသည်။ ထိုနေရာသည် သူနှင့် သူ့ချစ်သူ တံငါမလေးလေး ဆုံတွေ့ခဲ့ဖူးသောနေရာ ဖြစ်ချင်ဖြစ်နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ၏ ကျောက်စာမှာ ရိုးစင်းစွာ တိုတောင်း၏။

"ဤမြို့တွင် နေထိုင်သွားသော ကျောင်းဆရာ ဦးအောင်ဖေ သည် တံငါမကလေးတစ်ယောက်ကို သတိရသောအားဖြင့် ဤ ကျောက်တိုင်ကို ထားရစ်ခဲ့ပါသည်။"

* * *

ထိုကျောက်တိုင်နှစ်ခု၏ ဖွင့်ဟဝန်ခံချက် နှစ်မျိုးလုံးမှာ ကျွန်တော် မနှစ်သက်သော ဝန်ခံချက်များဖြစ်၏။ သို့သော် ထိုနှစ်မျိုးလုံးကို ကျွန်တော် မမေ့နိုင်ပါ။

ဖလမ်းနှင့် ဝေးကွာခဲ့သော်လည်း ထိုကျောက်တိုင်များသည် ကျွန်တော့်ကိုဆွဲဆောင် ညို့ယူထားဆဲဖြစ်ပါသည်။

[၁၉၉၅ခု၊ မတ်လ၊ ကလျာမဂ္ဂဇင်း]

# သူစိမ်းတစ်ရံဆံများ

ဘာသိုလ်မှ မည်သည့်ဘွဲ့ဖြင့် အောင်မြင်ခဲ့ပါသလဲဟူသော သူတို့ မေးခွန်းကို ကျွန်မဖြေဟိုင်း သူတို့အံ့သြသွားကြလေ့ရှိပါသည်။ ဘုဗေဒအဓိကဖြင့် သိပ္ပံဘွဲ့ရခဲ့သည်ဟူသော အဖြေကို သူတို့လုံးဝ လင့်မထားမှာ သေချာ၏။ သူတို့ ဘာကို မျှော်လင့် လိမ့်မည် ာ ကျွန်မ ရိပ်မိပါသည်။ အရှေ့တောင်အာရှ နိုင်ငံများ၏ ယဉ် းမှု သို့မဟုတ် လူမှုရေးဗေဒဆိုတာမျိုး၊ မနုဿဗေဒဆိုတာမျိုး ကောင်းသုတေသန သို့မဟုတ် စာကြည့်တိုက်ပညာ ဒီပလိုမာဘွဲ့ တာမျိုး၊ သမိုင်းအဓိက သို့မဟုတ် မြန်မာစာအဓိက ဆိုတာမျိုး၊ ည်းဆုံးတော့ ပထဝီဘာသာ အဓိကဖြင့် ဝိဇ္ဇာဘွဲ့ရထားဖို့ သူတို့ ာ်လင့်ကြမည် ဖြစ်သည်။

အမှန်တိုင်းပြောရလျှင် ဘုရားအဆောက်အအုံတွေ၊ မြို့အဆောက် ၊ သမိုင်းတွေ၊ လူမှုရေးတွေကို ကျွန်မ စိတ်ဝင်စားခဲ့သည်မဟုတ်။

ဥတ္တရလမင်း

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက ဓာတ်ငွေ့တွေကို စိတ်ဝင်စားသည်။ ဒြပ်စင်တွေ၊ ဒြပ်ပေါင်းတွေ၊ အက်တမ်နှင့်မော်လီကျူး၊ အဏုမြူဖိုးနှင့်ဓါတ်ရောင်ခြည်များကို စိတ်ဝင်စားသည်။ သာမန်မျက်စိဖြင့် မမြင်ရသော တစ်စုံတစ်ရာ၏ ပြင်းထန်စွာ အစွမ်းထက်လှသော အင်အားသတ္တိမျိုးကို စိတ်ဝင်စားသည်။

ထို့ကြောင့်လည်း ဓာတုဗေဒ အဓိကဘာသာကို ယူခဲ့၏။ သို့သော် ကျွန်မချစ်သော အက်တမ်တွေ၊ ပရိုတွန်၊ အီလက်ထရွန်တွေသည် ကျွန်မ၏ ဘဝရပ်တည်မှုနှင့် အသက်မွေးဝမ်းကျောင်း အလုပ်အတွက် အနည်းငယ်မျှပင် အထောက်အကူပေးခဲ့ခြင်းမရှိ။ ဓာတုဗေဒ ပညာရှင်ဟူသော ဘဝကို စိတ်ကူးယဉ်ခဲ့ဖူးသော ကျွန်မသည် စိတ်ဓာတ်ကျရာမှ နာကြည်းစွာ ရယ်မောမိသည့်ဘဝသို့ တဖြည်းဖြည်း ရောက်လာခဲ့သည်။ ယခုတော့ ကျွန်မသည် ကျွန်မဘယ်တုန်းကမှ အိပ်မက် မမက်ခဲ့ဖူးသော၊ ကျွန်မနှင့် လိုက်ဖက်လိမ့်မည်ဟု ဘယ်တုန်းကမှ မထင်ခဲ့မိသော ရယ်စရာကောင်းသည့် အလုပ်တစ်ခုကို လုပ်နေမိပြီ။ ၎င်းမှာ ဧည့်လမ်းညွှန် အလုပ်ပင်ဖြစ်ပါသည်။

ကျွန်မ၏ အနီးပတ်ဝန်းကျင်မှ သူငယ်ချင်းများ၊ အသိမိတ်ဆွေများကို မိမိဝါသနာပါသောအလုပ်နှင့် မိမိလုပ်ကိုင်ခွင့်ရသော အလုပ်တို့ တစ်ထပ်တည်း ကျပါသလားဟု မေးကြည့်လျှင် ကိုးဆယ့်ငါးရာခိုင်နှုန်းက ငြင်းဆိုကြလိမ့်မည်။ ထို့ကြောင့်လည်း ကျွန်မသည် လက်ရှိအလုပ်ကို ငြူစူစိတ်ပျက်စရာ အကြောင်းမရှိပါ။ ထို့ပြင် ဤအလုပ်ကို ကျွန်မ အချိန်ယူ၍ စဉ်းစားပြီးမှ ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ဤအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းရန် ဆုံးဖြတ်သည့်နေ့မှစ၍ ဧည့်လမ်းညွှန် သင်တန်းတက်ရောက်ဖြစ်သည့် အချိန်အထိ ငါးနှစ်ကြာအောင် ကျွန်မဘက်မှ ကြိုတင်ပြင်ဆင်ခဲ့ရပါသည်။





ကျွန်မ ဦးနှောက်ထဲက ဓာတ်ပြုခြင်းများ၊ ဓာတ်ပေါင်းစပ်သည့် စည်းများ၊ အော်ဂဲနစ် အင်အော်ဂဲနစ်များကို ထုတ်ဖယ်ပစ်၍ မြန်မာနိုင်ငံ၏ လူမျိုးဆင်းသက်ပုံ၊ မြို့ဟောင်းများ၊ ယဉ်ကျေးမှု အပြောင်းအလဲ၊ လူမှုရေးဘဝနှင့် ဘာသာရေးများ ဓလေ့ထုံးစံများ၊ မြန်မာ့အနုပညာများ၊ ဗိသုကာလက်ရာများ စသည်တို့ကို ဦးနှောက်ထဲသို့ ယခုမှ သွင်းယူနေရသည် မဟုတ်လား။ ထို့ပြင် တက္ကသိုလ်မှာတုန်းက ကျွန်မ၏ ခပ်ဝေးဝေးသို့ ရောက်သွားသော အင်္ဂလိပ်စာ အရေးနှင့်အပြော ကျွမ်းကျင်မှုကို ယခုမှ တစ်ဖန်ပြန်၍ ကြိုးစားနေရပြန်သည်။ ထို့ပြင် မြန်မာနိုင်ငံမှာ အင်္ဂလိပ်ဘာသာ ကျွမ်းကျင်သည့် ဧည့်လမ်းညွှန် ပေါများသလောက် ပြင်သစ်ဘာသာ ကျွမ်းကျင်သည့် ဧည့်လမ်းညွှန်က ရှားပါးနေသည်ဆိုတော့ ပြင်သစ်ဘာသာ ကျွမ်းသည့် ဧည့်လမ်းညွှန်ဘဝဖြင့် ကျွန်မ၏ အလုပ်ကို စတင်ရန်လည်း စိတ်ကူးမိသည်။ ထိုအခါ ကျွန်မ၏ အချိန်အားလုံးသည် စာအုပ်များ၊ သင်တန်းများ အကြားတွင် အချိန်ကုန်ခဲ့တော့သည်။

တစ်ခါတစ်ခါအချိန်၏တန်ဖိုးကို သတိမထားချင်၍ မရလောက်အောင် ရှားပါးသည့် အခက်အခဲ ကြုံရသည့်အခါများတွင် တက္ကသိုလ်မှာ မျှော်လင့်ချက်အမှားကြီးဖြင့် ရေလိုက်လွဲရင်း ကုန်ဆုံးခဲ့ရသော အချိန်များကို နှမြောတသစွာ ယူကျုံးမရ ဖြစ်မိသေး၏။ လေးနှစ်ဟူသော အချိန်ကာလသည် လူတစ်ယောက်အား ဘာသာစကားနှစ်မျိုး သင်ယူတတ်ကျွမ်းလောက်အောင် လုံလောက်စွာ ကြည့်မြင့်လှသည် မဟုတ်လား။ သို့သော် လက်ရှိ ပညာရေးစနစ်နှင့် အံဝင်ခွင်ကျ မလိုက်ပါတတ်သည့် ကျွန်မကိုယ်ကျွန်မသာ အပြစ်တင်ခဲ့မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ညှော်လမ်းညွှန်လုပ်ရတာ ပျော်ရဲ့လားဟု တစ်စုံတစ်ယောက်က မေးလာလျှင် အနည်းငယ် တွန့်ဆုတ်တွေဝေပြီး နောက်မှ ပျော်ပါတယ်ဟု ဖြေမိသည်။ တစ်ခါတစ်ခါ ရယ်စရာ၊ တစ်ခါတစ်ခါ စိတ်ရှုပ်စရာ၊ တစ်ခါတစ်ခါ ဒေါသထွက်စရာ၊ တစ်ခါတစ်ခါ အရှက်ရစရာ ဤအလုပ်သည် ကျွန်မအား စိတ်ရသမျိုးစုံကို တစ်ပြိုင်တည်း ပေးခဲ့သည်။ သို့သော် ကျွန်မ အလွန်စိတ်ဝင်စား ပါသည်။

* * *

သူတို့အားလုံးသည် မြန်မာနိုင်ငံကို အလွန်စိတ်ဝင်စားကြ ၏။ သို့သော် ကျွန်မ မျှော်လင့်ထားမှုနှင့်တော့ တစ်ထပ်တည်းမကျပါ။

ကျွန်မမှာတော့ ကျက်မှတ်လိုက်ရသည့် မြန်မာ့သမိုင်း၊ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ဗိသုကာ။ သူတို့က မေးတော့ ကျွန်မ မထင်ထားသည့် မေးခွန်းမျိုးတွေ။

သနပ်ခါးလိမ်းထားသည့် မိန်းကလေးတစ်ယောက်အား မြင်သည့်အခါ ကျွန်မကို စပ်စုကြသည်။

"သူ့ပါးပေါ်မှာ ဘာကို တင်ထားတာလဲ" ဟူသော မေးခွန်း ဖြစ်၏။ "သနပ်ခါး" ဟူသော စကားကို သစ်ပင် ပင်စည်အခေါက် အဖြစ်ပြောရင်း သူတို့နားလည်အောင် မိရိုးဖလာမြန်မာ မိတ်ကပ်ဟု ရှင်းပြရ၏။ အလုပ်ပါးမဝခင်တုန်းက "ဘာကြောင့် အဲဒါကို လိမ်းတာလဲ" ဟု မေးလျှင် "အလှအပအတွက်ပေါ့" ဟု သွားဖြေဖူး၍ နိုင်ငံခြားသားတစ်ယောက် မျက်နှာရှုံ့သွားတာ ခံရဖူးပါသည်။ သူတို့ မျက်စိထဲမှာတော့ သနပ်ခါးလိမ်းထားသည့် မိန်းကလေး၏ မျက်နှာကို လှသည်ဟု ထင်ချင်မှထင်မည်။ နောက်တော့ ကျွန်မ သူတို့သဘောကျအောင် စနစ်ကျကျ ဖြေတတ်သွား၏။





"သနပ်ခါးဟာ လူ့အသားအရေကို ချောမွတ်စေတယ်။ သန့်စင်စေတယ်။ သနပ်ခါးကို ထူထူလိမ်းထားရင် နေပူတဲ့အခါ ပါးကို နေတိုက်ရိုက် မထိတော့ဘူး။ အသားရဲ့အလှကို ထိန်းပေးထားတယ်။ နောက်ပြီး သူ့အနံ့က မွှေးတယ်။ တစ်စုံတစ်ယောက်ရဲ့ စိတ်ကို ကြည်လင်စေတယ်"

ရှင်မတောင်သနပ်ခါးကို အနည်းငယ်သွေး၍ နိုင်ငံခြားသူ အမျိုးသမီးတစ်ယောက်၏ လက်ဖမိုးပေါ် လိမ်းပေးပြီး မွှေးစေသည်။

"သိပ်ကောင်းတာပဲ" ဟု သူမ သဘောကျလေသည်။

"တချို့ဘုရားတွေမှာ အဖြူရောင်သုတ်ပြီး တချို့ဘုရား တွေမှာ အဝါရောင်သုတ်တာ ဘာကြောင့်လဲ" ဟု မေးတတ်ကြသည်။ အဝါရောင်သည် ရွှေရောင်၏ ကိုယ်စားပြုအရောင်ဖြစ်သည်ဟု ကျွန်မ ပြောပြရသည်။

တချို့ညှော်သည်တွေက ရွှေတိဂုံဘုရား စောင်းတန်း ခြေရင်းမှ စာကလေးလွှတ်ပွဲကို စိတ်ဝင်စားကြ၏။ လှောင်အိမ်ထဲက စာကလေး ကိုဝယ်ပြီး ကောင်းကင်သို့ လွှတ်ပေးခြင်းအားဖြင့် မိမိကိုယ်တိုင်၏ စိတ်နှလုံးသည် တစ်စုံတစ်ရာ ညစ်ညူးမှုမှ လွတ်မြောက် ပျော်ရွှင် ရခြင်း၊ မိမိ၏ အသက်အန္တရာယ်မှ လွတ်မြောက်ချမ်းသာရခြင်း၊ ရောဂါဘယမှ ကင်းဝေးရခြင်းဟူသော အကျိုးများရလိမ့်မည်ဟု ယုံကြည်ကြကြောင်း ပြောရပါသည်။

တချို့ ဘုရားအတက်စောင်းတန်းများတွင် နတ်ရုပ်တုများ ကို တွေ့ရတတ်သည့်အခါမျိုး၌ သူတို့ စပ်စုကြပုံက တစ်မျိုး။ ဘာ့ကြောင့် ဟိုအမျိုးသမီးက ကျွဲခေါင်းကြီးကို တပ်ဆင်ထားရတာ လဲဟု သူတို့မေးမြန်းကြ၏။ ပထမတော့ မြန်မာ့မိရိုးဖလာ နတ်ကိုး ကွယ်မှုကို မကျေညက်သော ကျွန်မ တော်တော် အံ့ဩရောက်ခဲ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းတော့ ရှေးလူကြီးများကို လိုက်လံမေးမြန်း၊ သုံးဆယ့်ခုနစ်မင်းနှင့်ပတ်သက်သည့် စာအုပ်ကိုဖတ်ဖြင့် အနည်းအပါး သိလာရသည်။ ဖမ္မူရာခ်ရွှေအတိပြီးသော ချိုကတစ်ဖက်၊ ငွေစင် ငွေသားအတိဖြင့်ပြီးသော ချိုကတစ်ဖက်ရှိသော နတ်ကျွဲမကြီး အကြောင်း၊ သမ္မလနှင့်ဝိမလညီနောင် ဘုရင်နှစ်ပါးအကြောင်း၊ သမ္မလ၏သားတော်ကလေးနှင့် ဝိမလ၏သမီးတော်အကြောင်း၊ နတ်ကျွဲမကြီးကို စောင့်ရှောက်ထားသည့် ကရင်မကြီးအကြောင်း၊ မိမိ၏ မွေးစားသား (သမ္မလ၏သားတော်) မိန်းမ တောင်းရမ်းရယူ ရေးအတွက် မိမိ၏ ဦးခေါင်းကို ဖြတ်ပေးသော နတ်ကျွဲမကြီး၏ မေတ္တာစေတနာ၊ ကျွဲခေါင်းကြီးကိုရွက်၍ မွေးစားသားအတွက် ဘုရင့် သမီးကို သွားတောင်းပေးသော်လည်း ကတိမတည်သဖြင့် ကျိန်ဆို လိုက်သော ကရင်မကြီး၏ နာကြည်းမှု စသည်တို့ကို အလျဉ်းသင့် သလို ကျွန်မပြောပြ နိုင်လာ၏။

မြန်မာပုံပြင်တော်တော်များများကို အကျဉ်းချုပ် ပြောပြလျှင် သူတို့ အပျင်းပြေ နားထောင်ရယ်မော တတ်ကြပါသည်။ နတ်များ၏ ဒေါသနှင့် ယစ်ပူဇော်ခြင်းအကြောင်း ကျွန်မ သာသာကဲကဲပြောပြ လျှင်တော့ သူတို့ တကယ်ပင် ကြောက်ရွံ့ဟန်ပြ၏။

စကျင်ကျောက်တုံးကြီး တစ်တုံးတည်းဖြင့် ကြီးမားသော ဗုဒ္ဓရုပ်တုတော်ကြီး ထုဆစ်ထားပါသည်ဟူသော ကျောက်တော်ကြီး ဘုရားကိုတော့ သူတို့ သိပ်စိတ်မဝင်စားကြပြန်ပါ။ ထူးခြားသောဘုရား ကိုကြည့်ရှုဖို့ စိတ်ဝင်စားမှုသည် ဖိနပ်နှင့်ခြေအိတ်ချွတ်ရသည့် ကသိ ကအောင့်ခံစားမှုကို ကျော်လွန်နိုင်ပုံမရပါ။ မြန်မာ့ဆိုင်းဝိုင်း၊ နတ် ကန္နားပွဲနှင့် ရှင်ပြုပွဲတို့ကိုတော့ သူတို့စိတ်ဝင်စားကြပြန်၏။ ရွှေတိဂုံ





ဘုရားပေါ်မှာ ရှင်လောင်းများ စီတန်းလှည့်လည်သည့်ကိစ္စကို သူတို့ အားလုံးလိုလို မေးမြန်းစပ်စုတတ်ကြသည်။

လမ်းဘေးမှာ ရေခဲရေရောင်းသည့် ဈေးသည်ကလေးများ၏ တစ်နေ့ဝင်ငွေကို ကျွန်မအား မေးမြန်းကြသည်။ ကျွန်မက ပြတိုက်မှာ သူတို့စိတ်ဝင်စားနိုင်မည့် ရှေးဟောင်းပစ္စည်းများ ပြလို၍ ခေါ်သွားချိန်တွင် ပြတိုက်မရောက်မီ လမ်းဘေးတစ်နေရာ၌ ဝက်သား ဘုတ်ထိုးရောင်းနေသည့် အထမ်းသည်မလေးတစ်ဦးကိုမှ သူတို့က စိတ်ဝင်တစား ရှိကြပြန်၏။

ထိုမိန်းကလေးမှာ အသက်နှစ်ဆယ်ကျော်ခါစပဲ ရှိမည်။ နှစ်နှစ်သားအရွယ် ကလေးငယ်တစ်ဦးကို ခါးမှာမျက်နှာသုတ်ပုဝါဖြင့် ဝတ်ထားပြီး ကြိုးစကိုပန်းခြံသံတိုင်တစ်ခုမှာ ကြိုးနှင့်ချည်ထားသည် ဆိုတော့ သူတို့စိတ်ဝင်စားကြပေမည်။ ထိုအဖြစ်အပျက်ကို သူတို့ ဓါတ်ပုံ ရိုက်ယူကြ၏။ မိန်းကလေးက နည်းနည်းရှက်နေသည်။

အမှန်အတိုင်းဝန်ခံရလျှင် ကျွန်မလည်း အနည်းငယ် မျက်နှာပူပါသည်။ စားဝတ်နေရေး မပြေလည်မှုကြောင့် လင်ရော၊ မယားပါ တစ်နေရာစီ အလုပ်လုပ်ကိုင်ရကြောင်း မိန်းကလေး၏ ရှင်းပြမှုကို ကျွန်မက ဘာသာပြန်ပေးရင်း စိတ်ရှုပ်ထွေးနေခဲ့မိသည်။

သူတို့သည် သီဟာသနပလ္လင်ထက်ပို၍ သစ်ဖောင်ဆွဲသည့် အလုပ်သမားကို စိတ်ဝင်စားကြသည်။ စဉ့်ကူးမင်း ခေါင်းလောင်း ထက်ပို၍ ကုန်တိုက်အောက်မှာ တန်းစီတိုးရင်း ရန်ဖြစ်နေကြသည့် ယောက်ျား၊ မိန်းမ အစုတို့ကို စိတ်ဝင်စားကြသည်။ မန္တလေးရှေး ဟောင်းပြတိုက်မှ စုဖုရားလတ်တို့ ဝတ်ခဲ့သည်ဆိုသော ဝတ်စုံတို့ထက် ပို၍ ချည်ထည်ရက်သည့် ရက်ကန်းစင်များ၊ ဂျပ်ခုတ်လုပ်ငန်းများကို စိတ်ဝင်စားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ခါ ကျွန်မ ရွတ်ပြသည့် သမိုင်းအချက်အလက်များ၊ မြန်မာ့ရိုးရာ အနုပညာလက်ရာများကို သူတို့နားလျှံသွား လမ်းဘေးမှာ လျှပ်တစ်ပြက် မြင်တွေ့ရသည့်မြင်ကွင်း၌ အာရုံရော က ကြားဖြတ်မေးခွန်း ထုတ်ကြသည်။

"ဟိုမှာ ဘာတွေကို ထုနေတာလဲ"

ဖာဒံစေ့ထုနေ သူများကိုလည်း သူတို့သိချင်၏။ လမ်းဘေးမှာ လက်တွန်းလှည်းဖြင့် အချဉ်ပေါင်းရောင်းသည့် ကိစ္စကိုလည်း သိချင်၏။

ဘုန်းကြီးကျောင်း စာသင်စနစ်ကို သူတို့ စိတ်ဝင်စားသည်။ ဘုန်းကြီးတို့၏ ဝိနည်းတော်များကို စိတ်ဝင်စားသည်။ တင်းကျ သော စည်းမျဉ်းဘောင်များအကြောင်း သိပြီးသောအခါ လမ်း သို့မဟုတ် မတွေ့သင့်သောနေရာတို့မှာ ဘုန်းကြီးသင်္ကန်းရုံ ပုဂ္ဂိုလ်မျာ ကို မြင်တွေ့လျှင် ကျွန်မအား ဖြေရှင်းချက်တောင်း၍ မပြီးတော့

သူတို့သည် မြန်မာတို့၏ လူမှုရေးအမြင်၊ နိုင်ငံရေးအမြင် တို့ကို သိချင်သည်။ မြန်မာ့သမိုင်းနှင့် မြန်မာ့ဗိသုကာ၊ မြန်မာ့အ ပညာကို သူတို့နိုင်ငံမှာ စာအုပ်များမှတစ်ဆင့် ပြည့်စုံစွာဖတ်နိုင် သိနိုင်၏။ သို့သော် မြန်မာ့ဘဝ အသက်ရှင်ရပ်တည်မှု ပုံစံများကို တော့ ဘယ်စာအုပ်ထဲမှာမှ ပြည့်စုံစွာမသိနိုင်။ မြန်မာနိုင်ငံသို့ ရောက် တုန်းရောက်ခိုက် နက်နက်ရှိုင်းရှိုင်းစပ်စုမှသာ သိနိုင်မည် မဟုတ် လား။

* * *

ဧည့်လမ်းညွှန် အမျိုးမျိုးရှိသည်။

ဧည့်သည်သိလိုသမျှကို မိမိနားလည်သမျှ မချွင်းမချန် (ဘာကိုမျှ မထောက်မငဲ့ဘဲ) ဖြေတတ်သည့် ဧည့်လမ်းညွှန်။ ဧည့်သည်





အမေးကို ထိန်းထိန်းချုပ်ချုပ် စဉ်းစားတွေဝေပြီးမှ ဖြေသင့်သည်ဟု ထင်သော မေးခွန်းကိုသာဖြေ၍ မဖြေသင့်ဘူးထင်သော မေးခွန်းကို မဖြေဘဲထားတတ်သည့် ဧည့်လမ်းညွှန်။ ငွေရလွယ်မည်ထင်၍ ဤအလုပ်ကို ရွေးချယ်လုပ်ကိုင်သော ဧည့်လမ်းညွှန်။ မြန်မာ့ရေမြေ၊ မြန်မာ့အလှနှင့် မြန်မာ့အတတ်ပညာကို မြတ်နိုးသည့်စိတ်ဖြင့် ရှင်းပြ ဂုဏ်ယူလိုသော ဧည့်လမ်းညွှန်။ နိုင်ငံခြားသား မှန်သမျှကို အထင် ကြီးတတ်သည့် စိတ်အခြေခံဖြင့် မိမိကိုယ်မိမိ နေရာရဖို့ လူရာဝင်ဖို့ အတွက်တစ်ခုတည်းဖြင့် လုပ်ကိုင်သော ဧည့်လမ်းညွှန် စသည့် အမျိုးအစားများ ဖြစ်သည်။

ထို့အတူ ဧည့်သည်လည်း အမျိုးမျိုးရှိပါသည်။

လူနေမှုအဆင့်အတန်း နိမ့်ကျသော မြန်မာလူမျိုးတို့ကို နိုင်ငံအဝင်မှာကတည်းက အထင်သေးပြီး ရှုတ်ချလိုစိတ်ဖြင့် ရောက် လာသောဧည့်သည်။ မြန်မာ၏ ဖြူစင်ဖော်ရွေသော စိတ်ထား၊ ရောင့်ရဲ နိုင်မှုတို့အပေါ် လေးစားအံ့သြလိုစိတ်ဖြင့် ရောက်လာသော ဧည့်သည်။ မြန်မာနိုင်ငံ၏ တောတောင် အလှအပများကို မြင်တွေ့အံ့သြလိုစိတ် ဖြင့် ရောက်လာသော ဧည့်သည်။ မည်သည့်ရည်ရွယ်ချက်ဖြင့် ရောက် လာသည်ဖြစ်စေ မြန်မာနိုင်ငံသို့ ရောက်တုန်းရောက်ခိုက် မြန်မာ အမျိုးသမီးကလေး များအပေါ် လမ်းကြုံအခိုက်အတန့် ဝင်ရောက် စမ်းသပ်လိုသော ဧည့်သည်... စသည်ဖြင့် အမျိုးမျိုးရှိပါသည်။

တချို့က ကုမ္ပဏီနှင့်ဆက်သွယ်ပြီး ဧည့်လမ်းညွှန်တောင်း၍ ကုမ္ပဏီအစီအစဉ်ဖြင့် ခရီးထွက်ကြသည်။ တချို့ကတော့ ဧည့်လမ်း ညွှန်ကို ဖြည့်စွက်နားလည် ပေးတတ်ကြသည်။

"စိတ်ဓါတ်မကျပါနဲ့၊ လုပ်သက်ရင့်လာတဲ့အခါ ကျွမ်းကျင် သွားမှာပါ"ဟု သူတို့ကပင် ပြန်၍ အားပေးတတ်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မသည် ဩစတြီးယန်းလူမျိုး၊ ဂျာမန်လူမျိုး၊ ပြင်သစ်လူမျိုး၊ ဂျပန်လူမျိုး၊ အမေရိကန်လူမျိုး၊ အင်္ဂလိပ်လူမျိုး၊ ဘာရာဇီးနိုင်ငံသားနှင့် ဂျူးလူမျိုး ဧည့်သည်များကို ဧည့်လမ်းညွှန်အဖြစ် လိုက်ပါဆောင်ရွက်ဖူးသည်။

ကျွန်မတွေ့ဖူးသော ဩစတြီးယန်းလူမျိုးများသည် ပျော်ပျော်နေတတ်ကြသည်။ ဘာကိုမှလည်း အလေးအနက်မထား။ မြင်မြင်သမျှအပေါ် အကောင်းမြင်စိတ်ရှိကြသည်။ ကရဝိတ်ဟိုတယ်သို့ ကျွန်မလိုက်ပို့တော့ "ဘာငှက်လဲ" ဟုမေးသည်။ ကျွန်မက "ကရဝိတ်ငှက်၊ ပုံပြင်ဒဏ္ဍာရီထဲမှာတော့ သူ့အသံဟာ တေးသွားတစ်ခုလိုသာယာတယ်လို့ ပြောကြတယ်" ဟု ဖြေရသည်။ ဩစတြီးယန်းအမျိုးသားက ကျွန်မအား ပြုံးကြည့်၍ "ဩစတြီးယန်း ငှက်တစ်မျိုးကိုရော မြင်ဖူးလား ဟိုငှက်လိုပဲ အဝါရောင်ရှိတယ်" ဟုမေးသည်။ ကျွန်မ တအံ့တဩပြုံးကာ "ဟုတ်လား ဘာငှက်လဲ" ဟု ပြန်မေးမိ၏။ သူက ခပ်လှမ်းလှမ်းမှ သူ့ဇနီးရှိရာ လက်ညှိုးညွှန်ပြသည်။ "ဟိုမှာ" သူ့ဇနီး သည် ကရဝိတ်အရောင်လိုပင် ခပ်ဝါဝါအဆင်းရှိသော ပိုးဂါဝန်ကို ဝတ်ထားပြီး ပိုးစက လေမှာလွင့်နေ၏။ သူ့ဇနီးက နားစွန်နားဖျား ကြားကာ ဝင်ရောက်ရယ်မောလေသည်။

ဂျာမန်လူမျိုးများကတော့ အနည်းငယ်ကျနေ့ကြီး၏။ တိကျဖြောင့်မှန်မှုကို ကြိုက်၏။ သိမ်မွေ့ပြေပြစ်၏။ မြန်မာလူမျိုးများအပေါ် နားလည်စိတ်(ရှိဟန်ဆောင်သည်ပဲ ဖြစ်ဖြစ်)ရှိသည်။ သူတို့ဆီမှာ လေပြင်းပြင်းမတိုက်ဘူးလားမသိ။ ဂျာမန် အမျိုးသမီးများသည် လေတိုက်ခတ်မှုဒဏ်ကို တော်တော် ကြောက်ပါသည်။ ကျွန်မအတွက် လိုအပ်မည်ထင်သည့် စာအုပ် စာတမ်းများကို လက်ဆောင်ပေးခဲ့ကြတတ်ပြီး၊ ကျွန်မ အသိပညာကြွယ်ဝမှုအတွက် အဘက်ဘက်မှ





တွန်းအားပေးလိုစိတ် များရှိကြသည်။ သို့သော် သူတို့သည် ဟိုတယ်အဆင်အပြင်နှင့် ဝန်ထမ်းညံ့ဖျင်းလျှင် အနည်းငယ်မျှ သည်းမခံတတ်ကြပေ။

ပြင်သစ်လူမျိုးများကတော့ အင်္ဂလိပ်စကား ပြောတတ်ပါလျက်နှင့် အပင်ပန်းမခံလို၍လား၊ မျိုးချစ်စိတ်ဓါတ်ကြောင့်ပဲလား၊ ဧည့်လမ်းညွှန်ကို ပြင်သစ်စကား ကျွမ်းစေလိုသော စေတနာကြောင့်လားမသိ၊ အင်္ဂလိပ်လို မပြောကြဘဲ ပြင်သစ်လိုပြောကြသည်။ ကျွန်မက အင်္ဂလိပ်စကားညှပ်ပြောလျှင် ပြုံးကြောင်ကြောင်ဖြင့် ကြည့်လျက် ကျွန်မ၏ ပြင်သစ်စကားလုံးများကို စိတ်ရှည်လက်ရှည်စောင့်တတ်ကြသည်။ သမိုင်းဆိုင်ရာ မနုဿဗေဒဆိုင်ရာ အတွေးအမြင်များထက် လက်ရှိ လူနေမှုဘဝနှင့် လူမှုရေး၊ နိုင်ငံရေးတို့ကို စပ်စုကြသည်။ မြန်မာနိုင်ငံထွက် သစ်သီးသစ်ရွက်များကို မြည်းစမ်းကြည့် လိုကြသည်။ လှပသစ်လွင်သော အဆောက်အအုံများ၊ လမ်းများထက် ဟောင်းမင်းသော အဆောက်အအုံများ၊ အိုမင်းသော အိမ်များ၊ ပရိဘောဂများကို စိတ်ဝင်စားကြသည်။ ကျွန်မ မသိနားမလည်သော အကြောင်းအရာအတွက် ကျွန်မကို အပြစ်မတင်ဘဲ နှစ်သိမ့်တတ် ကြပြန်သည်။

ဂျပန်လူမျိုးတစ်ယောက်ကတော့ အင်္ဂလိပ်စကား သိပ်မတတ်ပါဘဲ အင်္ဂလိပ်ဧည့်လမ်းညွှန်ကို တောင်းလေသည်။ အင်္ဂလိပ်စကားပြော လေယူလေသိမ်းများကို နားထောင်ခွဲခြား ဖို့ဟူ၏။ သူသည် မြန်မာနိုင်ငံကို ခြောက်ခေါက် ရောက်ခဲ့ပြီးပြီ ဟုလည်း ဆိုပါသည်။ သူ့အသိ၊သူ့အတတ် အလွန်လုပ်ချင်သည်။ ဟိုနေ့ရာဆိုလည်း သူမြင်ဖူးသည်။ သည်နေရာဆိုလည်း သူရောက်ဖူးသည်။ ရွှေတိဂုံအကြောင်း ကျွန်မထက်ပို၍ သိသလိုလို စကားပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါမှာတော့ ကျွန်မ ရွှေတိဂုံသို့ ညှော်လမ်းညွန်များ သွားနေကျ
လမ်းမှမဟုတ်ဘဲ ဘုန်းကြီးကျောင်းများကိုပြရင်း လမ်းသွယ်များထဲ
ခေါ်ပြလိုက်သည်။ သူက ဘုရားရှိရာကို မျက်မှောင်ကြုတ် စူးစိုက်
ကြည့်လျက် "ငါ ဒီဘုရားကို မြင်ဖူးတယ်ထင်တယ်" ဟု အသံထွက်
စဉ်းစားနေ၏။ ကျွန်မ မသိဟန်ဆောင်နေလိုက်သည်။ နောက်ဆုံး
တော့ သူက "ဒါ ဘာဘုရားလဲ၊ တော်တော်မြင့်တယ်" ဟု မေး
တော့သည်။ ကျွန်မ ရယ်ချင်စိတ်ကို ထိန်းချုပ်လျက် "ရွှေတိဂုံဘုရား
ဟု ခပ်တည်တည်ဖြေတော့ သူ ရယ်မောလေသည်။

ကျွန်မ တွေ့ဖူးသော အင်္ဂလိပ်လူမျိုးများကတော့ ကျွန်မ
နိုင်ငံအပေါ် အတော်အထင်သေးဟန်ရှိ၏။ (မြန်မာလူမျိုးများကို
လက်အောက် ကျခဲ့ရဖူးသော ကိုလိုနီလူမျိုးများအဖြစ် မြင်နေဆဲလ
မသိနိုင်ပါ။) ဘုရားအနီး၊ လမ်းအနီးမှတွေ့သော ကလေးများ
မုန့်ဖိုး ပေးချင်စိတ်လည်းရှိ၍ မုန့်ပေးသောအခါမှာလည်း ကလေး
၏ လက်ကိုမထိစေဘဲ ခပ်မြင့်မြင့်မှ လွှတ်ချပေးတတ်သည်။ ကလေး
များကို သူတို့အနားရောက်အောင် ခေါ်တုန်းကခေါ်၍ ရောက်
တော့ ကလေးတို့၏အနံ့အသက်ကို မခံနိုင်သလိုလို မျက်နှာနည်း
လွှဲပြန်သည်။ ကျွန်မ ထောင်းခနဲဒေါပွသွားမိ၍ "ရှင်တို့ ဘာ
ကြောက်တာလဲ" ဟု ဖွင့်မေးမိသည်။ သူတို့ နည်းနည်း မျက်နှာပျ
ပုံရ၏။

"အနာကြီး ရောဂါပိုးကို ကြောက်တယ်"ဟု ဖြေပါသ
ကျွန်မက မခံချင်စိတ်ဖြင့် AIDS ရောဂါနှင့်ယှဉ်ပြလိုက်
အနာကြီးရောဂါလက္ခဏာ ခံစားနေရသူကို ကျွန်မတို့ မြင်တွေ့သိ
ကြောင်း၊ ရှောင်လည်း ရှောင်နိုင်ကြောင်း၊ သို့သော် AIDS ရော
သက္ခဏာကိုတော့ မျက်နှာသွင်ပြင်၌ ရုတ်တရက် မတွေ့မြင်ရကြော

နေ်တွေ့သလိုပြောမိသည်။ သည်လိုဆိုပြန်တော့ သူတို့ ရယ်မော
ဘောင်းပန်ပြန်လေသည်။

ဘရားဇီးလူမျိုးတစ်ယောက်က ကျွန်မအား ညခင်းအချိန်
မြန်မာ့လူမှုရေး ဘဝကို မြင်ချင်သည်ဟု ပြောသည်။ စထရင်းဟိုတယ်
မှာ ညစာကျွေးပါမည်၊ ကျွန်မ လိုက်ပို့ပြောပြစေလိုသည်...တဲ့၊
ကျွန်မက ကားဖြင့်သွားကြဖို့ စီစဉ်မည်ပြုတော့ ခြေလျင်လျှောက်ရ
အောင်ဟု တောင်းဆိုသည်။ ခြေလျင် လျှောက်မှ မြန်မာလူမျိုးများနှင့်
ဘပ်စွာတွေ့ခွင့်ရမည်ဟု ဆိုသည်။ သို့သော် သူတည်းခိုရာ (၁၇)
လမ်းမှ ကမ်းနားဟိုတယ်အထိ ညချမ်းအချိန်မှာ ကျွန်မနှင့်သူ ဘယ်လို
ညပြီး လျှောက်ရန် သင့်တော်ပါမလဲ။

"မနက်ကျရင် ပြတိုက်က ပြီးတဲ့အခါ မြန်မာလူမျိုး စရိုက်
တွေ့ရအောင် ငါ မင်းကိုခြေလျင်ခေါ်ပါမယ်။ ညနေချိန်ကတော့
သင့်တော်ပါဘူး" ဟု ငြင်းရ၏။

"မင်းကို ငါ ညစာကျွေးမှာပဲ" ဟု သူကပြောသည်။
ကျွန်မသည် ဖွတ်တိုး၍ တောင်းဆိုနေသော ညှော်သည်ကို ထိုစကား
ဆုံးမှာတော့ မာတင်းသောအကြည့်ဖြင့် ကြည့်လိုက်ရသည်။

"ကျွန်မ ပြည့်တန်ဆာ တစ်ယောက်မဟုတ်ဘူး"

ထိုအခါကျမှ သူက ကျွန်မကို ပျာပျာသလဲ တောင်းပန်
သည်။

"ငါ ဒီသဘောနဲ့ တောင်းဆိုတာ မဟုတ်ပါဘူး"တဲ့။

ဂျူး လူမျိုးတစ်ယောက်ကတော့ ပုဂံဟိုတယ်တစ်ခု
ရောက်တွင် "ညကျ ငါ့အခန်းထဲလာခဲ့ပါလား"ဟုပင် ဖြောင်ဖြောင်
ခဲ့ဖူးသည်။ ကျွန်မသည် အံ့သြတကြီး တုန်လှုပ်သွားခဲ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီလို ဖွင့်ဟခေါ်ရဲရလောက်အောင် ကျွန်မ၏ မျက်နှာထား က ပျက်ယွင်းခဲ့ပါသလား။ လမ်းခရီး ကားပေါ်၊ ရထားပေါ်မှာ လွတ်လပ်စွာ လုံခြုံသော ရှပ်လက်ရှည်ပွပွကြီးများကို လည်ပင်းထိ စေ့ပိတ်ဝတ်ခဲ့ပြီး မြို့တွေမှာ လျှောက်လည် လိုက်ပို့ရတိုင်း မြန်မာ အင်္ကျီ လက်ရှည်ကို လည်ပင်းစေ့ပိတ်လျက် ဝတ်ခဲ့သော ကျွန်မသည် ဘယ်နေရာမှာ မှားယွင်းသွားခဲ့လို့လဲ။ ဧည့်လမ်းညွှန်နှင့် ပြည့်တန်ဆာ ကို ခွဲခြား၍ မသိနိုင်လောက်အောင် နိုင်ငံခြားသားတွေ မည်မျှလူမှုရေး ညံ့ဖျင်းနေလို့လဲ။ သို့မဟုတ် ဧည့်လမ်းညွှန်အလုပ်နှင့်အတူ အခြား အလုပ်တစ်ခုကိုပါ အခွင့်အခါ ကြုံကြိုက်လျှင် လုပ်ကိုင်တတ်သော မြန်မာမိန်းကလေးတွေ ရှိနေခဲ့လို့လား။ စဉ်းစားမိတော့ ကျွန်မ ကြက်သီးဖြန်းခနဲ ထလောက်အောင် တုန်လှုပ်ခြောက်ခြားသွားခဲ့သည်။ ကျွန်မ၏ ရှေ့ဆက်၍ ရုန်းကန်လှုပ်ရှားလိုစိတ်၊ မြန်မာအတွက် ဂုဏ်ယူ ဝံ့ကြွားလိုစိတ်များကို ချိုးဖဲ့ပစ်လိုက်သော ထိုဖိတ်ခေါ်မှုသည် ကျွန်မ ရင်ထဲမှာ မြားတစ်စင်းသဖွယ် နက်ရှိုင်းနာကျင်စွာ စိုက်ဝင် နေခဲ့သည်။

* * * *

ကျွန်မအား အလုပ်မှာ ပျော်ရွှင်ပါရဲ့လား ဟု မေးလာတိုင်း ကျွန်မသည် နှောင့်နှေးတွန့်ဆုတ်စွာ "ပျော်ပါတယ်" ဟု ဖြေခဲ့ရ၏။ ကျွန်မအတွက်တော့ ဧည့်လမ်းညွှန်အလုပ်သည် ကျွန်မတို့မြန်မာအမျိုး သမီးများ၏ အရည်အချင်းနှင့် ကိုယ်ကျင့်တရားအပေါ် နိုင်ငံတကာ က လေးစားဖို့၊ နားလည်ဖို့ ကူညီဖြေရှင်းပေးနိုင်သော အလုပ်ဖြစ် သည်။ ဧည့်လမ်းညွှန်အလုပ်သည် လောလောဆယ် ဝင်ငွေအကောင်း ဆုံး အလုပ်ဖြစ်သည်။ ထို့ပြင် ဧည့်သည်များသည် အမှန်ကိုသာ ပြောတတ်ကြသည်။ "မြန်မာနိုင်ငံကို လာရတဲ့စရိတ်ဟာ တခြားနိုင်ငံ





သုံးခု သွားလို့ရလောက်အောင် ဈေးကြီးတယ်" ထိုစကားကို ကျွန်မ ပြုံး နေရ၏။ ကာရာအိုကေတီးဝိုင်းမှာ မြန်မာစကားဖြင့် သီချင်းဆို နေသော မိန်းကလေးတစ်ယောက်၏ သီချင်းသံကို နားထောင်ရင်း "ဟာ ဒီသီချင်းက ထိုင်းသီချင်း မဟုတ်လား၊ ငါသိတယ်။" ထိုစကားကိုလည်း ကျွန်မ ပြုံးနေရ၏။ "နောက်လေးငါးနှစ် ကြာရင် မြန်မာနိုင်ငံဟာ ဒီလိုလှနေသေးမယ် ထင်သလား" ထိုအမေးကို ကျွန်မ မဖြေပါ။ သူ့အမေးထဲတွင် အဖြေပါပြီး နေပြီဖြစ်သည်။ "မြန်မာတွေဟာ ရုပ်ဝတ္ထုပစ္စည်း ချို့တဲ့ပေမယ့် စိတ်ထားမြင့်မြတ် ချမ်းသာကြတယ်" ထိုစကားကိုတော့ ကျွန်မ ကျေနပ်စွာ ပြုံး နေမိသည်။

ဘာပဲဖြစ်ဖြစ် သူတို့အားလုံးသည် သူစိမ်းတစ်ရံဆံများသာ ဖြစ်ကြသည်။

[၁၉၉၅ခု၊ ●ဖြိုလ၊ အလုံမဂ္ဂဇင်း]

www.burmeseclassic.com

www.burmeseclassic.com

## ရောဝတီပုံပြင်

ကလေးများသည် လူကြီးများထက်ပို၍ စိတ်ကူးယဉ် တတ်ကြသည်။ တစ်နည်းအားဖြင့် လူကြီးများထက်ပို၍ စိတ်ကူး ဉာဏ်ကွန့်မြူး တတ်ကြသည်ဟု ဆိုရပါလိမ့်မည်။ ထို့ကြောင့်လည်း ကလေးတို့၏ အိပ်မက်သည် လူကြီးတို့၏ အိပ်မက်ထက် ပို၍ လှပဆန်းကြယ်လေ့ ရှိသည်။ ထို့ကြောင့်လည်း ကလေးတို့၏ အိပ်မက်ကို လက်မခံနိုင်သော လူကြီးများက ရယ်မောကာ မေ့ပျောက် ပစ်လိုက်ကြခြင်း ဖြစ်သည်။ သို့သော် အဖေကတော့ အခြားလူကြီး များလို သား၏အိပ်မက်ကို မမေ့နိုင်ခဲ့ပေ။

* * *

သားသည် အိပ်မက်ထဲတွင် သူ့လက်နှစ်ဖက်မှာ အတောင်ပံနှစ်ဖက် အဖြစ် ပြောင်းလဲသွား၏။ ထိုတောင်ပံများဖြင့် လေကိုခတ်ယူ၍ ကောင်းကင်သို့ တစ်ရှိန်ထိုး ပျံဝဲမြင့်တက်သွားပြီး တိမ်တွေ၏အပေါ်



www.burmeseclassic.com

www.burmeseclassic.com



မှာ ငှက်တစ်ကောင်လိုပင် တောင်ပံဖြန့်ဝဲရင်း လေဟုန်စီးလျက်ရှိသည်။ သား၏ အောက်ဘက်သို့ ငုံ့ကြည့်လိုက်သောအခါ ပါးလွှာနုးညံ့သော တိမ်ငွေ့တန်းများကို ထွင်းဖောက်ပြီး လှပသော မြစ်ကြီးတစ်စင်းသည် ရှည်လျားစွာ၊ ညင်သာစွာ စီးဆင်းလျက်ရှိသည်။ မြစ်ရေ၏ အရောင်သည် ခါတိုင်းလို ညိုညစ်ညစ် ရွှံ့ရောင်မဟုတ်။ တောင်တန်းတွေ၏ အရောင်လို၊ ကောင်းကင်၏ အရောင်လို ပြာလဲ့လျက်ရှိ၏။ သို့သော် ထိုမြစ်သည် ဧရာဝတီမြစ်ဖြစ်သည်။ နောက်ကျိသော အရောင်မဟုတ်ဘဲ ပြာလဲ့နေစေကာမူ ဒါဟာ ဧရာဝတီမြစ်ဟု သေချာသည်။

အဖေက ပြုံးလျက် "သားကဘယ်လိုလုပ်ပြီး ဧရာဝတီမှန်း သိသလဲ"ဟု မေး၏။ သားထံမှ အမျိုးမျိုးသောအဖြေတို့ ထွက်လာနိုင်ကြောင်း အဖေ မျှော်လင့်ထားပြီး ဖြစ်သည်။

"သိတာပေါ့အဖေရဲ့၊ အောက်မှာ စစ်ကိုင်းတံတားကြီးကိုပါ မြင်ရတာကိုး။ တံတားကြီးက ကောင်းကင်ပေါ်ကကြည့်တော့ မှုန်မှုန်သေးသေးလေး အဖေရဲ့။ ဒါပေမယ့် အဲဒါ စစ်ကိုင်းတံတားပဲ။ ဒီတော့ ဒါဧရာဝတီပေါ့" ဟူသော အဖြေမျိုး။

သို့မဟုတ်...

"ဒုဋ္ဌဝတီမြစ်စီးဝင်တဲ့ နေရာလေးကို ကျွန်တော် မှတ်မိနေတယ်လေ အဖေရဲ့။ အင်းဝကိုလည်း မြင်ရတယ်။ ဒီတော့ ဒါဧရာဝတီပေါ့" ဟူသော အဖြေမျိုး။

သို့မဟုတ်...

"သပြေတန်း ခံတပ်ကြီးကို သေးသေးကလေး မြင်နေရတာပဲ အဖေရဲ့။ ဒါ ဧရာဝတီမဟုတ်လို့ ဘာလဲ" ဟူသော အဖြေမျိုး။ စသည်ဖြင့် သားရောက်ဖူးသော ဧရာဝတီ ပတ်ဝန်းကျင်က တည်မြဲ





သေးသည့် ကြီးမားထင်ရှားသော အရာဝတ္ထုများနှင့် နှိုင်းယှဉ်ဆက်စပ်၍ သားဖြေလိမ့်မည်ဟု ထင်ခဲ့သည်။

သို့သော် ကလေးများသည် လူကြီးများ တွေးသလို ဘယ်တော့မှ မတွေးကြပေ။

"အိပ်မက်ထဲမှာ ရေစီးသံကို ကျွန်တော် ကောင်းကင်ပေါ်အတောင်မှ ကြားနေရတယ် အဖေ။ ဧရာဝတီမြစ်ရဲ့ ရေစီးသံကို ကျွန်တော် ကောင်းကောင်း မှတ်မိတာပေါ့ အဖေရဲ့။ ဒါ ဧရာဝတီပေါ့ "

အဖေသည်ပြုံးလျက် သား၏ပခုံးကိုလက်သီးဖြင့် မနာကျင်အောင် ခပ်ဖွဖွ ထိုးလိုက်လေသည်။

ထိုအိပ်မက်မှ နိုးပြီးနောက်... နံနက်မိုးသောက်သောအခါ သားသည် ဘုရားစင်၏ရှေ့မှာ ဒူးတုပ်ကာ ကျုံ့ကျုံ့လေး ထိုင်လျက် အတောင်ပံနှစ်ဖက် ရရှိဖို့အကြောင်း ဘုရားထံမှာ ဆုတောင်းခဲ့၏။

"တောင်ပံရရင် သားက ဘာလုပ်မှာလဲကွ" အဖေက မေးကြည့်သည်။

"ဧရာဝတီမြစ်ကို ဟိုး အစမြစ်ဖျားကနေ ဟိုး အောက်ဘက် ပင်လယ်ထဲအထိ စီးဝင်သွားတာကို မိုးပေါ်ကနေပျံပြီး လိုက်ကြည့်ဖို့ပေါ့ အဖေရ"

ကလေးတစ်ယောက်၏ အတွေးသည် လူကြီးအတွေးထက် ပို၍ ရိုးသားသန့်စင်စွာ အပြစ်ကင်းသည်။ သားကိုယ်ခန္ဓာမှာ အတောင်ပံတွေ ပေါက်လာဖို့ဟူသော ဆုတောင်းသည် သား ရဟတ်ယာဉ်တစ်စီး ပိုင်ဆိုင်ဖို့ ဟူသော ဆုတောင်းထက် ပို၍ နီးစပ်စွာ ဖြစ်နိုင်ချေရှိသည် ဟု သားက ထင်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဧရာဝတီမြစ်အပေါ်မှာ ထူးခြားသော စွဲလမ်းမှုဖြင့် ချစ်ခင်တွယ်တာလျက်ရှိသော သား၏စိတ်ကို အခြားသူများ နားမလည်နိုင်သော်လည်း အဖေကတော့ နှလုံးသားထဲမှ နင့်သည်းစွာ နားလည်နေသည်။ ဘာကြောင့်လည်းဆိုတော့ သားလူမှန်း သိတတ်စ အရွယ်ကတည်းက ဧရာဝတီမြစ်ကို သား ရင်းနှီးကျွမ်းဝင်လာအောင် တဖြည်းဖြည်းချင်း လေ့ကျင့်သင်ကြားပေးခဲ့သူသည် အဖေကိုယ်တိုင် ဖြစ်နေသောကြောင့်တည်း။

* * *

သား အသက် ၂ နှစ် အရွယ်တွင် အဖေ စတင် မိတ်ဆက်သင်ကြားပေးခဲ့သော ဒေသန္တရပထဝီသည် ဧရာဝတီမြစ်အကြောင်း ဖြစ်သည်။ အိမ်နောက်ဖေးကပြင်၏ ဝါးကြမ်းခင်း ခရိုးခယိုင်ပေါ်မှာ ယိုင်တီယိုင်ထိုး လမ်းလျှောက်ခါစဘဝတည်းက သားသည် ဧရာဝတီမြစ်ကို မြင်မြင်နေရသည်။ ဧရာဝတီမြစ်ပေါ်မှာ သွားလာနေကြသော ဖောင်များ၊ လှေများ၊ မော်တော်သင်္ဘောများကို မြင်မြင်နေရသည်။ အမေခါးထစ်ခွင် ချီပိုးရသည့် အရွယ်ကတည်းက သားသည် ဧရာဝတီမြစ်ရေကို ချိုးဖူးခဲ့သည်။ မိဘများအလစ်တွင် မြစ်ထဲဆင်းရန် ကြိုးစားမှာစိုးသော အမေက ခြိမ်းခြောက်ထားသည့် စကားအရ သားသည် ရေနစ်သေဆုံးခြင်းဟူသော အဖြစ်ကို နားလည် သိတတ်ခဲ့ရ မှုမက ကြောက်ရွံ့ထိတ်လန့်ခဲ့ဖူးသည်။ သား မြစ်ရေကိုမကြောက်ရန် အဖေက အားပေးခဲ့ရ၏။

ဧရာဝတီမြစ်သည် ဖေဖေ့သူငယ်ချင်း ဖြစ်သည်။ ထို့ကြောင့် ဧရာဝတီမြစ်သည် သား၏ သူငယ်ချင်းလည်း ဖြစ်သည်။ သားအဘိုး လက်ထက်ကတည်းက ဧရာဝတီမြစ်သည် ဘိုးဘိုးသူငယ်ချင်းလည်း ဖြစ်သည်။ အဘိုးနှင့်အဖေသည် ဧရာဝတီမြစ်ကမ်းပါးတွင် ကြီးပြင်း





ခဲ့သည်။ ဧရာဝတီမြစ်ဖြင့် အသက်မွေး ဝမ်းကျောင်းခဲ့သည်။ ဧရာဝတီမြစ်ကြောင့် သား ထမင်းစားနေရသည်။ သားကသာ မြစ်ကို ခင်မင်ရင်းနှီးမည် ဆိုလျှင် မြစ်သည် သားကို ပြန်လည် ခင်မင်ရင်းနှီးခံမည်။ သို့သော် မြစ်သည်လူတို့ကို သူ့ သူငယ်ချင်းအဖြစ် တဖြည်းဖြည်းချင်း တစ်ဆင့်ချင်းသာ လက်ခံလေ့ရှိသည်။

သား ၃ နှစ်သား အရွယ်တွင် အဖေက သားကို ရေကူးသင်ပေးသည်။ ၄ နှစ်သား အရွယ်တွင် ငါးမျှား သင်ပေးသည်။ ၅နှစ်သား အရွယ်တွင် လှော်တက် ခပ်သေးသေးတစ်ချောင်း ပြုလုပ်ပေးပြီး လှေလှော်သင်စပြုသည်။ ၆ နှစ်သားအရွယ်တွင် ကျောင်းအားရက်များ၌ အဖေသွားလေရာ အဖေ့လှေပေါ် သား လိုက်ပါခွင့်ရခဲ့သည်။ ထိုအချိန်တွင် မြစ်သည် သား၏သူငယ်ချင်း ဖြစ်နေခဲ့ပြီ။ လှေဝမ်းထဲမှာ ထိုင်လိုက်ရင်း သားလက်ကိုရေပြင်ထဲ အသာနှစ်၍ ထားသည့်အခါ လက်ကို ကျီစယ်သလို မွမွညင်သာ တိုးတိုက်လေ့ရှိသော ဧရာဝတီမြစ်ရေသည် သားအား ရင်းနှီးစွာ စကားဆိုနေသလိုပင် ဖြစ်သည်။ လှော်တက်သေးသေးဖြင့် လှေကို ကူညီလှော်ခတ်နေသည့်အခါ တက်ရေထဲကျသံ၊ ရေထဲမှာ ဝိုက်၍လှော်ခတ် လိုက်သောကြောင့် ထွက်ပေါ်လာသောအသံ၊ တက်ကို မော့က်ယူလိုက်သောအခါ တက်၏ရေစက်လက်က ရေပြင်ပေါ် ကျသွားသောအသံ ထိုအသံများအောက်မှာတော့ ဧရာဝတီသည် သား၏လုပ်ဖော်ကိုင်ဖက် ရဲဘော်တစ်ယောက်ဖြစ်သည်။ မြင်နေရသော ဧရာဝတီနှင့်အတူ မမြင်ရသေးသော ဧရာဝတီကိုပါ သား ရင်းနှီးလာစေသည့် အကြောင်းကတော့ အဖေပြောပြော ပြတတ်သည့် အိပ်ရာဝင်ပုံပြင်များကြောင့် ဖြစ်သည်။

အဖေသည် သားကို စိတ်ကူးယဉ်ပုံပြင်များ မပြောပြချင်။ မင်းသားလေးနှင့် မင်းသမီးလေးကို အဖေ စိတ်မဝင်စား။ ထို့အတူ



www.burmeseclassic.com

www.burmeseclassic.com



ဘုရင့်နောင်တို့ ကျုန်စစ်သားတို့ အကြောင်းလည်း အဖေ ရေရေရာရာ မသိ။ အဖေ သိသည်က ရောဝတီ။ ထို့ကြောင့် အဖေသည် သားတို့ ရောဝတီ၏ အစမှအဆုံးထိအောင် ဒေသန္တရဗဟုသုတအဖြစ် ပြောပြော ပြတတ်သည်။ အဖေ၏ ရောဝတီပုံပြင်ကို နားထောင်ရင်း ရောဝတီ၏ မြစ်ရေစီးသံကို နားထောင်ရင်း သားမျက်တောင်များ တဖြည်းဖြည်းစင်းကာ အိပ်ပျော်သွားခဲ့ရလေသည်။

သူတို့ စိတ်ဝင်စားသော ပုံပြင်တစ်ပုဒ်ကို ထပ်ကာထပ်ကာ နားထောင်၍ အားမရသောစိတ်သည် ကလေးတိုင်းမှာရှိသည်။ အဖေသည် ရောဝတီအကြောင်း သားကို ပါးစပ်ညောင်း အာခြောက်သည်အထိ ထပ်ကာထပ်ကာ ပြောပြရသည်။

"လွန်ခဲ့တဲ့ ဆယ်နှစ် လောက်တုန်းက..."

အဖေ့ပုံပြင်သည် သူများတွေလို "ဟိုးရှေးရှေးတုန်း က..."ဟု ဘယ်တော့မှ မစခဲ့ပေ။ အကြောင်းမှာ ထိုအဖြစ်အပျက် သည် ရှေးတုန်းက အဖြစ်အပျက်မဟုတ်။ လွန်ခဲ့သည့် ဆယ်နှစ်ခန့် က တကယ်ဖြစ်ပေါ်ခဲ့သည့် ပုံပြင်ဖြစ်သည်။

"သူငယ်ချင်းလေးယောက် ရှိတယ်။ တစ်ယောက်က သစ်ခုတ်သမား၊ တစ်ယောက်က တံငါသည်၊ တစ်ယောက်က သစ်ဖောင်ဆွဲသမား၊ တစ်ယောက်က ကူးတို့သမားပေါ့"

"ကူးတို့သမားက အဖေနော်"

"အေးပေါ့ကွ"

"သစ်ခုတ်သမားဆိုတာ ဘာလဲ အဖေ"

"မင်းက သိပြီးသားကို မေးချင်သေးတာကိုကွ။ သစ်ခုတ် သမားဆိုတာ သစ်ပင်ကြီးတွေကို ပင်စည်အောက်ခြေကနေ ပုဆိန်ကြီး





နဲ့ လွှဲလွှဲခုတ်ဖြတ်ပြီး မြေပေါ်ကို ဝုန်းခနဲကျသွားအောင် ဖြိုပစ်ပေးရတဲ့ သူပေါ့ကွာ "

"သူက ခွန်အားကောင်းတာပေါ့နော်"

"အေးပေါ့ကွ• ဘယ်လောက်မြင့်တဲ့ အပင်ဖြစ်ဖြစ်၊ ဘယ်လောက် လုံးပတ်တုတ်တဲ့ အပင်ဖြစ်ဖြစ်၊ ဘယ်လောက် မာကျောတဲ့ သစ်ပင်ဖြစ်ဖြစ် သူ့ပုဆိန်နဲ့ထိရင် လဲကျရတာပဲ။ သူပေါ့ကွ၊ အဖေတို့ရောဝတီကို စုန်ဆင်းဖို့ပြင်တော့ အဖေ့လှေအတွက် သစ်တွေကို ရွေးခုတ်ပေးခဲ့တာ သူပေါ့"

သို့သော် ရောဝတီကို စုန်ဆင်းသည့်ကိစ္စကို ကာလကြာရှည်စွာ ကန့်ကွက်နေခဲ့သူမှာ သစ်ခုတ်သမားပင် ဖြစ်သည်ဟု သား သိထားသည်။ သစ်ခုတ်သမားသည် ရောဝတီ၏ အကြောင်းကို အဖေတို့လောက် မသိပေ။ ရောဝတီသည် သူ့သူငယ်ချင်းလည်း မဟုတ်ပေ။

"သူ့သူငယ်ချင်းက ဘယ်သူလဲ အဖေ"

သားက သိပြီးသားအကြောင်းကို လူလည်ကျစွာ ထပ်သိချင်သေးတော့ အဖေက မျက်မှောင်ကြုတ်ပြ၏။

"သစ်တောပေါ့ကွ။ သစ်တောထဲမှာ သူ ဘယ်တော့မှလမ်း ပျောက်မသွားဘူး၊ တောထဲက ကျေးငှက်တိရစ္ဆာန်တွေ သစ်ကိုင်းတွေရဲ့အသံကို နားထောင်ပြီး ဘယ်နားမှာ ကျားရှိတယ်၊ ဘယ်နားကို ဆင်ရိုင်းတွေ စုနေကြတယ်ဆိုတာ သိရုံမကဘူး။ ဘယ်တော့ လေတိုက်မယ်၊ ဘယ်အချိန်မှာ မိုးရွာမယ်ဆိုတာတောင် သိတယ်။ သူ့နားကလည်း သိပ်ပါးတာ။ အဝေးက သစ်ရွက်ခြောက်တွေပေါ်မှာ ဖွဖွနင်းလာတဲ့ ခြေသံဟာ သမင်လား ဆတ်လား သူ့နားက ခွဲခြားပြီး သိတယ်။ သူ လမ်းလျှောက်ရင်လည်း သိပ်ညင်သာတယ်။ ခြေသံ



www.burmeseclassic.com

www.burmeseclassic.com



လုံအောင် အဖေတို့ အားလုံးထဲမှာ သူတစ်ယောက်ပဲ ထိန်းပြီး လမ်းလျှောက် တတ်တယ်”

သားသည် အဖေ့သူငယ်ချင်းသူရဲကောင်းကို မျက်စိထဲမှာ မြင်ယောင်ကာ ကျေနပ်အားရလျက်ရှိသည်။ ဆံပင်ရှည်ရှည် လိမ်လိမ် ကောက်ကောက်၊ မုတ်ဆိတ်ကျင်စွယ်ဖားလျားနှင့် လက်မောင်းလက်ဖျံ တုတ်ခိုင်ကာ သန်စွမ်းမာကျောသော သစ်ခုတ်သမား၏ သွင်ပြင်သည် သား အာရုံထဲ၌ အားကျစရာပင်ဖြစ်သည်။

အဖေတို့လေးယောက်သည် ဧရာဝတီကိုစုန်ဆင်းဖို့ စိတ်ကူး ရပြီးသည့်နောက် နှစ်နှစ်တိတိ အချိန်ယူခဲ့ရ၏။ ရိက္ခာအတွက် ပြင်ဆင်ရန်၊ အထက်ပိုင်းမြစ်၏ရေစီးနှင့် ကျောက်ဆောင်များကို ခံနိုင်မည့် လှေတစ်စင်းရရှိရန်၊ ရေစီးကြောင်းများ ဝဲဂယက်များကို လေ့လာရန် ဖြစ်သည်။ မြစ်၏အထက်ပိုင်းကို အဖေ့ထက်ပို၍ ကျွမ်းကျင်သူမှာ သစ်ဖောင်ဆွဲသမားဖြစ်၏။ ရွှေလီမြစ်ဘေးက ချောင်းငယ် မြောင်းငယ် များထဲမှ သစ်လုံးများကို ရွှေလီမြစ်ထဲ ရောက်အောင်၊ ရွှေလီမြစ်ထဲမှ သစ်ဖောင်များကို ဧရာဝတီမြစ်ထဲ ရောက်အောင် ပို့ပေးရသူမှာ သစ်ဖောင်ဆွဲသမား ဖြစ်သည်။

“ဟောဒီ ရွှေလီမြစ်ရဲ့ လေးပုံတစ်ပုံဟာ ရေတွေ မဟုတ် ဘူး။ ငါတို့ရဲ့ ချွေးတွေ”

မေးစေ့နှင့်လည်ပင်းမှ ချွေးများကို လက်ဖြင့်သပ်ချရင်း သူ မကြာခဏ အော်ဟစ်ပေါက်ကွဲလေ့ ရှိသည်။ အထက်ပိုင်း ဧရာဝတီမြစ်ဖျားသည် သူ၏ ဧရာဝတီဖြစ်သည်။

“ဧရာဝတီရဲ့ အစဟာ ဘယ်နေရာလဲကွာ”

အဖေကသားကိုဖျတ်ခနဲ မေးခွန်းထုတ်လျှင် သားချက်ချင်း အဖြေပေးနိုင်၏။





“မြင်ဆုံပေါ့ အဖေ။ မြစ်ဆုံမှာ ဧရာဝတီက တိမ်တိမ် လေး…။ မြစ်ပြင်ကြမ်းခင်းက ကျောက်တုံး အချောတွေ။ မြစ်ရေက ဘုန်းတော်တို့ ဧရာဝတီလို မနောက်ဘူး။ ကြည်နေတာ။ ကျုံးကလာ ဘဲ့ ရေထက် ကြည်တယ်”

သားအဖြေကို တစ်ခါတစ်ခါ အဖေက ခေါင်းတညိတ်ညိတ် သက်ခံ၏။ တစ်ခါတစ်ခါကျတော့ သားကို ဉာဏ်စမ်းချင်သည်။

“ဒါပေမယ့် မြစ်ဆုံက ရေကြောင်းခရီးအစမှ မဟုတ်ဘဲကွ။ အဖေမေးတာက လှေသဘော်တွေ သွားနိုင်တဲ့ ဧရာဝတီရဲ့ အထက် အဖျားကျဆုံး နယ်နိမိတ်ကို ပြောတာ”

ထိုမေးခွန်းကိုဖြေသော သား၏အဖြေသည် တစ်နှစ်ထက် တစ်နှစ် ပိုမိုပြည့်စုံပြီး ပိုမို၍ပထဝီဝင် ဆန်လာသည်။

“မိုးရာသီမှာဆိုရင် မြစ်ကြီးနား၊ နွေရာသီမှာဆိုရင် ဗန်းမော် ပေါ့ အဖေ”

သို့သော် အဖေတို့လှေသည် သကြင်္န်အပြီး နွေရာသီ တစ်နံ့နက်ခင်းမှာပင် မြစ်ကြီးနားဆိမ့ စတင်စုန်ဆင်းလာခဲ့သည်။ ရေခဲတောင်တွေဆီမှ စတင်စီးဆင်းပေါင်းဆုံခါစ ရေပြင်သည် နွေနံနက်ခင်းတွင် အေးစိမ့်လွန်း၍ လက်ဖျားတွေကျင်လာသည်အထိ ဖြစ်သည်။ ဧရာဝတီ၏ ရေစီးသံသည် ခပ်သွက်သွက် တီးသော မယ်ဒလင်သံလိုပင် လျင်မြန်၏။ တစ်ခါတစ်ခါ ပြေပြစ်ပြီး အများ အားဖြင့် ကြမ်းတမ်းဆူညံသည်။ မြစ်ကမ်းတစ်ဖက် တောင်ကုန်း ကမ်းပါးတွေမှာ ငှက်မျိုးစုံ၏ အသံစာစာကို ကြားရသည်။ တောကောင်ကလေးများ ပြေးလွှားသံကို ကြားရသည်။ ကောင်းကင် မှာ မှုန်မှိုင်းလျက်ရှိ၏။ ရေပြင်သည်ကား အနည်းငယ်မျှပင် မပြေ ပြစ်ဘဲ ရေကြောင်းကျဉ်းကျဉ်းတွင် လှေသည် ရှေ့ခါယမ်းလျက်



www.burmeseclassic.com

www.burmeseclassic.com



ရှိလေသည်။ မြစ်သည်အကွေ့ အကောက်များလာသဖြင့် အဖေတို့ လေးယောက်လုံးသည် ပတ်ဝန်းကျင်ကို အာရုံမထားနိုင်။ သစ်ခုတ် သမားသည်ပင် လှေပေါ်မှာ သတိအနေအထားဖြင့် တောင့်တင်းလျက် ရှိသည်။ သို့သော် သစ်ဖောင်ဆွဲသမားသည် ဤမြစ်ကြောင်းကို ကောင်းကောင်းသိသည်။ သူသည် အထက်မြစ်ကြောင်းတွင် ဇာတ်လိုက်ဖြစ်၏။ အဖေတို့အားလုံး သူ့ အမိန့်ကိုနာခံရသည်။ သူသည် ပဲ့ကိုင် နိုင်နင်းလှသည်။ ရေဝဲဂယက်ကို သူ ရှောင်တိမ်း နိုင်သည်။ ထွင်းဖောက် ဖြတ်ကျော်ရဲသည့်သတ္တိ ရှိသည်။

"ရေထဲမှာ ကျောက်ဆောင်ကြီးတွေကို မြင်တော့ သစ်ခုတ် သမားကြီး လန့်အော်တာကို ပြောဦးလေ အဖေ"

ပြောရပါများလွန်း၍ တစ်ခါတစ်ရံ မသိမသာ ကျော်ချပစ်မိ လျှင် နားထောင်ရပါများ၍ အလွတ်ရနေသော သားက အားမလိုအား မရ ထောက်ပေးတတ်၏။ ထိုအခါ အဖေ ရယ်လေသည်။

မြစ်ကြောင်း ကျဉ်းကျဉ်းကလေးတွင် လှေကလေးတစ်စင်း ကို လူလေးယောက် အားသွန်ခွန်စိုက် ထိန်းချုပ် ပဲ့ကိုင် စုန်ဆင်းလာ သော မြင်ကွင်းသည် သား၏မျက်စိအာရုံထဲတွင် ရုပ်ရှင်ပြကွက် တစ်ခုပမာ ခွန်အားကြီးလှသည်။ မြစ်ကမ်း ကျောက်လွှာကမ်းပါးများ နှင့် တိုက်ခတ်ကွေ့ဝိုက်ပြီး ရေပန်းများ တဖွားဖွား ဖြူဖွေးအော်ဟစ် နေသောမြစ်။ လှေ၏ဦးတည်ရာ ရှေ့တည့်တည့်တွင် မြစ်ကြောင်းကို မြင်ရမည့်အစား ကာဆီးနေသော ကျောက်ဆောင်ကမ်းပါးကြီးကို ချောက်ချားဖွယ်ရာ မြင်နေရသောမြစ်။ ရေလုံးကြီးများ အရှိန်ပြင်းစွာ လှေနံရံပေါ်မှာ ရိုက်ခတ် ကျော်ဖြတ်လာသောမြစ်။ ထိုမြစ်သည် သားသိသည့် ဧရာဝတီမြစ်ဟု မယုံနိုင်စရာပင် ကြမ်းတမ်းခက်ထန်လှ သည်။ ထိုမြစ်တွင် ကျောက်ဆောင်နှင့် တိုက်ခိုက်မိပြီး ကျိုးပဲ့သွားရ





ဖူးသော လှေများအကြောင်း သိရသည့်အခါ သားသည်မျက်လုံး ကလေးပြူးလျက် ပခုံးလေးကျုံ့လျက် စူးစိုက် နားထောင်နေတတ် သည်။ ထိုမြစ်ကိုမှ အဖေတို့ ရဲရင့်စွာ ဖြတ်ကျော် အောင်မြင်ခဲ့ ကြသည်။ ထိုအခါ သား၏မျက်လုံးများ အရောင်တောက်ပကာ ဖခင်အပေါ် ဂုဏ်ယူအား ကျစိတ်များ ဝင်လာခဲ့သည်။

"အဖေတို့ ဘာဖြစ်လို့ အဲဒီလိုမြစ်ကို စုန်ဆင်းခဲ့ရတာလဲ ဟင်"

ထိုမေးခွန်းသည် အမြဲ သား မေးနေကျ မေးခွန်း ဖြစ်သည်။ အဖေ့အတွက် ထိုမေးခွန်းသည် ဘယ်တော့မှ ငြီးငွေ့စရာ မဖြစ်ခဲ့။ အဖေ အမြဲ စိတ်ပါဝင်စားစွာ ဖြေခဲ့သည်။

"အကြောင်းတစ်ခုက ဧရာဝတီကို အတွင်းကျကျ နက်နက် ရှိုင်းရှိုင်း ရင်းရင်းနှီးနှီး သိချင်လို့ပေါ့ကွာ။ အခုဆို ဧရာဝတီရဲ့ ဘယ်နေရာမဆို အဖေ ကျွမ်းကျင်ပြီ"

"နောက်အကြောင်းတစ်ခုကိုလည်း ပြောပြပါဦး အဖေ"

အဖေသည် လရောင်ဖြင့် တလက်လက် တောက်ပနေသော ဧရာဝတီ မြစ်ရေလှိုင်းကလေးများကို လှမ်းကြည့်ရင်း စိတ်ရှည်စွာ ဖြေ၏။

"မြစ်တစ်ခုကို ရင်ဆိုင်ဖြတ်ကျော်ရတဲ့အခါ လူတစ်ယောက် မှာ စွန့်စားစိတ် ရဲရင့်စိတ် ဂုဏ်ယူချင်စိတ်တွေ ပေါ်လာတယ်သားရဲ့။ အဲဒီစိတ်တွေ ရဖို့ပေါ့။ အဲဒီစိတ်တွေဟာ ပတ်ဝန်းကျင်ကို အဖေတို့ ရင်ဆိုင်ဖို့ အကောင်းဆုံး ခွန်အားတွေ။ အဲဒီ အရသာမျိုးဟာ မြစ်ကို ဖြတ်ကျော် အောင်မြင်တဲ့အခါမှသာ ရလာနိုင်တာပဲ။ သားကြားဖူး တယ် မဟုတ်လား။ တောင်ကြီးဖဝါးအောက်၊ လှိုင်းကြီးလှေအောက် ဆိုတာလေ။ လူဆိုတာ ကိုယ့်ထက် ခွန်အားကြီးတယ်လို့ ထင်ရသမျှ



www.burmeseclassic.com

www.burmeseclassic.com



အရာတွေ အားလုံးကို အနိုင်ယူချင်တာပဲကွ။ အဲဒီနည်းနဲ့ လူတွေဟာ စိတ်ကျေနပ်မှု ရှာကြတယ်”

မျက်တောင် ပုတ်ခတ်ပုတ်ခတ် ဖြစ်သွားသော သားကို အဖေက ပြုံးပြ၏။

“ဒါတွေကို သားလူကြီးဖြစ်တဲ့အခါ နားလည် လာမှာပါ။ ဒါတွေကအဖေသင်ပေးစရာမလိုဘူးသားရဲ့။ ယောကျ်ား တစ်ယောက် လူလားမြောက်လာရင် အဲဒီစိတ်ဟာ အလိုလိုဖြစ်လာတာပါ။ သားတို့ ခေတ်ကျရင် သားဟာ ဧရာဝတီမြစ်ကို ရင်ဆိုင်ရုံမကဘူး။ ပင်လယ် ကိုပါ အောင်နိုင်တဲ့လူ ဖြစ်လာမှာ”

ထိုစကားအတွက် သားသည် ကျေနပ်စွာ ပြုံးလိုက် လေသည်။

“အဖေ... သစ်ဖောင်တွေအကြောင်း ကျန်သေးတယ်”

ထိုအခါ အဖေသည် ကသာတစ်ဝိုက်တွင် တွေ့ကြုံရသော သစ်ဖောင်များပါမက ရေကူးတတ်သော ဆင်များအကြောင်းကိုပါ အားရပါးရ ပြောပြလိုက်သည်။

“ဆင်တွေ ရေမနစ်ဘူးပေါ့”

“တချို့ဆင်တွေတော့ ရေနစ်ဖူးတယ်လို့ အဖေ့သူငယ်ချင်း က ပြောတယ်။ ဆင်တွေက သိပ်ကြောက်တတ်တာတဲ့ သားရဲ့။ တချို့ဆို ရေကူးဖို့တော်တော်ကြောက်သတဲ့။ ဒါပေမယ့် အများအား ဖြင့် ဆင်တွေ ရေထဲချလိုက်ရင် ရေကူးတတ်တာပါပဲကွာ”

သား၏ မျက်စိထဲတွင် ကြီးမားသော ဆင်ကြီးတစ်ကောင် ရေကူးရမှာ ကြောက်သဖြင့် တကျိကျိအော်ဟစ် တွန့်ဆုတ်နေသည်ကို မြင်ယောင်လာ၏။ ရေကူးကျင်လည်သော သားသည် ဆင်ကြီး၏ အဖြစ်ကို သဘောကျစွာ အသံထွက်ရယ်မောမိသည်။ သို့သော်





ဆင်ကြီး ရေနစ်သွားသည်ကို မြင်ယောင်လာသောအခါ သားရင်ထဲမှာ ဆို့နင့်တင်းကျပ်သွား၏။ သား၏ညီမလေး ရေနစ်တုန်းက အဖေသည် လွှားခနဲ ရောက်လာကာ လက်မောင်း တစ်ဖက်တည်းဖြင့်ပင် ပွေ့ချီ ဆယ်ယူလိုက်သည်။ ဆင်ကြီး ရေနစ်သည့်အခါမှာတော့ ဆယ်နိုင်မည့် သူ မရှိပေ။ ဆင်ကြီးသည် ရုန်းရင်းကန်ရင်း တဖြည်းဖြည်း ရေမွန်း နစ်လျက် ရေထဲမြုပ်ကာ သေဆုံးသွားပေလိမ့်မည်။

“တတိယမြစ်ကျဉ်းဆုံးတဲ့ အခါမှာတော့ ဧရာဝတီဟာ အဖေ့ဧရာဝတီ ဖြစ်လာပြီကွ”

ထိုအခါ ကျောက်မြောင်းအနီး ပတ်ဝန်းကျင်တွင် ကမ်းစပ် သည် တဖြည်းဖြည်း ကျယ်ပြန့်လာ၏။ မြစ်ပြင်ကျယ်သော်လည်း အဖေသည် မြစ်ကြောင်းကို ကောင်းကောင်းသိသည်။ မြစ်ရေ၏ အရောင်သည်ရွှံ့ရောင်သန်းနေသည်။ သို့သော် နောက်ကျိခြင်း မဟုတ်။ ရေစီးသည် ညင်သာ သိမ်မွေ့လာ၏။

“အဖေ စဥ့်အိုးဖောင်တွေနဲ့ တွေ့သေးတယ်လေ”

“ ဪ အေး အေး။ စဥ့်အိုးဖောင်ကြီးတွေက ဧရာမ ဖောင်ကြီးတွေကွ။ ညနေ နေရောင်နဲ့ အရောင်ကိုလက်နေတာပဲ။ သူတို့က ဖောင်ဖွဲ့တဲ့နေရာမှာ တော်တော်ကို စနစ်ကျတယ်။ စဥ့်အိုး တွေကို သစ်တွေ ဝါးတွေနဲ့အတူ ရောထည့်ပြီး ဖောင်ဖွဲ့ထားတာကွ တစ်ခုနဲ့တစ်ခု စီရီပြီး လှတောင်လှတယ်။ ဆိပ်ကမ်းရောက်လို့ ဖောင်ကို တစ်စချင်းဖျက်တဲ့အခါ စဥ့်အိုးတွေ တစ်လုံးပြီး တစ်လုံး ပေါ်ပြီးထွက် လာတာပေါ့။ ပွဲဈေးတွေမှာ ရောင်းဖို့ အောက်ပြည် အောက်ရွာကို ပို့ဖို့ပေါ့။ တစ်ခါတစ်ခါ ဟောဒီ ဧရာဝတီထဲမှာနေ ဖြတ်သွားတာ သား မြင်မှာပါ”

“မြင်တယ် အဖေ”



www.burmeseclassic.com

www.burmeseclassic.com



"အေး အဲဒါ ကျောက်မြောင်းနားက နွယ်ငြိမ်းဆိုတဲ့ ရွာက လေးက ထွက်တာ။ တစ်ခါလောက် အဖေ ကူးတို့လိုက်တဲ့အခါ သားကို ခေါ်သွားမယ်ကွာ။ စဉ့်အိုးလုပ်တာ သား ကြည့်ဖူးအောင်လို့"

အဖေနှင့်သားသည် ဧရာဝတီ၏ရေစီးသံကို ခဏနားထောင် ရင်း ငြိမ်သက်သွားကြပြန်၏။ ထို့နောက် အဖေ့ပုံပြင်ဆက်သောအခါ သား ကောင်းကောင်းသိသော ရှိန်းမကား၊ မင်းကွန်း၊ မန္တလေးနှင့် စစ်ကိုင်းသို့ ရောက်လာလေသည်။ ဤတစ်ပိုက်က ဧရာဝတီသည် အဖေ့သူငယ်ချင်းဖြစ်သလို သား၏သူငယ်ချင်းလည်း ဖြစ်သည်။ မြင်းခြံ၊ ပခုက္ကူ ပြီးသည့်အခါမှာတော့ သား အလွန်စိတ်ဝင်စားသော ပုဂံ၊ ညောင်ဦးသို့ ရောက်သည်။

"အဖေတို့လှေ သောင်တင်တဲ့အကြောင်း ပြောပါဦးအဖေ"

အဖေ့လှေသည် သုံးကြိမ် တိုင်တိုင်သောင်တင်၏။ ရေ ကြောင်းကို မည်မျှကျွမ်းကျင်သော လှေသမားဖြစ်စေကာမူ သောင်တင်သည့် အတွေ့အကြုံကို မတွေ့ကြုံဖူးသူမရှိဟု အဖေ ပြောရင်း ရယ်မောသည်။

"သောင်တင်တော့ ခရီးနှောင့်တာပေါ့ကွာ။ တစ်ခါတစ်ခါ အရှိန်နဲ့ လှေတစ်ခုလုံး သောင်ခုံပေါ် ရောက်သွားတာကွ။ အဖေတို့ လှေပေါ်ကဆင်းပြီး ရေနက်ထဲ ပြန်တွန်းရတာပေါ့။ ပိုပြီးပင်ပန်းတာ ပေါ့"

မြစ်သည် တစ်နှစ်နှင့်တစ်နှစ် မြစ်ကြောင်း မတူတတ်ပေ။ နုန်းမြေများတင်ကျန်ပုံချင်းလည်း မတူပေ။ နုန်းသဲတို့ အနယ်ကျမှု ပေါ် မူတည်၍ မြစ်ရေစီးပြောင်းလဲသည်။ သောင်အနေအထားပြောင်း လဲသည်။ တချို့မြစ်ကမ်းသည် မြစ်ဖြင့်ဖဲ့စားပြိုပျက်၍ တချို့မြစ်ကမ်း





သည် မြစ်ဖြင့်သောင်ထွန်းကာ ကမ်းပါးပိုတိမ် လာတတ်သည်။ မြစ်၏ ကွေ့ကောက်စီးဆင်းရာ ဦးတည်မှုအပေါ်မှာ မူတည်သည်။

"ရေနံတင်သင်္ဘောကြီးအကြောင်း ပြောဦးလေ အဖေ"

ရေနံတင် သင်္ဘောကြီးတွေသာမက ရေနံတူးစင်များ၊ မျှော်စင်များပါ သား မျက်စိထဲ မြင်ယောင်လာအောင် အဖေ အားပါး တရ ပြောပြသည်။ ချောက်နှင့် ရေနံချောင်းမှ တစ်ဆက်တည်း အဖေသည် သူ မမှီလိုက်သော ရေနံမြေသပိတ် အကြောင်းကိုပါ ခပ်ပြာလေသည်။

"၁၃၀၀ပြည့် အရေးတော်ပုံအကြောင်း မဟုတ်လား အဖေ။ ကျွန်တော်တို့ စာသင်ရတယ်"

သားနှင့်အတူ ယောင်နနဖြင့် အဖေ့ပုံပြင် နားထောင်နေ သော ညီမလေးသည် ပခုက္ကူမရောက်မီကတည်းက အဖေ့ပေါင်ပေါ် မှာ အိပ်ပျော်လျက်ရှိသည်။ သားကတော့ ဧရာဝတီမြစ်အား စုန်ဆင်း အောင်မြင်ခဲ့သော အဖေ့ပုံပြင်ကို ညောင်တုန်းမြို့ ရောက်သည်အထိ စိတ်ပါဝင်စားစွာ နားထောင်နေဆဲ။ အဖေ့မျက်နှာမှ အားမာန်နှင့် မျက်လုံးများ၏ ဂုဏ်ယူရိပ်ကို သားသည် အားကျစွာ ငေးမော နေလေသည်။

"ရန်ကုန်ရောက်တဲ့အထိ အဖေတို့ ဘယ်နှစ်ရက်ကြာခဲ့ သလဲဟင်"

"ညတွေမှာ ကမ်းစပ်မှာအိပ်ပြီး နားကြတာဆိုတော့ အားလုံးပေါင်း ၁၈ရက် ကြာခဲ့တယ်ကွ"

သားကတော့ ချက်ချင်း ငှက်တစ်ကောင်အဖြစ် ပျံဝဲ၍ ဧရာဝတီကို မြင်ချင်လှပါပြီ။

* * *

www.burmeseclassic.com

www.burmeseclassic.com

ဧရာဝတီကြောင့် ပျော်ရွှင်ကြည်နူးပြီး ဧရာဝတီကြောင့် မိမိကိုယ်ကို ဂုဏ်ယူဝင့်ကြွားနိုင်သူ လူသားတစ်ယောက်ဖြစ်သော အဖေသည် ဧရာဝတီနှင့်ကင်းကွာပြီး အသက်ရှင် နေထိုင်ရလိမ့်မည်ဟု ဘယ်တုန်းကမှ မမျှော်လင့်ခဲ့ဖူးချေ။

အဖေ့မျက်နှာ သည်တစ်ခါလောက် ညှိုးနွမ်းခြောက်သွေ့နေသည်ကို သား တစ်ခါမှမမြင်ဖူးပါ။ အဖေ့ချွေးနဲ့စာ ကူးတို့ခများနှင့် အမေ့ဈေးတောင်းမှ ဝင်ငွေကလေးများကို အနှစ်နှစ်အလလ ခြစ်ခြုတ် စုဆောင်းပြီး ဆောက်ခဲ့ရသော လေးပင်အိမ်ကလေးကို ဖျက်သိမ်းလိုက်ရသော နေ့တွင် အမေ မျက်ရည်ကျသည်ကို ကြည့်၍ အဖေ တောက်တစ်ချက် ပြင်းပြင်းခေါက်ခဲ့သည်။ သားသည် ဧရာဝတီနှင့် ဝေးရာကို သွားရတော့မည်ဟူသည့် သတင်းကို ဟိုးခပ်စောစော ကတည်းက သိထားသော်လည်း ဤသတင်း အတည်ဖြစ်လာလိမ့်မည်ဟု မထင်မိခဲ့ပေ။ တကယ်တမ်း သားတို့ ပြောင်းရွှေ့ရမည်ဆိုတော့ သားသည် ဧရာဝတီကို လက်ပြနှုတ်ဆက်ဖို့ မစွမ်းသာလောက်အောင် ရင်ထဲမှာ ဆို့နင့် ဝမ်းနည်းနေ၏။

"ဘာဖြစ်လို့တဲ့လဲဟင် အစ်ကို"

စကားတတ်ခါစ ညီမလေးက သားကို အားကိုးတကြီး မေးတော့ သားက လူကြီးတစ်ယောက်ပမာ ဖြေခဲ့၏။

"ငါတို့တစ်တွေက ဧရာဝတီကို ဖျက်ဆီးကြလို့ ပေါ့ဟာ။ ငါတို့မရှိရင် ဧရာဝတီက ပိုလှလာမှာမို့ပေါ့"

ထိုစကားကို သားကိုယ်တိုင် ယုံမိသလား ဆိုတာတော့ သား မသေချာပါ။

"အခုလည်း မြစ်ကြီးက လှနေတာပဲ"





ညီမလေးက သူထင်ရာကို စွတ်ပြောတော့ သားက ညီမလေး ခေါင်းညိတ်ပြသည်။

"ဧရာဝတီမြစ်ကမ်းပါးမှာ အိမ်ကလေးတွေ ဆောက်ထား မြစ်ကိုလည်း ရုပ်ဆိုးစေတယ်။ လူရဲ့ အမှိုက်သရိုက် အညစ်ကြေးတွေကြောင့် မြစ်ဟာ ညစ်ပတ်လာတယ်။ မသန့်စင်တော့

အဖေက သား ကိုယ်စား ညီမလေးကို ဝင်ဖြေပေးသည်။

"အထက်ပိုင်းက ဧရာဝတီဆိုရင် အခုလိုညစ်ထပ်ထပ်ောင် မဟုတ်ဘူး သမီးရဲ့။ ဟောဟို ကောင်းကင်ကြီးလိုပြာလဲ့ည်လင်နေတာ"

အဖေ့စကားကို ညီမလေး သိပ်နားမလည်ပါ။

"ညီမလေးတို့ ဘယ်ပြောင်းမှာလဲ"

"ဟို... မှာ မြင်နေတဲ့ ဘုရားကလေးတစ်ဆူ တွေ့လား။ ဲဘုရားနဲ့ တည့်တည့် ကုန်းပေါ်မှာ ငါတို့အားလုံး နေကြရမယ်။ ုလို သဲမြေမဟုတ်ဘူး။ မြေမာ၊ ကုန်းမြေ"

"မြစ်နဲ့ နီးသလား"

"အဝေးကြီး... အဝေးတကာ့ အဝေးကြီး။ နင် မြစ်ကိုာင် လှမ်းမြင်နိုင်မှာ မဟုတ်ဘူး"

အဖေသည် တစ်ချိန်လုံး ငြိမ်သက်နေ၏။ အမေကလည်း ာ်နှာသုတ် ပဝါကလေး လည်ပင်းမှာပတ်၍ မျက်ရည် ခိုးခိုးတ်နေသည်။ ပတ်ဝန်းကျင် တစ်ခုလုံး တိတ်ဆိတ်နေ၏။

ထို့နောက် အဖေသည် သူ့လက်ဖဝါး၊ လက်ဖမိုးနှင့် လက်ဖျံးကို တစ်ခါမှ မမြင်ဖူးသည့် အရာဝတ္ထုတွေလို ငူးငူးစိုက်စိုက်ကြည့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟောဒီလက်တွေနဲ့ ငါ နှစ်တွေအကြာကြီး လှော်တက် ကိုင်ခဲ့တယ်။ ငါ့လက်တွေဟာ လှေရွက်တိုက်ဖို့ လှော်တက်ကိုင် ရွက်ကြိုး အသိမ်းအနုတ်အတတ် ပဲ့ကိုင်အတတ် အဲဒါတွေ ငါကျွ ကျွမ်းကျင်ကျင် လုပ်ခဲ့တယ်။ နှစ်ပေါင်း လေးဆယ်လောက် ရှိ သိလား။ ဘယ်ရာသီမှာ ဘယ်လေကြောင်းနဲ့ ရင်ဆိုင်ရမယ်ဆို ငါ သိတယ်။ ပဲ့ကို ဘယ်လိုကိုင်ရမယ်၊ ရွက် ဘယ်အချိန် တင်ရ ဆိုတာ ငါသိတယ်"

အဖေသည် သူ့လက်သူ ငုံ့ကြည့်ကာ တတွတ်တွတ် ရွတ်နေရာမှ အမေ့ကို လှမ်းကြည့်လိုက်သည်။

"အေးမြိုင်...နင် မန္တလေးမှာ သိပ်နေချင်သလား"

အမေက အဖေကို မျက်လုံးအဝိုင်းသားနှင့် ခဏ ငေး ပြီးနောက် ဖြည်းညင်းစွာ ခေါင်းရမ်းပြ၏။ သားက အဖေ့လက်ချော ကို ခိုတွဲလိုက်သည်။

"ကျွန်တော်လည်း မန္တလေးကို မချစ်ဘူး အဖေ။ ကျွန် ရောဝတီကိုပဲ ချစ်တယ်"

အဖေက ခပ်သဲ့သဲ့ပြုံး၏။

နောက်ဆုံးတွင် အဖေသည် သားအတွက် သိပ်အံ့ဩ မကောင်းသော ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။

အဖေသည် တချို့ပစ္စည်းများကို မလိုအပ်တော့ဘူး ရှင်းပြကာ ရောင်းချပစ်လိုက်၏။ အိမ်တိုင်တွေ ဝါးတွေ ထရံ အကုန် ရောင်းချပစ်လိုက်သည်။ အိုးခွက်ပန်းကန်နှင့် အဝတ်အထ သား၏ ကျောင်းစာအုပ် စသည့်ပစ္စည်းများကို လှေပေါ်မှာ စနစ်တ တင်လိုက်သည်။ အဖေ ဘာလုပ်တော့မည်ဆိုတာ ညီမလေး သော်လည်း သား သိသည်။





"ကျွန်မတို့ ဘယ်ပြောင်းမလို့လဲ"

အမေကမေးတော့ အဖေက စဉ်းစဉ်းစားစား မျက်လုံးဖြင့် အမေ့ကိုတစ်လှည့် သားကိုတစ်လှည့် ကြည့်၏။

"မြစ်ကမ်းပါး ရွာတစ်ရွာပေါ့။ အခြေအနေအရပေါ့"

သားသည် လိုက်ခနဲ ဝမ်းသာသွားသည်။

တစ်ခုသော အရုဏ်တက် နံနက်ခင်းတစ်ခုတွင် အဖေ၏ လှေသည် နေရာဟောင်းမှ အပြီးတိုင်ခွာခဲ့၏။ မြစ်ကမ်းပါးသည် အိမ်အို အိမ်ဟောင်းများ ရှင်းလင်းသွားသောကြောင့် လှပသာယာနေသည်။ ဆိုက်ကပ်ထားသည့် လှေကြီး လှေငယ်များ၊ သင်္ဘောကြီးများမှာ သက်ဝင်လှုပ်ရှားစ ပြုနေပြီ။ စိတ်လက်ပေါ့ပါးနေသော သားသည် အမှောင်မပြယ်တပြယ် အလင်းမှိန် ဖျော့ဖျော့အောက်တွင် တွေ့သမျှ လှေတွေပေါ်က လူများကို အားပါးတရ လက်ဝှေ့ယမ်း နှုတ်ဆက်နေ၏။ သားသည် ရောဝတီကို လက်ပြနှုတ်ဆက်ရမှာ စိုးရွံ့သလောက် လူတွေကို လက်ပြရသည့်အခါ ပျော်ရွှင်တတ်လေသည်။

ကောင်းကင်တွင် တိမ်များ ပြိုစပြုပြီ။ နေ့အလင်းရောင်သည် တိမ်အကွဲ အအက်များကြားမှ ထွက်ပြူစ ပြုလာသည်။ ငှက်ကလေးတချို့ အိပ်တန်းထကာ ပျံဝဲနေပြီ။

လေပြင်းတစ်ချက် ဝှေ့လိုက်သောအခါလှေသည် ရုတ်တရက် လွန့်လူးသွား၏။ သား၏ ကိုယ်မှာ ဆတ်ခနဲ ဖြစ်သွားသည်။ သားကို နောက်မှ လှမ်းကြည့်နေသော အဖေက တက်မကို ကျွမ်းကျင်စွာ ထိန်းချုပ်ရင်းက ပြုံးလေသည်။

"သား ကြောက်သလားကွ"

သားသည် ကြောက်သည်ဟု ဝန်ခံရမှာကို ရှက်သလိုလိုဖြစ်နေသည်။



www.burmeseclassic.com

"ရောဝတီဟာ သားရဲ့သူငယ်ချင်းဖြစ်နေသမျှ မြစ်ကြောင့် သား ဘယ်တော့မှ ဒုက္ခမရောက်နိုင်ဘူး။ မြစ်ကိုသာ ရင်းနှီးပစေ... ကြားလား။ မြစ်ကြောင့် သားဘယ်တော့မှ မသေရဘူး"

သားသည် အားတက်ကာ ခပ်သွက်သွက် ခေါင်းညိတ်၏။

"နောက်ပြီး ရောဝတီမြစ်ကြီးရှိနေသမျှ သားတို့ဘယ်တော့မှ ထမင်းမငတ်စေရဘူးကွ... ကြားလား"

"ဟုတ်ကဲ့"

ခပ်လှမ်းလှမ်းမှာစစ်ကိုင်းတံတားကြီးကို လှမ်းမြင်နေရသည်။

"အဖေ... ညတွေ ညတွေမှာ ကျွန်တော့်ကို မြစ်ရဲ့ပုံပြင်တွေ ပြောပြဦးမှာ မဟုတ်လား"

"ပြောပြမှာပေါ့ကွ"

ခဏ တိတ်ဆိတ်သွားပြီးနောက် အဖေက ခပ်တိုးတိုးစကား ဆက်သည်။

"ဒါပေမယ့် သား... သားကြီးပြင်းလာတဲ့အခါ သားကိုယ် တိုင် ရောဝတီမြစ်ရဲ့ ပုံပြင်သစ်တွေ ဖန်တီးယူရမယ်နော်။ သားကိုယ် တိုင်ပါတဲ့ ပုံပြင်မျိုးပေါ့... ကြားလား"

အဖေ့မျက်နှာသည် တည်ငြိမ်ရင့်ကျက်နေသည်။ သားသည် ထိုကတိကို ရင်ထဲ နှလုံးသားထဲက ပေးလိုက်ခြင်းဖြစ်သည်။ သား၏ သားသမီးများကို သားကိုယ်တိုင် ပြန်ပြောမည့် ဧရာဝတီမြစ်ပုံပြင် များသည် အဖေ ပိုင်ဆိုင်သည့်ပုံပြင် မဖြစ်စေရ။ သားကိုယ်တိုင်ပါဝင် ဖန်တီးခဲ့သည့် ပုံပြင်များသာ ဖြစ်ရပေမည်။

မိမိကိုယ်တိုင်ပါဝင်မည့် ပုံပြင်သစ်တစ်ခုကို တကယ် ဖန်တီးရန် သား၌ ခွန်အားပြည့်ရှိသည်ဟု သား ယုံကြည်သည်။

[၁၉၉၅ခု၊ ဩဂုတ်လ၊ မဟေသီမဂ္ဂဇင်း]

# မြစ်တစ်စင်း၏ ဟာမိုနီ

ရှုးရှသော နေရောင်ခြည်၏ဒဏ်ကြောင့် ကျွန်တော် အိပ်ရာမှ ရုတ်တရက် လန့်နိုးလာသောအခါ နေတော်တော် မြင့်နေပြီ။ ထူးဆန်းစွာပင် တစ်အိမ်လုံး ငြိမ်သက်နေ၏။ မည်သည့် ဂီတသံမှ မကြားရပါ။ ဦးခေါင်းတစ်ခုလုံး အုံခဲနေသော ဝေဒနာကြောင့် ကျွန်တော် မျက်စိပြန်မှိတ်ပစ်လိုက်ရ၏။

ကျွန်တော် ဘာတွေဖြစ်ခဲ့ပါသလဲ...။

ညက ကျွန်တော်တို့ နည်းနည်းများသွားကြသည်။

သို့သော် ကိုယ်ပြောသည့်စကားကို ကိုယ်တာဝန်ယူနိုင်သည့်အဆင့်ထက် မလွန်ခဲ့ပါ။ ထို့ပြင် ညက ကျွန်တော်တို့ ဘာတွေ ပြောခဲ့သလဲဆိုတာကိုပါ ပြန်လည် မှတ်မိနေသည်။ ဒါဖြင့် ကျွန်တော် အလွန်အကျွံ မူးခြင်းမဟုတ်တာ သေချာပါသည်။

သာမန်အားဖြင့်တော့ သုံးယောက် တစ်ခါတည်းရဲ့ ဆုံမိလျှင် အရက်ဝိုင်းမှာ ဘာတွေပြောကြမလဲဆိုသည့်ကိစ္စက မလွန်ရိုးစင်း၏။

ဥဏ္ဏရလမင်း

www.burmeseclassic.com



ကျွန်တော်တို့သည် အမျိုးအစားတူညီသော စကားများကိုသာ ထပ်ခါတလဲလဲ ပြောတတ်ကြသည်။ ကိုယ် နေ့စဉ် ကြုံတွေ့ရသည့် ဘဝထဲမှ စိတ်ခံစားချက်များကို အချင်းချင်း မျှဝေခံစားကြသည့် သဘောမျိုးသာ ဖြစ်သည်။ တိရစ္ဆာန် ဆေးကုဆရာဝန်ဖြစ်သော ကျွန်တော်က ကျွန်တော် ကုသပေးရသည့် ဆင်များ၊ လားများ၊ ကျွဲများအကြောင်း၊ ကျွန်တော့်ကို ပညာပြန်လည် သင်ကြားပေးသည့် လုပ်သက်ရင့်၍ ကျွမ်းကျင်သော ဆင်အုပ်ကြီး တစ်ယောက်အကြောင်း၊ ကျွန်တော်နှင့် အလွန်ရင်းနှီး နေပြီဖြစ်သော ဆင်ခေါင်းများနှင့် ဆင်ဦးစီးများ အကြောင်းစသည်ဖြင့် သူတို့ကိုပြောပြသည့်အခါ သူတို့နှစ်ယောက်လုံး တောအကြောင်းကို စိတ်ပါဝင်စားစွာ နားထောင်ကြ၏။ ကျွန်တော့် ဘာသာရပ်က လက်တွေ့ကျပြီး မြို့နှင့် အလှမ်းဝေးကွာသော တစ်နေရာမှ ခွန်အား အကြောင်းဖြစ်ရာ သူတို့၏ ဘာသာရပ်တွေထက် ပို၍ စိတ်ဝင်စားဖို့ ကောင်းသည်ဟု ကျွန်တော်ထင်သည်။ တစ်ခါတစ်ရံ ကျွန်တော်ပြောနေရင်း ပန်းချီဆရာက လုပြောချင်ပြောတတ်မည်။ ဒါက ပြဿနာ မဟုတ်ပါ။ ထိုတစ်ကြိမ် ကျွန်တော့်စကားပြတ်သွားပေမည့် ကျွန်တော် တို့သုံးယောက် ဘာစကားမှ မပြောဖြစ်ဘဲ ငြိမ်သက်သွားကြသည့် အကြိမ်များလည်း ရှိသေးသည် မဟုတ်လား။ ဤအခါမျိုးတွင် ကျွန်တော့်စကားကို အချိန်မရွေး ပြန်ဆက်နိုင်သေးသည်။

ပန်းချီဆရာသည် လူအများ နားမလည်သည့် ပန်းချီများကို ဆွဲရင်း လူတွေကို စိတ်ဆိုးနေသူ တစ်ယောက်ဖြစ်သည်။ သူ အလုပ်လုပ်နေစဉ် လူတွေနှင့်ဝေးဖို့ ပို၍လိုအပ်သည်ဟု ဆိုကာ အိမ်ပေါ်ထပ်ကို သူသိမ်းပိုက်ထား၏။ ဒါကလည်း ပြဿနာမဟုတ်ပါ။ အလွန်ကြီးမား လေးလံသော စန္ဒရားကြီးတစ်လုံးကို အိမ်ပေါ်တင်ဖို့ ပျင်းရိ





...သော စန္ဒရားဆရာသည် အိမ်အောက်ထပ်မှာပင် နှစ်သက်...သောကျစွာ နေထိုင်သည်။ သူတို့နှစ်ယောက် အပေးအယူမျှသည့်...သောပင် ဖြစ်သည်။ သို့သော် ပြဿနာက ကျွန်တော် တစ်ခါတစ်ရံ...လာသည့်အခါ ကျွန်တော်က မည်သည့်အထပ်တွင် နေထိုင်...း မသိခြင်းပင် ဖြစ်၏။ တကယ်တော့ ဤအိမ်သည် ကျွန်တော့်...များ ထားခဲ့သည့် အမွေဖြစ်သည်။ သို့သော် ကျွန်တော်၏ အလုပ်... ဝေးလံလှသော တောဘက်တွင်ရှိသောကြောင့် ကျွန်တော်၏...ယ်ချင်းများကို ခေတ္တနေထိုင်စေခဲ့သည်။ ယခုတော့ ကျွန်တော်...ိုစရာနေရာ ပျောက်ပြီ။ သူတို့နှစ်ယောက်လုံးသည် အိမ်ပိုင်ရှင်မှာ...ဆော်ဖြစ်သည်ဟု မေ့နေသလားမသိ။ ကျွန်တော် တစ်ခါတလေ...က်လာ၍ သူတို့ အနည်းငယ်မျှ ဂရုတစိုက် ဧည့်ဝတ်ပြုဖော်...ချေ။ "ခင်ဗျား ကျွန်တော့်အနားမှာ နေပေါ့..."ဟု နှစ်ယောက်လုံး... ခပ်ပေါ့ပေါ့ ပြောသည်။

စန္ဒရားဆရာ နေထိုင်ရာ အောက်ထပ်မှာနေလျှင် ကျွန်တော်...သည အိပ်ရေးဝမှာ မဟုတ်။ သူသည် ညနက်သန်းခေါင် စန္ဒရား...တီးချင်တီးတတ်သည်။ စန္ဒရားသောက စားပွဲခုံတွင် လည်းကောင်း၊ ...န္ဒရားပေါ်တွင်လည်းကောင်း၊ သူ့အိပ်ရာပေါ်တွင် လည်းကောင်း၊ ...ိုးသည်က ဧည့်ခန်းစားပွဲတွင် လည်းကောင်း၊ သူ့ဂီတမှတ်စု...ရွက်များ ပွရှုပ်လျက်လည်း ရှိသေးသည်။ တစ်ခါတစ်ရံ သူ့နုတ်စ်...ားကို လေဖြင့် လွင့်ပါ၍ ပျောက်သွားမှာစိုးသည်က တစ်ကြောင်း၊ ...ိပ်စရာ နေရာမရှိ၍ တစ်ကြောင်း၊ ကျွန်တော် စုစည်းသိမ်းဆည်း...းလိုက်သဖြင့် သူ့စာရွက်တစ်ခုခု ရှာမရတော့လျှင် သူ ဒေါသ...သွားတန်း ဖြစ်နေတတ်သည်။ ကျွန်တော် သိရသလောက်တော့ ...ချင်းတစ်ပုဒ်ကိုမျှ သူတီးမပြဖူးသေးပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဂုဏ်မြင့်သူ…တို့၊ မြတ်နိုးသူ…တို့ တီးစမ်းပါဗျာ…" အရက်ကလေး တွေတွေနှင့် ကျွန်တော်က လွမ်းချင်စိတ် ပေါက် ပြောဖူး၏။

"ဘာဗျ…"

သူက သီချင်းခေါင်းစဉ်များကို စဉ်းစားသလို ခဏငြိမ်သ သွားပြီးမှ ခေါင်းရမ်း၏။

"မတီးတတ်ဘူးဗျ…"

ကျွန်တော် သူ့ကို လက်ညှိုးထိုး၍ ခွက်ထိုးခွက်လန် ရယ် သည်။ သည်လိုဆိုပြန်တော့ သူက ပြုံးပြုံးပဲ။

"ဒီလောက်နှစ်တွေ အကြာကြီး ကျွန်တော် ဘာတွေလျှ နေသလဲ… လို့ ခင်ဗျား မေးချင်နေတယ် မဟုတ်လား… ဟော မှာ… ကြည့်"

သူသည် ကျွန်တော်မသိသော တေးသွားများကို တစ်မျိုး တစ်မျိုး မရပ်မနားတီးပြခဲ့သည်။ ပန်းချီဆရာက ပြောလို့သာ ချို ကော့စကီးတို့၊ဘရမ်းတို့ မိုးဇတ်တို့ကို ကျွန်တော် သိရသည်။ စန္ဒရ ဆရာက ဟောဒါက ဗီသိုဗင်ရဲ့ လရောင် တေးသွား… ဘာညာ ကျွန်တော့်ကို ပြောမပြခဲ့ပေ။ ထို့ကြောင့်လည်း သူတီးနေသည့်မှ စစ်သားတွေ၏ ခြေသံလား၊ ငှက်များ၏ အကလား၊ ကျွန်တော် ခွဲခြားပြီးမသိခဲ့။ သူတီထွင်ထားသည်ဆိုသော ဂီတများကိုလည်း ကျွန်တော် ကောင်းစွာ မကျေညက်ခဲ့။ တစ်ခါတစ်ရံ ကျွန်တော့် အိပ်မောကျအောင် ချော့သိပ်သလို နူးညံ့ချိုမြသော သူ့ဂီတသ တစ်ခါတစ်ရံ ကျွန်တော်အိပ်ရာမှ လန့်နိုးအောင် ဆူညံကြမ်းတမ်း ခြောက်လှန့်တတ်သေး၏။





အပေါ်ထပ်သို့ တက်မည်ဆိုတော့လည်း ပန်းချီဆရာ၏ နေရာက စန္ဒရားဆရာ၏ နေရာထက်ပင် ပို၍ရှုပ်ပွသေး၏။ ပစ်ထားဟန်ရှိသော ဘောင်အဟောင်းများ၊ သစ်သား အကျိုးအပဲ့များ၊ စုတ်တံအဟောင်းများ၊ ဆေးဘူးအခွံများ၊ ကင်းဗတ်စ် အပြဲများ၊ စာရွက်များ၊ ကြမ်းပြင်မှာ ဆေးမှောက်ကျဟန်ဖြင့် ကွက်နေသော နေရာများ၊ ပန်းချီထောက်ခုံ အကျိုးများ၊ ကြမ်းပြင်ပေါ်မှာ ပက်လက်တစ်မျိုး၊ ထောင်လျက်တစ်မျိုး ချထားတတ်သည့် ပန်းချီကားများ၊ အားလုံးသည် စနစ်တကျမရှိဘဲ ရှုပ်ထွေးနေသည်။ သို့သော် စန္ဒရားဆရာလိုတော့ သူ့ခုတင်က ရှုပ်ပွမနေ၊ အိပ်၍ဖြစ်အောင် ရှင်းသေး၏။ ထို့ကြောင့် သူပန်းချီ ကားရှေ့တွင် ထိုင်နေသည်ကို အခွင့်ကောင်းယူက ကျွန်တော် အောက်ထပ်မှပြေးလာပြီး သူ့အိပ်ရာမှာ ဝင်အိပ်ရသော ညများလည်း မနည်းတော့ပါ။

သို့သော် ကျွန်တော်တို့ တစ်ယောက်ကို တစ်ယောက် ကျေနပ်ကြပါသည်။ သူတို့နှစ်ယောက်က အနုပညာ ဦးတည်ချက်တူလို့လား၊ သို့မဟုတ် ရူးသွပ်မှု တူလို့လားမသိ၊ တစ်ယောက်ကို တစ်ယောက် ပို၍စည်းလုံးကြသည်။ သူတို့ စကားတွေက ဦးနှောက်ခြောက်စရာ ကောင်းသည်။ နားထောင်ကြည့်ပါ။

"ကောင်းကင်မှာ ရွှေလျားနေတဲ့ တိမ်မျှင်တန်းကလေး တစ်ခုရဲ့အသံကို ကျွန်တော် ဂီတအဖြစ် ဖန်တီးမလို့…"

"ဟုတ်လား…ဒါဆို ခင်ဗျား လက်အဆ သိပ်လိုမယ်နော် … ခလုတ်ကလေးတွေကို ထိတယ်ဆိုရုံကလေးထိမှ ဖြစ်မှာပေါ့။ အေးလေ…ဒါကလည်း လေတိုက်ခတ်တဲ့ အရှိန်နဲ့ပဲ ဆိုင်ပါတယ်လေ…"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမျိုးတွင် ကျွန်တော်ကတော့ အရက်ကိုသာဖိ သောက်နေရ၏။

"ညတုန်းက ငှက်တစ်ကောင်ရဲ့ဘဝဆိုပြီး ကျွန်တော်ပန်းချီကားတစ်ချပ် ဆွဲပြီးသွားပြီဗျ... ငှက်ရဲ့ လွတ်လပ်မှုနဲ့အတူ ငှက်ရဲ့ အန္တရာယ်နဲ့ စိုးရိမ်မှုကိုပါအောင် တတ်နိုင်သလောက်တော့ ဆွဲတာပဲ..."

"ဟုတ်လား... ရေးပြီးပြီးဆိုရင် အောက်ထပ်ယူခဲ့ပါဗျာ..."

"မယူဘူး...ခင်ဗျားစိတ်ဝင်စားရင် အပေါ်လိုက် ကြည့်ပေါ့ဗျ..."

သူတို့နှစ်ယောက် ခပ်တိုးတိုးရယ်ကြသည်။

"သူ့အတောင်ပံတွေနဲ့ လေကိုခွင်းလိုက်တဲ့ အင်အားရောပါပါ့မလား..."

"ခင်ဗျား လိုက်ကြည့်လေ..."

သူတို့နှစ်ယောက် အပေါ်တက်သွား၏။ ကျွန်တော် ခေါင်းရမ်းခါလျက် ကျန်ခဲ့သည်။ တစ်ညလုံး ပန်းချီဆရာ ရေးဆွဲနေသော ပန်းချီကားကို သူ့နောက်မှ အချိန်ကြာကြာရပ်၍ ကျွန်တော် ကြည့်ပြီးပါပြီ။ ကျွန်တော် သိရသလောက်တော့ သူ့ကားထဲတွင် ငှက်တစ်ကောင်မျှ မပါဝင်ပါ။ ငှက်ကို ကိုယ်စားပြုမည့် ငှက်မွေးကလေးတစ်ချောင်းသော်မှ ကျွန်တော် မမြင်ခဲ့မိပါ။ သူတို့နှစ်ယောက် ပြန်ဆင်းလာသောအခါ သူတို့မျက်လုံးများကို ကျွန်တော် အကဲခတ်ကြည့်မိသည်။ ပန်းချီဆရာ အနည်းငယ် စိတ်ကသိကအောင့်ဖြစ်နေဟန် ရှိ၏။





"အေးဗျာ ... ခင်ဗျားပြောတာမှန်တယ်။ လွတ်လပ်မှု ားချက်ကို ကျွန်တော် အပီအပြင်မထည့်နိုင်ခဲ့ဘူး... အမှန်က မ်းရောင် နဲနဲလျှော့ပြီး အဝါများများရေးမှ ပိုပီပြင်မယ်... အေးလေ ာက်တစ်ကြိမ်ပေါ့... ကျေးဇူးပဲဗျာ..."

ထိုအခါမျိုးတွင် ကျွန်တော်ကတော့ အရက်ကိုသာ သောက် နေခဲ့ပါသည်။

သည့်နောက်တွင် ကျွန်တော် ချင်းတွင်းအထက်ပိုင်း တော ာထဲသို့ တစ်နှစ်နီးပါးကြာအောင် သွားနေခဲ့ရသဖြင့် သူတို့ ်ယောက်နှင့် အတော်ကြာကြာ ဝေးသွားခဲ့သည်။ လွန်ခဲ့သော စ်ပတ်ကမှ ကျွန်တော် ပြန်ရောက်၏။

ညကတော့ ကျွန်တော်ပြန်သွားဦးမည့် အထိမ်းအမှတ်ဖြင့် ည်းကောင်း၊ သူ့ပန်းချီကားတစ်ချပ် ရောင်းရငွေ သောင်းဂဏန်း ရလိုက်သော အထိမ်းအမှတ်ဖြင့်လည်းကောင်း အရက်ဝိုင်းကို ပန်းချီ ဆရာက စီစဉ်ခဲ့သည်။

ညက ကျွန်တော်တို့ နည်းနည်း များသွားကြသည်။

* * *

ိုညက ကျွန်တော် ဆင်တွေအကြောင်း ပြောခွင့်မရခဲ့။ ပန်းချီဆရာ လည်း ရောင်းစွံသွားသည့် ပန်းချီကားများ အကြောင်း ပြောခွင့်မရခဲ့။ န္တရားဆရာက သူဖန်တီးပြီးစီးသွားသော ဂီတအကြောင်း ပြောလိုက် သောကြောင့်ဖြစ်သည်။

" River Music... တဲ့။ မြစ်ရဲ့ဂီတပေါ့ဗျာ..."

ထိုဂီတကိုရဖို့ သူလပေါင်းများစွာ ဒိတ်ရှည်လက်ရှည် ကြိုးစား ဖန်တီးခဲ့ရသည်ဟု သူဆိုပါသည်။ လောကမှာရှိသမျှ အရာရာ တိုင်းရဲ့ အနှစ်သာရကို ဂီတနဲ့ ဖန်တီးဖော်ပြလို့ရတယ်... ဟူသည့်



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကို ကျွန်တော် သိပ်နားမလည်သော်လည်း မြစ်၏ဂီတ တော့ ကျွန်တော် ကြားယောင်ခံစားကြည့်ဖို့ မခက်ခဲလှဟု ထင်သည် ပြောရလျှင်တော့ မြစ်အကြောင်းကို သူ့ထက်ပို၍ ကျွန်တော် သိပါလိမ့်မည်။ သို့သော် သူ့စကားများက အလွန်စိတ်ဝင်စား ကောင်းသည်။

"မြစ်မှာ ကြိုးတွေရှိတယ်။ အဲဒီကြိုးတွေကို ကျွန်တော် မမြင်ရဘူး။ ဒါပေမယ့် ကြိုးတွေထိခတ်လို့ ပေါ်လာတဲ့ အသံကိုတော့ ကြားနိုင်တယ်။ မြစ်တစ်စင်းရဲ့အသံကို အာရုံစိုက် နားထောင်ပြီးခံစား တတ်ရင် မြစ်ရဲ့ဂီတကို ကျွန်တော်တို့ဖန်တီးနိုင်တာပဲဗျ။ မြစ်ရဲ့အသံ နဲ့ ပင်လယ်ရဲ့အသံနဲ့ မတူဘူးဆိုတာ လောက်တော့ ခင်ဗျားတို့သိမှာ ပေါ့..."

ပင်လယ်အကြောင်းတော့ ကျွန်တော် မသိပါ။ ကျွန်တော် သိသလောက်တော့ စန္ဒရားဆရာသည်လည်း ပင်လယ်ပြင်ကို ပွဲထောင်တစ်စီးဖြင့် ဖြတ်သန်းသွားဖူးသည်ဟု မထင်ပါ။ သူသိသော် ပင်လယ်သည် ပေလီမှသော်လည်းကောင်း၊ စက်စဲမှသော် လည်းကောင်း၊ မောင်းမကန်မှသော်လည်းကောင်း ခပ်ဝေးဝေးမှ ချဉ်းကပ်လေ့လာရသော မသဲမကွဲ ပင်လယ်သာ ဖြစ်ပါလိမ့်မည်။ သို့သော် ကျွန်တော်နှင့် ပန်းချီဆရာ စိတ်ပါဝင်စားစွာ စကား ထောက်လိုက်ကြသည်။

"ပြောစမ်းပါဦးဗျ... ဘာတွေမတူသလဲ ဆိုတာ..."

"မြစ်မှာ တစ်ဘက်တစ်ချက်မှာ ကမ်းပါးတွေရှိတယ် ဗျ...ကမ်းပါးတွေဆီကနေ ပြန်လာတဲ့ ပဲ့တင်သံကိုပါ ကျွန်တော်တို့ ကြားရတယ်။ ပင်လယ်ဆိုတာတော့ ကျယ်ပြန့်လွန်းတယ်၊ ပင်လယ်ရဲ့ အသံက အတားအဆီးမရှိ လွတ်လပ်နေတယ်... ပျံ့လွင့်နေတယ်။





ပင်လယ်လှိုင်းက ကျောက်ဆောင်ကို တိုက်တဲ့ရေသံနဲ့ မြစ်က စီးဆင်း ရင်း ကမ်းပါးကို ပွတ်တိုက်သွားတဲ့အသံက မတူဘူးဗျ။ မြစ်ရဲ့ အသံက စဉ်ဆက်မပြတ် အလျင်ဆိုတာရှိတယ်။ ပင်လယ်လှိုင်းလို တစ်ချက်ချင်း ဆောင့်တိုးတဲ့ ရိုက်ချက်မရှိဘူး..."

"ဒီတော့..."

"ဒီတော့အသံရဲ့ပါစပက်တစ်ဗ် အနီးအဝေး အတိုးအကျယ် ခြားနားမှုက နည်းတာပေါ့။ ကျွန်တော့်ရဲ့နုတ်စ်တွေကို စတက်ကက် တိုတွေလျှော့ပြီး လက်ဂတ်တိုတွေများပြီး တီးရတယ်..."

ကျွန်တော်နှင့် ပန်းချီဆရာ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြ၏။ ဤနေရာတွင်တော့ ပန်းချီဆရာနှင့်ကျွန်တော် ဂီတနှင့် ဝေးကွာပုံချင်း တူနေမည်ဟု ထင်သောကြောင့် ကျွန်တော် စိတ်သက်သာရာ ရသွားသည်။

"ခင်ဗျားတို့ နားလည်အောင်ပြောရရင် နုတ်စ်တွေကတို တယ်။ နုတ်စ် တစ်ခုနဲ့တစ်ခုကြားမှာ နေရာချန်ထားတယ်၊ ဆတ်ခနဲ တီးပြီး ခဏငြိမ်တဲ့သဘောပေါ့ဗျာ။ အဲဒါကို စတက်ကက်တိုလို့ခေါ် တယ်ဗျ၊ လက်ဂက်တိုဆိုတာကတော့ တစ်ခုနဲ့တစ်ခု ဆက်ပြီးနွယ်ယှ သွားတာပေါ့ဗျာ။ နုတ်စ် တစ်ခုနဲ့တစ်ခုကြားမှာ ပြတ်မနေဘူးပေါ့။ ဒီသိုဗင်ရဲ့ မွန်းလိုက်ဆိုနာတာမှာ"

ကျွန်တော်တို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်မိပြန်၏။ သည်တစ်ကြိမ်မှာ ကျွန်တော် အနည်းငယ်ပင် ပြုံးမိသေး၏။ စန္ဒရားဆရာက ကျွန်တော်တို့နှစ်ယောက်ကို လုံးဝ ဂရုမစိုက်မိဟန်ဖြင့် ဆက်ပြောနေသည်။

"မွန်းလိုက်ဆိုနာတာမှာ အဲဒီနှစ်မျိုးလုံး သူ့နေရာနဲ့သူသုံး သွားတယ်... ကျွန်တော်ကတော့ လက်ဂက်တိုကို များများသုံးသွား



www.burmeseclassic.com

www.burmeseclassic.com



မယ်... မြစ်ရဲ့အလျင်ကို ခံစားဖို့ပေါ့ဗျာ... မြစ်ဆိုတာ အဖျားပိုင်းမှာ သာ ရေစီးမြန်တတ်ပြီး အလယ်ပိုင်းနဲ့ အောက်ပိုင်းမှာ ငြိမ်သက်ပြီး အပြန့်ကျယ်သွားတယ် မဟုတ်လား၊ အလျင်ဟာမပြောင်းမလဲ... တစ်ဆက်တည်း ဖြစ်သွားတယ်လေ..."

ကျွန်တော် သူ့ကို စကားမဖြတ်ဘဲ မနေနိုင်တော့ပါ။

"ဒါနဲ့... နေစမ်းပါဦး။ ခင်ဗျားရဲ့မြစ်က ဘာမြစ်တုန်းဗျ..."

စန္ဒရားဆရာက ကျွန်တော့်ကို ဆတ်ခနဲလှည့်ကြည့်သည်။

"အဲဒီမေးခွန်း မမေးနဲ့လေဗျာ... မြစ်ဆိုတာ မြစ်ပဲပေါ့ဗျာ မြစ်ရဲ့အင်္ဂါတွေ အကုန်ပါတဲ့ ယေဘုယျသဘောနဲ့မြစ် တစ်စင်းပေါ့ ဗျာ..."

"ဒါပေမယ့် ကျွန်တော့်အတွေ့အကြုံအရ ပြောရရင်တော့ မြစ်တစ်ခုနဲ့တစ်ခု မတူဘူးဗျ။ ခင်ဗျားပြောတဲ့ မြစ်ရဲ့ဂီတကို ကျွန်တော် သိပ်မသိဘူး။ ဒါပေမယ့် မြစ်ရဲ့ အသံကိုတော့ ကျွန်တော်သိတယ်။ မြစ်ရဲ့ရေစီးအရှိန်ကို ကျွန်တော်သိတယ်။ ရွှေလီရဲ့သဘာဝနဲ့ ချင်းတွင်းရဲ့ သဘာဝ နည်းနည်းကွဲတယ်။ ရေဝတီရဲ့ သဘာဝနဲ့ နည်းနည်းကွဲတယ်။ သူတို့ အသံတွေ သိပ်မတူဘူး။ နောက်ပြီး ခင်ဗျားတို့အနုပညာမှာ ပိုပြီးတော့ သီးခြားသတ်မှတ်မှု လိုဦးမယ် မဟုတ်လား..."

ထိုအချိန်တွင် ပန်းချီဆရာက အနည်းငယ် လှုပ်ရှားလာ၏။

"မြစ်ဆိုတာကိုက သီးခြားသတ်မှတ်မှုပေါ့ဗျာ... ရေရဲ့ စီးဆင်းလှုပ်ရှားမှု ယေဘုယျ သဘာဝချင်း အတူတူမှာ မြစ်ဆိုတာ သီးခြားပဲ။ မြစ်ဟာ ရေတံခွန်မဟုတ်ဘူး။ မြစ်ဟာ ပင်လယ်မဟုတ် ဘူး။ မြစ်ဟာ အင်းအိုင်ကလေးတွေ မဟုတ်ဘူး။ မြစ်ဟာ ကန် မဟုတ်ဘူး... မြစ်ဟာ မြစ်ပဲပေါ့ဗျာ..."





ကျွန်တော် ဘာဆက်ပြောရမှန်းမသိ၍ ငြိမ်သက်သွားပါသည်။ သို့သော် ကျွန်တော် သူတို့ကို ပြောစရာတွေ အများကြီးကျန်သေးသည်။

ထို့နောက် စန္ဒရားဆရာက ကျွန်တော်တို့အား သူ့ဂီတကို တီးခတ်ပြသည်။

အာရုံခံစားမှု ပါးလျားသူသည်သာ ဂီတကို အပြည့်အဝ ခံစား နားလည်နိုင်မည်ဟု စန္ဒရားဆရာက ပြောဖူးသည်။ ကျွန်တော့် အာရုံခံစားမှု ထူပိန်းဟန်ရှိသည်ဟု ကျွန်တော့်ဘာသာ ကျွန်တော် အားငယ် လက်လျှော့ထားခဲ့ဖူး၏။ သို့သော် စန္ဒရားဆရာ ထိုညက တီးပြသော ဂီတသည် သူတီးသမျှထဲတွင် ကျွန်တော် စိတ်အဝင်စား ဆုံး၊ နားအလည်ဆုံး၊ ခံစားထိခိုက်ရဆုံး ဂီတဖြစ်သည်။ အကြောင်း မှာ သူ့တေးသွား၏ အသံရောနှော ပေါင်းစည်းမှု ညီညွတ်မျှတမှုများ တွင် ကျွန်တော် ကောင်းကောင်းသိပြီးသော မြစ်၏ အသံများကို ကျွန်တော် ပြန်လည်ကြားယောင် နိုင်သောကြောင့် ဖြစ်သည်။

"ဟောဒါက မြစ်ရဲ့ မွေးဖွားရာအစ ဦးဖျားပိုင်း..."

သူ့တီးကွက်များသည် အသံအမြင့်မှအနိမ့်၊ အနိမ့်မှအမြင့် သို့ ခပ်မြန်မြန် ဆက်သွယ်လျက် ရှိသည်။ မြစ်ရေသည် အမြင့် တစ်နေရာမှ စီးဆင်းဖို့အရှိန် ယူလျက်ရှိသည်။

"ဟောဒါက ကျောက်တုံး ကျောက်ဆောင်တွေကို ဖြတ်စီး ရတဲ့ ရေတံခွန်အပိုင်း..."

အသံသည် အလုံးအရင်းဖြင့် တုတ်ကာ မြိုင်ဆိုင်လျက်ရှိ သည်။ အသံအတိုးအကျယ် ခြားနားမှုသည် မြစ်ဖျားပိုင်း အစဉ်က ထက် လျှော့သွား၏။ ကျွန်တော့် အာရုံထဲတွင်တော့ ရေတံခွန်ထဲသို့ ခက်ခဲစွာတိုးဝင်ပြီး သစ်လုံးကြီးများကို မြစ်ထဲသို့ အရှိန်ဖြင့် ထိုးချ

www.burmeseclassic.com



လိုက်ကာ နောက်ဆုတ်လာသည့် ကျွမ်းကျင်သော ဆင်ကြီးတစ်ကောင်၏ လှုပ်ရှားမှုကို မြင်ယောင်လာသည်။ ရေတံခွန်၏ အာဏာနှင့်အင်အားကို ခက်ခက်ခဲခဲ ရင်ဆိုင်ပြီးမှ ကျော်လွှန်၍ အောင်နိုင်လိုက်သော ဆင်ဦးစီးနှင့် ဆင်၏ခွန်အား...။ ထိုအားပြိုင်မှုကို သတိရသွားသောအခါ သူတီးပြနေသည့် ရေတံခွန်အပိုင်းသည် အနည်းငယ်အားပျော့နေသည်ဟု ထင်မိသည်။

"ဟောဒါ မြစ်ရဲ့ အကွေ့အကောက်များတဲ့အပိုင်း"

ဂီတသည် တွဲလုံးများဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ဝေ့ဝိုက်နွဲ့နှောင်းကာ တီးကွက်များ ထပ်ခါထပ်ခါ ပေါ်ထွက်လာသည်။ ခဏကြာတော့ မထိတထိ တို့ထိလှုပ်ခတ်ရာမှ ပေါ်ပေါက်လာသော တိုးတိတ်သည့် အသံ၊ သို့သော် ခဏကြာတော့ မြိုင်ဆိုင်သော တီးကွက်ထဲသို့ ထပ်ခါထပ်ခါ ဝေ့ဝိုက်သွားပြန်၏။ ထိုအခါ ကျွန်တော့်အာရုံသည် သစ်တောကွက် တစ်နေရာသို့ရောက်သွားသည်။ မျှောဆိပ်မှာ သစ်လုံးများကို ရေထဲသို့ ချနေကြသော အလုပ်သမားများ၏ အော်ဟစ် အားပေးသံများကိုပင် လွှမ်းမိုးသွားသည့် ရွှေလီမြစ်၏ ပြင်းထန် မြန်ဆန်လှ သောရေစီးသံကို ကျွန်တော် ပြန်ကြားယောင်လာသည်။ အဲဒီ ရေစီးသံမျိုးကို စန္ဒရားဆရာ ကြားဖူးပါသလား။

"ဟောဒါက မြစ်ရဲ့အပြန့်ကျယ်ကျယ်... နုန်းချတဲ့ အပိုင်းဗျ..."

တီးကွက်များက လေးတွဲ့ကာ နှုးညံ့လာသည်။ ရွက်ဖွင့်၍ လေဖြင့် တရွေ့ရွေ့ လိုက်ပါသွားသော လှေကလေးများ၏ ဘဝသည် သစ်ဖောင်သမားများ၏ ဘဝထက် ညင်သာ ငြိမ်းချမ်းကြသည်။ ကမ်းပါးသည် မြစ်အထက်ပိုင်းလို 'မမြင့်မားဘဲ နိမ့်နိမ့်ကလေးသာဖြစ်၍ မြစ်ရေစီးသံသည် ပို၍ တိုးတိတ်လာသည်။ စန္ဒရားဆရာသည်





သူ့လက်များနှင့်အတူ ဦးခေါင်းက ငြင်သာစွာ လှုပ်ရမ်းလိုက်ပါ၍ ခုံးရှုးစိုက်စိုက် တီးခတ်လျက်ရှိသည်။ ကျွန်တော်သည် တံငါလှေများ၊ ငါးဖမ်းပိုက်ကွန်များကို မြင်ယောင်လျက် ငါးမီးကင်နံ့ မွှေးမွှေးကို ဘမ်းတ အာရုံခံလျက် ပုလင်းမှလက်ကျန်ကို ဖြိုပစ်ဖို့ စိတ်ကူးနေခဲ့မိသောကြောင့် သူ့ဂီတ ပြီးဆုံးသွားသည်ကို မသိလိုက်ပေ။

ပန်းချီဆရာ၏ လက်ခုပ်သံကိုကြားမှ ကျွန်တော် မတ်တတ်ထြိုးစားရပ်၍ စန္ဒရားဆရာ၏ ပခုံးကို ခပ်ပြင်းပြင်း တစ်ချက်ပုတ်လိုက်မိသည်။

"ဘယ်နှယ်လဲ...ဆင်ဆရာဝန်...၊ မြစ်ရဲ့ဂီတသံကို ခင်ဗျားကြားတတ်ရဲ့လား..."

ကျွန်တော့်ကို ခပ်ပြုံးပြုံးမော့ကြည့်ပြီး သူကမေးတော့ ကျွန်တော် အားနာပါးနာ ပြုံးမိ၏။

"အေးဗျ... ကြားရပါတယ်။ ဒါနဲ့ စကားမစပ်၊ ခင်ဗျားမြစ်ပြင်တစ်ခုပေါ်မှာ ဘယ်နှစ်ရက်လောက် အချိန်ပေးပြီး ဖြတ်သန်းဖူးလဲ..."

"ကျွန်တော် တစ်ဖက်ကမ်းကို လှေနဲ့သွားဖူးတယ်။ မြစ်ဝကျွန်းပေါ်ကို မော်တော်နဲ့သွားဖူးတယ်။ ပခုက္ကူကနေ ညောင်ဦးကို မော်တော်နဲ့သွားဖူးတယ်"

"ဒါပဲလား..."

သူပခုံးတွန့်ပြ၏။

"ဒါကြောင့် ခင်ဗျားရဲ့ဂီတ မပြည့်စုံတာပေါ့..."

"ဘာပြောတယ်... ခင်ဗျားက... ခင်ဗျားလို တိရစ္ဆာန်ဆရာဝန်က ကျွန်တော့်ဂီတကို မပြည့်စုံဘူးလို့ ပြောတယ်ဟုတ်လား..."



www.burmeseclassic.com

www.burmeseclassic.com



သူ အနည်းငယ် ရယ်မောလိုက်သည့်အခါ ကျွန်တော့် ဖန်ခွက်ကို သူ့စန္ဒရားခုံပေါ်သို့ ဆောင့်ချလိုက်၏။

"ဟုတ်တယ်… ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော် ရင်းနှီးနေကျ၊ ကြားနေကျ မြစ်ရဲ့အသံတွေမှာ ကြောက်စရာကောင်းတဲ့ ခွန်အားတွေပါတယ်။ ဒေါသတွေပါတယ်။ ခင်ဗျားရဲ့ မြစ်က ပျော့စိပျော့ဖတ်ကြီး၊ နတ်သမီးပုံပြင်တွေထဲက အိပ်မက်မြစ်တစ်ခုပဲဖြစ်ရမယ်…"

ထိုစကားကြောင့် သူထိုင်ခုံမှ ဖြည်းညင်းစွာ ထရပ်၏။ ပန်းချီဆရာက ကျွန်တော်တို့နှစ်ယောက်ကြားသို့ ကဗျာကရာ ဝင်ရပ်သည်။ သို့သော် ပန်းချီဆရာ၏ ခပ်ယိုင်ယိုင် ခန္ဓာကိုယ်ကို ကျွန်တော်က တွန်းပစ်လိုက်၏။

"ဒီမယ်… ခင်ဗျားတို့ နှစ်ယောက်လုံး နားထောင်ကြ။ ကျွန်တော်သိတဲ့ မြစ်ရဲ့အသံတွေကို ခင်ဗျားတို့ကိုပြောပြမယ်"

ပထမတော့ စန္ဒရားဆရာက ကျွန်တော့်အင်္ကျီကော်လံကို စုဆုတ်လိုက်သေး၏။ နောက်မှ ပြုံးပြီး ပြန်လွှတ်လိုက်သည်။

နောက်ထပ်ပုလင်း မရှိတော့သောအခါ ကျွန်တော်တို့ သုံးယောက်သည် ဆိုင်သို့ ချီတက်သွားကြ၏။ ကျွန်တော်တို့ ပေါက်မြောက်လာလျှင် လုပ်နေကျအတိုင်း ကျွန်တော်တို့ ပြုလုပ်ကြသည်။ ပန်းချီဆရာက လူရိပ်မြင်တိုင်း လှမ်းဆဲပြီး စန္ဒရားဆရာက တွေ့သမျှ ကျောက်ခဲကို ဘောလုံးကန်သလို လိုက်ကန်ဖို့ ကြိုးစားပြီး ကျွန်တော်ကတော့ ဂုဏ်မြင့်သူသီချင်းနှင့် မြတ်နိုးသူသီချင်းကို ရောနှောစပေါင်းကာ တစ်ပုဒ်ဖြစ်အောင် အော်ဟစ်သီဆိုပြီး လမ်းလျှောက်ကြခြင်းပင် ဖြစ်သည်။





ထိုညက ကံကောင်းစွာပင် ကျွန်တော်သည် အရှည်ကြာဆုံး စကားပြောခွင့်ကို ရခဲ့၏။

"ကျွန်တော် တစ်ခါတုန်းက တောထဲမှာ လူစုကွဲပြီး ရက်စိလည် ကျန်ခဲ့ဖူးတယ်ဗျ။ ကျွန်တော့် အဖော်တွေကတော့ ကျွန်တော် ဆင်ဆေးရုံမှာ ညအိပ်ပြီး ကျန်ခဲ့ပြီလို့ ထင်ကြလို့ လိုက်မရှာဘဲ စိတ်ချ လက်ချ နေခဲ့ကြတယ်။ ဒီသစ်တောက ကျွန်တော် မရောက်ဘူးသေးတဲ့ တောပေါ့။ ဘယ်လောက်အထိ တောထူထပ်သလဲဆိုရင် မော့ကြည့်တဲ့အခါ နေရောင်ကို ကောင်းကောင်း မမြင်ရဘူး။ အရှေ့အနောက် တောင်မြောက်ကို ကျွန်တော် မသိဘူး။ သံလိုက်အိမ်မြှောင်လည်း ကျွန်တော့်မှာ မပါဘူး။ ဆင်ခြေရာကိုလည်း ကျွန်တော် မကောက်တတ်ဘူး။ သစ်ပင်တွေကလည်း တစ်ခုနဲ့တစ်ခု ဆင်တူတွေ။ တောင်ကုန်းနဲ့ ချုံပုတ်တွေကလည်း ဆင်တူတွေ… တောစပ် ရောက်တော့မယ်လို့ အားတက်ပြီး ရှေ့တိုးလိုက်တိုင်း ကျွန်တော် တောထဲကိုပဲ ပြန်ပြန်ရောက်နေတော့တာပေါ့။ ညနေ တုန်းကတော့ သိပ်မပူမိ သေးဘူး။ ညရောက်တဲ့အခါ ကျတော့ ကျွန်တော် တုန်လှုပ်နေပြီပေါ့ဗျာ၊ ကြယ်ရောင်ကိုကြည့်ပြီး ကြယ်တွေရဲ့ အရပ်မျက်နှာနဲ့ လမ်းလျှောက်ဖို့က ကြယ်တွေ မမြင်ရတဲ့ အခြေအနေဗျာ… သစ်တောရဲ့အသံက နေ့မှာမသိသာပေမယ့် ညကျတော့ တော်တော် ခြောက်ခြားစရာကောင်းတယ်ဗျ။ သစ်ရွက်တွေကို တောကောင် နင်းတဲ့အသံ၊ ဟိုးအဝေးမှာ တောကောင်တွေ ဟိန်းတဲ့အသံ၊ သစ်ကိုင်းတွေ လေတိုက်ခံရလို့ အော်ဟစ် ညည်းညူတဲ့ အသံ၊ အိုဗျာ… အမှန်အတိုင်းဝန်ခံရရင် ကျွန်တော် ငိုတောင်ငိုမိတယ် ဗျာ။ ကျွန်တော် သစ်ပင်လဲ မတက်တတ်ဘူးဗျာ။ သစ်ပင်အောက်မှာလဲ မအိပ်ရဲဘူးဗျာ။ ကျောက်ဂူ တွေ့ပြန်တော့ အထဲမှာ တောကောင်နဲ့ တိုးမှာကြောက်လို့ မဝင်ရဲဘူးဗျ…။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအချိန်မှာ ကျွန်တော် ထူးဆန်းတဲ့အသံတစ်ခုကို ကြားရတာပဲ...။ အဲဒါ ဘာသံလို့ထင်လဲ... ရေစီးသံဗျ အဲဒီရေစီးသံ ဟာ ကျောက်ဆောင်စွန်းကကျတဲ့ စိမ့်စမ်းရေ အသံလား၊ ချောင်းရေ အသံလားမသိဘူးပေါ့။ ကျွန်တော် လမ်းလျှောက်ရင်း ကျွန်တော့် ခြေထောက်အောက်မှာ ရေဖြတ်စီးနေသလို အသံတဖြည်းဖြည်း ကျယ် လာတယ်။ ဟိုတုန်းက မြစ်တွေ ချောင်းတွေ အများကြီး သိဖူးပေမယ့် ဒီတစ်ခါ ရေသံလောက် ကျွန်တော့်ကို ဘယ်မြစ်ဘယ်ချောင်းမှမဆွဲ ဆောင်နိုင်ခဲ့ဖူးဘူး။ တစ်ခါမှလဲ ဒီလောက်အထိ ရေစီးသံကို နားမစွင့်ဖူးဘူး။ ဒါဟာ ချင်းတွင်းမြစ်ပဲလို့ သိလိုက်တဲ့အခါ ပျော်သွားတဲ့ခံစား ချက်ကို ခင်ဗျားတို့ နားလည်နိုင်မယ် မထင်ဘူး။ ရေစီးသံဟာ ကျွန်တော့်အတွက် ကယ်တင်ရှင်ပဲ။ မြစ်ကမ်းပါးကို ရောက်ရင် ကျွန်တော် လမ်းသိပြီလေ။ ကျွန်တော့်ကို လမ်းပြပေးမယ့် ရေစီးသံ မဟုတ်လား။ ရေစီးသံရှိရာကို မှန်းပြီး ကျွန်တော် လမ်းလျှောက် နေခဲ့ရတယ်။

"အဲဒီအချိန်မှာ ခင်ဗျား စောစောက ပြောတဲ့ကမ်းပါးပဲ့တင် သံ တင်မကဘူး ဟိုးအဝေးက တောင်တန်းတွေဆီက ပဲ့တင်သံပါ ကျွန်တော်ကြားဖူး လိုက်ရတာပဲ။ ကမ်းပါးပြိုတဲ့ အသံတွေကိုလည်း ကျွန်တော်ကြားရတယ်။ သစ်ပင်တွေကြားထဲက ဖြတ်သန်းသွားတဲ့ လေရဲ့အသံကြောင့် မြစ်ရေစီးသံ ပြောင်းသွားတာကို ကျွန်တော် ခံစားရတယ်။ နေ့အခါမှာ မြစ်ရဲ့အသံကတစ်မျိုး ညအခါမှာမြစ်ရဲ့ အသံကတစ်မျိုးဆိုတာ ကျွန်တော် သိသွားတယ်။ ကမ်းပါးကိုရိုက်တဲ့ ရေမြုပ်ရေပန်း အသံတွေကို နားထောင်ရင်း မြစ်ရဲ့ဦးတည်ရာကို ကျွန်တော် ခန့်မှန်းတတ် သွားတယ်..."

"နောက်ဆုံးတော့ မြစ်ကမ်းပါးကို ကျွန်တော် ရောက်ခဲ့တယ်။ အဲဒီညက တစ်ညလုံး မိုးလင်းတဲ့အထိ မြစ်ကမ်းပါး ချောက်ကမ်း





း:တစ်လျှောက် ကျွန်တော် လမ်းလျှောက်သွားနေခဲ့တယ်။ အဲဒီအချိန် ဟာ မြစ်ကို ကျွန်တော် အသိဆုံးအချိန်ပါပဲ။ တောထဲက သစ်ပင် အသံတွေ၊ တောကောင်တွေ အသံတွေ၊ လေပြင်းသံတွေ၊ တောင်တန်း တွေဆီက ပဲ့တင်သံတွေ... အဲဒါတွေမပါဘဲနဲ့ မြစ်ရဲ့အသံ ဘယ်လို လုပ် ပီပြင်ပါ့မလဲ...။

"ခင်ဗျား တစ်ခေါက်လောက် ကျွန်တော်နဲ့ သစ်ထုတ်စခန်း တွေ၊ ဆင်စခန်းတွေကို လိုက်ခဲ့စမ်းပါ။ မြစ်တွေ ချောင်းတွေ အကြောင်း ခင်ဗျား အခုထက် ပိုသိသွားမယ်။ ခင်ဗျားရဲ့ဂီတမှာ ဘာလိုနေတယ် ဆိုတာ ကျွန်တော် မပြောတတ်ဘူး။ ဒါပေမယ့် အဲဒီရောက်တဲ့အခါ ခင်ဗျားနဲ့မြစ် ရင်းနှီးမှုကြာတဲ့အခါ ခင်ဗျား စောစောက ပြောတဲ့မြစ်ရဲ့ ကြိုးတွေကို ပီပြင်အောင် ခင်ဗျား တီးတတ်သွားပါလိမ့်မယ်"

ကျွန်တော့်စကား ဆုံးသွားသောအခါ မည်သူမျှ နောက်ထပ် စကားမပြောကြ။ ယိမ်းယိုင်လေးကန်သော ခြေလှမ်းများဖြင့် အိမ်ဆီ သို့ ပြန်လျှောက်လာခဲ့ကြသည်။

* * *

နောက်တစ်ကြိမ် အိပ်ရာမှ နိုးလာသောအခါ နေ့လယ် ၁၂ နာရီပင် ထိုးလုပြီ။

ကျွန်တော်အားတင်းကာ ထထိုင်လိုက်ချိန်တွင် တစ်အိမ်လုံး တိတ်ဆိတ်နေဆဲ။ စန္ဒရားသံလေးသော်မှ မကြားရ။ ပန်းချီဆရာ၏ ချောင်းဟန့်သံမှ မကြားရ။ အပေါ်ထပ်မှာလည်း ပန်းချီဆရာမရှိ။

ကျွန်တော် အောက်ထပ်ဆင်းလာခဲ့သည်။ ဧည့်ခန်းမှာ သူတို့နှစ်ယောက် ဆေးပေါ့လိပ်ကိုယ်စီဖြင့် ငြိမ်သက်စွာ ထိုင်နေ ကြသည်။ ကျွန်တော့်ကိုမြင်တော့ ပန်းချီဆရာက နှုတ်ဆက်သလို ခေါင်းဆတ်ပြ၏။ စန္ဒရားဆရာကတော့ ကျွန်တော့်ကို သူစိမ်း တစ်ယောက်အား ကြည့်သလို လှမ်းငေးကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ညက ဘာများ စကားမှားမိပါလိမ့်...ဟု ခ
တွေးပြီးနောက် ဘာမှမမှားဘူး...ဟု ကိုယ့်ကိုယ်ကို သေချာသွား၏

"ရေမြန်မြန်ချိုး ကိုယ့်လူ...တော်ကြာ ညနေ ဆော်တော်မီ
လိုက်ဘဲ ဖြစ်သွားမယ်..."

စန္ဒရားဆရာက လှမ်းပြောတော့ ကျွန်တော် ပြုံးပြလိုက်ပြီး ရေချိုးရန် အိမ်အပြင်ထွက်ဖို့ ခြေလှမ်းပြင်လိုက်၏။ ထိုအချိန်မှာပင် ညှိခန်းထောင့်မှာ ချထားသော ခရီးဆောင်လက်ဆွဲအိတ်နှစ်လုံးကို ကျွန်တော် မြင်ရသည်။ တစ်ခုက စန္ဒရားဆရာ၏အိတ်...တစ်ခုက ပန်းချီဆရာ၏ အိတ်...

ကျွန်တော် သူတို့နှစ်ယောက်ကို တစ်ချက်လှမ်းကြည့် လိုက်တော့ စန္ဒရားဆရာက ပါးစပ်ပိတ်၍ ပြုံးနေ၏။ ပန်းချီဆရာက ဆေးလိပ်မီးခိုးကို အဆုပ်ထဲသို့ ဖြည်းဖြည်းချင်း ရှိုက်သွင်းရင်းက ကျွန်တော့်အား မေးသည်။

"ခင်ဗျားရဲ့ ယာယီတဲနန်းလေးက လူသုံးယောက် ဆံ့ရဲ့
လားဗျ..."

"ဆံ့ပြီလားဗျာ... မသကာ... ကွပ်ပျစ်ကျိုးရုံပေါ့"

ထို့နောက် ကျွန်တော်တို့သုံးယောက် အသံထွက် ရယ်မော လိုက်ကြသည့်အခါ ကျွန်တော်နှင့် စန္ဒရားဆရာအကြား ရှိနေခဲ့သည် ဟု ထင်ရသော စိတ်ကသိကအောင့်ဖြစ်မှုများ ပြေလျော့သွား၏။

သူတို့နှစ်ယောက်၏ ဆုံးဖြတ်ချက်ကို ကျွန်တော် မအံ့သြမိပါ

[၁၉၉၅ခု၊ နိဝင်ဘာလ၊ ရတနာသစ်မဂ္ဂဇင်း]

## မြရဲ့လ

လပြည့်လသည် ကြည့်နေရင်းမှာပင် တရိပ်ရိပ် မြင့်တက် လာ၏။ လ၏ ရှေ့ဆီတွင် ပါးလျားသော တိမ်လိပ်တန်းတစ်ခု တရွေ့ရွေ့ ဖြတ်ကျော်လျက်ရှိသည်။ ပြာမှောင်သော ကောင်းကင် ပြင်တွင် ကြယ်ကလေးများ ဟိုတစ်စု သည်တစ်စု ပေါ်လာပြီ။ ကောင်းကင်ပြင်ကို အဆုံးအစမမြင်ရပါ။ မိုးကုပ်စက်ဝိုင်းခြမ်း၏ ရှေ့ပိုင်း သုံးပုံတစ်ပုံကိုသာ မြင်ရပါသည်။ ကျွန်တော့်အထက်က ကောင်းကင်နှင့် ကျွန်တော့်နောက်က ကောင်းကင်ကို ကျွန်တော် မမြင်ရပါ။ ဤဒေသမှာလူတွေ၏ အမြင်ဆိုင်ရာ ကျယ်ပြန့်မှုကွင်း ပြင်ကို ကန့်သတ်ထားသော အရာများစွာ ရှိပါသည်။ ပက်လက် ကုလားထိုင်တစ်ခုပေါ်မှာ သော်လည်းကောင်း၊ ခုတင်သို့မဟုတ် တန်းလျားထိုင်ခုံတစ်ခု ပေါ်မှာသော်လည်းကောင်း ပက်လက်လဲ လျောင်းသည့်အခါ မိမိမျက်နှာမူရာ တည့်တည့်ရှိ အထက်အရပ် မြင်ကွင်းသည် ကောင်းကင်ပြင် မဟုတ်ဘဲ မျက်နှာကျက် အုတ်အမိုး



www.burmeseclassic.com

www.burmeseclassic.com



တစ်ခု ဖြစ်နေသည့်အခါ တစ်ခါတစ်ခါ တော်တော် ကသိကအောက် ဖြစ်ရပါသည်။

တကယ်တော့ ယခု ကျွန်တော့်အာရုံထဲမှာ ရှိနေသည့်တိမ်၊ ကြယ်ပွင့်၊ လနှင့် ကောင်းကင်ဟူသော အရာများကို ဘယ်တုန်းကမျှ ကျွန်တော် သတိတရ ဂရုထားခဲ့မိသည် မဟုတ်ပါ။ ကျွန်တော့် အထက်တွင် ကောင်းကင်ကြီး ရှိနေသည်ဟူသော အသိပင် ကျွန်တော့်မှာမရှိခဲ့ပါ။ မြို့ပြ၏ စီးပွားရေးနှင့် လူမှုရေးသံသရာမှာ စိတ်ပါလက်ပါလှည့် ပတ်နေထိုင်ရင်း ကျွန်တော်နှင့် သဘာဝတရားသည် ဝေး၍ဝေး၍ လာခဲ့သည်။ဒါကိုလည်း ကျွန်တော် စိတ်အနှောင့်အယှက် မဖြစ်ခဲ့။ ကြယ်တွေ၊ လတွေကို မမြင်ရလို့လည်း မတမ်းတတတ်ခဲ့။ ကျွန်တော့် အလုပ်ကလည်း လတွေ၊ ကြယ်တွေ၊ တိမ်တွေနှင့် တော်တော် ဝေးပါသည်။ ဘဏ်လစ်မစ်တက် ဌာနခွဲတစ်ခုမှ ဝန်ထမ်းတစ်ယောက်သည် ငွေစုစာအုပ်များ၊ စာရင်းအင်းများ၊ ငွေစက္ကူများနှင့် လူမျက်နှာများ၊ လက်များကိုသာ တစ်နေ့ပြီးတစ်နေ့ တွေ့မြင်ရင်းနှီးနေခဲ့ရသည်ဖြစ်ရာ စိတ်ကူးသက်သက်အရာများဟု ထင်ရလောက်အောင် မိမိနှင့်ဝေးလံသော ထိုသဘာဝတရားကို လျစ်လျူရှုခဲ့သည်မှာ မထူးဆန်းပါ။ ထူးဆန်းသည်မှာ ယခုအခါ ထိုအရာများကို သတိတရ ရှာဖွေစောင့်ကြည့် တတ်လာခြင်းပင်ဖြစ်သည်။

လပြည့်လတစ်ခု မိုးကုပ်စက်ဝိုင်းမှ စတင်ထွက်ပေါ်လာချိန်မှစ၍ ခပ်မြင့်မြင့်ကောင်းကင်သို့ နေရာယူချိန်အထိ ကျွန်တော် စောင့်ကြည့် ငေးမောနေခဲ့သည်ကို ကျွန်တော့်ရုံးမှ လုပ်ဖော်ကိုင်ဖက်များ၊ ကျွန်တော့်အခန်းနီးချင်းများ၊ ကျွန်တော့်သူငယ်ချင်းများ သူတို့သိသွားလျှင် တော်တော် အံ့သြကြပါလိမ့်မည်။ ကျွန်တော် ရူးသွပ်





သွားပြီဟု မထင်ရက်သူများသည် ကျွန်တော် ခပ်ကြောင်ကြောင် ဖြစ်သွားပြီဟု ထင်ကြပါလိမ့်မည်။

ခင်ဗျားတို့ ကျွန်တော်နှင့် ပေါင်းသင်းဆက်ဆံရာတွင် စိတ်သန့်စေလိုသော စေတနာဖြင့် ကျွန်တော် ဤကိစ္စကိုရှင်းလင်း ပြောပြလိုပါသည်။ သို့သော် ဤကိစ္စမှာ ကျွန်တော် ကိုယ်တိုင်ပင် ရှင်းလင်းသေးသော ပြဿနာဖြစ်၍ ခင်ဗျားတို့ကို ကျွန်တော် ယခုအချိန်မှာ မရှင်းပြနိုင်သေးပါ။ လသည် လူသားများကို ဆွဲဆောင်နိုင်ပါသလား။ ဆွဲဆောင်နိုင်သည်ဆိုလျှင် မည်သည့် ဂုဏ်သတ္တိများဖြင့် ဆွဲဆောင်နိုင်ပါသနည်း။ မည်သည့် အတိုင်းအတာအထိ ဆွဲဆောင်လေ့ ရှိပါသနည်း။

ပြောရလျှင်တော့ လသည် ကျွန်တော့်အတွက် အလွန်ခက်ခဲသော ပုစ္ဆာတစ်ပုဒ်ဖြစ်၏။ ထိုပုစ္ဆာကို ကျွန်တော့်အား မေးခဲ့သူမှာ ကျွန်တော့်ဇနီး ဖြစ်ပါသည်။

* * *

ကျွန်တော့်ဇနီးသည် အရာရာတွင် ခေတ်နောက်ပြန်ဆွဲသည့် အမြင်ရှိသူဖြစ်၏။ သူမကို သက်သက်ညှာညှာ ပြောရလျှင် ဂန္ထဝင် အမြင်ရှိသူဟု ခေါ်နိုင်မည် ထင်ပါသည်။ ဘယ်လောက်များ ဂန္ထဝင်ဆန်လိုက်သလဲဆိုလျှင် နာမည်ကိုက ခင်မြမြ...တဲ့ ။သူ့ကို ကျွန်တော်က မြဟုခေါ်ရပါသည်။

ကျွန်တော်တို့ ဇနီးမောင်နှံသည် တစ်ယောက်ကို တစ်ယောက် အလွန်ချစ်မြတ်နိုးကြပါသည်။ မြသည် တောမြို့ကလေး တစ်ခုတွင် မွေးဖွားကြီးပြင်းခဲ့၏။ ကျွန်တော်နှင့် လက်ထပ်ပြီးသော အခါ ကျွန်တော် နေထိုင်ရာမြို့တော်ကြီးသို့ လိုက်ပါလာခဲ့ပါသည်။ မြို့တော်ကြီးသို့ ရောက်ခါစ ကာလများ၌ မြသည် ဘဝကို



www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်ပျော်ရွှင်ခဲ့သည်ဟု ကျွန်တော် ထင်ပါသည်။ အံ့မခန်း လှပထူးဆန်းသော အဆောက်အအုံများ၊ မိုးသို့ ထိုးလုမတတ် မြင့်မားသည့် တိုက်ကြီးများ၊ နှစ်ထပ်မော်တော်ကားလမ်းများ၊ ယာဉ်သွားလာရန် ဆောက်ထားသည့် တံတားကြီးများ၊ မြစ်ကူးချောင်းကူး တံတားကြီးများ၊ ခံ့ညား လှပသည့် ရုပ်ရှင်ရုံကြီးများ၊ အားကစားကွင်းနှင့် ဘူတာရုံကြီးများကို မြသည် တအံ့တသြ ငေးမောခဲ့ဖူး၏။ အထေပြေးကားဂိတ်စခန်းသို့ ရောက်စဉ် လေယာဉ်ကွင်းဆီမှ အသံကျယ်လောင်စွာမြည်ဟိန်းပြီး ကောင်းကင်သို့ တက်လာသည့် ဂျက်လေယာဉ်ကြီးများကို အထိတ်တလန့်၊ ထို့နောက် သဘောကျစွာ မော့ကြည့်ပြုံးရယ်ခဲ့ဖူးသည်။ လေအေးစက်တပ်ထားသည့် ဆလွန်းကားကို သဘောကျစွာ ကျေနပ်ခဲ့ဖူးသည်။ ကြီးကျယ်ခမ်းနားသော ကုန်တိုက်ကြီးများတွင် လိုချင်သမျှ ပစ္စည်းတို့ကို အမျိုးအမည် စုံလင်စွာ တွေ့မြင်ဝယ်ယူရသဖြင့် ကလေး တစ်ယောက်လိုပင် သဘောကျခဲ့ဖူးသည်။ မှန်နံရံများ၊ မှန်တံခါးများဖြင့် လေအေးစက် တပ်ထားသည့် ကျွန်တော့်ရုံးခန်းကို တစ်ရက်လိုက်လာစဉ်က ကျေနပ်နှစ်သက် သွားခဲ့ဖူးသည်။

ထို့ကြောင့်လည်း မြသည် မြို့တော်ကြီးမှာ ကျွန်တော့်ဇနီးအဖြစ် လူရာဝင်ရခြင်းအပေါ် ပျော်ရွှင်နှစ်သိမ့်နိုင်လိမ့်မည်ဟု ကျွန်တော် ထင်ခဲ့၏။ ရိုးသားဖြောင့်မှန်သော ဇနီးတစ်ယောက်ကို ရရှိထားရခြင်းအပေါ် ကျွန်တော်ကလည်း ဂုဏ်ယူကျေနပ်နိုင်လိမ့်မည်ဟု ကျွန်တော်ထင်ခဲ့၏။ သို့သော် ကျွန်တော့်အထင်များ မှားယွင်းခဲ့သည်။ အဲဒါကိုလည်း ကျွန်တော် ချက်ချင်းမသိခဲ့။ တဖြည်းဖြည်းချင်း ကာလကြာမြင့်လာမှ အနည်းအပါး ကျွန်တော် ရိပ်မိခဲ့ရခြင်း ဖြစ်ပါသည်။





မြအပေါ် ကျွန်တော် စိတ်ပျက်ရခြင်းမှာ မြသည် တိုက်ခန်းကျဉ်းကျဉ်းမှာ နေထိုင်ရသည့်ဘဝနှင့် ဘယ်လိုမျှ နေသားကျမလာခြင်းကြောင့် ဖြစ်သည်။ ဧည့်ခန်း၊ အိပ်ခန်း၊ ထမင်းစားခန်း၊ မီးဖိုခန်းဟူ၍ ကျွန်တော်က တတ်နိုင်သမျှ အခန်းဖွဲ့ပေးခဲ့သော်လည်း မြ၏စိတ်က ကျဉ်းကျပ်နေသည်။ အဝတ်လှန်းစရာ နေရာတွေ အများကြီးရှိပါလျက် ထမင်းစားခန်းနှင့် မီးဖိုခန်းမှာ ကြိုးတန်းတန်း၍ အဝတ်လှန်းချင် လှန်းသည်။ အိပ်ခန်းထဲမှာ မီးပူတိုက်လျှင်ရနိုင်ပါလျက်နှင့် ကျဉ်းကျပ်သည်ဟုဆိုကာ ဧည့်ခန်းဆက်တီခုံများကို ဘေးသို့ရွှေ့၍ ကြမ်းပြင်မှာ မီးပူတိုက်ချင်တိုက်သည်။ ကျွန်တော်နှင့် အတူ ဧည့်သည်ပါလာ၍လည်း မြသည် သူမ၏ အလုပ်ကို နေရာရွှေ့ရန် စိတ်ကူးတတ်သူ မဟုတ်ချေ။ ကျွန်တော် ဧည့်ခန်းထောင့်မှာ မြေအိုးဖြင့် စိုက်ပျိုးထားသော ဂမုန်းပင်ကြီးကို မြက ရယ်မောနေတတ်သေး၏။

“ဒါ... သစ်ပင်တဲ့လားကွယ်။ ဒါကြီးကဖြင့် အစ်ကို့ဧည့်ခန်းမှာ ရှုပ်နေရုံပဲ”

ကျွန်တော်က မျက်စိပသာဒ ဖြစ်သည်ဟု ထင်သောအရာများကို မြက မနှစ်သက်။

“မြ... ဒီစင်က အဲလို ပစ္စည်းတွေ ပွရှုပ်နေအောင် တင်ဖို့ မဟုတ်ဘူးကွ”

ကြိမ်စစ်စစ်ဖြင့်ပြုလုပ်ထားသော နံရံထောင့်ကပ် သုံးထောင့်စင်ကလေးပေါ်မှာ မြသည် လက်လှမ်းမီသမျှ ပစ္စည်းများကို စုပြုံတင်ထားတတ်၏။ မျက်မှန်အိတ်လို၊ လက်သည်းညှပ်လို အရာဝတ္ထုမျိုး၊ လက်ပတ်နာရီလို၊ ဆေးပုလင်းလို၊ စိပ်ပုတီးလို၊ စတက်ပ်လာလို



www.burmeseclassic.com

www.burmeseclassic.com



အရာဝတ္ထုမျိုးတွေကို စင်ပေါ်မှာဖြစ်သလို မြင်မကောင်း ရှုမကောင်း တင်ထားတတ်၏။

"စင်ဆိုတာ ပစ္စည်းတင်ဖို့ မဟုတ်ဘူးလား အစ်ကိုရဲ့ ဒါဖြင့် အစ်ကို့စင်က ဘာတင်ဖို့ထားတာတုံး"

ပန်းစိုက်အိုးကလေး တစ်ခုတလေ သို့မဟုတ် ပန်းပုရုပ် တစ်ခုတလေ တင်နိုင်ရန်ထားသော စင်ဖြစ်သည်ဟု ပြောလျှင် မြက မျက်မှောင်ကြုတ်လေသည်။ ကျွန်တော့်စကားကို လက်မခံနိုင်သလို အမူအရာပင် ဖြစ်သည်။

" မြ… အဲဒါတွေ ရှင်းလိုက်စမ်းပါကွာ… နောက်ကိုလဲ အဲဒီလိုမတင်ပါနဲ့"

သို့သော် သုံးလေးပတ် ကြာသောအခါ စင်ပေါ်မှာ ပစ္စည်းမျိုးစုံ ရောက်နေပြန်တော့သည်။

ဆံပင်အုပ်ထူပြီး ရှည်လျားသော မြအတွက် ကျွန်တော့် တိုက်ခန်း၏ ရေချိုးခန်း ကျဉ်းကျဉ်းကလေးမှာ ခေါင်းလျှော်ရခြင်းသည် ဆင်းရဲဒုက္ခပင် ဖြစ်သည်။ ထိုဒုက္ခသည် မြ၏ ဒုက္ခမဟုတ်။ ကျွန်တော်၏ ဒုက္ခဖြစ်သည်။ ရေချိုးခန်းကြမ်းပြင် ရေထွက်ပေါက်မှာ တပ်ထားသော သံဆန်ခါကလေးတွင် အမှိုက်စများ၊ ဆံပင်မျှင်များ ရှုပ်ထွေး ပိတ်ဆို့နေသည့်အခါ ရေသည်ကြွေပြား ကြမ်းပြင်ပေါ်မှာ ခြေမျက်စိ လျှံနေတော့သည်။

"မြ… လာဦး "

သံဆန်ခါမှာ ကပ်ငြိနေသော အရာများအားပြ၍ ရှင်းလင်းသန့်စင်ခိုင်းသောအခါ မြသည် အနည်းငယ် တွန့်ဆုတ်စွာ နာခံ၏။ တစ်ခါတစ်ခါ သံဆန်ခါမှကျော်ပြီး ဘာပစ္စည်းတွေဘယ်လိုဝင်ရောက်သွားသည် မသိရဘဲ ရေထွက်ပေါက် လုံးဝ ပိတ်ဆို့နေတတ်သေး၏။





ကျွန်တော် ကြိုးစားပြင်ဆင်၍ မရသောအခါ ရေပိုက်ပြင်သည့် အလုပ်သမားခေါ်ယူရသည်။ ထိုကိစ္စအတွက် မြသည်သာ တရားခံဖြစ်သည်ဟု ကျွန်တော်က အပြစ်တင်လိုဟန်ကို မြက ရိပ်မိ၏။

"ကျွန်မတို့ဆီမှာတော့ ရေချိုးရင် ရေက ကျောက်ပြားပေါ်ကနေ လျှံကျပြီး မြေကြီးပေါ်က မြောင်းအတိုင်း သစ်ပင်တွေဆီသွားတာပဲ။ ရေချိုးလို့လည်း ကောင်းမှကောင်း၊ အဝတ်လျှော်လို့လည်း ကောင်းမှကောင်း၊ အဝတ်လှန်းလို့လည်း ကောင်းမှကောင်း။ ခုလို ကျဉ်းကျဉ်းကျပ်ကျပ်နဲ့ ကျွန်မ အလုပ်မလုပ်တတ်ဘူးလေ။ ဒါလောက်ကလေး ဖြစ်တာပဲ အစ်ကို ကံကောင်းတယ် မှတ်ပါ"

မျက်စောင်းထိုးလျက် ရယ်မောတော့ ကျွန်တော့်ဒေါသတွေ ပြေလျော့ ကျခဲ့ရတာပါပဲ။

"မင်းတို့ တောနဲ့တော့ လာမနှိုင်းနဲ့ပေါ့ မြရာ…"

အစားအသောက် ချက်ပြုတ်ပြင်ဆင်ရာတွင် မြသည် ကျွန်တော့်အတွက် နည်းနည်းမျှ ရင်ခုန်ကျေနပ်ဖွယ် မကောင်းသည့် အိမ်ထောင်ရှင်မတစ်ဦး ဖြစ်သည်။ ပရက်ရှာကွပ်ကာ ပေါင်းအိုးဝယ်ပေးထားပါလျက် ဘဲပေါင်း မပေါင်းတတ်၊ ဟင်းကို နူးအိနေအောင် ချက်ပေးသော်လည်း အနံ့အရသာကို ကျွန်တော် မနှစ်သက်နိုင်။ မြက ဟင်းတိုင်းမှာ နနွင်းမှုန့်တွေ ဝါထိန်ထည့်တတ်၏။ ယုတ်စွအဆုံး အစိမ်းကြော် ကြော်ရာတွင်ပင် နနွင်းမှုန့်တွေ ဝါထိန်နေတတ်၏။ တရုတ်ဟင်း၊ မြန်မာဟင်းနှင့် နိုင်ငံခြားဟင်းအထိ (ချက်ပြုတ်နည်းမျိုးစုံ) စာအုပ်များကို ဖတ်စေခဲ့သော်လည်း ကျွန်တော့်ဇနီးသည် တစ်ခုမှ ဖြစ်မြောက်အောင် အကောင်အထည် မဖော်နိုင်။ မိမိ မျိုးမကျသော ဟင်းတချို့ကို နှစ်သက်ဟန်ဆောင်ထားတတ်… အထိလည်း ကျွန်တော်က သဘောထားမကြီးနိုင်။ ထိုအခါ မြနှင့်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် အသေးအဖွဲ့ကိစ္စကလေးများမှအစ သဘောထားကွဲလွဲရန် ဖြစ်လာခဲ့သည်။

"မြ… ကိုယ် ခဏခဏ သင်ရတာလည်း မောနေပြီ။ ဘောင်းဘီကို ဘေးတိုက် မီးပူမတိုက်ရဘူး။ ဟောဒီလို ရှေ့နောက်တိုက်ရတယ်။ ဖယ်ဖယ် မင်းမလုပ်တတ်ရင် ဖယ်…"

"ကျွန်မမှ မတိုက်ဖူးတာ… အစ်ကိုနဲ့ရမှ ဘောင်းဘီကို လက်နဲ့ကိုင်ကြည့်ဖူးတာပဲ"

ကျွန်တော် တစ်ခါတစ်ခါ မြကို တော်တော်စိတ်ပျက် ရ၏။

"ဘယ်သူကတော့ မွေးကတည်းက တတ်လာမှာလဲ မြရယ်၊ မင်းမှတ်ထားဖို့ ပြောတာပါ။ တစ်ခါမရရင် နောက်တစ်ခါပေါ့… စိတ်ဝင်စားရင် တတ်သွားတာချည်းပဲ။ မင်း စိတ်မဝင်စားလို့ မင်းမတတ်တာတွေပဲ"

ကျွန်တော်က အပြစ်တင်လျှင်လည်း မြက ထုံပေပေ အပြုံးဖြင့် ငြိမ်နေမြဲဖြစ်၏။ မြ စိတ်ကသိကအောက် ဖြစ်သွားမှာ မဟုတ်ပါဘူး… ဟု ကျွန်တော် ထင်ခဲ့သည်။ သို့သော် မြသည် လျှို့ဝှက်တတ်သူဖြစ်လေသလား ကျွန်တော် မသိနိုင်ပေ။

မြက ကျွန်တော့်အပေါ် တစ်စုံတစ်ခု ညည်းညူ လာသမျှသည် ကျွန်တော်နှင့် မပတ်သက်စေရဘဲ အခြားကိစ္စများအပေါ် စွပ်စွဲ ညည်းညူမှုများသာ ဖြစ်၏။

"အစ်ကိုတို့ ရန်ကုန်ကဈေးသည်တွေက သိပ်အလေးခိုးတာပဲနော်။ မိုက်ရိုင်းလိုက်တာလဲ ငြင်းပြာမနေနဲ့တော့။ လူကို အ–အ မှတ်နေသလား မသိဘူး"

တစ်ခါတစ်ရံ မြဈေးသွားလျှင် ဈေးသည်နှင့် ရန်ဖြစ်လာတတ်သေးသည်။





"ဟောဒီလောက်လောက် ဆန်ကောဝိုင်း ကလေးထဲမှာ မဖြစ်စလောက် ကုန်ပစ္စည်းကလေးကိုရင်းပြီး တစ်နေ့တစ်နေ့ တစ်ရာ ငါးဆယ်၊ နှစ်ရာ မြတ်အောင်ရောင်းနေကြမှတော့ ဘယ် ကောင်းနိုင်ပါ့မတုံး အစ်ကိုရဲ့…။ အားလုံး သူခိုးတွေ ဖြစ်ကုန်ရောပေါ့။ တန်ရာ ဘန်ကြေး ပေးဝယ်နေရတဲ့ ဈေးဝယ်တွေကို စော်ကားနေတာပဲ"

မြသည် အသားငါးကို လက်ဖြင့်ဆကြည့်ခြင်း၊ မျက်စိဖြင့် မှန်းရခြင်းတို့ဖြင့်ပင် အလေးချိန်ကို မှန်းဆတတ်သူဖြစ်သည်။ သမာဓိ ချိန်ခွင်သို့ မကြာခဏသွားရောက် ချိန်တွယ်သူမှာ မြ တစ်ယောက်သာ ရှိမည်ထင်၏။

"ဒီကလူတွေ မသိကြလို့များလားဟင် အစ်ကို" ဟု မြက စိတ်ရှုပ်စွာ မေးဖူး၏။

"ဘယ် မသိဘဲရှိပါ့မလဲ မြရာ။ သိမှာပေါ့။ ဒါပေမယ့် အားလုံးဟာ ကိုယ့်အလုပ်ကိစ္စတွေ မပြီးမှာ စိုးရိမ်နေရတဲ့ လူတွေ။ ခပ်သွက်သွက်လာ၊ ခပ်သွက်သွက်ပြန်။ ဒါတွေကို အချိန်ကုန်မခံနိုင်လို့ပဲ ဖြစ်မှာပေါ့"

ကျွန်တော် မသိနိုင်သော ကိစ္စအတွက် ကျွန်တော် မသိသော အိမ်ရှင်မများ၏ စိတ်ဓာတ်ကို ကိုယ်ချင်းစာပြီး ခန့်မှန်းပေးမိတော့ မြက မျက်မှောင်ကြုတ်၍ ခေါင်းယမ်းနေခဲ့ပါသည်။

"အစ်ကိုတို့ ရန်ကုန်က လေကလဲ မလတ်ဆတ်ဘူးနော်။ ကျွန်မတို့မြို့မှာဆို လေက သိပ်လတ်ဆတ်တာပဲ၊ လယ်ကွင်းတွေဆီက ဖြတ်လာတဲ့လေ၊ သစ်ပင်တွေဆီက ဖြတ်လာတဲ့လေ၊ တောင်တန်းတွေဆီက ဖြတ်လာတဲ့လေ၊ မြစ်ပြင်ဆီက ဖြတ်လာတဲ့လေ၊ အေးစိမ့်နေတာ အစ်ကိုရဲ့။ အခုဖြင့် ကျွန်မ အသက်ရှူရတာ မကောင်းဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဆေးလိပ်တွေကလည်း သောက်လိုက်ကြတာ တစ်မြို့လုံး အဆိပ်တွေ ပြန့်နေပြီ ထင်တယ်”

ကျွန်တော် သောက်လက်စ စီးကရက်ကို မျက်စောင်းထိုး၍ ပြောတတ်သေး၏။

“ကိုယ် ဆေးလိပ်သောက်တာ မြ မကြိုက်ဘူးလား”

သမီးရည်းစားဘဝတုန်းက ရင်ခုန်မှုမျိုးဖြင့် ကျွန်တော်က စနောက် ရယ်မောလိုသည့်အခါ မြက မျက်နှာထားတည်တည်ဖြင့် ခေါင်းယမ်းခဲ့သည်။

“အစ်ကို့ကို ဦးတည်ပြောနေတာ မဟုတ်ပါဘူး။ လူအားလုံး ကိုယ့်ကိုယ်ကို ဖျက်ဆီးနေကြတာကို မမြင်ချင်လွန်းလို့ပါ”

မြသည် မြို့တော်ကြီးနှင့် ပတ်သက်သမျှ မကောင်းသည့် အရာများအကြောင်း ပြောလိုသည့်အခါတိုင်း မြို့တော်ကြီးကို ကျွန်တော် ပိုင်ဆိုင်သကဲ့သို့ စွပ်စွဲတတ်သည်။ အစ်ကိုတို့မြို့ကြီး... တဲ့။

“အစ်ကိုတို့မြို့မှာ ကောင်းကင်မှာ ကြယ်တွေ နည်းနည်းလေးရယ်နော်။ ကျွန်မတို့ဆီမှာတော့ ကောင်းကင်မှာ ကြယ်တွေ အပြည့်ပဲ အစ်ကိုရဲ့...”

“အရူးမ...”

ကောင်းကင်သည် ကမ္ဘာကြီးတွင် သည်တစ်ခုသာ ရှိသည် မဟုတ်လား။ ကျွန်တော်တို့မြို့က ကောင်းကင်နှင့် မြတို့မြို့က ကောင်းကင်တစ်ခုတည်းပဲ မဟုတ်လား။

သို့သော် မြပြောတာ မှန်ပါသည်။ ကျွန်တော်တို့မြို့တော်ကြီးတွင် လူဦးရေထူထပ်မှု၊ သစ်ပင်နည်းပါးမှု၊ စက်ရုံအညစ်အကြေး အငွေ့များ၊ မော်တော်ကား အိပ်ဇောအငွေ့များ၊ ဆေးလိပ် အငွေ့များ





ဆော်ငွေများ များပြားမှု၊ ဓါတ်ငွေ့များ များပြားမှု စသည့်အချက်များ ကြောင့် ကောင်းကင်တွင် မှိုင်းများဖြင့် ပြည့်ကျပ်နေနိုင်သည်။ ကောင်းကင်က တိမ်များ၏ အောက်ပိုင်းတွင် ဓာတ်ငွေ့မှိုင်းများဖြင့် ပိတ်ဆို့နေနိုင်သည်။ ထိုအခါ ကျွန်တော်တို့သည် အာကာသတွင် တည်ရှိနေသော ကြယ်များကို အတိုင်းအဆမရှိ ထိုးဖောက်မြင်နိုင်စွမ်း ရည်မဟုတ်ပေ။

“အစ်ကိုတို့မြို့မှာ လူတွေက ပြုံးတဲ့အခါ မျက်လုံးက မပြုံးဘူးနော်။ ပါးစပ်ကပဲ ပြုံးကြတယ်”

ရှာရှာဖွေဖွေ မြကပြောတော့ ကျွန်တော် ရယ်မောပစ်လိုက် ရသည်။ ကျွန်တော်သည် ဘဝမှာ အရေးထားဆုံးက စာရင်းများ၊ ကိန်းများ၊ ငွေစက္ကူများသာ ဖြစ်၏။ လူတွေ၏ အပြုံးကို ခွဲခြား စိစစ်ရန်လည်း ကျွန်တော့်မှာ အချိန်မရပေ။ ကျွန်တော့် ပတ်ဝန်းကျင်မှ လူများသည်လည်း ကျွန်တော့်အပြုံး၊ ကျွန်တော့်မျက်လုံးကို ခွဲခြမ်း စိတ်ဖြာရန် အချိန်မရပေ။ ကျွန်တော်တို့ အားလုံးသည် အရာရာကို အချိန်လု၍ ပြီးစီးအောင် ဆောင်ရွက် လုပ်ကိုင်နေကြရသူများ ဖြစ်သည်။

ကျွန်တော့်ဇနီးကတော့ ကျွန်တော် ရုံးသွားနေစဉ် တစ်ချိန်လုံး ဘိုက်ခန်းမှာ အကူမိန်းကလေးတစ်ယောက်နှင့် ပျင်းရိငြီးငွေ့စွာ ကျန်နေခဲ့သည်ဆိုတော့ သူမမှာတွေးစရာ ကိစ္စများ များပြားလိမ့်မည်။ နားမလည်နိုင်စရာ ကိစ္စများလည်း များပြားလိမ့်မည်။ စိတ်ကူးမှန်းဆ စရာကိစ္စများလည်း များပြားလိမ့်မည်။ ကျွန်တော် ထိုက်သင့် သလောက် သဘောပေါက်ထားခဲ့ပါသည်။ သို့သော် ကျွန်တော် သိရသလောက်တော့ ကျွန်တော်နှင့် သမီးရည်းစားသက် သုံးနှစ်၊ အိမ်ထောင်သက် သုံးနှစ် စုစုပေါင်း ခြောက်နှစ်ကာလ ကြာမြင့်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည့်တိုင်အောင် ကျွန်တော့်ဇနီးမြသည် စိတ်ကူးယဉ်တတ်ခဲ့သူ မဟုတ်ပါ။

* * *

တစ်ခါတုန်းက ညနေချမ်းအချိန် ကျွန်တော် ရုံးမှအပြန်၌ ကျွန်တော်တို့အခန်း ဝရန်တာသို့ မော့ကြည့်လိုက်သောအခါ မြကို ဝရန်တာမှာ ရပ်လျက်ရှိသည်ကို မြင်ရသည်။ အရာရာကို ရိုးစင်းစွာ တွေးတတ်သူ မြ၏ကိုယ်စား မြ၏အတွေးကို ကျွန်တော် နားလည် လိုက်သည်မှာ မြသည် ပျင်းရိငြီးငွေ့စွာပင် ခင်ပွန်းသည်ကို မျှော်နေခြင်းဖြစ်လိမ့်မည်... ဟူ၏။ သို့သော် ကျွန်တော့်အထင် မှားခဲ့ပါသည်။

"မြ...ဘာလုပ်နေတာလဲ၊ ကိုယ်နောက်ကျလို့လား၊ ၁၅မိနစ်လောက်ပဲ နောက်ကျတာပါ မြရဲ့"

"မဟုတ်ပါဘူး အစ်ကိုရဲ့... ကျွန်မ ဟောဟိုက တိမ်တွေကို ကြည့်နေတာပါ"

မြ၏ မသိနားမလည်စွာ ရိုးအ မှုကို ကျွန်တော် ရယ်မောမိသေး၏။ လည်ပတ်ပါးနပ်သော မိန်းမဆိုလျှင် ခင်ပွန်းသည်၏ စိတ်ခံစားမှု နူးညံ့နှစ်သိမ့်နိုင်အောင် ရေလိုက်ငါးလိုက် လျှောချကာ လိမ်ညာပေးမိ ပေလိမ့်မည်။ မြကတော့ ဖြောင့်မှန်သည်ဟုပဲ ချီကျူးရမှာလား မသိ။ နားမလည်ရန်ကောဟု အပြစ်ဆိုရလေမလား ကျွန်တော် မတွေးတတ်ပါ။ ကျွန်တော့်ဇနီးသည် တိမ်တွေကို ချစ်ရလောက်အောင် စိတ်ကူးယဉ်တတ်သူ မဟုတ်ကြောင်း ကျွန်တော် သိနေ၍ ပို၍ပင် နားမလည်နိုင်အောင် ဖြစ်ရပါသည်။ ထွေထွေထူးထူးလည်း ဆက်လက် မမေးမြန်းမိပါ။





တလောဆီကတော့ ကျွန်တော့်ဇနီးသည် သူမ ရောက်ခဲ့ဖူးသော သို့မဟုတ် နေထိုင်ခဲ့ဖူးသော တောမြို့ကလေးများ အကြောင်း ငတ်လိုလက်ရ ပြောပြနေခဲ့၏။

မြ ပြောပြသည့် မြို့ကလေးသည် လူဦးရေ လေးငါးထောင်သာရှိသော မြို့သေးသေးကလေး ဖြစ်သည်။ ပတ်ဝန်းကျင်တွင် သယ်ကွင်းများ၊ ယာခင်းများရှိသည်။ လူအများသည် စပါးစိုက်ခြင်း၊ ဆန်ကြိတ်ခြင်း၊ ဝါစိုက်ခြင်း၊ ပြောင်း၊ ပဲ၊ နှမ်းတို့ စိုက်ပျိုးခြင်းဖြင့် အသက်မွေးကြသည်။ ဟောင်းနွမ်းသော ပျဉ်ထောင်အိမ်ကြီးများသည် ရေနံချေးဝဝ သုတ်ထားသဖြင့် မည်းနက် တောက်ပစွာခိုင်ခံ့နေ၏။ ဘိုက်ဆိုလျှင်လည်း ထုထည် ထူထဲသော အုတ်နီတိုက်အဟောင်းများဖြစ်၏။ ဈေးသည် နံနက်ခင်းမှာသာ စည်ကားပြီး နေ့လယ်၊ ညနေတို့တွင် ဈေးရောင်းသူရော၊ ဝယ်သူရော မရှိသလောက်ပင် ဖြစ်သည်။

"အဲဒီမှာ ဈေးသည်တွေက အလေးမခိုးဘူး အစ်ကိုရဲ့။ အားလုံးက ကျွန်မတို့ကို သိနေကြတယ်။ အားလုံးက သူ့ထက်ငါ အလေးမှန်မှန်နဲ့ ပိုပိုသာသာ ချိန်ပေးတတ်ကြတယ်။ သူတို့ အပြုံးတွေက နှစ်ပေါင်းဆယ်နှစ် ဆယ့်ငါးနှစ် ရင်းနှီးလာတဲ့ အပြန်အလှန် ခင်တ်ဆွေတွေရဲ့ အပြုံးစစ်စစ်တွေလေ"

မြို့သေးသေးလေးတွင် လူတိုင်းသည် မြကိုသိပြီး မြကလည်း လူတိုင်းကိုသိပေလိမ့်မည်။ ကျွန်တော် မြို့တော်ကြီးမှာ နေထိုင်ရခြင်း အကြောင်းရင်းများစွာထဲတွင် ဝင်ငွေကောင်းခြင်း၊ ဘဝရပ်တည်မှု တိုးတက်ရန်နည်းလမ်း များပြားခြင်း၊ လူမှုရေးအဆင့်အတန်း မြင့်မားခြင်းတို့နှင့်အတူ မိမိအား လူတွေကမသိခြင်း၊ မိမိကလည်း လူတွေကို မသိခြင်းဆိုသည့် အကြောင်းရင်း တစ်ခုလည်း ပါဝင်၏။ မိမိကို မသိသောလူများ၊ မိမိက မသိသော လူများအကြားတွင်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ဘဝကိုလုံခြုံစွာ၊ လှို့ဝှက်စွာ၊ ထိုပြင်ငဲ့ကွက်စရာမရှိစွာ ဖြောင့်ဖြောင့်တန်းတန်း နေနိုင်ခဲ့သည်ဟု ကျွန်တော် ကျေနပ်ခဲ့၏။ မြနှင့်ကျွန်တော်သည် နှစ်သက်မှု တော်တော်များများတွင် ဆန့်ကျင်ဘက် ဖြစ်နေခဲ့သည်။

"နောက်ပြီး မြတို့မြို့မှာ ထောင်မရှိဘူး အစ်ကို။ ရဲစခန်းတော့ရှိတယ်၊ အချုပ်ခန်း သေးသေးကလေးရှိတယ်"

ကျွန်တော် ရယ်မိသည်။

"အဲဒါ သူခိုးဓားပြမရှိဘူးလို့ ကြွားချင်တာလား မြရဲ့။ မြတို့မြို့မှာ မရှိပေမယ့် မြတို့ဆီက လူဆိုးလူကောက်တွေကို တခြားမြို့မှာရှိတဲ့ ထောင်ကို ပို့ပေးနေတာကိုး"

"မဟုတ်ဘူး အဲဒီလိုဆိုချင်တာ မဟုတ်ပါဘူး။ မြတို့မြို့မှာ ထောင်ဟာ အရေးမကြီးဘူး။ အဲဒါကို ပြောမလို့"

လူဦးရေ လေးငါးထောင်ရှိသည့်မြို့မှာ ထောင်ဟာအရေးကြီးနေလျှင်တော့ ထိုမြို့သည် အမေရိကန်ရုပ်ရှင်ကားတွေ ထဲကလို ဒုစရိုက်မြို့ကလေးသာ ဖြစ်တော့မှာပေါ့။ သို့သော် ကျွန်တော်ဘာမှ မပြောပါ။ မြ ဘာပြောချင်သလဲဆိုတာကို ကျွန်တော်သိဖို့ မကြိုးစားခဲ့မိပါ။

"ကျွန်မတို့မြို့မှာ ရေစက်ကနေ ရေဝေတာမဟုတ်ဘူး အစ်ကို၊ မြေကြီးထဲကနေ တိုက်ရိုက်တူးယူရတာ၊ ရေတွင်းတွေအများကြီးရှိတယ်"

"အဲဒီတော့..."

"အဲဒီတော့ ရေဟာ သန့်စင်နေတာပေါ့။ ဘာသံချေးအနံ့မှ မရှိဘူးလေ၊ ကြည်နေတာပဲ။ နောက်ပြီး လျှပ်စစ်မီးမလာလို့ မော်တာ မလည်နိုင်တာမျိုး၊ ရေမတင်နိုင်တာမျိုးလဲ မရှိဘူးပေါ့"





"ရေကို တွင်းထဲကနေ ဘာနဲ့ခပ်ယူလဲ။ တွင်းက ဘယ်လောက် နက်သလဲ"

ကျွန်တော် မြကို စ–နောက်ချင်စိတ်ဖြင့် ခပ်တည်တည် မေးခဲ့၏။

"ကုန်းအနိမ့်အမြင့်ကို လိုက်လို့ပေါ့ အစ်ကိုရဲ့။ တချို့ရေတွင်းတွေ အတောင် ၂၀ လောက်နက်တယ်။ တချို့နေရာတွေမှာ လေးငါးခြောက်တောင်နဲ့ ရေထွက်တယ်လေ။ ရေကိုငင်ယူတော့ ရေပုံးမှာကြိုးတပ်ပြီး ငင်ယူရတာပေါ့။ တချို့တွင်းတွေမှာ ဘေးတိုင်နှစ်တိုင်စိုက်၊ အထက်မှာတန်းပစ်ပြီး စက်သီးချိတ်ထားလို့ရတဲ့ နေရာကလေးတွေ ရှိတယ်။ ကိုယ့်စက်သီးနဲ့ကိုယ် ရေပုံးကြိုးလျှောချပြီး ရေငင်လို့ရတယ်။ တချို့တွင်းတွေက စက်သီးတိုင်မပါဘူး။ ဒီတော့ ဒီအတိုင်းပဲ လက်နဲ့ ငုံ့ဆွဲငင်ယူရတာပဲ"

"ဒီတော့ မြတို့လက်တွေ နာမှာပေါ့။ ဘယ်လောက်ပင်ပန်းလိုကတဲ့ ဘဝလဲနော်"

ကျွန်တော်က သနားဂရုဏာသက်ဟန်ဖြင့် မသိသားဆိုးဝါးစွာမှတ်ချက်ချတော့ မြက ပြုံးနေ၏။

"အို... အဲဒါ ပျော်စရာကောင်းပါတယ် အစ်ကိုရဲ့။တကယ်လို့ လက်နာမခံနိုင်ဘူး။ ငွေကြေးလည်း တော်တော် သင့်သင့်ရှိတယ်ဆိုရင် ကိုယ့်အိမ်မှာ မော်တာနဲ့စုပ်ယူတဲ့ အဝီစိတွင်းတွေ တူးနိုင်သားပဲ"

မြတို့မြို့တွင် သစ်ပင်ကြီးများသည် ကြီးမားလှ၏။ လူတစ်ယောက်လက်ဖြင့်ဖက်၍ မနိုင်အောင် အဆမတန်ကြီးမားသော ပင်စည်များ ရှိကြသည်။ သစ်ရိပ် ဝါးရိပ်ဖြင့်မြို့သည် ငြိမ်းချမ်းအေး



www.burmeseclassic.com

www.burmeseclassic.com



မြလှ၏။ တစ်ဖက်မှာ တောင်တန်း၊ တစ်ဖက်မှာ မြစ်၊ ရာသီဥတု သည် နှစ်သက်စဖွယ် ရှိသည်။

"ကျွန်မတို့မြို့မှာ ဆောင်းဥတုဟာ ဆောင်းဥတုနဲ့တူအောင် အေးတယ် အစ်ကို။ နွေဥတုမှာတော့ သစ်ရွက်တွေ တကယ် ကြွေကြ တယ်။ တောင်လေ တကယ်လာတယ်။ လေဟာ ခြောက်သွေ့ပြီး လတ်ဆတ်နေတာ၊ သစ်ပင်ရိပ်ကြောင့်သာ သိပ်မပူဘဲ အေးစိမ့် နေတာကိုး"

ရာသီသုံးမျိုးတွင် ထင်ရှားကွဲပြားစွာ တွေ့မြင်ရသော သက် ဆိုင်ရာ ရှုခင်းများကို ကျွန်တော့်ဇနီးက မှန်းဆမြင်ယောင်သော မျက်လုံးများဖြင့် ပြောပြခဲ့ပါသည်။

"မြ... ဒီမှာနေရတာ မပျော်ဘူးလား"

ကျွန်တော် မြအား စူးစိုက်စွာကြည့်ရင်း မေးမိတော့ မြက ကျွန်တော့်ကို ပြုံးရယ်ကာ ခေါင်းယမ်းပြခဲ့၏။

"အို... အဲလိုအဓိပ္ပါယ်နဲ့ပြောတာ မဟုတ်ပါဘူး အစ်ကိုရဲ့"

ယခုမှ ကျွန်တော်သတိထားမိသည်။ မြသည် ဤနေရာမှာ နေရတာ ပျော်ပါသည်ဟုတော့ မဖြေခဲ့ပါ။ ကျွန်တော် မြကို စိတ်နှင့်မတွေ့သည့်အခါ ဆူပူကြိမ်းမောင်းမိသည့် အဖြစ်များကို ယခုအခါ ပြန်လည် စဉ်းစားပုံဖော်ကြည့်မိတော့ မြ၏ မျက်ရည်များ တွင် နာကြည်းမှုများ မပါဝင်ပါဘူးဟု စိတ်သက်သာရာ ရမိသည်။

ကျွန်တော်နှင့်မြ ကတောက်ကဆ စကားများပြီးလျှင် ကျွန်တော်ကသာ ဗြုန်းခနဲ အလျှော့ပေးပြီး ထထွက်သွားရသည်ချည်း ပင်ဖြစ်ပါသည်... ဟု ကိုယ့်ကိုယ်ကို လုံခြုံစွာ ဆင်ခြေပေးမိ၏။ ညဉ့်နက်မှ အိမ်သို့ ပြန်ဝင်လေ့ရှိပြီး အိမ်သို့ ရောက်သည့်အခါတိုင်း ကျွန်တော့်ဒေါသတွေက ပြေပြီးပြီ။ မြကို ပုံမှန်အတိုင်း နူးညံ့သာယာ





စွာ စကားပြောဖို့ အဆင်သင့် စိတ်ထားမျိုးဖြင့် ကျွန်တော် အိမ်ပြန် လာလေ့ရှိပါသည်။ သည့်အတွက် ကျွန်တော်သည် ကိုယ့်ကိုယ်ကို သဘောထား ကြီးမြင့်သော ယောကျ်ားအဖြစ် ကျေနပ်ဂုဏ်ယူလေ့ လည်းရှိပါသည်။ သို့သော် ယခုအချိန်ကျမှ ကျွန်တော် မှန်းဆပုံဖော် တွေးမိပြန်သည်မှာ ကျွန်တော်နှင့် စကားများ ရန်ဖြစ်ပြီးနောက် ကျွန်တော် အိမ်ထဲမှ ထွက်ခွာသွားသော အချိန်တိုင်း မြသည် သူမ၏ ဒေါသများ၊ နာကြည်းမှုများ၊ ဝမ်းနည်းမှုများကို ဘယ်လို ဖြေဖျောက် လမ်းလွှဲယူသလဲ။ ယောကျ်ားနှင့် မျက်နှာချင်းဆိုင် ရန်တွေ့ ဖြေရှင်းချင်သေးသော သူမရင်ထဲမှ စကားများကို ဘယ်မှာသွန်ချ၍ ပြီးဆုံးစေခဲ့သလဲ။ ဒါတွေကို ကျွန်တော် မသိပါ။ ကျွန်တော်သိသည် မှာ ကျွန်တော် ဒေါသပြေပြီး အိမ်ပြန်ရောက်လာချိန်တွင် မြသည် ဝရန်တာမှာ ထွက်၍ မတ်တတ်ရပ်ပြီး ကောင်းကင်သို့ မော့ကြည့် နေတတ်၏။ ကောင်းကင်မှာ တိမ်လိပ်တွေ ရှိချင်ရှိမည်။ သို့မဟုတ် လခြမ်းကွေးကလေး ရှိချင်ရှိမည် သို့မဟုတ် လပြည့်ဝန်း ရှိချင် ရှိမည်။ သို့မဟုတ် ကြယ် အနည်းအပါး ရှိချင်ရှိမည်

"မြ" ဟု ကျွန်တော် စတင်နှုတ်ဆက်သည့်အခါ မြသည် ဘာမျှ နာကျင်မှုမရှိ ပကတိရှင်းလင်းသော မျက်နှာပေးဖြင့် "အစ်ကို" ဟု ညင်သာစွာ ထူးတတ်သည်။ ကျွန်တော်က လက်နှစ်ဖက် ကမ်းလျက် ပြုံးပြလိုက်သည့်အခါ မြသည် ကျွန်တော်တို့နှစ်ဦးအကြား ဘာမျှ အတားအဆီး မရှိခဲ့ဖူးလေဟန်ဖြင့် ကျွန်တော့်ရင်ခွင်ထဲသို့ အလိုက်သင့် ဝင်ရောက်လာတတ် လေသည်။

အိမ်မှုဆင်းဆင်းချင်း လေ့ကား အချိုးအကွေ့များမှာ တွေ့ရာ အုတ်နံရံကို လက်သီးဖြင့် ထိုးလျက် ဒေါသကို လမ်းကြောင်းလွှဲပစ် ရသော ကျွန်တော့်အဖြစ်ကို မြမသိ။ ထိုအတူပင် ကျွန်တော်မရှိသည့်



www.burmeseclassic.com

အချိန်ကာလအတွင်း မြ၏ ဒေါသတို့ကို ဘယ်အရာဖြင့်လမ်း ကြောင်းလွှဲပစ်ခဲ့ရသလဲဟု မြကို ကျွန်တော် မမေးမိ။ မမေးခဲ့မိပါ။ ပထမပိုင်းကာလများဆီကတော့ မိန်းမတစ်ယောက်၏ ဒေါသကို လမ်းကြောင်းလွှဲပေးစရာ ပစ္စည်းကိရိယာ အစုံအလင် မီးဖိုချောင်ထဲမှာ ရှိသည်ဟု စိတ်ချထားခဲ့၏။ မြသည် ကြက်ဥများကို ပေါက်ခွဲပစ်နိုင်သည်။ ဖန်ခွက်များ၊ ကြွေပန်းကန်များကို ပေါက်ခွဲပစ်နိုင်သည်။ သို့သော် နောက်ပိုင်းမှာ ထိုသို့မဟုတ်မှန်း ကျွန်တော် သိလာခဲ့သည်။ မြသည် ကျွန်တော့်အပေါ် သက်ရောက်နေသည့် သူမ၏ ဒေါသအတွက်ဘယ်အရာဖြင့် အစားထိုးပေးခဲ့သလဲ။ ဘယ်အရာအပေါ် လမ်းလွှဲ ပေးအပ်ခဲ့သလဲ။ ကျွန်တော် မသိနိုင်တော့သည့်အခြင်းအရာသာ ဖြစ်ပါသည်။

ဝရန်တာမှာ မျှော်ကြည့် မော့ကြည့်တတ်သည့် မြ၏ အကျင့်ကို ကျွန်တော် အိမ်ပြန်ချိန်အား စောင့်မျှော်ရာမှရသည့် အကျင့်ဟုပင် ကျွန်တော် ထင်ခဲ့သည်။

* * *

မြို့တော်ကြီးကို မြ စိတ်ကုန်လာသည်ကို ကျွန်တော် သိသောအခါ မြ၏ စိတ်အပြောင်းအလဲအတွက် ခရီးထွက်ရန် ကျွန်တော် ကြိုတင်ကြံစည်ခဲ့ပြီး မြကို အနီးကပ် အချိန်ရောက်မှ ဖွင့်ပြောခဲ့သည်။

"မြရေ... ကိုယ်တို့ ဟောဒီမြို့ကြီးကနေ ဆယ်ရက်လောက် ထွက်ပြေးကြစို့လား။ မြသွားချင်တဲ့ တောင်တန်းတွေ၊ လယ်ကွင်းတွေ၊ မြစ်တွေဆီ၊ နောက်ပြီး လတ်ဆတ်တဲ့လေတွေဆီကို သွားကြမယ်"

ကျွန်တော် မျှော်လင့်ထားသည်က မြသည် မျက်ဝန်းများ တောက်ပလျှက် တအံ့တသြ ကြည်နူးပျော်ရွှင်စွာ ရယ်မောပေလိမ့်မည်





ဟူသည့် အဖြစ်အပျက်။ သို့သော် တကယ်တမ်းကျတော့ မြသည် မထူးခြားသော သာမန်အပြုံးကလေးဖြင့် လက်ခံခဲ့သည်။

"မြတို့ရွာကလေးကို သွားလည်ချင်သလား မြ"

မြက ဖြည်းညင်းစွာ ခေါင်းခါယမ်းပါသည်။

"အဲဒီမှာ အဖေလည်း မရှိတော့ဘူး၊ အမေလည်း မရှိတော့ဘူးလေ အစ်ကို။ ကျွန်မ တွယ်တာစရာ ဘာမှမရှိတော့တာ၊ ကျွန်မရဲ့ မြို့ကလေးဟာ တခြားမြို့ကလေး သုံးလေးဆယ်လိုပါပဲ၊ ပိုပြီး မထူးခြားနိုင်ပါဘူး။ အစ်ကို သွားချင်တဲ့မြို့ကို သွားကြတာပေါ့"

ကလော၊ ပင်းဒယ၊ မန္တလေး၊ စစ်ကိုင်းနှင့် ပုဂံ၊ ညောင်ဦး မြို့များသို့ ခရီးထွက်ရန် ကျွန်တော် ဆုံးဖြတ်လိုက်ရပါသည်။ ရထားခရီးစဉ်၊ ကားလမ်းခရီးစဉ်နှင့် မြ၏ စိတ်ကြည်လင်မှုအတွက် သင်္ဘောခရီးစဉ်ကိုပါထည့်၍ စီစဉ်လိုက်ပါသည်။

တောင်ပေါ်ဒေသရှုခင်း၊ အညာရှုခင်း၊ ဘုရားစေတီပုထိုးများ ရှုခင်းနှင့်အတူ အဆုံးမရှိ ကျယ်ပြန့်လှသော ကောင်းကင်ပြင်နှင့် မရေတွက်နိုင်အောင် များပြားပြည့်နှက်နေသော လင်းလက်သည့် ကြယ်ကလေးများ၏ ရှုခင်းသည် မြကိုသာမက ကျွန်တော့်ကိုပင် ကြည်နူး လိုက်လှဲစေခဲ့သည် ပြန်တွေးကြည့်တော့ ထိုခရီးကာလ ဆယ်ရက်သည် ကျွန်တော်နှင့် မြအကြားမှာ ဘာရန်စကားမှ မဆိုရသော၊ ဘာဒေါသမှ မထွက်ရသော ချမ်းမြေ့ ဆိတ်ငြိမ်သည့် အဖိုးတန်ကာလ ကလေးပဲ ဖြစ်သည်။

နောက်နှစ်တွေမှာလည်း သည့်ထက်ပို၍ ရက်အားရအောင် စီစဉ်ပြီး မြနှင့်ကျွန်တော် နှစ်ယောက်အတူ ခရီးထွက်ကြမည်။ ဆယ်ရက်တာမျှ ငြိမ်းချမ်းကြည်နူးစွာ အသစ်ဖြစ်တည်သော ချစ်ခြင်း

www.burmeseclassic.com



ဖြင့် ကျွန်တော်တို့ နှစ်ယောက်သည် လာမည့် တစ်နှစ်တာကာလကို ရင်ဆိုင်ရန် ခွန်အားသတ္တိများကို ရရှိပေလိမ့်မည်

ထိုအတွေးသည် ကျွန်တော့်ရင်ထဲမှာသာ တိုင်တည်ဆုံးဖြတ်လျက် မြကို မပြောမိသော အတွေးဖြစ်သည်။ မြကို ဘာကြောင့် မပြောမိပါလိမ့်ဟု ပြန်တွေးကြည့်တော့လည်း ရေရေရာရာမသိ။ ပြောဖို့စဉ်းစားပြီး မပြောလိုက်မိတာလား။ သို့မဟုတ် ပြောဖို့ကို သတိမရတာလား၊ ကျွန်တော် မခွဲခြားနိုင်ခဲ့ပေ။

ကျွန်တော် ဘယ်တော့မျှ မမေ့နိုင်တော့မည့် ညတစ်ည ရှိသည်။ ထိုညသည် ကျွန်တော်တို့ခရီး၏ နောက်ဆုံးည ဖြစ်သည်။ ပုဂံညောင်ဦးမှအပြန်တွင် ကျွန်တော့်ဆွေမျိုးများ ရှိသော မြို့သေးသေးကလေး တစ်မြို့မှာ ကျွန်တော့်ဆန္ဒဖြင့် တစ်ရက် ဝင်နားခိုကြသည်။ ထိုကာလသည် ကျွန်တော်နှင့်မြ၏ ဘဝမှ နှုတ်ယူ၍ရလျှင် ပြန်နှုတ်ယူလိုက်ချင်သော ကာလကလေးဖြစ်၏။ တကယ့်အဖြစ်မှန်တွင် ကျွန်တော်တို့သည် မိမိတို့ဘဝမှ မည်သည့် ဂဏန်းတစ်လုံးကိုသော်မျှ နှုတ်ယူခွင့် မရှိနိုင်ပါ။

ကျွန်တော်တို့ တည်းခိုသည့် အိမ်သည် ခြံဝိုင်းကျယ်ပြန့်ပြီး ခြေတံရှည် သစ်သားအိမ်ကြီး ဖြစ်သည်။ ရေနံချေးသုတ်ထားပြီး မည်းနက်ခိုင်ခံ့သော အိမ်ကြီးဖြစ်သည်။ မြ အလွန်သဘောကျသော အိမ်အမျိုးအစား ဖြစ်သည်။ ထို့ထက်ပို၍ မြကို အံ့သြရွှင်လန်းစေသည့် (ဟုကျွန်တော် ထင်ခဲ့သော) အရာမှာ ခြံဝိုင်းရှေ့က ရေတွင်းကြီးပင် ဖြစ်သည်။

ရေတွင်းကြီးသည် အချင်းငါးပေနီးပါး ကျယ်ဝန်း၏။ ရေတွင်းပေါင်မှာ ထုထည် ထူထဲစွာနိမ့်သော ဘိလပ်မြေ ကိုင်ထားသည့် ပေါင်ဖြစ်သည်။ ရေတွင်း နှုတ်ခမ်းပေါင်သည် ကျွန်တော့်





လက်နှင့် ထိလိုက်သောအခါ အေးစိမ့်သည့် အတွေ့ကိုပေး၏။ သမံတလင်းအရောင်သည် လရောင်အောက်မှာ ပြောင်လက် ချောမွတ်နေလေသည်။ လူတွေ ပွတ်တိုက်ပါများ၍ ချောမွတ်နေသော ရေတွင်းနှုတ်ခမ်းကို ကျွန်တော် လက်ထောက်မှီပြီး ရေတွင်းထဲ ငုံ့ကြည့်လိုက်သောအခါ ဟိုးအောက်ခြေရှိ ရေပြင်၌ လပြည့်လ၏ အရိပ်ကို မြင်ရသည်။ ထို့နောက် ကျွန်တော့်မျက်နှာအဖြစ် ခပ်မည်းမည်းအရိပ်၊ ထို့နောက် မြ၏ အရိပ်။ မြကလည်း ကျွန်တော် ငုံ့ကြည့်သလိုပင် ငုံ့ကြည့်လျက် ရယ်မောလိုက်သည်။ မြ၏ရယ်သံသည် ရေတွင်း၏ နက်ရှိုင်းမှု၊ လုံခြုံမှုကြောင့် လိုဏ်သံပေါက်ကာ ထူးဆန်းသော ရယ်သံတစ်ခုပမာ ထင်ရသည်။ ကျွန်တော် မြကို လှည့်ကြည့်လိုက်သည်။

"ဘာရယ်တာလဲမြ"

မြက ပြုံးလျက် ကျွန်တော့်ကို ကြည့်၏။

"ကျွန်မ ငယ်ငယ်တုန်းကပေါ့... ငယ်ငယ်ဆို တော်တော့်ကို ငယ်တုန်းကပါပဲ။ ကောင်းကင်လဟာ ဘာလဲလို့ မသိတတ်အောင် ငယ်သေးတဲ့အရွယ်ပေါ့။ အဲဒီတုန်းက လကို သိပ်လိုချင်ခဲ့တာ"

ကျွန်တော် ခပ်ဟက်ဟက် ရယ်မောမိသည်။

"လိုချင်ပေမယ့် လက သိပ်ဝေးလွန်းတယ် ဆိုတာတော့ သိနေသတဲ့ အစ်ကိုရဲ့... အဲဒီလိုနဲ့ တစ်နေ့ကျတော့ အဖေက ကျွန်မကို ချီထားပြီး ကျွန်မတို့အိမ်ရှေ့က ရေတွင်းကြီးထဲကို ငုံ့ကြည့်ရတော့ ရေတွင်းထဲမှာ လကို မြင်တာကိုး။ ဒီတော့ ကောင်းကင်က လဟာ သိပ်ဝေးတယ်။ အဖေ ယူပေးနိုင်မှာ မဟုတ်ဘူး။ ရေတွင်းထဲက လကတော့ နီးတယ်။ ရေပုံးကြိုးနဲ့ ငင်ယူရင် အဖေ ယူပေးလို့ရမှာပဲလို့ တွက်သတဲ့"



www.burmeseclassic.com

www.burmeseclassic.com



မြ၏အသံမှာ ကလေးတစ်ယောက်ကို ပုံပြောပြနေသည့် အသံမျိုး ဖြစ်သည်။ ကျွန်တော်သည် ရေတွင်း အုတ်သမံတလင်း ပေါင်ကိုမှီလျက် မြ၏ မျက်နှာကို ခပ်ဆဆ ငေးကြည့်မိသည်။

"အဲဒီတော့ အဖေ့ကို ယူခိုင်းတာပေါ့။ အဖေက ရယ်လိုက်တာ မပြောပါနဲ့တော့။ ဒါပေမယ့် အဖေက ကျွန်မကို အလိုလိုက်ပါတယ်။ ရေဖြည့်ထားတဲ့ ဗာလီချိုင့်သေးသေးကလေး မြေကြီးမှာ ချပေးပြီး အဲဒီထဲမှာ ပေါ်နေတဲ့ လကလေးကို ကျွန်မကိုပေးရော၊ ကျွန်မက ငြင်းသတဲ့။ ဒီလက သေးသေးလေး၊ ရေတွင်းထဲကလက ကြီးကြီး ကြီးလို့ ပူဆာသတဲ့"

မြက တစ်ချက်ရယ်ပြန်သည်။

"အဲဒီတော့ အဖေက ကျွန်မကို ဘယ်လောက် အလိုလိုက်သလဲဆိုရင် ရေတွင်းထဲကလကို ကျွန်မ အမိန့်အတိုင်း ရေပုံးနဲ့ခပ်ခပ်ပေးတာ ရေတွင်းဝလည်းရောက် ရေပုံးထဲက လကလည်းပျောက်၊ ရေတွင်းထဲမှာပဲ လကကျန်နေ၊ အဲဒီလို ထပ်ကာ ထပ်ကာ ရေငင်ပြီးမှ ကျွန်မကို ဖေဖေက ချော့ရသတဲ့"

"ဒါဖြင့် မြက တော်တော်ဆိုးခဲ့တာပေါ့နော်။ တော်ပါသေးရဲ့ မြရယ်၊ အခုနေများ ရေတွင်းထဲက လကို ယူခိုင်းရင် ကိုယ်တော့ဒုက္ခပဲ"

မြ ကျွန်တော့်ပခုံးကို မှီနွဲ့ကာ ရယ်မောသည်။

"အို... အစ်ကို့ကိုတော့ ရေတွင်းထဲက လကို မပူဆာတော့ပါဘူး။ ကောင်းကင်က လကိုပဲ ပူဆာတော့မှာပေါ့"

ကျွန်တော့်မြက စနောက်တတ်လေသည်ဟု ကျွန်တော် သဘောကျစွာ ရယ်မောခဲ့ပါသည်။





ထိုညက ကျွန်တော်တို့နှစ်ယောက် ကြည်နူးစွာ အိပ်မောကျသွားခဲ့သည်။ အနည်းဆုံးပေါ့လေ၊ ကြည်နူးစွာအိပ်မော ကျသွားခဲ့သည်ဟု ကျွန်တော် ထင်ပါသည်။

သို့သော် နောက်တစ်နေ့နံနက် အရုဏ်တက်ချိန်တွင် ကျွန်တော့်အနားမှာ မြမရှိ။ အိမ်သာမှာ တောမြို့များ၏ ထုံးစံအတိုင်း အိမ်နှင့် ခပ်လှမ်းလှမ်းတွင်ရှိသဖြင့် အိမ်သာသို့ သွားလိုလျှင် ကျွန်တော့်ကိုနိုးရန် မြကိုမှာထားခဲ့သည်။ သို့သော် ကျွန်တော် လိုက်သွားသော အခါတွင်လည်း ထိုနေရာမှာ မြမရှိ။ အိမ်ရှေ့ မျက်နှာသစ်ရေချိုးရာ ရေတိုင်ကီများ၊ စဥ့်အိုးများရှိရာ နေရာမှာလည်း မြမရှိ။

"မြရေ..."

တစ်အိမ်လုံး နိုးသွားသောအခါ မြကို နေရာအနှံ့ လိုက်ရှာကြသည်။ အိမ်ပတ်ဝန်းကျင်တစ်ခုလုံး ဘယ်နေရာမှ မြမရှိ။ ကျွန်တော်သည် နားမလည်နိုင်မှုသာများလျက် စိုးရိမ်သောက ကဘဖြည်းဖြည်းမှ ဝင်ရောက်လာခဲ့သည်။

"မြ..."

နောက်ဆုံးမှာတော့ ကျွန်တော် ဘယ်လိုမှ မထင်မှတ်ခဲ့သော အဖြစ်အပျက်ကို ချောက်ချားနာကျင်စွာ ကျွန်တော် ရင်ဆိုင်လိုက်ရသည်။ ရေစိုရွှဲနေသော မြ၏အလောင်းကို ကျွန်တော် မြင်လိုက်ရသောအခါ ကျွန်တော်သည် သောကနှင့် နာကျင်ကြေကွဲမှု၊ ချောက်ချား တုန်လှုပ်မှုတို့ဖြင့် သတိလက်လွတ် ဖြစ်သွားခဲ့ရပါသည်။

မြ ဘာဖြစ်သွားခဲ့သည်ဟု ကျွန်တော် မသိပါ။

ဖြနစ်တိုင်တိုင် ရင်းနှီးခဲ့သောမြမှာ ဘာစိတ်ရော... ကြောင်း ကျွန်တော်သာလျှင် အသိဆုံး ဖြစ်ပါသည်။ မြသည်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တုန်းကမျှ ခပ်ကြောင်ကြောင်စရိုက် ရှိသူလည်း မဟုတ်။ မြ သေသွားရင် အစ်ကိုသိစေ့မယ်... ဟူသည့် နာကြည်းစကား တစ်ခွန်းသော်မှ ဒေါသအလျောက် ပြောဆိုခဲ့ခြင်းမရှိ။ အများတကာလို စာကလေး တစ်ကြောင်းတစ်လေမှလည်း ထားရစ်ခဲ့ခြင်းမရှိ။ ကျွန်တော်နှင့်မြသည် ညအိပ်ရာဝင်သည်အထိ ရန်စကား တစ်ခွန်းသော်မှ မဆိုခဲ့ကြ။ မြ စိတ်အနှောင့်အယှက် ဖြစ်မည့် စကားတစ်ခွန်းသော်မှ ကျွန်တော်ကလည်း မပြောခဲ့မိ။ ကျွန်တော်တို့နှစ်ယောက် စိတ်လက်ပေါ့ပါးစွာ ရယ်မောခဲ့ကြသည် မဟုတ်လား။

ဖြစ်နိုင်သည်မှာ ရေတွင်းပေါင်နှုတ်ခမ်းသည် လိုအပ်သည်ထက်ပို၍ ချောမွတ်နေခြင်း၊ သာမန်ရှိသင့်သည့် အမြင့်ထက် ပို၍ တော်တော်နိမ့်နေခြင်း၊ ရေတွင်းဘေးကအောက်ခြေ အုတ်သမံတလင်းသည် ရေညှိတက်၍ ချောနေခြင်း... ထိုအချက်များအရ မတော်တဆ ပြုတ်ကျခဲ့သည်ဟု ကျွန်တော်တို့ ကောက်ချက် ချရပါလိမ့်မည်။ ချစ်လှစွာသော ဇနီးသည်တစ်ယောက် အိပ်ရာထဲမှထ သွားသည်ကို မသိလိုက်လေခြင်း၊ အလန့်တကြား အော်လိုက်သည့် အာမေဋိတ်သံကိုပင် မကြားလိုက်လေခြင်းဟု နောင်တနှင့် ရှက်ရွံ့မှုများစွာဖြင့် ကြေကွဲ တုန်လှုပ်သွားရသော ကျွန်တော်သည် မြ၏ ဖြစ်နိုင်ခြေများကို တွက်ချက်စဉ်းစား၊ အမိပ္ပာယ်ကောက်ရန် ဘယ်တော့မှ ခေါင်းအေးအေး၊ သွေးအေးအေး တည်ငြိမ်နိုင်တော့မည် မဟုတ်ပါ။

မည်သို့ သေဆုံးခဲ့သည်ဖြစ်စေ ကျွန်တော့်ဇနီးကတော့ သေဆုံးခဲ့ပြီ။ ကျွန်တော့်ကို တစ်ယောက်တည်းထားရစ်ခဲ့ပြီ။

မည်သို့သေဆုံးခဲ့သည်ဖြစ်စေ ကျွန်တော့်ဇနီးသည် ရေတွင်းဆီသို့ ကျွန်တော် မသိလိုက်ဘဲ နောက်တစ်ကြိမ်သွားဖို့ ကြိုးစားခဲ့ပြီ။ ဘာကြောင့် သွားခဲ့ပါသလဲ။ ကျွန်တော် မသိပါ။ ကျွန်တော် မြကို





နားလည်ခဲ့သည်ဟုများ တစ်ခါတုန်းက ကိုယ့်ကိုယ်ကို ထင်ခဲ့မိပါသလား။ ဒါဆိုလျှင် ကျွန်တော်သည် အလွန်မှားယွင်းသော လူတစ်ယောက်သာ ဖြစ်ခဲ့ပါလိမ့်မည်။

* * *

ကျွန်တော်သည် လောကကြီးထဲမှာ ပျော်ရွှင်တတ်သော လူတစ်ယောက် ဖြစ်ခဲ့သလားဟု ကိုယ့်ကိုယ်ကို ပြန်မေးကြည့်မိသည်။ ကျွန်တော် ယခင်က ဘယ်လိုခံစားချက်ရှိခဲ့မှန်း ကျွန်တော် မသိနိုင်တော့ပါ။ ယခုအခါ အတိတ်ဘဝနှင့် ပတ်သက်သည့် မှတ်ဉာဏ်များ ကျွန်တော့်ထံမှ ပျောက်ကွယ်လုနီးပါး ဖြစ်ခဲ့ပါပြီ။ ဘယ်အချိန်မှစ၍ မှတ်ဉာဏ်တွေ ပျောက်ကွယ်ခဲ့ပါသလဲ။ ကျွန်တော် မှန်းဆကြည့်မိသမျှတော့ ဝရန်တာမှနေ၍ ကောင်းကင်ကို မော့ကြည့်သည့် အလေ့အကျင့်ရပြီး သိပ်မကြာမီမှာပင် ကျွန်တော်၏ မှတ်ဉာဏ်များ တဖြည်းဖြည်း လျော့ပါးသွားခဲ့သည်။

ကောင်းကင်ဆီမှ ကျွန်တော် ဘာကို စောင့်ကြည့်တတ်ခဲ့ပါသနည်း။ တိမ်တွေလား၊ ကြယ်တွေလား၊ လကိုလား။ လောလောဆယ် ကျွန်တော် မြင်နေရသည်မှာတော့ လပြည့်လပင် ဖြစ်သည်။

လသည် လူသားတစ်ယောက်၏ မှတ်ဉာဏ်ကို ဖျက်ဆီးပစ်တတ်ပါသလား။ မည်သည့် ဂုဏ်သတ္တိများဖြင့် ဖျက်ဆီးလိုက်ပါသနည်း။ မည်သည့် အတိုင်းအတာအထိ ဖျက်ဆီးလေ့ရှိပါသနည်း။

ပြောရလျှင်တော့ လသည် ကျွန်တော့်အတွက် အလွန်ခက်ခဲသော ပုစ္ဆာတစ်ပုဒ် ဖြစ်ပါသည်။

[၁၉၉၆ခု၊ ဇန်နဝါရီလ၊ ကလျာမဂ္ဂဇင်း။]

www.burmeseclassic.com

www.burmeseclassic.com

# ရုပ်တု

ဆိုင်ခန်းထဲသို့ ဝင်လိုက်လျှင် ဝင်လိုက်ချင်း ကျွန်တော် ရင်ဆိုင်လိုက်ရသည်မှာ ဇူးရှသော ဖုန်နံ့ဖြစ်သည်။ ဆိုင်ရှင်သည် ကျွန်တော်တို့ အကျိုးဆောင်အဖွဲ့ကို လှမ်းမခေါ်မီ သန့်ရှင်းရေးအဖွဲ့ကို အရင်လှမ်းခေါ်သင့်သည်ဟု ကျွန်တော်ထင်၏။ ကျွန်တော့် မျက်စိအောက်မှာ မြင်မြင်သမျှ အရာဝတ္ထုများ၏ ရှုပ်ပွနေသော မြင်ကွင်း ကြောင့် ဤဆိုင်သည် ရှေးဟောင်းပစ္စည်း အရောင်းဆိုင်တစ်ခုနှင့် မတူဘဲ စတိုခန်းတစ်ခုနှင့် တူနေသည်။ စတိုခန်းတစ်ခုနှင့် တူနေသော ရှေးဟောင်းပစ္စည်း အရောင်းဆိုင်ကို ပြတိုက်တစ်ခုနှင့် တူလာအောင် ကျွန်တော်က ပြုပြင်ပြောင်းလဲ၍ အလှဆင်ပေးရမည် ဖြစ်သည်။ အခြေအနေကို အကဲခတ်ရသလောက်တော့ ဤအလုပ်သည် သိပ်ဖြစ်နိုင်ချေ မရှိပါ။

**ဥက္ကာရလမင်း**

www.burmeseclassic.com

www.burmeseclassic.com



ဖုန်တက်နေသော ပစ္စည်းအစုအဝေးများသည် ဆိုင်ထဲတွင် စားပွဲခုံရှည်များပေါ်၌ ပိုးလိုးပက်လက် ရှုပ်ထွေးနေကြ၏။ နံရံမှာ ရှိသော စင်ကလေးများပေါ်တွင် ခပ်ဖေါ့ဖေါ့ပစ္စည်း အဟောင်းများစုပြုံ တင်ထားသည်။ နံရံမှာ တန်းလန်းချိတ်ဆွဲထားသော အရိုးလက် ကောက်လို၊ တိရစ္ဆာန်လက်သည်းမျိုးစုံလို၊ ပုတီးစေ့လို၊ ရုပ်သေးရုပ်လို အရာများကလည်း တစ်ချက်တစ်ချက် တိုက်ခတ်သော ပြင်ပလေ ကြောင့် လှုပ်ရမ်းလျက် ရှိသေးသည်။ ထိုအခါမျိုးတွင် ဆိုင်ခန်းသည် စတိုခန်းတစ်ခုနှင့် မတူတော့ပြန်ဘဲ မျက်လှည့်ခန်းတစ်ခု၊ သို့မဟုတ် မှော်ခန်းတစ်ခုနှင့်လည်း တူပြန်သည်။

အခန်းသည် ဝင်ပေါက်မျက်နှာပြင်ဆီက အလင်းရောင်နှင့် လေကလွဲပြီး ဘာအလင်းရောင်မှမရနိုင်။ ဘေးနံရံများသည် ပြတင်း ပေါက် လုံးဝမရှိသော အုတ်နံရံများဖြစ်သည်။ ဤအုတ်နံရံများ နဂိုက ဘာအရောင်ရှိသည်ဟု မခန့်မှန်းနိုင်လောက်အောင်ပင် ဖြူလျော် ညစ်နွမ်းနေ၏။ လျှပ်စစ်မီးအရောင်ဖြင့်သာ ပစ္စည်းများကို မြင်နေရသည်။ ထိုပြင် အလင်းရောင်အားကို ချွေတာထားသည်ဖြစ်ရာ ပစ္စည်းများသည် သူ့နဂို အရည်အချင်းထက်ပင် စိတ်ဝင်စားမှု နည်းပါး စေသလို ဖြစ်နေသည်။

"ဖလ်ချောင်းတွေကို မျက်နှာကျက်မှာ ထပ်ဖြည့်ရဦးမယ် လေ။ ဦးလေးရဲ့ တန်ဖိုးကြီး ပစ္စည်းတွေကိုတန်ဖိုး အမှန်အတိုင်း ဝယ်သူက မြင်နိုင်အောင်လို့ပေါ့"

ဆိုင်ရှင်၏ မျက်လုံးများသည် စိတ်လှုပ်ရှားမှု ကင်းမဲ့စွာ သေသေကြီး ဖြစ်နေ၏။ သူက ခေါင်းတစ်ချက်သာ ညိတ်ပြသည်။

တကယ်တော့ ရှေးဟောင်းပစ္စည်းကို ကျွန်တော် စိတ်မဝင် စားပါ။ ကျွန်တော် အလှဆင်ပေးခဲ့သော အိမ်ခန်းများ၊ ဆိုင်ခန်းများ





တွင်လည်း ရှေးဟောင်းပစ္စည်းဆိုင်တစ်ခုမျှ မပါဝင်ခဲ့ဖူးပါ။ သို့သော် ဤဆိုင်ခန်းကို နိုင်ငံခြားသားဧည့်သည်များ စိတ်ဝင်စားလာအောင်၊ ဆွဲဆောင်မှုရှိအောင် ကျွန်တော်က မွမ်းမံပြင်ဆင်ပြီး နေရာချထားပေး ရမည်ဖြစ်ပါသည်။

ခက်နေသည်မှာ ပစ္စည်းများ၏တန်ဖိုးနှင့် အရေးပါမှုကို ကျွန်တော် မသိပါ။ ကျွန်တော့် မျက်စိအောက်မှာ မြင်နေရသမျှ အဟောင်းအနွမ်းများကတော့ ကျွန်တော့်အတွက်ဆိုလျှင် အမှိုက်ပုံ ထဲသို့ သွားပစ်မိမည့်အရာများသာ ဖြစ်သည်။ ဟောင်းနွမ်းနေသော ရွှေချည်ထိုးအစများ၊ သစ်သားပန်းပုရုပ်များ၊ ကြေးသွန်း အရုပ်များ၊ ကြေးသွန်းဟင်္သာအလေးများ၊ ဆေးတံအဟောင်းအမြင်းများ ဒါတွေ... ကျွန်တော် စိတ်မဝင်စားပါ။ တချို့ဆေးတံများမှာ ဆေးအိုးက နုတ်ခမ်းပဲ့၍ပင်နေသေး၏။ သမင်ချိုများ၊ ကျွဲချိုများနှင့် ဝက်ဝံအရေခွံ၊ ကျားအရေခွံများကိုတော့ ကျွန်တော် စိတ်ဝင်စားသည်။ ဓာတ်စက် အဟောင်းကြီး နှစ်ခု၊ သုံးခုကိုလည်း မြင်တွေ့နိုင်၏။ မီးပန်းဆိုင်း အဟောင်းများသည် မျက်နှာကျက်မှာ သုံးလေးမျိုး စုပြုံချိတ်ဆွဲခံ ထားရသဖြင့် လှသင့်သလောက် မလှတော့ပေ။ ဆိုဖာဆက်တီ အဟောင်းများသည် နံရံတွင်ကပ်လျက် ဖြစ်သလို စုပုံထပ်၍ မှောက်ထား ခံနေရသည်။

"ဦးလေး၊ ဟောဒီဆိုဖာတွေကို ဧည့်ခန်းတစ်ခုလို ဖြစ်အောင် နေရာချလိုက်ရင် ကောင်းမယ်"

"အေး... မင်းကြိုက်သလို လုပ်ပါကွာ။ အလုပ်သမား ခေါ်ပေးရမလား"

"မလိုဘူး ဦးလေး၊ နောက်တစ်နာရီ ကြာရင် ကျွန်တော့် အလုပ်သမားတွေ ရောက်လာမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



သူတို့ရောက်လာချိန်သည် ပစ္စည်းများ နေရာချထားရန် ကျွန်တော် စီစဉ်သတ်မှတ်ပြီးသော အချိန်ဖြစ်ရမည်။

"ဒီတော့...ဦးလေး ကျွန်တော့်ကိုကူညီရမှာက ဘယ်ပစ္စည်းတွေက ဘယ်လိုတန်ဖိုးကြီးတယ်ဆိုတာ သဘောလောက် ပြောပြပေးဖို့ပါပဲ"

သူ့ပစ္စည်းအကြောင်း ကျွန်တော့်ကို ပြောပြသည့်အခါ ဆိုင်ရှင်၏ မျက်လုံးများ အသက်ဝင်လာကြ၏။ ဆိုင်ရှင်သည် သူ့ဆိုင်က ပစ္စည်းများလိုပင် ခပ်ဟောင်းဟောင်းနွမ်းနွမ်း ဖိုသီဖတ်သီ လူတစ်ယောက် ဖြစ်သည်။ ဆံပင်ပါးရသည့်အထဲ ထိပ်ကပြောင်၍ မီးရောင်ဖြင့် အရောင်ပင်လက်နေ၏။ မျက်ခုံး ပါးပါး၊ မျက်လုံးညိုညို သေးသေးသည် ကြောင်၍နေ၏။ လက်ပြင်ကိုင်းကိုင်း ထားတတ်သောကြောင့် အရပ်ပုသည်ဟု ထင်ရသော်လည်း တကယ်တော့ သူ့အရပ် မြင့်ပါသည်။

ကျွန်တော့်အမြင်အရ သာမန်လမ်းလျှောက် လက်ကိုင်တုတ်ကလေးတစ်ခုသည် သူက ပြောပြလိုက်တော့ မြန်မာနိုင်ငံသို့ ပထမဦးဆုံးရောက်လာသည့် ရေနံ့ဝန်တစ်ယောက်၏ လက်ကိုင်တုတ်အဖြစ် တန်ဖိုးကြီးသွားရသည်။ အင်္ဂလိပ်အစိုးရကို တော်လှန်ခဲ့သော ချင်းလူမျိုး သူပုန်တစ်ယောက် ကိုင်ဆောင်သည့် မြားထည့်သည့် ဝါးကျည်တောက်၊ အင်္ဂလိပ်လူမျိုး ခရိုင်ဝန်တစ်ယောက်က သူကြီးတစ်ယောက်အား ဆုချခဲ့သည့် ကမ္ပည်းစာတမ်းပါသော ငွေကွမ်းအစ်ကလေး၊ ပျူခေတ်က အဆင်တန်ဆာဖြစ်သော အရိုးပုတီးကုံး၊ ပုဂံခေတ်က တမီးလ်သံတမန်တစ်ဦး လက်ဆောင်ပေးခဲ့သည့် ကြေးသွန်းနတ်ရုပ်၊ တရုတ်နိုင်ငံရောက် မြန်မာဝန်ကြီးတစ်ပါး သိမ်းဆည်းထားသည့် ကျောက်စိမ်းဖြင့် ထုလုပ်သည့် မိန်းမလှရုပ်ထု





ကလေး...စသည်ဖြင့် သူပြောပြသောအခါ ထိုအရာများကို ကျွန်တော် တအံ့တသြ ကြည့်မိသွား၏။ ပစ္စည်းအစစ်တွေသာ ဆိုလျှင်တော့ ဒေါ်လာထောင်ပေါင်းများစွာ တန်ပေလိမ့်မည်။ သို့သော် ပစ္စည်း စစ်-မစစ် ကျွန်တော်တို့ ဘယ်လိုသိနိုင်မည်နည်း။ ဆိုင်ရှင် ကိုယ်တိုင်ကရော ဘယ်လို သိနိုင်မည်နည်း။ ဒါ ကျွန်တော့်အလုပ် မဟုတ်ပါ။

ဆိုင်ခန်းနံရံကို အဝါနုရောင်ရောသော ထုံးခြောက်ရောင် ဆေးသုတ်ရမည်ဟု ကျွန်တော် လျာထားကြည့်မိသည်။ နံရံမှာ တွဲလောင်းချိတ်သည့် ပုတီးများ၊ အရိုးကွင်းများ၊ လက်ကောက်များကို အခန်းကူးလိုက်ကာ သဘောမျိုးဖြစ်အောင် စီတန်း၍ တွဲလောင်းချပေးရမည်။ ဗုဒ္ဓဝင်ဇာတ်တော်လာ ရုပ်စုံများအဖြစ် ရုပ်လုံးကြွအောင် ထွင်း၍ အလှဖော်ထားသည့် ကျွန်းသေတ္တာကြီးကို ဧည့်ခန်းဆိုဖာ ဆက်တီများ၏ အလယ်ဗဟိုတွင် ခပ်မြင့်မြင့်တင်၍ နေရာချထားရမည်။

"ဘယ်လိုလူမျိုးတွေများ ဒီပစ္စည်းတွေကို ဝယ်ချင်ကြမှာလဲ မသိဘူးနော်"

ကျွန်တော့်အတွေးသည် စကားအဖြစ် လွတ်ကနဲထွက်သွား၏။ ဆိုင်ရှင်က ပါးရေများ တွန့်သွားအောင် ပြုံးပါသည်။

"ရှားပါးပစ္စည်းတွေ စုဆောင်းချင်တဲ့ ဝါသနာရှင်တွေ ပေါ့ကွာ။ ငါ့မှာ အဲဒီလို ဖောက်သည်တွေ အများကြီးကွ"

"အဘိုးကြီးတွေပေါ့နော် ဦးလေး..."

"အေး၊ အဘွားကြီးတစ်ယောက်ဆိုရင် ငါ့ဖောက်သည် ဖြစ်နေတာ ငါးနှစ်မကတော့ဘူးကွ"



www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းသော အဘိုးကြီး၊ အဘွားကြီးများ ဖြစ်လိမ့်မည်။ စားဝတ်နေရေးအတွက် မပူပင်ရသည့် လူချမ်းသာများ ဖြစ်လိမ့်မည်။ နောက်ပြီး ဇီဇာကြောင်သူများ ဖြစ်လိမ့်မည်။ မိမိတို့၏ သားသမီး မြေးမြစ်များကို အားရကျေနပ်မှု မရှိသူများ ဖြစ်လိမ့်မည်။

"လူလတ်ပိုင်း အရွယ်တွေလည်း ပါတာပါပဲကွာ။ ချိုးအမ တေတို့၊ မိုးကြိုးသွားတို့ကို လာစုံစမ်းတဲ့သူတွေဟာ လူငယ်တွေကွ ဒါ အံ့သြစရာ မဟုတ်တော့ဘူး။ အားလုံးဟာ ဒီခေတ်မှာ ဆောက်တည်ရာမရ ဖြစ်ကုန်ပြီကွာ"

"ဆောက်တည်ရာမရ...ဟုတ်လား"

ကျွန်တော်သည် ဆိုင်ရှင် ဘာဆိုလိုသည်ဟု အဓိပ္ပါယ် မပေါက်လိုက်ပါ။

"အေးလေ၊ စီးပွားရေးမှာ အပွကြဲချင်တဲ့လူတွေ တော်တော် များများဟာ လာဘ်ကောင်းအောင် အဆောင်ပစ္စည်းတွေ၊ လက်ဖွဲ့တွေ အားကိုးကုန်ကြပြီ"

"အဲဒီတော့..."

"ဟ...အဲဒီတော့ ချိုးအမတေကို သောင်းနဲ့ချီပြီး ပေးဝယ် တဲ့လူတွေ အများကြီးကွ။ လုတောင်လုတယ်"

ချိုးအမတေ ဆိုတာကိုပင် ကျွန်တော် မသိပါ။

"အကောင်မပေါက်တော့ဘဲ ကျောက်ဖြစ်သွားတဲ့ ချိုးရဲ့ ဥတစ်မျိုးပေါ့ကွာ။ အဲဒီဥဟာ ကျောက်စရစ်ခဲလို အသားမျိုးနဲ့ ဖန်ဒိုး လို လုံးနေတာကွ။ ကျောက်မျက်နှာပြင်မှာ သွေးကြောကလေးတွေ စိမ်းပြာရောင်၊ အနီရောင် ဖြာနေတယ်။ အဲဒီ ချိုးအမတေ စစ်ခဲ့ရင် စီးပွားရေး လာဘ်ကောင်းတယ်၊ သေနတ်ပြီး၊ ဓားပြီးတယ်ကွ





ချိုးအမတေကို ဆောင်ထားတဲ့လူကိုပစ်ရင် အဲဒီသေနတ်က ကျည်ဆံ မထွက်တော့ဘူး"

မဖြစ်နိုင်ပါ။ ဖြစ်ခဲ့လျှင်လည်း သေနတ်၏ ချို့ယွင်းမှု ကြောင့်သာ ဖြစ်ပါလိမ့်မည်။

"ငှက်ကြီးတောင်ဓားနဲ့ ခုတ်ချတာတောင် ဓားသွားမတိုးဘူး ကွ။ အရေပြားပေါ်မှာ အဖြူစင်းကလေးလောက်ပဲ အရာထင်တာ။ လောင်းကြေးစားကြေးနဲ့ ခုတ်တဲ့လူ၊ အခုတ်ခံတဲ့လူရှိတယ် မောင်ရင်။ လောင်းကြေးကလည်း ကြေးကြီးတယ်နော"

ထိုလောင်းကစားပွဲကို ကျွန်တော်ဘေးမှသာ ဝင်ကြည့် လိုပါသည်။ အကယ်၍ မဖြစ်မနေ ဝင်လောင်းရတော့မည် ဆိုလျှင် လည်း ဓားခုတ်သူ၊ သို့မဟုတ် သေနတ်ပစ်သူဘက်မှသာ ဝင်လောင်း လိုပါသည်။ သို့သော် ဆိုင်ရှင်နှင့် ဆက်ဆံရေးတွင် အထစ်အငေါ့ မရှိစေလိုသဖြင့် ကျွန်တော်ပြုံး၍သာ နေပါသည်။

တရုတ်ကြွေပန်းအိုးကြီးတစ်ခုကို ကျွန်တော် လှမ်းမြင် လိုက်သဖြင့် ထိုစားပွဲရှိရာသို့ ကျွန်တော် လျှောက်သွားလိုက်၏။ အဖြူရောင် ကြွေသားပေါ်တွင် အပြာရောင် တစ်မျိုးတည်းဖြင့် ပန်းခက် ပန်းနွယ်များ ရေးခြယ်ထားပြီး ပန်းအိုးလည်တိုင်က ခပ်တုတ်တုတ်၊ အဝမှာ ရွှေရေးအနားသတ် ရှိသည်။ ပန်းအိုးများသည် ကျွန်တော့်အလုပ်နှင့် အဆက်စပ်ဆုံးဖြစ်သဖြင့် ပန်းအိုး၏ တန်ဖိုး အမှန်ကို ကျွန်တော် သိနေပါသည်။ ဆိုဖာဆက်တီနှင့် အတူထားရန် အလွန်လှပသော စားပွဲတင်ပန်းအိုးကြီး ဖြစ်သည်။ သို့သော် မတော်တဆ တိုက်မိပြီး ကျကွဲသွားလျှင်ဆုံးရှုံးရမည့် တန်ဖိုးမှာ ကျွန်တော့်လစာကို ဆယ်ဆမြှောက်၍ပင် ရနိုင်လိမ့်မည် မထင်ပေ။ လွန်ခဲ့သော နှစ်ပေါင်းတစ်ထောင်လောက်က လက်ရာမျိုးဖြစ်၍ အတု



www.burmeseclassic.com

www.burmeseclassic.com



ပြုလုပ်ထားသည် ဆိုလျှင်လည်း ထိုအတုလက်ရာရှင်ကို ချီးကျူးရမည် ဖြစ်သည်။

ပန်းအိုးကို လှည့်ပတ် မြှောက်ကိုင် ကြည့်နေစဉ်မှာပင် ကျွန်တော့်အား တစ်စုံတစ်ယောက်က ချောင်းမြောင်း ကြည့်ရှုနေသလို ခံစားရသည်။ နောက်ကျောမလုံဘူး ဟူသည့်စကားကို ဤနေရာမှာ အသုံးပြု၍ ရ,မရ ကျွန်တော် မသိပါ။ ကျွန်တော်သည် ကျွန်တော့် နောက်တစ်နေရာရာမှာ အကွယ်အကာ အတားအဆီးမရှိ ဟင်းလင်း ပြင်ဖြစ်ပြီး ထိုနေရာဆီမှ လေအလျင်တစ်ခု ကျွန်တော့်နောက်ကျောကို လာတိုးနေသလို လှုပ်ခတ်စွာခံစားရသည်။ ကျွန်တော် ချာကနဲ လှည့်ကြည့်လိုက်၏။

ကျွန်တော့်နောက်ဘက်မှာ မီးရောင် တစ်ဝက်တစ်ပျက် သာရသော နောက်ဘက်ကျကျ စားပွဲရှည်တစ်ခုပေါ်က ပစ္စည်းအစု အဝေးသာရှိသည်။ လူတစ်ယောက်၏ အရိပ်သဏ္ဌာန်မတွေ့ရ။ လူတစ်ယောက် ပုန်းအောင်း ချောင်းမြောင်းစရာလည်း အကွယ်အကာ မရှိ။ အခန်းကြီးသည် နောက်ဘက်အထိ ဘာတိုင်မှမရှိဘဲ အလျားလိုက် တည်ရှိခြင်း ဖြစ်၏။ သို့သော် အဲသည်နေရာမှာ တစ်ယောက်ယောက် ရှိနေသလို ယခုထိ ကျွန်တော် ခံစားနေရဆဲ ဖြစ်သည်။ တစ်ယောက် ယောက် ကျွန်တော့်ကို လှမ်းကြည့်နေသည်။ သေချာပါသည်။ ကျွန်တော် ပန်းအိုးကို စားပွဲပေါ် လျှင်မြန်စွာ ပြန်ချလိုက်၏။

ကျွန်တော် မသက်သာစွာ၊ အနည်းငယ် အံ့ဩစွာ လှမ်းကြည့် ရင်း နောက်ဘက်စားပွဲဆီသို့ ဖြည်းညှင်းစွာ လျှောက်သွားမိသည်။ တဖြည်းဖြည်း နီးလာလေ၊ ကျွန်တော့်ကို တစ်ယောက်ယောက် လှမ်းကြည့်နေတာ သေချာပေါက် ခံစားရလေဖြစ်၏။ စားပွဲဆီသို့ ရောက်သွားသောအခါမှာတော့ တကယ်ကိုပင် ကျွန်တော့်အား တစ်စုံ





တစ်ယောက် လှမ်းကြည့်နေခဲ့ပါကလားဟု အံ့ဩတုန်လှုပ်သွားရ သည်။ အကယ်၍ "ဦးခေါင်းတစ်လုံး"ကို ကို "တစ်စုံတစ်ယောက်" ဟု သုံးနှုန်းခွင့်ရှိမည် ဆိုလျှင်ပေါ့လေ။

ကျွန်တော့်ကို လှမ်းကြည့်နေသော မျက်လုံးများသည် အသက်ဝင်လွန်းသောကြောင့် ဤအရာသည် ပလာစတာရုပ်တုတစ်ခု မဟုတ်ဘဲ ဦးခေါင်းပြတ်တစ်လုံး ဖြစ်သည်ဟု ထင်ရသည်။ လည်ပင်း အခြေမှ ပြတ်နေသော ရုပ်တုသည် အရောင်လက်နေသော ကျွန်းသား မျက်နှာပြင်တစ်ချပ်ပေါ်မှာ ကပ်လျက်သား မတ်မတ် တည်ရှိနေ၏။ ထိုဦးခေါင်းသည် လူတစ်ယောက်၏ တကယ့်ဦးခေါင်းတစ်ခုဟု တစ်ယောက်ယောက်က ပြောလျှင် ကျွန်တော် မအံ့ဩဘဲ အလွယ် တကူ လက်ခံနိုင်မည် ဖြစ်ပါသည်။ အနက်ရောင် ဆံပင်များသည် တကယ့်ကို ဆံပင်မွေးများဖြစ်၏။ မျက်ခုံးမွေးသည် ခပ်ထူထူ မျက်ရစ်ထင်ရှားသော မျက်လုံးတွင် ခပ်တိုတို၊ ခပ်စင်းစင်း မျက်တောင် များက ဘောင်ကွပ်ပေးထား၏။ ထိုမျက်လုံးများသည် ကျွန်တော် စောစောကရပ်ခဲ့သော စားပွဲဆီသို့ တစ်သမတ်တည်း စိုက်ကြည့်နေခဲ့ သည်။ မီးရောင် စွန်းထင်းသောကြောင့် မျက်တောင်၏ အရိပ်များသည် မျက်လုံးတစ်ဝိုက်တွင် ကျနေရာ ထိုအရိပ်များကို ကြည့်နေရင်း၊ ကြည့်နေရင်း မျက်တောင်တစ်ချက်၊ နှစ်ချက် ခတ်လိုက်သည်ဟုပင် ကျွန်တော် ထင်လိုက်မိ၏။ ရုပ်တု၏ နှာခေါင်းကတော့ တော်တော် ရုပ်ဆိုးသည်။ နှာခေါင်းကပွသည့်အထဲ အထက်သို့ နည်းနည်း လန်ချင်၏။ ပန်းပုဆရာသည် ဘာကြောင့်များ နှာခေါင်းကို လှလှပပ မထုဆစ်ခဲ့ပါလိမ့်။ သို့မဟုတ် ဤရုပ်ထုသည် တစ်စုံ တစ်ယောက်၏ ပုံတူပန်းပုရုပ် ဖြစ်လေသလား။ အသက် ၂၅နှစ် နှင့် ၃၀ အကြား လူငယ်တစ်ယောက်၏ အရွယ်ဟု ကျွန်တော် ခန့်မှန်းသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် နှာခေါင်းကို လက်ညှိုးဖြင့် အသာထိကြည့်လိုက်၏။ ကျွန်တော့်နောက်ဘက်မှ ရယ်သံတစ်ခုကို ကြားလိုက်ရသဖြင့် ရုတ်တရက် ကျောစိမ့်သွားသည်။

"မောင်ရင်က ဒီခေါင်းပြတ်ကို စိတ်ဝင်စားနေပြီကိုး"

ဆိုင်ရှင်၏အသံကို ကြားရပါသည်။ ကျွန်တော် ဖြတ်ခနဲ လှည့်ကြည့် လိုက်သည်။ သူသည် တောက်ပသော မျက်လုံးကြောင်ကြောင်များဖြင့် ရယ်မောရင်း ကျွန်တော့်အနီးသို့ ရောက်လာ၏။

"အဲဒီခေါင်းပြတ်ရဲ့ ရာဇဝင်ကိုသိရင် မင်းပိုပြီး စိတ်ဝင်စားသွားမယ်။ သူ့မျက်လုံးတွေကို မင်းဘယ်လိုထင်လဲ"

ကျွန်တော် မည်သို့ ထင်တတ်မည်နည်း။ ကျွန်တော်သည် ပန်းချီကားများ၊ ပန်းပုရုပ်များကို လှပအောင် နေရာအထားအသို တတ်မြောက်ကောင်း တတ်မြောက်လိမ့်မည်။ ပန်းပုရုပ်တု၏ မျက်လုံးများကို ခွဲခြမ်းစိတ်ဖြာ မမြင်တတ်ပါ။

"သူ့မျက်လုံးတွေက ကြည်နူးပျော်ရွှင်တဲ့ မျက်လုံးတွေတော့ မဟုတ်ဘူးဗျ… နော်။ ပိုပိုသာသာကလေး ပြောပြရမယ်ဆိုရင် သူ့မျက်လုံးတွေက မုန်းတီးတဲ့ မျက်လုံးမျိုးဗျ"

ဆိုင်ရှင်က ပထမဦးဆုံးအကြိမ် ကျွန်တော့်ကို ချီးကျူးသော မျက်လုံးများဖြင့် ကြည့်လေသည်။

"ဟုတ်တယ်ကွ၊ အဲဒီမျက်လုံးမျိုး ဖြစ်အောင်ပဲ ပန်းပုဆရာက ထုဆစ်မွမ်းမံ ယူခဲ့ရတယ်လို့ ပြောတယ်။ ပါးစပ်ကိုလည်း ကြည့်ဦး။ ပိရိမနေဘဲ ခပ်ဟဟပွင့်နေတယ်။ အဲဒါဟာ အံ့ဩတဲ့ ပါးစပ်၊ နာကျင်တုန်လှုပ်တဲ့ ပါးစပ်…"

"ဦးလေးက ဘာဖြစ်လို့ အဲဒီလောက် ခွဲခွဲခြားခြား သိနေရတာလဲ"





"ဘာဖြစ်လို့လဲဆိုတော့ ပန်းပုထုတဲ့ ပညာရှင်က ဒီလူသေခါနီးဆဲဆဲ ခံစားရတဲ့ဝေဒနာကို အာရုံထဲမှာ ခံစားမြင်ယောင်ပြီး ထုခဲ့လို့ပေါ့"

ကျွန်တော် ဇဝေဇဝါ ဖြစ်သွား၏။

"သေခါနီးဆဲဆဲ ဟုတ်လား"

"ဟုတ်တယ်၊ လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၀ ကျော်တုန်းက ဒီလူဟာ ဂျပန်တစ်ယောက်ရဲ့ ဓားချက်နဲ့ အသက်သေခဲ့ရတာ။ သူက ဂျပန်တော်လှန်ရေး ရဲဘော်တစ်ယောက်ပေါ့"

ကျွန်တော်သည် ရုပ်တု၏ဆံပင်များကို အသာအယာ ပွတ်သပ်ရင်း ရုပ်တု၏ မျက်လုံးကို နောက်တစ်ကြိမ် ကြည့်မိသည်။

"သူ့ဦးခေါင်းဟာ ပလာစတာပန်းပု ရုပ်တုတစ်ခုအနေနဲ့ မျက်လုံး၊ နှာခေါင်း၊ ပါးရိုး၊ မေးရိုး ပီပြင်လွန်းတယ်။ အချိုးအစား ကျလွန်းတယ်လို့ မင်း မထင်ဘူးလား"

အချိုးအစားကျနသည်မှာတော့ အမှန်ပါပဲ။ ကျွန်တော့်ကို နောက်ကျောဘက်မှနေ၍ပင် ဆွဲဆောင်နိုင်သော ဤရုပ်တုမှာ စွမ်းအား တစ်ခုခုတော့ ရှိတာသေချာပါသည်။

"ဘာကြောင့် ဒီလောက်အချိုးအစားကျန နေသလဲလို့ မေးရင် အဖြေကရှင်းရှင်းကလေးပဲ။ ဒီဦးခေါင်းဟာ တကယ့်ကို သေသွားတဲ့ အဲဒီလူရဲ့ ဦးခေါင်းပြတ်ကြီး ဖြစ်နေလို့ပေါ့"

ကျွန်တော့်တစ်ကိုယ်လုံး ကြက်သီးဖြန်းကနဲ ထသွားကာ ဦးခေါင်းပေါ်က လက်များကို ဖြုန်းဆို ရုတ်ပစ်လိုက်ပြီး နောက်ဆုတ်လိုက်မိသည်။ ဆိုင်ရှင်က ကျွန်တော့်အဖြစ်ကို သဘောကျစွာ ရယ်မောပါသည်။

"သူ့မျက်လုံးတွေ…"



www.burmeseclassic.com

www.burmeseclassic.com



“သူ့မျက်လုံးတွေကတော့ ဖလ်မျက်လုံးတွေပါပဲ မောင်ရယ်။ မျက်တောင်တွေကလည်း စုတ်တံတစ်ခုရဲ့ အမွေးတွေပါပဲ။ ဆံပင်က နွားမြီးအမွေးတွေနဲ့ လုပ်ထားတာ။ နှာခေါင်းနဲ့ပါးစပ်က ပလာစတာ ကိုင်ထားတာ။ သူ့ရဲ့တကယ့် အစစ်အမှန်ကတော့ ခေါင်းခွံပဲ”

ကျွန်တော် အံ့ဩတုန်လှုပ်အောင် သူတော်တော် ဆွဲဆောင်နိုင်ပါသည်။ ပလာစတာရုပ်တုဟု ထင်စဉ်က ကျွန်တော်သည် ဤခေါင်းပြတ်ကို ကျွန်တော် ကိုင်တွယ်ဝံ့ခဲ့၏။ ဦးခေါင်းခွံ အစစ်ဖြင့် ထုလုပ်ထားသည်ဟု သိရသောအခါ ဤခေါင်းပြတ်ကို ကျွန်တော် မကိုင်ရဲတော့ပါ။

“ဘာအကြံအစည်နဲ့များ”

ကျွန်တော် အံ့ဩလွန်းသဖြင့် စကားကို ဆုံးအောင် မမေးနိုင်ပါ။ သူကဖြေပါသည်။

“ဘာအကြံအစည်နဲ့လဲတော့ ငါလည်းမသိပါဘူး။ ဒါပေမယ့် ဒီလို ပန်းပုရုပ်ဖြစ်အောင် လုပ်တာကတော့ သူ့သားပဲ။ အခုဆို သူ့သားတောင် ငါ့အရွယ်လောက်ရောက်နေပြီ။ ငါထင်တာပြော ရရင်တော့ လူသတ်ဖို့ ရည်ရွယ်ချက်လို့ ထင်တာပဲ”

“လူသတ်ဖို့… ဟုတ်လား။ ဒီခေါင်းပြတ်နဲ့ လူသတ်ဖို့လား”

“အေး…”

သူက ကျွန်တော် အံ့ဩတုန်လှုပ်အောင် ပြောနိုင်လိုက်သဖြင့် သူ့ကိုယ်သူ ကျေနပ်ဟန်ရှိသည်။

“မဖြစ်နိုင်ဘူးလို့ မကင်နဲ့။ ဒီခေါင်းပြတ်ကြောင့် တကယ့်ကို လူတစ်ယောက် သေသွားပြီ။ အသက် ၈၀ အရွယ် အဘိုးကြီး တစ်ယောက် ဒီခေါင်းပြတ်ကြောင့် သေသွားတာပဲ”





ထို့နောက် ဆိုင်ရှင်သည် ကျွန်တော့်အား ထူးဆန်းသော အဖြစ်အပျက်ကို ပြန်ပြောပြခဲ့ပါသည်။

“လွန်ခဲ့တဲ့ နှစ်ပေါင်းငါးဆယ်ကျော်လောက် တုန်းကပေါ့။ ဂျပန်ခေတ်မှာ အဲဒီအဖြစ်အပျက် ဖြစ်ခဲ့တယ်။ နာမည်ရင်းတွေကို ငါသိပေမယ့် မင်းကိုတော့ နာမည်ရင်းအတိုင်း ပြောဖို့ မကောင်းဘူး။ ကိုကြီးနဲ့ ကိုခွေးလို့ပဲ မှတ်ထားပေါ့ကွာ။ ကိုကြီးက ဂျပန် စကားပြန်လည်းဟုတ်၊ ဂျပန်အလိုတော်ရိ လည်းဟုတ်တယ်။ ရွာမှာ သူနဲ့မတည့်တဲ့သူ၊ သူ့ကိုစော်ကားမိတဲ့သူ…၊ အဲဒီလူတွေဟာ အင်္ဂလိပ်ရဲ့ သူလျှိုတွေအဖြစ် ဂျပန်ကင်ပေတိုင်ရဲ့ အနှိပ်အစက်၊ အညှဉ်းအပန်းခံ၊ အသတ်ခံရ တာပေါ့ကွာ။ အဲဒီ ကိုကြီး မုန်းတဲ့လူတွေထဲမှာ ကိုခွေးဆိုတဲ့ တော်လှန်ရေးရဲဘော်တစ်ယောက်လည်း ပါတယ်။ ကိုကြီးရဲ့ စနက်ကြောင့်ပဲ ဂျပန်တွေက ကိုခွေးကို ဖမ်းပြီးစစ်ဆေး ကြတယ်။ နောက်ဆုံး ကိုခွေးကို သူ့သေတွင်း သူတူးခိုင်းပြီး ဂျပန် စစ်သားတစ်ယောက်က ဓားနဲ့ပိုင်းခုတ်ပြီး သတ်ပစ်လိုက်တယ်။ ကိုခွေးကို သတ်တဲ့အချိန်မှာ ကိုကြီးကဘေးမှာ မြိန်ရည်ယှက်ရည် ကြည့်နေခဲ့တယ် ဆိုတာ တစ်ဆင့်စကား တစ်ဆင့်နားနဲ့ ကိုခွေးရဲ့ မိသားစု ပြန်ကြားရတယ်။ မြေကြီး မမြုပ်တမြုပ်အလောင်းကို မြင်ရတော့ ကိုခွေးရဲ့သားကလေးဟာ သတိတောင် လစ်သွားသတဲ့”

ထိုကလေး သိတတ်စ အရွယ်ရောက်စ အချိန်တွင် ဖခင်၏ အလောင်းကို တိတ်တဆိတ်ပြန်ဖော်၍ လည်ပင်းအရိုး ပြတ်ကျနေသော ခေါင်းခွံအပြတ်ကို နှစ်ပေါင်းများစွာ သိမ်းဆည်းထားခဲ့သည်။ အရိုးစု ပြန်ဖော်သိမ်းစဉ်ကတော့ သူ့မှာ ဘာရည်ရွယ်ချက်မှ ရှိပုံမရပေ။ သို့သော် နှစ်ပေါင်းများစွာ ကြာလာသောအခါ သူသည် အတော်တော် သော ပန်းပုပညာရှင် တစ်ယောက်ဖြစ်လာ၏။ ထိုအချိန်တွင်



www.burmeseclassic.com

www.burmeseclassic.com

ဂျပန်ခေတ်က ဂျပန်အလိုတော်ရိ ကိုကကြီးသည် ငွေကြေးချမ်းသာသော ဂုဏ်သရေရှိ လူကြီးလူကောင်း၊ လူတွင်ကျယ် ဦးကကြီးဖြစ်နေပြီ။ ဦးကကြီးသည် ပန်းချီ၊ ပန်းပုပညာကို လုံးဝနားမလည် မခံစားတတ်သော်လည်း လူရာဝင်အောင် ပန်းချီကားများ ဝယ်ယူချိတ်ဆွဲလေသည်။ ပန်းပုရုပ်များကို ဖိမ်ခံပစ္စည်း၊ အလှပြ ပစ္စည်းအနေဖြင့် သူဝယ်သည်။ ထိုအခါ ကိုခွေး၏သား ပန်းပုပညာရှင်နှင့် ဆက်သွယ် မိသွားလိမ့်မည်ဆိုသည်ကို ကျွန်တော် ချက်ချင်းသဘောပေါက်လိုက်ပြီးပြီ ဖြစ်ပါသည်။ သို့သော်...

"ဒါပေမယ့် အဲဒီပန်းပုဆရာဟာ သူသတ်ခဲ့တဲ့လူရဲ့ သားလို့ မသိဘူးလား ဦးလေး"

ကျွန်တော် စကားဖြတ်၍မေးတော့ ဆိုင်ရှင်က ပခုံးတွန့်ပြ၏။

"မသိနိုင်လို့ပေါ့ကွာ"

ပန်းပုဆရာသည် ပြခန်းများ ဖွင့်လှစ်ပြသ၏။ ရုပ်တုများရောင်း၏။ ဦးကကြီးသည် ပန်းပုဆရာ၏ ဖောက်သည် တစ်ယောက်ဖြစ်လာသည်။ တစ်နေ့မှာတော့ ဦးကကြီးသည် သူ့ပုံတူ ပန်းပုထုပေးရန် ပန်းပုဆရာအား တောင်းဆိုသည်။ ပန်းပုဆရာသည် ဝမ်းမြောက်ဝမ်းသာ သဘောတူလိုက်၏။ ဦးကကြီး၏အိမ်သို့ ဆယ့်လေးငါးရက်ခန့် ပန်းပုဆရာ သွား, သွားပြီး လူကိုယ်တိုင်၏ပုံစံယူကာ ဦးကကြီး၏ ခေါင်းပိုင်း ပလာစတာရုပ်တုကို ထုလေသည်။ ဦးကကြီး၏ မျက်နှာအား အရုပ်ရှစ်မျက်နှာမှ အနေအထား အမျိုးမျိုးဖြင့် ဓာတ်ပုံရိုက်ယူသည်။ မိမိ၏အိမ်မှာ ဆက်လက်ထုလုပ်မည် ဖြစ်ကြောင်း အသိပေးလျက် အခန်းအောင်းကာ ပန်းပုရုပ်တုတစ်ခု ထုဆစ်လေသည်။ ထိုပန်းပုမှာ ဦးကကြီး၏ ပုံတူမဟုတ်တော့ဘဲ သူ့ဖခင်





ကိုခွေး၏ ပန်းပုရုပ်တုဖြစ်မည်မှာ သံသယ ဖြစ်စရာမလိုပေ။ ပန်းပုရုပ်တု ပြီးစီးသွားသောအခါ ပန်းပုဆရာသည် မျက်ရည်ကျမိလိမ့်မည်ဟု ကျွန်တော်ထင်ပါသည်။ သူတစ်ပါး လက်ချက်ဖြင့် မြေသို့ကျခဲ့ရသော ဖခင်၏ သွေးဆိုသည်မှာ နှစ်ပေါင်း ၅၀ ကြာသည့်တိုင် မခြောက်ခမ်းဘဲ လတ်လတ်ဆတ်ဆတ် သွေးစိမ်းရှင်ရှင် ပွက်လျက်ရှိသေးကြောင်း သားသမီးတိုင်း ခံစားနေရမည်ဟု ကျွန်တော်သိပါသည်။ ပန်းပုဆရာသည် အဘိုးကြီးကို ဆယ့်ငါးစက္ကန့်လောက် နှလုံးခုန်ရပ်ကာ တုန်လှုပ် ခြောက်ခြားသွားစေလိုသည့် ဆန္ဒတစ်ခုသာ ရှိလိမ့်မည်ဟု ကျွန်တော် ဖော၍ တွေးချင်ပါသည်။

နောက်ဆုံးတော့ ပန်းပုရုပ်တုသည် လုံးဝထုလုပ် ပြီးစီးသွားပြီ။ အဝတ်ဖြူစဖြင့် လှပသေသပ်စွာပတ်လျက် ကတ်စက္ကူဗူးဖြင့် ခိုင်မာတောင့်တင်းစွာ ထုပ်ပိုးပြီး ဦးကကြီး၏ အိမ်သို့ ပို့ပေးလိုက်လေသည်။ ဦးကကြီး၏ အိမ်တွင် ထိုညချမ်း၌ ဖြစ်ပျက်သွားသော အဖြစ်အပျက်များကိုတော့ ပန်းပုဆရာသည် စိတ်ကူးဖြင့်သာ မှန်းဆ ကျေနပ်ရတော့သည်။ သူ့ကိုယ်သူ အလွန်ချစ်သော၊ အတ္တကြီးသော ဦးကကြီးသည် သူ၏ ပန်းပုရုပ်တုကို ကြည့်ရှုရန် အချိန်များစွာပေး၍ ပြင်ဆင်ရင်ခုန်ပေလိမ့်မည်။ သူ့ဧည့်ခန်း စားပွဲပေါ်တွင်ရှိသော ကတ်ဗူးကို ညင်သာ ရွရွကလေးထိ၍ ဖွင့်လိမ့်မည်။ ဖြူဆွတ်လွန်း၍ ပြာလဲ့နေသော အဝတ်စကို မထိရက်ထိရက် ကိုင်တွယ်၍ ဖြည်ယူကာ ဖွင့်လှစ်ပေလိမ့်မည်။ နောက်ဆုံးတွင် အဝတ်ဖြူစ ပြေလျော့သွား သောအခါ... လွန်ခဲ့သော နှစ်ပေါင်း ၅၀ ကျော်က သူ့ရှေ့မှောက်မှာပင် မချိတရိ အသက်ထွက်သွားသော ကိုခွေး၏ ခေါင်းပြတ်ကြီးကို ပြန်လည် မြင်တွေ့လိုက်ရပေလိမ့်မည်။ ဦးကကြီးသည် သူ့တစ်သက်တမ်းတွင် တစ္ဆေကို ပထမဦးဆုံးအကြိမ် မျက်ဝါးထင်ထင် တွေ့လိုက်ရသော



www.burmeseclassic.com

www.burmeseclassic.com



အခါ အသံကုန်အော်၍ ထိတ်လန့် ခြောက်ခြားစွာ သတိလစ်သွားပေလိမ့်မည်။ သူ၏ သားသမီး မြေးများကပိုင်းဝန်းပြုစုမှ သူသတိပြန်ရပေလိမ့်မည်။ ထို့နောက် ထိုခေါင်းပြတ်ကြီးသည် သူ့အား ညပေါင်းများစွာ ခြောက်လှန့်သောကြောင့် ဇောချွေးများဖြင့် မသဲမကွဲအော်ဟစ်ရင်း အိပ်မက်ဆိုးဖြင့်သာ ညစဉ်တရေးနိုးလာရမည်။ ၄င်းမှာ သူ မသေမချင်း ခံစားရမည့် စိတ်ဝေဒနာဖြစ်ရမည်။

ထိုအဖြစ်အပျက်များကို ပန်းပုဆရာသည် တွေးတောကာ ကျေနပ်အားရစွာ တစ်ညလုံးထိုင်၍ သူ့လက်များ သူငေးမော ချီးကျူး နေခဲ့သည်။ ထို့နောက် နောက်တစ်နေ့ နံနက်မိုးသောက်သောအခါ ဦးကကြီး၏ ပုံတူပန်းပုရုပ်ကို ထုပ်ပိုးကာ ပန်းပုရုပ်တုဗူးချင်း မှား သွားကြောင်း ပြောပြတောင်းပန်ရင်း ဦးကကြီး၏ အဖြစ်အပျက်ကို စုံစမ်းမည်ဟု ထွက်လာခဲ့သည်။

ဦးကကြီး၏အိမ်သို့ ရောက်သောအခါ မမျှော်လင့်ဘဲ အသုဘ အခမ်းအနားတစ်ခုကိုသာ တွေ့လိုက်ရတော့သည်။

"အဘိုးကြီးဟာ ဘယ်လောက်အထိများ တုန်လှုပ်သွားသလဲဆိုရင် ချက်ချင်းကို သတိလစ်ပြီး သတိမလည်ဘဲ အသက် ပါသွားတော့တာပဲ"

ကျွန်တော်သည် ပန်းပုရုပ်ဟုသာ ကျွန်တော် ယူဆချင်လှသော ဦးခေါင်းပြတ်ကို ခပ်ကြာကြာ စိုက်ကြည့်မိ၏။ ထိုမျက်လုံးများ သည် ညိုလဲ့လဲ့ဖလ်သားဖြင့် ပြုလုပ်ထားသော်လည်း တကယ့် လူမျက်လုံးအတိုင်းပင် ဖြစ်သည်။

"အဲဒီပန်းပုဆရာက ငါ့မိတ်ဆွေပဲ ဆိုပါတော့။ သူဆုံးခါနီး ရက်ပိုင်းအလိုမှာ ငါ့ကို ဒီပန်းပုရုပ်ပေးသွားပြီး အဖြစ်အပျက်အားလုံး ပြန်ပြော သွားခဲ့တယ်"







"အော... သူလည်းဆုံးပြီကိုး"

"ဟုတ်တယ်။ အဘိုးကြီးဆုံးပြီး တစ်နှစ်ခွဲလောက်ကြာ တော့ သူဆုံးသွားတာပဲ"

အဘိုးကြီးသည် ကိုခွေး၏ ခေါင်းပြတ်ရုပ်တုကြောင့် သေဆုံးရသည်ဆိုလျှင် ပန်းပုဆရာသည် ဘာကြောင့် သေဆုံးသွားပါ သနည်း။ အဘိုးကြီး၏ ပန်းပုရုပ်တုကြောင့် များလား။

"ပန်းပုဆရာက ဘာဖြစ်လို့ သေသွားတာလဲ ဦးလေး"

"*ကျောက်ကပ်ရောဂါဆိုလားပါပဲ။ နာတာရှည်ရောဂါ* တစ်ခုကြောင့်ပဲကွ"

ကျွန်တော်တို့နှစ်ယောက်လုံး တိတ်ဆိတ်ငြိမ်သက် သွား တာ တော်တော်ကြာပါသည်။ အခန်းသည် နဂိုကထက်ပို၍ မှုန်းကျုပ်လာသလို ထင်မိသည်။ ထို့ကြောင့်ပင် ဦးခေါင်းပြတ်အနီးမှ ကျွန်တော် အလိုအလျောက် ထွက်ခွာလာခဲ့မိပါသည်။ ဆိုင်ရှင်က ကျွန်တော်နှင့်အတူ လိုက်ပါလာ၏။

"ဦးလေး...၊ အဲဒီခေါင်းကို ရောင်းမယ်လို့ ကြံစည်ဖူး သလား"

"မကြံဖူးပါဘူး။ ဘာဖြစ်လို့လဲ၊ မင်းလိုချင်လို့လား"

"ဟာ... မဟုတ်ပါဘူး"

ဤခေါင်းပြတ်ရုပ်တုကို ကျွန်တော့်အိပ်ခန်းထဲမှာ ထားဖို့ စိတ်ကူးကြည့်ရုံမျှနှင့်ပင် ကျောထဲက စိမ့်ကနဲ အေးစက်သွားရပါ သည်။

"ဒီရာဇဝင်ကို သိပြီးရင် ဘယ်သူများ ဒီပစ္စည်းကို ဝယ်ချင် မလဲ၊ သိချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com

ဆိုင်ရှင်က နောက်ဘက်မှာ ကျန်ရစ်ခဲ့သော ရုပ်တု ဆီသို့ လှမ်းကြည့်၏။

"မိတ်ဆွေရဲ့လက်ရာ ဖြစ်တာရယ်၊ မိတ်ဆွေရဲ့အဖေ ဖြစ်တာရယ်၊ ဒါထက်ပိုပြီး အလေးထားပြောရရင် ဂျပန်တော်လှန်ရေး ရဲဘော်တစ်ယောက် ဖြစ်တာရယ်...၊ အဲဒီအချက်တွေ ထောက်ပြီး ဒီဟာကို ငါမရောင်းပါဘူး။ ဒါပေမယ့် ဒီရုပ်တုကို လူတွေမြင်သွားတဲ့ အခါ လူတွေ ဘယ်လိုတုံ့ပြန်ကြမလဲဆိုတာ ငါစိတ်ဝင်စားတယ်ကွ။ အမြဲပဲ ငါစောင့်ကြည့်တယ်။ နောက်ပြီး အဲဒီရုပ်ထုရဲ့ ရာဇဝင်ကို မင်းကို အခုပြောသလို ငါပြောပြတော့တာပဲကွ။ အဲဒါဟာ ငါ့အတွက် ဘယ်တော့မှ ရိုးမသွားတဲ့ ပုံပြင်တစ်ပုဒ်ပေါ့ကွာ"

"ဒါကိုမြင်တဲ့လူတွေ ဘယ်လို တုံ့ပြန်ကြသလဲဗျ" စိတ်ဝင်တစား မေးမိသည်။

"မင်းလိုပဲပေါ့။ ပထမ အဲဒီမျက်လုံးတွေရဲ့ ဆွဲဆောင်မှုကြောင့် အဲဒီကိုရောက်သွားမယ်၊ ပြီးတော့ ကိုင်ကြည့်မယ်၊ ပြီးတော့ ရာဇဝင်ကို သိသွားတဲ့အခါ တုန်လှုပ်သွားမယ်၊ အံ့ဩသွားမယ်။ ဒါပေမယ့် နောက်ထပ်ဒီဟာကို မကြည့်ဘဲ ဘယ်သူမှ မနေနိုင်ဘူးကွ။ အားလုံးဟာ မင်းဖြစ်သွားသလိုပဲ တစ်ထေရာတည်း ဖြစ်သွားကြတာချည်းပါပဲ"

ကျွန်တော်သိပြီ။ ဧည့်ခန်းတွင် ဆိုဖာဆက်တီဟောင်းများနှင့် ကနုတ်ပန်းပုထွင်း ကျွန်းသေတ္တာကြီးအပြင် ထိုပန်းပုရုပ်ကိုပါ ထားရမည်။

ထိုပန်းပုရုပ်သည် ဆိုင်ရှေ့မှဖြတ်သွားသူများအား ဆိုင်ထဲသို့ဝင်ကြည့်ချင်လောက်အောင် ဆွဲဆောင်ပေလိမ့်မည်။ ကြောက်ရွံ့စေမှုဖြင့် ဆွဲဆောင်မည်လား၊ အံ့ဩချီးကျူးစေမှုဖြင့် ဆွဲဆောင်မည်





...ား၊ စပ်စုစေလိုမှုဖြင့် ဆွဲဆောင်မည်လား၊ ဒါကတော့ ဖလ်မျက်လုံး...ဖြင့် အကြည့်ခံရသူတို့၏ ကိုယ်ခံအားပေါ် မူတည်ပေလိမ့်မည်။

ဆိုင်ရှင်အား တစ်စုံတစ်ခုမေးရန် ဟန်ပြင်လိုက်စဉ်မှာပင် ...ိုင်ရှေ့၌ ကားတစ်စီး ထိုးဆိုက်သံ ကြားလိုက်ရ၏။ ကျွန်တော်တို့ ...မှုအိမှ ကားကြီးဖြစ်သည်။

"ကျွန်တော့် အလုပ်သမားတွေ ရောက်လာပြီ"

ဆိုင်ရှင်၏ မျက်လုံးများသည် ကျွန်တော်ဝင်လာစ တုန်းကလို အခိပ္ပါယ်ကင်းမဲ့သော မျက်လုံးသေများ ပြန်ဖြစ်သွား၏။ သူသည် အလုပ်သမားများကိုကြိုရန် ဆိုင်ရှေ့သို့ ထွက်ခွာသွား လေသည်။

[၁၉၉၆ခု၊ ဇန်နဝါရီလ၊ မြားနတ်မောင်မဂ္ဂဇင်း]

www.burmeseclassic.com

www.burmeseclassic.com

# နှစ်ကိုယ်ခွဲ

ကျွန်တော် အိပ်ရာမှနိုးလာသောအခါ ကျွန်တော့်ရှေ့တွင် ကြီးမားသော အမှောင်ထုကြီး ရှိနေ၏။ ကျွန်တော် ဘာကြောင့် အိပ်ရာမှ နိုးလာသနည်း။ ကျွန်တော်သည် အိပ်မက်တစ်ခုကြောင့် နိုးလာခဲ့ခြင်း မဟုတ်ပါ။ ဘာအိပ်မက်မှ မမက်မိတာ ကာလတော်တော်ကြာခဲ့ပါပြီ။ အမှောင်ထဲတွင် မျက်တောင် တစ်ချက်နှစ်ချက်ခတ်ပြီး ဘာစ်ခဏ ငြိမ်သက်နေလိုက်စဉ် ကျွန်တော် ဘာကြောင့် နိုးလာသည်ကို သိလိုက်၏။ ထိုအခါ ကျွန်တော်သည် အိပ်ခန်းထဲမှထွက်ပြီး အပြင်ဘက် ဝရန်တာ တံခါးကို ဖွင့်လိုက်သည်။ ကျွန်တော်၏ ကြယ်ကလေးကို နှုတ်ဆက်ရန် ဖြစ်ပါသည်။

မည်းနက်သော ကောင်းကင်တွင် လမင်း လုံးဝမရှိပါ။ အမျိုးအစား ကွဲပြားသော ကြယ်ပေါင်းများစွာသည် ပြိုးပြက်ဝင်းလက်စွာ ဖွာလန်ကျဲနေသည်။ မိုးကုတ်စက်ဝိုင်းအထိ ပြန့်ကျဲနေသော မဆုံးနိုင်သည့် ကြယ်ပေါင်းများစွာထဲမှာ ကျွန်တော့်ကြယ်ကို ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုရှာနိုင်သလဲဟူသည့် မေးခွန်းမှာ တော်တော် ဖြေရခက်သော မေးခွန်းဖြစ်၏။ သို့သော် ကျွန်တော့်ကြယ်ကို ကျွန်တော်သိပါသည်။ မှန်တစ်ချပ်ရှေ့မှာ လူတွေအများကြီး မတ်တပ် ရပ်နေကြသည့်အခါ လူတစ်ယောက်သည် မှန်ထဲမှ မိမိကိုယ်ကို အခြားသူများထဲမှ လွယ်ကူစွာ သီးသန့်ခွဲခြား၍ မြင်ရသကဲ့သို့ ကျွန်တော် ကြယ်ကလေးကို ကျွန်တော် မြင်ရပါသည်။

ဟိုးမှာ။ အခြားကြယ်များနှင့်မတူ ဖျော့မှိန်စွာ မှိတ်လိုက် လင်းလိုက် ပြုံးနေသော ကြယ်ကလေးကို ကျွန်တော် မြင်ရပါသည်။ အဲသည် ကြယ်ကလေးနှင့် တည့်တည့်ဆီမှာ ကျွန်တော်၏ အိမ်ဖြစ်သည်။ ကျွန်တော့်အိမ်မှာ ဝေးကွာလှပါသည်။ ကျွန်တော်သည် အိမ်ကို လွမ်းဆွတ်သောစိတ်ဖြင့် မကြာခဏ ငိုကြွေးခဲ့ရပြီးပါပြီ။ ကျွန်တော်သည် နယ်နှင်ဒဏ်ခံနေရသော သားတစ်ယောက် ဖြစ်ခဲ့လေသလား။ သို့မဟုတ် ဝရမ်းပြေး သားတစ်ယောက် ဖြစ်ခဲ့လေသလား။ သေချာသည်ကတော့ ကျွန်တော်သည် သားတစ်ယောက်ဖြစ်သည်။ ကျွန်တော်သည် တစ်စုံတစ်ယောက် ကောက်ယူလွှင့်ပစ်လိုက်သော ကျောက်စရစ် ခဲကလေးတစ်လုံးလိုပင် လွှင့်စင်ခဲ့ရသည်။

ဘယ်အချိန်ကစပြီး ကြယ်ကလေးကို ကျွန်တော် ပိုင်ဆိုင်သွားသလဲဆိုတာ အတိအကျ ကျွန်တော် မမှတ်မိပါ။ သို့မဟုတ် ကြယ်ကလေးက ကျွန်တော့်ကို ပိုင်ဆိုင်သွားတာလည်း ဖြစ်နိုင်ပါသည်။ အကြောင်းမှာ ကြယ်ကလေးသည် ကျွန်တော့်အား အိပ်ရာမှ နှိုးတတ်သည်။ ကြယ်ကလေးသည် ကျွန်တော့်အား ငိုကြွေးစေသည်။ ကြယ်ကလေးသည် ကျွန်တော့်အား ရယ်မောစေသည်။ ကြယ်ကလေးသည် ကျွန်တော် ဂီတာနုတ်တိတ်စ်များ ရှာဖွေရာတွင် လမ်းညွှန်ကြားနိုင်ခဲ့သည်။ ကြယ်ကလေး၏ အပြုံးဖြင့်သာ ကျွန်တော်သည် နှစ်သိမ့်





ကြည်နူးဖွယ်သီချင်းများကို ရေးစပ်နိုင်သလို ကြယ်ကလေး၏ ဝမ်းနည်းနာကျင်မှုအရ ကျွန်တော်သည် ကြေကွဲဖွယ် သံစဉ်များကို ရှာဖွေနိုင်ခဲ့သည်။

ကျွန်တော့်ကို အိပ်ရာမှ နှိုးတိုင်း ကြယ်ကလေးတွင် ကျွန်တော့်အား ပြောပြရန် ပုံပြင်တစ်ခုခု ရှိနေသည်ချည်း ဖြစ်၏။ ကြယ်ကလေးက ပြောပြသောကြောင့်သာ ကြယ်ကလေးကို ပိုင်ဆိုင်သူမှာ ကျွန်တော် တစ်ယောက်တည်း မဟုတ်မှန်း ကျွန်တော် သိခဲ့ရသည်။ သို့သော် ထိုတစ်ခြားတစ်ယောက်သည်လည်း နောက်ထပ် 'ကျွန်တော်' တစ်ယောက်သာ ဖြစ်သောကြောင့် ကျွန်တော် ကျေနပ်ပါသည်။ ယခုကျွန်တော်နှင့် ဟိုကကျွန်တော်သည် သွင်ပြင်လက္ခဏာများ ဆင်တူလွန်းသဖြင့် တစ်ခါတစ်ခါ ကျွန်တော် ကိုယ်တိုင်ပင် မည်သည့် ကျွန်တော်လဲဟု ဇဝေဇဝါ ဖြစ်ခဲ့ရသည်။ ကျွန်တော်သည် ပထမ ကျွန်တော်လား၊ ဒုတိယ ကျွန်တော်လား၊ ကျွန်တော် မဝေခွဲနိုင်ပါ။ ကြယ်ကလေး၏ အရောင်လက်သော မျက်နှာပြင်ထဲတွင် ကျွန်တော် မြင်နေရသူသည်ပင် ပထမကျွန်တော်လား။ သို့မဟုတ်...။ တစ်ခါ တစ်ခါ လောကသည် သည်လိုပဲ ရယ်စရာ ကောင်းတတ်ပါသည်။ ရယ်ချင်သောစိတ် ရှိနေစဉ်မှာပေါ့လေ။

ကောင်းကင်ရှိ ကြယ်ပေါင်းများစွာထဲကမှ ကျွန်တော်သည် ဘာကြောင့် ဤကြယ်သေးသေးကလေးကို ကျွန်တော့်ကြယ်အဖြစ် ရွေးချယ်ခဲ့ပါသလဲ။ ကြယ်ကလေးက ပြောပြတာကတော့ ကျွန်တော့်ကိုသာ သူက ရွေးချယ်ပိုင်ဆိုင်ခဲ့ခြင်း ဖြစ်သည်တဲ့။

* * *

www.burmeseclassic.com

www.burmeseclassic.com

### ပထမ ကျွန်တော်။

ကျွန်တော်သည် ငယ်စဉ်ကတည်းက ဘာကြောင့်လဲဟူသည့် မေးခွန်းတစ်ခုတည်းကိုသာ စိတ်ဝင်စားခဲ့၏။ ကျွန်တော်တို့ ဘာကြောင့် ကျောင်းသို့ သွားနေကြပါသနည်း? ဟု အမေ့အား ကျွန်တော် မေးခဲ့သောအခါ အမေက ကျွန်တော့်ကို ဝါးခြမ်းပြားဖြင့် ရိုက်ခဲ့၏။ ပညာတတ်စေချင်လို့ပေါ့ဟဲ့ဟု အမေ အော်ငေါက်ပါသေးသည်။ ကျွန်တော်တို့ ဘာကြောင့် ပညာတတ်ရမည်နည်း။ ပညာတတ်သူနှင့်ပညာမတတ်သူ မည်သူကပို၍ လောကနှင့်အဆင်ပြေနိုင်ပါသနည်း။ ပညာတတ်များဖြစ်ပါလျက် လောကနှင့်အဆင်မပြေဘဲ ဆင်းရဲဒုက္ခခံစား နေကြရသူများသည် ဘာကြောင့် ဤအဖြစ်နှင့် ရင်ဆိုင်နေရပါသနည်း၊ သူတို့ မှားယွင်းခဲ့လို့လား။ ပညာ ကိုယ်တိုင်က မှားယွင်းနေခဲ့လို့လား။ ဤနောက်ဆက်တွဲ မေးခွန်းများကို ကျွန်တော့်အား မည်သူမျှ မဖြေခဲ့ပါ။

ကျွန်တော်တို့ကျောင်းတွင် ဘာကြောင့် ယောကျ်ားဆရာကနည်းပြီး မိန်းမဆရာက များနေရပါသနည်း။ ယောကျ်ားဆရာများသည် ဘာကြောင့် ဒေါသကြီးတတ်ကြပါသနည်း။ မိန်းမဆရာများသည် ဘာကြောင့် တက်တင်းထိုးကြပါသနည်း။ ဘာကြောင့် သိုးမွေးထိုးကြပါသနည်း။ ဘာကြောင့် ကျောင်းမှာ ဈေးရောင်းကြပါသနည်း။ ကျွန်တော်တို့မှာ ဘာကြောင့်ကျယ်ဝန်းသော ကစားကွင်းထဲ၌ အချိန်ကြာကြာ ကစားခွင့် မရှိပါသနည်း။

ကျွန်တော်သည် ပထဝီဝင်ဘာသာကို မသင်ကြားရသေးမီက ၎င်းဘာသာအပေါ် အလွန်စိတ်ဝင်စားပါသည်။ ကျွန်တော်သိချင်သော မြစ်များ၊ ချောင်းများ၊ ပင်လယ်များအကြောင်း၊ တောင်ကုန်းများအကြောင်း ကျွန်တော် သိခွင့်ရတော့မည်ဖြစ်သည်။ မြစ်တစ်ခု





သည့် ကျဉ်းပြီး၊ အခြားမြစ်တစ်ခုက ဘာကြောင့်ကျယ်ရပါသနည်း။ ခြဲတစ်ခုကဖြောင့်၍ အခြားမြစ်တစ်ခုက ဘာကြောင့် ကောက်ကွေ့ ရပါသနည်း။ မြစ်များသည် မြောက်မှ တောင်သို့ စီးဆင်းကြသည်ဆို လျှင် ပင်လယ်များသည် မည်သည့်အရပ်မှ မည်သည့်အရပ်သို့ စီးဆင်း ကြပါသနည်း။ ပင်လယ်ကို ကျွန်တော် မမြင်ဖူးပါ။ နိုင်ငံခြားပင်လယ် တို့ နိုင်ငံခြားရုပ်ပုံစာအုပ်ထဲမှတစ်ဆင့် လှပစွာ မြင်ဖူးပါ၏။

သို့သော်မြန်မာ့ပင်လယ်ကို ဓာတ်ပုံဖြင့် ကျွန်တော် မမြင်ဖူးပါ။ သာဟိုနေရာမှာ ပင်လယ်ရှိသည်ဟု ကျွန်တော်ဆွဲသော မြန်မာနိုင်ငံ မြေပုံအောက်ဘက်ပိုင်းမှာ စိတ်မှန်းဖြင့် မှန်းဆကြည့်ရပါသည်။ ကျွန်တော်တို့ကျောင်းမှာ ပထဝီသင်သည့်အခါ ကမ္ဘာလုံးကြီးဖြင့် ပြပြီးသင်ဖို့ ဆရာတွေက ဘာကြောင့် မကြိုးစားကြပါသနည်း။ ကျွန်းသစ်တောကို ကျွန်တော် မြင်ဖူးချင်သည်။ ရေနံမြေကို ကျွန်တော် မြင်ဖူးချင်သည်။ မေခနှင့်မေလိခမြစ်ဆုံကို ကျွန်တော် မြင်ဖူးချင် သည်။ ပထဝီဝင်ဘာသာကို တကယ်သင်ကြားရသောအခါ ၎င်းဘာသာကို လုံးဝ စိတ်ကုန်သွားခဲ့ပါသည်။

ကျွန်တော်တို့တွင် ပြဋ္ဌာန်းစာအုပ်များရှိသည်။ ထိုပြဋ္ဌာန်း စာအုပ်များထဲမှာ ပါဝင်သော အကြောင်းအရာများကို ကျွန်တော်တို့ ကလေးများ စိတ်ပါဝင်စားအောင်၊ နားလည်အောင်၊ ကျက်မှတ်လို စိတ်ရှိအောင် ဆရာများက ဘာကြောင့် သင်ပြမပေးခဲ့ပါသနည်း။ ထိုပြဋ္ဌာန်းစာအုပ်ထဲမှ စာများကို ကျွန်တော်တို့ မှတ်စုစာအုပ်များထဲသို့ '၏ သည်' မလွဲအောင် ဘာကြောင့် ကူးရေးနေကြရ ပါသနည်း။ ကျွန်တော်တို့ ကလေးတွေမှာ ကျွန်တော်တို့ နားမလည်သောစာများ ကို ကူးရေး နေရသည်ထက် ပို၍ စိတ်ဝင်စားစရာကောင်းသော အရာများ၊ ပို၍ လက်တွေ့ကျသော အရာများ များစွာရှိသည်ဟု



www.burmeseclassic.com

www.burmeseclassic.com



ဆရာတွေ ဘာကြောင့် မသိခဲ့ကြပါသနည်း။ သို့မဟုတ် ဘာကြောင့် မသိဟန် ဆောင်ခဲ့ကြပါသနည်း။ ဆရာတို့မှာ စာသင်သည်ထက်ပို၍ လက်တွေ့ ကျသော ပို၍စိတ်ဝင်စားသော အခြားအရာများ ရှိနေခဲ့ သလား။ ကျောင်းသားများ နားလည်အောင် စာသင်ခြင်း၊ ကျောင်းသားများစိတ် ဝင်စားအောင်ရှင်းပြခြင်း စသည်တို့သည် ဆရာ၏ဘဝ မဟုတ်ဘူးလား။ ဆရာ၏ အခြားဘဝ တစ်ခုခု ရှိသေး သလား။ ကျွန်တော်၏ မေးခွန်းများကို မည်သူမျှ မဖြေခဲ့ကြပါ။

အောက်ဆီဂျင်၏ ဂုဏ်သတ္တိများ၊ ဟိုက်ဒြိုဂျင်ဓာတ်ငွေ့၏ ဂုဏ်သတ္တိများ စသည်တို့ကို သင်ရသောအခါ ကျွန်တော်တို့သည် ဓာတုဗေဒကို စိတ်ဝင်စား၏။ သို့သော် ထိုဓာတ်ငွေ့များကို ကျွန်တော်တို့ ကိုယ်တိုင်ကိုယ်ကျ စမ်းသပ်ထုတ်ဖော်ချင်လျက် မအောင်မြင်သောအခါ ဓာတုဗေဒအပေါ် စိတ်ဝင်စားမှု လျော့နည်း ခဲ့ရသည်။ စမ်းသပ်ဖန်ပြွန်များ၊ ဓိကာများ၊ အောက်လုံးဖန်ဘူးနှင့် အောက်ပြားဖန်ဗူးများ ၎င်းတို့သည် ကျွန်တော်တို့နှင့် ဘာကြောင့် သည်မျှဝေးကွာ နေခဲ့ရပါသနည်း။

ဆရာတစ်ယောက် ကျွန်တော်တို့မမြင်ဖူးသော အရာများ အကြောင်း ရေးလာသည့် စာပိုဒ်များကို ကျွန်တော်တို့အား ဖတ်ပြနေ သည်။ ဘာကြောင့် ဖတ်ပြနေသနည်း။ ကျွန်တော်တို့ စာမဖတ်တတ် ဘူးဟု ထင်နေသလား။ ကျွန်တော်တို့သည် ဆရာ့မျက်လုံးကို စောင့် ကြည့်ကာ ဆရာ့စာဖတ်သံကို နားထောင်ရတာ ငြီးငွေ့လာ၏။ ကျွန်တော်တို့သည် ကျွန်တော်တို့၏ ဘောလုံးပွဲများအကြောင်း၊ ကျွန်တော်တို့ခဏခဏသွားခဲ့ကြသော မြက်ခင်းပြင်နှင့် တောင်ကုန်း များအကြောင်း၊ ကျွန်တော်တို့ ဖမ်းမိခဲ့ဖူးသော ကြက်တူရွေး





တစ်ကောင်အကြောင်း၊ ကြက်တောင်ရိုက် ပြိုင်ပွဲများအကြောင်း ကိုသာ ပြောချင်နေကြပါသည်။

ကြီးလာလျှင် ဘာလုပ်မည်နည်းဟု ကျွန်တော်တို့အား လူကြီးများက မေးလာသောအခါတိုင်း ကျွန်တော်တို့အားလုံး စိတ်က သိကအောင့် ဖြစ်ခဲ့ကြရသည်။ ကျွန်တော်တို့ ဘာဖြစ်ချင်ကြသနည်း။ ကျွန်တော်တို့ မသိပါ။ ကျွန်တော်တို့သည် တစ်ခါတစ်ခါ စတားလုံး ဖြစ်ချင်၏။ တစ်ခါတစ်ခါ အိုင်းစတိုင်း ဖြစ်ချင်၏။ တစ်ခါတစ်ခါ ဗိုလ်အောင်ဒင် ဖြစ်ချင်၏။ တစ်ခါတစ်ခါ မီးပုံးပျံဦးကျော်ရင် ဖြစ်ချင် ၏။ တစ်ခါတစ်ခါ ဗိုလ်အောင်ကျော် ဖြစ်ချင်၏။ (တချို့ကလေးများ သည် ငယ်စဉ်ကတည်းက ဆရာဝန် လုပ်ချင်သည်၊ စစ်ဗိုလ်လုပ်ချင် သည်၊ စာရေးဆရာ လုပ်ချင်သည် စသည်ဖြင့် ရည်ရွယ်ချက် ရှိကြပြီး ရည်ရွယ်ချက်အတိုင်းဖြစ်အောင်လုပ်နိုင်ခဲ့ကြသည်ဟု လူကြီး သူမများ က ပြောပြကြပါသည်။ အံ့ဖွယ်သူ့ရဲ့ ထူးကဲလှပါတကား။ သူတို့သည် ဘာကြောင့် သူတို့ကိုယ်သူတို့ သိကြပါသနည်း။ ဘာကြောင့် ရည်ရွယ်ချက် ရှိကြပါသနည်း။ ကျွန်တော့်မှာ ဘာရည်ရွယ်ချက်မျှမရှိ။ ရည်ရွယ်ချက်သည် ဘယ်ကလာပါသနည်း။ ရည်ရွယ်ချက်ကို ရအောင် ဘယ်သူ့ဆီက တောင်းခံရမည်နည်း။ ရည်ရွယ်ချက်ဆိုသည် ကို ရရှိပိုင်ဆိုင်ဖို့ ကျွန်တော့်မှာ ဘာအရည်အချင်းတွေ လိုအပ်ပါ သနည်း။ ကျွန်တော်မသိပါ ထိုအခါ ကျွန်တော်သည် ကျောင်းပြေး ပါသည်။ ကျွန်တော့်အား ကျောင်းမှ မိမိဘာဝါသနာပါသည်ဟု သိရန် သင်ကြား မပေးနိုင်သောခါ ကျွန်တော်သည် ကျောင်းပြင်ပမှာသာ ဝါသနာပါသည့် အရာကို လိုက်လံရှာဖွေခဲ့ပါသည်။ ကျွန်တော် ပြေးသည်။ ပြေးပြီးရင်း ပြေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို ကြယ်ကလေးတစ်လုံးက ဖမ်းမိသွားသော အခါကျမှ ကျွန်တော် အပြေးရပ်သွားခဲ့ပါသည်။

*   *   *

## ဒုတိယ ကျွန်တော်။

အဖေက ကျွန်တော့်ကို အောင်မြင်သော ပွဲရုံပိုင်ရှင် တစ်ယောက် ဖြစ်စေချင်သည်။ အမေက ကျွန်တော့်ကို အရာရှိ အကြီးကြီး ဖြစ်စေချင်သည်။ ကျွန်တော်သည် ကိုယ့်ကိုယ်ကို ဘာဖြစ်ချင်သည်ဟု မသိခဲ့ဘဲ သီချင်းရေးစပ်သူ ဂစ်တာသမားတစ်ယောက် ဖြစ်ခဲ့ရပါသည်။ ကျွန်တော်သည် ဘာကြောင့်ဟူသော အကြောင်းပြချက်ကို လုံး၀ စိတ်မ၀င်စားပါ။ လှူဘ၀ကို အလိုက်သင့်မျှောပါရင်း ကမ်းတစ်ခုခုသို့ ကပ်မိသည့်အခါ ထိုကမ်းသည် ဘယ်ကိုရောက်မလဲဟုသာ စိတ်၀င်စားပါသည်။

ကျွန်တော်ချစ်သော၊ ကျွန်တော့်ကိုချစ်သော ကြယ်ကလေးတစ်ပွင့်က ပြောပြသည့် 'မျှော်လင့်ချက်' ဆိုသည့် အကြောင်းအရာကလေးကို ပထမဦးဆုံးအကြိမ် သီချင်းတစ်ပုဒ်အဖြစ် ရေးစပ်သီဖွဲ့စဉ်က ကျွန်တော့်မှာ ဂစ်တာကလေးတစ်လက်ပင် မပိုင်ဆိုင်ခဲ့သေးပါ။ ထိုသီချင်းတစ်ပုဒ်အား ကျွန်တော် ရောင်းချပစ်လိုက်သောအခါ ရရှိသည့်ငွေသည် ရော်ဘာဖိနပ်တစ်ရံကို ၀ယ်နိုင်ဖို့သာ လုံလောက်ခဲ့၏။ ကျွန်တော့်မှာ ရော်ဘာဖိနပ်တစ်ရံထက် ပို၍ လိုအပ်သောအရာများစွာ ရှိသေးသည်။ ထိုအထဲမှ အလိုအပ်ဆုံးအရာမှာ ဂစ်တာတစ်လက်ဖြစ်သည်။ ဂစ်တာလေးတစ်လက်ပိုင်ဆိုင်ဖို့ ကျွန်တော် ဘာတွေလုပ်ခဲ့ရပါသလဲဟု ကြယ်ကလေးက မေးမြန်းသောအခါ ကျွန်တော်သည် သိမ်ငယ်စိတ်များဖြင့် မျက်ရည်ကျခဲ့ရသည်။ သို့သော်





ကျွန်တော် မဖြေပါ၊ သို့သော် ကြယ်ကလေးက သိနေခဲ့မည်ဟု ကျွန်တော် ထင်သည်။ ကြယ်ကလေးသည် ညစဉ်ညတိုင်း ကျွန်တော့်အား စောင့်ကြည့်နေခဲ့သည် မဟုတ်လား။

ဈေးခပ်မြင့်မြင့် အေးချမ်းတိတ်ဆိတ်သော အအေးခန်းကော်ဖီဆိုင်ကလေးတစ်ခုမှာ ကျွန်တော် ဂစ်တာတီး၍ ဖြေဖျော်ခဲ့ရသော ကာလများသည် လပေါင်းမည်မျှ ကြာခဲ့သနည်း။ ကျွန်တော် မမှတ်မိချင်ခဲ့ပါ။ ကျွန်တော်ဘာကြောင့် ဂစ်တာတီးနေရပြီး သူတို့တတွေက ဘာကြောင့်အစားအသောက်များကို ခိမ်ကျကျ စားသောက်နေခဲ့ရပါသနည်း။ ထိုအကြောင်းကို ကျွန်တော် မသိချင်ခဲ့ပါ။ ကျွန်တော့်ကို ကြည့်သော သူတို့၏ မျက်လုံးများသည် ခပ်မှိန်မှိန် အလင်းအောက်မှာ ဘာအဓိပ္ပာယ်ကို ဖော်ပြနေကြပါသနည်း။ ကျွန်တော် စိတ်မ၀င်စားပါ။ ကျွန်တော် စိတ်၀င်စားသည်က ကျွန်တော့် ဖြေဖျော်ချိန်တာ၀န် ကုန်ဆုံးသည့်အခါ ကျွန်တော်ရရှိမည့် ငွေကြေးသာ ဖြစ်သည်။ လောကမှာ ဂစ်တာတီးပြီး သီချင်းဆိုရတာလောက် ပျော်စရာကောင်းသောအရာ ဘာများရှိနိုင်ပါမလဲဟု တွေးခဲ့မိသော ကျွန်တော်သည် ထိုအတွေးအပေါ် သံသယဖြစ်သည့် ကာလများစွာ ကြုံရဖူး၏။ ဂစ်တာကြိုးများသည် ကျွန်တော့်အား တစ်ခါတစ်ခါ ကြည်နူးနှစ်သိမ့်စေပြီး တစ်ခါတစ်ခါ ၀မ်းနည်းသိမ်ငယ်စေခဲ့သည်။ တစ်ခါတစ်ခါ ဂုဏ်ယူကျေနပ်စေပြီး တစ်ခါတစ်ခါ နာကျည်းမုန်းတီး စေခဲ့သည်။

ကျဉ်းမြောင်းလှောင်ပိတ်သော အခန်းသေးသေးကလေးတစ်ခုဆီသို့အပြန် ညကာလများတွင် ကျွန်တော်သည် ကောင်းကင်ကို မော့ကြည့်ကာ ကျွန်တော့်ကြယ်ကလေးနှင့် စကားပြောခဲ့ရသည်။ ကျွန်တော်ငိုလျှင် ကြယ်ကလေးက ချော့မော့သည်။ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com

ဒေါသကြီးလျှင် ကြယ်ကလေးက ဖျောင်းဖျသည်။ ကျွန်တော် အိပ်ပျော်သွားလျှင် ခဏကြာတော့ ကြယ်ကလေးက ကျွန်တော့်ကို နှိုးသည်။ ထို့နောက် ကျွန်တော့်အား ဂစ်တာတီးခိုင်းသည်။ သီချင်းစပ်ဆိုခိုင်းသည်။ ထိုကာလများ မည်မျှကြာခဲ့သနည်းဟု ကျွန်တော် ဘယ်တော့မှ မတွေးပါ။ ကျွန်တော် ပျော်ခဲ့ပါသလား။ ကျွန်တော် ပျော်ခဲ့သည်ဟု ပြောလျှင် ခင်ဗျားတို့ ယုံချင်မှ ယုံလိမ့်မည်။ သို့သော် ကျွန်တော် တကယ်ပျော်ခဲ့ပါသည်။ ကျွန်တော်သည် ဂစ်တာကလေးကို ကျွန်တော်၏ ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုပမာ ချစ်မြတ်နိုးသောကြောင့် ဂစ်တာကြိုးများမှ ထွက်လာသော သံစဉ်များသည် ဝမ်းနည်းကြေကွဲရသည်ပင်ဖြစ်စေ ကျွန်တော့်အတွက် အဖိုးမဖြတ်နိုင်သော ရတနာများသာ ဖြစ်သည်။ ကျွန်တော့်ဘဝသည် သီချင်းများပင် ဖြစ်သည်။

ကျွန့်တော်က သီချင်းတွေအပေါ် မြတ်နိုးတန်ဖိုး ထားပါလျှင် သီချင်းတွေက ကျွန်တော့်ကို ကျွန်တော်လိုသမျှ အရာများကို ပေးပါလိမ့်မည်ဟု ကြယ်ကလေးက ကျွန်တော့်အား ပြောပြဖူး၏။ ကြယ်ကလေးသည် မှန်သောစကားကိုသာ ဆိုတတ်သူ ဖြစ်သည်။ သီချင်းများသည် ကျွန်တော့်အား ကျွန်တော်တောင်းသမျှ အရာများကို ပေးခဲ့ပါသည်။ အသေးအဖွဲ ပစ္စည်းများမှအစပြု၍ တန်ဖိုးကြီးမားသော ပစ္စည်းများအထိ တစ်စတစ်စ တိုးကာပေးအပ်ခဲ့သည်။ အချိန်ကာလများစွာ ကြာခဲ့သည်ပဲ ပြောစရာရှိပါသည်။

ထိုအရာများ ဘယ်တော့ ကျွန်တော့်ထံမှ ပျောက်ကွယ်သွားဦးမည်နည်းဟု ကြယ်ကလေးအား ကျွန်တော်မေးခဲ့သောအခါ ကြယ်ကလေးက ရယ်မောပါသည်။





'မင်းရဲ့ နောက်ထပ် ကိုယ်ပွားတစ်ယောက်ကို ငါ့ဆီမှာမင်းမြင်တွေ့နေရသမျှ မင်းမှာ အဲဒါတွေ ရနေအုံးမှာပါ' ဟု ဖြေခဲ့သည်။

ထို့ကြောင့် ကျွန်တော်သည် ညစဉ် ကြယ်ကလေးထံမှာ 'ကျွန်တော်' ရှိမရှိ လိုက်ရှာကြည့်လေ့ ရှိသည်။ ထို ကျွန်တော်ကို ကျွန်တော် မြင်ရပါသည်။ တစ်ခါတစ်ခါ ကျွန်တော်တို့နှစ်ယောက် စကားပြောကြပါသည်။ တစ်ခါတစ်ခါ ရန်ဖြစ်ကြပါသည်။ ထို ကျွန်တော်က ကျွန်တော့်အား လောကတွင် အရေးအကြီးဆုံးမှာ 'အကြောင်းရင်း' သို့မဟုတ် 'ဘာကြောင့်' ဆိုသည့် မေးခွန်းတွေ ဖြစ်သည်ဟု ပြော၏။ ကျွန်တော် သဘောမတူပါ။ လောကတွင် အရေးအကြီးဆုံးမှာ 'ဘယ်ကို' သွားမည်လဲ။ 'ဘယ်တော့' သွားမည်လဲ။ 'ဘာတွေ' ရမည်လဲ။ 'ဘယ်လို' အသက်ရှင်နေထိုင်ပြီး 'ဘယ်လို' ပျော်ရွှင်ကြမလဲ၊ ထိုအချက်များသာ ဖြစ်သည်ဟု ထင်သည်။ သို့သော် ကျွန်တော်တို့နှစ်ယောက် စကားပြောတိုင်း ကျွန်တော်သည် လောကအပေါ် ပို၍ပို၍ သဘောပေါက်လာခဲ့ပါသည်။ ကြယ်ကလေးမှတဆင့် သိရသော ထိုကျွန်တော်ကတော့ ကျွန်တော့်ကို မကျေနပ်ပါ။ တစ်ချိန်ချိန်တွင် ကျွန်တော်တို့နှစ်ယောက် အကြီးအကျယ် ပဋိပက္ခ ဖြစ်လာနိုင်သည်ဟု ကျွန်တော်ထင်သည်။ သို့သော် ကြယ်ကလေးက ကျွန်တော်တို့နှစ်ယောက်ကို ပေါင်းစည်းသေးနိုင်ပါလိမ့်မည်။

* * *

**ကျွန်တော် နှစ်ယောက်။**

ကျွန်တော်တစ်ယောက်သည် ပင်လယ်ကမ်းစပ် ကျောက် ဆောင်ပေါ်တွင် မတ်တပ်ရပ်လျက် အောက်ဖက်ပင်လယ်ပြင်ကို ငုံ့ကြည့်နေသည်။ ပင်လယ်ဒီလှိုင်းများသည် ကျောက်ဆောင်ကို ဝုန်းခနဲ [illegible]ခနဲ

www.burmeseclassic.com



လာရောက်ပုတ်ခတ်နေချိန်တွင် ဖွာခနဲ လွင့်စင်မြောက်တက် လာသော ရေပန်းရေမွှားများသည် ကျွန်တော့်ခြေထောက်သို့ လာ၍ စင်တတ်၏။ ဟိုးအဝေးက ပင်လယ်ပြင်နှင့် ကောင်းကင်အစပ် အနားသတ် မျဉ်းကလေးသည် ကျွန်တော့်မျက်စိအောက်မှာပင် တဖြည်းဖြည်း ဝါး၍ဝါး၍လာသည်။ ကောင်းကင်သည် ပင်လယ် ဖြစ်သွားပြီး ပင်လယ်သည် ကောင်းကင်ဖြစ်သွားသည်။ ကောင်းကင် ဖြစ်သွားသော ပင်လယ်ထဲတွင် ကျွန်တော့်ကြယ်ကလေးကို ကျွန်တော် မြင်နေရပါသည်။ အချိန်မှာ ဆောင်းဥတု ဖြစ်နိုင်သည်။ နှင်းငွေ့များသည် တဖွဲဖွဲကျနေရာ ကျွန်တော့်ဆံပင်များမှာ နှင်းစက် များဖြင့် စိုထိုင်းအေးစက် လာသည်။ နှင်း ဖြစ်ပေါ်လာရခြင်း အကြောင်းကို ကျွန်တော့်အား တစ်ယောက်ယောက်က သင်ကြား ပေးခဲ့ဖူးပါသလား။ သင်ကြားပေးခဲ့သည်ဆိုလျှင် ထိုဘာသာရပ်သည် ရူပဗေဒ ဘာသာရပ်လား၊ သိပ္ပံ ဘာသာရပ်လား။ ဘာပဲဖြစ်ဖြစ် ကျွန်တော် နှင်းတွေကို ချစ်ပါသည်။ ထိုအချစ်ကို ကျွန်တော့်အား ဘယ်သူကမှ သင်ကြားမပေးခဲ့ပါ၊

အခြား ကျွန်တော်တစ်ယောက်သည် တိမ်စိုင်တိမ်လိပ်များ ပေါ်မှာ အိပ်ပျော်လျက်ရှိသည်။ ကျွန်တော့်ကို တိမ်များသည် ဘယ်အထိ ခေါ်ဆောင်သွားကြမည်နည်း။ အရေးမကြီးပါ။ ကျွန်တော် သည် သူတို့ခေါ်ဆောင်ရာသို့ လိုက်ပါရန် အဆင်သင့်ပင်ဖြစ်ပါသည်။ ကျွန်တော့်ပါးပြင်နှင့် ဆံပင်များကို ရိုက်ခတ်လာသော လေသည် အေးမြလန်းဆန်း လျက်ရှိသည်။ ထိုလေတွင် ရေခိုးရေငွေ့ ပါဝင် သလား။ ကျွန်တော် မသိပါ။ အချိန်မှာ နွေဥတုဖြစ်သလား။ မိုးဥတု ဖြစ်သလား။ ကျွန်တော်မသိပါ။ ကျွန်တော်သိသည်က ကျွန်တော့် ကိုယ်ခန္ဓာတွင် လှည့်ပတ်စီးဆင်းနေသော သွေးများသည် ဂီတသံစဉ် များ ဖြစ်သည်။ ကျွန်တော့်ရင်ထဲမှ နှလုံးခုန်သံသည် ဂီတသံစဉ်များ





ဖြစ်သည်။ ကျွန်တော်သည် အသက်ရှူသွင်းလိုက်တိုင်း ဂီတကိုသာ ရှူမိသည်။ ကျွန်တော် အသက်ရှူထုတ်လိုက်သောအခါ ထိုအရာသည် သီချင်းများ ဖြစ်နေသည်။ ကျွန်တော် အိပ်ပျော်နေတာ မဟုတ်နိုင်ဘူး ဆဲ့။ နိုးတစ်ဝက် အိပ်တစ်ဝက် ဖြစ်လေသလား။ သို့သော် ဒါတွေက အရေးမကြီးပါ။ ကျွန်တော် ကြယ်ကလေးထံ ရောက်တော့မည်။ ကြယ်ကလေး၏ အောက်တည့်တည့် မြေပြင်မှာ ကျွန်တော့်အိမ် ရှိခဲ့ဖူးသည်။ ထိုနေရာမှာ ကျွန်တော်တို့မိသားစု နွေးထွေး ပျော်ရွှင်ခဲ့ ကြဖူးပါသည်။

ကျွန်တော့်အား တစ်ယောက်ယောက်က ခေါ်သံကြားရ သဖြင့် လှည့်ကြည့်လိုက်သောအခါ ပြုံးနေသော ကြယ်ကလေး ဖြစ်နေ၏။ ကြယ်ကလေး၏ မျက်နှာတွင် ကျွန်တော်တစ်ယောက်ကို လည်း ကျွန်တော် တွေ့ရသေးသည်။

'နှင်းတွေကို လိုချင်သလား' ဟု ကြယ်ကလေးက မေး သည်။

'လိုချင်ပါတယ်'ဟု ကျွန်တော်ဖြေလိုက်သည်။

ထိုကျွန်တော်သည် ပထမ ကျွန်တော်လား၊ ဒုတိယ ကျွန်တော်လား။ ကျွန်တော် မသိပါ။ ကျွန်တော့် လက်ထဲမှာ နှင်းမှုန်နှင်းပွင့် ကလေးများ၏ အေးမြမြ အတွေ့ကို ခံစားရသည်၊ ဒါဖြင့် နှင်းကလေးတွေကို ပိုင်ဆိုင်သူဟာ ကျွန်တော့်ပဲပေါ့။ တခြား ဘယ်ကျွန်တော်မှ မဟုတ်ဘူးပေါ့။ ကျွန်တော် နှင်းများကို လောဘဘ ကြီး နမ်းရှိုက်လိုက်၏။

ထိုအခါ ကြယ်ကလေးက ပြုံးနေပါသည်။

[၁၉၉၆ခု၊ ဖေဖော်ဝါရီလ၊ စာပေလောက်မဂ္ဂဇင်း]

www.burmeseclassic.com

www.burmeseclassic.com

# ကျွန်မချစ်သော ယောက်ျားများ

…ခေတ်ကလေးတွေဟာ ကွင်းတွေကို တော်တော် ကြိုက်ကြတာ …… ဟု ကျွန်မတွေးခဲ့မိသည်။ ကွင်းကလေးတွေကို ရွှေ့ပြောင်း …တ်၍ တပ်နိုင်သော ကျောပိုးအိတ်ကို သားလိုချင်တုန်းက အထက်ပါ စကားအတိုင်း ကျွန်မ ညည်းညူမိသော်လည်း သား အတွက် ဝယ်ပေးခဲ့ပါသည်။ စတီးလ် ကွင်းကလေးများ ချိတ်ဆက်တွဲ သားသော Hand chain ကို သားလိုချင်တုန်းကလည်း သားကို …စ်ခင်မြတ်နိုးစွာ မျက်စောင်းထိုးပြုံးရယ်လျက် ဝယ်ပေးခဲ့သည်။ …ခုံးနှင့်အိတ်တွေမှာ ကွင်းကလေးတွေ တပ်ထားသော ဂျာကင်အကျီ …ပ်ဆန်းဆန်းကိုမှ သားကကြိုက်သည် ဆိုပြန်တော့လည်း …အောင့်သက်သက်ဖြင့် သားအတွက် ဝယ်ပေးခဲ့ပါသည်။

သို့သော် သားက နားပေါက်ဖောက်ပြီး နားကွင်း… …ချင်သည်ဟု အရေးဆိုလာသောအခါမှာတော့ ကျွန်မ အသ… …မဲ့လျော့သွားလောက်အောင်ပင် လန့်ဖျပ် သွားမိပါ…



www.burmeseclassic.com

www.burmeseclassic.com



“ ကြံကြီးစည်ရာ သားရယ်၊ နားဖောက်တယ်ဆိုတာ မိန်းမတွေ အလုပ်ပါ”

ကျွန်မ ရင်သပ်ရှုမော ပြောမိတော့ သားက အနည်းငယ် မှုန်တေတေ မျက်နှာပေးဖြင့် ကျွန်မပခုံးကို သူ့လက်သီးဖြင့် ခပ်ဖွဖွ ထိုးလေသည်။

“ဟိုရှေးခေတ်က ယောကျ်ားတွေလည်း နားပေါက်တွေနဲ့ပဲ မဟုတ်လား မေမေ” ကပ်သီးကပ်သပ်ပြောသော သား၏ ဆင်ခြေ စကားကြောင့် ကျွန်မမှာ မြဝတီမင်းကြီးဦးစကိုပဲ ပြန်မြင်ယောင်ကြည့် ရမလိုလို၊ သီပေါမင်းကိုပဲ ပြန်မြင်ယောင်ကြည့် ရမလိုလို ဖြစ်သွားရ သည်။

“သား မိန်းမရှာလေးဖြစ်မလာအောင် ဒီအသက် ဒီအရွယ် အထိ စောင့်ကြည့်ထိန်းသိမ်းလာခဲ့တာ အခုမှပဲ သားက မိန်းမရှာ လုပ်တော့မလို့လား” ဟု ကျွန်မ စိတ်ညစ်ညူးစွာ ရေရွတ်မိတော့ သားမျက်နှာ ရဲခနဲ နီသွား၏။

“မေမေ... နားကွင်းဝတ်တာ မိန်းမရှာတွေ မဟုတ်ပါဘူး မေမေရဲ့။ ယောကျ်ားရင့်မကြီးတွေ။ ကိုယ်ခန္ဓာရော၊ စိတ်ဓာတ်ရော ကြမ်းသလားမမေးနဲ့”

“ဒါဖြင့် ဘယ်လိုလူမျိုးတွေလဲ သား”

သားက သူ့ကို တရားခံစစ် စစ်သည်ထင်ကာ တစ်ခွန်းမှ မဖြေတော့ပါ။

“အဆိုတော်တွေလား၊ ရုပ်ရှင်မင်းသားတွေလား”

သား ခဏခဏပြောဖူးသော အေရိုးစမစ်တို့ ဗယ်နလာ အိုက်စ်တို့တွေက နားကွင်းတွေများ တပ်ထားကြလို့လား။(အသက် ၃၇ နှစ်အရွယ် မိခင်နှင့် ၁၇ နှစ်အရွယ် သား၏အကြားက မျိုးဆက်





ကွာဟမှုသည် သည်လောက်တောင် ကြီးမားနေခဲ့လိမ့်မည်ဟု ကျွန်မ မမျှော်လင့်ခဲ့မိပါ။)ကရာတေးမင်းသား စတီဗင်ဆေးဂဲလ်၏ ဆံပင်ပုံစံ အတိုင်း ဆံပင်ခပ်ရှည်ရှည်ကို နောက်ဘက်မှ စုချည်ထားသည့်ပုံစံ ခေတ်စားခဲ့တုန်းကပင် ကျွန်မကလေးတွေအပေါ် နားလည်ခံစား၍ ရပါသေးသည်။ ယခုကိစ္စမှာတော့ လွန်လွန်းသည်ဟု ကျွန်မထင်၏။

“နားကွင်းကြီး ဝတ်လိုက်ရတော့ သားမှာ ဘာတွေများ ထူးခြား ပြောင်မြောက်လာမှာမို့လဲ သားရဲ့။ ပိုလှလာမယ် ထင်လို့ လား”

“မေမေကရော သားနားကွင်းဝတ်ရင် မေမေ့မှာဘာတွေများ ထိခိုက်နစ်နာလာစရာအကြောင်း ရှိလို့လဲ”

“အမလေးတော် ရှိပါသကော။ တခြားကလေးတွေ မလုပ်တဲ့ ထူးထူးဆန်းဆန်း ခပ်ကြောင်ကြောင်အလုပ်ကို သားကလုပ်တယ်။ မေမေ့ကို လူတွေက ဘာပြောကြမလဲ။ ကိုယ့်သားကိုတောင် ကိုယ် မထိန်းချုပ်နိုင်တဲ့ မအေဖြစ်သွားမှာပေါ့။ ကလေကချေလိုလို၊ လမ်းသရဲ လိုလို ခေတ်ကိုအရွဲ့တိုက်တဲ့ ဝတ်စားဆင်ယင်မှုမျိုးကို မေမေ ဘယ်လိုလုပ်ပြီး သဘောတူနိုင်ပါ့မလဲ သားရယ်။ ရှက်စရာကြီး”

ကျွန်မက လေသံပျော့ပျော့လေးဖြင့် ချော့မော့၍ ကြိုးစားခဲ့ သားကဖြုန်းခနဲ ထိုင်ရာမှထသွား၏။

“နားကွင်းဝတ်တာ ရှက်စရာမဟုတ်ပါဘူး မေမေရာ”

“ဒါပေမယ့် မေမေရှက်တယ်သား”

သားက ခပ်လှမ်းလှမ်းရောက်သွားပြီးမှ ကျွန်မဘက်သို့ မကျေမချမ်း လှည့်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် သားကတော့ဝတ်မှာပဲ။ ဒါ သူများပစ္စည်းခိုးတာလည်းမဟုတ်ဘူး မေမေ။ သူများကို အနှောင့်အယှက်ပေးတာလည်း မဟုတ်ဘူး။ သားမှာ ဒီလောက်တော့ လွတ်လပ်ခွင့်ရှိတယ်"

ဘုရားရေ။ ကျွန်မ ဒေါသတကြီး သားကို ကြည့်မိတော့သည်။

"ဝတ်ရဲရင် ဝတ်ကြည့်။ ဝတ်လာတာနဲ့ တစ်ပြိုင်တည်း သား မေမေ့ဒေါသကို သိသွားစေရမယ်"

သားက တံခါးကို အသံမြည်အောင် ပိတ်ပစ်ခဲ့ပြီး ထွက်သွားသွားသောအခါ ကျွန်မသည် ခြေဖျားလက်ဖျားတွေ အေးစက်လျက် ရင်တလှပ်လှပ် တုန်ရီစွာ ကျန်ရစ်ခဲ့ရသည်။

တစ်ညနေခင်းလုံး ကျွန်မ ဒေါသနှင့် စိုးရိမ်သောက ပူးပေါင်းခံစားလျက် စိတ်ထဲမှာ တင်းကျပ်နေခဲ့သည်။ ပြန်လာလျှင် သားကို နားကွင်းကြီးတန်းလန်းနှင့် မြင်လိုက်ရလေမလား။ သူ့အဖေ မြင်သွားလျှင် ဘယ်လောက် ဒေါသကြီးလိုက်လေမလဲ မင်းအုပ်ထိန်းမှု ညံ့လို့ သားအခုလိုဖြစ်ရတာဟု ကျွန်မအပေါ်မှာများ ပြစ်တင်ဆူပူလေမလား။ သူ့အဖေအပြင်မှ ပြန်လာတော့လည်း သားအကြောင်း ဖွင့်ပြောထားလိုက်ရ ကောင်းမလား။ သို့မဟုတ် သား၏ နားကွင်းကို မြင်မှ သူတို့သားအဖအချင်းချင်း စာရင်းရှင်းစေသည်က ပိုကောင်းမလား။ အတွေးများဖြင့် ချီတုံချတုံ ဖြစ်နေတော့သည်။

သူကဖြင့် ကျွန်မ၏ စိုးရိမ်သောကကို ရိပ်စားမိဖို့ ဝေးစွ။ သူ့ကြက်တူရွေး လှောင်အိမ်တစ်ခုအနီးမှာ အလုပ်ရှုပ်လျက် ရှိသည်။

"မိရေ ဒီမှာ ရေခွက်ကြီးလည်း မှောက်လို့။ အတောင်တွေလည်း စိုရွှဲလို့။ ဒီလှောင်အိမ်ကို ဘယ်သူကိုင်သေးလဲ။ သားများ အစာကျွေးဖို့ ကိုင်မိသေးလား မသိဘူး"





စိုစွတ်နေသော ငှက်အတောင်ပံများကို လက်ဖြင့်ပွတ်သပ်ရင်း မောင်က ကျွန်မဆီလှည့်မကြည့်ဘဲ မေး၏။

"အို… မောင့်သားလား။ ကြက်တူရွေးကို အစာကျွေးဖို့ သတိတောင်ရမှာ မဟုတ်ဘူး။ သူ့ပြဿနာနဲ့သူ"

မောင်က ဖြတ်ခနဲ လှည့်ကြည့်သည်။ မောင့်မျက်ဝန်းမှာ ဖခင်တစ်ယောက်၏ စိုးရိမ်သောကကို ကျွန်မ မြင်ရ၏။

"ပြဿနာ ဟုတ်လား။ ဘာပြဿနာလဲ။ သားဘာဖြစ်လို့လဲ"

ထိုအချိန်သည် သား၏ နားကွင်းကိစ္စကို မောင့်အား ဖွင့်ပြောရန် အသင့်တော်ဆုံးအချိန်ဟု ကျွန်မယူဆသည့်အတွက် ကျွန်မ ပြောပြလိုက်ပါသည်။

ကျွန်မ ကြိုတင်စိုးရိမ်ထားသလို မောင်သည် ဒေါသထွက်မသွားပါ။ အနည်းငယ် အံ့သြဟန်မျက်နှာကို ချက်ချင်းပြင်လျက် ခပ်တွေတွေစဉ်းစားရင်း ပြုံးပင်ပြုံးနေသေး၏။ ထို့နောက် သူ၏ ငှက်လှောင်အိမ်များနှင့်သူ အလုပ်ရှုပ်နေပြန်သည်။

သားပြန်လာသောအခါ သား၏နားကို အလျင်ဆုံး ကျွန်မ လှမ်းကြည့်မိ၏။ အောင့်ထားသော အသက်ကို လွှတ်၍ အားရပါးရ အသက်ရှူမိလောက်အောင် စိတ်ပေါ့ပါးသွား၏။ ကျွန်မစိုးရိမ်သလို သား၏နားတွင် နားကွင်းတန်းလန်း ရှိမနေပါ။

ကျွန်မက ဤကိစ္စကို ဘယ်တုန်းကမှ မဆွေးနွေးခဲ့ဖူးသလို ပင် မေ့ပျောက်ထားချင်၏။ သို့သော် မောင်က ထမင်းစားပွဲတွင် ဤကိစ္စကို အစဖော်လိုက်လေသည်။

"သားက နားကွင်းဝတ်ချင်တယ်လို့ မင်းမေမေ ပြောတယ်။ ဟုတ်သလား သား"



www.burmeseclassic.com

www.burmeseclassic.com



သားက မှုန်တေတေမျက်နှာထားဖြင့် မျက်လွှာချထားလျက်က ဟုတ်ကဲ့ဟု မပွင့်တပွင့် ရေရွတ်သည်။

"ဘာဖြစ်လို့ ဝတ်ချင်တာလဲ"

မောင့်အသံက ခပ်တည်တည်မို့ ကျွန်မသည် သားအတွက် စိုးရိမ်သွားမိကာ ပြောလိုက်မိတာ မှားလေခြင်းဟု နောင်တရမိသည်။ သားကတော့ ကျွန်မထင်သလို ထိတ်အတွန့်ဆုတ်ခြင်းမရှိဘဲ ခပ်ပေါ့ပေါ့ လေသံဖြင့်ပင် အဖြေပေး၏။

"ဖက်ရှင် သဘောမျိုးပါပဲ ဖေဖေ။ ဆံပင်ပုံစံတစ်ခု ထွင်သလို ဒီဇိုင်းအသစ်နဲ့ အင်္ကျီတစ်ထည်ကို သဘောကျမိသလိုမျိုးပါပဲ"

မောင်က မျက်မှောင်ကြုတ်လိုက်၏။

"မင်း ဒါကို တစ်သက်လုံး ဝတ်သွားပါမယ်လို့ ကတိပေးမလား"

သားသည် သူ့အဖေကို ဆတ်ခနဲ မော့ကြည့်ကာ တွန့်ဆုတ်သွားလေသည်။

"အဲဒါတော့... အဲဒါတော့ ဘယ်ပြောနိုင်မလဲ ဖေဖေ တကယ်လို့"

သားစကား မဆုံးသေးမီ မောင်က ပခုံးတွန့်၍ ပြုံးသည်။

"ဖက်ရှင်ဆိုတာ ခဏပါပဲ။ မင်း ဘယ်တစ်သက်လုံးဝတ်နိုင်မလဲ။ ဒါနဲ့ အခုထိတော့ မင်းဝတ်ချင်နေတုန်းပဲပေါ့"

"ဟုတ်တယ် ဖေဖေ"

"နားကွင်းကြီးနဲ့ မင်းကိုယ်မင်း မရှက်ဘူးဆိုတာ သေချာရဲ့ သားကွ"





"ယောကျ်ားစိတ်ဆိုတာ အခက်သားမိရဲ့။ ကိုယ့်ဘက်က တရားတယ်လို့ ထင်တဲ့ကိစ္စမျိုးကို သူများဘယ်လောက်တားတား လုပ်ပစ်လိုက်ရမှ။ ပြီးမှမှားသွားရင် တိတ်တိတ်ကြိတ်ခံတတ်တာမျိုး"

"ဥပမာ မောင်ငှက်မွေးသလိုပေါ့။ ဟုတ်လားမောင်"

ကျွန်မ မျက်စောင်းထိုးတော့ မောင်က အသာပြုံး၍ တိတ်ဆိတ်နေလေသည်။

* * *

"စောတိတက္ကဗေဒင်ကျမ်းမှာ ဆိုထားတယ် မိရဲ့။ မိမိ၏ အိမ်၌ စင်စစ် ကောင်းကျိုးမင်္ဂလာ ဖြစ်စိမ့်သောငှာ ခိုကိုလည်းကောင်း၊ ထို့အတူ ဥဒေါင်းကိုလည်းကောင်း၊ ကျေးကိုလည်းကောင်း၊ သာရကာကိုလည်းကောင်း၊ မပြတ်မွေးမြူရာ၏တဲ့"

ထိုစကားကို ထပ်ခါထပ်ခါ ရေရွတ်လျက်က မောင်သည် ကျွန်မတို့အိမ်သို့ ငှက်မျိုးပေါင်းစုံလင်စွာ သယ်ယူလာခဲ့သည်။ ပထမတော့ ကြက်တူရွေးတစ်ကောင်၊ နှစ်ကောင်။ ထို့နောက်တော့ လှပလွန်းလို့ဟူသော အကြောင်းပြချက်ဖြင့် ဒေါင်းကြီးတစ်ကောင်၊ ထို့နောက် စကားတတ်လို့ဟူသော အကြောင်းပြချက်ဖြင့် သာလိကာ၊ ထို့နောက် ရစ်ကြီးနှစ်ကောင် ဤသို့ဖြင့် ကျွန်မတို့အိမ်သည် ငှက်ပေါင်းစုံ ပျော်မြူးရာ ဥယျာဉ်ကြီးတစ်ခုဘဝသို့ ပြောင်းလဲသွားတော့သည်။ ရှိစုမဲ့စု ခြံဝန်းကျဉ်းကျဉ်းကလေးမှာ ဤငှက်များအား ဘယ်... နေရာချထားမည်လဲဟု မောင်မတွေးခဲ့။ သူလိုချင်ပြီဆိုလျှင် ... လာတော့သည်။ လှောင်ချိုင့် အသေးအကြီး၊ သစ်ပင်မှ... ချိတ်လိုချိတ်၊ အိမ်ခန်းထဲ တွဲလွဲချိတ်လိုချိတ်။ တစ်ခါတ...



www.burmeseclassic.com

www.burmeseclassic.com

တွေက မြင်မကောင်း ရှုမကောင်း။ ငှက်ကိုချစ်သော မောင် သည် ငှက်ချေးကိုတော့ ရွံရှာတတ်ချေသည်။

"မိရေ... မင်းငှက်တွေကို လုပ်စမ်းပါဦးကွ"

ထိုအချိန်မှာတော့ ငှက်တွေအားလုံး သူ့ငှက် မဟုတ်တော့။ ကျွန်မ ငှက်တွေ ဖြစ်သွားသည်။ လှောင်ချိုင့်အောက်မှာ ဖြန့်ခံထားသော စက္ကူဝိုင်းတွေကို သုံးလေးရက်တစ်ခါ ဖြုတ်လျက် ချေးညှော်အမှိုက်သန့်စင်ပေးရသူက ကျွန်မသာဖြစ်သည်။ ညှော်သည်တွေ လာချိန်၌ ဂုဏ်ယူဝင့်ကြွားစွာ ပြသပြောဆိုနေလျှင်တော့ ငှက်အားလုံးသည် သူ့ငှက်တွေချည်း ဖြစ်သွားပြန်၏။

"ရွှေခဲလေးရေ ခဏစောင့်ပါဦးလို့ ပြောလိုက်စမ်း။ ပြောပြလိုက်စမ်း"

ကြက်တူရွေးကလေး၏ မပီတပီ အသံများကို နားထောင်ကာ သူ တဟားဟား ရယ်မောသဘောကျ နေတတ်သည်။

"ဟောဒါက ကြက်တောလို့ ခေါ်တယ်မိရဲ့။ သူ့ကို ကိုယ် သုံးရာငါးဆယ်နဲ့ရလို့ ဝယ်လာတာ။ ကြည့်စမ်းပါဦး။ သူ့နှုတ်သီးကြီး မလှဘူးလား"

ကျွန်မဖြင့် ကောက်ချိတ်ချိတ် နှုတ်သီးကို နည်းနည်းမျှလှသည်ဟု မထင်မိပါ။ စိမ်းပြာပြာ အသွေးရှိသော ကြက်တူရွေး သေးသေးကလေးများကိုတော့ ကျွန်မသဘောကျသည်။ ကျေးကျွတ်ဟုခေါ်သည် ထင်ပါရဲ့။ ကျွန်မ ကောင်းကောင်း အမျိုးအစား မခွဲတတ်ပါ။ ကျွန်မသိသည်က ငှက်အားလုံးသည် အစားအစာကို စည်းမရှိ ကမ်းမရှိ ထိုးဆိတ်ကာ ပေပွနေအောင် စားတတ်သည်။ ရေခွက်နှုတ်ခမ်းကို နှုတ်သီးဖြင့်မထိထိအောင် ချိန်လျက် ထိုးဆိတ်မှောက်လှဲပစ်တတ်သည်။ အစာကြွေးရန် လှောင်အိမ်သံချောင်း





ကလေးတွေအကြား လက်ထည့်လိုက်လျှင် သူတို့က အလျင်ဦးအောင် လက်ကို ဆိတ်ဆွတတ်သည်။ ကျွန်မနှင့်ငှက်တွေ ဘယ်တော့မျှ မတည့်ပါ။ မောင်ကတော့ နံနက်ရုံး မသွားမီတစ်ခါ ရုံးဆင်းအပြန် တစ်ခါ အစာကျွေးလေ့ရှိသူ ဖြစ်၍လားမသိ။ ကြင်နာနူးညံ့စွာလည်း ကိုင်တွယ်တတ်၍လားမသိ။ မောင့်ကို ငှက်တွေက ချစ်ကြသည်။

လှောင်ချိုင့်ကိုဖွင့်၍ မောင့်လက်ဖမိုးကို တံခါးပေါက်အဝကလေးမှာ ထားလိုက်လျှင် လက်ဖမိုးပေါ် ခုန်တက်တတ်သည်။ ကိုကြက်တောကတော့ မောင့်ပခုံးပေါ်မှာနား၍ မောင်နှင့်အတူ အိမ်ထဲမှာ တစ်ခန်းဝင်တစ်ခန်းထွက် လိုက်ပါသွားတတ်သေး၏။

မောင့်လို ငှက်တိရစ္ဆာန်ဝါသနာရှင်များ အိမ်သို့ရောက်လာလျှင်တော့ ကျွန်မတို့အိမ်သည် ငြင်းခုန်သံ ရယ်မောသံတို့ဖြင့် ဆူညံစည်ကား နေလေသည်။ ယောကျ်ားတို့၏ ဝါသနာကား တော်တော်စုံလင်သည်ဟု ပြောရမည်။ တချို့က ခွေးမွေးသည်။ တချို့က ယုန်ကလေးတွေ မွေးသည်။ ရှားရှားပါးပါး စပါးကြီးမြွေကို မွေးမြူထိန်းသိမ်းထားသော လူတစ်ဦးကိုပင် ကျွန်မ တွေ့ဖူးပါသည်။ မောင်က မြွေ မမွေးလို့ တော်ပါသေးရဲ့။ မြွေကိုသာ ဝါသနာပါလျှင် ကျွန်မတို့ လင်မယား ကွဲကြလိမ့်မည်ထင်သည်။

ယခုကိုပဲ မောင့်ကျေးငှက်များကို ကျွန်မ စိတ်ကုန်လှပြီ၊ တစ်ကောင်နှင့်တစ်ကောင် တကျီကျီ တကျာကျာ အသံပြုအော်မည်သံကတစ်မျိုး၊ တောင်ပံကို တဖြတ်ဖြတ်ခတ်လျက် သစ်သားတန်းကို ကုတ်ခြစ်သံကတစ်မျိုး၊ လှောင်အိမ် နံရံကို နှုတ်သီးဖြင့် တ[illegible] တောက် ထိုးဆိတ်သံကတစ်မျိုး၊ လည်ဆံမွေးများထဲသို့ နှု[illegible] မရအရထိုးဖွ၍ တဂစ်ဂစ်အော်မြည်သံကတစ်မျိုး၊ အိမ်မှာ[illegible] နေရသော ကျွန်မ အတွက်တော့ ထိုအသံများသည်[illegible]



www.burmeseclassic.com

www.burmeseclassic.com



သာဖြစ်သည်။ ထိုထက်ပို၍ဆိုးသည်မှာ ခြံဝန်းထဲမှ ရစ်ကြီးနှစ်ကောင်၏ အော်သံဖြစ်၏။ သည်လောက် ဆူညံသောအသံမျိုးကို သူတို့မို့ အော်တတ်လေသည်။ ရွှေရောင်နှင့်အစိမ်းရောင် ရောယှက်လျက်လှပသော ဒေါင်းငှက်ကြီးကတော့ ကျွန်မကို အသံဖြင့်ဒုက္ခမပေးပါ။ သို့သော် တစ်ခါတစ်ခါ သစ်ပင်ပေါ်မှာ ခဏလွှတ်ပေးထားလျှင် သူက ဟိုအိမ်သည်အိမ် ခုန်ပျံကူးချင်သေး၏။ ဒေါင်းကြီး ပျောက်ပျောက်သွား၍ ကျွန်မမှာ ရပ်ကွက်ထဲ လိုက်ရှာရသည့် ဒုက္ခက ရှိသေးသည်။ အရက်မူးမူးနှင့် အော်ဟစ်ဆူပူတတ်သော အိမ်နီးချင်း တစ်ယောက်ကတော့ ကျွန်မတို့ဒေါင်းကြီးကို မျက်စိကျနေသည်။

"လာခဲ့။ ဒီတစ်ခါ လာရဲရင်လာခဲ့။ အရက်နဲ့မြည်းပစ်လိုက်မယ်။ ဒေါင်းသားဆိုတာ တယ်ကောင်းဆိုပဲ"

ကျွန်မမှာဒေါင်းငှက်ကြီးကို ကရုဏာသက်စွာ အရိပ်တကြည့်ကြည့် စောင့်ရှောက်ရပြန်သည်။ "ဒေါင်းသားဆိုတာ စားမှစားကောင်းရဲ့လားဟင် မောင်" ဟု ကျွန်မမေးတော့ မောင်က မျက်နှာညိုညိုနှင့် "မိရယ် အရက်သမားဆိုတာ ဘာအသားပဲဖြစ်ဖြစ် သူတို့အဖို့ကောင်း နေတာပဲဥစ္စာ" ဟု ဖြေခဲ့သည်။

မောင် ကျေးငှက်တိရစ္ဆာန်တွေ မွေးမြူသည်မှာ သူတို့ကို ချစ်လို့ဟု ကျွန်မထင်ခဲ့မိ၏။ တကယ်တော့ မောင်သည် အခြားသူတွေ တံဆိပ်ခေါင်းစုသလို စုဆောင်းလိုသော ဝါသနာအရသာ မွေးမြူခဲ့ခြင်းဖြစ်ကြောင်း နောက်မှကျွန်မ သိရသည်။ မောင်သည် ငှက်တိရစ္ဆာန်များကို ကြာရှည်မွေးမြူပြုစုပေမယ့် သံယောဇဉ်ရစ်တွယ် နှောင်ဖွဲ့နေတတ်သူမဟုတ်။ မိတ်ဆွေတစ်စုံတစ်ဦးက သူ့အကောင်ပလောင်တစ်ခုတစ်လေနှင့် လဲလှယ်လိုလျှင် မောင့်မှာလည်း ထိုအမျိုးအစားမရှိသေးဘူးဆိုလျှင် မဆိုင်းမတွ ချက်ချင်း ကောက်လဲပေးလိုက်တတ်





၏။ ထိုအချိန်မှာတော့ မောင်သည် မိမိ၏ ကျေးငှက်ကို ဝယ်ခဲ့ရသည့်ဈေးနှုန်းနှင့် တစ်ဖက်က အကောင်၏ ဈေးနှုန်းအနည်းအများ အရှုံးအမြတ် တွက်ချက်တတ်သူမဟုတ်။ ကျွန်မက မိန်းမပီပီ လဲလှယ်သော ပစ္စည်းဈေးနှုန်း ကွာခြားမှုအရ အရှုံးအမြတ်တွက်ပြလျှင် မောင်ဒိတ်ဆိုး တတ်ပြန်သေး၏။

"အခုဟာက ကိုယ်အရောင်းအဝယ် လုပ်နေတာ မဟုတ်ဘူးကွ"

တစွတ်ထိုးနိုင်လှသော မောင့်ကို ကျွန်မစိတ်ပျက်ရပေါင်းများလှပြီ။ မောင့်လုပ်စာသည် လှောင်ချိုင့်ဖိုး၊ ငှက်ဖိုး၊ ငှက်စာဖိုး၊ ဆေးဖိုးတို့နှင့်ပင် ကုန်သလောက်ရှိနေပြီ။ ကျွန်မသာ အိမ်မှာနေရင်းဘစ်ဖက်တစ်လမ်းမှ စီးပွားရှာတတ်သူ မဟုတ်ခဲ့လျှင် ကျွန်မတို့မိသားစု မောင့်ငှက်များနှင့်အတူ အသီးအရွက်များကို ဝေမျှစားသောက်နေရုံသာ ရှိလိမ့်မည်။ မောင့်ကို ကျွန်မ ဈေးတွက်တွက်ပြတိုင်းကျွန်မတို့ ရန်ဖြစ်ရရုံသာရှိလျက် မောင့်အချိုးကို လုံးဝမပြုပြင်သောအခါ မောင်နှင့်မောင့်ငှက်များကို ကျွန်မ ပစ်ထားကြည့်လိုက်သည်။ သို့သော် တကယ်တမ်းကျတော့ မောင်၏ အိမ်ထောင်ရေးသစ္စာနှင့်လူမှုရေး ဖြောင့်မှန်ရိုးသားမှုများကို ဂုဏ်ယူမက်မောစွာ မြင်နေရပြန်တော့ မောင်၏ ဝါသနာနှင့်အကျင့်ကို ကျွန်မ ခွင့်လွှတ်ရပြန်သည်။

"မိ... မင်းလို ဗျစ်တောက်ဗျစ်တောက်နဲ့ ဆူပူတတ်တဲ့ မိန်းမမျိုးဟာလေ ငါနဲ့ရဖို့မကောင်းဘူး သိလား"

မောင်ကမျက်နှာထိ မျက်နှာထားနှင့်ပြောလျှင် ကျွန်မ ထောင်းခနဲ ဒေါပွသွားတတ်၏။

"အံမယ် ရှင်က ကျုပ်ကို ဘယ်သူနဲ့များ ပေးစားချင်လို့တုံး

"မယားငယ်ယူတတ်တဲ့ ယောကျ်ားမျိုးနဲ့ ပေးစားချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားအောက်တွင် ကျွန်မ၏ဒေါသများ ကွယ်ပျောက်လွင့်စင်သွားရလေသည်။ စိတ်သက်သာရာရမှုဖြင့် ကျွန်မ ငြိမ်သက်တိတ်ဆိတ်သွားသည်ကို ကျွန်မစိတ်ဆိုးသွားသည်ဟု မောင်က ထင်ခဲ့ဖူး၏။

"ကိုယ့်မှာ အားနည်းချက်တွေ အများကြီးပဲနော် မိ"

ကျွန်မကို ခပ်ငေးငေးဖြင့် ချော့မော့မလိုလို နူးညံ့ အေးဆေးစွာ မောင်ပြောလျှင် ကျွန်မ ချက်ချင်းရယ်မော လိုက်မိသည်။

"အများကြီးတော့ မဟုတ်ပါဘူး။ ဒီတစ်ခုတည်းပါ။ မောင်တို့အားလုံး တစ်မျိုးတစ်ဘာသာစီ စိတ်ပျက်စရာကောင်းတာချည်းပါပဲ" ဟု ကျွန်မ ပြောမိသည်။

"မောင်တို့အားလုံးဆိုတာ ဘယ်သူတွေတုံး"

"အို… ကျွန်မဘေးနားက ယောကျာ်းတွေပေါ့ မောင်ရဲ့။ မောင့်အဖေရယ်၊ မောင့်အဘိုးရယ်လေ။ အင်း ဒါပေမယ့် အမှန်အတိုင်းဝန်ခံရရင် ကျွန်မ သူတို့ကိုချစ်တယ်"

မောင်က စိတ်အေးသွားဟန်ဖြင့် ခပ်ဟက်ဟက် ရယ်မောသည်။

* * *

အရက်သမားများကို အလွန်မုန်းတီးတတ်သော ကျွန်မသည် မောင့်ဖေဖေကိုတော့ အလွန်ချစ်ပါသည်။

ဖေဖေသည် အငြိမ်းစား ရေနံတွင်းတူးဗိုလ် တစ်ယောက်ဖြစ်သည်။ အလွန်အေးဆေး သိမ်မွေ့သူ တစ်ယောက်ဖြစ်သည်။ လက်အောက်ငယ်သားကို စကားပြောသည်ကအစ လေသံတိုးတိုးနှင့် နူးညံ့စွာ ပြောတတ်၏။ သားနှင့်မယားအပေါ်မှာ တာဝန်ကျေသော အိမ်ထောင်ဦးစီး တစ်ယောက်၊ အလုပ်အပေါ် တာဝန်ကျေသော အရာရှိတစ်ယောက်၊ ဆက်ဆံရေးပြေပြစ်သော်လည်း စည်းစနစ်ကျကျ ဖြောင့်ခန့်ရိုးသားသူ တစ်ယောက်ဖြစ်သည်။ ဖေဖေ၏ တစ်ခုတည်းသော အားနည်းချက် ကြီးကြီးတစ်ခုမှာ အရက်ကိုနှစ်ခြိုက်စွာ သောက်တတ်ခြင်းပင် ဖြစ်သည်။ အလုပ်လုပ်စဉ်က အရက်ကိုချင့်ချိန်စွာ စည်းကမ်းသား၍ သောက်ခဲ့သောဖေဖေသည် အငြိမ်းစားယူပြီး နောက်တော့ စိတ်ကြိုက် လွတ်လွတ်လပ်လပ် သောက်လေသည်။

ဖေဖေသည် အခြားအရက်သမားများနှင့်မတူဘဲ အရက်မူးလျှင် အလွန်သဘောကောင်းပြီး ရက်ရောတတ်သည်။ လှူလည်းကျွေးသောဆောင်သည် ဖေဖေ့ထံမှ အခွင့်အရေး တစ်စုံတစ်ခု တောင်းလိုလျှင် အရက်မူးချိန်မှာ တောင်းတတ်၏။ ထိုအချိန်မှာဖေဖေက မောင်ဆောင်းသမျှ ပေးတတ်၏။ မောင့်နည်းတူ လှူလည်းကျွေးသော သားကသူ့အဘိုးအကြောင်းကို မောင့်ထက်ပို၍ သိသည်။

"အရက်နည်းနည်းမူးတုန်းမှာ သူပြောတဲ့ စကားတွေကို ဘိုးဘိုး အကုန်မှတ်မိတယ်။ ဒါပေမယ့် တော်တော်မူးနေတုန်းမှာ ပြောတဲ့စကားတွေကိုတော့ ဘိုးဘိုးမေ့ကုန်ရော"

တစ်ခါတုန်းက ဖေဖေသည် မိတ်ဆွေအရာရှိ တစ်ဦးအား မိမိအိမ်သို့ ထမင်းစားလာပါရန် နေ့ရက်အတိအကျဖြင့် ဖိတ်ခဲ့ဖူး၏။ ထိုမိတ်ဆွေကလည်း အတိအကျရောက်လာခဲ့၏။ သို့သော် ဤကိစ္စကို မေမေကလည်းမသိ။ ဖေဖေကလည်းမေမေ့ကို ပြောပြထားရလောက်အောင်ပင်မမှတ်မိခဲ့။ မိတ်ဆွေကို ဧည့်ခံစကားပြောနေရင်း အချိန်တွေကုန်သွားခဲ့သည်။ နောက်မှ ဖေဖေထမင်းစားချိန်ရောက်၍ ဆ[illegible] ဘန်ရှိမှ "ခင်ဗျား ထမင်းစားခဲ့ပြီးပြီလား။ စားသွားပါ[illegible]" ဟု သောကွတ်လုပ်တော့မှ ထိုမိတ်ဆွေက ရယ်မောလေသည်။





ဥတ္တရလမင်း

www.burmeseclassic.com

www.burmeseclassic.com



“ကိုဘအောင်တို့ကတော့ လုပ်ပြီဗျာ။ ခင်ဗျားပဲ ကျွန်တော့်ကို ဒီနေ့နေ့လယ် ထမင်းစားဖိတ်ထားခဲ့တာလေ” ထိုအခါကျမှ ဖေဖေရော မေမေရော အားနာပါးနာဖြင့် မရှိရှိတာကို ကမန်းကတန်း စီစဉ်ကျွေးမွေးရလေသည်။ ဖေဖေ့ကို ရင်းနှီးချစ်ခင်သော ထိုမိတ်ဆွေသည် ခေါင်းတရမ်းရမ်းနှင့် ဖေဖေ့အကြောင်းကို ပြော၍မဆုံးနိုင်အောင် ရှိသည်။

“ကျုပ်က အစတုန်းကတော့ ဘာမှမပြောဘဲ လှည့်ပြန်သွားဦးမလို့ပဲဗျ။ ဒါပေမယ့် ဒီလူ မှတ်လောက်သားလောက် ဖြစ်စေချင်လို့ အားမနာပါးမနာ သတိပေးလိုက်ရတာပဲ”

သားကတော့ အဘိုးထံမှ ရတ်တရက် သူတောင်းချင်တာတစ်ခုခုရှိလျှင် အရက်မူးစဉ်က သူ့အားအဘိုးက ကတိပေးခဲ့ဖူးသလိုဟန်ပန်ဖြင့် ရအောင်တောင်းတတ်လေသည်။

“ဘိုဘိုးပဲ ဟိုတစ်ညတုန်းကပြောတော့ သားကို ရက်ကက်တစ်ခု ဝယ်ပေးရဦးမယ်ဆို”

“ဟေ... ငါပြောမိလို့လားကွ”

“ဟာ... ပြောတယ်လေ။ ဘိုးဘိုးကတော့ လုပ်ပြီ”

“အေး အေး။ ရမှာပေါ့ မြေးရာ။ ရမှာပေါ့”

မေမေက ဖေဖေအရက်ကြိုက်တတ်သည်ကို စာနာစွာ အိမ်၌ အရက်အမျိုးအစား ကောင်းကောင်း ပုလင်းလိုက်ထား၍ တိုက်ဖူးသည်။ ဖေဖေကတစ်ယောက်တည်း အရက်သောက်ရမှာ ပျင်းသည် ဟူ၍ ဆိုင်မှာသွားသွား သောက်သောကြောင့် နောက်ထပ် ဝယ်မထားတော့ပေ။ အရက်ဆိုင်သွားခါနီးလျှင် ဖေဖေ့ရေချိုးကိုမှန်း၍ မေမေက ဖေဖေ့အိတ်ကပ်ထဲ ပိုက်ဆံထည့်ပေးလိုက်တတ်သည်။ တစ်ခုထူးဆန်းသည်မှာ ဖေဖေသည်အရက်ကို ဘယ်တော့မျှ အကြွေးသောက်လေ့မရှိ။





ပါသည့်ပိုက်ဆံကုန်သွားလျှင် ခပ်ရှက်ရှက်ဖြင့် ထပြန်လာတတ်သည်။ ထိုအခါမျိုးတွင်တော့ ဖေဖေနှင့်မေမေ စကားများတာ သူ ကြုံရဖူးသည်ဟု မောင် ကျွန်မကို ပြောပြခဲ့ဖူးပါသည်။ အရက်မူးစဉ် မေမေနှင့်ရန်ဖြစ်တိုင်း ဖေဖေ အမြဲငိုလေ့ရှိသည်တဲ့။

“မခင်လေးရာ ကျွန်တော့်ကို အရက်လေးတော့ ဝအောင်တိုက်ပါဗျာ”

မေမေက မျက်ရည်ကြားမှ ရယ်မောကာ မျက်စောင်းထိုးလျက် အိမ်မှာ အမြဲသိမ်းထားလေ့ရှိသော ဝီစကီပုလင်းကို ထုတ်ရလေသည်။

“ဘယ်လိုလည်းမသိဘူး။ သူများကြားရင် ထမင်းတောင်ဝအောင်မကျွေးသလို လူကိုထင်ကြဦးမယ်”

နံနက်မိုးလင်းလျှင်တော့ ဖေဖေသည် ညကမူးပြီး ငိုခဲ့သူမှာ သူမဟုတ်သလိုပင်။ ခပ်တည်တည် မျက်နှာပေးနှင့် ရှိနေတတ်သည်။

ဖေဖေတို့ တစ်မျိုးလုံး တစ်ဆွေလုံးတွင် အရက်သောက်သူမှာ ဖေဖေတစ်ယောက်တည်းသာ ရှိသည်ဟု မောင်က ပြောဖူး၏။ ဟုတ်ပါလိမ့်မည်။ ဘိုးဘိုးသည် ဖေဖေရှိရာ ရေနံချောင်းသို့ လာတိုင်း ဖေဖေအရက်သောက်သည်ကို ရှုတ်ချလေ့ရှိတာ ကျွန်မ မကြာခဏ ကြုံဖူးသည်။

“ဒီဂရိုလေးရ၊ အလုပ်ကလေးကကောင်း၊ ဟန်ကျပန်ကျ ဆိုတော့ အရက်သောက်ပြီး ပျက်စီးပြီပေါ့ကွာ။ တယ်ကောင်း။ အခုနေ မင်းအမေသာသိသွားရင် ဘယ်လောက်များ ငိုလိုက်ရမလဲ”

ရယ်စရာကောင်းနေသည်မှာ ဖေဖေအရက်သောက်တတ်သည်ကို ဘွားဘွား လုံးဝသိမသွားဘဲ သေဆုံးသွားခဲ့ခြင်းပင် ဖြစ်သည်။ ဖေဖေ အရက်စသောက်သည်မှာ အသက် ၄၅နှစ်။ ဘွားဘွားဆုံးသည်မှာ ဖေဖေအသက် ၆၀ အရွယ် ပင်စင်ရကာစ။ သို့သော် ထို ၁၅ နှစ်



www.burmeseclassic.com

www.burmeseclassic.com



အတွင်း ဖေဖေက ရေန်ချောင်းမှာနေ၍ ဘွားဘွားတို့က ပင်းဝရွာမှာနေသောကြောင့် ဘွားဘွားခမြာ သူ့သားအရက်သောက်သည်ကို မမြင်ဖူးခဲ့ပေ။ ဖေဖေကလည်း ကျွန်မတို့ရေနံချောင်းသို့လာခိုက် ပင်းဝသို့ အတူလိုက်၍ ဘိုးဘိုးနှင့်ဘွားဘွားကို ကန်တော့သည့်အခါများတွင် ဘွားဘွားရှေ့၌ ငြိမ်ဝပ်နေတတ်သည်။ ဘိုးဘိုးကသာ ဖေဖေရှိရာ မကြာခဏ လာတတ်သူမို့ ဖေဖေ့အကြောင်း အလုံးစုံ သိလေသည်။ တစ်ခါတစ်ရံ ဖေဖေရှိရာ အရက်ဆိုင်သို့ပင် ဘိုးဘိုးက လိုက်သွားဖူးသည်။

"ဘအောင်" ဟု ဘိုးဘိုးက မျက်နှာထိ မျက်နှာထားနှင့် ခေါ်လျှင် ဖေဖေကအရက်တကယ်မမူးသေးပေမယ့် ဒယိမ်းဒယိုင် လျှောက်လာပြီး ဘိုးဘိုးပခုံးကို လက်သီးနှင့် ထိုးတတ်သည်။

"ဖေဖေ အရက်သောက်မလို့လား" ဟု မသိဟန် ဆောင်၍ ဖေဖေကမေးလျှင် ဘိုးဘိုးက ဆဲလိုက်သလိုပင် နာတတ်၏။

"ခွေးကောင် ဖအေကိုများ မလေးမစားနဲ့။ ငါက မင်းလိုငရဲမှာ ချိုးကပ်မယ့်ကောင် မဟုတ်ဘူး။ ငါနဲ့လိုက်ခဲ့စမ်း။ မင်းအမေတောင်းခိုင်းထားတဲ့ ကြက်သွန်ဖိုးတွေ စာရင်းရှင်းရအောင်"

ဘွားဘွား၏ ကြက်သွန်ကြွေးမှာ စာရင်းမှာသာရှိလျက် ဖေဖေ့လက်ထဲ ငွေမကျန်တတ်ပေ။

"ဘယ်မလဲ ပိုက်ဆံတွေ"

ဘိုးဘိုးကသိလျက်နှင့် ဖွတ်ပေကပ်၍ ငွေတောင်းတတ်၏။ ဖေဖေက မျက်လုံးဝိုင်းလျက် ခေါင်းကို ကုတ်ဖွ၍ မပြီးတော့ချေ။

"ရပြီးပြီ အဖေရ။ ကျွန်တော် မခင်လေးရဲ့ သေတ္တာထဲ ထည့်ထားလိုက်တယ် ထင်တာပဲ"





"အံမယ်...အံမယ်...ခင်လေးရဲ့ သေတ္တာထဲထည့်ထားရင် အခုရှိမှာပေါ့ကွ။ မင်းအရက်သောက်ပစ်လို့ အခုမရှိတာပေါ့" ဘိုးဘိုးက တကယ် ဒေါသထွက်လျက် ငေါက်ငမ်းသည်။

"ဟာ... အဖေမှားနေပြီ။ ကျွန်တော်အရက်သောက်တာ ကျွန်တော့်ပိုက်ဆံနဲ့ ကျွန်တော်သောက်တာ။ မခင်လေးဆီက တစ်ပြားမှမယူဘူး"

ထိုအခါမျိုးတွင် မေမေက သားအဖကြား ဝင်မပါဘဲ တစ်ဖက်လှည့်ကာ ပြုံးနေတတ်သည်။ ကျွန်မသည် မေမေ့ကို တအံ့တသြ ချီးကျူးမိ၏။ မေမေသည် အရက်သမားတစ်ယောက်ကို လေးစားဆိုက်သော ခင်ပွန်းအဖြစ် ဘယ်လိုများ ဆက်လက်ပေါင်းသင်းနေနိုင်ပါလိမ့်။ ကျွန်မဖေဖေ့ကိုချစ်သည်က ယောက္ခမလည်းဖြစ် ကျွန်မအပေါ်လည်း ကြင်နာနားလည်သူဖြစ်၊ အဝေးမှာလည်း ရှိနေသည်မို့ ထားပါတော့။ မေမေက နှစ်ပေါင်းများစွာ အနီးကပ်ပြုစုရသူဖြစ်ရာ အရက်သမား မယားဖြစ် ဒုက္ခမျိုးစုံကို ရင်ဆိုင်ခဲ့ရပေလိမ့်မည်။ ခမေမေဘယ်လို ရင်ဆိုင်ခဲ့ရပါလိမ့်။ မေမေ့ကို မေးကြည့်ဖူးသည်။ အတန်းပညာ သိပ်မတတ်သော၊ မာန်မာနကင်းစွာ နှိမ်ချတတ်သော ခမေမေက အေးဆေးစွာ ပြုံး၍ဖြေခဲ့၏။

"အော် သမီးရယ်။ ယောကျ်ားတစ်ယောက်ဆီက စည်းစိမ်ချမ်းသာနဲ့သုခကို မျှဝေခံစားပြီးတဲ့ မိန်းမတစ်ယောက်ဟာ အဲဒီယောကျ်ားရဲ့ ဒုက္ခဆင်းရဲတွေကိုလည်း မျှဝေခံစားနိုင်ရမှာပေါ့။ လူတစ်ယောက်ကို စုံမက်ပြီး ပေါင်းသင်းတဲ့အခါ သူ့ရဲ့အကောင်းတွေကို ကိုယ်ယူရသလို သူ့ရဲ့အဆိုးတွေကိုလည်း ကိုယ်ယူရမယ် မဟုတ်လား။ တစ်ဖက်သတ်ကြီးတော့ ဘယ်ရပါ့မလဲ။ ပါရမီဖက်ဆိုတာ ဒါပဲလေ။ ကျွန်မ အံ့သြစွာ ငေးနေခဲ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



"သားဖေဖေက အရက်သောက်တာ တစ်ခုပဲပြောစရာရှိတာ
ပါ။ ခံမေမေနဲ့သားအပေါ် အင်မတန်သစ္စာရှိတာ။ အင်မတန်ဝတ်တရား
ကျေပွန်တာ။ သူ့ဘဝမှာ ဘယ်သူ့အပေါ်မှ ယုတ်ညံ့တဲ့စိတ်ထား
မထားခဲ့ဖူးဘူး။ မေမေစိတ်ညစ်ရအောင်လည်း သူတစ်ခါမှ မလုပ်ခဲ့ဖူး
ဘူး။ "သိပ်လေးစားဖို့ကောင်းတယ် သမီးရဲ့"

မေမေက လေးစားရသော ဖေဖေ့ကို ဘိုးဘိုးကတော့
ငါးပါးသီလ ချိုးဖောက်သူအဖြစ် တဗျစ်တောက်တောက် ဆုံးမ၍
မပြီးတော့ပေ။

"အရက်သမားဆိုတာ သေရင်လည်း ငရဲကျဦးမယ်။ အခု
လောလောဆယ်လည်း အရှက်ရသေးတယ်"

ထိုစကားကို ဖေဖေကဆတ်ဆတ်ထိမခံ ပြန်ပြောတတ်၏။

"အရက်သောက်ပြီး ကျွန်တော် ဘာအပြစ်မှ မလုပ်ဖူး
အဖေ။ ကျွန်တော် ငရဲမကျဘူး။ ဒါရှက်စရာလည်း မဟုတ်ပါဘူး။
ကျွန်တော်ကြိုက်လို့ ကျွန်တော်သောက်တာပဲ။ သောက်ရုံပဲ
သောက်တာပဲ။ မကောင်းမှုလုပ်တာ မဟုတ်ဘူး။ ကျွန်တော်
အရက်ကြိုက်တယ်ဆိုတာ အဖေ ဆေးတံကြိုက်သလိုမျိုးပါပဲ။
တစ်မျိုးစီ ပိုက်ဆံကုန်ခံပြီး တစ်မျိုးစီ ဓိမ်ကျကျယစ်မူးတာပဲ"

"ဘာကွ"

ဘိုးဘိုးသည် အရက်နှင့်ဆေးတံကို တစ်တန်းတစ်စား
တည်းထား၍ နှိုင်းယှဉ်ရကောင်းလားဟု ဒေါပွမဆုံးရှိတော့သည်။
ထိုအခါမျိုးမှာ မေမေကတော့ သားအဖနှစ်ယောက်ကြား ဘယ်သူ့
ဘက်မှ မလိုက်ဘဲ ပြုံးရယ်လျက် ပွဲကြည့်ပရိသတ် လုပ်နေလေသည်။

* * *

ဖေဖေ့ကို အရက်နှင့်ခွဲခွာ၍ မရသလို ဘိုးဘိုးကိုလည်း ဆေးတံနှင့်
ခွဲခွာ၍ မရချေ။ ဘိုးဘိုးသည် အသက် ၁၈ နှစ် အရွယ်ကတည်း





က ဆေးတံသောက်လာခဲ့သည်ဟု ဆိုသည်။ မောင် စီးကရက်
သောက် တာမြင်လျှင် ဘိုးဘိုးက စိုးရိမ်တကြီး တားမြစ်တတ်၏။

"စီးကရက် သိပ်သောက်ရင် အဆုတ်ကင်ဆာဖြစ်တယ်
ဆိုကွ"

ဘိုးဘိုး၏ ဆေးတံဆေးနံ့သည် မောင့်စီးကရက်ရနံ့ ထက်ပို
၍ မွှေးသည်ကို ကျွန်မ သတိပြုမိသည်။ မောင်ကလည်း ဘိုးဘိုးကို
အားကျ၏။ ဘိုးဘိုး၏ ဆေးဘူးကို ကိုင်ကြည့်၊ မွှေးကြည့်လျက်
ဆေးအိုးထဲ ဆေးမှုန့်တွေသိပ်ထည့်ကာ မီးညှိဖို့ ကြိုးစားဖူးသည်။
ဘိုးဘိုးက မောင့်ကို ကြည့်၍ ရယ်မော၏။

"ဘာလဲ ငါ့မြေးက ဆေးတံသောက်စမ်းမလို့လား"

"ဘိုးဘိုး ဆေးနံ့က သိပ်မွှေးတာပဲဗျာ"

"အေးကွ အနံ့ကလေးကလည်း ကောင်းတယ်။ အရသာ
ကလည်း သိပ်ရှိပါရဲ့။ ဒါပေမယ့် မင်းနဲ့တော့ ဖြစ်မယ်မထင်ပါဘူး
ကွာ"

"ဘာဖြစ်လို့လဲ ဘိုးဘိုးရဲ့"

ဘိုးဘိုးက ဆေးတံကို လက်မှာလှည့်ပတ်ကြည့်ရင်း မောင့်ကို
ရှင်းပြသည်။

"ဆေးတံသောက်တဲ့လူရဲ့ ဒုက္ခကို မင်းခံနိုင်မှာ မဟုတ်လို့ပေါ့
ငါ့မြေးရာ။ တယ်အလုပ်ရှုပ်တာကိုးကွ။ ဆေးတစ်အိုး ကုန်သွားပြီဆိုရင်
ပြာတွေ၊ ဆေးချေးတွေကို ခေါက်ချ၊ သွန်ပစ်ရုံနဲ့ ရမယ်ထင်လို့
လား။ တစ်ခါတစ်ခါ ဆေးချေးတွေက ဆေးတံပိုက်ဝမှာ ပိတ်ဆို့နေ
ရင် သိပ်ထုတ်ရခက်တာ။ ဆေးအိုးကို စိတ်ရှည်လက်ရှည် ခြစ်ထုတ်၊
ဆေးတံပိုက်ကိုလည်း စိတ်ရှည် လက်ရှည် ရှင်းယူရတာ။ မင်းတို့
စီးကရက်လို သောက်ပြီး ထိုးချေလွှင့်ပစ်ချထားခဲ့လို့ မရဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဘိုးဘိုးသည် သူသောက်နေကျ ဆေးတံအဟောင်းကို အသစ်ထက် ပို၍ခင်တွယ်၏။ ဘိုးဘိုးသည် ဆေးတံအမျိုးမျိုးကို သူ့စားပွဲ အံဆွဲထဲတွင် စီတန်း၍ ထားတတ်သော်လည်း တစ်မျိုးတည်းသာ အသုံးပြုသည်။ ဆေးတံဟောင်းသည် သူနှင့် နေသားကျပြီး ဆေးနှပ်ရတာလည်း လွယ်ကူသည့်အပြင် မီးစွဲလည်း ကောင်းသည်ဟု ဆိုပါသည်။ သူ့ဆေးဘူးကို တစ်ယောက်ယောက် ကိုင်သွားလျှင် သူ ချက်ချင်းသိ၏။

"တယ် ဒီကောင်တွေ ဆေးဘူးကို ဘယ်လောက်ကြာကြာ ဖွင့်ထားမှန်းမသိ။ လုံအောင်လည်း ပြန်မပိတ်ကြဘဲကိုး။ လေတွေ တော်တော်ဝင်နေပြန်ပြီ ထင်ပါရဲ့။ ဘာမှ သိတတ်တဲ့ဟာတွေ မဟုတ်ဘူး။ ဒီဆေးတစ်ဘူးကို ဘယ်လောက်ဈေးရှိတယ်မှတ်လဲ"

မောင်က တစ်ခါတစ်ရံ ဆေးတံဆေးဘူး တစ်ခုတလေနှင့် ဘိုးဘိုးကို ကန်တော့သောအခါ ဘိုးဘိုးက ပြုံးလျက် ခေါင်းတညိတ်ညိတ် လုပ်နေ၏။

"ဗာဂျီနီးယား ဆေးတိုင်းလည်း ကောင်းတာမဟုတ်ပါဘူး ကွာ သူ့တံဆိပ်နဲ့သူ သူ့အမျိုးအစားနဲ့သူမှ။ တချို့ဆေးက တော့ကွာ မင်းအဘွားလက်ဖြစ် ဆေးလောက်အရသာ မရှိဘူးဟေ့"

ဘွားဘွားက ဆေးစပ်တော်တော် ကောင်းသည်ဟု ပင်းဝရွာတွင် နာမည်ကြီးသည်။ ဘွားဘွားသည် ရောင်းတန်းဆေးလိပ်များကို သောက်သူမဟုတ်။ မိမိကိုယ်တိုင် ဆေးတောင်း တစ်တောင်းဖြင့် ဆေးလိပ်လိပ်၍ သောက်သူဖြစ်သည်။ ဆေးလိပ်လိပ်သော သဘက်အဖြစ် သနပ်ဖက်ကို ဘယ်တော့မျှမသုံး။ ပြောင်းဖူးဖက်ကိုသာ သုံးလေသည်။ ဘွားဘွားအိမ်တွင် မြေတလင်းပြင်၌ ယာထွက် ကြက်သွန်များ၊ ငရုတ်သီးများနှင့်အတူ ဆေးရွက်ကြီးများကိုပါ တစ်ခါ





တစ်ရံတွေ့ရသည်။ ဘွားဘွားသည် ဆေးရွက်ကြီးကိုဝယ်၍ အခြောက်ခံကာ အုန်းနဲ့ရိုး၊ ဆေးရိုးတို့ဖြင့် ရောစပ်ပြီး ကိုယ်တိုင် ဆေးစပ်သူဖြစ်သည်။ မန်ကျည်းမှည့်ရေကုလေးဖြင့် တောက်တောက်ပြီး ဘွားဘွား ဆေးနယ်လျှင် အလွန်စိတ်ဝင်စားစရာ ကောင်း၏။ ဘိုးဘိုးအတွက် ဆေးတံဆေး ပြတ်လပ်သွားလျှင် ဘွားဘွားကိုယ်တိုင် ဆေးစပ်ပေးသည်က ပို၍စိတ်ဝင်စားစရာ ကောင်းသည်။ ဘွားဘွား၏ ဆေးတောင်းကလေးသည် စဉ့်ွေးဖြင့် တောက်ပပြောင်လက်လျက် ဖုံတစ်မှုန်မှမရှိအောင် ပိတ်ဖြူပါးပါးကလေးဖြင့် ဖုံးအုပ်ထားလေ့ရှိ၏။ အသန့်အရှင်း အလွန်ကြိုက်သော ဘွားဘွား၏ ပြောင်းဖူးရွက်စည်းကလေးများမှာ သန့်စင်ဖြူဝင်းလျက် ရှိသည်။ ဘွားဘွား၏ ဆေးတောင်းကို ဖွင့်လိုက်လျှင် ဆေးနံ့သည် မွှေးပျံ့လျက် ဆေးလိပ်မကြိုက်သော ကျွန်မပင် နှစ်သက် နေမိတတ်လေသည်။

ဘွားဘွားသေဆုံးသွားသောအခါ ဘွားဘွား၏ဆေးတောင်းကလေးသည် ဘိုးဘိုးစားပွဲပေါ်၌ တစ်သမတ်တည်း ရှိနေခဲ့သည်။ ဘိုးဘိုးသည် ဆေးလိပ်ဘယ်တော့မျှ မသောက်ပါဘဲနှင့် ပြောင်းဖူးဖက် ဆေးလိပ်ကလေးများကို လိပ်လိပ်နေတတ်သည်ကို ကျွန်မတွေ့ရ၏။

မေမေပြောသော ပါရမီဖက်ဆိုသည့် စကားကို ကျွန်မ တော်တော်လက်ခံလာရပြီ ဖြစ်ပါသည်။

ကျွန်မကရော မောင့်အတွက် ပါရမီဖက် အစစ်မှဟုတ်ရဲ့လားဟု ကျွန်မ မကြာခဏ သံသယဝင်မိသည်။ ဘိုးဘိုး၏ဆေးတံ၊ ဖေဖေ၏အရက်တို့ကို ဘွားဘွားတို့ မေမေတို့လိုက်လျော ခဲ့သလိုပဲ မောင်၏ ငုက်မွေးမြူလဲလှယ်ရေး ဝါသနာကိုလည်း ကျွန်မ လိုက်လျော၍သာ လက်ခံရဦးမည် ထင်ပါရဲ့။ မောင်တို့အားလုံး၏ အစွဲအလမ်း အကျင့်စရိုက်များသည် ကျွန်မ စက်ဆုပ်သော ကိုယ်ကျင့်တရား ဖောက်ပြန်မှုများ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်သည့်အတွက် ကျွန်မတို့ ကံကောင်းသည်ဟုပင် ဖြေသိမ့်ရပေတော့မည်။

သား၏ နားကွင်းကို ကျွန်မ သည်းညည်းခံနိုင် မခံနိုင် ဟူသည်ကိုလည်း စောင့်ကြည့်ရုံသာ ရှိတော့သည်။

[၁၉၉၅ခု၊ ဇန်နဝါရီလ၊ ကလျာမဂ္ဂဇင်း]

# မြစ်ပြင်ပေါ်မှာ

ကျွန်မ ရေကူးသင်တန်းတက်မည်ဟု ကြေညာလိုက်သောအခါ ကျွန်မ သူငယ်ချင်းများက အံ့သြစွာရယ်မောရာက စ, နောက် လှောင်ပြောင်ကြသည်။ ရေကူးဝတ်စုံဝတ်ပြီး ရှိုးပြချင်လို့ဟု ကျွန်မကို သူတို့ သတ်မှတ်ကြ၏။ လူတစ်ယောက်ဟာ ရေကူးတတ်ဖို့တော့ လိုတာပေါ့။ ကျွန်မ၏ တုံ့ပြန်ချေပမှုကို သူတို့ လျစ်လျူရှုခဲ့ကြသည်။ သို့သော် ကျွန်မ၏ ရေကူးသင်တန်းချိန်များတွင် ကျွန်မနှင့်အတူ နံနက်အစောထ,ပြီး အဖော်အဖြစ် လိုက်ပါအားပေးခဲ့ကြပါသည်။ တစ်နှစ်ပြီး တစ်နှစ် ကုန်ဆုံးပြီးနောက် ကျွန်မ တဖြည်းဖြည်း ရေကူးကျွမ်းကျင်သူ ဖြစ်လာသည့်အခါ သူတို့၏ စ, နောက်မှုများ တဖြည်းဖြည်း ကွဲပါးသွားသည်။ ထို့နောက် ကျွန်မ အတန်းလိုက် ရေကူးချန်ပီယံ ထိမှတဆင့် မေရီလန်ပြည်နယ်ရေကူးချန်ပီယံဘဝသို့ ရောက်လာ၏။ ထိုအခါ သူတို့အားလုံး ကျွန်မအားတအံ့တသြ အလေးအနက်ထားလာခဲ့



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။ ရေကူးကျွမ်းကျင်သူဘဝရောက်ဖို့ တကယ်တော့ ငါးနှစ်တိတိ ကြာမြင့်ခဲ့ပါသည်။ ထို့နောက်ကျွန်မ၏ ရေကူးချန်ပီယံဘဝ အင်တာဗျူးများ စတင်ခဲ့တော့သည်။

"အံ့... နင်ဟာလေ အခုမှပဲ နာမည်နဲ့လိုက်သွားတော့တယ်"

တကယ်တော့ ကျွန်မအား ဤစကားဖြင့် သူတို့ မကြာခဏ ရှုတ်ချ ပြစ်တင်ခဲ့ပေါင်း များလှပါပြီ။ ကျွန်မသည် အံ့ဩစရာကြောင်းစီစီ သတ္တဝါအဖြစ် သူတို့ မကြာခဏ မြင်ခဲ့ကြသည်။

"ပြောစမ်းပါဦး...အံ့၊ နင် ဘယ်လိုဖြစ်ပြီး ရေကူးဖို့စိတ်ကူးပေါ်လာခဲ့ရတာလဲ"

ဤမေးခွန်းသည် သူတို့အတွက် သာမန်မေးခွန်းဖြစ်သော်လည်း ကျွန်မအတွက်တော့ ထူးခြားစွာ ခံစားရသည့်မေးခွန်းဖြစ်သည်။ ထိုမေးခွန်းသည် ကျွန်မအား သူတို့မေးခဲ့သည့် "နင်နဲ့ သူနဲ့ဘာဖြစ်လို့ ကွဲသွားတာလဲ" ဟူသည့် မေးခွန်းလိုပင် အဖြေရခက်သည်ဖြစ်၏။ ကျွန်မ ခပ်ဟက်ဟက် ရယ်မောလိုက်မိသေးသည် ထင်သည်။

"ငါ့အဖြေကြားရရင် နင်တို့ ရယ်မှာပဲဟ"

တကယ်လည်း အဖြစ်အပျက်က ရယ်စရာကောင်းသည်။ သို့သော် ဒါကလည်း ရယ်နိုင်သွားသည့်အချိန်မို့ ဖြစ်သည်။ မရယ်နိုင်သေးသည့် အချိန်တွေတုန်းက ကျွန်မ နာကျင်ခံရခက်စွာ မျက်ရည်ကျခဲ့ရသေး၏။

"မရယ်ပါဘူးဟာ... ဖြေမှာသာ ဖြေစမ်းပါ"

ကျွန်မသည် အလေးအနက် စဉ်းစားပြီးနောက် တည်ကြည်သော မျက်နှာထားဖြစ်အောင် ကြိုးစားဣန္ဒြေဆည်လျက် သူတို့ကို ဖြေခဲ့သည်။





"မိန်းမတစ်ယောက်ဟာ ဘယ်ကိစ္စမှာမဆို ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ဖို့အတွက် ရေကူးတတ်ဖို့ လိုတယ်ကွ၊ အဲဒါကြောင့်ငါ ရေကူးသင်ခဲ့တာပေါ့"

ထိုအဖြေကြောင့် သူတို့အားလုံး ဝိုင်းဆဲကြသောအခါ ကျွန်မ ဟက်ဟက်ပက်ပက် ရယ်လိုက်ရတာ အလွန်ပျော်စရာကောင်းပါသည်။

* * *

ကျွန်မတို့၏ ညောင်ဦးမြို့သည် ဧရာဝတီမြစ်ကမ်းပါးပေါ်တွင် တည်ရှိသည်ဖြစ်သော်လည်း ကျွန်မ ရေမကူးတတ်ခဲ့ပါ။ ရေကူး သင်ဖို့လည်းလုံးဝစိတ်မဝင်စားခဲ့ဖူးပါ။ မြစ်ကမ်းပါးမှာ ရေချိုးသည့် အမှုကိစ္စများနှင့်လည်း ကျွန်မ အလွန်ဝေးကွာပါသည်။ ကျွန်မတို့အိမ်တွင် မြစ်ရေကိုမော်တာဖြင့် စုပ်တင်ပြီး ရေတိုင်ကီမှကျသော ရေကို သုံးစွဲကြသည်ဖြစ်ရာ ကျွန်မတို့သည် ရေအတွက် အနည်းငယ်မျှပင် ပူပန်သောကမရောက်ခဲ့ရပါ။

ရေမကူးတတ်သော ကျွန်မသည် ရေလမ်းခရီးကိုတော့ အလွန်ရင်ခုန်စွာ မက်မောခဲ့သူဖြစ်သည်။ ကျွန်မ ကိုးတန်း ဆယ်တန်းကျောင်းသူဘဝမှစ၍ ဧရာဝတီမြစ်ကို အထက်အောက် စုန်ဆန်သွားလာခဲ့သည်။ တက္ကသိုလ်ရောက်တော့ သူငယ်ချင်းတွေနှင့်စု၍ ခရီးထွက်ကြသည့်အခါတိုင်း မော်တော်ဖြင့် မြစ်ကို ဖြတ်ရသည့် ခရီးများကို ကျွန်မ စိတ်ဝင်စားခဲ့သည်။

ကျွန်မသည် မြန်မာနိုင်ငံ၏ မြစ်တော်တော်များများတွင် ခရီးသွားခဲ့ဖူးပါသည်။ မန္တလေးမှမင်းကွန်းသို့ ဧရာဝတီမြစ်ကို ဖြတ်လျက် မော်တော်ဖြင့် ကူးသွားဖူးသည်။ မန္တလေးမှပခုက္ကူသို့ အသွားတွင် ပရိမ္မမှ ချင်းတွင်းမြစ်ကိုဖြတ်လျက် ခရီးသွားဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com



ပခုက္ကူမှ ညောင်ဦးသို့ မော်တော်ဖြင့် ဧရာဝတီမြစ်အတိုင်း ပြန်လာဖူးသည်။ မင်းဘူးမှ မကွေးသို့ ဧရာဝတီမြစ်ကို မော်တော်နှင့် ဖြတ်ကူးဖူးသည်။ စေတုတ္တရာမြို့မှ ရှောက်တောအထိ လှေဖြင့်မုန်းမြစ်ကို စုန်ဆင်းဖူးသည်။ မော်လမြိုင်မှ ဘားအံသို့ သံလွင်မြစ်ကြောင်းအတိုင်း မော်တော်စီးဖူးသည်။ ညောင်လေးပင် မဒေါက်မှရွှေကျင်သို့ စစ်တောင်းမြစ်ကို ဖြတ်လျက် မော်တော်စီးဖူးသည်။ ရွှေကျင်မြို့မှာလည်း ရွှေကျင်ချောင်းအတိုင်း လှေစီးဖူးသည်။ မြိတ်မှ ရန်ကုန်သို့ ပင်လယ်ရေပြင်အတိုင်း သင်္ဘောဖြင့် ခရီးသွားခဲ့ဖူးသည်။

ထိုရေကြောင်းခရီးများတွင် အမြဲတမ်း ပျော်ရွှင်ကြည်နူးရသည်ချည်းတော့ မဟုတ်။ တစ်ခါတစ်ရံ ရေကြီးသည့်အချိန်၊ လေထန်သည့်အချိန်တို့တွင် လှိုင်းကြီးပြီး လှေလူးလွန့် တိမ်းစောင်းသည့် အဖြစ်များလည်း မကြာခဏ ကြုံခဲ့ရဖူးသည်။ ရေမကူးတတ်ပါဘဲနှင့် လှေ၊ မော်တော်၊ သင်္ဘောစီးပြီ ဆိုကတည်းက အနည်းနှင့် အများတော့ စွန့်စားရသည်ချည်းပင် ဖြစ်သည်။ စွန့်စားနိုင်သည့်စိတ် မရှိဘဲ မော်တော်ပေါ်မှာ စိတ်ချလက်ချ ထိုင်လိုက်ပါဖို့ မဖြစ်နိုင်ပါ။ ကျွန်မအမှတ်မိဆုံး ထိတ်လန့်စရာ ရေကြောင်းခရီးနှစ်ခုမှာ သန်လျင်မှ ရန်ကုန်အပြန် သင်္ဘောခရီးနှင့် မင်းဘူးမှ မကွေးသို့အသွား ကူးတို့မော်တော်ခရီးများ ဖြစ်သည်။ ထိုခရီးနှစ်ခုစလုံးသည် ဇူလိုင်၊ ဩဂုတ် မိုးရာသီများ ဖြစ်ကြပြီး မိုးသည်းထန်စွာ ရွာသွန်းချိန်များဖြစ်သည်။ လေကပြင်းထန်စွာ တိုက်နေရာ ခရီးသည်များသည် ဘုရားစာ ရွတ်လျက် စိတ်တည်ငြိမ်အောင် ကြိုးစားနေကြရ၏။ သန်လျင်နှင့် ရန်ကုန်အကူး သင်္ဘောခရီး၌ သင်္ဘော၏ ကြီးမားခံ့ထည်မှုအပေါ် အားကိုး၍ ရနိုင်သေးသော်လည်း မင်းဘူးမှ မကွေးအသွားကူးတို့ မော်တော်ကလေးမှာ သေးသေးလေးဖြစ်သည်။

**ဥတ္တရလမင်း**



မော်တော်ပေါ်မှာ ခရီးသည်တွေ အများကြီး စုပြုံနေ၏။ မော်တော်ဘေးနံရံမှာ ရေမျက်နှာပြင်နှင့် တစ်ထွာသာသာလောက်ပဲရှိတော့သည်။ ဧရာဝတီသည် ဝါခေါင်လ၏ ညနေ ၄နာရီတွင် လှိုင်းလေ အထန်ဆုံးလား ကျွန်မ မသိနိုင်။ အဲသည်နေ့ကတော့ မော်တော်လေးသည် ဗြုန်းခနဲ ဗြုန်းခနဲ ရောက်လာသော လှိုင်းများဖြင့် လွန့်လူးလျက်၊ ကျွန်မ၏ မျက်နှာမှာလည်း လှိုင်းပက်သည့် ရေပန်းရေဖွားများဖြင့် စိုရွှဲလျက်ရှိသည်။ ရောက်ချင်လှပါပြီဆိုမှ ဧရာဝတီမြစ်ပြင်ကလည်း မဆုံးနိုင်အောင် ကျယ်ပြောလွန်းလှသည်။ မော်တော်သည် လှိုင်းမြင့်နှင့် အတူတက်သွားပြီး လှိုင်းပြန်ကျသည့်အခါ အိခနဲနိမ့်ဆင်း ယိမ်းယိုင်သွား၏။ မြစ်လယ်သို့ ခပ်စောင်းစောင်း ဖြတ်သန်းရောက်ရှိသောအခါ ဟိုဘက်ကမ်းနှင့်လည်းဝေး သည်ဘက်ကမ်းနှင့်လည်း ဝေးကွာလျက် ကျွန်မ ရင်တထိတ်ထိတ်ခုန်ကာ ကြောက်လန့်လာသည်။

မင်းဘူးဘက်ကမ်းမှ စက္ကိန်းတဲဘုရားသည် မိုးရေမိုးစက်များ၏ ကာဆီးမှုကြောင့် မှုန်ဝါးဝါးသာ အရိပ်ထင်နေသလို မကွေးဘက်ကမ်းပါးဆီမှ မြသလွန်ဘုရားသည်လည်း မိုးစက် ကန့်လန့်ကာဖြင့် မှုန်ဝါးဝါးသာ တည်ရှိသည်။ ကံဆိုးလျှင်တော့ မော်တော်မှောက်မှာပဲဟု ကျွန်မ စိတ်ဒုန်းဒုန်းချကာ ဘုရားကိုသာ အာရုံပြုလျက် မျက်စိမှိတ်ထားခဲ့ရသည်။

ထိုသို့ အထိတ်တလန့်ခရီးများ မကြာခဏ ရင်ဆိုင်ဖြတ်ကျော်ခဲ့ရသော်လည်း ကျွန်မ ရေကူးတတ်မှ ဖြစ်မည်ဟူသော အတွေး မပေါ်ခဲ့ပေ။ ကံသာလျှင်အမိ ကံသာလျှင်အဖ ဆိုသော စကားကို လည်း စိတ်ဖြင့်ရေရွတ်၊ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ရ၏ ဟူသော စကားကိုလည်း စိတ်ဖြင့်တဖွဖွ ရေရွတ်ရင်း ဖြစ်သော အန္တရာယ်အတွက် ကြိုတင် အသင့်ပြင်ထားခဲ့သည်။

**ဥတ္တရလမင်း**

www.burmeseclassic.com

www.burmeseclassic.com



ကမ်းသို့ ဆိုက်ရောက်ပြီး ကမ်းပေါ်သို့ တက်လိုက်ရချိန်၌ ရင်ထဲမှာရှိနေသော လေးပင်သည့် သောကထုထည်ကြီး ရုတ်တရက် ကျဆင်း လွတ်မြောက်သွားကာ အရာရာကို မေ့လျော့သွားခဲ့၏။ ထိတ်လန့်တုန်လှုပ်သော ခံစားမှု အန္တရာယ်ကို ကျွန်မ ချက်ချင်း မေ့လျော့သွားသည်။ ထို့ကြောင့်လည်း နောက်ထပ် ခံစားမှုအသစ်ကို ရင်ဆိုင်ရန် အဆင်သင့် ဖြစ်နေတတ်၏။

ကျွန်မအတွက် အထူးခြားဆုံးသော စိတ်ခံစားမှုကိုပေးသည့် ရေကြောင်းခရီးမှာ ညောင်ဦးကမ်းပါးဘေးရှိ ကျောက်ဂူဥမင်သို့ ပုဂံဇရာဆိပ်ကမ်းမှ မော်တော်ဖြင့်သွားရသည့် ခရီးပင်ဖြစ်သည်။ ထိုခရီးသည် ကျွန်မဘဝတွင် ဘယ်တော့မှ မေ့ပျောက်၍ မရနိုင်တော့မည့် ရေလမ်းခရီးတစ်ခု ဖြစ်နေတော့မည်။

*　*　*

ဖွန်လ၏ ညနေခင်းတစ်ခုဖြစ်သဖြင့် ဧရာဝတီမြစ်ရေသည် မြင့်တက်စပြုနေပြီ။ မိုးနည်းပါးသော ပုဂံညောင်ဦးဒေသတွင် ဖွန်လသည် ပူပြင်းခြောက်သွေ့ဆဲ ဖြစ်၏။ သို့သော် မိုးရိပ်လေရိပ်တော့ ဆင်စပြုပြီ။ တစ်ခါတစ်ခါ မိုးသက်လေပြင်းများကြောင့် လှိုင်းထန် လေထန်တတ်သော အချိန်ဖြစ်သည်။ ထိုနေ့ညနေက ဧရာဝတီမြစ် ရေပြင်၌ လှိုင်းကြီးခဲ့သည်။

ညောင်ဦးသူ ဖြစ်သည့်အတိုင်း ကျွန်မသည် အနယ်နယ် အရပ်ရပ်မှ သူငယ်ချင်းများ၊ မိတ်ဆွေများ ပုဂံသို့ ဘုရားဖူးလာတိုင်း ပုဂံဘုရားများသို့ လိုက်ပို့ရှင်းပြပေးနေကျ ဖြစ်သည်။ တချို့ ဧည့်သည်များက ကျွန်မတို့အိမ်တွင် တည်းခိုသည်။ တချို့ ဧည့်သည်များက တည်းခိုခန်းများ၊ ဟိုတယ်များတွင် တည်းခိုသည်။ ဘာပဲဖြစ်ဖြစ် ကျွန်မကတော့ နယ်မြေကျွမ်းကျင်သူ ဖြစ်သည့်အလျောက် သာမန်





ဘုရားဖူးခရီးသည်များ အရောက်နည်းသည့် ဘုရားများအထိ စိတ်ဝင်စားသူရှိက လိုက်လံပြသပေးခဲ့ပါသည်။ မင်းနန်းသူရွာက တရုတ်ပြေးမင်း တည်ထားသော ဘုရားမှအစပြု၍ သမ္ဗုလဟု အမည်တွင်သော ဘုရားနှင့် ဘုရားသုံးဆူစသည်အထိ။ ထို့ပြင် ရွာဟောင်းကြီး တစ်ဝိုက်မှ လူသိနည်းသော ဘုရားများ၊ သီရိပစ္စယာရွာ၏ အစွန်းရှိဘုရားများ။

ထိုရက်ကတော့ ကျွန်မ လိုက်ပို့ရှင်းပြရသည့် ဧည့်သည်မှာ ကျွန်မ၏ချစ်သူ ဖြစ်နေသည်။ ထို့ကြောင့် သူ သွားချင်သည့် ဘုရားများသို့ မြင်းလှည်းဖြင့်တစ်မျိုး၊ စက်ဘီးဖြင့်တစ်မျိုး ကျွန်မ လိုက်ပြခဲ့ပါသည်။ သူက ညောင်ဦးဘက်က ဘုရားများသို့ ရောက်ဖူးချင်သည်ဟု အဆိုပြုလာသည်။ ညောင်ဦးဘုရားများအနက် ဘုရားဖူးများ ရောက်နေကျမှာ ရွှေစည်းခုံဘုရားသာ ဖြစ်သည်။ သူကတော့ သကျမုနိ၊ ကုန်းတော်ကြီးဘုရား ကျောက်ဂူဥမင်တို့ကို ရောက်ချင်သည်ဟု ဆိုပါသည်။ သူပြောသည့် ဘုရားများသည် ညောင်ဦးကမ်းပါးနားတွင် စီတန်းလျက် တည်ရှိသဖြင့်၊ ထို့ပြင် ကားလမ်းဖြင့်သွားဖို့လည်း ခက်ခဲလှသဖြင့် ကျွန်မက ရေလမ်းကို ရွေးချယ်ရပါသည်။ စက်တပ်မော်တော် လေးတစ်စင်းငှားပြီး ကျွန်မနှင့် မြို့ခံသူငယ်ချင်းတစ်ယောက် အဖော်ခေါ်ကာ သူ့ကိုစိတ်ပါလက်ပါ ကျွန်မ လိုက်ပို့ပေးခဲ့သည်။

သူက သမိုင်းအဓိကဖြင့် ကျောင်းတက်နေသည့် ဒုတိယနှစ် ကျောင်းသား။ ကျွန်မက ရူပဗေဒအဓိကဖြင့် ကျောင်းတက်နေသည့် သိပ္ပံကျောင်းသူ။ သို့သော် ရှေးဟောင်း ပုဂံဘုရားများအကြောင်း ဆွေးနွေး ပြောဆိုရာတွင်တော့ ကျွန်မနှင့်သူ အသိပညာနှင့်ခံစား စားမချင်း တော်တော်နီးစပ်စွာ ဖလှယ်နိုင်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မော်တော်ပေါ်တွင် ဘုရားတွေအကြောင်း၊ ဘုရင်တွေအကြောင်း ရောက်တတ်ရာရာ ပြောဆိုရင်း သူနှင့်ကျွန်မ တစ်လှည့်စီ ဓာတ်ပုံရိုက်လျက် ပျော်ရွှင်ခဲ့ကြသည်။ သူက တောင်တက်တောင်ဆင်း လွယ်ကူရန်ဟု အကြောင်းပြလျက် အနက်ရောင် ဂျင်းဘောင်းဘီကို ဝတ်ထားပြီး ဘောင်းဘီအနားကို ခြေသလုံးအထိ ပင့်တင်ထားပါသည်။ သူ့အကျီက နေပူဒဏ် လေဒဏ်ခံနိုင်မည့် ခပ်ကြမ်းကြမ်း ချည်ထည် အပြာနုရောင် လက်ရှည်ဖြစ်ကြောင်း ကျွန်မ မှတ်မိသည်။ ကျောင်းမှာ သူ့ကိုပုဆိုးဖြင့် လည်ကတုံးအကျီဖြူဆွတ်ဆွတ်ဖြင့် မြင်နေကျ ကျွန်မမှာ ယခုလိုအကြမ်းထည် အဝတ်အစားများဖြင့် မြင်တွေ့ရတော့ အနည်းငယ် အံ့သြသလိုတော့ရှိသား။ အဝတ်အစားကြောင့် အနေအထားပြောင်းတတ် သလားတော့မသိ။ သူ၏ နူးညံ့သိမ်မွေ့သည့် ဟန်များ နေရာတွင် မာကြောကြော စိတ်ခပ်ဆတ်ဆတ် ဟန်များ ရောက်လာသည်ဟု ကျွန်မ ထင်မိသည်။

ကမ်းစပ်မှာ မော်တော်ကိုရပ်လျက် သဲချောင်းကလေးရှိရာသို့ ကုန်းမြင့်ဆင်ခြင်လျှောအတိုင်း ကျွန်မတို့ ဖြတ်သွားရသည်။ ရေမရှိသော သဲချောင်းကလေးကိုရောက်တော့ ထိုသဲပြင်များအတိုင်း ချောင်းတစ်လျှောက် ခရီးဆက်ကြရသည်။ ဘေးပတ်ဝန်းကျင်သည် ငှက်မည်သံပင် မကြားရအောင် တိတ်ဆိတ်လျက်၊ ချောင်းရိုးတစ်ဖက်တစ်ချက်ရှိ သစ်ပင်များထံမှ သစ်ရွက်စိမ်း ရနံ့စိုစိုကို အားရပါးရ ရှူရှိုက်လျက် ကျွန်မတို့၏ ရယ်မောသံများသည် တောင်ကမ်းပါးယံများအထိ လွင့်ပျံ့နေခဲ့ဖူးပါသည်။ ဥမင်မှအပြန်တွင် ကုန်းတော်ကြီးဘုရားအနီး၌ မော်တော်ကို ခဏရပ်စေပြီး ကျွန်မတို့ ဘုရားရှိရာ ကုန်းမြေဆီသို့ တက်ကြရပြန်သည်။ နယ်မြေမကျွမ်းကျင်သောကြောင့် မကြာခဏ ဆူးစူးလျက် တအားအား အော်နေခဲ့ရသည့် သူ့ကိုကြည့်ကာ





ကျွန်မ သူငယ်ချင်းက ရယ်မောနိုင်ခဲ့သော်လည်း ကျွန်မက မရယ်မောရက်ပါ။

"ယူက ဖိနပ်ကို ဘယ်လိုလုပ်စီးလို့ ဆူးစူးရတာလဲ။ ဖိနပ်က အထူကြီးကို။ ဘာလဲ... ခြေထောက်ကို တစောင်းကြီး ထားပြီး ဖိနပ်စီးသလား"

သူ့ခြေထောက်မှာ စူးနေသည့် ထနောင်းဆူးနှင့် ကန္တာရဆူးကို ကျွန်မ မကြာခဏ နှုတ်ပေးရ၏။

"ကန္တာရဆူး စူးရင် ကန္တာရရွက်ကို ကြိတ်ပြီး အုံ့ရသတဲ့ ကိုမိုးရဲ့။ လာ လာ... ကိုယ် လုပ်ပေးမယ်"

ကျွန်မက ကန္တာရရွက်ကို ကြိတ်ပြီး သူ့ခြေဖဝါးစောင်းမှာ တင်တော့ သူရယ်မောကာ ငြင်းရန် ဟန်ပြင်သည်။

"အံ့ရာ... ထားလိုက်စမ်းပါ။ ခဏနေ ပျောက်သွားမှာပါ။ နင်လုပ်ခါမှ နင့်အရွက်ထဲက ပိုးမွှားတွေဘာတွေ ငါ့အနာထဲ ဝင်ကုန်ပါ့မယ်။ ရှုးကြောင်ကြောင်နဲ့"

သို့သော် ကျွန်မသူငယ်ချင်းကပါ ဝိုင်း၍ထောက်ခံပေးတော့ သူ မတတ်တာသဖြင့် ငြိမ်ခံခဲ့ရသည်။

"နောက်တစ်ခါကျရင် ကိုယ့်နောက်ကနေ ကိုယ့်ခြေလှမ်းအတိုင်း လိုက်လှမ်းကွာ။ မဟုတ်ရင် ဆူးထပ်စူးနေဦးမယ် ကြားလား"

သူ ကျေကျေနပ်နပ် ခေါင်းညိတ်ကာ သဘောတူခဲ့သည်။

အပြန်ခရီးတွင် သကျမုနိဘုရားသို့ အသွားလမ်း၌ သူ ဆူးမစူး မီ ကျွန်မမှာ အရင်ဆူးစူးသွား၏။ ကျွန်မကတော့ ဆူးစူးတာလေးရိုးနေပြီဟူသည့် မျက်နှာပေးဖြင့် အောင့်အည်း မျိုသိပ်ကာ နာကျင်မှုကို တင်းခံခဲ့ရသည်။

"အံ့ရာ...ငါပဲ ရှေ့ကသွားမယ်။ နင် ငါ့နောက်ကပဲလိုက်"



www.burmeseclassic.com

www.burmeseclassic.com



သူက စိတ်မကောင်းဟန်ဖြင့် ညည်းညည်းညူညူပြောတော့ ကျွန်မ ကျေနပ်နှစ်သိမ့်စွာ ပြုံးနေခဲ့မိသည်။ ကျွန်မ တောင်ကုန်းမှ အဆင်းတွင် ကျောက်စရစ်ခဲများဖြင့် ခြေချော်လု နီးနီး ဖြစ်နေသည်ကို ယခုထိ ကျွန်မ သတိရနေသေး၏။

"ကိုမိုး... ရှေ့ကဖယ်နော်။ ကိုယ် ချော်ကျလာရင် 'ယူ့'ကို တိုက်မိပြီး နှစ်ယောက်လုံး လဲကျသွားလိမ့်မယ်... ဖယ်"

ထိုအခါ သူက ကျွန်မဘက်သို့ နောက်ပြန်လှည့်ကာ ပြုံးရယ်သည်။

"ငါ ရှေ့က ခံထားတော့ နင် အကျသက်သာတာပေါ့ဟာ။ ငါ တမင် နင့်ရှေ့က နေပေးတာ အံ့ရဲ့။ ရဲရဲသာ ဆင်းခဲ့။ ငါရှိတယ်"

ထိုအခါ ကျွန်မစိတ်ကြည်နူး ချမ်းမြေ့ သွားသော်လည်း သူ မသိအောင် ဟန်ဆောင်ချင်သေး၏။

"ဟား... ဟား၊ လုံးဝမယုံဘူးနော်။ စိတ်ချလက်ချ ခြေချော်ကျသွားရင် ယူက ဘေးကို ချက်ချင်းရှောင်ပစ်လိုက်မှာ မဟုတ်လား။ ရီးနေပြီ... ဒါမျိုး ရီးနေပြီ"

ကျွန်မတို့ တဟားဟား ရယ်မောခဲ့ကြသည်။ ကျွန်မ ခြေချော် မကျခဲ့ပါ။ ထို့ကြောင့် သူ ကျွန်မကို ဆီး၍မဖမ်းဘဲ ဘေးတိမ်းရှောင်ပစ်မည်၊ မပစ်မည်ကို ကျွန်မ မသိနိုင်ခဲ့ပါ။

အပြန်ခရီးတွင်တော့ မော်တော်သည် ကျွန်မအား စိုးရိမ်သောက ရောက်အောင် ဖန်တီးပေးလိုက်ပါသည်။

ဟိုဘက် သည်ဘက်က တောင်ကမ်းပါးယံများ၊ မိုးရေ တိုက်စားသောကြောင့် ခေါင်လိုက်ကွဲပြတ်နေသော မြေလွှာများ၊ လိုဏ်ခေါင်းသဖွယ်ဖြစ်နေသော လူတစ်ကိုယ်ဝင်သာစရာ ဂူများ စသည်တို့ကို ကျွန်မတို့ ငေးမောလျက်၊ မြစ်ပြင်ကို ဖြတ်တိုက်





လာသော ကြမ်းတမ်းသည့်လေကို မျက်နှာမော့ကာ ခံယူလျက်၊ မော်တော်စက်သံကို နားထောင်လျက် ကျွန်မတို့ စကား တစ်ခွန်းစ နှစ်ခွန်းစ ပြောလာကြသည်။ ထို့နောက် သူက မော်တော်ဦးပိုင်းတွင် သွားထိုင်မည်ဟု ကျွန်မနှင့် ခွဲခွာကာ မော်တော်ဦးချွန်နားရှိ ပျဉ်းပြား တန်းတစ်ခု၌ ဝင်ထိုင်သည်။ ထို့နောက် ရေပြင်ထဲသို့ လက်နှိုက်ထည့်ကာ သူ့မျက်နှာသို့ တိုက်ခတ်သောလေကို တည့်တည့်ရင်ဆိုင်လျက် လိုက်ပါလေသည်။

ထိုအချိန်မှာပင် မော်တော်စက်သံ ရုတ်တရက် ရပ်သွားခြင်း ဖြစ်သည်။ သူက ခေါင်းထောင်ကြည့်ကာ 'ဘာဖြစ်တာလဲ' ဟု လှမ်းမေးသည်။

"စက်ရပ်သွားတာ။ မကြာဘူး အစ်ကို ခဏလေးပါ"

မော်တော်မှ အလုပ်သမားလေးနှစ်ယောက် စက်ပြန်နှိုးဖို့ ကြိုးစားစဉ်မှာ လေသည် မော်တော်ကို အရှိန်ပြင်းစွာတိုက်ခတ်လျက် ရှိသည်။ ရေလှိုင်းတို့သည် ရေလယ်တွင် ငြိမ်သက်သွားသော မော်တော်အား ဝုန်းခနဲ ဝုန်းခနဲ လာ၍ တွန်းတိုက်လေသည်။ မော်တော်သည် ကမ်းနှင့် နီးနီးအနေအထားမှ တဖြည်းဖြည်း ချာလည်လည်ကာ မြစ်လယ်သို့ ရောက်သွားလေသည်။ ရေလှိုင်းတို့သည် မော်တော်အား အလျားလိုက် တွန်းလိမ့်နေသောကြောင့် မော်တော်က ဟိုဘက် သည်ဘက် ယိမ်းယိုင်ကာ လှိုင်းအတိုင်း နိမ့်ဆင်းလိုက် မြင့်တက်လိုက် ဖြစ်လာသည်။

ကျွန်မသည် မကြောက်သလို ဟန်ဆောင်၍ ပြုံးနေရသော်လည်း ရင်ထဲက တဒိတ်ဒိတ်ခုန်ကာ စိုးရိမ်ပူပန်လှပြီ။ လှိုင်း‌ဟပ်ပုတ်လိုက်ရုံဖြင့် မော်တော်တိမ်းမှောက်သွားနိုင်သည်။ ကျွန်မ၏ သူငယ်ချင်းက ရေအနည်းအပါး ကူးတတ်သည်။ ကျွန်မကတော့



www.burmeseclassic.com

www.burmeseclassic.com



ရေထဲရောက်သွားလျှင် ပလုံခနဲ မြုပ်သွားဖို့ပင် သိပ်အချိန်ကြာမည်မထင်ပါ။

ထိုအချိန်တွင် ကျွန်မသည် ဧရာဝတီမြစ်၏ ရေလှိုင်းများကို တစိမ့်စိမ့် ပြန်လည်ကြောက်ရွံ့စိတ် ဝင်လာမိသည်။ မြစ်ဆိုသည်မှာ အဝေးကကြည့်လျှင် သာယာလှပ၏။ သူ့အပေါ်မှာ ဖြတ်သန်းသွားစဉ် စက်အခြေအနေ၊ ယာဉ်အခြေအနေနှင့် လှိုင်းလေအခြေအနေကောင်းလျှင် ဓိမ်ကျကျ ကြည်နူးယစ်မူး စဖွယ်ဖြစ်၏။ သို့သော် ရေကြီး၍ လှိုင်းလေထန်နေစဉ် အခြေအနေ၌ မော်တော်စက်ရပ်သွားပါက မြစ်ဆိုသည်မှာ အလွန်ကြောက်ရွံ့ ထိတ်လန့်စရာ အန္တရာယ်တစ်ခု ဖြစ်သည်။ ဘာကြောင့်မှန်းမသိ ထိုသို့သော အခြေအနေတွင် ကျွန်မသည် ယခင်က ကြုံဖူးသမျှ မြစ်၏ အန္တရာယ်များနှင့် ကြားဖူးသမျှ မော်တော်သင်္ဘော တိမ်းမှောက်ခြင်း၊ အသက်သေဆုံးခြင်း ဘေးဒုက္ခများကိုသာ မြင်ယောင်ကြားယောင်လျက် ထိတ်လန့်လာလေသည်။ ဤထိတ်လန့်မှု ခံစားချက်မျိုး ကျွန်မ မကြာခဏ ခံစားခဲ့ရဖူးသော်လည်း တစ်ကြိမ်ပြီး တစ်ကြိမ် ကျွန်မအတွက် အသစ်ဖြစ်ဖြစ်နေ၏။

သည်တစ်ခါမှာတော့ ကျွန်မအတွက် ကြောက်ရွံ့တုန်လှုပ်မှုအပြင် မျှော်လင့်ချက်ကလေးတစ်ခုပါ ပိုလာသည်။ ကျွန်မအနားတွင် ကျွန်မချစ်သူရှိနေသားပဲ ဟူသော မျှော်လင့်ချက်ကလေး ဖြစ်သည်။ ထိုမျှော်လင့်ချက်ကြောင့်ပင် ကျွန်မသည် ဘေးအန္တရာယ်နှင့် ရင်ဆိုင်နေလျက်က စိတ်သက်သာရာရမှုကလေး အနည်းငယ်ကိုပါ ခံစားနေရသည်။ သူ ကျွန်မအနားမှာ ရှိသည်။ သူ ရေကူးတတ်သည်၊ တစ်ခုခု အန္တရာယ်ကြုံလျှင် သူသည် သူ့ချစ်သူအတွက် အသက်ကိုစွန့်၍ ရင်ဆိုင်လိမ့်မည်။





တစ်ချိုတွင် ကြီးမားသော လှိုင်းတစ်ခုက ကျွန်မနောက်ကျောဆီမှ ဝုန်းခနဲ ခုန်တက်လာသည်။ မော်တော်သည် ကျွန်မနှင့်အတူ ရှေ့သို့ ငိုက်ကျလျက် တိမ်းစောင်းသွားပြီး ရေလှိုင်းများ မော်တော်ထဲ ခုန်ဝင်ကာ ကျွန်မကိုယ်ခန္ဓာမှာ ရေရွှဲစိုသွားပါသည်။ ကျွန်မသည် အားခနဲ အော်ဟစ်လျက် မော်တော် ဝမ်းထဲသို့ ဒူးထောက်လျက်ကျသွားသည်။

ရယ်သံသဲ့သဲ့ကြားရသဖြင့် ကျွန်မမော့ကြည့်လိုက်တော့ သူသည် ကျွန်မရှိရာသို့ ယိုင်ထိုးယိုင်ထိုး လှမ်းလာရင်း ရယ်မောနေသည်ကို မြင်လိုက်ရပါသည်။

ကြည့်စမ်း။ ကျွန်မက သေမလောက် ကြောက်ရွံ့နေသည့်အချိန်တွင် သူက ရယ်မောနေနိုင်သတဲ့လား။

"စွန့်စားရတာ ကြိုက်တယ်ဆို အံ့ရဲ့။ အခု ကြိုက်နိုင်သေးလား"

ဒါ သူ ရယ်မောစရာလား။ သူ ကျွန်မအနားမှာ ဝင်ထိုင်ကာ ကျွန်မကို ဆွဲထူတော့ ကျွန်မသူ့ကို စိမ်းစိမ်းကြည့်မိသည်။ သူ့မျက်လုံးများတွင် စိုးရိမ်ပူပန်သည့် အရိပ်အယောင် လုံးဝမရှိပါ။

"ကိုမိုး ယူ မကြောက်ဘူးပေါ့"

သူက ပခုံးတွန့်၏။

"မကြောက်ပါဘူး။ မော်တော်မှောက်ရင် ကမ်းစပ်ကို ရေကူးသွားမှာပေါ့။ မော်တော်အောက်မှာ ပိမသွားဖို့ဘဲ အရေးကြီးတာပါ"

"ဒါပေမယ့် ကိုယ် ရေမကူးတတ်ဘူးလေ"

သူ အံ့ဩသလို မျက်လုံးပြူးသွား၏။ သို့သော် ချက်ချင်းပင် ပြုံးရယ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမကြောက်ပါနဲ့၊ မော်တော်ဘာမှ မဖြစ်ပါဘူး။ ဖြစ်ရင်လည်း မျှော်ချပ်တို့ ဘာတို့ တစ်ခုခုသာတွယ်ထား။ ဘယ်တော့မှ ရေမနစ်ဘူး။ ကြောက်လန့်တကြား ဖြစ်ရင်သာ ရေနစ်တာ။ သိလား အံ့"

ထိုစဉ်ခဏ၌ ကျွန်မ စိတ်သက်သာရာရအောင်ပင် မော်တော်စက်သံကို ပြန်ကြားလိုက်ရသည်။ မော်တော်စက်၏ ဆူညံသော အသံကို သည်တစ်ခါတော့ သာယာလှသည်ဟု ထင်မိသည်။

"ကဲ... ဒီမှာပဲ ငြိမ်ငြိမ်ထိုင်နေ အံ့"

မော်တော်သည် မြစ်လယ်မှာလှိုင်းဒဏ်ဖြင့် လူးလိမ့်နေရာမှ ပြန်လည်တည့်မတ်သွားသည်။ ထို့နောက် စက်သံတဒီဒီဖြင့်ရေပေါ်မှာ စတင်ပြေးလွှားစပြုလေသည်။ တစ်ချက်တစ်ချက် လှိုင်းဒဏ်ကြောင့် ခုန်ခုန်သွားသေးသော်လည်း မော်တော်သည် ရေပေါ်မှာသူ့လမ်းကြောင်းနှင့်သူ ပြေးလွှားလျက်ရှိသည်။

သူက ကျွန်မအနားမှခွာဖို့ ခြေလှမ်းပြင်ပြန်သည်။ ကျွန်မ သူ့လက်မောင်းကို ဖျတ်ခနဲ ဖမ်းဆွဲထားလိုက်၏။

"ကိုမိုး... ဒီနားမှာပဲနေ"

ခပ်တိုးတိုး ပြောတော့ သူက ခေါင်းတစ်ချက် ကုတ်လိုက်သည်။

"မော်တော် ဘာမှမဖြစ်တော့ဘူးလေ အံ့။ အခုပဲ ကမ်းကပ်တော့မှာ"

သူ့မျက်နှာမှာ စောစောကလည်း ပူပင်ရိပ်မရှိ၊ အခုလည်း သည်အတိုင်းပင် ဖြစ်သည်။

"ကိုမိုး... တကယ်လို့ မော်တော်မှောက်သွားပြီဆိုပါတော့ ကိုမိုး ဘာလုပ်မလဲဟင်"





ကျွန်မ ခပ်တိုးတိုးမေးတော့ သူ ကျွန်မကို ငုံ့ကြည့်ပြီး ပြုံးသည်။

"ကမ်းစပ်ကို ကူးပြေးမှာပေါ့... အံ့ရဲ့"

ကျွန်မရင်ထဲမှာ ကျင်ခနဲ နာသွားပါသည်။

"ကိုယ့်ကို မကယ်ဘဲ တစ်ယောက်တည်း ကူးပြေး မယ်... ဟုတ်လား"

ထိုအခါကျမှ သူက ပြုံးရယ်၍ ကျွန်မကို နှစ်သိမ့်သည်။

"ဟာ... အေး... ဆောရီး အံ့ရာ။ ငါက နင် ရေမကူးတတ်တာ မေ့သွားလို့ပါ။ တကယ် ရေနစ်သွားပြီဆိုရင် နင့်ကိုငါတွဲပြီး ကူးပြေးမှာပါ"

အခုစကားပြောနေချိန်မှာပင် ကျွန်မ ရေမကူးတတ်ကြောင်း သူ မေ့နေပါက အသက်အန္တရာယ်နှင့် ရင်ဆိုင်ရသည့်အချိန်တွင် ကြောက်လန့်တကြား သူ ပို၍မေ့မှာ သေချာပါသည်။ ကျွန်မ သူ့မျက်လုံးများကို စေ့စေ့စပ်စပ် ကြည့်မိတော့ ကျွန်မမြင်တွေ့ချင်သည့် လေးနက်မှု၊ ကြင်နာမှု၊ အရေးတကြီး ဂရုစိုက်မှုတို့ကို လုံးဝမတွေ့ရဘဲ ရှိနေသည်။ ကျွန်မ တွေ့ရသည်က ဘာကိုမှ အလေးအနက်မထားသည့် ပေါ့တန်သောအပြုံးနှင့် ရယ်မောသည့် မျက်လုံးများသာ ဖြစ်သည်။ ကျွန်မသည် ကျွန်မချစ်သူအပေါ် ပထမဦးဆုံးအကြိမ် သံသယဝင်မိ၏။ ရုပ်ရှင်တွေ ဝတ္ထုတွေထဲမှာ ဇာတ်လိုက်မင်းသားက ဇာတ်လိုက်မင်းသမီးကို အသက်အန္တရာယ်ကြားမှ သွားရောက် ရင်ဆိုင်ကာ ကယ်တင်ပေးသည့် အဖြစ်များကို ကျွန်မ အလွန်အားကျ ကျေနပ်ခဲ့ဖူးသည်။ **Bryan Adams** ၏ **Everything I do, I do it for you** သီချင်းကို ရင်ခုန်ကြည်နူးစွာ နားထောင်ခဲ့ဖူး



www.burmeseclassic.com

www.burmeseclassic.com



သည်။ တကယ့်အဖြစ်မှန်မှာတော့ ကျွန်မ အဲသည်လို မျှော်လင့်၍ ရနိုင်ပါ့မလား။

"ရေနစ်နေတဲ့လူကို ဆယ်ရင်း ရေကူးရတာ လွယ်ပါ့မလား ကိုမိုး... ဟင်"

ကျွန်မ အလေးအနက်မေးမိတော့ သူကပခုံးတွန့်၏။

"သိပ်တော့မလွယ်ဘူး အံ့ ရဲ့။ ငါ ကလေးတစ်ယောက် ရေနစ်တာကို ဆယ်ဖူးတယ်။ ဟား... အရမ်းပင်ပန်းတာပဲ။ ငါဖြင့် ငါပါသေပြီလို့ အောက်မေ့တာပဲ။ လှိုင်းလုံးတွေက ကမ်းနဲ့ဝေးအောင် တွန်းတွန်း ပို့နေတာကိုး။ ဒါတောင်နော် ကလေးက ရှစ်နှစ် ကိုးနှစ် အရွယ်ဗျ။ ဒါပေမယ့် ကမ်းပေါ်ရောက်တော့ ငါ သတိလစ်လုမတတ် မောနေပြီ။ သူများအသက်ကယ်တယ်ဆိုတာ နာမည်တော့ကောင်း ပါရဲ့ အံ့ရယ်၊ လူကတော့ သေလုမျောပါးပဲ"

ကျွန်မ သူ့ကို မယုံသင်္ကာဖြင့် ကြည့်မိသည်။

"ကိုယ် ရေနစ်ရင် ယူ တကယ်ဆယ်မှာလား... ဟင်"

"ဖြစ်မှဖြစ်ရလေ...အံ့လည်း ရေနစ်မှာ မဟုတ်ဘူး။ မော်တော်လည်း အခု ဘာမှဖြစ်တာမဟုတ်ဘူး။ ဘာတွေ လာမေး နေတာလဲ"

"ဟင့်အင်း... အံ့ မေးတာကို ဖြေ။ ယူ ဆယ်မှာလား၊ မဆယ်ဘူးလား"

သူ မျက်မှောင်ကြုတ်ကာ ရယ်လေသည်။

"ဆယ်ဖို့အခြေအနေပေးရင် ဆယ်မှာပေါ့ အံ့ရဲ့။ ငါနဲ့နင်နဲ့ အဝေးကြီးမှာလည်း မဟုတ်ဘူး၊ မော်တော်လို လှေလို ပစ္စည်းကြီးမျိုး နဲ့လည်း ခြားမနေဘူး၊ နင့်ကိုလည်း မြင်နေရတယ်ဆိုရင် ငါ ဆယ်မှာ ပေါ့ဟာ"





"အခြေအနေမပေးရင် ဒီအတိုင်း ပစ်ထားမှာပေါ့... ဟုတ် လား"

ကျွန်မ ပြုံးဖို့ ကြိုးစားလျက် မပြုံးနိုင်တော့ဘဲ အသံမတုန် အောင်သာ ကြိုးစား ထိန်းချုပ်လိုက်ရသည်။

"ယူက ကိုယ့်အတွက် အသက်မစွန့်နိုင်ဘူးပေါ့"

သူသည် ပထမတော့ ရယ်မောလိုက်တော့မလိုဘဲ။ သို့သော် ကျွန်မအား တအံ့တဩ ကြည့်ပြီးနောက် မရယ်မောတော့ဘဲ ခေါင်း ဘယ်မ်းယမ်း ဖြစ်နေသည်။

"အံ့... ဒါ တကယ်ဖြစ်နေတာ မဟုတ်ဘူးလေ အံ့။ နင်လည်း ဘာမှမဖြစ်ဘဲနဲ့"

ကျွန်မသည် သူ့ကို ရူးစိုက်စွာ ကြည့်ရာက ရုတ်တရက် မျက်နှာ လွှဲပစ်လိုက်မိသည်။

သို့သော် မော်တော်စက်ပျက်နေစဉ်တုန်းက သူ့မျက်လုံးတွင် ကျွန်မ မြင်လိုက်ပြီးပြီပဲ။ အဖြေကို ကျွန်မ သိပြီးပြီလေ။ သူသည် ကျွန်မအကြောင်းကို အစဉ်သဖြင့် ခေါင်းထဲ ထည့်ထားသူမဟုတ်။ ကျွန်မ ရေမကူးတတ်ပါလားဟု သတိရမည့်သူမဟုတ် ကျွန်မအတွက် သူ့ကိုယ်သူ ဆင်းရဲဒုက္ခအတွင်းသို့ ဆင်းသက်မည့်သူမဟုတ်။ ကျွန်မ လိုအပ်သမျှ အရာရာကို ဖြည့်ဆည်းပေးဖို့ လေးနက်သူမဟုတ်။ နက်မှောင်သော သူ့မျက်ဝန်းများသည် ရယ်ရွှင်စရာကိုသာ လိုက်ရှာနေ မည့် မျက်ဝန်းမျိုး၊ အန္တရာယ်ကြုံလျှင် ကိုယ်လွတ်ရုန်းပြေးမည့် မျက်ဝန်းမျိုးပါ။ သေချာပါသည်။ သူသည် ကျွန်မအတွက် အသက် စွန့်မည့်ဟန် တစ်စက်မျှမရှိ။

"အံ့... ရေနစ်တဲ့အကြောင်းကြီး တွေးနေတုန်းလား"



www.burmeseclassic.com

www.burmeseclassic.com



သူက ကျွန်မ၏လက်ဖျားများကို လူအလစ်တွင် ဖျတ်ခနဲ ထွေးဆုပ်၍ ခပ်ပြုံးပြုံးမေးသည်။ ကျွန်မ ခေါင်းယမ်းကာ တစ်ချက် ရယ်မောမိသည်။ ထို့နောက် သူ့လက်ထဲမှ ကျွန်မလက်ကို မသိမသာ ဖြည်ယူလိုက်ရသည်၊ သူ့လက်အထိတွင် ကျွန်မ ဟိုယခင်ကလို ရင်ခုန်စွာ မကြည်နူးမိသည်မှာ ဘာကြောင့်လဲ။ အန္တရာယ်ကို ကြုံတွေ့ လိုက်ရလို့ ကျွန်မ၏ ကြောက်ရွံ့ တုန်လှုပ်သွားမှုကြောင့်ပဲလား။ သို့မဟုတ် သူ့အပေါ်မှာ ကျွန်မ ယုံကြည်မှုကင်းမဲ့သွားလို့လား။ ဒါ ဖြစ်ရော ဖြစ်သင့်ပါရဲ့လား၊ မော်တော်စက် ရပ်သွားရခြင်း၊ လှိုင်းလေထန်ကာ မော်တော် ယိမ်းထိုးလှုပ်ခါခြင်း၊ ၎င်းတို့သည် ကျွန်မချစ်သူနှင့် ကျွန်မအကြားရှိ နွေးထွေးချစ်ခင်မှုကို အေးစက် စိမ်းကားအောင် ဘယ်လောက်အထိ အကျိုးသက်ရောက် စေနိုင်မှာ ပါလိမ့်၊

"ဟား… နောက်ဆုံးတော့ ဘေးမသီ ရန်မခဘဲ ပြန်ရောက် ပြီပေါ့။ နင် တော့မသိဘူး၊ ငါဖြင့် ဆာလိုက်တာ အံ့ရာ"

ကမ်းပါးမှာ ကပ်မိသောအခါ သူသည် ပေါ့ပါးရွှင်ပျ သွား၏။ ကျွန်မသည် ထုံပေပေ ခြေလှမ်းများဖြင့် မော်တော်မှ ဆင်းရန် ဟန်ပြင် မိသည်။ ကျွန်မသည် ဘာကိုမှ မခံစားနိုင်သလို အူကြောင်ကြောင်ကြီး ဖြစ်နေခဲ့၏။ သူ ကမ်းစပ်သို့ ခုန်ဆင်းပြီးနောက် ကျွန်မခုန်ဆင်းရန် သူ့လက်ကို ကမ်းပေးလိုက်ပါသည်။ စောစောတုန်းဆီက သူ့လက်များ ကို ကျွန်မအားကိုးတကြီး ဆုပ်ကိုင်ပြီး သူ့ခွန်အားပေါ် ယုံကြည်စိတ်ချစွာ ခဏခဏ ဆင်းခဲ့ဖူးသည်။ ကြည်နူးပျော်ရွှင်ခဲ့ဖူးသည်။ ကျေနပ် နှစ်သိမ့်ခဲ့ဖူးသည်။ ယခုအခါ သူ့လက်သည် ကျွန်မအား မည်သည့်ခွန် အားကိုမျှ မပေးတော့ချေ သို့သော် ထိုလက်ကိုပင် ဟန်မပျက် ဆုပ်ကိုင်၍ ကျွန်မ သဲပြင်ကမ်းစပ်သို့ ခုန်ဆင်းချလိုက်သည်။





ကျွန်မရင်ထဲမှာ အတွေးတစ်ခုတည်း ရှိ၏။ ကျွန်မ ရေကူး သင်မှဖြစ်မည်။

* * *

ထိုအဖြစ်အပျက်သည် ငါးနှစ်၊ ခြောက်နှစ်တော့ ကြာမြင့်ခဲ့ပါပြီ။ ကျွန်မနှင့်သူ ဝေးကွာကြလျှင် ကောင်းမည်ဟု ကျွန်မကပဲ စတင်ဆုံး ဖြတ်ကာ ကျွန်မကပဲ စတင်လမ်းခွဲခဲ့၏။ သူသည် ကျွန်မ၏ စိတ်ကို နားမလည်နိုင်စွာ ဇဝေဇဝါဖြင့် ကျန်ရစ်ခဲ့သည်။ မာနကြီးလှသော သူသည် ကျွန်မ မျှော်လင့်ထားသလို ကျွန်မအား တောင်းပန် တိုးလျှိုး ခြင်း၊ အသနားခံခြင်း လုံးဝမပြုလုပ်ခဲ့ပေ။

"အံ့… နင် အပြောင်းအလဲ မြန်လှချည်လား။ နင် ငါ့ကို ဘာအကြောင်းပြချက်နဲ့ ထားခဲ့တာလဲ။ ငါ့ကိုပြောစမ်းပါ။ ပြောစမ်း ပါ… အံ့ရဲ့"

သူသည် သစ်ပင် ပင်စည်ကို ဒေါသတကြီး လက်သီးနှင့် ထိုးလျက် ဘာကိုမှ မယုံကြည်နိုင်သော လူတစ်ယောက်ဟန်ဖြင့် အခံရ ခက်စွာ ကျန်ရစ်ခဲ့သည်။ ကျွန်မ သူ့ကို ဘာအကြောင်းပြချက်မှ မပေးနိုင်ခဲ့ပါ။ ကျွန်မ ပေးနိုင်သည့် အကြောင်းပြချက်ကို သူနားလည် နိုင်မှာမဟုတ်။ သူ လက်ခံနိုင်မှာလည်း မဟုတ်ဘဲ။ သူသာမဟုတ်၊ အခြားဘယ်သူမှနားလည် လက်ခံနိုင်မည် မထင်ပါ။ ထို့ကြောင့်လည်း ကျွန်မနှင့်သူ ကွဲကွာသွားရသည့် အကြောင်းရင်းကို ဘယ်သူငယ်ချင်း ကိုမှ ကျွန်မ မပြောခဲ့ပါ။ ထို့ကြောင့် ကျွန်မ ရေကူးသင်ခဲ့ရသည့် အကြောင်းရင်းကိုလည်း မည်သူမျှ မသိပါ။

ယခုလို ကာလများစွာ ကြာမြင့်ခဲ့ပြီးသည့် နောက်[illegible] မော်တော်ပေါ်က အဖြစ်အပျက်သည် ကျွန်မအတွက် [illegible] ဖြစ်သွားခဲ့ပြီ။ ဟိုစဉ်က ကျွန်မ၏ နာကြည်းမှုနှင့် အခံရခက်မှု[illegible]



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကိုယ်တိုင် ရယ်မောနိုင်ခဲ့ပြီ။ လောကမှာ စိတ်ကူးဖြင့် မှန်းဆ၍ အဖြေထုတ်ရန် မဖြစ်နိုင်သော ပုစ္ဆာများစွာ ရှိနိုင်ကြောင်းလည်း ကျွန်မ လက်ခံခဲ့ပါပြီ။

တစ်ခါတစ်ခါတော့ ဘုရားဖူးညည့်သည်တို့ကို ရောဝတီမြစ်တစ်လျှောက် မော်တော်ခရီးဖြင့် ကုန်းတော်ကြီးဘုရားနှင့် ကျောက်ဂူဥမင်သို့ လိုက်ပို့ရတတ်သည်။ ထိုအခါမျိုးတွင် ကျွန်မ သူ့ကိုအမြဲလိုလို သတိရတတ်ပါသည်။ ထိုအခါမျိုးတွင် ကျွန်မ ခပ်ရှုက်ရှက်ဖြင့် ပြုံးမိသွားတတ်၏။ သို့သော် ကျွန်မရင်ထဲမှာ လွမ်းဆွတ် တမ်းတသည့် ဝေဒနာဖြင့် နင့်ခနဲ နာကျင်လေးပင် သွားရတတ်ပါသည်။

ယခုမှတော့ အားလုံး ပြီးဆုံးသွားခဲ့ပြီ။

သူ့ကိုလည်း ကျွန်မ တစ်ကြိမ်တစ်ခါမျှ ပြန်လည် မတွေ့ရတော့ပြီ ဖြစ်သည်။

[၁၉၉၆ခု၊ ဩဂုတ်လ၊ မဟေသီမဂ္ဂဇင်း]

# ဆဲတတ်သူများနှင့် တစ်ညနေ

ဆေးလိပ်မီးခိုးငွေ့များ တစ်စတစ်စ ပါးလျားကာ ပျောက်ကွယ်သွားပြီ။ ကွင်းတစ်ခုလုံး သက်ဝင်လှုပ်ရှားနေခဲ့သော ကစားသမားတို့၏ လှုပ်ရှားမှုများလည်း ပျောက်ကွယ်သွားပြီ။ အော်ဟစ် ဆဲဆိုသံများဖြင့် ဆူညံနေခဲ့သော ကျွန်မ ပတ်ဝန်းကျင်တွင် လူမရှိ တော့သော ထိုင်ခုံလွတ်များသာ ကျန်တော့သည်။ ကစားကွင်း မြက်ခင်းပြင်သည် ယခုတော့ တိတ်ဆိတ်လျက်ရှိ၏။ ထွက်ပေါက်တွင် တရွေ့ရွေ့တိုးထွက်နေကြသော လူအစုအဝေးများ ရှင်းသွားသည် အထိစောင့်ရင်း ကျွန်မတို့နှစ်ယောက် ခုံတန်းများဆီမှ တဖြည်းဖြည်း ဆင်းလာခဲ့ကြသည်၊

ဘောလုံးပွဲ ပြီးသွားသော်လည်း ကျွန်မစိတ်ထဲတွင် လွတ်မည် ပေါ့ပါးမသွားပါ။ ကျွန်မ မျှော်လင့်သည့် ကစားကွက်မျိုးကို မမြင်ရ၍ပဲလား။ ကျွန်မအာရုံတွင် ယခုတိုင် စွဲထင်လျက် ကျန်ရစ်နေသော ဥရောပတံခွန်စိုက်ပွဲ၏ ဘောလုံးကစားဟန်များ ကြောင့်ပဲလား

ဥတ္တရလမင်း

www.burmeseclassic.com

www.burmeseclassic.com



ဤခြေ စမ်းပွဲကို ကျွန်မ အားမရပါ။ ဘောလုံးပွဲကြည့် နေရသည် ဟုလည်း မခံစားရပါ။ သည်ကြားထဲတွင် ကံဆိုးဝါးစွာ ကျွန်မတို့ အနီးမှ လူတစ်ချို့က ဘောလုံးသမားများကို ပျစ်ပျစ်နှစ်နှစ် အော်ဆဲ နေသောကြောင့် ကျွန်မ စိတ်ပျက်နေခဲ့ရသည်။

"သိပ် မိုက်ရိုင်းတာပဲ"

လွှတ်ခနဲရေရွတ် ရှုတ်ချမိတော့ မောင်က ကျွန်မလက်ဖဝါးကို သတိပေးသလို ဆုပ်ညှစ်၏။ ကျွန်မ တိတ်ဆိတ်စွာ မျိုသိပ်သည်းညည်းခံ၍ ဆက်လက် ကြည့်ရှုခဲ့ရသည်။ သို့သော် နောက်ထပ် မိနစ်နှစ်ဆယ်ကြာတော့ ကျွန်မအနားကလူတွေ အော်ဟစ်ဆဲရေးကြပြန်၏။ ကျွန်မ... ရတ်တရက် ထပြန်ရန်ပင် စိတ်ကူးမိပြီး မောင့်ကို တိုင်ပင်မိသည်။ မောင်က မပြန်ချင်ခဲ့ပါ။

"ဆဲချင်သလောက် ဆဲပါစေပေါ့ကွာ။ မကြားချင်ယောင်ဆောင်နေလိုက်ပေါ့။ သူတို့ ဘယ်တုန်းကတည်းက ဆဲချင်နေမှန်းမှ မသိတာ။ ယောကျ်ား တော်တော်များများက ဒီလိုပဲကွ။ ဘောလုံးပွဲမှာ လာလာဆဲကြတာပဲ"

အဲသည် ယောကျ်ားအမျိုးအစားထဲမှာ မောင် ပါနေသလားဟု ကျွန်မ မယုံသင်္ကာမေးမိတော့ မောင် မျက်မှောင်ကြုတ်၍ ငြင်းခဲ့သည်။

"ကံကြီးစည်ရာကွာ။ ကိုယ် ဘယ်တုန်းက ဆဲတတ်ဖူးလို့လဲ။ အဲဒီလို အောက်တန်းကျတဲ့အစားထဲ ကိုယ် မပါဘူး"

သူ့ကိုယ်သူ ဂုဏ်တင်လိုစိတ်ဖြင့် ကာကွယ်လိုက်သော စကားသည် အခြားလူအမျိုးအစားကို စော်ကားလိုက်သလို ဖြစ်သည်ဟု မောင် တွက်ဆဟန်မတူခဲ့ပါ။ မောင့်စကားကို သူတို့တွေကြားပြီး ရန်ဖြစ်မှာ၊ ထိုးကြိတ်မှာ စိုးရိမ်သွားသောကြောင့် ကျွန်မ ချက်ချင်း





တိတ်ဆိတ်သွားရသည်။ သို့သော် ထိုအုပ်စုသည် ကျွန်မတို့၏ စကားကြိတ်ကြိတ် တီးတိုးသံကို ကြားဟန်မတူပါ။ ကျွန်မမှာ ကြည့်နေရသည့် ကစားပွဲကို အားမလိုအားမရ စိတ်ပျက်သည်က တစ်ပိုင်း၊ ဘေးနားက မိုက်ရိုင်းသောလူများ၏ အော်ဟစ်ဆဲဆိုသံကို တုန်လှုပ်စွာ စိတ်ညစ်နေရသည်က တစ်ပိုင်းမို့ ပွဲမြန်မြန်ပြီးပါစေဟု ဆုတောင်း နေခဲ့သည်။ ကမ္ဘာမှာ ဒုတိယ အဆဲရေး အခံရဆုံးသော ပုဂ္ဂိုလ်အမျိုး အစားမှာ ဘောလုံးသမားများ ဖြစ်ဟန်တူ၏။

ယခုတော့ ပွဲပြီးသွားပေပြီ။ ကျွန်မလည်း စိတ်ချမ်းသာသွားရပြီ။ ကစားကွင်း ဂိတ်ပေါက်ဝမှ တိုးထွက်ရင်း နောက်တစ်ခါတော့ လာမကြည့်တော့ပါဘူး ဟု ဆုံးဖြတ်လိုက်သည်။

"ဒီပုံစံမျိုးနဲ့ကတော့ကွာ။ ထိုင်း မပြောနဲ့၊ မော်လဒိုက်ကိုတောင် ယှဉ်နိုင်မှာ မဟုတ်ဘူး။ - မှပဲ"

ကျွန်မဘေးနားမှ ကျယ်လောင်သောဝေဖန်သံ ထွက်လာ၏၊ ကျွန်မ လှည့်ကြည့်လိုက်သည့်အခါ မှတ်မိနေသော မျက်နှာတစ်ခုကို မြင်ရသည်။ သူပဲ သူတို့ပါပဲ။ ကျွန်မ နားညည်းလောက်အောင် ဆဲရေး အော်ဟစ်နေခဲ့ကြတာ။ ဖြူဖပ်ဖြူရော် ဂျင်းရှပ်အင်္ကျီ ခပ်နွမ်းနွမ်း[illegible] လက်ခေါက်တင်လျက် မသေမသပ်ဝတ်ဆင်ထားပြီး ဆံပင်[illegible] ခပ်ရှုပ်ရှုပ်၊ မျက်ခုံးပါးပါး၊ မျက်လုံးက ဟိုးချိုင့်ထဲမှာ။ အရက်[illegible] နေကျ မျက်လုံးလိုပင်၊ သွေးကြောများနီနေသည့် [illegible] ထိုမျက်လုံးဖြင့် ကျွန်မအား ဖျတ်ခနဲလှည့်ကြည့်တော့ [illegible] အနီးသို့ တိုးကပ်သွားမိသည်။

"မိန်းမတွေလည်း ဘောလုံးပွဲ ကြည့်သ[illegible]"

ကျွန်မကိုပဲ စောင်းမြောင်းလိုသလား [illegible] မှတ်ချက်ချသလားမသိပါ။ ဘေးက သူ့အုပ်စုဝင် [illegible]



www.burmeseclassic.com

www.burmeseclassic.com



ထိုကိစ္စကို တစ်ယောက်တစ်မျိုး ဆူညံစွာ ဝေဖန်ချက်ပေးနေသည်ကို ကြားရသည်။

တစ်ယောက်က အကွက်မပေါ်တော့သည့် ပုဆိုးကို ခါးပုံစကြီးကြီး ထုတ်ဝတ်ထား၏။ တစ်ယောက်ကတော့ ဘယ်လိုမှ မလိုက်ဖက်သည့် အနီရောင်ရှပ်အင်္ကျီနှင့်၊ မရမ်းရောင်ပုဆိုးနှင့်။ ဘယ်လိုလူတွေပါလိမ့်။ သူ့ရုပ်ကိုကြည့်တော့ နည်းနည်းမျှ သနားကမားမရှိ။ မျက်နှာခပ်ချောင်ချောင်၊ လည်ပင်းမှာ စက်ဆီချေးလား၊ အိုးမည်းလား ခပ်မည်းမည်းအရာ စွန်းထင်းပေကျံနေသေးသည်။ တစ်ယောက်ကတော့ တခြားလူတွေလို အလုပ်ကြမ်းသမား ဟုတ်ပုံမရ။ သေသေသပ်သပ်။

"မောင်... နောက်တစ်ခါ ကျွန်မ လိုက်မကြည့်တော့ဘူး"

"ကောင်းပါလေရဲ့ဗျာ။ ဒီစကား ကြားချင်နေတာ ကြာပြီ"

ကျွန်မယောက်ျားသည် မိန်းမနှင့်ယောက်ျား ဘယ်နေရာမှ အဆင့်အတန်း မတူညီနိုင်ဟူသည့် အယူအဆကို တစ်သက်လုံး စွဲကိုင်လာသူဖြစ်၏။ ကျွန်မ တစဲစတစ်စ ဘောလုံးပွဲဝါသနာ ပါလာသည်ကို သူများယောက်ျားတွေလို မုဒိတာမပွားနိုင်သူ၊ အားမပေးလိုသူဖြစ်၏။ သူ ဘောလုံးပွဲ ကြည့်နေတုန်း ကျွန်မက မေးခွန်းတွေမေးလျှင် စိတ်မရှည်တတ်သူ ဖြစ်၏။ ကျွန်မက မိန်းမပီပီ တစ်ခါတစ်ခါ ဒိုင်လူကြီးပေးသည့် ပြစ်ဒဏ်များကို နားမလည်လိုက်သည့် အခါမျိုးရှိသည်။ မောင်က နေဦးကွာ၊ ပြီးမှရှင်းပြမယ်ဟု တိုတိုပြတ်ပြတ် ပြောတတ်သည်။

"မိန်းမဆိုတာ မိန်းမနေရာမှာပဲနေကွာ။ အဆင့်ကျော်ကျော်မလာနဲ့"





ဤစကားဖြင့် မကြာခဏ နှိမ်တတ်သူလည်း ဖြစ်သည်။ ကျွန်မကလည်း မောင့်ကို မခံချင်စိတ်နှင့် မောင်နှင့်အတူ ဘောလုံးပွဲအစီအစဉ်များကို ယှဉ်ပြိုင်၍ စောင့်ကြည့်ဖြစ်ပေသည်။ မောင့်ထက် ပို၍ကဲကာ ကျွန်မက ဥရောပဖလားဘောလုံးပွဲ ဆီမီးဖိုင်နယ်နှင့် ဖိုင်နယ်ပွဲစဉ်များကို ဗွီဒီယိုခွေ ကူးယူထားလိုက်သေးသည်။ ဂျာမနီအသင်းတော်မှန်းသိသော်လည်း မောင့်ကို အခြင်ကတ်သဖြင့် ချက်အသင်းဘက်မှ အားပေးလိုက်သည်။ အချိန်ပိုကစားပွဲ၌ ချက်အသင်းဂိုးပေး လိုက်ရသောအခါ ဂိုးသမားလေး ကူဘားကို သနား၍ မဆုံးတော့ပေ။

"ကိုယ်တို့ တက္ကစီနဲ့ ပြန်ကြမလား"

ကျွန်မတို့ ကစားကွင်း အပြင်ဘက်ရောက်သောအခါ အနည်းငယ် မိုးချုပ်နေပြီ။ ကောင်းကင်သည် အမှောင်သန်းဖို့ စတင်လာပြီ။ ငှက်တစ်အုပ် ဘူတာကြီးဘက်မှ ပျံသန်းလာသည်ကို မြင်ရသည်။ ပတ်ဝန်းကျင်သည် လှုပ်လှုပ်ရွရွဖြစ်နေဆဲ။ အိမ်အပြန် အလျှင်လိုသူများဖြင့် လမ်းမသည် ရှုပ်ထွေးနေသည်။ ကျွန်မတို့ရှေ့တွင် ကိုယ်ပိုင်ကားများ၊ အငှားကားများ၊ ဘတ်စ်ကားများ လျှင်မြန်စွာ ဖြတ်သွားနေကြ၏။

"ဟင့်အင်း... ဘတ်စ်ကားနဲ့ပဲ ပြန်မယ်"

သည်အချိန်ဆိုလျှင် အောင်ဆန်းကွင်းမှ ကြည့်မြင်တိုင်သို့ အငှားကားမှာ အနည်းဆုံး တစ်ရာငါးဆယ်မှ တစ်ရာရှစ်ဆယ်အထိ ရှိတတ်သည်။ ကျွန်မ၏ ခြိုးခြံချွေတာစိတ်ကို မောင်က သဘောတူလိုက်သဖြင့် ကျွန်မတို့သည် အနော်ရထာလမ်းအထိဆင်းလာ၍ ဘတ်စ်ကား စောင့်ကြရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မကြာမီပင် ကျွန်မ၏နှမြောစိတ်ကို ကျွန်မကိုယ်တိုင်ပြန်လည် ဒေါသထွက်မိတော့သည်။

မိုက်ရိုင်းလှသည်ဟု ကျွန်မ မှတ်ချက်ချထားသော ဆဲရေးသည့် လူအုပ်စုသည် ကျွန်မတို့နှင့်အတူပင် ကားစောင့်နေပြီး ကျွန်မတို့ တက်သည့် ၄၃ ဘတ်စ်ကားကြီးပေါ်သို့ လိုက်တက်လာလေသည်။ ကျွန်မတို့က ဤကြားကားဖြင့် မကြာခဏပြန်ဖူးသည်မို့ ၄၃ ကားကြီး တွေလာသည်ကို မြင်မြင်ချင်း လိုက်ပါရန် ဆုံးဖြတ်ပြီး ချက်ချင်းတက်လိုက်သောကြောင့် ထိုင်ခုံနေရာရပါသည်။ ထိုအုပ်စုကတော့ အချင်းချင်း ကျွတ်ကျွတ်ညံအောင် စကားပြောနေကြပြီး ကားစပယ်ယာက အဝေးပြေး အဝေးပြေး အောက်လမ်းဟု ထပ်ခါထပ်ခါ အော်မှလိုက်တက်လာသည်ဖြစ်သောကြောင့် နေရာမရပါ။

သူတို့အုပ်စုက မောင့်ဘေးမှာကပ်၍ ရပ်နေကြသည်။ ကျွန်မက မောင် သိအောင် တိုးတိုးစကားဖြင့် "တွေ့လား၊ တွေ့လား ကွင်းထဲကလူတွေလေ" ဟု သတိပေးမိ၏။ မောင်က မျက်နှာထိ မျက်နှာထားဖြင့် ကျွန်မအားကြည့်လိုက်တော့မှ ရုတ်တရက် မျက်နှာလွှဲပစ်လိုက်ရသည်။ ကားရပ်ထားပြီး လူစောင့်နေစဉ်မှာ သူတို့အုပ်စုသည် အသံကျယ်ကျယ်ဖြင့် စကားပြောလိုက်၊ တစ်ယောက်ကိုတစ်ယောက် တွန်းထိုးပုတ်ခတ်လိုက်၊ ရယ်မောလိုက်ဖြင့် ကားတစ်စီးလုံး သူတို့ အသံချည်း ဖြစ်သည်။

"လူချတယ်ဆိုတာ နာမည်သာဆိုးတာ၊ သိပ်အရသာ ရှိမှာကွ"

"ဒိုင်လူကြီး ညစ်ရင်တော့ လူချပစ်မှကွ။ ဒါမှ မှတ်မှာ။ ဇင်းမယ်ပွဲတုန်းက ကြည့်ပါလား။ ဘယ်လောက်ညစ်လဲ"





"အားကစား စိတ်ဓါတ်ဆိုတာ နှစ်ဖက်လုံးညီမှ ကောင်းဘာပါကွာ။ ဟိုဘက်က ညစ်ရင်တော့ ဘာအားကစား စိတ်ဓါတ်မှ သားမနေနိုင်ဘူး။ တွယ်သာ တွယ်"

ဘုရား...ဘုရား။ ကျွန်မ၏ ဝဋ်ကြွေးသည် တစ်လမ်းလုံး တောက်လျှောက် လိုက်ပါလာတော့မှာ ထင်ပါရဲ့။ သူတို့ ကိုယ်ခန္ဓာကလည်း ချွေးစော်ဖြင့် အောက်သိုးသိုးအနံ့ နံနေသည်ဟု ထင်ရသည်။

အခုနေများ အငှားကားလေးနဲ့ အိမ်ပြန်လိုက်ရလျှင် ဘယ်လောက် လွတ်လပ်လိုက်မလဲ။ သို့သော် ထိုင်ခုံနေရာလေးကိုလည်း နှမြောနေပြန်ပြီး ငွေ ၁၅၀၊ ၂၀၀ ကိုလည်း နှမြောနေပြန်သည်။ အိုဘာပဲဖြစ်ဖြစ်ပေါ့၊ ခဏပါပဲ။ ပြီးရင် ကိုယ့်လမ်းကိုယ်သွားကြမှာ။

ကံကောင်းထောက်မစွာ လူမပြည့်တပြည့် အချိန်မှာပင် ကားစတင် စက်နှိုးကာ ထွက်ခွာလေသည်။ အနော်ရထာလမ်းပေါ်မှာ ရန်ကုန်တစ်မြို့လုံးက လူတွေ လမ်းလျှောက်နေသလိုပင် ရှုပ်ထွေးများပြားလှသည်။ ဈေးသည်များ၏ အော်ဟစ်သံများမှာလည်း ဆူညံနေ၏။ ကားသည် တဖြည်းဖြည်း ပို၍ပို၍ မြန်လာသောအခါ အသံဗလံများသည် ခပ်လှမ်းလှမ်းမှာ ကျန်ရစ်ခဲ့သည်။ ကျွန်မတို့ ကားထဲမှ စကားသံများသာ ကျန်တော့သည်။ ကျွန်မ သက်ပြင်း တစ်ချက်ရှိုက်လိုက်တော့ မောင်က လှည့်ကြည့်၏။ ကျွန်မ စိတ်ကျဉ်းကြပ်နေခဲ့ သည်ကို ရိပ်မိဟန်ဖြင့် ကျွန်မကို ပြုံးပြသည်။

မှတ်တိုင်လေးငါးခု အလွန်မှာတော့ မမျှော်လင့်ဘဲ ဘတ်စ်ကားကြီးထိုးရပ်သွားလေသည်။ ပထမတော့ ကျွန်မမှာ လူစောင့်သည်ဟုပဲ ထင်နေသည်။ သို့သော် စပယ်ယာက တစ်ဆိတ်လောက်ဗျို့၊ မုန့်ဟင်းခါးလေး စားလိုက်ကြရအောင်ဟု ဟာသဖြင့် အသိပေးတော့မှ ကားပျက်မှန်း သိရတော့သည်။ ကျွန်မ တော်တော်ကို စိတ်ညစ်



www.burmeseclassic.com

www.burmeseclassic.com



သွားပါသည်။ လူတွေဆင်းတွန်းလို့ကော ကားပြန်စက်နှိုးလာပါ့မလား။ စက်မနှိုးရင် ဘယ်နှယ့်လုပ်မလဲ။ နောက်ထပ် ကားတစ်စီးစောင့်ဖို့က မလွယ်ပါ။

"ကဲ ကဲ ဆင်းတွန်းကြရအောင်ဟေ့"

ကျွန်မတို့အနားမှာ မတ်တပ်ရပ်နေသော အုပ်စုက ခပ်ဟားဟားရယ်မောလျက် ဆင်းသွား၏။ ဟုတ်တာပေါ့။ တွန်းကြည့်ရမှာပေါ့။ ကံကောင်းလျှင်လည်း စက်နိုးလာမှာပေါ့။ လူတစ်ချို့ ထပ်ဆင်းသွားကြသည်။ သို့သော် ထိုင်ခုံတွေမှာတော့ လူအပြည့် ကျန်နေဆဲ။

"မောင်... မဆင်းဘူးလား"

ကျွန်မ မောင့်ကို ခပ်တိုးတိုးမေးတော့ မောင် ခေါင်းရမ်းပြ၏။

"တွန်းမယ့်လူတွေ အများကြီးပါကွာ"

ကျွန်မမျက်နှာ နွေးခနဲ ပူသွားပါသည်။

"ဒါပေမယ့် မတွန်းရင်တောင် ဆင်းပေးမှ ကောင်းမှာပေါ့ မောင်ရဲ့။ တွန်းရမယ့်လူတွေ အားနာစရာ"

ခပ်ကြိတ်ကြိတ် အပြစ်တင်မိသောအခါ မောင်၏ ဒေါသမျက်လုံးအကြည့်ကို ကျွန်မရလေသည်။ ကျွန်မ မျက်နှာ လွှဲပစ်လိုက်ရသည်။ ကားအနောက်ဘက်သို့ ပြတင်းမှ ခေါင်းပြူကြည့်လိုက်တော့ နောက်ဘက်မှာ လူတစ်ချို့က တွန်းနေကြပြီ။ ကျွန်မ ထိုင်နေရတာ လိပ်ပြာမသန့်စွာ ခံစားရသည်။ ကျွန်မ ဆင်းသွားလိုက်ရမလားဟု စဉ်းစားသေး၏။ ကားပေါ်ကဆင်းသည့် အုပ်စုတွင် မိန်းမတစ်ယောက်မှ မပါသောကြောင့် ကျွန်မဆင်းသွားလျှင် လူရယ်မောစရာ ဖြစ်လေမလားဟု စိုးရိမ်မိသည်။ လူရယ်သည် မရယ်သည်က နောက်ထား၊ မောင်နှင့် ကျွန်မအရင် ရန်ဖြစ်ရမှာ သေချာသည်။ ကျွန်မ ကားတွင်းမှာ ဟိုဟိုသည်သည် အကဲခတ်ကြည့်မိ၏။





ထိုင်ခုံမှာ ထိုင်နေကြသူများတွင် ယောက်ျားတော်တော်များများ ပါသည်။ အမျိုးသမီးနှစ်ယောက် သုံးယောက်ပါ၏။ ထိုယောက်ျားများသည် အခြားသူတွေ အောက်ဆင်းပြီး ကားတွန်းနေချိန်တွင် ထိုင်ခုံမှာ ဟန်မပျက် ထိုင်နေနိုင်လေသည်ဟု ကျွန်မ အံ့သြမိ၏။ သို့သော်... ဟန်မပျက်တော့ မဟုတ်ပါ။ တချို့မှာ ဟန်ပျက်နေ၏။ ဟိုဘက် လှည့်ရမလို၊ သည်ဘက်လှည့်ရမလို ခေါင်းတစောင်းစောင်းဖြင့် မသက်မသာ ထိုင်နေသူများလည်း ပါဝင်သည်။ သူတို့ ကျွန်မလို ပင်လိပ်ပြာမလုံတာ သေချာ၏။ သို့သော် ထဆင်းပြီး တွန်းပေးဖို့အထိ စိတ်ကောင်းရှိဟန် မတူပေ။ တချို့ကတော့ ဤကိစ္စသည် မိမိနှင့် မဆိုင်သလို အမူအရာမျိုးပင် ရှိသည်။ လိပ်ပြာသန့်သန့်ပင် ဆက်ထိုင် နေလေသည်။ ဆင်းတွန်းရသည့်လူတွေမှာပဲ ကားပျက်သည့်အတွက် တာဝန်ရှိနေသလိုလို။ မိမိတို့မှာတော့ ဘာတာဝန်မှ မရှိသလို။ ကြည့်စမ်း၊ ယောက်ျားတွေဖြစ်နေပြီး နေနိုင်လိုက်တာ။

မောင့်မျက်နှာထားကို အကဲခတ်မိသောအခါ ကျွန်မ ပို၍ပင် အံ့သြသွားရသည်။ မောင်သည်လည်း ဟန်မပျက် နေနိုင်သည်ပါလား။ မောင်က ကျွန်မမျက်လုံး အမူအရာကို ရိပ်မိဟန် ရှိသည်။

"မင်းက ဘာဖြစ်နေရတာလဲ" ဟု ခပ်ငေါက်ငေါက် မေးလေသည်။

"ကားကြီးက အကြီးကြီး မောင်ရဲ့။ ဟိုမှာ လူတွေတွန်းနေရပြီ။"

"တယ်... ဒီမိန်းမ"

ကားသည် တဖြည်းဖြည်း လှုပ်လာပြီးနောက် ရှေ့သို့ရွေ့ရွေ့တိုးသွားသည်။ ကားရှေ့ပိုင်းမှာ ယောက်ျားတစ်ချို့သည်ဘက်မလှည့်ဘဲ ကားရှေ့သို့မျက်နှာလွှဲကာ စုပြုံရပ်နေကြသည်ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ သတိထားမိသည်။ လူတွေဟာ မညီမျှကြဘူးဟု ကျွန်မ တွေးမိသော်လည်း ထိုမညီမျှသည့် လူအတန်းအစားထဲမှာ ကျွန်မလည်း ပါနေပါသည်။ အို ဘာဆိုင်လဲ။ ကျွန်မက မိန်းမ။ မိန်းမ တစ်ယောက်ဟာ ယောကျ်ားတွေနဲ့အတူ ကားဆင်းတွန်းဖို့ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ ထိုခဏ၌ ကျွန်မ၏ဆင်ခြေကို ကျွန်မပြန်၍ ရယ်ချင်သွား၏။ ဘာလဲ နေရာတကာမှာ မိန်းမဟာ ယောကျ်ားနဲ့တန်းတူ အခွင့်အရေး ရသင့်တယ်ဟု တောင်းဆိုလာခဲ့သည့် မိန်းမ။ အခုသည်အခါ မျိုးမှာတော့ ဘာဖြစ်လို့ အခွင့်အရေးတူ မယူပြန်သလဲ။ ဘာဖြစ်လို့ အားနွဲ့သည့် မိန်းမသားအဖြစ် ပေကပ်နေခဲ့ပါသလဲ။ ကျွန်မ ဆင်းသွားလိုက်လျှင် ဘာဖြစ်သွားမှာမို့လဲ။

ထိုခဏ၌ ကျွန်မ၏ ဦးခေါင်းထက်တွင် တစ်ခုခုက ဖိနှိပ်ထားသလို လေးလံလာ၏။ ကျွန်မ ကိုယ်ခန္ဓာမှာလည်း မလုံမလဲစိတ်ဖြင့် တောင့်တောင့်ကြီး ဖြစ်လာသည်။ ညာသံပေး၍ တွန်းနေကြသည့် အသံများနှင့်အတူ ကားက တအိအိ လှုပ်လာပြီး ရှေ့သို့ တိုးတိုးသွားချိန်မှာ ကျွန်မ ကိုယ်ခန္ဓာသည် ကားကြီးတစ်ခုလုံးကို ထမ်းပိုးထားရသလို လေးလံလာသည်။ ကားကြီးကလည်း စက်မနိုးလာသေး။

ကျွန်မ ဘယ်လိုမှ မနေနိုင်တော့သဖြင့် ရုတ်တရက် မတ်တတ်ရပ်လိုက်မိသည်။ မောင်က ဖြုန်းခနဲ မော့ကြည့်ပါသည်။

"ဘာလုပ်မလို့တုန်း"

"ဆင်းမလို့"

"ဟာ မင်းရူးနေလား။ ဒါ မင်းအလုပ်မှ မဟုတ်ဘဲ။ ရပြီးသား နေရာလေး ပျောက်သွားဦးမယ်"

ထိုခဏမှာ ကျွန်မသည် လေထဲမှာ ကိုယ်ခန္ဓာတစ်ခုလုံး လွင့်ပျံ ပျောက်ကွယ်သွားပါစေဟု တမ်းတမိသည်။ ကျွန်မဘဝမှာ





မောင့်အတွက် တစ်ခါမှသည်လောက် မရှက်ရဖူးဘူးဟု ထင်ပါသည်။ လက်စသတ်တော့ မောင် ကားပေါ်ကမဆင်းတာဟာ နေရာပျောက်မှာ င်းလို့ကိုး။ ဘုရား...ဘုရား ဒီလောက် ခရီးတို အချိန်တိုကလေးမှာ ဘောင် မောင်ဟာ နေရာကို တပ်မက်နေခဲ့တာပေါ့၊

မောင်၏ ဒေါသတကြီး ဆွဲချ ထိုင်ခိုင်းမှုကြောင့်လား၊ ကျွန်မကိုယ်ခန္ဓာကပဲ အင်အားတွေ ကုန်ခန်းသွားလို့လား မသိပါ။ ကျွန်မ ထိုင်ခုံပေါ်သို့ ထိုင်လျက်ကျသွားပါသည်။ ထိုအချိန်မှာပင် ကားစက်သံ ပြန်ပေါ်ထွက်လာပြီး ဟေးခနဲ ပျော်ရွှင်စွာ အော်ဟစ်သံများကြားရသည်။ ထို့နောက် သူတို့အားလုံး ကားပေါ်သို့ ကသောကမျော ပြန်တက်လာကြသည်။ ဘောလုံးပွဲတွင် ဆဲရေးတိုင်းထွာသည့် လူအုပ်စုက ကားရှေ့တံခါးပေါက်မှ ပြန်တက်လာကြသည်ဖြစ်၍ ချုပ်ိုင်းမှာသာ ရပ်နေကြပါသည်။ ကျွန်မနှင့် မျက်နှာချင်းဆိုင်ဖြစ်နေသော ထိုအုပ်စုသည် စောစောကလိုပင် စ, နောက် ရယ်မောသည့် မျက်နှာထား များအတိုင်း ဖြစ်သည်။ သူတို့ ဆင်းတွန်းချိန်တွင် ထိုင်ကျန်ရစ်ခဲ့သည့် လူရှိနေပါလားဟု ဒေါသဖြစ်မိဟန်လည်းမရှိ။ ဒေါသဖြစ်ခဲ့လျှင်လည်း ကားတွန်းတုန်းက ဆဲရေးတိုင်းထွာခဲ့ရောပေါ့။ ဒေါသတွေ ကုန်ခဲ့ရောပေါ့။ သည်လို ဆိုပြန်တော့လည်း ဆဲရေးသည့်နည်းက အကောင်းသားပါလား။

ကားသည် စက်သံမှန်လာပြီး နေရာမှ ထွက်ခွာလေသည်။

သူတို့က ကားဆင်းတွန်းပြီး ကျွန်မတို့က ဘာဖြစ်လို့ အေးအေးဆေးဆေး ထိုင်ကျန်ရစ်ရသလဲ။ လမ်းတစ်လျှောက်လုံး ကျွန်မ မျက်နှာပူစွာ ခပ်ရှက်ရှက် ဖြစ်နေ၏၊

တစ်ခုသေချာသည်ကတော့ ကားဆင်းတွန်းကြသူအားလုံးသည် မတ်တပ်ရပ်စီးကြသူများချည်း ဖြစ်သည်။ သူတို့အတွက် ကားပေါ်က ဆင်းရခြင်းဟူသည့် အဖြစ်သည် ပေထူးဆန်းပေ၊



www.burmeseclassic.com

www.burmeseclassic.com



နှဂိုကတည်းက နေရာမရခဲ့သောကြောင့် ဖြစ်သည်။ ဒါပေမယ့် ဤကားကြီး ပျက်ယွင်းမှုအတွက် သူတို့မှာသာ တာဝန်ရှိသည် မဟုတ်။ ထိုင်နေသူများတွင်လည်း တာဝန်ရှိသည်ဟူသော အသိ သူတို့ထံမှာ မရှိဘူးလား။ ရှိတော့ ရှိမှာပါ။

သို့သော် သိပ်တွက်ကပ်နေ၍ အကြောင်းမထူးဘူးဟု မြင် သွားလို့လား၊ သို့မဟုတ် ငါတို့ တတ်နိုင်သလောက်တော့ လုပ်ပေးပါ မယ်လေဟူသော စေတနာကြောင့်ပဲလား၊ သို့မဟုတ် မတ်တတ်ရပ်စီး နေသည့် လူတန်းစားကသာ ကားတွန်းရန် ပို၍ သင့်တော်ပါသည်ဟု ကျိုးနွံစွာ အကျင့်ပါနေလို့ပဲလား။

ဘာပဲဖြစ်ဖြစ် ကျွန်မ နှာခေါင်းရှုံ့အပြစ်တင်ခဲ့သော အုပ်စု က ပေါ့ပါးသွက်လက်စွာဆင်း၍ ကားတွန်းခဲ့သည့် အဖြစ်အပျက် ကြောင့် ကျွန်မပို၍ပင် မလုံမလဲ ဖြစ်ရပါသည်။ ထိုအခါ ကျွန်မတို့ ထိုင်ကျန်နေသူများဘက်မှ ဆင်ခြေတစ်ခုခုကို ရှာတွေ့ရန် ကျွန်မ အပြင်းအထန် ကြိုးစားယူမိသည်။

ယောကျ်ားကြီးကြီးတွေ ယောကျ်ားငယ်ငယ်တွေ ကျွန်မတို့ မိန်းမတွေအပါအဝင် ထိုင်နေသူအားလုံး ဘာကြောင့် ဆင်းမတွန်း ကြသလဲ။ တာဝန်သိစိတ် မရှိလို့တော့ မဟုတ်နိုင်ပါဘူးနော်။ အချောင်ခိုချင်စိတ်ကြောင့်တော့လည်း မဟုတ်နိုင်ပါဘူးထင်ရဲ့။ ကိုယ်မလုပ် လျှင်လည်း လုပ်မည့်သူ ရှိနေကြောင်းသိ နေလို့ပဲဖြစ်မည်၊ ထိုသို့ တွေးယူလိုက်သောအခါ ကျွန်မ နေရထိုင်ရတာ နည်းနည်း သက်သာ သွားသလိုရှိ၏။ တော်ပါသေးရဲ့။ ငါ့နှယ် စောစောတုန်း ကသာ ဒီအတွေးမျိုး တွေးလိုက်ပါတော့လား။ သည်လိုသာဆိုလျှင် ကျွန်မ မောင်နှင့် ရန်ဖြစ်ခံပြီး ထိုင်ရာမှထရပ်မိမည် မဟုတ်ပေ။

ကျွန်မ မျက်စိအကြည့်က ရှေ့ကအုပ်စုထံ ရောက်သွားပြန် ၏။ သည်တစ်ခါတော့ ရှပ်အကျီအနီရောင် ဝတ်ထားသည့်လူနှင့်





ကျွန်မ အကြည့်ချင်း ဆုံသွားသည်။ သူ ကျွန်မကို တော်တော်ကြာ ကြာအောင် ကြည့်နေလေသည်။ ဘယ်လို အကြည့်မျိုးပါလိမ့်။ ဘောလုံးပွဲမှာ တွေ့ခဲ့သည့် မိန်းမဟု မှတ်မိသည့် အကြည့်လား။ မိန်းမတွေလည်း ဘောလုံးပွဲ လာကြည့်တာပဲကိုး ဟူသည့် အသိအမှတ်ပြုသည့် အကြည့်လား။ မဟုတ်ပါ။ သည့်ထက်ပိုပါသည်။ သရော်လှောင်ပြောင်သော အကြည့်လား။ ကားကို ဆင်းတွန်းလိုက်တာ ကျုပ်တို့ဗျ။ ကျုပ်တို့ကြောင့် ခင်ဗျား ဣန္ဒြေမပျက်တာဟု ဂုဏ်ဖော် သိုသည့် အကြည့်လား။ သို့မဟုတ် အချောင်ခိုသမားတွေဟု မကျေမနပ် စွပ်စွဲလိုသည့် အကြည့်လား။

ထိုခဏ၌ ကျွန်မသည် ယခင်ကလိုပင် မျက်နှာပူနွေး သာပြန်ကာ မလုံမလဲ ခံစားရပြန်သည်။ ကျွန်မ ကားပြတင်းဘက်သို့ မျက်နှာ လွှဲပစ်လိုက်ရ၏။

အိုး… သူတို့တွေသာ ကားပေါ်မှာ ထိုင်စရာနေရာ ရခဲ့မယ်ဆိုရင် သူတို့လည်း ကားကို ဆင်းတွန်းမှာ မဟုတ်ပါဘူး။ ငါတို့လိုပဲ ထိုင်ကျန်နေခဲ့မှာပါပဲ။

စိတ်ကူးဖြင့် အနေအထားပြောင်းကာ မှန်းဆတွေးကြည့်ပြီး နောက် ပင့်သက်တစ်ချက် ရှိုက်မိသွားသည်။ ဤအဖြေသည် အမှန် ဖြစ်ချင်ဖြစ်မည် သို့မဟုတ် မှားချင်လည်း မှားနိုင်၏။

ဒါမျိုးက မှန်းဆကြည့်ရုံနှင့် အဖြေသိကောင်းသည့် ပုစ္ဆာမျိုး မဟုတ်ချေ။

[၁၉၉၆ခု၊ စက်တင်ဘာ၊ ရတနာ့သစ်(စံစားသူအကြိုက်)]

www.burmeseclassic.com

www.burmeseclassic.com

## ရာပြည့်စာအုပ်တိုက်မှ ရရှိနိုင်သော စာအုပ်များ


| | | |
|---|---|---|
| ၁။ မောင်ပေါ်ထွန်း | ကမ္ဘာ့အအောင်မြင်ဆုံး စီးပွားရေး သူ့ရဲကောင်းများ [၁] | ၁၃၅ကျ |
| ၂။ ဒေါက်တာမတင်ဝင်း | မှတ်သားဖွယ်သော စကားများ | ၅၀ |
| ၃။ ဒေါက်တာကျော်စိန် | သင့်ဘဝတွက်တာ အသုံးချစိတ်ပညာ | ၇၅ |
| ၄။ မောင်ပေါ်ထွန်း | ကမ္ဘာ့အအောင်မြင်ဆုံး စီးပွားရေး သူ့ရဲကောင်းများ[၂] | ၁၃၅ |
| ၅။ မောင်ပေါ်ထွန်း | ဟားဗတ်စီးပွားရေးတက္ကသိုလ်မှာ မသင်ခဲ့ရသမျှ | ၇၅ |
| ၆။ ထက်အောင် | ကမ္ဘာ့ရှုခင်း | ၁၂၀ |
| ၇။ ပါရဂူ | သိဒ္ဓတ္ထ | ၁၃၀ |
| ၈။ ဦးသန်းဆွေ | အောင်မြင်သော ထုတ်ကုန်လုပ်ငန်းရှင် ဖြစ်လိုသော် | ၁၀၀ |
| ၉။ မောင်သာနိုး | နိုးစားတဲ့ သစ်သီး | ၇၅ |
| ၁၀။ ဒေါက်တာကျော်စိန် | လူငယ်လမ်းညွှန် | ၆၀ |
| ၁၁။ ဒေါက်တာသိန်းလွင် | ဗုဒ္ဓလမ်းစဉ်နှင့် ဘဝအမြင် | ၆၁ |
| ၁၂။ သက်လုံ | ဘဝအောင်မြင်ရေး၊ ကျန်းမာပျော်ရွှင်မှုနှင့် စိတ်ချမ်းအင် | ၆၅ |
| ၁၃။ ဒဂုန်ဦးထွန်းမြင့် | ဗုဒ္ဓ၏ ဩဝါဒ အမြုတေ(၂) | ၈၀ |
| ၁၄။ မောင်ပေါ်ထွန်း | အဆင့်မြင့် အောင်မြင်သူတို့၏ အလေ့အထများ | ၇၀ |
| ၁၅။ မောင်ထင် | မိုပါထွန်း ဝတ္ထုတိုများ | ၁၃၅ |
| ၁၆။ ပါရဂူ | စိတ္တရလေခါ | ၁၃၅ |
| ၁၇။ နတ်နွယ် | ကမ္ဘာ့ဝတ္ထု အညွှန်း | ၁၂၅ |
| ၁၈။ မောင်ပေါ်ထွန်း | ကျားဘမ်းသူဌေးကြီး၏ စီးပွားရေးစွန့်စားခန်းများ | ၁၅၀ |
| ၁၉။ ပါရဂူ | နိဗ္ဗာန် | ၁၃၀ |
| ၂၀။ ရွှေဥဒေါင်း | ပထမ ဆရာသိန်း | ၁၀၀ |
| ၂၁။ ပါရဂူ | ဗုဒ္ဓ ဂုဏ ဝန္ဒနာ | ၄၅ |
| ၂၂။ မောင်ပေါ်ထွန်း | အမြန်ဆုံး သူဌေးဖြစ်နည်း(၁) | ၇၅ |
| ၂၃။ ဒဂုန်ဦးထွန်းမြင့် | ဇာတ်ကြီးဆယ်ဘွဲ့ | ၂၀၀ |
| ၂၄။ ပါရဂူ | ဗုဒ္ဓ ဒိုင်ယာရီ | ၁၀၀ |
| ၂၅။ ဒေါက်တာသိန်းလွင် | ဗုဒ္ဓနည်းကျ စိတ်ထား လေ့ကျင့်ပျိုးထောင်မှု | ၇၀ |
| ၂၆။ ဒေါက်တာကျော်စိန် | စိတ်ပညာနှင့် ဆောင်းပါးအထွေထွေ | ၉၀ |
| ...ါရဂူ | ခေါမ ဒဿနပညာရှင် | ၁၇၅ကျပ် |
| ...ြည့်အေး | နှမ်းလျှအိမ်ပြန် | ၆၀ |
| ...ောင်ပေါ်ထွန်း | အမြန်ဆုံး သူဌေးဖြစ်နည်း[၂] | ၆၅ |
| ...မျိုးထွန်း | ဆုံးဖြတ်ချက် အမှား အမှန် | ၁၃၀ |
| ...င်မောင်သန်း | အယူသီးမှု၊နတ်ကိုးကွယ်မှုနှင့် စိတ်ပညာရှုထောင့် | ၇၅ |
| ...သက်လုံ | အောင်မြင်မှု လေ့ကားထစ်များနှင့် စိတ်ကမ္ဘာ | ၉၀ |
| ...ောင်ထင် | မှန်တိုင်းထဲက နမူးတာနှင့် အခြားဝတ္ထုတိုများ | ၇၀ |
| ...ါရဂူ | ပဏ္ဍိတ ကထာ | ၂၀၀ |
| ...ောင်ပေါ်ထွန်း | ကန္တာရ စမ်းရေအိုင် | ၁၀၀ |
| ...ကြည့်အေး | ကေဖွဲ့ဆိုသီ | ၁၅၀ |
| ...ထွန်းသစ် | ထင်ပေါ်ကျော်ကြား ကမ္ဘာ့ခေါင်းဆောင်များ | ၂၀၀ |
| ...င်မောင်ညို | ခေတ်သစ် မိတ္တဗလဋီကာ | ၁၅၀ |
| ...မြင်း(ဒဿန) | ဘဝကို ပြောင်းလဲစေသော အဆုံးအမများ | ၁၀၀ |
| ...ရွှေဥဒေါင်း | လမ်းနှစ်သွယ် | ၁၀၀ |
| ...ပါရဂူ | ညီတော်မင်းနန် | ၁၀၀ |
| ...နေမျိုးထွန်း | လုပ်ငန်းအောင်မြင်ရေး ရွှေစည်းမျဉ်းများ | ၁၀၀ |
| ...ဇော်ဂျီ | မိုးကြယ်မိုလားနှင့် နိမ်ဆုရ ဝတ္ထုတိုများ | ၁၇၅ |
| ...မောင်ပေါ်ထွန်း | စံပြအရောင်းသမား | ၁၀၀ |
| ...လူထုဒေါ်အမာ | မြန်မာ့ခေတ်သစ်ပန်းချီ | ၂၀၀ |
| ...ဒဂုန်တာရာ | ဖျတ်ခနဲ ရုပ်ပုံလွှာ ကားချပ်များ | ၂၇၅ |
| ...ဒေါက်တာမောင်မောင်ညို | သွေးတိုး၊လေဖြတ်နှင့်ကြောက်စရာရောဂါများ | ၁၂၅ |
| ...ခင်မောင်ညို | ကိုယ့်နောက် က လိုက်နေသည့်ဆူ | ၇၅ |
| ...မောင်သာနိုး | ထင်းရှူးပင်ရိပ် | ၄၀၀ |


...ြည့်စာအုပ်တိုက်မှ ထုတ်ဝေပြီးသော စာအုပ်များကို အလိုရှိ၍ စာရေးမှာယူပါက ...
...ကို (၃) အုပ်နှင့် ၎င်းအပေါက်ကို မှုရင်းတန်ဖိုးဖြင့် လည်းကောင်း၊ (၁) အုပ်မှ ( ...
...ရင်းတန်ဖိုးနှင့် စာပို့ခကိုပါ ပူးတွဲကျခံစေ၍လည်းကောင်း V.P.L ဖြင့် ပို့...

www.burmeseclassic.com